စစ်ကိုင်းတောင်ရိုး

ရွှေဟင်္သာတိုက်သစ်

ရွှေဟင်္သာဆရာတော်ဘုရားကြီး

အရှင်ပဏ္ဍိတမထေရ်

စီရင်အပ်သော

# မဟာ သတိပဋ္ဌာန် တရားတော်

ဓမ္မဒါန

၂၆၂၄၃

**စာမူခွင့်ပြုချက်အမှတ်**
(၂၇/၉၃)(၉)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
(၉၄/၉၃)(၁၁)

၁၉၉၃၊ ဒီဇင်ဘာလ၊

အုပ်ရေ ၅၀၀၀

**စမ္မဒါန**

**ထုတ်ဝေသူ**
ဦးပညာသိရီ၊ ရွှေဟသာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး



သက်တော်(၁၀၀)ပြည့်နှစ်တွင် ဖူးတွေ့ရသော
ကျေးဇူးတော်ရှင်ရွှေဟင်္သာဆရာတော်ဘုရားကြီး

ရွှေဟင်္သာဆရာတော်

ရွှေဟင်္သာတိုက်သစ်
စစ်ကိုင်းတောင်ရိုး။

အကြောင်း ကထာ။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်သည် ကာယာနုပဿနာကျမ်း၊ ဝေဒနာနုပဿနာကျမ်း၊ စိတ္တာနုပဿနာကျမ်း၊ ဓမ္မာနုပဿနာကျမ်းတို့ဖြစ်သော စတုပဿနာကျမ်း ငယ်ကလေး - လေးမျိုးကို ရေးသားထားခဲ့သည်။

ထိုလေးကျမ်းတို့တွင် - [illegible] ကာယာနုပဿနာကျမ်းကို [illegible] ဝေဒနာ - စိတ္တ ဓမ္မာ နုပဿနာ [illegible] စတုပဿနာကျမ်းတို့ [illegible]

[illegible] လည်း [illegible] ကျမ်း [illegible] - [illegible]

[illegible] - [illegible] သည်။ [illegible]

[illegible] သည်။

အကြောင်းပေါ်လာသည်မှာ - ထိုစတုပဿနာကျမ်း [illegible] - [illegible] ထိုစတုပဿနာကျမ်း လေးကျမ်းကို တစ်ပေါင်းတည်း [illegible] တစ်တွဲတည်း

ရွှေဟင်္သာဆရာတော်

ရွှေဟင်္သာတိုက်သစ်
စစ်ကိုင်းတောင်ရိုး။



ဂုဏ်ရည်ပြည့် [illegible] ကဖြတ်ကျော် [illegible] သမ္မာ
[illegible] ဖြစ်ပေါ်လာ တာကပြော [illegible] ရွှေဟင်္သာဆရာတော်ထံသို့
[illegible] [illegible] ပေးသည်။
ရွှေဟင်္သာဆရာတော်သည် [illegible] - [illegible]
[illegible]
[illegible]
[illegible]
[illegible] သည်။
ရွှေဟင်္သာဆရာတော်က [illegible]
[illegible] သည်၊ [illegible]
[illegible]
[illegible]
[illegible]
[illegible] ပေးသည်။

[illegible]
ရွှေဟင်္သာဆရာတော်
၁၃၅၇-ခု- [illegible] -(၁၂) ရက်

[illegible]
၁၃၆၀-၃၈

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အမေရိကန်နိုင်ငံတွင် ရွှေဟင်္သာဆရာတော် မိန့်ကြားသော ဩဝါဒကထာ | - - ၇ |
| သုန္ဒရာရာမဗြဟ္မဝိဟာရ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ ပူဇနီယမင်္ဂလာ လျှောက်ထားလွှာ | - - ၁၂ |
| ထေရုပတ္တိအကျဉ်း | - - ၁၆ |
| ကာယာနုပဿနာ ကမ္မဋ္ဌာန်း | - - ၂၁ |
| ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း | - - ၁၃၂ |
| စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း | - - ၁၃၇ |
| ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်း | - - ၁၄၅ |

နှစ်ပက်သော မိဘဘိုးဘွားများကိုအမှူးထား၍

အမှတ် ၇၀(ဆ)
ရွှေတောင်ကြားရိပ်သာ (၁)
ရန်ကုန်မြို့

နေ

ဒေါက်တာ နိုင်ထွဋ်အောင် + ဒေါက်တာ ဝေဝေရင်

သား မောင်ရန်ငြိမ်းအောင်၊ မောင်မိုးမြတ်အောင်

ကောင်းမှု

စင်္ကာပူ မြန်မာဘုန်းတော်ကြီးကျောင်း၌ကျင်းပခဲ့သော
ရာပြည့်အကြိုပူဇော်ပွဲ



၁၉၉၂ခုနှစ် ဇွန်လ(၂၀)ရက်နေ့၌ကျင်းပသော ရာပြည့်အကြိုပူဇော်ပွဲ



## အမေရိကန်နိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်းများတွင်ကျင်းပခဲ့သော ရာပြည့် အကြိုပူဇော်ပွဲမှတ်တမ်းများ



၁၉၉၂ခုနှစ် ဇူလိုင်လ(၇)ရက်နေ့တွင် ကျင်းပသည့် ဗို(လ်)ဒါကရိ(စ်)မြို့၊ တောင်ပုလုတောရ ကမ္ဘာအေးကျောင်း သိက္ခာထပ်ပူဇော်ပွဲ။



၁၉၉၂ခုနှစ် ဇူလိုင်လ(၄)ရက်နေ့တွင် ကျင်းပသည့် ဆရာတော် ဦးသီလာနန္ဒ တည်ထောင်သော ဒေလီမြို့၊ ဓမ္မနန္ဒဝိဟာရကျောင်းပူဇော်ပွဲ။

## ၁၃၅၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃-ရက်၊ ၁၉၉၂-ခု၊ ဇွန်လ ၂၈-ရက်၊
## အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၊
## လော့(စ်)အိန်ဂျလိ(စ်)ခရိုင်၊ အာဂူဒါမြို့၊
## သုန္ဒရာရာမဗြဟ္မဝိဟာရကျောင်းတိုက်၌
## ကျေးဇူးတော်ရှင် ဓမ္မဟာသာဆရာတော်ဘုရား ဩဝါဒကထာ။

အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံမှရောက်လာကြတဲ့ ဒကာ ဒကာမတွေ အင်မတန် ကံကောင်းကြတယ်လို့ ဘုန်းကြီးကဝမ်းသာမိပါတယ်။ ရှေးက ဘုန်းကြီးတို့ ထင်မြင်နေတာက အမေရိကန်နိုင်ငံမှာ သာသနာမရှိဘူး၊ ဘုရားမရှိ တရားမရှိ သံဃာ မရှိတော့ ကုသိုလ်ကောင်းမှုရဖို့ အင်မတန်ခဲယဉ်းတယ်လို့ ဒီလိုအောင့်မေ့ပါတယ်။ ယခု ရောက်လာတော့ အမေရိကန်နိုင်ငံမှာ ဘုရားလည်းရှိ တရားလည်းရှိ သံဃာလည်းရှိ၊ ဒီလိုရတနာသုံးပါးတွေ အကုန်ပြည့်ပြည့်စုံစုံရှိနေတာကို ကြည်ညိုကိုးကွယ်နေရတဲ့ ဒကာ ဒကာမတွေမြင်တော့ ဒီဒကာ ဒကာမတွေက အင်မတန်ရှေးဘုန်းရှေးကံရှိကြပေတယ်လို့ ဒီလိုလဲဝမ်းသာမိပါတယ်။ သို့သော်လည်း ဩဝါဒပေးရမယ်ဆိုလို့ ဘုန်းကြီးက အထူးတလည်တော့မပေးပါဘူး၊ နည်းနည်းပါးပါးပဲ။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိတုန်းက မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ နေ့ဆွမ်းဘုဉ်းပြီးတဲ့အချိန်မှာ မြတ်စွာဘုရားသီတင်းသုံးရာဖြစ်တဲ့ ဂန္ဓကုဋိတိုက်သို့ မဝင်မီ မကြွမီ၊ ဂန္ဓကုဋိတိုက် လှေခါးရင်းခြေသုတ်တဲ့နေရာ ခြေဆေးတဲ့နေရာမှာ အခိုက်အတန့် ရပ်တန့်နေတဲ့အချိန်မှာ ရောက်လာတဲ့ ရဟန်း ရှင် လူ ပရိသတ်တို့အား မြတ်စွာဘုရားက"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်ရဟန်းတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံကြပါစေ။ ရဟန်းတို့၊ မမေ့ကြနှင့် မပေါ့ကြနှင့် အမှတ်မဲ့မနေကြနှင့် အချိန်ကာလ မဖြုန်းကြနှင့် ရတဲ့ဘဝအရင်းမရှုံးစေနှင့်– ဆိုတဲ့ အဓိပ္ပာယ်နှင့် နေ့စဉ်နေ့စဉ် တစ်နေ့မဟုတ် နှစ်နေ့မဟုတ်၊ တစ်ရက်မဟုတ် နှစ်ရက်မဟုတ်၊ ကြောင့်ကြပြုတော်မူပြီးတော့ နေ့စဉ် နေ့စဉ် "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်ရဟန်းတို့သည်။ အပ္ပမာဒေန၊ မမေ့ မလျော့ မပေါ့မဆသော သတိတရားဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံကြပါစေလို့။

ဘာကြောင့် မြတ်စွာဘုရားက ဒီလောက်ကြောင့်ကြတော်မူပြီး နေ့စဉ်နေ့စဉ် သတိပေးသလဲလို့ မေးစရာရှိတယ်။

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ"- လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားပွင့်ခြင်းသည်။ ဒုလ္လဘော၊ အင်မတန်ပွင့်ခဲတယ်။

လောကမှာ ဘုရားတစ်ဆူတစ်ဆူ ပွင့်ဖို့ဆိုတာမလွယ်ဘူး၊ အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လို့ ပါရမီရင့်ပါမှ ပါရမီပြည့်ပါမှ ဘုရားအဖြစ်သို့ ရောက်တယ်၊ ဘုရားပွင့်မှလည်း တရားပွင့်တယ်၊ ဘုရားမပွင့်ရင် တရားမပွင့်ဘူး၊ တရားသဘောတွေ ပင်ကိုကရှိနေပေမယ်လို့ မြတ်စွာဘုရားပွင့်တော်မူလို့ မြတ်စွာဘုရား ကိုယ်တော်တိုင်သိပြီးတဲ့နောက် မြတ်စွာဘုရားဟောကြားတော်မူမှ အထိုက်အလျောက် ကိုယ့်ဉာဏ်မီသလောက် သိကြရတယ်၊ အေး! ခုအခါမှာ ဘုရားပွင့်တဲ့အခါနှင့်ကြုံတယ်၊ ဘုရားပွင့်တဲ့အခါနှင့်ကြုံလို့ ဘုရားကဟောလို့ တရားပွင့်တဲ့အခါနှင့်လည်းကြုံတယ်။ ဘုရားပွင့်တဲ့အခါ တရားပွင့်တဲ့ အခါနှင့်ကြုံတဲ့အခါကာလမှ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း ဒါန၊ သီလအစရှိသော ကုသိုလ်ကောင်းမှုမရလိုက်ကြရင် မရှိလိုက်ကြရင် ရဖို့အကြောင်း မရှိတော့ဘူး။ အပါယ်လေးပါးကျနေရင်လည်း ကုသိုလ်ကောင်းမှုပြုဖို့ဝေးသွားပြီ၊ နတ်ဖြစ်ဦးတော့ ဒီကနေ့ ဒကာ ဒကာမတွေ ပြုတဲ့ ကောင်းမှုမျိုးတော့ နတ်ပြည်မှာမပြုနိုင်ကြဘူး။ အေး အင်မတန်ရခဲတဲ့ ကြုံခဲတဲ့၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘာ ဘုရားပွင့်တဲ့အခါနှင့်ကြုံရလို့ မြတ်စွာဘုရားက မမေ့ကြနှင့် မပေ့ါကြနှင့် အမှတ်မဲ့မနေကြနှင့် ရတဲ့ဘဝ အရင်းမရှုံးစေနှင့် ဆိုတဲ့ အဓိပ္ပာယ်နှင့် သတိပေးသလိုပဲ ဘုန်းကြီးကလည်း ဒီနေ့ရောက်လာကြတဲ့ ဒကာ ဒကာမများကို မမေ့ကြနှင့် မပေ့ါကြနှင့် အမှတ်မဲ့မနေကြနှင့် အချိန်ကာလမဖြုန်းကြနှင့် ရတဲ့ ဘဝ တန်ဖိုးထားပြီးတော့ အသုံးချကြလို့ ရတဲ့ကုသိုလ်ယူကြလို့ ဘုန်းကြီးကလည်း သတိပေးလိုပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေ့အခြေအနေအရကြည့်ရမယ်ဆိုရင် အမေရိကန်နိုင်ငံမှာလည်း ဘုရားပွင့်တုန်းပဲလို့ဆိုရပေမယ်။ ဘာကြောင့် ဘုရားပွင့်တုန်းပဲလို့ဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီးမှာ ရှင်အာနန္ဒာကို အမိန့်ရှိသွားတယ်၊

"ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ။"

အာနန္ဒာ ငါဘုရား ၄၅-ဝါပတ်လုံး အသက်ရှည်သမျှ ဟောကြားခဲ့တဲ့ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေဟာ၊ တစ်နည်းအားဖြင့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေဟာ ငါဘုရားပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ငါဘုရား၏ ကိုယ်စား ဘုရားအဖြစ်နှင့်တည်ရစ်လိမ့်မယ်။

မြတ်စွာဘုရား ပွင့်တော်မူတာကိုက ဘုရားအဖြစ်နှင့် ကြွားဖို့ ဝါဖို့ မော်ဖို့ မောက်ဖို့ တန်ခိုးကွေ့ဘတွေပြဖို့ ပွင့်တာမဟုတ်ဘူး၊ သတ္တဝါတွေကယ်ဖို့ တရားဟောဖို့ ပွင့်တာ။ မြတ်စွာဘုရားဟောတော်မူခဲ့တဲ့တရားတွေကို မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးစထဲက ရှင်မဟာကဿပ၊ ရှင်အာနန္ဒာအစရှိတဲ့ ရဟန္တာမထေရ်မြတ်ကြီးတွေက မြတ်စွာဘုရား၏တရားတွေကို မပျောက်မပျက်ရအောင်ဆိုပြီးတော့ ပေါင်းဆုံရွတ်ဖတ် သရဇ္ဈာယ်ပြီး ပထမသင်္ဂါယနာတင်ဆောင်ရွက်ခဲ့ကြတယ်။ နောက်တစ်ကြိမ် ရှင်မဟာယသ အမှူးရှိတဲ့ ရဟန္တာမထေရ်မြတ်ကြီးတွေက မြတ်စွာဘုရား၏တရားတွေကို မပျောက်မပျက်

အောင် ပေါင်းဆုံရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဒုတိယသင်္ဂါယနာတင်ခဲ့ကြတယ်။ နောက်တစ်ကြိမ် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိတဲ့ ရဟန္တာမထေရ်ကြီးတွေက မြတ်စွာဘုရား၏ တရားတော်တွေကို ပေါင်းဆုံရွတ်ဖတ်သရဇ္ဈာယ် ပြီးတော့ တတိယသင်္ဂါယနာတင်ခဲ့ကြတယ်။ နောက်သီဟိုဠ်ကျွန်းမှာ စတုတ္ထသင်္ဂါယနာတင် ပေါင်းဆုံရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြတယ်။ ထို့နောက် မြန်မာပြည်မှာ မင်းတုန်းမင်းကြီး လက်ထက်က မန္တလေးမြို့ပေါ် ၂၅၀၀-သော သံဃာတော်များက မြတ်စွာဘုရား၏ တရားတော်တွေ မပျောက်မပျက်ရအောင် ပေါင်းဆုံရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ပဉ္စမသင်္ဂါယနာ တင်ခဲ့ကြတယ်။ နှုတ်နှင့် ရွတ်ဖတ်သရဇ္ဈာယ်ဆောင်ရွက်ရုံတင်မကဘဲနှင့် ကျောက်ထက် အက္ခရာတင်ထားတယ်၊ ယွုအထိ မန္တလေးမြို့ မန္တလေးတောင်ခြေမှာကျောက်စာတွေရှိလျက်။ ထို့နောက် တစ်ခါ ရန်ကုန်မြို့မှာ ၂၅၀၀သော သံဃာတော်တွေ ပေါင်းဆုံရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ မြတ်စွာဘုရားတရားတော်တွေ မပျောက်မပျက်ရအောင်ဆိုပြီးတော့ ဆဋ္ဌသင်္ဂါယနာ တင်ခဲ့တယ်။ နှုတ်နဲ့ရွတ်ဖတ်သရဇ္ဈယ်ရုံတင်မကဘဲနှင့် ပါဠိလိုရော မြန်မာလိုရောတင်ထားခဲ့တယ်၊ စာအုပ်တွေနှင့်။ မြန်မာပြန်ရော ပါဠိလိုရော မြတ်စွာဘုရား၏တရားတော်တွေ အကုန်အပြည့်အစုံ အကုန်ရှိနေတယ်။ ဒါလဲတစ်ကြောင်းပဲ။ ထို့ပြင် ထိုထိုမြို့ရွာတွေမှာရှိတဲ့ စာသင်တိုက်က စာချဆရာတော်တွေက ပါဠိဋီကာတွေ ပို့ချလို့၊ စာသင်သားတွေက သင်ကြားဆောင်ရွက်လို့ ဒီနေ့အထိ မြန်မာပြည်မှာ မြတ်စွာဘုရား၏တရားတော်တွေ မပျောက်မပျက် အကုန် အပြည့်အစုံရှိတယ်၊ အဲဒီလို မြတ်စွာဘုရားတရားဟော်တွေကို ဆောင်ရွက်နေကြတယ်။ ဆောင်ရွက်ရုံမက ကိုယ်တိုင်ကတစ်ဆင့် ဒကာဒကာမတွေကို ဟောပြောနေကြတဲ့သံဃာတော်တွေဟာ တဖြည်းဖြည်းနှင့် ရေးကမရောက်ဖူးတဲ့အမေရိကန်နိုင်ငံရောက်လို့၊ အမေရိကန်နိုင်ငံမှာ ထိုထိုမြို့ရွာတွေမှာ သီတင်းသုံးနေကြပြီးတော့ ဒကာဒကာမတွေကို မြတ်စွာဘုရားကိုယ်တိုင်ဟောခဲ့တဲ့တရားတွေကို တစ်ဆင့် ဖောက်သည်ချပြီးတော့ ဟောနေတာဖြစ်တော့ အမေရိကန်နိုင်ငံမှာလဲပဲ ဒီနေ့ ဘုရားပွင့် တုန်းပဲလို့ ဘုန်းကြီးကဆိုချင်ပါတယ်။ ဘုန်းကြီးသိသမျှဖြင့် ဦးသီလာနန္ဒဆရာတော်တို့ ချမ်းမြေ့ရိပ်သာဆရာတော်တို့ သီဟဂူ(သဲကုန်း)ဆရာတော်တို့ အစရှိတဲ့ဆရာတော်များ ပြီးတော့ တန့်ကြည်တောင်ဆရာတော်များ အမေရိကန်နိုင်ငံ ရောက်လာပြီးတော့ မိမိတို့စွမ်းနိုင်သမျှ မြတ်စွာဘုရား၏တရားတော်တွေကို တစ်ဆင့် ဖောက်သည်ချပြီးတော့ ဟောနေတာဖြစ်တော့ အမေရိကန်နိုင်ငံမှာ ယနေ့အထိ မြတ်စွာ ဘုရား သက်တော်ထင်ရှားရှိနေတုန်းပဲ မြတ်စွာဘုရား၏ သာသနာတော် ပွင့်တုန်းပဲလို့။ ဘုရားရှိမှတရားရှိတယ်ဆိုတဲ့အတိုင်း တရားလည်းပွင့်တယ်၊ ဘုရားလည်း ပွင့်တဲ့အခါ နှင့်ကြုံလို့ ဒီလိုအခါကာလနှင့် ကြုံတဲ့အခါမှာ အမေရိကန်နိုင်ငံမှာရှိတဲ့ မြန်မာပြည်သူ ပြည်သားအပေါင်းတို့ဟာ အင်မတန်ကံကောင်းကြပေတယ်လို့။

ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘနှင့် ကြုံလို့။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘ- ဒုလ္လဘ ဒုလ္လဘဆိုတဲ့စကားကို အရပ်ကတော့ ပေါ့ပေါ့သုံးနေကြတယ်၊ ခဲယဉ်းလွန်းလို့ ဒုလ္လဘလို့ မြတ်စွာဘုရားကဟောတော်မူတာ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘ- လောကဥ္ဇ ဘုရားပွင့်ဖို့ အင်မတန်ခဲယဉ်းတယ်၊ အင်မတန်ခဲယဉ်းတယ် ဘုရားပွင့်ဖို့ကို။ ယခုတော့ အမေရိကန်မှာ ဘုရားပွင့်တုန်းရှိသေးတယ်လို့ ဘုန်းကြီးက ဆိုချင်ပါတယ်။ မှန်လည်းမှန်မှာပဲ။ အဲဒါကြောင့် ဒီလိုဘုရားပွင့်တာနှင့်ကြုံလို့ ကြုံကြိုက်တဲ့ ဒကာဒကာမတွေ မြတ်စွာဘုရားတရားတော်တွေကိုကြားရနာရ တရားတော်တွေ အားထုတ်ရ လိုက်နာရတဲ့ အတွက် ဘုန်းကြီးက ဒီက ဒကာဒကာမတွေ အင်မတန်ကံကောင်းကြတယ်လို့ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘနှင့် ကြုံနေကြတယ်။

ထို့နောက်တစ်ခါ ကိုယ်ကိုယ်တိုင်ကလည်း လူဖြစ်နေလို့။ လူတွေ အများကြီး မြင်နေလို့ လူ့အဖြစ်ရလွယ်တယ်မထင်နဲ့။ မြတ်စွာဘုရားဉာဏ်တော်နှင့် မြင်တော်မူလို့ ခဲယဉ်းလွန်းလို့ မြတ်စွာဘုရားက မနုဿတ္တ ဒုလ္လဘော လူအဖြစ်ရခဲတယ်။ အပါယ်လေးပါး သတ္တဝါတွေ တိရစ္ဆာန်တစ်မျိုးတည်းဘဲ များလွန်းလို့ မရေမတွက်နိုင်ဘူး။ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးတော့ မပြောနဲ့။ ဒီကျောင်းတစ်နေရာစာ တစ်နေရာမှာပဲ မြေကြီးပေါ်ရှိတဲ့ တိရစ္ဆာန်တွေ မြေကြီးထဲရှိတဲ့တိရစ္ဆာန်တွေ ဒီကျောင်းတစ်နေရာစာနှင့်အမျှ ကောင်းကင်မှာ ရှိတဲ့ တိရစ္ဆာန်တွေ မရေမတွက်နိုင်ဘူး။ အဲဒီလိုများတဲ့ တိရစ္ဆာန်တွေထဲမဖြစ်ဘဲနှင့် ကျော်လွန်ပြီးတော့ လူဖြစ်လာရတဲ့ကံ သာမန်ကံမဟုတ်ဘူး။ ဒါကြောင့်မို့လို့ မနုဿတ္တ ဒုလ္လဘာ ရခဲတဲ့ လူ့ဘဝ ရကြတယ်လို့။

လူ့ဘဝရပြန်လဲပဲ တချို့တချို့ နိုင်ငံမှာ ဘုရားမရှိ တရားမရှိ သံဃာမရှိ၊ ဘုရားမှန်းမသိ တရားမှန်းမသိ သံဃာမှန်းမသိ၊ ဘုရားကိုယုံကြည်ရမှန်းမသိ တရားကို ယုံကြည်ရမှန်းမသိ သံဃာကို ယုံကြည်ရမှန်းမသိ၊ ကုသိုလ်ပြုရမှန်းမသိ အကုသိုလ်ရှောင် ရမှန်းမသိ၊ အဲဒီလိုနိုင်ငံတွေလဲရှိတယ်။ အဲဒီလိုနိုင်ငံကလူတွေနှင့်စာပြန်ရင်လဲ အခု အမေရိကန် ရောက်နေတဲ့ မြန်မာတွေ၊ မြန်မာပြည်မှာရှိနေတဲ့ မြန်မာတွေဟာ အင်မတန် ကံကောင်းတဲ့ မြန်မာတွေလို့ဆိုရမယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားကို ယုံကြည်ရမှန်းသိ တရားကို ယုံကြည်ရမှန်းသိ သံဃာကိုယုံကြည်ရမှန်းသိ၊ ဘုရားမှန်းသိ တရားမှန်းသိ သံဃာမှန်းသိ၊ ကုသိုလ်မှန်းသိ အကုသိုလ်မှန်းသိလို့ အကုသိုလ်ရှောင်လို့ ကုသိုလ်ပြုကြတဲ့ ဒကာဒကာမတွေ ဖြစ်နေကြတော့ အင်မတန်ရခဲတဲ့ လူ့ဘဝ ရကြပြန်တယ်။ ရပြန်တော့လဲပဲ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ ဆိုတဲ့အတိုင်း ရခဲတဲ့ တတိယမြောက် သဒ္ဓါတရားနှင့် တစ်ခါပြည့်စုံကြတယ်။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာနှင့် ပြည့်စုံတယ်၊ မနုဿတ္တ ဒုလ္လဘာနဲ့ပြည့်စုံတယ်၊ သဒ္ဓါ သမ္ပတ္တိ ဒုလ္လဘာနှင့် ပြည့်စုံတယ်။

ထို့နောက် သဒ္ဓမ္မသဿဝနံ အတိဒုလ္လဘံသူတော်ကောင်းတရားကြားနာဖို့ အင်မတန်ခဲယဉ်းတယ် ဆိုပေမယ်လို့ သီတဂူ(သဲကုန်း) ဆရာတော်မျိုးလို ချမ်းမြေ့ရိပ်သာ ဆရာတော်မျိုးလို ဦးသီလာနန္ဒလို ဆရာတော်မျိုးလို ဒီလိုပုဂ္ဂိုလ်တွေကြွရောက်ပြီးတော့ အဘိဓမ္မာ တရားတွေ နက်နဲခက်ခဲတဲ့ အဘိဓမ္မာတရားတွေကစပြီးတော့ သုတ္တန်တရားတွေ ဟောပြောနေတဲ့ အတွက် ဒီတရားတွေကြားနာနေရတဲ့ ဒကာဒကာမတွေ ဘယ်လောက် ကံကောင်းကြ သလဲလို့။

အဲဒါကြောင့် ဗုဒ္ဓုပ္ပါ၊ ဒုလ္လဘာနှင့်ကြုံတယ်၊ မနုဿတ္တ ဒုလ္လဘာနှင့်ကြုံတယ်၊ သဒ္ဓါ သမ္ပတ္တိ ဒုလ္လဘာနှင့်ကြုံတယ် သဒ္ဓမ္မသဿဝနံ ဒုလ္လဘာနှင့်ကြုံတယ်။ ဒုလ္လဘငါးပါးမှာကို အမေရိကန်ရောက်နေတဲ့ မြန်မာပြည်သူပြည်သားတွေဟာ ဒုလ္လဘာလေးပါးနှင့်ပြည့်စုံ တဲ့ပုဂ္ဂိုလ်တွေ။ ဘုရားပွင့်တဲ့အခါနှင့်ကြုံတယ် တရားပွင့်တဲ့အခါနှင့်ကြုံတယ်၊ သံဃာပွင့်တဲ့ အခါနှင့်ကြုံတယ် သံဃာများဟောတဲ့ သူတော်ကောင်းတရား ကြားနာရတာနှင့်ကြုံလို့ အင်မတန်ကံကောင်းတဲ့ဒကာဒကာမတွေလို့ ဘုန်းကြီးကသတိပေးချင်တယ်။ အင်မတန် ကံကောင်းတဲ့ ဒုလ္လဘငါးပါးမှာလေးပါးနှင့်ပြည့်စုံတာကို အမှတ်မဲ့နေတော့ ကိုယ့်ကိုယ်ကို ဘယ်လောက်တန်ဖိုးရှိတဲ့ဘဝ ရောက်နေတယ်ဆိုတာ သိချင်မှသိမယ်။ အဲဒါကြောင့် ဘုန်းကြီးက မြတ်စွာဘုရားကနေ့စဉ်နေ့စဉ် မိမိရတဲ့ဘဝအရင်းမရှုံးစေဘဲနှင့် ရတဲ့ဘဝ အမြတ်ရအောင်သတိရနေတဲ့ ဘဝရဲ့တန်ဖိုးကိုသိပြီးတော့ ဒုလ္လဘငါးပါးမှ ငါတို့

သန္တာန်မှာ လေးပါးနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေပါလား၊ ဒီတော့ ဒုလ္လဘလေးပါးနှင့်ပြည့်စုံရဲ့ သားနှင့် နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း ဒါန၊ သီလ အစရှိတဲ့ကုသိုလ်ကောင်းမှု မရလိုက် မယူလိုက်မဖြစ်ကြရအောင် တတ်နိုင်သမျှ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကံ စေတနာတို့ကို ကျိုးစားပွားများအားထုတ်ကြပါလို့ ဘုန်းကြီးကတိုက်တွန်းလိုပါတယ် သတိပေးလိုပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားသတိပေးသလို ဘုန်းကြီးကလဲ နေ့သမျှကာလပတ်လုံး သတိ ပေးသောအားဖြင့် ဘုန်းကြီးတို့သတိပေးတဲ့အတိုင်း အားလုံး ဒကာဒကာမတွေလဲ မိမိတို့ ရတဲ့ဒုလ္လဘလေးပါးကို အလဟဿ အချည်းအနှီးမဖြစ်စေဘဲနှင့် အရင်းမရှုံးစေဘဲနှင့် အမြတ်ရသည့်တိုင်အောင် ဒါန၊ သီလ၊ သမထ ဝိပဿနာ ဘာဝနာတရားတို့ကို ကျိုးစား ပွားများ အားထုတ်နိုင်ကြစေကုန်သတည်း။

* * * * * *

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ လော့(စ်)အိန်ဂျလိ(စ်)မြို့၊ အဇူစာမြို့နယ်၊ သုန္ဒရာရာမ ဗြဟ္မဝိဟာရကျောင်းတိုက်၊ ကပ္ပိယကာရကအဖွဲ့၏ အံ့ဩဝမ်းသာ လျှောက်ထားလွှာပါဘုရား။

## အစ္ဆရိယ သမ္ဘာဒနိယ ကထာ

သုံးပုံပိဋကတ်တရားမြတ်၊ ကျမ်းတတ်အကျော် ဆရာတော်များကို သုတဗုဒ္ဓ ဟု တပည့်များ မှတ်သားကြားနာဖူးပါသည်ဘုရား။

ဆရာတော်ဘုရားကြီးသည် ဓမ္မကျမ်းစာပေါင်း ၃၆–ကျမ်းမျှ ပြုစုတော်မူခဲ့ပြီး ဖြစ်ခြင်းကြောင့်လည်းကောင်း၊

ရဟန်း သာမဏေ ၁၅၀–ကျော်ရှိသော စာသင်တိုက်ကြီး၌ နှစ်ပေါင်းများစွာ (ရဟန်း ၄–ဝါမှစ၍) ပိဋကတ်စာပေကို ပို့ချသင်ပြတော်မူခဲ့ခြင်းကြောင့် လည်းကောင်း၊

သံဃာ ခြောက်သောင်းခန့်ရှိသော ရွှေကျင်ဂိုဏ်း သံဃာ၏ သံဃာ့ရာဇာ သာသနာပိုင်၊ သံဃာ ၃–သိန်းခန့်ရှိသော မြန်မာသံဃာအားလုံး၏ ဩဝါဒစါရိယ ဖြစ်တော်မူခြင်းကြောင့်လည်းကောင်း၊

ဘုန်းကြီးကျောင်းသားငယ်ဘဝမှစ၍ ယနေ့တိုင် နှစ်ပေါင်း ၉၀–ကျော်တို့ ကာလပတ်လုံး ပရိယတ်ပဋိပတ် နှစ်ရပ်နှစ်ဝ သဒ္ဓမ္မနှင့် ကိုယ်နှုတ်စိတ်ကို ထုံမွှမ်းထားသည် ဖြစ်ခြင်းကြောင့်လည်းကောင်း၊

သက်တော်ရှည်ဆရာတော်ဘုရားကြီးသည် သုတဗုဒ္ဓ ဧကန်စင်စစ် ဖြစ်ပေသည်ဟု သုဘာသိတဝါစာမင်္ဂလာစကားပြောခွင့်ရရှိမှုမက –

အဖသာသနာ၊ အမိမြန်မာ ဇာတိရွာမှ ဝေးခေါင်စွန်ဖျားတိုင်းတစ်ပါး၌ သုတဗုဒ္ဓ အရှင်မြတ်ကြီးတို့ကိုဖူးမြော်ခွင့်၊ ပူဇော်ခွင့်ပါရပြန်ပါသောကြောင့် သမဏာ ဒဿန မင်္ဂလာ၊ ပူဇနီယမင်္ဂလာ၊ ဓမ္မဿဝန မင်္ဂလာ– စသောမင်္ဂလာအပေါင်း ခညောင်းဝေဆာ ဤအခါဝယ် သုနက္ခတ္တံ၊ သုမင်္ဂလံ၊ ကောင်းကင်ညံသဖြင့် အလွန်ပင်ဝမ်းမြောက် ကြရပါသည်ဘုရား

မြတ်စွာဘုရား၌ အံ့ဩဖွယ် ၂၀၊ ရှင်ဗာကုလ၌ အံ့ဩဖွယ် ၃၅–ပါး၊ ရှင်အာနန္ဒာ၌ အံ့ဩဖွယ် ၄–ပါး၊ စကြာမင်း၌ အံ့ဩဖွယ် ၄–ပါးရှိကြောင်းတို့ကို ဗုဒ္ဓစာပေ၌ ဖတ်ဖူးမှတ်ဖူး၊ ကြားနာဖူးပါသည်ဘုရား။

ယခုအခါမှာလည်း ကျေးဇူးတော်ရှင်၊ သက်တော်ရှည်၊ တိုင်းပြည်ဆရာ၊ သံဃာ့ဖခင်၊ ဆရာတော်ဘုရား၏ အံ့ဖွယ်ဂုဏ်ရည်များကို လျှောက်ထားပူဇော်ခွင့် ပြုတော်မူပါဘုရား။

၁။ ဒီဃာယုကတာ - ယနေ့ လူဦးရေသန်းပေါင်းငါးထောင်ခန့်ရှိသော ကမ္ဘာတွင် ၇၅-နှစ်ကျော်အသက်ရှည်သူကား ရှားနေပါပြီဘုရား။ ဆရာတော်ဘုရားကြီးသည် သက်တော် ၉၉-နှစ် တစ်ရာတွင်းသို့ ဝင်ရောက်တည်နေပြီဖြစ်ခြင်းကြောင့် ဆရာတော် ဘုရား၏ အံ့ဖွယ်ကောင်းသည့် သီလစသောဂုဏ်အထူးကို တပည့်များ ကြည်နူးမိ ကြောင်းပါဘုရား။

၂။ ပုညဝန္တတာ - လူ့ဘဝ၌ လူရှင်အချို့သည် အသက်ပင်ရှည်သော်လည်း ဘုန်းကံ မရှိကြပါ။ ဆရာတော်ဘုရားကြီးမှာ သက်တော်လည်းရှည် ဘုန်းကံလည်းကြီးမား ဖြစ်ခြင်းကြောင့် ဆရာတော်ဘုရား၏ အံ့ဖွယ်ကောင်းသည့် သီလစသောဂုဏ်အထူးကို တပည့်များကြည်နူးမိကြောင်းပါဘုရား။

၃။ မဟာပရိဝါရတာ - လူ့ဘဝ၌ လူရှင်အချို့သည် အသက်ရှည်၍ ဘုန်းကံကြီးမား သော်လည်း အခြံအရံနည်းပါးကြပါသည်။ ဆရာတော်ဘုရားကြီးသည် သက်တော် လည်းရှည်၊ ဘုန်းကံလည်းကြီး၊ အခြံအရံလည်းစည်ကားသောကြောင့် ဆရာတော် ဘုရား၏ အံ့ဖွယ်ကောင်းသည့် သီလစသောဂုဏ်အထူးကို တပည့်များကြည်နူး မိကြောင်းပါဘုရား။

၄။ အပ္ပါဗာဓတာ - လူ့ဘဝ၌ လူရှင်အချို့သည် အသက်ပင်ရှည်သော်လည်း ရောဂါ ထူပြောကြပါသည်။ ဆရာတော်ဘုရားကြီးသည် သက်တော်လည်းရှည်၊ ရောဂါ ကင်းရှင်း ကျန်းမာခြင်းနှင့်လည်း ပြည့်စုံတော်မူသောကြောင့် ဆရာတော် ဘုရား၏ သီလစသော ဂုဏ်အထူးကို တပည့်များကြည်ညိုရကြောင်းပါဘုရား။

၅။ လဟုဋ္ဌာနတာ - ၉၀ ကျော် ၁၀၀-တွင်း လူအိုလူမင်းတို့သည် အများအားဖြင့် အိပ်ရာ၌သာ လျောင်းစက်နေကြရပါသည်။ ဆရာတော်ဘုရားကြီးသည် အထိုင်အထ ပေါ့ပါးခြင်း၊ လမ်းလျှောက်ရာ၌ သွက်လက်ခြင်းတို့နှင့် ပြည့်စုံတော် မူသောကြောင့် ဆရာတော်ဘုရား၏ သီလစသောဂုဏ်အထူးကို တပည့်များ ကြည်နူးမိကြပါသည် ဘုရား။

၆။ စက္ခုဒုဗ္ဗလ ရဟိတတာ - လောက၌ လူအများစုသည် အသက် ၄၀-ကျော်မှာ မျက်စိ အကြည်ဓာတ် အားနည်းလာသဖြင့် မျက်မှန်တပ်ဆင် စာကြည့်ကြရပါသည်။ ဆရာတော်ဘုရားကြီးသည် သက်တော် ၉၀-ကျော်တိုင်အောင် မျက်မှန်မတပ်ဘဲ ကြည်လင်စွာစာဖတ်နိုင်သောကြောင့် ဆရာတော်ဘုရား၏ သီလစသောဂုဏ်အထူးကို တပည့်များ ကြည်ညိုကြရပါသည်ဘုရား။

၇။ သုတိဟီနရဟိတတာ - လောက၌ လူအများစုသည် အသက်ကြီးလာသည့်အခါ နားအကြည်ရုပ်အားနည်းလာသဖြင့် တိုးတိုးညင်းညင်းပြောဆိုခြင်းကို မကြားနိုင် ကြပါ။ ဆရာတော်ဘုရားကြီးသည် သက်တော် ၉၀-ကျော်တိုင်အောင် နားလေးခြင်း မရှိ၊ ကြည်လင်စွာ ကြား နားထောင်နိုင်သည် ဖြစ်ခြင်းကြောင့် ဆရာတော်ဘုရား၏ သီလစသော ဂုဏ်အထူးကို တပည့်များကြည်ညိုကြရ ပါသည်ဘုရား။

၈။ အခဏ္ဍာတာ – လောကၝ လူအများစုသည် အိမ်းရင့်ရော် ၈၀–ကျော်လျှင် သွားတွေ ကျိုး၍ ပါးတွေခွက်ပြီး မေးရိုးကြီးများ ငေါနေကြပါသည်။ ဆရာတော်ဘုရားကြီးသည် သွားလည်းမကျိုး၊ ပါးလည်းမခွင်၊ မေးလည်းမငေါ ပြည့်ဝသော မျက်နှာတော်ရှိသည် ဖြစ်ခြင်းကြောင့် ဆရာတော်ဘုရား၏ သီလစသောဂုဏ်အထူးကို တပည့်များကြည်ညို ကြရပါသည်ဘုရား။

၉။ သတိမန္တတာ – လူအများစုမှာ ငယ်ရွယ်စဉ်၌ သတိကောင်းကြသော်လည်း သက်ရွယ် ယိုယွင်း အိမ်းချိန်၌ သတိများလွတ်၍ မေ့လျော့တတ်ကြပါသည်။ ဆရာတော်ဘုရား ကြီးမှာ သက်တော် ၁၀၀–တွင်းမှာ ဖြစ်သော်လည်း သတိအားကောင်းဆဲဖြစ်ခြင်း ကြောင့် ဆရာတော်ဘုရား၏ သီလစသောဂုဏ်အထူးကို တပည့်များကြည်ညို ရကြောင်းပါဘုရား။

၁၀။ ဓိတိမန္တတာ – လောကၝ လူရှင်အများစုသည် ငယ်စဉ်ကလုံ့လဝီရိယရှိကြသော်လည်း အိမ်းသောအခါ ယုတ်လျော့သွားကြပါသည်။ သက်တော် ၁၀၀–တွင်း ဆရာတော် ဘုရားကြီးသည် နံနက်ခင်း ၄–နာရီမှ ည ၁၀–နာရီအတွင်း ဂန္ထဓုရ ဝိပဿနာဓုရ သာသနာ့ တာဝန်နှစ်ရပ်ကို နိုးကြားတက်ကြွစွာ အားထုတ်ဆဲ ဖြစ်သောကြောင့် ဆရာတော်ဘုရား၏ သီလစသောဂုဏ်အထူးကို တပည့်များ အထူးပင် ကြည်ညို ရကြောင်းပါဘုရား။

၁၁။ ပညဝန္တတာ – ဆရာတော်ဘုရားကြီးသည် ပဋိသန္ဓေပါ ပင်ကိုပညာ၊ သင်ကြား တတ်မြောက်ထားသော ပရိယတ္တိပညာ၊ ကျင့်ကြံအားထုတ် ပွားများထားသော ပဋိပတ္တိပညာ၊ ထွင်းဖောက်သိမြင်ထားသော ပဋိဝေဓပညာတို့နှင့် ပြည့်စုံတော်မူ သောကြောင့် ဆရာတော်ဘုရား၏ပညာဂုဏ်ကို တပည့်များက အထူးပင် ကြည်ညိုရ ကြောင်းပါဘုရား။

၁၂။ ပါသာဒိကတာ – လောကၝ လူရှင်အချို့သည် သီလ၊ သမာဓိ၊ ပညာပင်ပြည့်စုံ လင့်ကစား ကြည်ညိုဖွယ်ရာ နေထိုင်ခြင်း၊ ပြောဆိုခြင်း၊ ဝတ်ရုံခြင်း၊ စားသောက်ခြင်း မပြုတတ်ကြပါ။ ဆရာတော်ဘုရားကြီးမှာ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့်ပြည့်စုံသည့် အပြင် ကြည်ညိုဖွယ်ရာ၊ သွားလာ၊ နေထိုင်၊ ပြောဆို၊ ဆက်ဆံ၊ ဝတ်ရုံ၊ သုံးဆောင် စသော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့နှင့်ပြည့်စုံတော်မူသောကြောင့် ဆရာတော်၏ ပါသာဒိကဂုဏ်အထူးကို တပည့်များ ပီတိရွှင်မြူး အထူးပင်ကြည်နူးကြရပါသည် ဘုရား။

ကျေးဇူးတော်ရှင် သက်တော်ရှည်၊ နိုင်ငံ့ဆရာ၊ သံဃာ့ဖခင်၊ ဆရာတော်ကြီး ဘုရား

တပည့်များအား နိဂုံးချုပ်လျှောက်ထားခွင့်ပြုတော်မူပါဘုရား။

အဇ္ဈာဝေဟင် မိုးကောင်းကင်၌ ကြည်လင်သည့်ညအခါ ကြယ်တာရာများကို ရေတွက်ကြည့်လျှင် ရေတွက်ပိုင်းခြား ဂဏန်းမထား နိုင်ပါဘုရား။ ထိုနည်းတူစွာ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကျေးဇူးတော်များကို ဘုရားတပည့် ရေတွက်ခြင်းငှာ မစွမ်းနိုင်ပါတော့သည်ဖြစ်၍ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုရာ၌ တပည့်များမရောင့်ရဲ အားမရသော်လည်း ဤမျှနှင့်သာ ရပ်နားခွင့်ပြုတော်မူပါဘုရား။

ဤသို့လျှင် ကောင်းကင်ပြည့်လျှမ်းသည့် ကြယ်တာရာတန္တန်းမျှ အံ့ဖွယ်ဆန်းကြယ်သောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော သက်တော်ရှည်ဆရာတော်ဘုရားကို ဖူးမြော်ခွင့်၊ ပူဇော်ခွင့်ရသည့်အတွက် ပင်ပန်းနွမ်းနယ်မှုကို ပမာဏမထား၊ ကြွရောက်ချီးမြှောက်တော်မူသော ဆရာတော်ကြီးကိုလည်းကောင်း၊ ငွေကြေးကုန်ကျမှုကို ပဓာနမထား၊ သဒ္ဓါစေတနာသန့်သန့်ဖြင့် ပင့်ဆောင်လာသည့် ဦးတင်ထွန်းနှင့်မိသားစုကိုလည်းကောင်း၊ ကျေးဇူးအထူးတင်ပါကြောင်း အပြီးသတ်လျှောက်ထားပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။ ။

* * * * * *

နမော ရတနတ္တယ်
သိဒ္ဓမ်

ရွှေဟင်္သာဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ၊
ရွှေကျင်နိကာယဥက္ကဋ္ဌ သံဃရာဇာ သာသနာပိုင်
နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊
ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ မြန်မာပြည်၊

# ထေရုပ္ပတ္တိ အကျဉ်းချုပ်

ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်ရင်းမှာ ပဏ္ဍိတသိရီဖြစ်ပါသည်၊ ဆရာတော်ဘုရားကြီး တည်ထောင်ဖန်ဆင်းတော်မူသောကျောင်းတိုက်မှာ - ရွှေဟင်္သာတိုက်သစ်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး တည်ထောင်ဖန်ဆင်းတော်မူသော ရွှေဟင်္သာတိုက်သစ်၏အမည်ကို ဆရာတော်ဘုရားကြီးအပေါ်၌တင်စား၍ ရိုသေလေးမြတ်စွာ "ရွှေဟင်္သာဆရာတော်ကြီး"ဟု ခေါ်ဆိုကြပါသည်။ မူလရွှေဟင်္သာတိုက်သည်- ဧရာဝတီတိုင်း၊ ညောင်တုံးမြို့၌ရှိပါသည်။ ဟင်္သာ(၆)မျိုးတို့တွင် သုဝဏ္ဏဟံသ ခေါ် ရွှေဟင်္သာမျိုးသည် မိုင် ၇၀၀၀-ခန့် အနည်းဆုံး မရပ်မနားပျံသန်းနိုင်သည်။ ကိုယ်အားစိတ်အား အလွန်ထက်သန် သော ငှက်မျိုးဖြစ်ပါသည်။ ရုပ်အား စိတ်အား သီလ သမာဓိ ပညာအား ဗိုလ်ငါးပါး သန်မာ ကောင်းမြတ်တော်မူသော ရွှေဟင်္သာ ဆရာတော်ဘုရားကြီးသည် ယခုအခါ သက်တော် ၉၉-နှစ် သိက္ခာတော် ၈၀- ရှိတော်မူပါပြီ။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သံဃာတော် ၁၅၀-ခန့် မှီတင်း သီတင်းသုံး၍ ပညာသင်ကြားရာ ရွှေဟင်္သာတိုက်သစ်ကို စစ်ကိုင်းတောင်၌ တည်ထောင်ဖန်ဆင်းတော်မူပါသည်။ မြန်မာတစ်နိုင်ငံလုံး ကျောင်းပေါင်း သုံးထောင်ကျော်၊ သံဃာပေါင်း ခြောက်သောင်းခန့်ရှိသည့် ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ သံဃရာဇာလည်း ဖြစ်တော်မူပါသည်။ ထို့ပြင် ဆရာတော်ကြီး၏ကြီးမားအံ့သြဖွယ်ကြည်ညိုဖွယ်သော သီလ သမာဓိ ပညာဂုဏ်တော်တို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး သုံးသိန်းခန့်ရှိသော ရဟန်းသံဃာတော်တို့က နိုင်ငံတော်သြဝါဒါစရိယအဖြစ်လည်း တင်မြှောက်တော်မူကြပါသည်။ ရှင်ကောဏ္ဍည၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်အာနန္ဒာစသော အရှင်မြတ်ကြီးတို့၏ အကြောင်းအရာပါကျမ်းကြီးများကို ထေရအပဒါန်၊ ထေရဂါထာဟု

ခေါ်ပါသည်။ ယခုကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ အပဒါန်ကို အကျဉ်းမျှဖော်ပြပါမည်။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော် အရှင်ပဏ္ဍိတမထေရ်သည်-ရော၀တီတိုင်း လေးမျက်နှာမြို့တွင် အဖဦးကျောက်စိမ်း အမိဒေါ်ရွှေသော့တို့မှ မြန်မာနှစ် ၁၂၅၅-ခု၊ နတ်တော်လဆန်း(၇)ရက်၊ ၁၈၉၃ခု၊ ဒီဇင်ဘာ(၁၄)ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူပါသည်။

၁၂၆၉-ခု၊ အသက်၁၄-နှစ်အရွယ်တွင် လေးမျက်နှာမြို့ မိကျောင်းရဲ ဆရာတော်ကြီး အရှင်အာစာရအထံ၌ ရှင်သာမဏေဖြစ်တော်မူပါသည်။ ပိဋကတ် အခြေခံကျမ်းစာများကို သင်ကြားဖို့ရန် မိကျောင်းရဲဆရာတော်က ညောင်တုံးမြို့ ရွှေဟင်္သာတောရကျောင်းတိုက်သို့ပို့ဆောင်အပ်နှံခဲ့ပါသည်။ ၁၂၇၅-ခုနှစ် အသက်-၂၀ အရွယ်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သာသနဝိသောဓနီ သိမ်တော်၌ (သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု)ဟူသော သီပေါမင်း ဆက်ကပ်လှူဒါန်းသော မင်းလှူဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ရွှေကျင် ဆရာတော် အရှင်သာသနမဟာထေရ်ကိုဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

ညောင်တုံးမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၌ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင် နိကာယ ဒုတိယသာသနာပိုင်၊ ပထမစံကျောင်းဆရာတော်(ကျမ်းပြုအကျော်) အရှင်ဝါယမ ထေရ်နှင့် ဒုတိယစံကျောင်းဆရာတော်အရှင်ကလျာဏထေရ်တို့သည် ယခု ရွှေဟင်္သာ တိုက်သစ်ဆရာတော်ကြီး၏ ဓမ္မာစရိယ စာချဆရာရင်းများ ဖြစ်တော်မူကြပါသည်။ ရဟန်းသိက္ခာ ၄-ဝါအရတွင် ညောင်တုံးမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီး၏ စာချ ကထိက ဂဏပါစကဖြစ်တော်မူခဲ့ပါသည်။

၁၂၈၉-ခု၊ အသက် ၃၄-နှစ် ရဟန်းသိက္ခာ ၁၄-ဝါ အရတွင် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်၍ ရွှေဟင်္သာချောင်ကို တည်ထောင်ကာ တစ်ပါးတည်း သီတင်းသုံးတော်မူခဲ့ ပါသည်။ ဆရာတော်ဘုရား၏ အစ်မတော်ဖြစ်သော သီလရှင်ဆရာကြီးဒေါ်နန္ဒာသည်-ရွှေဟင်္သာကျောင်းဟောင်း၏ အစစွာသော ကျောင်းဒါယိကာမကြီး ဖြစ်ခဲ့ပေသည်။ အစ်မတော် ဒေါ်နန္ဒာ လှူဒါန်းသော ရွှေဟင်္သာကျောင်းဟောင်း၌ ၈-နှစ်မျှ သီတင်းသုံး၍ စာချခြင်း တရားအားထုတ်ခြင်းဟူသော ဂန္ထဓုရ, ဝိပဿနာဓုရ သာသနာ့တာဝန်နှစ်ပါးကို ထမ်းဆောင်တော်မူခဲ့ပါသည်။

၁၂၉၈-ခုနှစ် သက်တော် ၄၃-နှစ်၊ ရဟန်း၂၃-ဝါအရတွင် ယခုလက်ရှိသီတင်းသုံး နေထိုင်သော ရွှေဟင်္သာတိုက်သစ်ကို စတင်တည်ထောင်တော်မူသည်။ ရွှေဟင်္သာ တိုက်သစ်၏ ပထမအစစွာသော ကျောင်းဒါယကာသည် လေးမျက်နှာမြို့နေ သူဌေး ဦးစစ်ကြူ ဖြစ်ပါသည်။ ရွှေဟင်္သာတိုက်သစ်၏ အကျယ်အဝန်းပမာဏမှာ အတွင်းအပြင် ၁၆-ဧကခန့် ကျယ်ပြန့်၏။ သိမ်, ဓမ္မာရုံ, ဘုရားကျောင်း, စံကျောင်း, ဆွမ်းစားကျောင်း, အာဝါသိကကျောင်း, အာဂန္တုကကျောင်း, နာရီစင်, ရေကန်, လိုဏ်ဂူ စသည်တို့ဖြင့် လည်းကောင်း၊ သစ်ပင်ဥယျာဉ်တို့ဖြင့် လည်းကောင်း၊ စေတီပုထိုးတို့ဖြင့် လည်းကောင်း၊ ဒဿနီယ, ပါသာဒိက, ရမဏီယ, ဝိဝေကဖြစ်၍ တင့်တယ်သပ္ပါယ်လှပါသည်။ စာသင် သံဃာတော် ၁၅၀-ကျော်တို့၏ သက်န်းရောင်ဖြင့် ဝင်းလက်တောက်ပနေပါသည်။ စာချ စာသင် အရှင် ၁၅၀-ကျော်တို့၏ ဓမ္မသံ ပိဋကတ်သံတို့ဖြင့် ပဲ့တင်ညံလျက်ရှိပါသည်။

ဖူးမြော်သူ လှူဒါန်းသူတို့ဖြင့်လည်း စည်ကားလှပါသည်။ ဆရာတော်ဘုရားကြီး၏ သီလ သမာဓိ ပညာဂုဏ်တို့ဖြင့်လည်း လွှမ်းခြုံမွေးကြိုင်၍နေပါပေသည်။

၁၃၁၄-ခု စစ်ကိုင်းတောင်ရိုးမဟာဂန္ဓာရုံကျောင်း၌ ကျင်းပသော ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၃၃၇-ခု၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်၌ကျင်းပသော ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်း ဒုတိယသာသနာပိုင်အဖြစ်လည်းကောင်း တင်မြှောက်ခြင်းကိုခံယူရရှိတော်မူသည်။ ၁၃၅၁ ခုနှစ်၌ သံဃာဦးရေခြောက်သောင်းခန့်ရှိ ရွှေကျင်ဂိုဏ်းကြီး၏ဥက္ကဋ္ဌ သံဃရာဇာ ရွှေကျင်သာသနာပိုင် ဖြစ်တော်မူလာခဲ့ပါသည်။ ဆရာတော်ကြီးသည် ၁၃-ဆက်မြောက် ရွှေကျင် နိကာယ သံဃရာဇာ သာသနာပိုင်ဖြစ်တော်မူလာခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် ပါဠိစာပေကိုသာမက သက္ကတစာပေကိုလည်း ကျွမ်းကျင် တတ်မြောက်တော်မူပါသည်။ သက္ကတဘာသာမှဘာသာပြန်ထားသော စာဏကျနီတိ ကျမ်းမှာ ဆရာတော်ကြီး သက္ကတ ဘာသာသင်ကြားခိုက်မှာ ရေးသောကျမ်းဖြစ်ပါသည်။ ကျမ်းစာနှင့် ခရီးသွားမှတ်တမ်း အပါအဝင် စာအုပ်ပေါင်း ၃၆-အုပ်ခန့် ရေးသားထုတ်ဝေ ခဲ့ပြီး ဖြစ်ပါသည်။ အာစေရဝဏ္ဏနာ ပျို့သည် ၁၂၈၀-ခုနှစ်မှာပြီးသော ပထမဆုံးသော ဆရာတော်ကြီး၏ ကျမ်းစာဖြစ်သည်။ ဆဋ္ဌသံဃာယနာပွဲ၌ ပါဠိဝိသောဓက၊ ပါဠိ ပဋိဝိသောဓက (ပါဠိတည်းဖြတ် သုတ်သင် ပြင်ဆင်သော အဃ်ဒီတာ)အဖွဲ့များ၏ တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာတော်ဘုရား ကြီး၏ကျမ်းစာများသည် ရဟန်းသံဃာ စာသင်စာချအသုံးပြုသောကျမ်းစာများ သံသရာထွက်လမ်း ကမ္မဋ္ဌာန်းကျမ်းစာများ နေ့စဉ်သုံးပြုပြင်ရေးနှင့်ဆုံးမစာများ စာပေနှင့်ဗဟုသုတ ကျမ်းစာများသမိုင်းနှင့် ပျို့ကဗျာ လင်္ကာများ စုံလင်လှပါသည်။ တစ်ဖက်မှလည်း ဂန္ထ ဓူရဖြင့် မကျေနပ်ဘဲ ဝိပဿနာဓူရ ကိုလည်း အားထုတ်တော်မူပါသည်။

ဤသို့လျှင် ဆရာတော်ဘုရားကြီးသည် မြတ်ဗုဒ္ဓ၏ သုံးပုံပိဋကတ် တရားမြတ်နှင့် သိက္ခာသုံးရပ်အကျင့်တို့ တည်တွန်းပြန့်ပွားရေးအတွက် ကြီးမြတ်သော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသတို့ဖြင့် အားထုတ်တော်မူခဲ့သောကြောင့် ၁၃၂၂-ခု၌ **အဂ္ဂမဟာပဏ္ဍိတ**ဘွဲ့တံဆိပ် ဖြင့်လည်းကောင်း၊ ၁၃၄၀-ပြည့်နှစ်၌ **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်ဖြင့်လည်းကောင်း မြန်မာနိုင်ငံအစိုးရမင်းတို့က ဆရာတော်ဘုရားကြီးအား ဆက်ကပ်ပူဇော်ခဲ့လေသည်။ ၁၃၄၂-ခုနှစ်၌ **နိုင်ငံတော် ဩဝါဒါစရိယ** ဘွဲ့လက်မှတ်ကို ထပ်မံ၍ လှူဒါန်းခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ပြည်ပခရီးအဖြစ် ဝိုင်း မလေးရှား စင်ကာပူ အိန္ဒိယနိုင်ငံများသို့ကြွရောက်တော်မူခဲ့ဖူးပါသည်။ ယခုအခါ စင်ကာပူနှင့် ထိုင်းနိုင်င တို့ကိုဖြတ်၍ အမေရိကန်သို့ ကြွရောက်တော်မူလာပါသည်။

သော ဇာတော ယေန ဇာတေန၊ ယာတိ ဝံသော သမုန္နတိ။
ဉာ တေ ဝတ ပုဇကာ၊ ယေသာယံ ဤဒိသော ဂဏီ။ ။

ဇာတေန - ရှေးကံအထူး၊ ရှိခဲ့ဖူးသဖြင့်၊ မိးရှုးသန့်စင်၊ ဖွားမြင်၍လာသော။

ယေန ပုတ္တေန - ကျောက်ကောင်းတစ်လုံး၊ ပမာသုံးသို့၊ တိုင်းလုံးထင်ရှား၊ အကြင်သားကြောင့်။

ဝံသော - ဆွေရင်းမျိုးချာ၊ သူ့သူငါမျှ၊ မကသယ်ကျုံး၊ တစ်နွယ်လုံးသည်။

သမုန္နတိ - အောက်တန်းမှမြင့်၊ အဆင့်ဆင့်ဖြင့်၊ စွင့်စွင့်တက်လှမ်း၊ အထက်တန်းသို့။

ယာတိ - ယခုလည်းကောင်း၊ နောင်လည်းကောင်းလျက်၊ ကောင်းကောင်း ပုံသေ၊ ရောက်နိုင်ပေ၏။

သော ပုတ္တော - တစ်နွယ်လုံးပင်၊ စုံအလင်ဖြင့်၊ ဂုဏ်အင်ပွားကြောင်း၊ ထိုသားကောင်းရတနာသည်။

ဇာတော - အမျိုးနှင့်ဘာသာ၊ သာသနာတန်ခိုးတက်၊ တိုးတက်ဖို့ အရေးထား၍၊ မွေးဖွားတော်မူခဲ့ပါပေသတည်း။

ယေသံ ပုဇကာနံ - သဒ္ဓါစေတနာ၊ ဝေဝေဖြာလျက်၊ ခေမာမျှော်မှန်း၊ ဆွမ်းသင်္ကန်းနှင့်၊ ကျောင်းခန်း ဓမ္မာရုံ၊ ဆေးမျိုးစုံဖြင့်၊ ဖုံဖုံရှင်ပျူ၊ ပူဇော်ကြသည့်၊ များလှသောင်းသောင်း၊ အကြင်တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့၏။

ဤဒိသော - သီလသမာ၊ ဓိပညာဟု၊ သိက္ခာသုံးလီ၊ အနုစ်တည်၍၊ လင်္ဂီအနုတ္တရ၊ ပုညခေတ္တ၊ မြေကောင်းမှန်သည်၊ ဂုဏ်လျှံ ကဲဘိ၊ ဤကဲ့သို့သော သဘောရှိတော်မူသော။

အယံ ဂဏီ - နှစ်ပေါင်းရှည်ကြာ၊ သိက္ခာတော်ပြည့်ခဲ့သည်၊ အဘိဇေ မဟာရဋ္ဌဂုရု၊ စံပြုရန်ကင်း၊ သမ္ဘာတော်လင်းပေသည့်၊ ဤ ရွှေဟသ်ာ ဆရာတော်ဘုရားကြီးတည်းဟူသော - တိုင်းဥဒ္ဒျောင်သည်။

အတ္ထိ - သံသရာစခန်း၊ ဘဝလမ်း၌၊ အထက်တန်းကျကျ၊ မျက်နှာပန်း လှကြဖို့၊ မုချပုံသေ၊ ရှိနေပါသည်။

တေ ပုဇကာ - နေမင်းပမာ၊ အသရေလင်းဖြာသည့်၊ ရွှေဟသ်ာဆရာတော်ဘုရားကြီးတည်းဟူသော တိုင်းပြည်ဥဒ္ဒျောင်၊ သာသနာ့အခေါင်အဓိပတိ၊ ပညာရှိဆရာ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိသိဋ္ဌတံခွန်၊ ထေရ်အမွန်ကို၊ အလွန်လျှင်ပသန္န၊ ဆွဆွကြည်ဖြူ၊ နံ့ဟူတာစိတ်၊ ဖိတ်ဖိတ်ရည်ရော်၊ ပူဇော်ကြသည့်တပည့်ဒါယကာ ဒါယိကာမအပေါင်း တို့သည်။

ဓညာ ဝတ - ဇမ္ဗူဒိပ၊ ဂေါယာနနှင့်၊ ဥတ္တရပုဗ္ဗာ၊ ကျွန်းလေးဖြာတွင်၊ တောင်ခွင်တစ်ခု၊ ဇမ္ဗုဒိပ၊ ဒေသမှာလျှင်၊ ဗုဒ္ဓသာသနာ၊ ထွန်းသည့်တာကြောင့်၊ ဇမ္ဗုဒိပါ၊ တစ်ကျွန်းသာလျှင်၊ ရှစ်ဖြာရပ်ပြစ်၊ စင်စစ်လွတ်ကာ၊ ကျန်သုံးရွာကား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ မရောက်ရာ၍၊ အခွင့်ဆုံးသည့်၊ ကံပုဉ်းနည်းသူ၊ လူတို့နေရာ၊ ဆိုခဲ့ပါလည်း၊ မင်္ဂလာကျက်သရေ၊ လက်လက်ဝေသည့်၊ လနေတစ်နှန်း၊ ထေရ်ဘုန်းတစ်ဆူ၊ ကြွတော်မူသည့်၊ ဇမ္ဗူမှမြောက်၊ ရောက်သည့်ဒိပ၊ ဥတ္တရကုရု၊ ခေါ်ဆိုလှဘိ၊ အမေရိက၊ ဤဒေသသည်၊ **အဘိဇေ**၊ ရဋ္ဌဂုရု၊ သွန်းပြုခပ်နိုပ်၊ ဂုဏ်တံဆိပ်ဖြင့်၊ ဖိတ်ဖိတ်လျှံဝါ၊ ထေရ်ဆရာသည်၊ ထောင်ယူဇနာ၊ ခရီးကွာလည်း၊ မှနိသုတ်လာ၊ ရွှေဟသ်ာမင်း၊ လုံ့လတင်း၍၊ ခဏချင်းသာ၊ ပျံသန်းလာသို့၊

ယခုခါလည်း၊ စစ်ကိုင်းတောင်သာ၊ ရွှေဟသ်ာမှ၊ ခရီးယူဇနာ၊ မိုင်များစွာကို၊ လျင်စွာဖြတ်သန်း၊ မပင်ပန်းဘဲ၊ ကြွမြန်းဒေသစာ၊ ဖြန့်ခဲ့တာကြောင့်၊ ရွှေဟသ်ာမော်၊

ဆရာတော်ကို၊ ပူဇော်ခွင့်ရ၊ ဖူးခွင့်ရသည်။ ဥတ္တရ - ယူအက်စ်အေ၊ ဝေးရပ်မြေရှိ၊ တပည့်တွေမှာ၊

**သမဏာနဉ္စ ဒဿနံ၊ ဧတံ မင်္ဂလ မုတ္တမံ၊**
**ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

သုတ္တန်အရှိ၊ ကျမ်းနှင့်ညှိသော်၊ ဘုန်းရှိ ကံရှိ၊ သမ္မာရှိစွ၊ လူ့ဘဝဟု၊ အားရရွှင်လန်း၊၊ လက်ရုံးတန်းလျက်၊ မြောက်ကျွန်းဒီသာ၊ အကွဏာသည်၊ ရွှေဟသာမင်း၊ ကြွလာခြင်းကြောင့်၊ ဘုရားလည်းရောက်၊ တရားရောက်ပြီ၊ ပြစ်ရောက်ရပ်မှ လွတ်ပြီဘုရား။

* * * * * *

၂၆၂၄၃

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်

ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတထေရ်

စီရင်ရေးသားအပ်သော

# ကာယာနုပဿနာသတိပဋ္ဌာန်



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဒါန်း | ၂၉ |
| **ပဉ္စမပင်္ဂါယာဥ်** | |
| ကာယနှင့် အနုပဿနာရှင်းပြခြင်း | ၃၁ |
| မိမိ၏ ပစ္စုပ္ပန်ကာယ၌သာ ရှုသင့်ခြင်း | ၃၂ |
| ပစ္စုပ္ပန်တည့်တည့်ကျရန်မခဲယဉ်း | ၃၃ |
| ကာယသဘောသိမြင်မှ ဒုက္ခကုန်ဆုံးမည် | ၃၃ |
| **ကာယဝိစ္ဆိန္နနိကသုတ်** | |
| သတ္တဝါမလှုပ်–ရုပ်သာလှုပ်ခြင်း | ၃၅ |
| စိတ္တဇဝါယောက ရုပ်ကိုလှုပ်စေခြင်း | ၃၆ |
| မိန်းမယောကျ်ားက ပညတ်၊ ရုပ်နာမ်ကပရမတ် | ၃၆ |
| ဤသုတ်ကို နှစ်ဌာန၌ ဟောတော်မူခြင်း | ၃၇ |
| နန္ဒမင်းသမီး ၃–ဦး ရဟန်းပြုခြင်း | ၃၇ |
| အလှည့်ကျတရားနာရခြင်း | ၃၈ |
| အဘိရူပနန္ဒာ ရဟန္တာမဖြစ်ခြင်း | ၃၈ |
| ဇနပဒကလျာဏီနန္ဒာထေရီအကြောင်း | ၄၀ |
| မြတ်စွာဘုရားကို ကြည်ညိုခြင်း ၄–မျိုး | ၄၀ |
| နန္ဒာထေရီ တရားနာလာခြင်း | ၄၁ |
| နိမ္မိတသတို့သမီး ဖောက်ပြန်ပုံပြခြင်း | ၄၂ |
| နန္ဒာထေရီ ကာယာနုပဿနာ ရှုမြင်ခြင်း | ၄၂ |
| နန္ဒာထေရီ တရားထူးရစေသောဂါထာ | ၄၃ |
| ရာဇဂြိုလ်မြို့၌ ဤသုတ်ကိုဟောပြန်ခြင်း | ၄၆ |
| သီရိမာအသုဘရှုရန် ရောက်လာကြခြင်း | ၄၇ |
| သီရိမာအသုဘကောင်ပြ၍ တရားဟောခြင်း | ၄၈ |
| အရေးအသားဖုံးနေ၍ အသုဘမထင်မြင် | ၄၈ |
| အူမစသည့် စက်ဆုပ်ဖွယ်တို့ဖြင့် ပြည့်နေခြင်း | ၄၉ |
| နှပ်စသည့် စက်ဆုပ်ဖွယ်တို့ဖြင့် ပြည့်နေခြင်း | ၅၀ |
| အမာဝ ၉–ပေါက်မှ စက်ဆုပ်ဖွယ်ယိုစီးနေခြင်း | ၅၀ |
| အဝိဇ္ဇာဖုံးအုပ်နေ၍ အသုဘမထင်မြင် | ၅၂ |

သေပြီးကာလ စွန့်ပစ်ခံရ ကိုယ်ကာယ ၅၂
သေပြီးသည်နောက် ပိုးလောက်အစာ ကိုယ်ခန္ဓာ ၅၃
ဤသုတ်ကိုနာကြား၍ အမှန်ကိုမြင် ၅၄
ဉာဏ်၃ပါးဖြင့် မြင်ခြင်း ၅၅
သိပြီးကျင့်မှ ဆန္ဒရာဂကိုစွန့်နိုင် ၅၅
ဆန္ဒရာဂကင်းလွတ်မှ နိဗ္ဗာန်ကိုရ ၅၇
ပုပ်သိုးနံစော် ရေလျှော်ပစ်ရ ကိုယ်ကာယ ၅၇
ပုပ်သိုးနေသောကိုယ်ဖြင့် မာန်ဝင်နေကြခြင်း ၅၈
နန္ဒာထေရီ ရဟန္တာမဖြစ်ခြင်း ၅၉

ကာယာနုပဿနာကို သင်ကြားရကျိုး

ရုပ်၌ ဆန္ဒရာဂကိုပယ် ၆၀
စာပေသင်ကြားမှု မဂ်ဖိုရကြောင်းအလုပ် ၆၁
ဝိပဿနထုံခဲ့သူ၊ မထုံခဲ့သူ နှစ်မျိုးရှိခြင်း ၆၁
အရှင်သာရိပုတ္တရာသော်ပင် နာယူသင်ကြားရခြင်း ၆၂
ပရိယတ်ပယ်လျှင် ဘုရားကိုပယ်ရာကျပုံ ၆၃
ပရိယတ်သည် ဘုရား၏ကိုယ်စားတော် ၆၄
ပရိယတ်၌သာ မဂ္ဂင်ရှစ်ပါးကို ရနိုင်ခြင်း ၆၄
တံခွန်မထူသော ပရိယတ် ပဋိပတ် သံဃာတော်များ ၆၅
နားကြားရုံဖြင့် မဂ်ဖိုလ်ရသူ ၆၅
ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ်ရသူ ၆၆
ရုပ်၌ တပ်မက်မှုခွာ ကာယနုပဿနာ ၆၆
ကာယဂတာသတိ၏ ဂုဏ်ကျေးဇူး ၆၆
ကာယဂတာသတိဖြင့် ကူးပြီး၊ ကူးဆဲ၊ ကူးလတ္တံ့ ၆၇

ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း

ပလိဗောဓကြီး ၁၀-ပါး ၇၀
ကမ္မဋ္ဌာန်း ပေးတတ်ဆရာမြတ် ၇၁
ရှောင်ကြဉ်သင့်သော ဌာန ၁၈-ပါး ၇၂
ပြည့်စုံသင့်သော အင်္ဂါ ၅-ပါး ၇၃
ပလိဗောဓကလေးများကို သုတ်သင် ၇၃

| | |
|---|---|
| မေတ္တာပို့ရန် | ၇၄ |
| မရဏဿတိ နှလုံးသွင်းရန် | ၇၄ |
| ဥဂ္ဂဟကောသလ္လ ၇-ပါး | ၇၄ |
| ပါဠိဘာသာ ရွတ်ဆိုပွားများနည်း | ၇၅ |
| မြန်မာဘာသာရွတ်ဆိုပွားများနည်း | ၇၇ |
| နှုတ်ဖြင့်၊ စိတ်ဖြင့် ပွားများရကျိုး | ၇၈ |
| သိမှတ်ဖွယ် အဆင်းစသည် | ၇၈ |
| တစပဉ္စက စသည်၌ သိမှတ်ဖွယ် ၅-ပါး | ၇၉ |
| ကျွမ်းကျင်လိမ္မာကြောင်း ၁၀-ပါး | ၈၃ |
| အမည်လွန်မြောက်၍ ကောဋ္ဌာသအာရုံရောက် | ၈၄ |
| ပုဂ္ဂိုလ်အမှတ်ကင်းစင်၍ ကောဋ္ဌာသအစုသာထင် | ၈၅ |
| ထင်သောကောဋ္ဌာသတစ်ခုပွား၍ ဈာန်တရားရ | ၈၅ |
| ကောဋ္ဌာသ ၃၂-ပါးနှင့် ပထမဈာန် ၃၂-ပါး | ၈၆ |
| နိမိတ် ၃-ပါးနှင့်ဘာဝနာ ၃-ပါး | ၈၆ |
| မဂ်ဖိုလ်နိဗ္ဗာန်သို့ စိတ်ညွတ်စေပါ | ၈၆ |
| **ကာယာနုပဿနာ ပွားရကျိုး** | |
| ကိုယ်၌တပ်မက်မှုကင်းအောင်ဆင်ခြင် | ၈၈ |
| အဝိဇ္ဇာလိမ်နေသည်ကို ခံကြရခြင်း | ၈၉ |
| မြေခွေးနှင့်တူသော အန္ဓပုထုဇဉ် | ၉၀ |
| အရဟတ္တဖိုလ်တိုင်အောင် အကျိုးရနိုင် | ၉၀ |
| ဈာန်သမာဓိမှ ဝိပဿနာသို့ | ၉၁ |
| ဝိပဿနာမှ မဂ်ဖိုလ်သို့ | ၉၁ |
| ဝိပဿနာတင်ရန် | ၉၂ |
| **ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်နည်း** | |
| သဘာဝအတိုင်း အမှန်ကိုမသိခြင်းအဝိဇ္ဇာ | ၉၄ |
| အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပေါ်လာရခြင်း | ၉၄ |
| သင်္ခါရစသည်ကြောင့် ဝိညာဏ်စသည် ဖြစ်ပေါ်လာရခြင်း | ၉၅ |
| ဝေဒနာကြောင့် တဏှာဖြစ်ပေါ်လာရခြင်း | ၉၅ |
| တဏှာကြောင့် ဥပါဒါန်ဖြစ်ပေါ်လာရခြင်း | ၉၇ |
| ဥပါဒါန်ကြောင့် ဘဝဖြစ်ပေါ်လာရခြင်း | ၉၈ |

ဘဝကြောင့် ဇာတိဖြစ်ပေါ်လာရခြင်း ၉၈
ဇာတိကြောင့် ဇရာ, မရဏ, သောကစသည်ဖြစ်ရခြင်း ၉၉
သံသရာ နခမ်းသတ်ရန် ၁၀၀
ဝိပဿနာ အညစ်အကြေး ၁၀–ပါး ၁၀၁
အရောင်အလင်းကို မဂ်–ဟု ထင်မှားပုံ ၁၀၂
ဆန္ဒအမျိုးမျိုးရှိ၍ တရားအမျိုးမျိုးဟောရခြင်း ၁၀၃
တိဿမထေရ်အကြောင်း ၁၀၄
သိကြား, သုဗြဟ္မာနတ်သားတို့ သောတာပန်ဖြစ်ခြင်း ၁၀၅

အာနာပါန ကမ္မဋ္ဌာန်း

အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ ၁၀၈
အဋ္ဌကထာပြ သိသင့်, သိထိုက်သော အဓိပ္ပာယ် ၁၀၉
စိတ်နွားရိုင်းကလေးကို သတိကြိုးဖြင့် ချည်နှောင်ပါ ၁၁၀

ဣရိယာပထ ကမ္မဋ္ဌာန်း

ဣရိယာပထကမ္မဋ္ဌာန်း အားထုတ်ပုံ ၁၁၂
ရှုဆင်ခြင်ဖန်များ၏ စွဲလမ်းမှုကင်းစင်ပုံ ၁၁၃

သမ္ပဇည ကမ္မဋ္ဌာန်း

သမ္ပဇညကမ္မဋ္ဌာန်း အားထုတ်ပုံ ၁၁၆
သမ္ပဇည ၄–မျိုး ၁၁၇
သာတ္ထက, သပ္ပာယ သမ္ပဇည ၁၁၇
အကျိုးရှိသော အသုဘရှု ဝတ္ထု ၁၁၈
ဂေါစရသမ္ပဇဉ် ၁၁၉
မှတ်သားဖွယ် ဝတ္ထုကလေးများ ၁၂၀
အသမ္မောဟသမ္ပဇဉ် ၁၂၀
သမ္ပဇညနှင့်စပ်၍ မှတ်သားဖွယ်ရာများ ၁၂၃

ဓာတုမနသိကာရ ကမ္မဋ္ဌာန်း

ဓာတုမနသိကာရ ကမ္မဋ္ဌာန်းအားထုတ်ပုံ ၁၂၆
တစ်နည်းအားဖြင့် ဆင်ခြင်ရန် ၁၂၇
ပဋ္ဌာန်းနည်းအားဖြင့် ဆင်ခြင်ရန် ၁၂၇

## သိဝထိက ကမ္မဋ္ဌာန်း

သိဝထိက ကမ္မဋ္ဌာန်း အားထုတ်ပုံ ၁၃၁

### ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း

အဋ္ဌကထာ ရှင်းလင်းပြဆိုချက် ၁၃၂
စိတ္တလတောင် မဟာထေရ်ဝတ္ထု ၁၃၃
သုခဝေဒနာ ခံစားမှု ရှုဆင်ခြင်ပုံ ၁၃၄
ဝေဒနာကို အကျဉ်းနည်း ဆင်ခြင်ပုံ ၁၃၆

### စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း

စိတ် ၁၆-ပါး အဓိပ္ပါယ်ရှင်းလင်းချက် ၁၃၈
စိတ်ကို သိအောင်ပြု၍ ဆင်ခြင်ပုံ ၁၄၀
စိတ်ကို စိတ်အတိုင်း မထားသင့်ကြောင်း ၁၄၁
စိတ်ကို လွှတ်ထားလျှင် မကောင်းမှု၌မွေ့လျော် ၁၄၁
စိတ်ကို ထိန်းသိမ်းနိုင်မှ မဂ်, ဖိုလ်ရမည် ၁၄၂
စိတ်ကို စောင့်စည်းလျှင် ဝဋ် ၃-ပါးမှ လွတ်မည် ၁၄၃
စိတ်ကို မထိန်းနိုင်လျှင် ရာဂနှင့် ယှဉ်မည်,
ထိန်းနိုင်လျှင် နိဗ္ဗာန်သို့ဝင်မည် ၁၄၃

### ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်း

နီဝရဏခန်း ၁၄၅
ခန္ဓာခန်း ၁၄၉
အာယတနခန်း ၁၅၀
ဗောဇ္ဈင်ခန်း ၁၅၂
သစ္စာခန်း ၁၅၂
ဒုက္ခသစ္စာအကျယ် ၁၅၃
သမုဒယသစ္စာအကျယ် ၁၅၆
နိရောဓသစ္စာအကျယ် ၁၅၈
မဂ္ဂသစ္စာအကျယ် ၁၅၈
သတိပဋ္ဌာန် ပွားများရကျိုး ၁၆၂
အာသီသ ၁၆၄
နိဂုံး ၁၆၇

# နိဒါန်း

နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သစ္စာ ၄-ပါးကို သိမြင်သော မဂ်တရား, ဖိုလ်တရားသည် ပဋိဝေဓသာသနာမည်၏၊ ပဋိဝေဓသာသနာကိုရရှိရန် ကျင့်ကြံအားထုတ် အပ်သော လမ်းစဉ်သည် ပဋိပတ္တိသာသနာမည်၏၊ ပဋိပတ္တိသာသနာကို နည်းမှန် လမ်းမှန် ကျင့်ကြံအားထုတ်နိုင်ရန် သင်ကြားအပ်သော ဗုဒ္ဓဟောဖော်တရားတော်များသည် ပရိယတ္တိသာသနာမည်၏၊ ပဋိဝေဓသာသနာမှာ ယထာဘူတအသိဉာဏ်, ပဋိပတ္တိသာသနာမှာ ယထာဘူတကျင့်စဉ်, ပရိယတ္တိသာသနာမှာ ယထာဘူတ သင်တန်းပင်ဖြစ်တော့သည်။

ပရိယတ္တိသင်တန်းကို ယထာဘူတကျအောင် မသင်ကြားမကြည့်ရှု မမှတ်သားသော သူသည် ပဋိပတ်ကျင့်စဉ်ကို ယထာဘူတကျအောင် မကျင့်နိုင်၊ ပဋိပတ်ကျင့်စဉ်ကို ယထာဘူတကျအောင် မကျင့်နိုင်သောသူသည် ပဋိဝေဓအသိဉာဏ်ကြီးကို မရနိုင်၊ သာသနာ ၃-ရပ်တွင် ပရိယတ္တိမှာ ပထမအဆင့်, ပဋိပတ္တိမှာ ဒုတိယအဆင့်, ပဋိဝေဓမှာ တတိယအဆင့်တွင်တည်ရှိနေသဖြင့် ပထမအဆင့်ကိုလွှတ်၍ ဒုတိယအဆင့်သို့ မရောက်နိုင်၊ ဒုတိယအဆင့်ကိုလွှတ်၍ တတိယအဆင့်သို့မရောက်နိုင်ပေ။

ပရိယတ္တိဓမ္မကို သင်ယူဖွယ်မရှိဟုလည်းကောင်း, ဘုရားဟောတရားတော် စာပေအတိုင်း ကျင့်ကြံအားထုတ်လို့မရ ကိုယ့်ဘာသာကြံစည်အားထုတ်မှရသည်ဟု လည်းကောင်း ဆိုသောသူသည် တရားနှင့်တကွ ဘုရားကိုပင် ပစ်ပယ်ရာ စော်ကားရာ ကျလေတော့သည်၊ ဗုဒ္ဓဘုရားသခင်အား ပစ်ပယ်စော်ကားရာ၌ နှစ်မျိုးနှစ်စားရှိသည်၊ ပထမအမျိုးအစားမှာ ဗုဒ္ဓအားမကြည်ညို မနှစ်သက် အမျက်ထွက်နေသောကြောင့်ဖြစ်၏၊ ဒုတိယအမျိုးအစားမှာ ဗုဒ္ဓအား ကြည်ညိုနှစ်သက်သော်လည်း ဗုဒ္ဓ၏ တရားဒေသနာတော်များကို ယထာဘူတကျအောင် မယူဆတတ်ဘဲ တရားဘေးပေါက် အမှားရောက်နေသော သူသည် ဗုဒ္ဓအား ပစ်ပယ်စော်ကားရာကျသည်ဟု ဒုကအင်္ဂုတ္တိုရ်ပါဠိတော်ကြီးတွင် အတိအလင်း ဟောကြားတော်မူခဲ့သည်၊ ထို့ပြင် ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များကို ယုံကြည်လေးစားမှုအပြည့်အဝရှိအောင် တရားဘေးပေါက် မရောက်ရလေအောင်-

"ချစ်သား အာနန္ဒာ--- ငါဘုရားလွန်တော်မူသည်ရှိသော် ငါဘုရား ဟောကြားတော်မူခဲ့သော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်များသည် သင်တို့အား အမြဲတမ်းဆုံးမ ညွှန်ကြားနေမည့် ငါ၏ကိုယ်စားဆရာဘုရားများ ဖြစ်ပေလိမ့်မည်"

ဟု ပရိနိဗ္ဗာန်ပြုတော်မူခါနီးဆဲဆဲမှာပင် အရေးအကြီးဆုံးထား၍ မှာကြားတော်မူခဲ့သည်၊ သို့ဖြစ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်- တည်းဟူသော ပန်းတိုင်သို့အရောက် ချီတက်

လိုသော သူတော်စဉ်အပေါင်းတို့သည် ဗုဒ္ဓတရားတော် စာပေလာသည့်အတိုင်း ကျင့်ကြံအားထုတ်သင့်ပေသည်။

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ရွှေဟသ်ာဆရာတော်ဘုရားသည် ဗုဒ္ဓ၏ မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်, ကာယဝိစ္ဆန္ဒနိကသုတ်ဒေသနာတော်စသည်တို့၌ လာရှိသည့်အတိုင်း ယထာဘူတကြံအောင် ကျင့်ကြံအားထုတ်ရန်အတွက် လောကီရေးမဖက် လောကုတ္တရာရေး သက်သက်ဖြစ်သော ဤ"ကာယာနုပဿနာကျမ်း" ကို ကြိုးပမ်းစီရင်တော်မူပြီးလျှင် တရားတော်ပြန့်ပွားရေးကိုသာ လိုလားချက်တစ်ခု တည်းထား၍ ပဌမအကြိမ် ဟံသာဝတီပဋိကတ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်ခဲ့ပြီး၊ ယခု ဒုတိယအကြိမ်အဖြစ် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ပြန်လည်ရိုက်နှိပ် ထုတ်ဝေလိုက်ပါသည်။

* * * * *

# ကာယာနုပဿနာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဏာမပဋိညာဉ်

**ရိပုဝေါ ဝိဇယီ တဿ၊ သတ္တာနံ ဒုက္ခဟေတဝေါ။**
**ဉာဏာဝုဓေန မဂ္ဂေန၊ ဓိတမာရဿ မေ နမော။**

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဒုက္ခဟေတဝေါ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကုန်သော။ ရိပုဝေါ၊ လောဘစသော ကိလေသာရန်သူတို့ကို။ ဉာဏာဝုဓေန၊ ဉာဏ်လက်နက်ဖြစ်သော။ မဂ္ဂေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ ဝိဇယီ၊ အခွင့်ပိုင်ပိုင်အောင်နိုင်တော်မူလေပြီ။ ဓိတမာရဿ၊ အောင်နိုင်ပြီးသော ကိလေသာမာရ် စသည်ရှိတော်မူသော။ တဿ ဘဂဝတော၊ ထို မြတ်စွာဘုရားအား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

ကာယနှင့် အနုပဿနာရှင်းပြခြင်း

ယခုရေးလတ္တံ့သော တရားစာကို “ကာယာနုပဿနာ”ဟု ပညတ်အားဖြင့် အမည်ပေးလိုက်၏။ ကာယာနုပဿနာ- ဟူ၍ အမည်တပ်လိုက်ခြင်းဖြင့် ကာယကို ရှုရပွားရမည်အဖြစ်ကို သိကြရာသည်။ ကာယဟူသည် အပေါင်းကိုဆိုသည်။ အဘယ် အပေါင်းနည်းဟူမူ-

၁။ ရူပကာယ- ရုပ်အပေါင်း၊

၂။ နာမကာယ- နာမ်အပေါင်း- တို့ကို ဆိုခြင်းဖြစ်သည်။

ရူပကာယ ရုပ်အပေါင်းသည်လည်း နှစ်မျိုးရှိသည်။ ဆံပင်, မွေးညင်းစသော ရုပ်တို့၏ အပေါင်းကိုလည်း ရူပကာယ ဆိုသည်။ အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ် စသော တစ်ဆယ့်တစ်မျိုးသော ရုပ်တို့၏အပေါင်းကိုလည်း ရူပကာယ ဆိုသည်။ (ရူပက္ခန္ဓာဟုလည်းဆိုသည်)။ ဤသို့ဖြင့် ရူပကာယနှစ်မျိုး ရှိလေသည်။ ဤနှစ်မျိုးသော ရူပကာယတို့တွင် ယခုပထမပြဆိုလိုသော ရူပကာယမှာမူကား ဆံပင်, မွေးညင်းစသော ကောဋ္ဌာသတို့၏ အပေါင်းဖြစ်သော ရူပကာယကို ပြဆို လိုခြင်းဖြစ်သည်။ ဒုတိယရူပကာယကိုမူ နောက်၌ပြဆိုပေမည်။

ကာယာနုပဿနာ ဟူသောပုဒ်ကို အစိတ်အစိတ်ခွဲလျှင် ကာယ + အနု + ပဿနာ ဟူ၍ သုံးပုဒ်ဖြစ်သည်။

ကာယ၊ ရုပ်အပေါင်း၌။ တစ်နည်း- ရုပ်အပေါင်းကို။ အနု၊ အဖန်ဖန် အထပ်ထပ် အကြိမ်ကြိမ်။ ပဿနာ၊ ဉာဏ်ဖြင့်ရှုကြည့်ခြင်း။ ကာယာနုပဿနာ ရုပ်အပေါင်း၌, ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် အကြိမ်ကြိမ် ဉာဏ်ဖြင့် ရှုကြည့်ခြင်း။

မိမိ၏ အဇ္ဈတ္တရုပ်အပေါင်း၌ တစ်နည်း-ရုပ်အပေါင်းကို ဆံပင်, မွေးညင်း စသော ကောဋ္ဌာသ ရုပ်အပေါင်းအစုမျှသာဖြစ်သည်ဟု ဉာဏ်မျက်စိဖြင့်မြင်အောင် အဖန်ဖန်ရှုကြည့်မှုကို ကာယာနုပဿနာ ကမ္မဋ္ဌာန်း အားထုတ်သည်ဟု ဆိုရသည်။ သူတစ်ပါး၏ ဗဟိဒ္ဓရုပ်အပေါင်းကိုလည်း ဤသို့ပင် ရှုရမည်၊ အဇ္ဈတ္တရုပ်အပေါင်းကို ပဓာနအားဖြင့်ရှုရမည်။ အဇ္ဈတ္တရုပ်ကိုမြင်မှ ဗဟိဒ္ဓရုပ်ကို မြင်လွယ်ပေမည်။

အနုပဿနာသည်လည်း-

(၁) ကာယာနုပဿနာ၊
(၂) ဝေဒနာနုပဿနာ၊
(၃) စိတ္တာနုပဿနာ၊
(၄) ဓမ္မာနုပဿနာ -

ဟူ၍ လေးပါးရှိရာ ဤတရားစာ၌ ကာယာနုပဿနာကို ပဓာနပြု၍ ပြဆိုမည် ဖြစ်သည်။ အဘယ့်ကြောင့် ကာယာနုပဿနာကိုပဓာနပြု၍ပြဆိုလိုသနည်းဟူမူ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ တို့သည် ရှေးရှေးကာလ ရှေးရှေးဘဝတို့က အထုံဝါသနာ အလေ့အလာ ရှိခဲ့သဖြင့် ဝိပဿနာဉာဏ်ရင့်ခဲ့သောပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့်သာလျှင် ရှုမြင်ခြင်းငှာခန့်သော ရှုမြင်မှု၌ လျင်မြန်စွာသိရှိနိုင်သော တရားသဘောတို့ ဖြစ်သည်။ ပကတိ ပသာဒ မျက်စိဖြင့် မမြင်ကောင်း၊ ဉာဏစက္ခုဖြင့်သာ မြင်ကောင်းသော တရားတို့ ဖြစ်သည်။ ကာယာနုပဿနာမှာမူကား ပါရမီဉာဏ်အနုအရင့်ရှိသော ပုဂ္ဂိုလ် နှစ်မျိုးလုံးနှင့်ပင် သင့်လျော်သောတရား ဖြစ်သောကြောင့် ဤတရားစာ၌ ကာယာနုပဿနာကိုသာလျှင် ပဓာနအားဖြင့် ပြဆိုခြင်း ဖြစ်ပေသည်။ ဝေဒနာနုပဿနာ စသည်တို့ကိုလည်း အထိုက်အလျောက် ပြဦးမည်ပင်ဖြစ်သည်။

## မိမိ၏ပဋိပ္ပဋ္ဌာန်ကာယ၌သာ ရှုသင့်ခြင်း

**န ဣတော ဒူရေ ဘဝိတဗ္ဗံ၊ ဘဝဂ္ဂံ ကိံ ကရိဿတိ။**
**ပစ္စုပ္ပန္နမှိ ဝေါဟာရေ၊ သကေ ကာယမှိ ဝိန္ဒထ။**

ဣတော၊ ဤမိမိကိုယ်မှ။ ဒူရေ၊ ဝေးသော တစ်ပါးသောကိုယ်၌။ န ဘဝိတဗ္ဗံ၊ ဝိပဿနာဉာဏ်မဖြစ်သင့်။ ဝါ၊ မရှုသင့်။ ဘဝဂ္ဂံ၊ အထက်ဘဝဂ်ဘုံသည်။ ကိံ ကရိဿတိ၊ အဘယ်ပြုအံ့နည်း။ ပစ္စုပ္ပန္နမှိ ဝေါဟာရေ၊ မျက်မှောက် ပစ္စုပ္ပန် ဖြစ်သော။ဣထံ သကေ ကာယမှိ၊ မိမိကိုယ်၌။ ဝိန္ဒထ၊ သဘာဝကျကျ အမှန်ရအောင် သိရှိကြကုန်လော့။

ကာယာနုပဿနာကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လိုသော ယောဂီသည် **မိမိ**ဟုဆိုအပ်သော ရုပ်အစုအပေါင်းမှတစ်ပါး အခြားသောရုပ်တို့ကို ရှုရမည်မဟုတ်၊ **မိမိ၏** ပစ္စုပ္ပန်မျက်မှောက်ဖြစ်သော ရုပ်အပေါင်း၌သာလျှင် ရှုပါဟုဆိုသည်။ မိမိ၏ **အဇ္ဈတ္တ** ရုပ်ကိုရှု၍ အလေ့အလာရကာ သဘာဝကို မြင်သလောက်မြင်သော်မှ အခြားသောဗဟိဒ္ဓရုပ်ကို မိမိရုပ်နှင့်မခြား သဘောအားဖြင့် အလားတူဖြစ်သည်ဟု ရှုသင့်သည်။

## ပစ္စုပ္ပန်တည့်တည့်ကျရန် မခဲယဉ်း

ပစ္စုပ္ပန်ဖြစ်သောရုပ်ကိုရှုမည်ဆိုသဖြင့် ပစ္စုပ္ပန်တည့်တည့်ကျအောင် အချို့ပုဂ္ဂိုလ်သည် တော်တော်ခဲခဲယဉ်းယဉ်း ကြံကြံစည်စည် ပင်ပင်ပန်းပန်း ပြောဟော ရေးနေကြသည်ကို တွေ့ရသည်။ ပစ္စုပ္ပန်တည့်တည့်မဲအောင် ရှုရမည်စသည်ဖြင့် အရေးတကြီးပြောဆိုနေကြသည်ကိုလည်း သိရသည်။ သို့သော် ပစ္စုပ္ပန်ကျစေရန်မှာ ထိုမျှလောက် ခဲယဉ်းနေသည်ကား မဟုတ်ချေ။ မိမိ၏ အဇ္ဈတ္တ ရုပ်အပေါင်းကိုပင် ရှုသည်ဖြစ်စေ, ဗဟိဒ္ဓရုပ်အပေါင်းကိုပင်ရှုသည်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်ဆဲသော ရုပ်တို့ကိုသာလျှင် ရှုမြင်လျက်ရှိနေခြင်းဖြစ်ပေသည်။ ဘာပင်တပန်း အထူးတလည် ပစ္စုပ္ပန်ကို ရှာဖွေအားထုတ်၍ ပစ္စုပ္ပန်တည့်တည့်ကျအောင်, ပစ္စုပ္ပန်တည့်တည့်ဖြစ်အောင် အားထုတ်နေရသည်မဟုတ်ပေ။ အဘယ့်ကြောင့်နည်း ဟူမူ – အတိတ်ဖြစ်သော ရုပ်တို့သည် ချုပ်ငြိမ်းကြလေကုန်ပြီဖြစ်၍ ထင်ရှားမရှိကြကုန်ချေ၊ အနာဂတ်ဖြစ်သော ရုပ်တို့သည်လည်း မဖြစ်ပေါ်ကြသေးပေ။ ယောဂီသည် ရှုမြင်နေရသောရုပ်တို့သည် ဥပါဒ်ဆဲ ဥပါဒ်ဆဲဖြစ်သော ပစ္စုပ္ပန်ရုပ်တို့သာလျှင်ဖြစ်ကုန်၏။ သို့ကြောင့် ရုပ်အပေါင်းအစုကို ရှုသောယောဂီသည် ပစ္စုပ္ပန်တည့်တည့်ဖြစ်သောရုပ်ကို ရှုမိစေရန် ကြောင့်ကြစိုက်၍အားထုတ်ပြုလုပ်နေရသည်မဟုတ်၊ အသစ်အသစ် ဥပါဒါန်အနေဖြင့် အဆက်ဆက် ဖြစ်ပေါ်ဆဲဖြစ်သော ရုပ်အစုအပေါင်းကိုသာလျှင် ရှုမြင်လျက်သားရှိနေသည်ကို သိရှိပါလေ။

## ကာယသဘောသိမြင်မှ ဒုက္ခကုန်ဆုံးမည်

**ကာယံ ဣမံ ဝိဇာနာထ၊ ပရိဇာနာထ ပုနပ္ပုနံ။**
**ကာယေ သဘာဝံ ဒိသွာန၊ ဒုက္ခဿန္တံ ကရိဿထ။**

ဣမံ ကာယံ၊ ဤရူပကာယကို။ ဝါ၊ ဤရုပ်အစုအပေါင်းကို။ ဝိဇာနာထ၊ ဉာတပရိညာဖြင့်သိအောင်ပြုကြကုန်လော့။ ပုနပ္ပုနံ၊ အဖန်ဖန်။ ပရိဇာနာထ၊ တီရဏပရိညာဖြင့် သိကြကုန်လော့။ ကာယေ၊ ရူပကာယ၌။ ဝါ၊ ရုပ်အစုအပေါင်း၌။ သဘာဝံ၊ ဖောက်ပြန်ပျက်စီးတတ်သောရုပ်သဘောကို။ ဒိသွာန၊ ပဟာန ပရိညာဖြင့် မြင်သည်ရှိသော်။ ဝါ၊ မြင်သောကြောင့်။ ဒုက္ခဿန္တံ – ဒုက္ခဿ အန္တံ၊ ဆင်းရဲ၏ကုန်ဆုံးရာ ဖြစ်သော နိဗ္ဗာန်ကို။ ဝါ၊ ဆင်းရဲ၏ ကုန်ဆုံးခြင်းကို။ ကရိဿထ၊ ပြုနိုင်ကြပေကုန်အံ့သတည်း။

နောက်ကပြဆိုခဲ့သည့်အတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်လိုသော ယောဂီသည် မိမိအားထုတ်ရမည့်တရားကို ဝေးဝေးလံလံသွား၍၊ ဝါ–အဝေးသို့ ဉာဏ်ကို စေလွှတ်၍ အခြား၌ရှာဖွေနေရန်မဟုတ်၊ ပစ္စုပ္ပန်ဖြစ်အောင်လည်း ကြောင့်ကြစိုက်နေရန် မဟုတ်။ မိမိကိုယ်ပေါ်မှာသာရှုပါလေ၊ ကြည့်ပါလေ၊ ဆင်ခြင်ပါလေ၊ အဖန်ဖန် အထပ်ထပ် အကြိမ်ကြိမ်ပွားများပါလေ။ မိမိကိုယ်၏ ပင်ကိုသဘောတရားကိုမြင်လျှင် ဆင်းရဲဒုက္ခ

ကုန်ဆုံးရာ နိဗ္ဗာန်ကိုမြင်ပါလိမ့်မည်၊ ရရှိပါလိမ့်မည်ဟု ဟောတော်မူသော ဒေသနာတော်ဖြစ်သည်။

ဤဒေသနာတော်သည် ပါဒအားဖြင့် လေးပါဒ၊ အက္ခရာ အရေအတွက်အားဖြင့် ၃၃–လုံးမျှသာဖြစ်သော်လည်း အလွန်လေးနက်၍ အဓိပ္ပာယ်ပါဝင်ကာ တန်ဖိုးရှိလှပေသည်။

အဓိပ္ပာယ်လေးနက်ပုံမှာ –

၁။ **ကာယံ ဣမံ ဝိဓာနာထ** – ဟူသော ပထမပါဒဖြင့် ကိုယ်ဟု ပညတ်အားဖြင့် အသုံးပြုကာ ပြောဆိုနေသော ဤကိုယ်သည် ရုပ်အပေါင်းအစုမျှသာဖြစ်သည်ဟု ရုပ်ကို ပိုင်းခြားညွှန်ပြသော ရူပပရိစ္ဆေဒဉာဏ်, ဉာတပရိညာ, သစ္စဉာဏ်ကိုပြဆိုသည်။

၂။ **ပရိဓာနာထ ပုနပ္ပုနံ** – ဟူသော ဒုတိယပါဒဖြင့် ဉာတပရိညာဖြင့် သိမြင်ပြီးဖြစ်သော ရုပ်အပေါင်းအစုကို အနိစ္စစသော လက္ခဏာတင်၍ မမြဲ, ဆင်းရဲ, အစိုးမရ အတ္တမဟုတ်ဟူ၍ အဖန်ဖန် ဆင်ခြင်ပွားများသော သမ္မသနဉာဏ်, တီရဏပရိညာ, ကိစ္စဉာဏ်ကို ပြဆိုသည်။

၃။ **ကာယေ သဘာဝံ ဒိသွာန** – ဟူသောတတိယဖါဒဖြင့် တီရဏပရိညာဖြင့် ဆင်ခြင်ပွားများဖန်များသောအခါ ရုပ်တရား၏ ဖောက်ပြန်မှု, ပျက်စီးမှု, မမြဲမှု, အနှစ်အသားမရှိမှု, ကိုယ်ပိုင်ရုပ်မဟုတ်မှုစသည်တို့ကို ဉာဏ်ဖြင့်မြင်ခြင်းကြောင့် ထိုရုပ်၌လိုချင်ခြင်း, နှစ်သက်တပ်မက်ခြင်း, တွယ်တာခြင်းကင်းသော အာဒီနဝဉာဏ်စသည်နှင့်တကွ ပဟာနပရိညာ, ကတဉာဏ်ကို ပြဆိုသည်။

၄။ **ဒုက္ခဿန္တံ ကရိဿထ** – ဖြင့် နိရောဓသစ္စာကို မျက်မှောက်ပြုသည်ကိုပြဆိုသည်။

သို့ဖြစ်၍ ဤဒေသနာဂါထာသည် ပရိညာသုံးပါးကိုလည်း ပြဆိုရာရောက်သည်။ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်သုံးပါးကိုလည်း ပြဆိုရာရောက်သည်။ သို့ကြောင့် ဤဒေသနာတော်သည် အလွန်လေးနက်သော အဓိပ္ပာယ်ပါဝင်သော ဒေသနာဂါထာဖြစ်သည်ဟု ဆိုခဲ့သည်။

ဤဒေသနာတော်အလာ ကာယဟူသောပုဒ်အရ ရူပကာယ, နာမကာယ နှစ်ပါးရှိသည်တွင် ရူပကာယနှင့်စပ်သော ဆင်ခြင်ပွားများနည်းကို ပထမပြဆိုမည်။ ထိုရူပကာယသည်လည်း ပထမက ခွဲခြားပြခဲ့သည့်အတိုင်း ကောဋ္ဌာသ အစုအဝေးဖြစ်သော ရူပကာယ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်စသော ရုပ်အပေါင်းဟူသော ရူပကာယအားဖြင့် နှစ်ပါးရှိသည်တွင် ကောဋ္ဌာသအစုအပေါင်းဖြစ်သော ရူပကာယကို ပြဆိုမည်ဖြစ်သည်။ ကောဋ္ဌာသ အစုအပေါင်းဖြစ်သော ရူပကာယကို ပြဆိုလျှင် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော "ကာယဝိစ္ဆန္ဒနိက" သုတ်[၁] ကို ထုတ်ဆောင်ပြရမူကား ဓမ္မ ဿဝန စာကြည့်ပုဂ္ဂိုလ်တို့၌ သာ၍ရှင်းလင်းနားလည်သဖြင့် နည်းလမ်းရယူနိုင်ပေရာသည်ဟု ယုံကြည်၍ "ကာယဝိစ္ဆန္ဒနိက"သုတ်ကို ထုတ်ဆောင်ပြမည်ဖြစ်သည်။

* * * * * * *

---

၁။ ခု ၁၊ (သုတ္တနိပါတပါဠိတော်) စာမျက်နှာ ၃၀၇–၃၀၈ လာ ဝိဇယသုတ်ပင်ဖြစ်သည်။

# ကာယဝိစ္ဆိန္ဒနိကသုတ်

## သတ္တဝါမလှုပ် ရုပ်သာလှုပ်ခြင်း

၁။ စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။

စရံ ဝါ၊ သွားစဉ်မှုလည်း။ သမိဉ္ဇေတိ၊ ဒူးကို ကွေး၏။ ယဒိ၊ ထိုမှို့။ ပသာရေတိ၊ ဒူးကိုဆန့်၏။ ဧသာ သမိဉ္ဇနပသာရဏာ၊ ဤသို့ကွေးခြင်းဆန့်ခြင်းသည်။ စိတ္တကြိယ ဝါယောဓာတုဝိပ္ဖါရဝသေန၊ သွားလိုသောစိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်း တည်းဟူသော ဣရိယာပုထ်ခိုင်းခြင်း၏ အစွမ်းဖြင့်။ ကာယဿ၊ အင်္ဂါကြီးငယ် ဟူသော ရုပ်အစုပေါင်း၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တဿ၊ မိန်းမ, ယောကျာ်း စသော သတ္တပညတ်၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ န၊ မဟုတ်။

ဥဒ၊ ထိုမှတစ်ပါး။ တိဋ္ဌံ တိဋ္ဌန္တော ဝါ၊ ရပ်နေစဉ်မှုလည်း။ သမိဉ္ဇေတိ၊ ကွေး၏။ ယဒိ၊ ထိုမှို့။ ပသာရေတိ၊ ဆန့်၏။ ဧသာ သမိဉ္ဇနပသာရဏာ၊ ဤသို့ကွေးခြင်း ဆန့်ခြင်း သည်။ စိတ္တကြိယဝါယောဓာတုဝိပ္ဖာရဝသေန၊ ရပ်လိုသောစိတ်သည် ပြုအပ်သော ဝါယောဓာတ်ပျံ့နှံ့ခြင်းတည်းဟူသော ဣရိယာပုထ်ခိုင်ခြင်း၏ အစွမ်းဖြင့်။ ကာယဿ၊ ရုပ် အစုအပေါင်း၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တဿ၊ မိန်းမ, ယောကျာ်း စသော သတ္တပညတ်၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ နေဝ ဟောတိ၊ မဟုတ်သည်သာ လျှင်တည်း။

ဥဒ၊ ထိုမှတစ်ပါး။ နိသိန္နော ဝါ၊ ထိုင်နေစဉ်မှုလည်း။ သမိဉ္ဇေတိ၊ ကိုယ်ကိုကွေး၏။ ယဒိ၊ ထိုမှို့။ ပသာရေတိ၊ ဆန့်၏။ ဧသာ သမိဉ္ဇနပသာရဏာ၊ ဤသို့ကွေးခြင်း ဆန့်ခြင်းသည်။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရဝသေန၊ ထိုင်လိုသောစိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်းတည်းဟူသော ဣရိယာပုထ်ခိုင်ခြင်း၏ အစွမ်းဖြင့်။ ကာယဿ၊ ရုပ်အပေါင်းစု၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တဿ၊ မိန်းမ, ယောကျာ်းစသောသတ္တပညတ်၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ နေဝ ဟောတိ၊ မဟုတ်သည် သာလျှင်တည်း။

၃၁၊ ထိုမှတစ်ပါး။ သယံ သယန္တော ဝါ၊ အိပ်စဉ်မှလည်း။ သမိဉ္စေတိ၊ ကိုယ်ကိုကွေး၏။ ယဒိ၊ ထိုမျှ။ ပသာရေတိ၊ ဆန့်၏။ သော သမိဥ္စနပသာရဏာ၊ ဤသို့ကွေးခြင်း ဆန့်ခြင်းသည်။ စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရဝသေန၊ အိပ်လိုသော စိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်းတည်းဟူသော ဣရိယာပုထ်နိုင်ခြင်း၏ အစွမ်းဖြင့်။ ကာယဿ၊ ရုပ်အပေါင်းအစု၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တဿ၊ မိန်းမ, ယောကျ်ားစသော သတ္တပညတ်၏။ ဣဉ္ဇနာ၊ လှုပ်ရှားခြင်းသည်။ နေဝ ဟောတိ၊ မဟုတ်သည်သာလျှင်တည်း။

## စိတ္တဇဝါယောက ရုပ်ကိုလှုပ်စေခြင်း

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် လမ်းလျှောက်သွားစဉ် အခိုက်အတန့်၌ ရူပကာယဟူသော ဤရုပ်အပေါင်းသည် ကွေးကာ, ဆန့်ကာဖြင့် သွားသောအခြင်းအရာ ဖြစ်ပေါ်ခြင်းသည်သွားလိုသောစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ်တွန်းကန်မှုကြောင့် ဤရုပ်အပေါင်း ရုပ်အစုကြီးသည် လှုပ်ရှားခြင်း, သွားခြင်း ဖြစ်သည်။ ရုပ်အပေါင်းအစု အပေါ်၌ ပညတ်အားဖြင့် ခေါ်ဝေါ်သုံးစွဲနေသော မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါ သွားခြင်းမဟုတ်။ လှုပ်ရှားသွားလာသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုစီကို စိစစ်ကြည့်ပါ၊ ဦးခေါင်းလည်း မိန်းမ, ယောကျ်ား မဟုတ်၊ ခြေလက်အင်္ဂါ အစိတ်အစိတ်တို့သည်လည်း မိန်းမ, ယောကျ်ား မဟုတ်၊ ၃၂-ပါးသော ကောဋ္ဌာသအစုအပေါင်းမျှသာ ဖြစ်သည်။ နောက်၌လည်း ကောဋ္ဌာသအစိတ်အစိတ်ဖြင့် ခွဲခြား၍ ဟောတော်မူလတ္တံ့ ဖြစ်သည်။

သွားနေသော အခိုက်အတန့်နည်းတူ ရပ်နေသော အခိုက်အတန့်, ထိုင်နေသော အခိုက်အတန့်, အိပ်နေသောအခိုက်အတန့်တို့၌ ကွေးခြင်း, ဆန့်ခြင်း, လှုပ်ရှားခြင်းသည် ရပ်လိုသောစိတ်, ထိုင်လိုသောစိတ်, အိပ်လိုသောစိတ်ကြောင့် ဖြစ်သော စိတ္တဇဝါယောဓာတ် တွန်းကန်မှုကြောင့် ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟူသော ဣရိယာပုထ် ပြောင်းလဲခြင်းဖြင့် ရုပ်အပေါင်းအစုကြီးသည် ရပ်, ထိုင်, အိပ်သည်ဟု ဆိုရသည်၊ မိန်းမဟူသော ပညတ်, ယောကျ်ားဟူသော ပညတ်အနေဖြင့် ရပ်သည်, ထိုင်သည်, အိပ်သည်, လှုပ်ရှားသည်ဟု မဆိုရ။ ပရမတ္ထ ဖြစ်သော ရုပ်အစုကြီး လှုပ်ရှားခြင်းမျှသာ ဖြစ်သည်ဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။

## မိန်းမ, ယောကျ်ားက ပညတ်၊ ရုပ်, နာမ်က ပရမတ်

ဤဂါထာ ဒေသနာတော်၌ လှုပ်ရှားလိုသောစိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ထိုစိတ်နှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ ဖြစ်သည်။ သညာသည် သညာက္ခန္ဓာ ဖြစ်သည်။ ဖဿ, စေတနာ စသောစေတသိက်တို့သည် သင်္ခါရက္ခန္ဓာဖြစ်သည်။ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်နှင့်တကွ ကောဋ္ဌာသ ရုပ်အစုအပေါင်းသည် ရူပက္ခန္ဓာ ဖြစ်သည်။ သွား, ရပ်, ထိုင်, အိပ် စသည်ဖြင့် လှုပ်ရှားနေသော ကိုယ်ကို ခွဲခြား၍ကြည့် လျှင် ဤခန္ဓာငါးပါးသာရှိသည်၊ မိန်းမ, ယောကျ်ားမရှိ။ ရုပ်, နာမ်အားဖြင့် ၂-ပါး သာရှိသည်၊ မိန်းမ, ယောကျ်ားမရှိ။ ပရမတ္ထဖြစ်သော ရုပ်, နာမ် အပေါင်း၌ အမည်နာမ ပညတ်အားဖြင့် တင်စား၍ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟူ၍

ခေါ်ဝေါ်သုံးစွဲခြင်းသာလျှင် ဖြစ်သည်ဟူ၍ ပညတ်နှင့် ပရမတ်ကို ခွဲခြား၍ ဟောတော်မူခြင်း ဖြစ်သည်။ မိန်းမ, ယောကျ်ား ဟူသည်ကား အမည်နာမပညတ်၊ ရုပ်နာမ်တရား အစုအပေါင်းကား ပရမတ္ထ၊ ဤသို့မှတ်ပါ။

ဤသည်ကား "ကာယဝိစ္ဆန္ဒနိက"သုတ်၌ အစအဦးဖြစ်သော ဂါထာ ဒေသနာ တော်တည်း။ ကာယဝိစ္ဆန္ဒနိက၏ အဓိပ္ပာယ်မှာ – ကိုယ်၌ တပ်မက် တွယ်တာနှစ်သက်သော တဏှာရာဂကို ပယ်ဖြတ်ခြင်း၌ စွမ်းနိုင်သောသုတ်ဟု ဆိုလိုသည်။ ဤသုတ်ကို အကြိမ်ကြိမ် လေ့လာသောယောဂီသည် မိမိ၏ရူပကာယ၌ ငါ၏ရုပ်သည်လှပသည်, တင့်တယ် သည်, ချောမောသည်, ပြေပြစ်သည်, ရှုချင်ဖွယ်ရှိသည်, ပြည့်ဖြိုးသည်, ဖြူစင်သည် စသည်ဖြင့် တပ်မက်ခြင်း, တွယ်တာခြင်း, ယုယခြင်း, နှစ်သက်ခြင်း, သာယာခြင်းတို့ဖြင့် စွဲလမ်းသော တဏှာလောဘကို ပယ်သတ်နိုင်သဖြင့် ဇာတိ, ဇရာ, မရဏ စသော ဒုက္ခတို့၏ ငြိမ်းရာ, ချုပ်ရာ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်သောကြောင့် "ကာယဝိစ္ဆန္ဒနိက"သုတ်ကို အလေးဂရုပြုကာ နှလုံးသွင်း ထိုက်လှပေ သည်။

## ဤသုတ်ကို နှစ်ဌာန၌ ဟောတော်မူခြင်း

ကာယဝိစ္ဆန္ဒနိကသုတ်ကို မြတ်စွာဘုရားသည် အကြောင်းမဲ့ဟောတော်မူသည်ကား မဟုတ်ချေ။ အကြောင်းအားလျော်စွာ ဟောတော်မူသည်ဖြစ်သောကြောင့် ဤသုတ်၏ အကြောင်း အတ္ထုပ္ပတ္တိနိဒါန်းကို ကြိုတင်ကာ သိသင့်ကြသည်ဖြစ်၍ နိဒါန်းကိုထုတ်ဆောင် ပြဦးအံ့။

ဤ ကာယဝိစ္ဆန္ဒနိက သုတ်ကို မြတ်စွာဘုရားသည် ဌာနအားဖြင့် နှစ်ဌာနတို့၌ ဟောတော်မူသည်။ တစ်ဌာနကား သာဝတ္ထိမြို့ဖြစ်သည်။ နောက်တစ်ဌာနကား ရာဇဂြိုဟ် မြို့ ဖြစ်သည်။

၁။ သာဝတ္ထိမြို့၌ ဇနပဒကလျာဏီ နန္ဒာထေရီကို အကြောင်းပြု၍ ဟောတော်မူသည်။

၂။ ရာဇဂြိုဟ်မြို့၌ အညတရ ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။

## နန္ဒာမင်းသမီး ၃–ဦး ရဟန်းပြုခြင်း

**သာဝတ္ထိမြို့၌ ဟောတော်မူခြင်း ။** ။ မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူရာ အစဉ်အတိုင်းအားဖြင့် ကပိလဝတ် နေပြည်တော်သို့ ရောက်၍ သာကီဝင်မင်းတို့ကို ဟောပြော ဆုံးမတော်မူပြီးလျှင် နန္ဒမင်းသား စသည်တို့ကို ရဟန်းပြုတော်မူစေပြီးကာလ မာတုဂါမတို့အား ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူလေသော် အရှင်အာနန္ဒာ၏ နှမတော်နန္ဒာ၊ ခေမကသာကီဝင်မင်းသမီး အဘိရူပနန္ဒာ၊ မဟာပဇာပတိဂေါတမီ၏ သမီးတော် ဇနပဒ ကလျာဏီနန္ဒာ – ဟူသော နန္ဒာအမည်ရှိ မင်းသမီးသုံးယောက်တို့သည် မြတ်စွာဘုရားထံ၌ ရဟန်းပြုကြကုန်၏။ ထိုမင်းသမီးတို့ ရဟန်းပြုသောအခါ၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ သီတင်းသုံးတော်မူသည်။

ထိုမင်းသမီးသုံးယောက်တို့တွင် အဘိရူပနန္ဒာသည် လွန်စွာအဆင်းလှသောကြောင့် အဘိရူပနန္ဒာ – ဟု အမည်တွင်၏။ ဇနပဒကလျာဏီနန္ဒာမှုကား အဆင်းအားဖြင့် မိမိနှင့်တူသောသူကို မမြင်ဟုဆိုသည်။ ထိုမင်းသမီး ဘိက္ခုနီ နှစ်ယောက်တို့သည် မိမိတို့၏ ရုပ်ရူပကာယအဆင်းလှပခြင်း၌ ယစ်ကြသောကြောင့် မြတ်စွာဘုရားထံတော်သို့ မသွားကြကုန်၊ မြတ်စွာဘုရားကို မဖူးကြ, တရားတော်ကိုလည်း သွားရောက်မနာကြကုန်။ အဘယ့်ကြောင့်နည်းဟူမူ မြတ်စွာဘုရားသည် အဆင်းလှခြင်းကို ကဲ့ရဲ့တော်မူသည်။ များစွာသော အကြောင်းတို့ဖြင့် အဆင်း၏အပြစ်ကို ပြောဟောတော်မူသည်။ သို့ဖြစ်၍ အဆင်း၌တပ်မက်မူးယစ်ခြင်းသဘောရှိသော ဤမင်းသမီး ဘိက္ခုနီနှစ်ယောက်တို့သည် မြတ်စွာဘုရားထံတော်သို့ ဖူးမြော်ရန်, တရားနာရန် မသွားကြခြင်းဖြစ်သည်။

ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ရဟန်းပြုကြသနည်းဟူမူ အဘိရူပနန္ဒာသည် မင်းသားတစ်ဦးနှင့်လက်ထပ်ထိမ်းမြားသောနေ့၌ လင်ဖြစ်သော မင်းသားသည် သေလွန်လေသည်။ ထိုအခါ မိဘတို့က အဘိရူပနန္ဒာ အလိုမတူဘဲ အဘိရူပနန္ဒာကို ရဟန်းပြုစေသောကြောင့် ရဟန်းအဖြစ်သို့ရောက်ခြင်းဖြစ်သည်။ ဇနပဒကလျာဏီနန္ဒာမှုကား အရှင် နန္ဒထေရ်အရဟတ္တဖိုလ်သို့ရောက်လေသော် ဇနပဒကလျာဏီ၌ အာသာဆန္ဒ ပြတ်သည်ဖြစ်၍ တစ်ကြောင်း, အရှင်နန္ဒထေရ်၏ မယ်တော် မဟာပဇာပတိဂေါတမီနှင့် အခြားဆွေတော် မျိုးတော်တို့ ရဟန်းပြုကြကုန်သည်ဖြစ်ရာ ဆွေမျိုးတို့နှင့်ကင်း၍ အိမ်၌ နေခြင်းသည် မပျော်ပိုက်, စိတ်သက်သာရာမရသောကြောင့်တစ်ကြောင်း ရဟန်းပြုခြင်း ဖြစ်သည်။ သို့ဖြစ်၍ အဘိရူပနန္ဒာနှင့် ဇနပဒကလျာဏီနန္ဒာတို့သည် သဒ္ဓါပဗ္ဗဇိတတို့ မဟုတ်ကြဟုဆိုသည်။

## အလှည့်ကျတရားနာရခြင်း

မြတ်စွာဘုရားသည် မဟာကရုဏာသမာပတ်၌ ဉာဏ်တော်ဖြင့် ဝေနေယျတို့ကို ရှုကြည့်တော်မူရာ အဘိရူပနန္ဒာ, ဇနပဒကလျာဏီနန္ဒာစသော ရဟန်းမိန်းမတို့၏ ဉာဏ်ရင့်ကျက်သည်ကို သိမြင်တော်မူသဖြင့် "ရဟန်းမိန်းမအားလုံးတို့သည် ငါဘုရားထံတော်၌ အဆုံးအမဩဝါဒခံယူခြင်းငှာ အစဉ်အတိုင်း အလှည့်ကျလာရောက်ကြရမည်, လာစေကြရမည်"ဟု မဟာပဇာပတိ ဂေါတမီထေရီအား မိန့်တော်မူသည်။ အဘိရူပနန္ဒာနှင့် ဇနပဒကလျာဏီနန္ဒာတို့သည် တရားနာယူရန် ဩဝါဒခံယူရန် မိမိတို့၏အလှည့်သို့ ရောက်သော်လည်း မိမိတို့ကိုယ်တိုင် မသွားကြဘဲ သူတစ်ပါးကို စေလွှတ်ကြကုန်၏။ မြတ်စွာဘုရားသိရှိတော်မူသဖြင့် "မိမိအလှည့်ရောက်သောသူသည် ကိုယ်စားသူတစ်ပါးကို စေလွှတ်ခြင်းမပြုကြရ၊ ကိုယ်တိုင်လာကြရမည်"ဟု ထပ်မံမိန့်ကြားတော်မူလေသည်။

## အဘိရူပနန္ဒာ ရဟန္တာမဖြစ်ခြင်း

ယင်းသို့ မိန့်ကြားတော်မူသည်ဖြစ်၍ အခါတစ်ပါး၌ အဘိရူပနန္ဒာသည် ဩဝါဒတရားနာယူရန် မြတ်စွာဘုရားထံသို့ ကိုယ်တိုင်သွားလေသည်။

မြတ်စွာဘုရားသည် အဘိရူပနန္ဒာကို ဖန်ဆင်းအပ်သော နတ်သမီး အဆင်းသဏ္ဌာန်ဖြင့် ထိတ်လန့်စေပြီးကာလ–

အဋ္ဌိနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော[၁]။

နန္ဒေ၊ နန္ဒာ။ ကဋ္ဌာနိ၊ သစ်သားတို့ကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ ဝလ္လိဗဒ္ဓံ၊ ကြိမ်နွယ်ဖြင့်ဖွဲ့အပ်သော။ မတ္တိကာလေပနံ၊ မြေစိုင်ဖြင့် လိမ်းကျံအပ်သော။ နဂရံ၊ကောက်ပဲထည့်စရာ ပကတိသောအိမ်ကို။ ကရောန္တိ ယထာ၊ ပြုလုပ်ကြကုန်သကဲ့သို့။ တထာ၊ ပမာပုံမှ ထို့အတူ။ အဋ္ဌိနံ၊ သုံးရာသော အရိုးတို့ကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ နှာရုဝိနဒ္ဓံ၊ သုံးရာသော အကြောတို့ဖြင့် ဖွဲ့ယှက်ရစ်ပတ်အပ်သော။ မံသလောဟိတလေပနံ၊ ကိုးရာသော သားတစ်, တစ်ပြည်မျှလောက်သောသွေးတို့ဖြင့် လိမ်းကျံအပ်သော။ နဂရံ၊ ရူပကာယ–ခန္ဓာကိုယ်တည်းဟူသော အိမ်ကို။ ကတံ၊ ပြုအပ်၏။ ယတ္ထ၊ အကြင်အိမ်၌။ ဇရာ စ၊ ဆိုးရွားဟောင်းမြင်း အိုမင်းမှည့်ပျော် ရင့်ရော်ခြင်းသည် လည်းကောင်း။ မစ္စု စ၊ စုတေပျက်ကြေ သေလွန်ခြင်းလည်းကောင်း။ မာနော စ၊ မာန်အကြွားကြွား ငါတကားဟု ထောင်လွှားခြင်းလည်းကောင်း။ မက္ခော စ၊ ကောင်းစွာပြုသော သူ့ကျေးဇူးကို ချေခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ အာဗာဓော၊ ဇရာ, မစ္စုတည်းဟူသော ကိုယ်၏အနာဟူသောကျင်နာခြင်းကို။ ဩဟိတော၊ ထည့်သွင်းသိုလှောင် အပ်သတည်း။

ဤဓမ္မပဒလာ ဒေသနာတော်ဖြင့်လည်းကောင်း၊

(က) အာတုရံ အသုစိံ ပုတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

(ခ) အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တာ စရိဿသိ။

(က) နန္ဒေ၊ နန္ဒာ။ အာတုရံ၊ ကျင်နာသော။ အသုစိံ၊ မစင်ကြယ်သော။ ပုတိံ၊ ပုပ်သိုးသော။ ဥဂ္ဃရန္တံ၊ အထက်သို့လျှံတက်ယိုစီးသော။ ပဂ္ဃရန္တံ၊ အောက်သို့သက်၍ ယိုထွက်သော။ သမုဿယံ၊ ကိုယ်ကို။ ပဿ၊ ရှုစမ်းလေလော့။ နံ သမုဿယံ၊ ကျင်နာခြင်းစသည် ရှိသော ထိုကိုယ်ကို။ ဗာလော– ဗာလေဟိ၊ အမြင်မှောက်မှား ပုထုဇဉ်လူမိုက်များတို့သည်။ အဘိပတ္ထိတံ၊ လွန်စွာတောင့်တအပ်၏။

(ခ) အနိမိတ္တဉ္စ၊ နိစ္စနိမိတ်စသည်မှ ကင်းသော အနိစ္စာနုပဿနာကိုလည်း။ ဘာဝေဟိ၊ ပွားစေလော့။ မာနာနုသယံ၊ ကိုယ်သန္တာန်၌ကိန်းသော အဆင်းစသည်၌ ယစ်ခြင်းမာန်ကို။ ဥဇ္ဇဟ၊ ပယ်စွန့်လေလော့။ တတော မာနာဘိသမယာ၊ ထိုအနိစ္စာ

---

၁။ ခု ၁၊ (ဓမ္မပဒ) စာမျက်နှာ ၃၆။

နုပဿနာ ကို ပွားစေခြင်း, မာန်ကိုပယ်ခြင်းကြောင့်။ ဥပသန္တာ၊ ကိလေသာ ငြိမ်းသည်ဖြစ်၍။ တွံ၊ သင်သည်။ စရိဿသိ၊ နေရပေလတ္တံ့။

ဤ ထေရ်ရီအပဒါန်လာ ဒေသနာတို့ဖြင့် လည်းကောင်း ဟောတော်မူသည်ဖြစ်၍ အဘိရူပနန္ဒာထေရီသည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေပြီ။

## ဇနပဒကလျာဏီ နန္ဒာထေရီအကြောင်း

သာဝတ္ထိ မြို့သူမြို့သားတို့သည် ဇေတဝန်ကျောင်းတော်သို့ သွားကြကာ နံနက်ခင်း၌ သံဃာတော်များအား ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ကပ်လှူကြခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ကို ပြုကြပြီးနောက် ညနေချမ်းအချိန်၌ ပန်းနံ့သာ စသည်တို့ကို ယူဆောင်၍ ဇေတဝန်ကျောင်းတော်သို့ တရားနာရန် သွားကြကုန်၏။ တရားစကား ကြားနာကြပြီးကာလ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့၍ မြို့တွင်းသို့ပြန်ကြစဉ် မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ဝမ်းသာအားရ အချင်းချင်းပြောဆိုကြကာ သွားကြကုန်၏။ ဘိက္ခုနီမ တို့သည်လည်း မြတ်စွာဘုရားကို ဖူးမြော်ခြင်း တရားနာခြင်း ပြုကြပြီး၍ ဘိက္ခုနီကျောင်းသို့ ပြန်ရောက်ကြလျှင် မြတ်စွာဘုရား၏ ရူပကာယတော်မှစ၍ ကျေးဇူးတော် ဂုဏ်တော်တို့ကို အချင်းချင်းပြောကြားကြကုန်၏။

## မြတ်စွာဘုရားကို ကြည်ညိုခြင်း ၄-မျိုး

မြတ်စွာဘုရားကိုကြည်ညိုမြတ်နိုးသောသူတို့သည် အမျိုးအစားအားဖြင့် လေးမျိုး ရှိ၏။ ထိုလေးမျိုးတို့ အသီးသီးကြည်ညိုကြပုံကိုမှတ်သားသင့်ပေသည်။ လေးမျိုးဟူသည်မှာ–

(၁) လက္ခဏာတော်ကြီးငယ်, ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် ကျက်သရေ ပြည့်ကြွယ် သပ္ပာယ်သောရူပကာယတော်ကိုဖူးမြော်ရ၍ ကြည်ညိုသောသူ တစ်မျိုး။

(၂) မြတ်စွာဘုရားသည် အလောင်းတော် အဖြစ်ဖြင့် ပါရမီတော်တို့ကိုဖြည့်စဉ် ထိုထို ဘဝ ထိုထိုဇာတ်တော်တို့ကို ဟောကြားတော်မူသည်ကိုမှီ၍ဖြစ်သော ကျေးဇူးသတင်း ကျော်စောခြင်းကိုလည်းကောင်း, သန့်ရှင်းသောအသံတော်, သာယာသောအသံတော် သိလွယ်သောအသံတော်, ကြားနာချင်ဖွယ်ရှိသော အသံတော်, ဖရိုဖရဲ မကျဲသော အသံတော်, စည်းလုံးသော အသံတော်, နက်ရှိုင်းသောအသံတော်, ပဲ့တင်ထပ်သော အသံတော်ဟူ၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ကို ကြားနာရခြင်းကို လည်းကောင်း အကြောင်းပြု၍ ကြည်ညိုသောသူတစ်မျိုး။

(၃) ပံသုကူလစီွရတင်ဆောင်ခြင်း အစရှိသော ခေါင်းပါးသော အကျင့် သိက္ခာတော်ကို အကြောင်းပြု၍ ကြည်ညိုသောသူတစ်မျိုး။

(၄) သီလဂုဏ်တော်, သမာဓိဂုဏ်တော်, ပညာဂုဏ်တော်စသော ဓမ္မဂုဏ်တော်ကို အကြောင်းပြု၍ ကြည်ညိုသောသူတစ်မျိုး။

ဤသို့အားဖြင့် မြတ်စွာဘုရားကို ကြည်ညိုသော သူတို့သည် လေးမျိုးရှိကုန်၏။ မြတ်စွာဘုရားကို ကြည်ညိုသူတို့တွင်-

(၁) လက္ခဏာတော် ကြီးငယ်တို့ဖြင့် ဖူးမြော်၍ မငြီးအောင် တင့်တယ် သပ္ပာယ်တော်မူသော ရူပကာယတော်ကို အာရုံပြု၍ ကြည်ညိုကြသော သူတို့သည် သုံးပုံမှာနှစ်ပုံရှိသည်ဟု ဆိုသည်။

(၂) တရားဟောပြောတော်မူရာ၌ အသံတော်ကို အာရုံပြု၍ ကြည်ညိုသောသူတို့သည်ကား ငါးပုံမှာ လေးပုံရှိသည်ဟု ဆိုသည်။

(၃) ဓုတင်ဆောင်ခြင်း အစရှိသော ခေါင်းပါးသောအကျင့်ကို အာရုံပြု၍ ကြည်ညိုကြသော သူတို့သည်ကား ဆယ်ပုံမှာ ကိုးပုံရှိသည်ဟု ဆိုသည်။

(၄) သီလ, သမာဓိ, ပညာ စသော ဂုဏ်တော်တို့ကို အာရုံပြု၍ ကြည်ညိုကြသော သူတို့သည်ကား အပုံတစ်ထောင်မှာ တစ်ပုံသာရှိသည်ဟု ဆိုသည်။ (၁၀၀၀-ပိုင်း ၁-ပိုင်း။)

## နန္ဒာထေရီ တရားနာလာခြင်း

မြတ်စွာဘုရား ကျောင်းတော်မှ မြတ်စွာဘုရား၏ တရားစကားတော်များကို ကောင်းမွန်စွာ ကြားနာပြီးကာလ ပြန်လာကြသော ဥပါသကာ, ဥပါသိကာမများထံမှလည်းကောင်း, တရားနာပြန်ဘိက္ခုနီမများထံမှလည်းကောင်း မြတ်စွာဘုရား၏ အဖုံဖုံအစုံစုံသော ဂုဏ်တော်တို့နှင့်စပ်သော သတင်းစကားတို့ကို ကြားသိရသော ဇနပဒကလျာဏီနန္ဒာထေရီသည် ဤသို့အကြံဖြစ်လေသည်။ (ဤမှနောက်၌ ဇနပဒကလျာဏီနန္ဒာကို နန္ဒာထေရီဟူ၍ ရေးသားသုံးစွဲသွားမည်။) အဘယ်သို့ ဖြစ်သနည်းဟူမူ - ဤသူ ဤသူတို့သည် ငါ၏မောင်တော်ဖြစ်သော မြတ်စွာဘုရား၏ဂုဏ်တော် ကျေးဇူးတော်တို့ကို ခံတွင်းမဆံ့ အံ့သြချီးကျူးပြောဆိုကြသည်။ မြတ်စွာဘုရားသည် တစ်နေ့ပတ်လုံး ရပ်ရေ အဆင်းလှပခြင်း၏အပြစ်ကို ဆိုချင်ဆိုစေ၊ ငါသည် အဖော် ဘိက္ခုနီမတို့နှင့် အတူသွား၍ မိမိကိုယ်ကိုမပြဘဲ မောင်တော်မြတ်စွာဘုရားကို ဖူးမြော်ကာ တရားတော်ကို နာယူမည်ဟု အကြံဖြစ်၍ အဖော်ဘိက္ခုနီတို့အား မိမိတရားနာလိုက်မည်ဖြစ်ကြောင်းကို ပြောကြားလေသည်။ အဖော် ဘိက္ခုနီတို့က "ဤနန္ဒာထေရီသည် ယခင်က တရားနာမလိုက်စဖူး၊ ကြာမြင့်စွာနေ၍ ယနေ့မှ တရားနာလိုက်၍ မြတ်စွာဘုရားထံ ဆည်းကပ်လို၏။ ယနေ့ နန္ဒာထေရီကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ဆန်းကြယ်သော တရားစကားတော်ကို ဟောတော်မူရာသည်"ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြလျက် နန္ဒာထေရီကို အတူခေါ်ကာ မြတ်စွာဘုရားထံသို့ တရားနာသွားကြကုန်၏။

နန္ဒာထေရီကမူကား ဘိက္ခုနီမကျောင်းမှ ထွက်သည်ကစ၍ "ငါသည် မောင်တော်ဘုရား၏တရားတော်ကိုပင် ကြားနာသော်လည်း ငါ့ကိုယ်ကိုသော်ကား မပြအံ့"ဟု နှလုံးသွင်းကာသွား၏။ မြတ်စွာဘုရားသည် ယနေ့ နန္ဒာထေရီသည် ငါ့ထံ တရားနာလာလိမ့်မည်၊ နန္ဒာထေရီအား အဘယ်တရား ဒေသနာသည် လျောက်ပတ်လေသနည်းဟု

ဆင်ခြင်တော်မူလျှင် "နန္ဒာထေရ်သည်ကား အဆင်း၌အလေးပြုသူဖြစ်သည်၊ မိမိကိုယ် အဆင်း၌ လွန်မင်းစွာတပ်မက်ခြင်း, ချစ်ခြင်းရှိသူဖြစ်သည်။ သို့ကြောင့် ဆူးတစ်ခုဖြင့် ဆူးတစ်ခုကိုထွင်သကဲ့သို့ အဆင်းဖြင့်သာလျှင် သူ၏အဆင်း၌တပ်မက်ခြင်း, ယစ်ခြင်းကို ပယ်မှသည် လျောက်ပတ်သင့်မြတ်ပေလိမ့်မည်"ဟု ဆင်ခြင်တော်မူလေသည်။

## နိမ္မိတ သတို့သမီး ဖောက်ပြန်ပုံပြခြင်း

နန္ဒာထေရ် ဘုရားကျောင်းတော်သို့ရောက်၍ မြတ်စွာဘုရားရှေ့တော်ပရိသတ် အတွင်းသို့ဝင်ရောက်သောအခါ အသက် ၁၆-နှစ်ရွယ်ဖြင့် အလွန်လှပတင့်တယ် ရှုမောဖွယ်ရှိသော သတို့သမီးကို ခပ်သိမ်းသော အဆင်တန်းဆာတို့ဖြင့် ဆင်ယင်ကာ မြတ်စွာဘုရားကို ယပ်လေခတ်၍နေဟန် ဖန်ဆင်း၍ပြတော်မူသည်။ နိမ္မိတဖြစ်သော သတို့သမီးကို မြတ်စွာ ဘုရားနှင့် နန္ဒာထေရ်သာလျှင် မြင်ကြရသည်။ နန္ဒာထေရ်သည် ဘိက္ခုနီတို့အကြား နောက်ပါးကနေလျက် မြတ်စွာဘုရားအား ခြေတော်ဖျားမှ ဆံတော်ဖျား တိုင်အောင် ဖူးမြော်ကြည်ညိုသောအခါ မြတ်စွာဘုရားသည်ဖန်ဆင်းတော်မူအပ်သော နိမ္မိတဖြစ်သော လှပတင့်တယ် ရှုချင့်စဖွယ်ရှိသော သတို့သမီးကို မြင်၍ မိမိကိုယ်ကို ပြန်လည်ကြည့်လေသော် ရွှေဟင်္သာအနီး၌ ကျီးကန်းမနှင့် အလားတမူတူလျက်ရှိသော မိမိကိုယ်ကိုမြင်၍ နိမ္မိတဖြစ်သော သတို့သမီး၏ အဆင်းအာရုံ၌ အလွန်အမင်းပြင်းပြစွာ သာယာတပ်မက်ခြင်း ဖြစ်လေသည်။

နန္ဒာထေရ်သည် ထိုသတို့သမီး၏ ရူပါရုံ၌ ပြင်းပြစွာ သာယာနှစ်သက်တပ်မက် သည်ကို မြတ်စွာဘုရားသိရှိတော်မူသောကာလ တရားဟောတော်မူစဉ်၌ပင် ထိုသတို့သမီး ကို ၁၆-နှစ်ရွယ်မှလွန်စေ၍ အသက် ၂၀-ရွယ်ဖြစ်စေကာ ပြတော်မူ၏။ နန္ဒာထေရ်သည် သတို့သမီး၏ရူပါရုံကိုကြည့်လျက် 'ယခင်ရူပါရုံနှင့် မတူလေပြီ'ဟု နှလုံးသွင်း၍ ပြင်းပြစွာ တပ်မက်ခြင်းလျော့ကာ စိတ်ပြောင်းလွဲသွား၏။ မြတ်စွာဘုရား သည်လည်း နိမ္မိတရုပ်ကို အသက်၂၀-ရွယ်မှသည် တစ်ကြိမ်သားဖွားပြီးသောအရွယ်, မိန်းမလတ်အရွယ်, မိန်းမကြီး အရွယ်အားဖြင့် အစဉ်အတိုင်း အိုရုပ်အိုရည် ဖြစ်စေလျက် ပြတော်မူသည်။ နန္ဒာထေရ် သည်ကား နိမ္မိတသတို့သမီး၏ အိုရုပ်အိုရည် တဖြည်းဖြည်းပြောင်းလွဲလာသည်နှင့်အမျှ ထိုရူပါရုံ၌ တပ်မက်တွယ်တာ နှစ်သက်သာယာခြင်းသည်လည်း အားနည်းလျော့ပါး၍ လာလေသည်။

## နန္ဒာထေရ် ကာယာနုပဿနာ ရှုမြင်ခြင်း

နိမ္မိတဖြစ်သော မိန်းမရုပ်သည် အိုမင်းခြင်း, သွားကျိုးဆံဖြူခြင်း, ဒယိမ်းဒယိုင် ခနော်ခနဲ့ရှိခြင်း, အိမ် အမိုး အခြင်ရနယ်ကဲ့သို့ အသားအရေကျ၍ နံရိုးကျဲကျဲရှိခြင်း, ထိုနောက်တုန်တုန်ယင်ယင်ဖြင့် တောင်ဝှေးကိုင်စွဲကာ လှုပ်ရှားခြင်းတို့ကို မြင်သောအခါ ၌ကား ထိုရူပါရုံ၌တပ်မက်သော ဆန္ဒအာသာ အလွန့်အလွန်နည်းပါးသွားလေတော့သည်။ ထို အချိန်၌ မြတ်စွာဘုရားသည် နိမ္မိတဖြစ်သော မိန်းမရုပ်ကို ရောဂါသည်းထန်စွာ ခံစားရ သောပုံ, တောင်ဝှေးကိုပစ်ကာ မြေ၌လဲလျောင်း၍ မသက်မသာ ညည်းတွား

မြည်တမ်း ရသောပုံ, မိမိကျင်ငယ်ထဲ၌ လူးလဲနေရသောပုံသဏ္ဌာန်တို့ကို ဆက်ကာဆက်ကာပြတော် မူသည်။ နန္ဒာထေရီသည်လည်း ထိုရုပါရုံ၌ တပ်မက်နှစ်သက်ခြင်း တဏှာလောဘနှင့် ယှဉ်သောစိတ်သည် ခေါင်းပါးသည်ထက် ခေါင်းပါး၍ လာလေတော့သည်။

ထို့နောက် မြတ်စွာဘုရားသည် နိမ္မိတမိန်းမရုပ်ကို သေလွန်သောပုံ, ဖူးဖူး ရောင်သောကိုယ်ရှိသောပုံ, ခန္ဓာကိုယ်၏ အမာဝကိုးပေါက်တို့မှ သွေးပုပ်, ပြည်ပုပ်တွေ ယိုစီးလျက် ပိုးလောက်တွေ တဖွားဖွားကျ၍ ကျီး, ခွေး, ငှက်တို့ လုယက် ကိုက်ခဲကြ သောပုံတို့ကို ပြတော်မူသည်။ နန္ဒာထေရီသည် ဤသို့ ဆင်ခြင်မိလေသည်။ အဘယ်သို့ ဆင်ခြင်မိသနည်းဟူမူ– "ဤမိန်းမသည် ဤနေရာ၌ပင် ငါ၏မျက်မှောက်၌ပင်လျှင် အိုခြင်း, နာခြင်း, သေခြင်းသို့ ရောက်လေသည်၊ ဤမိန်းမကဲ့သို့ပင်လျှင် ငါ၏ ခန္ဓာကိုယ်သည်လည်း အိုခြင်း, နာခြင်း, သေခြင်း သဘောသို့ ဧကန်မလွဲ ရောက်ရပေ ဦးအံ့"ဟူ၍ ဆင်ခြင်ကာ မိမိကိုယ်ကို အနိစ္စဟု ရှု၏၊ ဒုက္ခဟု ရှု၏၊ အစိုးမရ အနှစ်သာရ မရှိ အနတ္တဟု ရှု၏။ ဘုံသုံးပါး၌ သုံးပါးသောဘဝတို့ကို အလျှံ ပြောင်ပြောင်တောက်လောင်၍နေသော အိမ်ကြီးကဲ့သို့ ဉာဏ်၌ထင်လာ၏။ ခန္ဓာကိုယ်ကြီး ကိုလည်း လည်ပင်း၌ ဆွဲအပ်သော အကောင်ပုပ် ကဲ့သို့ ထင်မြင်၏၊ ကာယာနုပဿနာ ကမ္မဋ္ဌာန်းအာရုံသို့ ပြေးဝင်သောစိတ် ဖြစ်ပေါ်လာ၏။

## နန္ဒာထေရီ တရားထူးရစေတတ်သောဂါထာ

နန္ဒာထေရီ၏ မိမိရူပကာယ၌ အနိစ္စဟုရှုမြင်သည်ကို မြတ်စွာဘုရား သိရှိတော် မူသောအခါ 'နန္ဒာထေရီသည် မိမိကိုယ်တိုင် မိမိ၏ ကိုးကွယ်ရာကိုပြုခြင်းငှာ စွမ်းဆောင် နိုင်ပါမည်လော'ဟု ဆင်ခြင်တော်မူလျှင် မိမိ ဘာသာ အလျောက်မူကား မစွမ်းဆောင်နိုင်သေး၊ အပဖြစ်သော ငါဘုရားအထံတော်မှ အထောက်အပံ့ ရသော်မူသာလျှင် လောကုတ္တရာ ဘက်သို့ တက်လှမ်းနိုင်မည်ဟု သိရှိတော်မူသဖြင့် နန္ဒာထေရီအား လျောက်ပတ်သော တရားဒေသနာတော်ကို ဟောတော်မူခြင်းငှာ–

(က)　အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
　　　ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

(ခ)　ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
　　　ဓာတုသော သုညတော ပဿ၊ မာ လောကံ ပုန ရာဂမိ။
　　　ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တာ စရိဿသိ။

ဟူ၍ ဟောတော်မူသည်။

(က) နန္ဒေ၊ နန္ဒာ။ အာတုရံ၊ ကျင်နာသော။ အသုစိံ၊ မသန့်ရှင်းမစင်ကြယ်သော။ ပူတိံ၊ ပုပ်သိုးသော။ ဥဂ္ဃရန္တံ၊ အထက်သို့လျှံတက်ယိုစီးသော။ ပဃရန္တံ၊ အောက်သို့ သက်၍ ယိုထွက်သော။ သမုဿယံ၊ ကိုယ်ကို။ ပဿ၊ ရှုစမ်းလေလော့။ နံ သမုဿယံ၊ ကျင်နာခြင်း စသည်ရှိသော ထိုကိုယ်ကို။ ဗာလော– ဗာလေဟိ၊

အမြင် မှောက်မှား ပုထုဇဉ်လူမိုက်များတို့သည်။ အဘိပတ္တိတ်ံ၊ လွန်စွာတောင့်တ အပ်၏။

(ခ) ဣဓ အဒ္ဓုတ္တသရီရံ၊ ဤအဒ္ဓုတ္တဖြစ်သော သင်၏ကိုယ်သည်။ အနိစ္စာဒိဓမ္မံ ယထာ၊ အနိစ္စစသောသဘောရှိသကဲ့သို့၊ အာတုရာဒိဓမ္မံ ယထာ၊ ကျင်နာခြင်းစသော သဘော ရှိသကဲ့သို့။ တထာ၊ ထို့အတူ။ တေံ ဗဟိဒ္ဓသရီရံ၊ ထိုဗဟိဒ္ဓဖြစ်သော သင်မြင်အပ်သော ကိုယ်သည်။ အနိစ္စာဒိဓမ္မံ၊ အနိစ္စစသောသဘောရှိ၏။ အာတုရာဒိ ဓမ္မံ၊ ကျင်နာခြင်း စသောသဘောရှိ၏။ တေံ ဗဟိဒ္ဓသရီရံ၊ ဗဟိဒ္ဓဖြစ်သော သင်တွေ့မြင်အပ်သောကိုယ် သည်။ အနုပုဗ္ဗဝယောဂုဏဗဟနဝသေန၊ အစဉ်အတိုင်း အရွယ်ကိုစွန့်သည်၏အစွမ်းအားဖြင့်။ ဥဒ္ဓုမာတကာဒိဘာဝပတ္တံ ယထာ၊ ဥဒ္ဓုမာတကစသော အဖြစ်သို့ရောက် သကဲ့သို့။ တထာ၊ ထို့အတူ။ အဒ္ဓုတ္တသရီရံ၊ ဤအဒ္ဓုတ္တဖြစ်သော သင်၏ကိုယ်သည်။ အနုပုဗ္ဗဝယောဂုဏဗဟနဝသေန၊ အစဉ်အတိုင်း အရွယ်တို့ကို စွန့်သည်၏အစွမ်းဖြင့်။ ဥဒ္ဓုမာတကာဒိဘာဝပတ္တံ၊ ဥဒ္ဓုမာတကစသောအဖြစ်သို့ ရောက်သည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။

ဣဓ အဒ္ဓုတ္တသရီရံ၊ ဤအဒ္ဓုတ္တဖြစ်သော သင်၏ကိုယ်ကို။ ဓာတုသော၊ ပထဝီဓာတ် စသောအားဖြင့်။ သုညတော၊ အတ္တ, အတ္တနိယစသည်မှ ဆိတ်သော အားဖြင့်။ ပဿိတဗ္ဗံ ယထာ၊ ရှုအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ တေံ ဗဟိဒ္ဓသရီရံ၊ ထိုအပဖြစ်သော သင်ရှုမြင်အပ်သော ကိုယ်ကို။ ဓာတုသော၊ ပထဝီဓာတ် စသော အားဖြင့်။ သုညတော၊ အတ္တ, အတ္တနိယမှဆိတ်သောအားဖြင့်။ ပဿ၊ ရှုကြည့်လေ လော့။ တေံ ဗဟိဒ္ဓသရီရံ၊ ထိုအပဖြစ်သော သင်ရှုမြင်အပ်သောကိုယ်ကို။ ဓာတုသော၊ ပထဝီဓာတ်စသောအားဖြင့်။ သုညတော၊ အတ္တ, အတ္တနိယမှ ဆိတ်သောအားဖြင့်။ ပဿိတဗ္ဗံ ယထာ၊ ရှုကြည့်အပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣဓ အဒ္ဓုတ္တသရီရံ၊ ဤအဒ္ဓုတ္တ ဖြစ်သော သင်၏ကိုယ်ကို။ ဓာတုသော၊ ပထဝီဓာတ် စသောအားဖြင့်။ သုညတော၊ အတ္တ, အတ္တနိယမှ ဆိတ်သောအားဖြင့်။ ပဿ၊ ရှုလေလော့။ လောကံ၊ ဥပါဒါနက္ခန္ဓာတည်းဟူသောလောကသို့။ မာ ပုန ရာဂမိ၊ တစ်ဖန် မလာလေနှင့်။ ဘဝေ၊ ကာမဘဝစသည်၌။ ဆန္ဒံ၊ တပ်မက်လိုချင်ခြင်းကို။ ဝိရာဇေတွာ၊ ကင်းစေ၍။ ဝါ၊ ကင်းသောကြောင့်။ ဥပသန္တော၊ ဒုက္ခဖြစ်ကြောင်း ကိလေသာ ငြိမ်းအေးသည်ဖြစ်၍။ တွံ၊ သင်သည်။ စရိဿသိ၊ ချမ်းသာစွာနေရလတ္တံ့သတည်း။

ဒေသနာဂါထာ အဓိပ္ပာယ်

နန္ဒာ–ရောဂါအမျိုးမျိုးတို့ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ကျင်နာသော သဘော ရှိသော ကိုယ်ကို ရှုစမ်းလော့၊ ကျင်ကြီးကျင်ငယ်တို့ဖြင့် မသန့်မရှင်း မစင်မကြယ်သော ကိုယ်ကို ရှုစမ်းလော့၊ သွေး, ပြည်, တံတွေး, ချွဲ, နှပ် စသည်တို့ဖြင့် ပုပ်သိုးသောကိုယ်ကို ရှုစမ်းလော့၊ အပုပ်ရည်, အဖတ်တို့သည် မျက်စိ, နား, နှာခေါင်း, ခံတွင်းတို့မှ လျှံထွက် ယိုစီးလျက်ရှိသောကိုယ်ကို ကျင်ကြီး, ကျင်ငယ်လမ်းတို့မှလည်း ကျင်ကြီး, ကျင်ငယ် စသော အညစ်အကြေးတို့သည် ယိုကျလျက်ရှိသောကိုယ်ကို အန္ဓပုထုဇဉ် လူမိုက်တို့သည်

ကျောက်မျက်ရတနာကဲ့သို့လည်းကောင်း, စန္ဒကူးနံ့သာတို့ကဲ့သို့လည်းကောင်း မှတ်ထင်ကြ၍ အမြင်မှားလျက် အလွန်လိုလားတောင့်တကြပေသည်။

နန္ဒာ–သင်၏ ရူပကာယ ရုပ်ခန္ဓာသည် မမြဲသောသဘောရှိသကဲ့သို့, ရောဂါအပေါင်းနှိပ်စက်၍ ကျင်နာခြင်း သဘောရှိသကဲ့သို့, ထိုနည်းတူစွာပင်လျှင် သင်ရှုမြင်အပ်သော ဗဟိဒ္ဓဖြစ်သော ရူပကာယရုပ်ခန္ဓာဟူသမျှသည်လည်း မမြဲခြင်းသဘောရှိကုန်၏၊ ကျင်နာခြင်းသဘောရှိကုန်၏။ သင်ရှုမြင်အပ်သော အပဖြစ်သော ဗဟိဒ္ဓရုပ်ခန္ဓာသည် အစဉ်အတိုင်း အပျိုရွယ်, တစ်သားမွေးပြီးအရွယ်, မိန်းမလတ်အရွယ်, မိန်းမကြီးအရွယ် စသည်ဖြင့် ပျိုနုသောရုပ်ကို စွန့်ကာစွန့်ကာ အိုမင်းရင့်ရော်ခြင်း, နာခြင်း, သေခြင်း၏အစွမ်းဖြင့် ဖူးဖူးရောင်ခြင်း, သွေးပုပ် ပြည်ပုပ်တို့ပေါက်ပြဲယိုထွက်ခြင်း, ပိုးလောက်တို့တဖွားဖွားကျခြင်း, အိမ်ခွေး, မြေခွေး, ကျီး, စွန်, လင်းတတို့ လုယက် ဆိတ်ဆွဲကိုက်ခဲ စားသောက်ခြင်းသဘောသို့ရောက်သကဲ့သို့၊ ထို့အတူ အဇ္ဈတ္တဖြစ်သော သင်၏ရုပ်ခန္ဓာ သည်လည်း ပျိုမျစ်နုနယ်သောအရွယ်ကို အစဉ်အတိုင်း စွန့်လျက် ရင့်ရော်အိုမင်းခြင်း, ရောဂါနှိပ်စက်၍ ကျင်နာခြင်း, ဇီဝိတိန္ဒြေချုပ်၍ ဖူးဖူးရောင်ခြင်း, သွေးပုပ်ပြည်ပုပ်တို့ပေါက်ပြဲယိုထွက်ခြင်း, ပိုးလောက်ကျခြင်း, ခွေး, မြေခွေး, ကျီး, စွန်, လင်းတစသည်တို့ လုယက်ဆိတ်ဆွဲကိုက်ခဲစားသောက်ခြင်းသဘောသို့ရောက်ဆလိမ့်မည်ဟုဆင်ခြင်လေလော့။

အဇ္ဈတ္တဖြစ်သော သင်၏ကိုယ်ကို ပထဝီဓာတ်စသော ဓာတ်အားဖြင့်လည်းရှုပါလော့၊ ဓာတ်လေးပါး ပရမတ္ထရုပ် အစုအဝေးမျှသာဖြစ်၍ ငါ့ကိုယ်ပဲ, ငါ၏ဥစ္စာပဲဟူ၍ သဘာဝအားပြဆိုရန်မရှိ။ အတ္တ, အတ္တနိယသဘောမှဆိတ်သောအခြင်းအရာအားဖြင့်လည်း ရှုပါလော့။

သင်၏ကိုယ်သည် ဓာတ်လေ;ပါးအစုမျှသာဖြစ်၍ အတ္တ, အတ္တနိယမှ ဆိတ်သုဉ်းသကဲ့သို့၊ သင်သည် ရှုမြင်အပ်သော ဗဟိဒ္ဓရုပ်အစုသည်လည်း ဓာတ်လေးပါး အစုအဝေးမျှသာ ဖြစ်၍ ဘယ်သူ့ကိုယ်ပဲ, ဘယ်ဝါ့ကိုယ်ပဲ, ဘယ်သူ့ဥစ္စာပဲ စသည်ဖြင့် ပြဆိုရန် သဘာဝအားဖြင့်မရှိ။ အတ္တ, အတ္တနိယမှ ဆိတ်သုဉ်းသည်သာတည်းဟု သိပါလော့။

ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တည်းဟူသော ဥပါဒါန်လေးပါးတို့၏အာရုံဖြစ်သော၊ ဝါ– လောဘ, ဒိဋ္ဌိတို့၏အာရုံဖြစ်သော ခန္ဓာလောကသို့ တစ်ဖန်မပြန်လို့ပါနှင့်။ ကာမဘဝ, ရူပဘဝ, အရူပဘဝတို့၌ လိုလားနှစ်သက်ခြင်းဆန္ဒ ရာဂကိုပယ်သတ်၍၊ ဝါ–ကင်းပစေ၍ ကင်းသောကြောင့် သင့်သန္တာန်၌ ဒုက္ခ ဖြစ်ကြောင်း ကိလေသာတို့ ငြိမ်းအေးသည်ဖြစ်၍ ချမ်းသာစွာနေရပေလတ္တံ့ဟု ဟောတော်မူသည်။

ဤဂါထာဒေသနာတော်ကို ဟောတော်မူပြီးသည့်အဆုံး၌ နန္ဒာထေရီသည် သောတာပတ္တိဖိုလ်သို့ရောက်လေသည်။ ထိုနောက် နန္ဒာထေရီ အထက်မဂ်ဖိုလ်သို့ရောက်စေခြင်းငှာ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဆက်လက်ဟောကြားတော် မူလိုသည် ဖြစ်၍ ဤကာယဝိစ္ဆိန္ဒနိကသုတ်ကို ဟောတော်မူသည်။ ကာယဝိစ္ဆိန္ဒနိကသုတ်ကို နှစ်ဌာန၌ ဟောတော်မူသည်ဟုဆိုခဲ့ရာ ဤ၌ နန္ဒာထေရီကိုအကြောင်းပြု၍ သာဝတ္ထိမြို့တွင် ဟောတော်မူခြင်း ဖြစ်သည်။

## သိရိမာအားစွဲလမ်းသောရဟန်းကို အကြောင်းပြု၍ ရာဇဂြိုဟ်မြို့၌ ဤသုတ်ကိုဟောပြန့်ခြင်း

ရာဇဂြိုဟ်မြို့၌ သာလဝတီအမည်ရှိသော ပြည့်တန်ဆာ၏သမီး၊ ဆရာဇီဝက၏ နှမ၊ ပြည့်တန်ဆာမ သိရိမာသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသည်ဖြစ်၍ သောတာပန်အဖြစ်သို့ ရောက်လေသည်။ သောတာပန်ဖြစ်သည်မှစ၍ တစ်နေ့ တစ်နေ့လျှင် တစ်ဆယ်တန် တစ်ဆယ်တန်ဖြစ်သောဆွမ်းကို ရဟန်းတော်ရှစ်ပါးတို့အား နေ့စဉ်နိစ္စဘတ် ဝတ်ပြု၍ ကပ်လှူခဲ့လေသည်။

ထိုအခါ ရဟန်းတော်တစ်ပါးသည် သိရိမာ၏ဆွမ်းကို အလှူခံယူခါ ဘုဉ်းပေး ပြီးကာလ ရာဇဂြိုဟ်မြို့မှ သုံးယူဇနာဝေးသော ကျောင်းတစ်ကျောင်းသို့သွားရာ ညနေချမ်း အချိန်၌ အာဝါသိကရဟန်းတော်တို့က "ငါ့ရှင် ယနေ့ဘယ်အရပ်၌ ဆွမ်းခံဘုဉ်းပေးပြီး ကြွလာခဲ့ပါသလဲ"ဟုမေးသဖြင့် "သိရိမာဥပါသိကာမအိမ်က ဆွမ်းကိုခံယူကာ ဘုဉ်းပေးခဲ့ ကြောင်း၊ ဆွမ်း ဆွမ်းဟင်းများ ကောင်းမွန်ကြောင်း၊ တစ်ပါးအလှူခံယူခဲ့သောဆွမ်းသည် ၃-၄-ပါး စားလောက်ကြောင်း၊ သိရိမာ၏ဆွမ်းကို အလှူခံယူရသည်ထက် သိရိမာကို မြင်ရခြင်းက သာ၍အားရကျေနပ်ဖွယ်ကောင်းကြောင်း"တို့ကို ပြောပြသောအခါ ရဟန်း တစ်ပါးသည် သိရိမာကို မမြင်ရသေးမိကပင် ပြောသံကြားနှင့် တပ်မက်မြတ်နိုးခြင်းဖြစ်ကာ သိရိမာကို ကြည့်ရှုလို မြင်လိုသည်ဖြစ်၍ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်သို့သွား၏။ သိရိမာအိမ်သို့ ဆွမ်းခံအလှည့်ကျသောနေ့၌ ဆွမ်းခံလိုက်ခွင့်ရလေ၏။

ထိုရဟန်း သိရိမာအိမ်သို့ ဆွမ်းခံသွားသောနေ့၌ သိရိမာသည် မကျန်းမာသည် ဖြစ်၍ အိပ်ရာထဲ၌ လဲလျောင်းနေ၏။ ထို့ကြောင့် သိရိမာသည် ဝတ်ဆင်မြဲဖြစ်သော အဆင်တန်ဆာတို့ကို မဝတ်မဆင်မူ၍ သာမန်အဝတ်အထည်ဖြင့် အိပ်လျက်နေလေသည်။ အခြွေအရံမိန်းမတို့ကသာ သံဃာတော်တို့၏သပိတ်တို့ကိုယူ၍ ပထမ၌ ယာဂုကိုကပ် ကြ၏၊ ထို့နောက်ခဲဖွယ်ကိုကပ်၏။ ထိုနောက်မှ သပိတ်၌ ဆွမ်း-ဆွမ်းဟင်းများကိုပြည့် အောင် ထည့်လောင်းစေပြီးလျှင် မိမိကိုယ်တိုင်ရှိခိုးကန်တော့လို၍ အခြွေအရံများကိုပေးမ စေလျက် အိပ်ရာမှတုန်တုန်ယင်ယင်နှင့်ထကာ သံဃာတော်များကို ရှိခိုးကန်တော့၍ ကပ်လှူလေသည်။

တောကျောင်းမှကြွလာပြီး သိရိမာ၏ဆွမ်းကို အလှူခံသောရဟန်းသည် သိရိမာကို မြင်လျှင် အဝတ်အစား အဆင်တန်ဆာ အထူးတလည် ဝတ်စားဆင်ယင်မှု မရှိဘဲလျက်ပင် ဤမျှလောက်လှပတင့်တယ်ပါသေးလျှင် အဆင်တန်ဆာတို့ဖြင့် ဝတ်စားဆင်ယင်လျက် ကျန်းမာစွာရှိပါမူကား အဘယ်မျှလောက် ရှုချင့်စဖွယ် လှပတင့်တယ်ပေလိမ့်မည်နည်းဟု စိတ်၌အကြံဖြစ်မိသည် ဟူ၏။ ထိုအခါ ထိုရဟန်းသန္တာန်၌ သံသရာတစ်လျှောက်က ကိန်းအောင်းလာခဲ့သော ကိလေသာသည် သိရိမာတည်းဟူသော ရူပါရုံကို အကြောင်းပြု၍ ဟုန်းခနဲ ထကြွဖြစ်ပေါ်လာလေတော့သည်။

[ဤကဲ့သို့သောအကြောင်းကို ရည်ရွယ်၍ ရဟန်းတော်များ "ဆွမ်းခံရင်း ငှက်မသင့် စေနှင့်"ဟု မိန့်တော်မူကြသည်။ အသုဘကမ္မဋ္ဌာန်း လက်လွှတ်သော အပြစ်ပေ တည်း။]

ထိုရဟန်းသည် ကမ္မဋ္ဌာန်းလက်လွတ်ကာ အဝိဇ္ဇာနှင့် တဏှာဒဏ်ကို ပြင်းပြစွာ ခံယူရသည်ဖြစ်၍ ဆွမ်းမစားနိုင်တော့ဘဲ သပိတ်ကို ခုတင်အောက်ထိုးလိုက်ပြီးလျှင် သင်္ကန်းကို ဦးခေါင်းခြုံကာ အိပ်လေတော့သည်။ ထိုနေ့မှာပင် ညနေဘက်၌ သိရိမာသည် သေဆုံးခြင်းသို့ရောက်လေသည်။ ဗိမ္ဗိသာရမင်းသည် သိရိမာသေဆုံးကြောင်းကို မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားက သိရိမာ၏ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ခြင်း မပြုစေနှင့်၊ သုသာန်၌ ခွေး၊ ကျီး၊ လင်းတတို့ မစားအောင် စောင့်ရှောက်ထားစေ- ဟု ဗိမ္ဗိသာရမင်းကြီးထံ မိန့်ကြားတော်မူလိုက်၏။

## သိရိမာ အသုဘရှုရန် ရောက်လာကြခြင်း

လေးရက်မြောက်သောနေ့၌ သိရိမာ၏ကိုယ်သည် ညှိမဲလျက် ပွးပွးရောင်ကာ ၉-ပါးသော အမာဝတို့မှ သွေးပြည်ပုပ်တွေ ယိုစီးလျက်ရှိကုန်၏။ တစ်ကိုယ်လုံးသည် ကွဲအက်ပေါက်ပြဲကာ မြင်မကောင်း ရှုမကောင်း အပုပ်နံ့ တဟောင်းဟောင်း ထွက်လျက်ရှိ၏။ ထိုအချိန်၌ ဗိမ္ဗိသာရမင်းကြီးသည် မြို့တွင်းသို့ မောင်းကြေးနင်း တီးခတ်ကြော်ညာစေ၏ "အိမ်စောင့် ကလေးသူငယ်များကိုသာ အိမ်စောင့်ချန်ထား၍ သိရိမာကိုကြည့်ရှုကြရန် သုသာန်သို့လာကြရမည်၊ မလာသူကို ငွေရှစ်ကျပ် ဒဏ်ထားမည်"ဟု ကြော်ညာစေ၏။ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကိုလည်း "သိရိမာ၏ အသုဘကိုရှုရန် ကြွတော်မူပါ"ဟု ပင့်လျှောက်စေ၏။

မြတ်စွာဘုရားသည် ရဟန်းတော်တို့အား "သိရိမာ၏အသုဘကိုရှုရန် သွားကြကုန်အံ့"ဟု ပြောကြားစေတော်မူ၏။ သိရိမာ၏ အာရုံကြောင့် ဆွမ်းမစားဘဲ သင်္ကန်းခြုံကာ အိပ်နေသော ရဟန်းသည် သိရိမာကိုကြည့်ရှုရန်သွားကြကုန်အံ့ ဟူသော စကားကိုကြားလျှင် လေးရက် ဆွမ်းမစားရသဖြင့် ဆာလောင်လျက်ရှိသော်လည်း ရတ်ခြည်းထကာ သိုးနေသော ဆွမ်းကိုသွန်၊ သပိတ်ကိုဆေးကြော၍ သပိတ်အိတ်၌ ထည့်ပြီးကာလ အဖော်ရဟန်းတော်များနှင့်အတူလိုက်လေ၏။ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် သိရိမာအလောင်း၏ တစ်ဘက်၌ ရပ်တည်တော်မူ၏။ ဘိက္ခုနီ သံဃာများ၊ မင်းပရိသတ်၊ ဥပါသကာ၊ ဥပါသိကာတို့သည်လည်း အခြားတစ်ဘက်၌၊ နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးကို "မင်းကြီး ဤသူကောင်သည် အဘယ်သူဖြစ်သနည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား ဤသူကောင်သည် ဇီဝက၏နှမ သိရိမာဖြစ်ပါသည်"ဟု လျှောက်၏။ "မင်းကြီး သိရိမာဖြစ်ဘိမူ ငွေတစ်ထောင်ပေး၍ သိရိမာကို ယူကြကုန်ဟု မြို့တွင်းသို့ စည်လည်ကြေးကြော်စေလော့"ဟု မိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားမိန့်တော်မူသည့်အတိုင်း စည်လည် ကြေးကြော်စေ၏။ တစ်ယောက်တစ်လေမျှ သိရိမာကို ယူလိုသူ မပေါ်ချေ၊ တန်ဖိုးလျှော့၍ ကြေးကြော်စေသော်လည်း ယူလိုသူမထွက်ပေ၊ တစ်ပဲနှစ်ပြားအထိလျှော့၍ ပေးသော်လည်း ယူလိုသူ အလျဉ်းမထွက်ချေ၊ အခမဲ့ပေးတော်မူပြန်သော်လည်း မည်သူမျှမယူကြကုန်။

## သီရိမာ အသုဘကောင်ပြ၍ တရားဟောခြင်း

အခမဲ့ပေးသည့်တိုင်အောင် သီရိမာကို ယူသူမရှိပါကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊ "ရဟန်းတို့ ကြည့်ကြစမ်းလော့၊ ယခင်က လူအပေါင်းသည် နှစ်သက်မြတ်နိုးသော ဤသီရိမာကို ဤရာဇဂြိုဟ်မြို့၌ပင်လျှင် တစ်နေ့တွက် ပြုစုလုပ်ကျွေးဖို့ရန် ငွေတစ်ထောင်ပေးမှသာလျှင် ရကြကုန်၏။ ယခု အခါ၌မူကား အခမဲ့အလကား ပေးသည်ကိုပင် ယူမည့်သူ, ယူလိုသူမရှိဖြစ်ချေသည်။ ဤကဲ့သို့ ချစ်ခင်နှစ်သက် စွဲမက်ဖွယ် လှပတင့်တယ်ပါသည်ဟု ဆိုရသော ရူပကာယရုပ်အစုသည် ကုန်ခြင်း, ပျက်ခြင်း, ဖောက်ပြန်ခြင်း, ပုပ်သိုးခြင်းသို့ ရောက်ရပေသည်။ ရဟန်းတို့- ကျင်နာသော သဘောရှိသော အတ္တဘောကို ရှုကြလော့"ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူသည်။

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တကတံ၊ အဝတ်တန်ဆာ ပန်းနံ့သာ စသည်တို့ဖြင့် ဆန်းကြယ်စွာ ပြုပြင်ဆင်ယင်အပ်သော။ ဗိမ္ဗံ၊ ရှည်သင့်သောအရာ၌ ရှည်ခြင်းစသော အင်္ဂါ ကြီးငယ်တို့ဖြင့်တည်သော အတ္တဘောဟုဆိုအပ်သော။ သမုဿိတံ၊ သုံးရာသော အရိုးတို့ဖြင့် စိုက်ဆောက်အပ်သော။ အာတုရံ၊ အချင်းခပ်သိမ်း ကျင်နာသော။ ဗဟုသင်္ကပ္ပံ၊ လူအပေါင်းသည် သုဘအနေ တင့်တယ်လှပသော အခြင်းအရာဖြင့် များစွာကြံစည်အပ်သော။ အရုကာယံ၊ ကိုးပါးသော အဝဏ်အစွမ်းဖြင့် အမာ(အနာ)ဖြစ်၍ ဖြစ်သောကိုယ်ကို။ ပဿ၊ ရှုစမ်းကြလော့။ ယဿ၊ အကြင်ကိုယ်၏။ ဓုဝံ၊ အမြဲ။ ဌိတိ၊ တည်ခြင်းသည်။ နတ္ထိ၊ မရှိပါတကား။

ဤဂါထာဒေသနာနှင့်တကွ "ကာယဝိစ္ဆိန္ဒနိက"သုတ်ကို ရဟန်းတို့အား ဆုံးမခြင်းငှာ ဟောတော်မူလေသည်။

## အစရအသားဖုံးနေ၍ အသုဘမထင်မြင်

(၂) အဋ္ဌိနှာရုပဟိ သံယုတ္တော၊ တစမံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊ ယထာဘူတံ န ဒိဿတိ။

အဋ္ဌိနှာရုဟိ၊ သုံးရာသောအရိုး, အရိုးကိုဖွဲ့သော ကိုးရာသောအကြော, အရသာကို ဆောင်သော ခုနစ်ရာသော အကြောတို့နှင့်။ သံယုတ္တော၊ ဖွဲ့ယှက်အပ်သော။ တစမံသာဝလေပနော၊ အဆင်းအားဖြင့် ဖြူသော ထုသောအတွင်းရေ, ကိုးရာသော အသားတစ်တို့ဖြင့် လိမ်းကျံအပ်သော။ ဆဝိယာ၊ ပါးသောအပေါ်ရေဖြင့်။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းအပ်သော။ ကာယော၊ ကိုယ်သည်။ တိကပဋိစ္ဆန္နံ၊ မြက်ဖြင့် ဖုံးလွှမ်းအပ်သော။ ဂူထံ၊ မစင်သည်။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ န ဒိဿတိ ဝိယ၊ မထင်သကဲ့သို့။ ယထာဘူတံ၊ အသုဘ အခြင်းအရာဖြင့် ဟုတ်မှန်သည့်အတိုင်း။ န ဒိဿတိ၊ မထင်ချေ။

ပကတိရုပ်ကောင်ကြီးသည် အရိုး, အကြော, အသား, အသွေးတို့ဖြင့် တွယ်ကပ်လိမ်းကျံ ဖွဲ့ယှက်အပ်လျက် အရေထူ အရေပါးတွေ အပေါ်ယံက ဖုံးကွယ်အုပ်ဆိုင်းထားသည်ဖြစ်၍ အတွင်း၌ရှိသော ရွံရှာဖွယ်, စက်ဆုပ်ဖွယ်, နလုံးနာဖွယ်, မနှစ်သက်ဖွယ်ဖြစ်သော အသုဘသဘောကို ဟုတ်မှန်သောအတိုင်း မထင်မမြင်ကြသောကြောင့် အပေါ်ယံကိုသာ ကြည့်မြင်ကြလျက် ပုထုဇဉ်သတ္တဝါတို့သည် တွယ်တာနှစ်သက်တပ်မက်စွဲလမ်းနေကြသည်ဟု ဟောတော်မူခြင်းဖြစ်သည်။

## အူမစသည့် စက်ဆုပ်ဖွယ်တို့ဖြင့် ပြည့်နေခြင်း

(၃) အန္တပူရော ဥဒရပူရော၊ ယကနပေဠဿ ဝတ္ထိနော။
ဟဒယဿ ပပ္ဖါသဿ၊ ဝက္ကဿ ပိဟကဿ စ။

ဆဝိယာ၊ အပေါ်ရေဖြင့်။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းအပ်သော။ ကာယော၊ ကိုယ်သည်။ စန္ဒနာဒိပူရော၊ စန္ဒကူးနံ့သာ စသည်ဖြင့်ပြည့်သည်။ န ဟောတိ၊ မဟုတ်။ အထ ခေါ၊ စင်စစ်တမူကား။ ပရမာသုစိ၊ အလွန်အမင်းမစင်ကြယ်သော။ ဒုဂ္ဂန္ဓော၊ မကောင်းသောအနံ့ရှိသော။ ဇေဂုစ္ဆော၊ စက်ဆုပ်ဖွယ်ရှိသော။ ပဋိကူလော၊ ရွံရှာဖွယ်ရှိသော။ နိဿိရိဒကဿနော၊ အသရေမထင်အမြင်မကောင်းသော။ အန္တပူရော၊ သွေးဖြင့်ပြည့်သောကျင်း၌အရေကို ဆုတ်၍ ထည့်အပ်သော မြွေအခွေကဲ့သို့ လည်ချောင်းမှ ဝစ္စမဂ်တိုင်အောင် ကိုယ်တွင်း၌ တည်သော ၂၁-ပတ်ခွေ၍နေသော ဖြူသောအဆင်းရှိသော အူမဖြင့်ပြည့်၏။ ဥဒရပူရော၊ အစွန်းနှစ်ဖက်ကိုကိုင်၍ ညှပ်အပ်သော စိုသောအဝတ်၏အလယ်အဖုကဲ့သို့ ၂၁-ပတ် ခွေသောအူမ၏အလယ်အဖုဟုဆိုအပ်သော ၃၂-ပါးသောပိုးမျိုးတို့၏တည်ရာ အစာသစ်အိမ်၌ တည်သော ခွေးစားကျင်း၌ အန်ဖတ်ကဲ့သို့သောမျိုအပ်သော အစာသစ်ဖြင့်ပြည့်၏။ ယကနပေဠဿ၊ သားမြတ်နှစ်ခုတို့၏အတွင်း၌လက်ယာနံပါးကိုမှီ၍တည်လျက် ကသစ်ရွက်နှင့်သဏ္ဌာန်တူသော ဖျော့တော့သောနီသောအဆင်းရှိသော အသည်းဖြင့်။ ပူရော၊ ပြည့်၏။ ဝတ္ထိနော၊ တန်စီးတွင်း၌မှောက်ခုံဖြစ်သော အဝကျဉ်းသော အိုးတွင်း၌ဝင်သော တန်စီးရည်ကဲ့သို့ စည်ပေါင်းအတွင်း၌တည်သော ပဲကြီးပြာရည်အဆင်းရှိသော ကျင်ငယ်ဖြင့်။ ပူရော၊ ပြည့်၏။ ဟဒယဿ၊ သားမြတ်နှစ်ခုတို့၏ အလယ်ကိုယ်အတွင်း ရင်ချိုင့်နှစ်ခုတို့၏ အကြား၌ တွဲလျားဦးစောက်တည်သော အပေါ်ဖတ်ကို ခွာ၍ပစ်အပ်သော ပဒုမာကြာငုံတမျှ အပကား ပြေပြစ်သန့်ရှင်း, အတွင်းကား သပွတ်ခါးအူသဖွယ်, အလယ်၌ ပုန်းညက်စေ့လောက် သောအတွင်း၌ စရိုက်နှင့်အညီ အရောင်ထင်သော မနောဓာတ်, မနောဝိညာဏဓာတ် တို့၏မှီရာ ဟဒယဝတ္ထုရုပ်တည်သော တစ်လက်ဖက်မျှလောက်သော နလုံးသွေးရှိသော နလုံးခွဲသားဖြင့်။ ပူရော၊ ပြည့်၏။ ပပ္ဖါသဿ၊ အညို့နလုံးကို ဖုံး၍တည်လျက် မုန့်ယှက်ပြတ်သဏ္ဌာန် နီသောအဆင်းရှိသော ၃၂-ခုသော အသားလွှာတည်းဟူသော ကုလားအုံးဆောင်းထပ်ဟုဆိုအပ်သော အဆုတ်ဖြင့်။ ပူရာ၊ ပြည့်၏။ ဝက္ကဿ၊ ရေမျိုမှသက်သောအကြော၏အဆုံး နလုံးသားကို ခြံရံ၍တည်လျက် သရက်သီးပြွတ်နှင့် သဏ္ဌာန်တူသောစဉ်းငယ်နီသော အဆင်းရှိသော အသားစိုင်နှစ်ခုဟု ဆိုအပ်သော အညှိုဖြင့်။ ပူရော၊

ပြည့်၏။ ပိဟကသ္မ စ၊ နှလုံးသား၏လက်ဝဲနံပါး၌တည်လျက် လက်ခုနစ်သစ်ခန့်မျှ နှားလျှာဖျားသဏ္ဌာန် ညိုသော အဆင်းရှိသော ဝမ်းလျှာသရက်ရွက်ဟု ဆိုအပ်သော အသားဖြင့်။ ပူရော၊ ပြည့်၏။

ဤဂါထာ၏အဓိပ္ပာယ်မှာ အနက်အတိုင်းပင် ပေါ်လွင်ထင်ရှားလေပြီ။ နိုင်ငံကျော် ဆရာတော်ကြီး ဦးဖုစ် ရေးသားခဲ့သော နိဿယအနက် ဖြစ်သည်။ ရူပကာယခန္ဓာကိုယ် တွင်း၌ စနှကူးနံ့သာစသော မွှေးကြိုင်သန့်ရှင်း ကောင်းမွန်သောအရာဝတ္ထုများ ရှိသည် မဟုတ်၊ အူမကြီး, အစာသစ်အိမ်, အသည်း, ကျင်ငယ်, နှလုံးသားအခွံ, အဆုတ်, အညှိ, သရက်ရွက်တည်းဟူသော စက်ဆုပ်ရွံရှာဖွယ်တို့ဖြင့်သာ ပြည့်သောကိုယ်ဖြစ်သည်ဟု ဟောတော်မူသည်။

## နှပ်စသည့် စက်ဆုပ်ဖွယ်တို့ဖြင့်ပြည့်စုံခြင်း

(၄) သိဃာဏိကာယ ခေဠဿ၊ သေဒဿ စ မေဒဿ စ။
လောဟိတဿ လသိကာယ၊ ပိတ္တဿ စ ဝသာယ စ။

သိဃာဏိကာယ၊ ဦးနှောက်မှ ယိုစီးသော အာပေါဓာတ်တည်းဟူသောနှပ်ဖြင့်။ ပူရော၊ ပြည့်၏။ ခေဠဿ၊ အာပေါဓာတ်တည်းဟူသော တံတွေးဖြင့်။ ပူရော၊ ပြည့်၏။ သေဒဿ စ၊ မွေးညင်းပေါက်တို့မှထွက်သောချွေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ မေဒဿ စ၊ ဝါသောအဆင်းရှိသောအဆီခဲဖြင့်လည်း။ ပူရော၊ ပြည့်၏။ လောဟိတဿ စ၊ သွေးတို့ ဖြင့်လည်း။ ပူရော၊ ပြည့်၏။ လသိကာယ စ၊ အစေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ ပိတ္တဿ စ၊ ဗဒ္ဓသည်းခြေ, အဗဒ္ဓသည်းခြေ ၂-မျိုးဖြင့်လည်း။ ပူရော၊ ပြည့်၏။ ဝသာယ စ၊ အုန်းဆီ အဆင်းနှင့်တူသော ဆီကြည်ဖြင့်လည်း။ ပူရော၊ ပြည့်၏။

ရူပကာယ-ရုပ်ခန္ဓာအိမ်ကြီးအတွင်း၌ အူမ, အစာသစ်အိမ်စသည်တို့သာရှိသည် မဟုတ်သေးချေ၊ နှပ်, တံတွေး, ချွေး, အဆီခဲ, သွေး, အစေး, သည်းခြေ, ဆီကြည် တို့သည်လည်း ရှိကုန်၏၊ ပြည့်ကုန်၏- ဟု ဟောတော်မူသည်။

လေးခုမြောက်သော ဒေသနာ ဂါထာဖြင့် ကိုယ်တွင်း၌တည်သော စက်ဆုပ် ရွံရှာဖွယ် ကောဋ္ဌာသ ရုပ်အစုတို့ကို ပြတော်မူပြီးနောက် ကိုယ်တွင်းမှ ပြင်ပသို့ထွက်ကျ ယိုစီးသော ရွံရှာဖွယ်တို့ကို ညွှန်ပြတော်မူလိုသည်ဖြစ်၍ ငါးခုမြောက်, ခြောက်ခုမြောက် ဂါထာတို့ကို ဆက်လက်၍ ဟောတော်မူသည်။

## အဓာဝ ၉-ဝပါက်မှ စက်ဆုပ်ဖွယ်ယိုစီးခြင်း

(၅) အထဿ နဝ သောတေဟိ၊ အသုစိ သဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူထကော။

(၆) သိဃာဏိကာ စ နာသတော၊ မုခေန ဝမတိ ဧကဒါ။
ပိတ္တံ သေမှဥ္စ ဝမတိ၊ ကာယမှာ သေဒဇလ္လိကာ။

အထ၊ ထိုမှတစ်ပါး။ အသ္မ ကာယသ္မ၊ ဤကိုယ်၏။ နဝ သောတေဟိ၊ မျက်စိစသော ကိုးပါးသော အဝတို့မှ။ အသုစိ၊ မသန့်ရှင်း မစင်ကြယ်သော အရာဝတ္ထု သည်။ သဝ္ဗဒါ၊ အချင်းခပ်သိမ်း။ သဝတိ၊ ယိုစီး၏။ ကိံ သဝတိ၊ အဘယ်သို့ယိုစီးသနည်း။ အက္ခိမှာ၊ မျက်စိပေါက် နှစ်ဖက်မှ။ အက္ခိဂူထကော၊ မျက်ဝတ်မျက်ချေးသည်။ သဝတိ၊ ယိုထွက်၏။ ကဏ္ဏမှာ၊ နားပေါက်နှစ်ဖက်မှ။ ကဏ္ဏဂူထကော၊ နဖာချေးသည်။ သဝတိ၊ ယိုထွက်၏။

သိယ်ာဏိကာ စ၊ နှပ်သည်မူကား။ ဧကဒါ၊ ရံခါ။ နာသတော၊ နှာခေါင်းပေါက်မှ။ သဝတိ၊ ယိုကျ၏။ ဧကဒါ၊ ရံခါ။ မုခေန၊ ခံတွင်းဖြင့်။ ဝမတိ၊ ယိုထွက်၏။ ပိတ္တံ စ၊ ဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေသည် လည်းကောင်း။ သေမှဥ္စ၊ သလိပ်သည် လည်းကောင်း။ ဧကဒါ၊ ရံခါ။ မုခေန၊ ခံတွင်းပေါက်ဖြင့်။ ဝမတိ၊ ယိုထွက်၏။ ကာယမှာ၊ တစ်ကိုယ်လုံးမှ။ သေဒဇလ္လိကာ၊ ချွေးဆားမြူ အညစ်အကြေးသည်။ ဧကဒါ၊ ရံခါ။ ဝမတိ၊ ယိုထွက်၏။

ကိုးပါးသော အမာဝဟူသော အပေါက်တို့မှ ရွံရှာစက်ဆုပ်ဖွယ်ရှိသော နှပ်, မျက်ချေးစသောအရာဝတ္ထုတို့သည် အခါခပ်သိမ်း ယိုစီးထွက်ကျသည်ဟု သင်္ချာကိုထုတ်ပြ တော်မူပြီးနောက် သရုပ်သချေ်ကိုကား မျက်စိပေါက်–၂၊ နားပေါက်–၂၊ နှာခေါင်းပေါက်– ၂၊ ခံတွင်းပေါက်–၁ အားဖြင့် ဒွါရခုနစ်ပေါက်ကိုသာ ပြတော်မူသည်၊ ကျင်ကြီးပေါက်, ကျင်ငယ်ပေါက်တို့ကို သရုပ်အားဖြင့် ထုတ်တော်မမူပေ။ ယင်းသို့ ကျင်ကြီး ကျင်ငယ်ပေါက် တို့ကို သရုပ်အားဖြင့်မထုတ်ခြင်းသည် မြတ်စွာဘုရားသည် ဟောတော်မူသင့်သောကာလနှင့် ပရိသတ်ကို သိတော်မူသည်ဖြစ်၍ ဒွါရ ၂–ပါးကို ခြွင်းချန်ကာ မဟောခြင်း ဖြစ်သည်။ သို့သော် ပရိယာယ်အားဖြင့်ကား "ကာယမှာ သေဒဇလ္လိကာ"ဟူ၍ တစ်ကိုယ်လုံးမှ ချွေးစသော အညစ်အကြေးတို့ ထွက်ကျယိုစီးသည်ကို သိမ်းသွင်း၍ ဟောတော်မူသည်ဟု အဋ္ဌကထာ၌ ရှင်းလင်းပြဆိုသည်။

ကိုးပါးသောအမာဝတို့မှ မျက်ချေးစသောအညစ်အကြေးတို့ထွက်ကျယိုစီးသည်မှာ ထမင်းချက်သောအခါ ဆန်မှဖြစ်သောအညစ်အကြေး, ရေမှဖြစ်သော အညစ်အကြေး တို့သည် အမြှုပ်နှင့်တကွရော၍ အိုးဝသို့တက်ကာ ထမင်းအိုးမျက်နှာဝကို လိမ်းကျံ၍ အပြင်အပသို့ လျှောကျဘိသကဲ့သို့၊ ထို့အတူ လူတို့စားသောက်အပ်သော အစားအစာကို ကမ္မဇတေဇော ဓာတ်မီးဖြင့် ချက်အပ်သည်ဖြစ်၍ ထိုအစာ၏ အညစ်အကြေးတို့သည် မျက်စိစသော အပေါက်ရှိရာသို့ တက်ပြီးလျှင် မျက်ဝတ်မျက်ချေးအဖြစ်ဖြင့် အပြင်ပသို့ ယိုကျစီးဆင်းသည်ကို ပြဆိုဟောကြားတော်မူပြီးကာလ လောကလူတို့၌ ကိုယ်အင်္ဂါအစိတ် အပိုင်းတို့တွင် အမြတ်ဆုံးအဖြစ်ဖြင့်ထားသော ဦးခေါင်းအတွင်း၌ပင်လျှင် နှစ်သက်မြတ်နိုး ဖွယ်ရာ, လိုချင်တောင့်တဖွယ်ရာ ဝတ္ထုပစ္စည်းဟူ၍မရှိ။ ထိုဦးခေါင်းအတွင်း၌ အနှစ်သာရ ဟူ၍ မရှိသည်ကို ဟောပြတော်မူခြင်းငှာ ခုနစ်ခုမြောက်ဂါထာကို ဟောတော်မူသည်။

## အဝိဇ္ဇာဖုံးအုပ်ဖေနေ၍ အသုဘမထင်မြင်

(၇) အထဿ သုသိရံ သီသံ၊ မတ္ထလုင်္ဂဿ ပူရိတံ။
သုဘတော မညတိ ဗာလော၊ အဝိဇ္ဇာယ ပုရက္ခတော။

အထ၊ ထိုမှတစ်ပါး။ အဿ ကာယဿ၊ ထိုကိုယ်၏။ သုသိရံ၊ အခေါင်းရှိသော။ သီသံ၊ ဦးခေါင်းသည်။ မတ္ထလုင်္ဂဿ၊ မုန့်ညက်အစိုင်အတုံ ဖြူသော ဦးနှောက်ဖြင့်။ ပူရိတံ၊ ပြည့်၏။ ဗာလော၊ ပုထုဇဉ်လူမိုက်သည်။ နံ ကာယံ၊ အပုပ်အတိပြည့်သော ထိုကိုယ်ကို သုဘတော၊ တင့်တယ်သောအားဖြင့်။ ဝါ၊ ငါ့ကိုယ်သည်လှပတင့်တယ် ပေ၏ဟူ၍။ မညတိ၊ တဏှာ, မာန, ဒိဋ္ဌိဖြင့် မှတ်ထင်အောက်မေ့၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အဝိဇ္ဇာယ၊ အသုဘ စသည်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာဖြင့်။ ပုရက္ခတော- ပုရက္ခတတ္တာ၊ ဖုံးလွှမ်း ပိတ်ပင်အပ်သောကြောင့်တည်း။

ခုနစ်ဂါထာတိုင်အောင်သောဒေသနာတော်ဖြင့် သက်ရှိ သဝိညာဏက အသုဘ ဖြစ်ပုံကို ဟောပြတော်မူပြီး၍ ယခုအခါ သက်မဲ့ အဝိညာဏက ဖြစ်သော အသုဘဖြစ်ပုံကို ပြတော်မူလိုသော မြတ်စွာဘုရားသည် (၈)အမှတ် ဂါထာ ဒေသနာတော်ကို ဆက်၍ ဟောတော်မူသည်။

## သေပြီးကာလ စွန့်ပစ်ခံရ ကိုယ်ကာယ

(၈) ယဒါ စ သော မတော သေတိ၊
ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓေါ သုသာနသ္မိံ၊
အနပေက္ခာ ဟောန္တိ ဉာတယော။

ယဒါ စ၊ အကြင်အခါ၌ကား။ သော ကာယော၊ ထိုကိုယ်သည်။ အာယုဥသ္မာ- ဝိညာဏပဂမေန၊ ရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, ဝိညာဏ်တို့ကင်းသဖြင့်။ မတော၊ သေသည်ဖြစ်၍။ ဥဒ္ဓုမာတော၊ ဖူးဖူးရောင်လျက်။ ဝိနီလကော၊ ညိုမဲသောအဆင်းရှိသည် ဖြစ်၍။ သုသာနသ္မိံ၊ သုသာန်အရပ်၌။ အပဝိဒ္ဓေါ၊ စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ အိပ်၏။ တဒါ၊ ထိုအခါ၌။ ဉာတယော၊ မသေမီ အသက်ရှင်စဉ်အခါက ချစ်လှပါသည် ဆိုသော ဆွေမျိုးတို့သည်။ အနပေက္ခာ၊ အချစ်ပျက်၍ ငဲ့ကွက်ခြင်းကင်းကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြပေကုန်တော့သတည်း။

ဤဒေသနာဂါထာ၌ မတော- ဟူသောပုဒ်ဖြင့် မမြဲသော အနိစ္စသဘောကိုပြ၏၊ သေတိ-ဖြင့် သူသေကောင်၌ အားထုတ်ခြင်းကင်းသည်၏ အဖြစ်ကိုပြ၏။ ထိုနှစ်ပုဒ်ဖြင့် အသက်ရှင်ခြင်း၌ မာန်ထောင်ခြင်းဟူသော ယစ်ခြင်း၌ ပယ်ခြင်းကိုယှဉ်စေ၏။

ဥဒ္ဓုမာတော-ဟူသောပုဒ်ဖြင့် ရုပ်သဏ္ဌာန် ပျက်စီးခြင်းကိုပြ၏။ ဝိနီလကော- ပုဒ်ဖြင့် အရည်အဆင်း ပျက်စီးခြင်းကိုပြ၏။ ထိုနှစ်ပုဒ်ဖြင့် အဆင်း၌မာန်ယစ်ခြင်းကို ပယ်သဖြင့် ကိုယ်အဆင်းကို အကြောင်းပြု၍ ဖြစ်သောမာန်ကို ပယ်ခြင်း၌ယှဉ်စေ၏။

အပဝိဒ္ဓေါ-ဟူသောပုဒ်ဖြင့် သူ့သေကောင်၌ ယူချင်စဖွယ်မရှိသည်၏ အဖြစ်ကို ပြ၏။ သုသာနသ္မိံ-ပုဒ်ဖြင့် အိမ်တွင်း၌သို့မှီးသိမ်းဆည်းထားခြင်းငှာ မထိုက်၊ စက်ဆုပ်ရွံရှာဖွယ်၏ အဖြစ်ကိုပြ၏။ ထိုနှစ်ပုဒ်ဖြင့် ငါ့ကိုယ်ဟူသော စွဲလမ်းခြင်း, တင့်တယ်သည်ဟူသော သုဘအမှတ်သညာကို ပယ်ခြင်း၌ ယှဉ်စေ၏။

အနပေက္ခာ ဟောန္တိ ဉာတယော-ဖြင့် အသက်ရှင်စဉ်အခါက မိမိကို ချစ်ခင်မြတ်နိုးကုန်သော ဆွေမျိုးဉာတိတို့၏ ချစ်ခင်မြတ်နိုးခြင်းမရှိတော့သည်ကိုပြ၏။ ယင်းသို့ပြသဖြင့် အသက်ရှင်စဉ်အခါက ဆွေမျိုးဉာတိ, မိတ်ဆွေသင်္ဂဟတည်းဟူသော အခြံအရံပရိသတ်ဖြင့် မာန်ယစ်ထောင်လွှားခြင်း၌ ယစ်ခြင်းကို ပယ်ခြင်း၌ ယှဉ်စေ၏။

ဤဂါထာဒေသနာတော်ဖြင့် ငါအသက်ရှင်နေသည်, ငါအသက်ရှင်သည်စသည်ဖြင့် ဇီဝိတမဒ- မာန်တက်ခြင်းကို ပယ်တော်မူစေသည်။ အဆင်းနှင့်စပ်သော ဝဏ္ဏ-မဒ-မာန်တက်ခြင်းကိုလည်းပယ်တော်မူစေသည်။ လှပတင့်တယ်သည်ဟူသော သုဘသညာကိုလည်း ပယ်တော်မူစေသည်။ အခြွေအရံပရိသတ်ကို အကြောင်းပြု၍ အသိုင်းအဝိုင်း မာန်တက်ခြင်းကိုလည်း ပယ်တော်မူစေသည်။

မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်ကို ရှိသေလေးစားစွာ ကြားနာသောပုဂ္ဂိုလ်ဖြစ်လျှင် ဟောတော်မူသောတရားတော်ကို အစဉ်လိုက်လျက် ဉာဏ်ယှဉ်ကာ နာယူခြင်းဖြင့် ဉာဏ်အဆင့်ဆင့်တက်၍ အဇ္ဈတ္တဖြစ်သော မိမိကိုယ်၌လည်းကောင်း, ဗဟိဒ္ဓဖြစ်သော သူတစ်ပါးကိုယ်၌လည်းကောင်း ကိုယ်၏သဘောမှန်အတိုင်းကိုမြင်၍ ကိုယ် ဟူသော လောကကြီး၌ တစ်စတစ်စ ငြီးငွေ့ကာ စက်ဆုပ်ရွံရှာမုန်းတီး၍ တပ်မက်ခြင်း တဏှာလောဘ ခေါင်းပါးအားနည်းလျက် သံဝေဂဉာဏ်ဖြစ်လာကြပေလိမ့်မည်။ နိဗ္ဗိန္ဒ ဉာဏ်တွေ ဖြစ်ပေါ်လာကြပေလိမ့်မည်မှာ မလွဲနိုင်ဟု ဆိုအပ်ပေသည်။

(ဂ) အမှတ်ဂါထာ ဒေသနာတော်ဖြင့် အကောင်မပျက်သေးသော အဝိညာဏက သက်မဲ့အသုဘအခြင်းအရာကိုပြတော်မူပြီး၍ ယခုအခါ၌ အကောင်ပျက်ပြီးသော အသုဘ အဝိညာဏက အခြင်းအရာကို ပြတော်မူလိုသည်ဖြစ်၍ ကိုးခမြောက်သော ဂါထာဒေသနာတော်ကို ဆက်လက်ဟောတော်မူသည်။

## သေပြီးသည်နောက် ပိုးလောက်အစာကိုယ်ခန္ဓာ

(၉) ခါဒန္တိ နံ သုဝါနာ စ၊ သိင်္ဂါလာ စ ဓင်္ကာကိမီ။
ကာကာ ဂိဇ္ဈာ စ ခါဒန္တိ၊ ယေ စညေ သန္တိ ပါဏိနော။

နံ ကာယံ၊ သုသာန်၌ပစ်အပ်သော ထိုသူ့သေကောင်ကို။ သုဝါနာ စ၊ အိမ်ခွေးတို့ သည်လည်းကောင်း။ သိင်္ဂါလာ စ၊ မြေခွေးတို့သည်လည်းကောင်း။ ဓင်္ကာ စ၊ ဘုံမတိးငှက်တို့သည်လည်းကောင်း။ ကိမီ စ၊ ပိုးလောက်တို့သည်လည်းကောင်း။ ခါဒန္တိ၊ ကိုက်ခဲစားသောက် ကြကုန်၏။ ကာကာ စ၊ ကျီးတို့သည် လည်းကောင်း။ ဂိဇ္ဈာ စ၊ လင်းတတို့သည်လည်းကောင်း။ ခါဒန္တိ၊ ကိုက်ခဲ စားသောက်ကြကုန်၏။ အညေ၊ ပြဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သော။ ယေ စ ပါဏိနော၊ အသားစားသော

သစ်, ကျား, သိန်း, စွန်စသော အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ စ ပါဏိနော၊ ထိုသတ္တဝါတို့သည်လည်း။ ခါဒန္တိ၊ ကိုက်ခဲစားသောက်ကြကုန်၏။

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ- စသော အစအဦး ဂါထာဒေသနာတော်ဖြင့် သုညတကမ္မဋ္ဌာန်းကို ဟောပြတော်မူသည်။ အဋ္ဌနှာရုဟိ သံယုတ္တော- စသော ဒေသနာတော်ဖြင့် သဝိညာဏက အသုဘကမ္မဋ္ဌာန်းကို ဟောပြတော်မူသည်။ ယဒါ စ သော မတော သေတိ-စသော ဒေသနာတော်ဖြင့် အဝိညာဏကအသုဘကမ္မဋ္ဌာန်းကို ဟောပြတော်မူသည်။ ထိုနောက် ဤသို့ပင် နိစ္စ, သုဘ, သုခ, အတ္တအဖြစ်မှ ဆိတ်သုဉ်းကာ စင်စစ် အသုဘမျှသာဖြစ်သော ကိုယ်၌ အဝိဇ္ဇာဖုံးလွှမ်းအပ်သော သူမိုက်သည် သုဘဟူ၍ မှတ်ထင်အောက်မေ့ဘိ၏ဟု သူမိုက်၏ ဖြစ်ခြင်းကိုပြခဲ့၏။ အဝိဇ္ဇာလျှင် ဦးခေါင်းရှိသော ဝဋ်ကိုလည်းပြခဲ့၏။ ယခုအခါ နိစ္စ, သုခ, သုဘ, အတ္တမှဆိတ်သော သဝိညာဏက, အဝိညာဏက သက်ရှိသက်မဲ့ အသုဘဖြစ်သော ရူပကာယရုပ်ကောင်ကြီး၌ ပညာရှိပုဂ္ဂိုလ်၏ ဉာဏ်အမြင်ရှိခြင်းကို အရင်းပြုသဖြင့် ဝိဝဋ္ဋကို ဝါ-သံသရာဝဋ် ကင်းသည်ကို ဟောပြတော်မူခြင်းငှာ သုတွာန-စသည်ဖြင့် ဆက်လက် မိန့်ကြားတော်မူသည်။

## ဤသုတ်ကိုနာကြား၍ ဝိပဿနာပွားလျှင် အမှန်ကိုမြင်

(၁၀) သုတွာန ဗုဒ္ဓဝစနံ၊ ဘိက္ခု ပညာဏဝါ ဣဓ။
သော ခေါ နံ ပရိဇာနာတိ၊ ယထာဘူတဉှိ ပဿတိ။

ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကားတော်ဖြစ်သော ကာယဝိစ္ဆန္ဒနိကသုတ် ဒေသနာတော်ကို။ သုတွာန၊ ကြားနာရသည်ဖြစ်၍။ ပညာဏဝါ၊ အနိစ္စစသည်၌ဖြစ်သော ဝိပဿနာပညာရှိသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ နံ ကာယံ၊ သုညတစသည်အပြားရှိသောထိုကိုယ်ကို။ ပရိဇာနာတိ၊ ဉာတ, တီရဏ, ပဟာန ပရိညာဟူသောပရိညာသုံးပါးတို့ဖြင့် ပိုင်းခြား၍သိ၏။ ကသ္မာ၊ အဘယ်ကြောင့် ပရိညာ သုံးပါးတို့ဖြင့် ပိုင်းခြား၍သိသနည်းဟူမူကား၊ နံ ကာယံ၊ သုညတစသည် အပြားရှိသော ထိုကိုယ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဟိ ယသ္မာ၊ အကြင် ကြောင့်။ ပဿတိ၊ သိမြင်၏။ တသ္မာ၊ ထို့ကြောင့်။ ပရိဇာနာတိ၊ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြား၍သိ၏။

မိန်းမ, ယောကျ်ားစသည်ဖြင့် ပညတ်တင်စား၍ အထင်မှတ်မှားနေကြသော ဤရူပကာယသည် စင်စစ်အားဖြင့် ဆံပင်, မွေးညင်း, အရိုး, အကြော, အသား, အသွေး စသော ရုပ်အစု အသုဘတို့ပါတကား- ဟု ပညာမျက်စိဖြင့် ကြည့်ရှုသော ယောဂီသည် ဉာတပရိညာဖြင့် သိမြင်သည်မည်၏။

ထိုရုပ်အစု အသုဘဖြစ်သောကိုယ်သည် အမှန်အားဖြင့် မမြဲသောသဘော, မမြဲသောဘေးကြောင့် ဆင်းရဲသောသဘော, အလိုသို့မပါ မပိုင်မနိုင်သော အနတ္တသဘော ရှိသော ပရမတ္ထရုပ်တရားတို့သာ ပါတကား- ဟု ရှုမြင်သောယောဂီသည် တီရဏပရိညာ ဖြင့် မြင်သည်မည်၏။

တိရဏပရိညာဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ သဘောမြင်အောင် ရှုသည်ရှိသော် ယင်းရုပ်အစု အသုဘကိုယ်ကောင်၌ တပ်မက်နှစ်သက်တွယ်တာခြင်း သဘောရှိသော ဆန္ဒရာဂကို အရိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောယောဂီသည် ဝါ-အရိယာသည် ပဟာနပရိညာဖြင့်သိမြင်သည်မည်၏။ အရိယာအမြင်ဖြင့်မမြင်သေးသော ယောဂီသည် လည်း တဒင်္ဂအားဖြင့် ပဟာနပရိညာဉာဏ်အမြင်ဖြင့် သိမြင်သည်မည်၏။

## ဉာဏ် ၃-ပါးဖြင့်မြင်ခြင်း

တစ်နည်းအားဖြင့် အသုဘစင်စစ်ဖြစ်သော အရိုး, အကြော, အသား အပေါင်းအစု ဖြစ်သောကိုယ်ကို မှန်ကန်သောအတိုင်း အရိုး အကြော အသားစသော ပရမတ္ထရုပ်အစု မျှသာ ဖြစ်ပါတကား- ဟု မြင်သော ယောဂီသည် သစ္စဉာဏ်ဖြင့် မြင်သည်မည်၏။

ကောဋ္ဌာသတို့၏ အစုအပေါင်းဖြစ်သော ဤကိုယ်သည် မမြဲသောသဘော, ဆင်းရဲခြင်းသဘော, အနှစ်အသားဟူ၍ မရှိသော သဘောရှိပါတကား- ဟု ဆင်ခြင်သော၊ ဝါ-မြင်သော ယောဂီသည် ကိစ္စဉာဏ်ဖြင့် မြင်သည်မည်၏။

ဤကဲ့သို့ ပရိညာသုံးပါး, ဉာဏ်သုံးပါးတို့ဖြင့် မြင်ရန်မှာ မြတ်စွာဘုရားထံတော်မှ လမ်းညွှန်နည်းပြ တရားစကားတော်ကို ကြားနာရမှုမရှိပါက လူတိုင်း၌ ထင်ရှား၍, ထင်ရှားမြင်တွေ့နေသော ရုပ်ကိုယ်ကြီးပင် ဖြစ်လျက် ပရိညာသုံးပါးဖြင့် အလိုအလျောက် မိမိဘာသာ သိမြင်နိုင်ကြမည် မဟုတ်သောကြောင့် သုတ္တာန ဗုဒ္ဓဝစန-ဟူသော ဂါထာ ဒေသနာတော်ကို ဟောတော်မူလေသည်။

တစ်နည်းမှာ သံသရာမှလွတ်ရေးကို ရှေးရှု၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သော ယောဂီသည် ဘိက္ခု မည်သင့်သောကြောင့်လည်းကောင်း ဘိက္ခုဟူ၍ခေါ်ကာ သုံးစွဲကာ ဟောတော်မူခြင်းဖြစ်သည်။ အဋ္ဌကထာဆရာ၏ အလိုအားဖြင့် ကာယဝိစ္ဆန္ဒနိကသုတ္တန် ဒေသနာတော်ကို နန္ဒာထေရီကိုလည်းကောင်း, အညတရ ရဟန်းကိုလည်းကောင်း အကြောင်းပြု၍ ဟောတော်မူသည်ဖြစ်သောကြောင့် ဘိက္ခု- ဟူ၍ သုံးတော်မူခြင်း ဖြစ်သည်ဟု ဆိုသည်။ သံသရာဘေးကို ရှုလေ့ရှိသောယောဂီဟူသမျှကို သဒ္ဒါနည်းအားဖြင့် ဘိက္ခု- ဟူ၍ သုံးတော် မူခြင်းဖြစ်သောကြောင့် သင့်လျော်သည်ချည်းပင်ဖြစ်ပေသည်။

## သိပြီးကျင့်မှ ဆန္ဒရာဂကို စွန့်နိုင်

နန္ဒာထေရီနှင့် အညတရ ရဟန်းတို့သည်၊ တစ်နည်း-ယောဂီပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် ပရိညာသုံးပါးတို့ဖြင့် ဟုတ်မှန်သောအတိုင်း ပိုင်းခြား၍ သိကြလေ သနည်း- ဟု လျှောက်ထားဖွယ်ရှိ၍-

(၁၁) ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။

ဟု မိန့်တော်မူသည်။

ဣဒံ သဝိညာဏကကာသုဘံ၊ ဤအသက်ရှိ အသုဘကောင်သည်။ အာယုဥသ္မာ–ဝိညာဏာနုပဂမာ၊ ရုပ်နာမ် ဇီဝိတ, ကမ္မဇတေဇော, ဝိညာဏ်တို့၏ မကင်းခြင်းကြောင့်။ စရတိ တိဋ္ဌတိ နိသီဒတိ သယတိ ယထာ၊ သွားမှု, ရပ်မှု, ထိုင်မှု, အိပ်မှုဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ စေတံ စေရဟိ သုသာနသယိတမ္ပိ၊ ယခု သုသာန်၌ အိပ်သည်ဖြစ်၍ တုံးလုံးပက်လက် လဲနေသော အသက်မဲ့ရုပ်ကောင်သည်လည်း။ ပုဗ္ဗေ၊ မသေမီ ရှေးအခါ၌။ တေသံ ဓမ္မာနံ၊ ထိုရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, ဝိညာဏ်တို့၏။ အနုပဂမာ၊ မကင်းခြင်း မချုပ်ခြင်းကြောင့်။ စရဏာဒိ၊ သွားခြင်းစသည်သည်။ အဟောသိ၊ ဖြစ်ဖူးခဲ့လေပြီ။ စေတံ စေရဟိ မတသရီရံ၊ ယခုသေသော ထိုရုပ်ကောင်သည်။ တေသံ ဓမ္မာနံ၊ ထိုရုပ်နာမ် ဇီဝိတ, ကမ္မဇတေဇော, ဝိညာဏ်တို့၏။ အပဂမာ၊ ချုပ်စဲ ပြတ်ကင်းခြင်းကြောင့်။ န စရဏာဒိယထာ၊ သွား, ရပ်, ထိုင်, လျောင်းခြင်းကို မပြု သကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံ သဝိညာဏကမ္ပိ– ဤအသက်ရှိသော ရုပ်ကောင် သည်လည်း။ တေသံ ဓမ္မာနံ၊ ထိုဇီဝိတစသော တရားတို့၏။ အပဂမေ၊ ကင်းပြတ်ချုပ်ငြိမ်း သည်ရှိသော်။ စရဏာဒိ၊ သွားခြင်းစသည်လည်း။ နဘဝိဿတိ၊ မဖြစ်ပေတော့လတ္တံ့။

အထက်ပါဂါထာ၏ ပုဗ္ဗမှဖြစ်သော ရှေ့နှစ်ပါဒတွင် ပထမပါဒဖြင့် ယောဂီ ပုဂ္ဂိုလ်သည် မိမိနှင့် သေသောရုပ်ကောင်ကို သဘာဝချင်းတူသည်ကိုပြုသဖြင့် အပဗဟိဒ္ဓ ကိုယ်၌စွဲ၍ဖြစ်သော ဒေါသကိလေသာကိုပယ်၏။ ဒုတိယပါဒဖြင့် သေသောရုပ်ကောင်နှင့် မိမိကိုယ်ကို သဘာဝချင်းတူသည်ကိုပြုသဖြင့် အတွင်းအဇ္ဈတ္တကိုစွဲ၍ ဖြစ်သောရာဂကို ပယ်၏။ သက်ရှိသက်မဲ့ ရုပ်ကောင်နှစ်မျိုးကို အတူပြုသဖြင့် မောဟကိုပယ်သည်မည်၏။ သေသောရုပ်ကောင်နှင့် မိမိရုပ် ခြားနားခြင်းမရှိသည်ကိုလည်းကောင်း, မိမိရုပ်ကောင်နှင့် သေသောရုပ်ကောင်၏ ထူးခြားခြင်းမရှိ၊ သဘာဝအားဖြင့် တူသည်ကိုလည်းကောင်း ဉာတပရိညာဖြင့် အမှန်အတိုင်းကို မြင်သောကြောင့် ဉာတပရိညာဖြစ်ပေါ်လျှင် မောဟ ဟူသောအဝိဇ္ဇာ ပပျောက်လေတော့သည်ဟု သိရာ၏။

(၁၁)အမှတ်ဂါထာ၏ နောက်နှစ်ပါဒအနက်ကို ပြန်ဆက်သည်။)

ယထာဘူတဉ္စ၊ ယိထာဘူတံ ဝေ၊ ဟုတ်မှန်သော အတိုင်းသာလျှင်။ ပရိဇာနိတွာ၊ ဉာတပရိညာဉာဏ်ဖြင့်သိပြီး၍။ ဝေ ပဋိပန္နော၊ ဤပြဆိုအပ်သည့်အတိုင်းကျင့်သော။ ဘိက္ခု၊ ယောဂီရဟန်းသည်။ အနုပုဗ္ဗေန၊ ပရိညာအစဉ်အားဖြင့်။ တစ်နည်း–ဝိသုဒ္ဓိခြောက်ပါး အစဉ်အားဖြင့်။ တစ်နည်း–မဂ်အစဉ်ဖြင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော။ ကာယေ၊ သက်ရှိကိုယ်၌လည်းကောင်း။ ဗဟိဒ္ဓါ၊ အပသန္တာန်၌ဖြစ်သော။ ကာယေ၊ သက်ရှိသက်မဲ့ ကိုယ်၌လည်းကောင်း။ ဆန္ဒံ၊ နှစ်သက်တွယ်တာတပ်မက်ခြင်းကို။ ဝိရာဇယေ၊ ပဟာနပရိညာ ဖြင့် ပယ်ခြင်းငှာ စွမ်းနိုင်ရာ၏။

၁၁–အမှတ်ဂါထာဒေသနာဖြင့် ဓမ္မသဝနပုဂ္ဂိုလ်၏ သေက္ခအရိယာဘုံသို့ ရောက် ခြင်းကိုပြဆိုပြီး၍ အသေက္ခ အရိယာဘုံသို့ ရောက်ခြင်းကို ဆက်လက်ဟောပြတော်မူလိုသော မြတ်စွာဘုရားသည် ၁၂–အမှတ်ဂါထာ ဒေသနာကို ဟောတော်မူသည်။

## ဆန္ဒရာဂ ကင်းလွတ်မှ နိဗ္ဗာန်ကိုရ

(၁၂) ဆန္ဒရာဂဝိရတ္တော သော၊ ဘိက္ခု ပညာဏဝါ ဣဓ။
အဇ္ဈဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။

ဣဓ၊ ဤသာသနာတော်၌။ ဝါ၊ သက်ရှိသက်မဲ့ အဇ္ဈတ္တဗဟိဒ္ဓဖြစ်သော ကိုယ်၌။ ဆန္ဒရာဂဝိရတ္တော၊ အချင်းခပ်သိမ်း ဆန္ဒရာဂကိုပယ်ခြင်းကြောင့် တပ်မက်ခြင်း ကင်းသော။ ပညာဏဝါ၊ အရဟတ္တမဂ်ပညာရှိသော။ သော ဘိက္ခု၊ မဂ်၏အခြားမဲ့၌ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ အမတံ၊ သေခြင်းကင်းသော။ သန္တိံ၊ ခပ်သိမ်းသော တေဘုမ္မက သင်္ခါရတရားတို့၏ ငြိမ်းအေးရာဖြစ်သော။ နိဗ္ဗာနံ၊ ဝါနမည်သော တဏှာမှ ထွက်မြောက်ရာဖြစ်သော။ အစ္စုတံ၊ စုတေရွေ့လျောခြင်း ကင်းသော။ ပဒံ၊ မဂ်ဉာဏ်စသည် ဖြင့် ရောက်အပ်သောနိဗ္ဗာန်သို့။ အဇ္ဈဂါ၊ ရောက်ပြီ။

ငါဘုရား၏ အဆုံးအမဖြစ်သော သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ယောဂီသည် နောက်ကအစီအစဉ်ဖြင့် နည်းလမ်းညွှန်ပြခဲ့သည့်အတိုင်း သက်ရှိကိုယ်၌ ဖြစ်စေ, သက်မဲ့ကိုယ်၌ဖြစ်စေ နှစ်သက်ဖွယ်ရာတစိုးတစိမျှမရှိ၊ အကာအတိ အပုပ်အသိုး တို့ဖြင့်သာ ပြည့်သည်ကို သိ၍ ထိုကိုယ်၌ နှစ်သက်တပ်မက်ခြင်းကင်းလျက် အောက်မဂ် အောက်ဖိုလ်တို့ကို ရပြီးသော သေက္ခအရိယာပုဂ္ဂိုလ်သည် ကိုယ်တွင်းကိုယ်ပ သက်ရှိသက်မဲ့ ဖြစ်သော ထိုရုပ်အပေါင်းဟူသောကိုယ်၌ အချင်းခပ်သိမ်း တပ်မက်သောတဏှာ လုံးဝ ကင်းသည်ဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ သေခြင်းကင်းသော သင်္ခါရဒုက္ခတို့၏ ငြိမ်းအေးရာ, ရွေ့လျောပျက်စီးခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်လေပြီဟု ဟောတော်မူသည်။

ဤသို့လျှင် သက်ရှိသက်မဲ့ဖြစ်သော ရူပကာယတည်းဟူသော အသုဘကမ္မဋ္ဌာန်း ကို မဂ်, ဖိုလ်, နိဗ္ဗာန်တိုင်အောင် အပြီးအဆုံးဟောကြားတော်မူပြီးလျှင် တစ်ဖန် ဒေသနာ တော် အကျဉ်းနည်းဖြင့် ဤမျှလောက် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ကြီးကျယ်မြင့်မြတ်၍ အကျိုးကျေးဇူးများသော တန်ခိုးအာနိသင်ရှိသော ကမ္မဋ္ဌာန်းကို အန္ဓ ရာယ်ပြုတတ်သော ပမာဒဝိဟာရ–ဟု ဆိုအပ်သောတရား၌ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် အမှုမဲ့, အမှတ်မဲ့နေခြင်း၏အပြစ်ကို ကဲ့ရဲ့ကာ ပြတော်မူလိုသော မြတ်စွာဘုရားသည် ဒွိပါဒကော– စသော ၂–ဂါထာကို ဟောတော်မူသည်။

## ပုပ်သိုး နံစော် ဇရဇလျှော်ပစ်ရ ကိုယ်ကာယ

(၁၃) ဒွိပါဒကောယံ= မသုစိ၊
ဒုဂ္ဂန္ဓော ပရိဟရတိ။
နာနာကုဏပ= ပရိပူရော၊
ဝိဿဝန္တော တတော တတော။

ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော။ အယံ ကာယော၊ ဤကိုယ်သည်။ အသုစိ၊ မစင်ကြယ်လျက်။ ဒုဂ္ဂန္ဓော၊ မကောင်းသောအနံ့ရှိလျက်။ နာနာကုဏပပရိပူရော၊

အထူးထူးသော အပုပ်အတိပြည့်လျက်။ တတော တတော၊ မျက်စိ, နား စသော ထိုထို ကိုယ်အရပ်မှ။ ဝိဿဝန္တေ၊ အထူးထူးအထွေထွေ ယိုစီးလျက်။ ဗာလော၊ လူမိုက်သည်။ နာနာဒီဟိ၊ ရေချိုးခြင်း စသည်တို့ဖြင့်။ ပရိဟရတိ၊ ရွံရှာဖွယ်တို့ကို သုတ်သင်ဖယ်ရှား၏။ ပုပ္ပဂန္ဓဝတ္ထာလင်္ကာရာဒီဟိ၊ ပန်း, နံ့သာ, အဝတ်တန်ဆာ စသည်တို့ဖြင့်။ ပရိဟရတိ၊ ကိုယ်လုံးဝန်းကျင် ပြုပြင်ဆောင်ရွက်၏။

အခြေနှစ်ချောင်းရှိသော လူ၏ကိုယ်သည် အမှန်အားဖြင့် မသန့်ရှင်း မစင်ကြယ် သည်သာဖြစ်၏။ ကောင်းမွန်မွှေးကြိုင်သော အနံ့မရှိရုံသာမဟုတ်၊ ပုပ်သိုး ညှီဟောင်သော အနံ့လည်းရှိ၏။ အထူးထူးအထွေထွေသောအပုပ်တို့ဖြင့် ပြည့်နှက်လျက်ရှိ၏။ ထိုထို မျက်စိပေါက်, နားပေါက်စသည်တို့မှ အညစ်အကြေးတို့သည် ယိုစီးလျက်ရှိ၏။ ယင်းသို့လျှင် အလွန်မနှစ်သက်ဖွယ်, ရွံရှာဖွယ်, စက်ဆုပ်ဖွယ်ဖြစ်သော ကိုယ်ကိုပင်လျှင် တရားမယှဉ် အမြင်မမှန်သော သူတို့သည် ရေချိုးခြင်း, သနပ်ခါး ပန်းနံ့သာ အမွှေးအကြိုင် လိမ်းကျံခြင်း, ပိုးဖဲကတ္တီပါ အဝတ်အရုံတို့ကို ဝတ်ရုံသုံးဆောင်ခြင်းဖြင့် အပုပ်အတိပြီးသော ကိုယ်ကို ကာကွယ်ဖုံးအုပ်ကာ မိမိကိုယ်ကိုလည်း မိမိနှစ်သက်မြတ်နိုး သာယာကြကုန်၏။ ဗဟိဒ္ဓ ဖြစ်သော အခြားသော ကိုယ်ကိုလည်း သာယာနှစ်သက် တပ်မက်စွဲလမ်းကြကုန်၏– ဟု အကျဉ်းချုပ် ဒေသနာတော်ဖြင့် ဟောတော်မူသည်။

## ပုပ်သိုးနေသောကိုယ်ဖြင့် တရားမမြင် မာန်ဝင်နေကြခြင်း

(၁၄) ဧတာဒိသေန ကာယေန၊
ယော မညေ ဥဏ္ဏမေတဝေ။
ပရံ ဝါ အဝဇာနေယျ၊
ကိမညတြ အဒဿနာ။

ဧတာဒိသေန၊ ဤပြဆိုအပ်ပြီးသောသဘောရှိသော။ ကာယေန၊ အပုပ်အသိုးအတိ ပြည့်သောကိုယ်ဖြင့်။ ယော၊ အကြင်တရားမယှဉ်ဉာဏ်မမြင်သောပုဂ္ဂိုလ်သည်။ ဥဏ္ဏမေ- တဝေ၊ မာန်တကြွားကြွားငါတကားဟုထောင်လွှားခြင်းငှာ။ မညေ၊ တဏှာအားဖြင့် ငါ့ကိုယ်, မာနအားဖြင့် ငါတကား, ဒိဋ္ဌိအားဖြင့်ငါ့ကိုယ်မြဲ၏ဟု အောက်မေ့မှတ်ထင်၏။ ပရံ ဝါ၊ သူတစ်ပါးကိုမူလည်း။ အဝဇာနေယျ၊ ဇာတိ– နာမ– ဂေါတ္တ စသည်ဖြင့် မထီမဲ့မြင် ရှုတ်ချရာ၏။ တံ ကာရဏံ၊ ထိုသူမိုက်၏ မိမိကိုယ်ကို ဘဝင်ကိုမြှင့် ချီးပင့်မြှောက်စား သူတစ်ပါးကို အောက်အဝီစိ ဆိုက်ဘိကောင်းဖွယ် နှိပ်နယ်ရှုတ်ချခြင်း၏အကြောင်းသည်။ အဒဿနာ၊ အရိယမဂ်ဖြင့် အရိယသစ္စာကို မမြင်ခြင်းဟူသော အဓိဂမ မရှိခြင်းကို။ ဝါ၊ ကာယဝိစ္ဆိန္ဒနိက သုတ္တန် ဟူသော အာဂမ, ထိုသုတ္တန်ဖြင့် ပြအပ်သော သုညတ စသည်ကို မမြင်ခြင်းကို။ အညတြ၊ ကြဉ်ထား၍။ ကိံ သိယာ၊ အဘယ်မှာ ဖြစ်ရာအံ့နည်း။ အာဂမာဓိဂမာဘာဝမေဝ၊ အာဂမဟူသောပရိယတ်, အဓိဂမဟူသော ပဋိဝေဓ မရှိခြင်းသည် သာလျှင်။ ကာရဏံ၊ ကိုယ့်ကိုမြှောက်စား သူတစ်ပါးကို ရှုတ်ချခြင်း၏ အကြောင်းရင်း ပေတည်း။

## ကာယာနုပဿနာဖြင့် နန္ဒာထေရီ ရဟန္တာမ,ဖြစ်ခြင်း

ဤဒေသနာတော် အဆုံး၌ နန္ဒာထေရီသည် "ငါကား အလွန်မှ မိုက်မဲခဲ့လေစွ တကား၊ ကိုယ်ခန္ဓာကို အကြောင်းပြု၍ ဤကဲ့သို့သော ဒေသနာတော်ကို ဟောကြားတော်မူသော မြတ်စွာဘုရားအားဖူးမြော်ကာ တရားနာရန်မလာမိခဲ့ပေ"ဟု သံဝေဂ ဖြစ်လေသည်။ သံဝေဂဖြစ်ပြီးနောက် ကာယဝိဉ္ဉနိက သုတ္တန် ဒေသနာတော်ကို ကောင်းစွာ နလုံးသွင်း ဆင်ခြင်၍ ထိုကာယာနုပဿနာကမ္မဋ္ဌာန်းဖြင့်သာလျှင် ၂-ရက်, ၃-ရက်အတွင်း၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသဖြင့် ခိဏာသဝ အဂ္ဂဒက္ခိဏေယျ ရဟန္တာထေရီမ အဖြစ်သို့ ရောက်လေပြီ။ ဤကား သာဝတ္ထိမြို့၌ နန္ဒာထေရီကိုအကြောင်းပြု၍ ဟောတော်မူခြင်းတည်း။

ရာဇဂြိုဟ်မြို့၌ အညတရ ရဟန်းကို အကြောင်းပြု၍ ဟောတော်မူသောအခါ၌ ကား တရားတော်အဆုံး၌ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့သည် အကျွတ်တရား ရကြကုန်၏။ သီရိမာနတ်သမီးသည်လည်း အနာဂါမိဖိုလ်သို့ ရောက်လေသည်။ အညတရ ရဟန်းသည်ကား သောတာပတ္တိဖိုလ်၌ တည်သည်- ဟုဆိုသည်။

ဤတရားစာအစ၌ ပြဆိုခဲ့သည့်အတိုင်း-

၁။ ရုပ်အစုအပေါင်း၏ အနှစ်သာရမရှိခြင်း၊

၂။ အမွေးနံ့သာတို့ဖြင့် ပြည့်သောရုပ် မဟုတ်ခြင်း၊

၃။ ရွံရှာစက်ဆုပ်ဖွယ်အတိပြည့်သော ရုပ်အပေါင်းမျှသာ ဖြစ်ခြင်း၊

၄။ တပ်မက်နှစ်သက်ဖွယ် မရှိခြင်း - ဟု ဆိုအပ်သော ကောဋ္ဌာသ ရုပ်အစုအပေါင်း၏ သဘောမှန်ကို ဉာဏ်ဖြင့် သိမြင်ကာ ထိုရုပ်အစုအပေါင်း၌ မှားယွင်းသောအမြင်ဖြင့် တပ်မက်နှစ်သက် တွယ်တာခဲ့သော တဏှာ, ငါတကားဟူသော မာန, ငါ့ကိုယ်ဟူသော ဒိဋ္ဌိတို့ကို ရန်သူကြီးတွေအဖြစ်ဖြင့် တွေ့မြင်၍ ထိုတဏှာ, မာန, ဒိဋ္ဌိတို့ကို ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြင့် တဖြည်းဖြည်း ခေါင်းပါး အားနည်းစေလျက် မဂ်ဉာဏ်အတန်တန်ဖြင့်ကျော်ကာ အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာတို့ကိုအကြွင်းမဲ့ ပယ်သတ်ငြိမ်းအေးစေသည်ဖြစ်၍ အာသဝေါ ကုန်ခန်းသော အဂ္ဂဒက္ခိဏေယျရဟန္တာ အဖြစ်သို့ နန္ဒာထေရီစသော သူတော်ကောင်းတို့ကဲ့သို့ ရောက်ကြရ၍ ဒုက္ခဇာတ်သိမ်း အငြိမ်းကြီး ငြိမ်းကြစေရန် ဤကာယာနုပဿနာတရားကို ကြည့်ရှု ကြားနာကြရသော သူတော်ကောင်း ရဟန်းရှင်လူအပေါင်းတို့သည်လည်း ရုပ်အစုအပေါင်း၏ အဖြစ်မှန်ကို ဝိပဿနာဉာဏ်အမြင်ဖြင့် ရှေးဦးစွာမြင်ကြပြီးလျှင် အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာ အပေါင်းကို အကြွင်းမဲ့ ပယ်သတ်နိုင်ကြသောအားဖြင့် ဒုက္ခဇာတ်သိမ်း အငြိမ်းကြီးငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ကာယဝိဉ္ဉနိကသုတ် ပြီး၏။

* * * * *

# ကာယာနုပဿနာကိုသင်ကြားရကျိုး

ရုပ်၌ ဆန္ဒရာဂကိုပယ်

ရူပံ ဘိက္ခဝေ န တုမှာကံ၊
ပံ ပဇဟေယျာထ ဘိက္ခဝေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ တုမှာကံ၊ သင်တို့၏ရုပ်သည်။ န၊ မဟုတ်။ ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ တံ၊ ထိုရုပ်ကို။ ပဇဟေယျာထ၊ ပယ်ကြ ကုန်လော့။

ချစ်သားရဟန်းတို့--ရုပ်သည် အသင်တို့မဟုတ်၊ သင်တို့သည် အမြင်အထင် အယူမှားကြသဖြင့် ဤရုပ်သည်ငါ၏ရုပ်၊ ဤရုပ်သည် ငါဖြစ်သည်စသည်ဖြင့် စွဲလမ်းနေကြသည်။ သင်တို့ကိုယ်မဟုတ်သောရုပ်, ငါ့ရုပ်ဟူ၍ မဆိုထိုက်သောရုပ်ကို ပယ်ကြ ကုန်လော့- ဟု မိန့်တော်မူသည်။ ရုပ်ကိုပယ်ရမည်ဟု မိန့်တော်မူရာ၌ ရုပ်ကို အဘယ် ကဲ့သို့ ပယ်ရမည်နည်း၊ ရုပ်ကို ပယ်ကောင်းပါ၏လော- ဟု သံသယဖြစ်ဖွယ်ရှိ၍-

ယော ဘိက္ခဝေ ရူပသ္မိံ ဆန္ဒရာဂေါ၊
တံ ပဇဟထ၊ ဧဝံ တံ ရူပံ ပဟီနံ ဘဝိဿတိ။

- ဟု ဟောတော်မူပြန်သည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပသ္မိံ၊ ရုပ်တရား၌။ ယော ဆန္ဒရာဂေါ၊ အကြင်တပ်မက် နှစ်သက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုရုပ်၌ တပ်မက်နှစ်သက်သော ဆန္ဒရာဂကို။ ပဇဟထ၊ ပယ်ကြကုန်လော့။ ဧဝံ၊ ဤသို့ ဆန္ဒရာဂကို ပယ်သည်ရှိသော်။ ရူပံ၊ ရုပ်ကို။ ပဟီနံ၊ ပယ်သည်မည်သည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။

ရဟန်းတို့ ရုပ်ကို ပယ်ရမည်ဆိုသည်မှာ ဥပစာအားဖြင့် တင်စား၍ သုံးခြင်း ဖြစ်သည်။ ဤရူပကာယကြီးသည် ငါဖြစ်သည်, ဤရုပ်သည် ငါ၏ရုပ်ဖြစ်သည်စသည်ဖြင့် ကောဋ္ဌာသအစုအဝေးဖြစ်သော ရုပ်အပေါင်းဟူသောကိုယ်၌ လိုချင်နှစ်သက် တပ်မက် တွယ်တာကြသောကြောင့် ဤရုပ်မျိုးတွေကို နောက်နောင်၌လည်း ရရှိလိုသောဆန္ဒဖြင့် တောင့်တကြသည်ဖြစ်၍ ဒုက္ခအစုမျှသာဖြစ်သော ရုပ်ကို ရရှိနေကြသဖြင့် သင်တို့သည်

ဒုက္ခမှ မလွတ်မြောက်နိုင်ဘဲ ရှိနေကြသည်။ သို့ဖြစ်၍ ထိုရုပ်၌ လိုချင်တပ်မက်သော ဆန္ဒရာဂတည်းဟူသော တဏှာကို ပယ်သတ်ကြကုန်။ ရုပ်ခန္ဓာအိမ်ကြီးကို ဆောက်လုပ်တတ်သော တဏှာတည်းဟူသော ဗိသုကာလက်သမားကို ပယ်သတ်ကြကုန်။ ရုပ်အစုအပေါင်း ရုပ်အိမ်ကို ဆောက်လုပ်တတ်သော, ဖြစ်စေတတ် ရစေတတ်သော တဏှာကိုပယ်သတ်လျှင် ရုပ်အိမ်ကြီးသည် နောက်တစ်ဖန် ဖြစ်တော့မည်မဟုတ်ချေ။ ယင်းသို့ရုပ်အိမ်သစ် တစ်ဖန် မဖြစ်ခြင်းကိုပင်လျှင် ရုပ်ကိုပယ်သည် မည်တော့သည်- ဟု ဟောတော်မူလိုရင်းဖြစ်သည်ကိုသိရှိကြကုန်သောယောဂီတို့သည် ကောဋ္ဌာသ အစုအပေါင်းသာလျှင် ဖြစ်သော ရုပ်ကို "ရုပ်သည်ငါမဟုတ်, ငါ့ရုပ်မဟုတ်, ဒုက္ခသက်သက်မျှသာဖြစ်သောရုပ်အစုအပေါင်း" ဟူ၍ ဉာဏ်ဖြင့်ရှုကာ ရုပ်၌တပ်မက်နှစ်သက်သော ဆန္ဒရာဂကို ပယ်ကြကုန်ရာသည်။

## တာဝေသသင်ကြားမှု မင်္ဂဖိုလ်ရကြောင်းအလုပ်

နန္ဒာထေရိတို့ကဲ့သို့ ဉာဏ်ပွင့်ကာ ချက်ချင်းအရဟတ္တဖိုလ်သို့ မရောက်နိုင်ကြစေကာမူ အားလျော့စိတ်ပျက် နောက်ဆုတ်၍မူကား မနေသင့်ကြပေ၊ အမြန်မရောက်သော်လည်း ဖြည်းဖြည်းချင်းရောက်ကြောင်းဖြစ်နိုင်သည်။ နိဗ္ဗာန်တည်းဟူသော ပန်းတိုင်ကိုသာအာရုံပြု၍ ရှေးရှု စိတ်စိုက်ထားရန်သာလျှင် လိုပေသည်။ ဤနေရာ၌ မိလိန္ဒမင်းကြီးအမေးနှင့် အရှင်နာဂသေနအဖြေကို သတိပြုသင့်ကြပေသည်။

အရှင်ဘုရား နာဂသေန-- မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို "ရဟန်းတို့ နိပ္ပဗ္ဗတရား၌ မွေ့လျော်ကြကုန်, နိပ္ပဗ္ဗတရား၌ ပျော်ပိုက်ကြကုန်"ဟု ဟောတော်မူပါသည်။ ဤသို့ဟောတော်မူရာ၌ နိပ္ပဗ္ဗ- ဟူသည်ကား အဘယ်တရားကို ဆိုလိုပါသနည်းဟု မေးလျှောက်၏။

မင်းကြီး သောတာပတ္တိဖိုလ်သည် နိပ္ပဗ္ဗ, သကဒါဂါမိဖိုလ်သည် နိပ္ပဗ္ဗ, အနာဂါမိဖိုလ်သည် နိပ္ပဗ္ဗ, အရဟတ္တဖိုလ်သည် နိပ္ပဗ္ဗ ဖြစ်သည်ဟု အရှင်နာဂသေနက ဖြေတော်မူသည်။

အရှင်ဘုရား-- ဖိုလ်လေးပါးတရားတို့သည် နိပ္ပဗ္ဗဖြစ်ပါလျှင် ရဟန်းတော်တို့သည် အဘယ့်ကြောင့် ထိုနိပ္ပဗ္ဗ တို့ကို အားမထုတ်ကြဘဲ ပါဠိတော်ကို သင်ကြားပို့ချခြင်း, အဋ္ဌကထာကို သင်ကြားပို့ချခြင်း, နဝကမ္မအမှုသစ်တို့ကို ပြုလုပ်ခြင်း, ဒါနပြုခြင်း, စေတီတော်တို့ကို ပူဇော်ခြင်း စသည်တို့ကို ပြုလုပ်နေကြပါသနည်း၊ နိပ္ပဗ္ဗတို့ကိုသာ အားထုတ်ပြုလုပ်သင့်သည်မဟုတ်ပါလော- ဟု တစ်ဖန်ထပ်၍လျှောက်၏။

မင်းကြီး အကြင် ရဟန်းတော်တို့သည် ပါဠိ အဋ္ဌကထာ သင်ကြားပို့ချခြင်း, နဝကမ္မပြုခြင်း, ဒါနပြုခြင်း, စေတီတော်တို့ကိုပူဇော်ခြင်းအမှုကို ပြုလုပ်ကြကုန်၏။ ထို ရဟန်းတော်တို့ အားလုံးတို့သည်လည်း နိပ္ပဗ္ဗသို့ ရောက်ခြင်းငှာသာလျှင် ပြုလုပ်အားထုတ်နေကြခြင်း ဖြစ်ပေသည်။

## ဝိပဿနာထုံခဲ့သူ မထုံခဲ့သူ နှစ်မျိုးရှိခြင်း

မင်းကြီး- အကြင်ပုဂ္ဂိုလ်တို့သည် ပကတိအားဖြင့် စင်ကြယ်သောကိလေသာ ခေါင်းပါးသောကိလေသာ ရှိကြကုန်၏။ ရှေးရှေးနေ့ရက်, ရှေးရှေးဘဝတို့က ဝိပဿနာ၌

လေ့လာဆည်းပူးခဲ့သော အထုံဝါသနာ ရှိခဲ့ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းတရား ဟောပြောသော မြတ်စွာဘုရားကဲ့သို့သော ဒေသက ပုဂ္ဂိုလ်ကို ဆည်းကပ်၍ တရားတော်ကို ကြားနာရသောအခါ တစ်ခဏချင်းဖြင့်ပင်လျှင် နိဗ္ဗာန်သို့ ရောက်နိုင်ကြပေသည်။

အချို့သောပုဂ္ဂိုလ်တို့သည်ကား ပကတိအားဖြင့် ကိလေသာခေါင်းပါး အားနည်းခြင်း မရှိကြကုန်သေး၊ ရှေးရှေးနေ့ရက်, ရှေးရှေးဘဝတို့ကလည်း အထုံဝါသနာနည်းပါးခဲ့ကြကုန်သေး၏။ ထိုပုဂ္ဂိုလ်တို့သည် ပါဠိအဋ္ဌကထာ သင်ကြားပို့ချခြင်း, နဝကမ္မပြုခြင်း, ဒါနပြုခြင်း, စေတီတော်တို့ကို ပူဇော်ခြင်းတို့ကို အားထုတ်ပြုလုပ်ခြင်းဖြင့်ပင် နိဗ္ဗာန်ကို အားထုတ်ကြခြင်း ဖြစ်ကုန်သည်ဟူ၍ ပြေကြားတော်မူသည်၊

မင်းကြီး- ဥပမာပြဦးအံ့၊ ကြီးကျယ်မြင့်မားသောသရက်ပင်ကြီးထိပ်ဖျား၌ သရက် သီးများ အခိုင်လိုက်, အပြွတ်လိုက်သီးလျက်ရှိသည်ဖြစ်ရာ တန်ခိုးရှိသော ပုဂ္ဂိုလ်တစ်ယောက် သောသူသည် ကောင်းကင်သို့ပျံတက်၍ အလွယ်တကူ ဆွတ်ခူး၍ ယူရာ၏။ တန်ခိုးမရှိသော သူမူကား တောသို့သွား၍ ဝါး, ကြိမ်, နွယ်တို့ကို ရှာဖွေခုတ်ယူကာ လှေကားပြုလုပ်ပြီးမှ လှေကားဖြင့် သရက်ပင်သို့တက်၍ ခူးဆွတ်ရာ၏။ တန်ခိုးမရှိ၍ တောသို့သွားကာ ဝါး, ကြိမ်, နွယ်တို့ကို ခုတ်ခြင်း, လှေကားပြုလုပ်ခြင်းတို့သည် သရက်သီး ခူးဆွတ်ရန်သာလျှင် ဖြစ်သကဲ့သို့ ထို့အတူ ပကတိအားဖြင့် ကိလေသာ ခေါင်းပါးခြင်း, အထုံဝါသနာရှိခဲ့ခြင်းမှကင်းသောပုဂ္ဂိုလ်တို့၏ ပါဠိအဋ္ဌကထာ သင်ယူခြင်း, ပို့ချခြင်း, ဒါနစသည် ပြုခြင်းတို့သည် နိဗ္ဗာန်သို့ ရောက်ခြင်းငှာသာလျှင် ဖြစ်ပေသည်ဟု ပြေကြားတော်မူသည်။

## အရှင်သာရိပုတ္တရာ၏ဘဝ်ပင် နာယူသင်ကြားရခြင်း

မင်းကြီး- ထိုထိုပြုဖွယ်ကိစ္စတို့၌ ပါဠိ အဋ္ဌကထာကို ချပို့သင်ကြားခြင်းသည် ကျေးဇူးများလှပေသည်၊ နဝကမ္မ အမှုသည်လည်း ကျေးဇူးများလှပေသည်၊ ဒါနပြုခြင်း, ပူဇော်ခြင်းတို့သည်လည်း ကျေးဇူးများလှပေသည်။ မင်းကြီး- အရှင်သာရိပုတ္တရာထေရ်သည် အတိုင်းအရှည်မရှိသော ကပ်ကမ္ဘာကို အစပြု၍ ဖြည့်ဆည်းပူးအပ်သော ပါရမီကုသိုလ်ကံ အရင်းရှိသည်ဖြစ်၍ မြတ်စွာဘုရားမှလွဲလျှင် ပညာအားဖြင့် အထွတ်အထိပ်သို့ရောက်သဖြင့် ပညာအရာ၌တူသူမရှိ၊ ဧတဒဂ်ဘွဲ့ထူးကိုရသော လက်ယာရံ အဂ္ဂသာဝကကြီး ဖြစ်တော်မူပါသည်။

လောကနာထံ ဌပေတွာန၊
ယေ စညေ အတ္ထိ ပါဏိနော။
ပညာယ သာရိပုတ္တဿ၊
ကလံ နာဂ္ဃန္တိ သောဠသိံ။

လောကေ၊ လောကသုံးရပ်၌။ လောကနာထံ၊ လူသုံးပါးတို့၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို။ ဌပေတွာန၊ ချန်ထား၍။ အညေ၊ မြတ်စွာဘုရားမှ တစ်ပါးကုန်သော။ ယေ ပါဏိနော၊ အကြင်ပုဂ္ဂိုလ်ဟူ၍ သတ္တဝါအပေါင်းတို့သည်။ သန္တိ၊ ထင်ရှားရှိကြကုန်၏။ တေသံ ပါဏီနံ ထိုသတ္တဝါတို့၏။ ပညာ၊ ပညာသည်။

သာရိ ပုတ္တသ၊ အရှင်သာရိပုတ္တရာထေရ်၏။ ပညာယ၊ ပညာ၏။ သောဠသိံ ကလံ၊ ၁၆ – စိတ် စိတ်၍ တစ်စိတ်ကိုမျှ။ နဂ္ဃတိ၊ မထိုက်ကုန်, မမီကုန်။ **တစ်နည်း:–** သောဠသိံ ကလံ၊ ၂၅၆ – စိတ် စိတ်၍ တစ်စိတ်ကိုမျှ။ နဂ္ဃတိ၊ မထိုက်ကုန်, မမီကြလေကုန်။

လောကသုံးပါး၌ရှိသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ သန္တာန်၌ရှိသော ပညာတွေကို တစ်ပုံ, ပုံ၊ အရှင်သာရိပုတ္တရာထေရ်၏ သန္တာန်၌ရှိသော ပညာကို တစ်ပုံ, ပုံ၊ ပညာနှစ်ပုံကို နှိုင်းယှဉ်ပါလျှင် လူနတ်ဗြဟ္မာအားလုံးတို့၏ ပညာသည် အရှင်သာရိပုတ္တရာထေရ်၏ ပညာကို ၁၆–ပုံ,ပုံ တစ်ပုံစာမျှ မမီပါ။ **တစ်နည်း:–** ၂၅၆–စိတ် စိတ်, ၂၅၆–ပုံ, ပုံ၍ တစ်ပုံစာမျှ မမီပါဟုဆိုသည်။ ဤမျှလောက် ပညာဉာဏ်ကြီးတော်မူသော အရှင်သာရိပုတ္တရာထေရ်သည် ပင်လျှင် တရားစကားကြားနာခြင်း, သင်ကြားနာယူခြင်းမှ ကင်းလျှင် အာသဝေါတရား ကုန်စေခြင်းငှာ မစွမ်းနိုင်ပေ။ သို့ကြောင့် ဘုရားစကားတော်, တရားတော်ဖြစ်သော ပါဠိအဋ္ဌကထာကို သင်ယူခြင်းသည် ကျေးဇူးများလှပေသည်-ဟု အရှင်နာဂသေနက ဖြေကြားတော်မူသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ပိဋကသုံးပုံကို အဋ္ဌကထာနှင့်တကွ ဆောင်ရွက်ပို့ချနေသော အရှင်ပေါဋ္ဌိလထေရ်သည် ပါဠိ အဋ္ဌကထာတို့ကို သင်ကြားပို့ချ၍ တရားတော်တည်းဟူသော စာပေပိဋကၡ အလေ့အလာပြုခဲ့သောအထုံ, ဗဟုသုတရှိသောကျေးဇူးတို့ကြောင့် တကယ်တမ်း **ဝိပဿနာ**တရားကို အားထုတ်သော အချိန်၌ မကြာမီပင် အရဟတ္တဖိုလ်သို့**ရောက်တော်**မူခြင်းသည် ပါဠိအဋ္ဌကထာ သင်ကြားပို့ချခြင်း၏ ကျေးဇူးဟူ၍ ဆိုရပေမည်။ ဤသည်တို့ကို ရည်ရွယ်၍ အရှင်နာဂသေနက ပါဠိ အဋ္ဌကထာ သင်ယူပို့ချခြင်းသည် ကျေးဇူးများလှပေသည်– ဟု ဖြေဆိုတော်မူခြင်း ဖြစ်သည်။

## ပရိယတ် ပယ်လျှင် ဘုရားကို ပယ်ရာကျပုံ

စကားအလျဉ်းသင့်၍ ပရိယတ္တိစာပေ သင်ကြားပို့ချခြင်းနှင့်စပ်၍ အနည်းငယ် ရေးရဦးမည်။ အချို့အချို့သောလူပုဂ္ဂိုလ်များနှင့် စာပေမသင်ကြားဖူးသော ကြီးမှုရဟန်းဖြစ်သော ယောဂီဆရာ, ကမ္မဋ္ဌာန်းဆရာလုပ်နေသောပုဂ္ဂိုလ်, အချို့ပုဂ္ဂိုလ်များသည် ပရိယတ္တိ ဂုဏ်ကျေးဇူးကိုမသိကြရာသဖြင့် ပရိယတ္တိကိုပို့ချသင်ကြား ဆောင်ရွက်နေသော သံဃာတော်, ဆရာတော်များကို ကဲ့ရဲ့ကြသည်၊ အထင်အမြင်သေးကြသည်၊ အကျိုးမဲ့ ကိစ္စဖြင့် အချိန်ကုန်နေကြသည် စသည်ဖြင့် ပြစ်တင်ရှုတ်ချကာ ပြောဆိုသံတို့ကို ကြားကြရပေသည်။ ထိုပုဂ္ဂိုလ်တို့၏ စေတနာကိုကား ချီးမွမ်းရပေမည်၊ ပဋိပတ္တိကို အားထုတ်စေလိုသော သမ္မာဆန္ဒဖြင့် ပြောကြခြင်းပင် ဖြစ်ပေလိမ့်မည်။ သို့သော် ထိုပုဂ္ဂိုလ်တို့၏ ဗဟုသုတ သာသနာဘက်၌ နည်းခြင်းကြောင့်လည်းကောင်း, ပရိယတ္တိ တန်ဖိုးနှင့် ဂုဏ်ကျေးဇူးကို မသိကြသောကြောင့်လည်းကောင်း, မြတ်စွာဘုရားကိုပင် ပယ်ရာရောက်သည်ကို မသိကြသောကြောင့် လည်းကောင်း, မိမိကိုယ်တိုင် အားထုတ် နေသည်ဆိုသော အစစ်အမှန်ဖြစ်သော ပဋိပတ်သည် အဘယ်မှာရှိသည်, အဘယ်မှ လာသည်ကို မသိကြသောကြောင့်လည်းကောင်း ပြောမှား, ဆိုမှား ဖြစ်နေကြသည်ဟုသာ လျှင် မှတ်ယူရပေသည်။

မိလိန္ဒမင်းကြီး အမေးကို အရှင်နာဂသေနဖြေကြားတော်မူသောစကားဖြင့်လည်း ပရိယတ္တိတည်းဟူသော ပါဠိအဋ္ဌကထာ သင်ကြားနာယူပို့ချခြင်းသည် အကျိုးမဲ့သော အလုပ်မဟုတ်၊ အကျိုးကျေးဇူးရှိသော အကျိုးကျေးဇူးများသော နိဗ္ဗာန်ဟူသော ဖိုလ်တရားများသို့ ရောက်ကြောင်း ဘာဝနာပဋိပတ်ပင်ဖြစ်ကြောင်း ပြဆိုခဲ့ပေပြီ။

## ပရိယတ်သည် ဘုရား၏ကိုယ်စားတော်

သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာသည် အရေးကြီးသော သာသနာ ဖြစ်ကြောင်း, မူလအခြေခံ ပဓာနသာသနာဖြစ်ကြောင်းကိုလည်း သိသင့်ကြပေသည်။

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ
ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

ဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင် အရှင်အာနန္ဒာအား မိန့်တော်မူခဲ့သည်။ "အာနန္ဒာ--- ငါဘုရားသည် သုတ္တန်, အဘိဓမ္မာတို့ကိုလည်းဟောကြားခဲ့ပြီ၊ ဝိနည်းကို လည်း ပညတ်ခဲ့ပြီ။ ထိုသုတ္တန်, အဘိဓမ္မာ, ဝိနည်းဟူသော ပရိယတ္တိသည် ငါဘုရား ပရိနိဗ္ဗာန် ပြုပြီးသောအခါ၌ သင်တို့၏ဆရာပင် ဖြစ်ပေလိမ့်မည်၊ ငါဘုရားကိုယ်စား ဘုရားအရာ၌ တည်ရစ်ပေလိမ့်မည်"ဟု မိန့်တော်မူခဲ့သည်။ မြတ်စွာဘုရား မိန့်တော်မူခဲ့သော ဤစကား တော်ကိုထောက်လျှင် ပရိယတ္တိသည် မြတ်စွာဘုရားကိုယ်တော်စား ဓမ္မစေတီတော်ဖြစ် သည်ကို သိရှိကြလျှင် ပရိယတ္တိကို မပြစ်မှားထိုက်ပေ၊ မပယ်ထိုက်ပေ။ ပရိယတ္တိကို ပယ်လျှင် မြတ်စွာဘုရားကို ပယ်ရာရောက်သည့်ပြင် သာသနာတော်ကိုလည်း ပယ်ရာ စော်ကားရာသို့ ရောက်လေသည်၊ ပရိယတ္တိ ကွယ်သောနေ့သည် သာသနာတော် ကွယ် သည်ပင်ဖြစ်သည်။ ပရိယတ္တိမှကင်းသော ပဋိပတ္တိသည်လည်း တက်မ, မပါသောလှေနှင့် တူလေသည်၊ တောင်ရမ်း မြောက်ရမ်း, တောင်တိုက် ကမ်းတိုက်ဖြစ်ကာ လှေနစ်၍ လှေစီးသူများပါ နစ်မွန်းသေကြေကြရသကဲ့သို့ နည်းလမ်းမမှန်သော ပရိယတ္တိကင်းသော ပဋိပတ္တိသမားသည်လည်း မဂ်ဖိုလ်တိုင်အောင် မရမရောက်သည့်အပြင် နစ်မွန်းတတ်သည်၊ ဘုရားကိုလည်း ပြစ်မှားရာရောက်လေသည်။

## ပရိယတ်၌သာ မဂ္ဂင်ရှစ်ပါးကို ရနိုင်ခြင်း

နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးတရား အစစ်အမှန်သည် ပရိယတ္တိ၌သာလျှင် ရှိလေသည်။

ဣမသ္မိံ ခေါ ပန သုဘဒ္ဒ ဓမ္မဝိနယေ အရိယော
အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ။

ဟူ၍ သုဘဒ္ဒပရိဗိုဇ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် တိတိကျကျ မိန့်တော်မူ ခဲ့သည်။ အချင်းသုဘဒ္ဒ – ဤ ငါဘုရား၏သာသနာမည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း ပရိယတ္တိ၌သာလျှင် မှန်ကန်သန့်ရှင်းသော အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်တရားကို ရရှိအပ်၏၊ နိဗ္ဗာန်ရောက်ကြောင်း ဝဋ်ဒုက္ခအပေါင်းမှလွတ်မြောက်ကြောင်းဖြစ်သော

မဂ္ဂင်တရားတော်သည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပရိယတ္တိ၌သာ ရှိပေသည်၊ ငါဘုရား၏ ပရိယတ္တိဟူသော သုတ္တန်, အဘိဓမ္မာ, ဝိနည်းတော်မှတစ်ပါး အခြားအယူဝါဒတို့၌ မရှိချေဟု မိန့်တော်မူခြင်းဖြစ်သည်။

## တံခွန်မထူသော ပရိယတ် ပဋိပတ် သံဃာတော်များ

အထက်၌ ဖော်ပြရေးသားခဲ့သော အကြောင်းအရပ်ရပ်တို့ကို ကြည့်ရှု ဆင်ခြင်ကြပြီးကာလ ပရိယတ္တိကို ပဋိပတ္တိထက်ပို၍ အလေးပေးကာ မြတ်မြတ်နိုးနိုး အားထားယုံကြည်ကြလျက် ပရိယတ္တိသာသနာတော် မပျောက်အောင် ဆောင်ရွက်တော်မူကြသော သံဃာတော်မြတ်တို့ကိုလည်း ကြည်ညိုလေးစားသင့်ကြသည်။ အရှင်မဟာကဿပစသော ရဟန္တာမထေရ်မြတ်ကြီးများအဆက်ဆက် ပထမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌသင်္ဂါယနာတင်တော်မူကြခြင်းသည် မြတ်စွာဘုရား၏ ပရိယတ္တိသာသနာ, မြတ်စွာဘုရား၏ ကိုယ်စားတော်ဓမ္မက္ခန္ဓာများ မပျောက်အောင် သင်္ဂါယနာတင်တော်မူခဲ့ကြခြင်းဖြစ်သည်။ ယနေ့ ပရိယတ္တိကို ဆောင်ရွက်ပို့ချ သင်ကြားသူမရှိလျှင် ယနေ့သာသနာတော်ကွယ်မည်ကို သတိပြုသင့်လှပေသည်။

ပရိယတ္တိကို ပို့ချအားထုတ်တော်မူကုန်သော သံဃာတော်ကြီးများသည် ပဋိပတ်ကို လျစ်လျူရှုနေကြသည်မဟုတ်၊ မိမိတို့ ရွက်ဆောင်လျက်ရှိသော ပရိယတ္တိမှ အရသာတည်းဟူသော အနှစ်အသားတရားတော်ကို အချိန်ရသလောက် နှလုံးသွင်းလျက် ဆင်ခြင်ပွားများလျက်ပင် ရှိကြပေသည်။ သို့သော်လည်း ထိုသံဃာတော်ကြီးများသည် တံခွန်စိုက်ထူ၍ကား မထားကြပေ၊ ချုံကွယ်ကနေ၍ သားကောင်ကိုချောင်းသော ကျားသစ်ကဲ့သို့ မထင်ပေါ်စေဘဲ သူတော်ကောင်းတရား, ရဟန်းတရားကို အားထုတ်တော်မူကြကုန်သော သံဃာတော်ကြီးများသည် ရှေးကလည်းရှိခဲ့ဖူးသည်၊ ယခုခေတ်၌လည်း အချို့အချို့ဒေသ၌ရှိတော်မူကြသည်ပင် ဖြစ်ပေသည်။

## နာကြားရုံဖြင့် မဂ်ဖိုလ်ရသူ

ရူပကာယ ရုပ်အပေါင်းအစုဖြစ်သော ကိုယ်ကို နှစ်သက်သာယာမက်မောသော တဏှာကိုပယ်ကြရာ၌ အဘိရူပ နန္ဒာထေရီ, ဇနပဒကလျာဏီ နန္ဒာထေရီ စသည်တို့ကဲ့သို့ ရှေးရှေးဘဝကာလတို့က ဖြည့်ဆည်းပူးခဲ့သော ပါရမီ, ဝိပဿနာဘက်၌ လေ့လာပွားများခြင်း, အထုံဝါသနာပြုခဲ့ခြင်းရှိသောပုဂ္ဂိုလ်တို့သည်ကား မိမိတို့၏ကိုယ်ကို အဆင်း၌ တပ်မက်နှစ်သက်ခြင်းရှိသည်ဟုဆိုရစေကာမူ ပါရမီအဟုန် ဝါသနာအထုံရှိခဲ့သူတို့ဖြစ်၍ မီးခဲပြာဖုံးပမာ မြတ်စွာဘုရားတည်းဟူသော ဒေသကပုဂ္ဂိုလ်, ကလျာဏမိတ္တတည်းဟူသော သပ္ပုရိသနိဿယ = သူတော်ကောင်းကို အမှီပြုကြရသောအခါ တရားဒေသနာတော်တည်း ဟူသော လေအဟုန်ကြောင့် ပြာနှင့်တူသော ကိလေသာတို့ကို မှုတ်လွှင့်လိုက်သောအချိန်၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်အဟုန်ကို့သည် ရဲရဲတောက်ဖြစ်ပေါ်လာကာ အရဟတ္တဖိုလ်တိုင်အောင် ဆိုက်ရောက်ကြလေသည်။

## ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ်ရသူ

ရေးရှေးသောဘဝ, ရှေးရှေးကာလတို့က ပါရမီတတ်ခံနည်းပါးကြခြင်း, ဝိပဿနာအလုပ်၌ အလေ့အလာ အထုံဝါသနာနည်းပါးခြင်းရှိသော သူတို့သည်ကား တရားစကားကို ကြားနာရကာမျှဖြင့် နိပ္ပဗ္ဗဖြစ်သော တရားထူးများကို လွယ်လွယ်ကူကူနှင့် မရနိုင်, မရောက်နိုင်ကြကုန်။ မြတ်စွာဘုရားအစရှိသော ကမ္မဋ္ဌာန်းဆရာထံမှ ကမ္မဋ္ဌာန်း အားထုတ်နည်းကို နာယူသင်ကြား မှတ်သားပြီးကာလ အာရုံငါးပါး ကင်းဆိတ်သောဌာန၌ နေကာ အားထုတ်မှသာလျှင် ဉာဏ်အနုအရင့်အားလျော်စွာ တရားထူးကို ရနိုင်ကြသည် ဖြစ်သောကြောင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့၏ အကျိုးငှာ ကာယာနုပဿနာ ကမ္မဋ္ဌာန်းကို အနည်းငယ်ဆက်လက်၍ ရေးမည်ဖြစ်သည်။

## ရုပ်၌ တပ်မက်မှုပယ်စွာ ကာယာနုပဿနာ

ခန္ဓာငါးပါးကို အသီးသီး ဝိပဿနာရှုရာ၌ နာမက္ခန္ဓာဖြစ်သောစိတ်, စေတသိက် တရားတို့သည် လျင်မြန်စွာ ဖြစ်ခြင်းပျက်ခြင်း ရှိသည်ဖြစ်၍ ထိုစိတ်, စေတသိက်တို့ကို အနိစ္စအားဖြင့်လည်းကောင်း, ဒုက္ခ, အနတ္တအားဖြင့် လည်းကောင်း ရှုလျှင် အနိစ္စလက္ခဏာ, ဒုက္ခ, အနတ္တ လက္ခဏာတို့ကို ရှုလွယ်သည်၊ ဉာဏ်ဖြင့် မြင်လွယ်သည်။ ရုပ်ခန္ဓာမှာမူကား အဖြစ်အပျက်ရှိသော်လည်း ရုပ်၏အဖြစ်အပျက်သဘောကို သာမန်အားဖြင့် မမြင်နိုင်ကြ။ အဘယ့်ကြောင့်ဟူမူ ဤ ရုပ်ခန္ဓာကြီးသည် နှစ်ပေါင်း တစ်ဆယ်, နှစ်ဆယ်မှစ၍ နှစ်ပေါင်း ကိုးဆယ်, တစ်ရာတိုင်အောင် သန္တတိအစဉ်အားဖြင့် မြင်တွေ့နေကြရသည်ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တအနေဖြင့်မြင်နိုင်ခဲကြသည်။ သို့ဖြစ်၍ ရုပ်ခန္ဓာကိုယ်ကို မျက်ဝါး ထင်ထင်ရှုမြင်ကြကာ ငြီးငွေ့စက်ဆုပ်၍ ရုပ်၏အပြစ် ဒေါသတို့ကိုမြင်သဖြင့် တပ်မက် နှစ်သက်ခြင်း ကင်းကြစေရန် ရုပ်ကို အသုဘသဘောအားဖြင့် အမြင်မှန် မြင်စေခြင်းငှာ ဥဒ္ဓိဲသာကာရ ဒေသနာတော်ကို ဟောတော်မူသည်။ ဤသည်ကို ရည်ညွှန်း၍ -

> အသုဘရုပ်၊ ဒုက္ခဝေဒနာ၊ သညာသခါရ၊ အနတ္တတည့်၊ အနိစ္စဝိညာဏ်၊ ဖြစ်ကြဟန် ဖန်ဖန်ရှုကုန်ကြ-

ဟူ၍ ဆရာတော်ကြီးများ စပ်ဆိုတော်မူကြသည်။ ရုပ်ကိုအသုဘသဘောဖြင့် ရှုပါဟု ဆိုလိုသည်။

## ကာယဂတာသတိ၏ ဂုဏ်ကျေးဇူး

မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း အဋ္ဌကထာ ဆရာများဖွင့်ဆိုတော် မူသည့်အတိုင်း ရှေးဆရာတော်ကြီးများ ဟောပြောရေးသားတော်မူသည့်အတိုင်း မှတည်၍ ရေးသားလတ္တံ့သော ဥဒ္ဓိဲသာကာရ အသုဘကမ္မဋ္ဌာန်းသည် မြတ်စွာဘုရားဖွင့်တော်မူ၍ ဟောတော်မူသည်မှ တစ်ပါး ရှေးရှေးမေတ်ကာလက ဖြစ်ပေါ်ဖူးသော တရားမဟုတ်။ ခပ်သိမ်းသော တိတ္ထိဆရာတို့၏ သိနိုင်သောအရာလည်း မဟုတ်ချေ။

ရဟန်းတို့ - တစ်ခုသောတရားကို ပွားများသည်ရှိသော် ကြိမ်ဖန်များစွာ

လေ့လာသည့်ရှိသော် ကြီးစွာသံဝေဂဖြစ်ခြင်းငှာ ဖြစ်၏၊ ကြီးစွာသော အကျိုးဖြစ်ခြင်းငှာ ဖြစ်၏၊ ကြီးစွာသော ယောဂလေးပါး ကုန်ခြင်းငှာဖြစ်၏၊ ကြီးစွာသော သတိသမ္ပဇဉ် ဖြစ်ခြင်းငှာဖြစ်၏၊ ဝိပဿနာဉာဏ်အမြင်ကိုရခြင်းငှာဖြစ်၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းငှာဖြစ်၏၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။ ရဟန်းတို့- တစ်ခုသော တရားဟူသည် အဘယ်နည်းဟူမူ "ကာယဂတာသတိ"တရားပင် ဖြစ်ပေသည်။

ရဟန်းတို့-- အကြင်ပုဂ္ဂိုလ်သည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မပွားများ မလေ့လာသည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် မသေရာဖြစ်သော အမြိုက်တရားကိုမသုံးဆောင်သော ပုဂ္ဂိုလ်မည်၏။ အကြင်ပုဂ္ဂိုလ်သည်ကား ကာယဂတာသတိ ကမ္မဋ္ဌာန်းကို ပွားများလေ့လာ၏၊ ထိုပုဂ္ဂိုလ်သည် မသေရာဖြစ်သော အမြိုက်တရားကို သုံးဆောင်သည်မည်၏- ဟူ၍ ကာယဂတာသတိ ကမ္မဋ္ဌာန်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူသည်။

ထိုမှတစ်ပါးလည်း ရဟန်းတို့- ကာယာနုပဿနာ, ကာယဂတာသတိ စသော ကမ္မဋ္ဌာန်းဒေသနာတော်သည် သတ္တဝါအပေါင်းတို့၏သန္တာန်၌ ကိလေသာတို့မှ စင်ကြယ် စေခြင်းငှာလည်းဖြစ်သည်၊ သောက ပရိဒေဝ-ဟူသော စိုးရိမ်ခြင်း, ငိုကြွေး မြည်တမ်းခြင်းတို့ကို လွန်မြောက် ကျော်လွှားနိုင်ခြင်းငှာလည်း ဖြစ်သည်၊ 'ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းအေးမြခြင်းငှာလည်း ဖြစ်သည်၊ မဂ်ဉာဏ်ကို ရခြင်းငှာလည်း ဖြစ်သည်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာလည်း ဖြစ်သည်-ဟူ၍ ဟောတော်မူခဲ့သည်။ ထို့ကြောင့် ဤကာယာနုပဿနာ၊ **တစ်နည်း**- ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စိတ်အား ထက်ထက်သန်သန် လိုလိုလားလား နှစ်နှစ်ကာကာ လေးလေးစားစား အာရုံပြု၍ အားထုတ် အပ်လှပေသည်။

ကာယဂတာသတိဖြင့် ကူးပြီး, ကူးဆဲ, ကူးလတ္တံ့.

သဟမ္ပတိဗြဟ္မာကြီးကလည်း-

ကာယနံ့ ဇာတိခယန္တ ဒဿီ၊
မဂ္ဂံ ပဇာနာတိ ဟိတာနုကမ္ပီ။
ဧတေန မဂ္ဂေန တရိံသု ပုဗ္ဗေ၊
တရိဿန္တိ ယေ စ တရန္တိ ဩဃံ။

ဟူ၍ ကျူးရင့်ခဲ့လေပြီ။

ဇာတိခယန္တဒဿီ၊ ဇာတိ၏ကုန်ဆုံးရာနိဗ္ဗာန်ကို မြင်တော်မူသော။ ဟိတာနုကမ္ပီ၊ သတ္တဝါတို့၏ အစီးအပွားကိုလိုလားကာ သနားကြင်နာတော်မူသော မြတ်စွာဘုရားသည်။ ကာယနံ၊ နိဗ္ဗာန်ရောက်ရာ တစ်ကြောင်းတည်းဖြစ်သော။ မဂ္ဂံ၊ လမ်းကို။ ဝါ၊ မဂ္ဂင် ရှစ်ပါးကို။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။

ဧတေန မဂ္ဂေန၊ ဤမဂ္ဂင်လမ်းဖြင့်။ ပုဗ္ဗေ၊ ရှေးရှေးကပ်ကမ္ဘာ ရှေးအခါ၌။ ယေ စ ဗုဒ္ဓါဒယော၊ အကြင် ဘုရားရှင်စသော အရိယာတို့သည်လည်း။ ဩဃံ၊

ဩဃလေးပါး တည်းဟူသော မဟာသမုဒ္ဒရာကို။ တရိံသု၊ ကူးမြောက်တော်မူကြလေကုန်ပြီ။ ဣဒါနိ၊ ယခု မျက်မှောက်ကာလ၌လည်း။ ဧတေန မဂ္ဂေန၊ ဤမဂ္ဂင်လမ်းဖြင့်ပင်။ ယေ စ ဗုဒ္ဓါဒယော၊ အကြင်ဘုရားစသော အရိယာ တို့သည်လည်း။ ဩဃံ၊ ဩဃလေးပါးတည်းဟူသော မဟာသမုဒ္ဒရာကို။ တရန္တိ၊ ကူးမြောက်တော်မူကြကုန်ဆဲဖြစ်ကုန်၏။ အနာဂတေပိ၊ အနာဂတ် ကာလ၌လည်း။ ဧတေန မဂ္ဂေန၊ ဤမဂ္ဂင်လမ်းဖြင့်ပင်။ ယေ စ ဗုဒ္ဓါဒယော၊ အကြင် ဘုရားစသော အရိယာတို့သည်လည်း။ ဩဃံ၊ ဩဃလေးပါးတည်းဟူ[illegible] မဟာသမုဒ္ဒရာကို။ တရိဿန္တိ၊ ကူးမြောက်တော်မူကြကုန်ဦးလတ္တံ့။

မဂ္ဂင်ရှစ်ပါးတရေးတည်းဟူသော ကာယာနုပဿနာ ကာယဂတာသတိကမ္မဋ္ဌာန်းတရားဖြင့်သာလျှင် ရှေးရှေးကပ်ကမ္ဘာကာလ ပွင့်တော်မူကြကုန်သော ဘုရားရှင်စသော အရိယာပုဂ္ဂိုလ်တို့သည် ဩဃလေးပါးကို ကူးမြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်တော်မူကြကုန်ပြီ။ ယခုမျက်မှောက်ကာလ၌ ဖြစ်တော်မူဆဲသော မြတ်စွာဘုရားနှင့်တကွ အရိယာပုဂ္ဂိုလ်တို့သည်လည်း ဤကာယာနုပဿနာမဂ္ဂင်တရားဖြင့်သာလျှင် ဩဃလေးပါးကို ကူးမြောက်၍ နိဗ္ဗာန်ကို ဆိုက်ရောက်တော်မူကြကုန်၏။ နောင်ပွင့်တော်မူလတ္တံ့ဖြစ်သော ဘုရားရှင်တို့နှင့်တကွ အရိယာပုဂ္ဂိုလ်တို့သည်လည်း ဤကာယာနုပဿနာ မဂ္ဂင်တ[illegible] ဖြင့်သာလျှင် ဩဃလေးပါးကို ကူးမြောက်၍ နိဗ္ဗာန်သို့ရောက်တော်မူကြကုန်မည်ပင်ဖြစ်ပေသည်- ဟု ကျူးရင့်ခြင်းဖြစ်သည်။ သဟမ္ပတိဗြဟ္မာကြီး၏ ကျူးရင့်သံကို ကြားသိရသဖြင့်လည်း ကာယာနုပဿနာဟူသော ကာယဂတာသတိကမ္မဋ္ဌာန်းတည်းဟူသော လမ်းကို အားထုတ်ခြင်း၌ အားရှိဖွယ် တက်ကြွဖွယ်ကောင်းလှပေသည်။

ကာယာနုပဿနာ ကမ္မဋ္ဌာန်းတရား၏ ကျေးဇူးဂုဏ်တို့ကို အထိုက်အလျောက် ထုတ်ဆောင်ပြဆိုခြင်းသည် ဤတရားမျိုးကို ရခဲကြုံခဲ၍ ဖြစ်သည်။ ဘုရားရှင် တစ်ဆူ တစ်ဆူ ပွင့်ထွန်းတော်မူသောအခါမှသာလျှင် ကြားနာရကြသည်။ သာသနာတော်နှင့် ကြုံကြိုက်မှ ကြားရနာရသည်။ ကြားနာရသော်မှသာ လိုက်နာအားထုတ်နိုင်သည်ဖြစ်၍ သာသနာတော်နှင့် ကြုံကြိုက်ခိုက်, ကြားနာရခိုက်, အားထုတ်ခွင့်ရရှိခိုက်၌ အနည်းဆုံးအားဖြင့် ဥပနိဿယပစ္စည်းအဖြစ် အထုံဝါသနာပင် ဖြစ်ကြစေလိုသောဆန္ဒဖြင့် ကာယာနုပဿနာ ကမ္မဋ္ဌာန်းတရား၏ ဂုဏ်ကျေးဇူးကို ဤမျှလောက် ထုတ်ဆောင်၍ပြခြင်းဖြစ်ပေသည်။

ကာယာနုပဿနာကို သင်ကြားရကျိုးပြီး၏။

* * * * *

# ဒွတ္တိံသာကာရကမ္မဋ္ဌာန်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ-

"အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ-"

ဟူ၍ ပဋိကူလ မနသိကာရအားဖြင့် ဟောတော်မူသော ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ကာယဂတာသတိကမ္မဋ္ဌာန်း, ကာယာနုပဿနာကမ္မဋ္ဌာန်းဟူ၍ ဆိုအပ်၏။

ဘိက္ခဝေ၊ ခန္ဓာတည်းဟူသော သံသရာဘေးကို ရှုလေ့ရှိသောရဟန်းတို့။ ပုန စပရံ၊ တစ်ပါးတုံလည်း။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းသည်။ ပါဒတလာ၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်ခြေဖဝါးတိုင်အောင်။ တစပရိယန္တံ၊ ဖော်ဝန်းကျင် အရေလျှင် အပိုင်းအခြားရှိသော။ နာနပ္ပကာရဿ၊ အထူးထူးအပြားပြားသော။ အသုစိနော၊ ဆံပင်, မွေးညင်းစသော မစင်အပေါင်းဖြင့်။ ပူရံ၊ ပြည့်သော။ ဣမမေဝ ကာယံ၊ လေးပါးဘုတ်မှီ ပုပ်နံ့ညှီသည့် ဤကောဋ္ဌာသအစုကိုသာလျှင်။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ။ ပ။ မုတ္တန္တိ၊ မုတ္တံဟူ၍။ ပစ္စဝေက္ခတိ၊ အဖန်ဖန်ပင် ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်ကြည့်ရှု၏။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ဟု ကျမ်းဂန်လာသည့်အတိုင်း ခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ရာဖြစ်သော သံသရာဘေးကို မြော်တွေးကြောက်လန့်၍ သံသရာကို ပြတ်စေလို, တိုစေလိုသော ယောဂီသည် ဤတစ်လံမျှလောက်သော ရုပ်အစုကိုပင်လျှင် ခြေဖဝါးအပြင်မှ

ဆံဖျားတိုင်အောင်, ဆံဖျားမှသည် ခြေဖဝါးတိုင်အောင် ဘေးပတ်ဝန်းကျင် အရေလျှင် အပိုင်းအခြားရှိသော ကိုယ်၌ ဆံပင်, မွေးညှင်းစသော ညစ်ကြေးသော ကောဋ္ဌာသအစု တို့ဖြင့်သာလျှင် ပြည့်လျက်ရှိ၏တကား- ဟူ၍ ဉာဏ်မျက်စိဖြင့် အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ်ရမည်၊ ဆင်ခြင်ပါလေ- ဟု ဟောတော်မူသည်။

## ပလိဗောဓကြီး ၁၀-ပါး

ယင်းသို့လျှင် သံသရာဘေးကိုမြင်၍ နည်းလမ်းမှန်ကန်စွာဖြင့် အားထုတ်လိုသော ယောဂီသည် အဋ္ဌကထာတို့၌ ညွှန်ပြသည့်အတိုင်း ပလိဗောဓကြီး ဆယ်ပါးကို ပထမ ပယ်ရ, ရှင်းရမည်။

ပလိဗောဓကြီး ဆယ်ပါးဟူသည်ကား-

၁။ အာဝါသပလိဗောဓ-ကျောင်းနှင့်စပ်၍ကြောင့်ကြမှု၊ (အနှောင့်အယှက်ရှိမှုကိုဆိုသည်။)

၂။ ကုလပလိဗောဓ- ဒါယကာ, ဒါယိကာမနှင့်စပ်သော ကြောင့်ကြမှု၊

၃။ လာဘပလိဗောဓ-ပစ္စည်းလာဘ်လာဘနှင့်စပ်သော ကြောင့်ကြမှု၊

၄။ ဂဏပလိဗောဓ-သုတ္တန်ဆောင်ဂိုဏ်းစသည်နှင့်စပ်သော ကြောင့်ကြမှု၊ (အပေါင်းအသင်းနှင့်စပ်သော ကြောင့်ကြမှုကို ဆိုသည်။)

၅။ ကမ္မပလိဗောဓ-နဝကမ္မအမှုနှင့်စပ်သော ကြောင့်ကြမှု၊

၆။ အဒ္ဓါနပလိဗောဓ-ခရီးသွားခြင်းနှင့်စပ်သော ကြောင့်ကြမှု၊

၇။ ဉာတိပလိဗောဓ-ဆွေမျိုးမိဘနှင့်စပ်သော ကြောင့်ကြမှု၊

၈။ အာဗာဓပလိဗောဓ-ရောဂါနှင့်စပ်သော ကြောင့်ကြမှု၊

၉။ ဂန္ထပလိဗောဓ-ဆောင်ရွက်သင်ကြားအပ်သော စာပေကျမ်းဂန်နှင့်စပ်သော ကြောင့်ကြမှု။

၁၀။ ဣဒ္ဓိပလိဗောဓ- ဝိပဿနာ၏ အနှောင့်အယှက်ဖြစ်သော ပုထုဇဉ်တို့၏ တန်ခိုးဟူသော ကြောင့်ကြမှု။

ဤဆယ်ပါးတို့သည် တရားအားထုတ်သော ယောဂီ၌ အနှောင့်အယှက်ဖြစ်တတ်သောကြောင့် တရားအားမထုတ်မီ ကြိုတင်၍ ဤပလိဗောဓတို့ကို ရှင်းလင်းစေရမည်ဟု ဆိုသည်။

ဤပလိဗောဓဆယ်ပါးတို့တွင် တစ်ပါးရှိနေလျှင် ကမ္မဋ္ဌာန်းအာရုံမရနိုင်၊ သမာဓိမဖြစ်နိုင်။ ပလိဗောဓအသေးသီးကို ဖြတ်ပုံ ကင်းစေပုံတို့ကို အဋ္ဌကထာ၌ ဖွင့်ဆိုသည့်အတိုင်း ဖော်ပြရမူ အလွန်ကျယ်ဝန်းသွားမည် ဖြစ်သည်။ သို့ကြောင့် ပလိဗောဓ တစ်ပါးပါးရှိလျှင်ပင် ကမ္မဋ္ဌာန်းအလုပ်၌ အနှောင့်အယှက်ဖြစ်သည်ကိုသိ၍ ယောဂီသည် တရားအားမထုတ်မီ တတ်နိုင်သမျှ ပလိဗောဓ လွတ်ကင်းအောင်, ရှင်းအောင် ကြိုတင် စီမံရမည်ဖြစ်သည်။ ဣဒ္ဓိပလိဗောဓသည်ကား ဝိပဿနာ၏ အနှောင့်အယှက်သာလျှင် ဖြစ်သည်၊ သမထ၏ အနှောင့်အယှက်မဖြစ်ဟု ဆိုသည်။ သို့ကြောင့် သမထအရာ၌ ဣဒ္ဓိကို ဖြတ်ဖွယ်မရှိဟု မှတ်ရမည်။

## ကမ္မဋ္ဌာန်း ပေးတတ် ဆရာမြတ်

ပလိဗောဓတို့ကို ဖြတ်တောက်ရှင်းလင်းပြီးကာလ ကမ္မဋ္ဌာန်းပေးတတ် ပြတတ်သော မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တအစစ် ကမ္မဋ္ဌာန်းဆရာထံ၌ဖြစ်စေ, မြတ်စွာဘုရားမရှိက အသီတိမဟာသာဝကကြီးတို့တွင် တစ်ပါးပါး၌ဖြစ်စေ, မဟာသာဝကကြီးများ မရှိလျှင်လည်း-

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စ ဋ္ဌာနေ နိယောဇယေ။

ဟူသည်နှင့်အညီ-

၁။ သီလနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်နိုးအပ်သော ဂုဏ်၊

၂။ ကျောက်ထီးတမျှ အလေးယူအပ်သော ဂုဏ်၊

၃။ ချီးမွမ်းထိုက်သောဂုဏ်၊

၄။ ကဲ့ရဲ့ပြစ်တင် ဆုံးမပြောဆိုတတ်သောဂုဏ်၊

၅။ ကဲ့ရဲ့ပြစ်တင် ပြောဆိုသည်ကို သည်းခံနိုင်သောဂုဏ်၊

၆။ နက်နဲသော တရားစကားကိုသာ ပြောဟောတတ်သောဂုဏ်၊

၇။ အကျိုးစီးပွား မဖြစ်ထွန်းသော အမှုကိစ္စ၌ မပြုစေတတ်သောဂုဏ်။

ဤခုနစ်ပါးသော ဂုဏ်တို့နှင့်လည်း ပြည့်စုံရမည်။

ထိုမှတစ်ပါး သီတင်းသုံးဖော်နှင့် တပည့်တပန်းတို့ မြတ်နိုးကြောင်းဖြစ်သော-

၁။ မြတ်စွာဘုရားနှင့်တကွ တရားတော်၌ ယုံကြည်ခြင်းဂုဏ်၊

၂။ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသောဂုဏ်၊

၃။ ဗဟုသုတရှိသော ဂုဏ်၊

၄။ စွန့်လွှတ်ပေးကမ်းခြင်း ဂုဏ်၊

၅။ ကောင်းမှုကုသိုလ်တို့၌ မမေ့သောသတိရှိသောဂုဏ်၊

၆။ မဖောက်မပြန် အမြင်မှန်ရှိသောဂုဏ်၊

၇။ တည်ကြည်သောဂုဏ်၊

၈။ အကျိုးစီးပွားရှိရာ၌ ဝီရိယရှိသောဂုဏ်။

ဤ အင်္ဂါရှစ်ပါးနှင့်လည်းပြည့်စုံသော ကလျာဏမိတ္တရဟန္တာဖြစ်သော ဆရာထံ၌ဖြစ်စေ, ရဟန္တာမရှိက အနာဂါမ်, အနာဂါမ်မရှိက သကဒါဂါမ်, သကဒါဂါမ်မရှိက သောတာပန်, သောတာပန်မရှိက ဈာန်ရပုဂ္ဂိုလ်, သို့မှမရှိလျှင် ပဋိကသုံးပုံဆောင်, နှစ်ပုံဆောင်, တစ်ပုံဆောင်စသော ဗဟုသုတရေ လဇ္ဇီကုက္ကုစ္စက သိက္ခာကာမ ပုဂ္ဂိုလ်တို့ထံ၌ ဆည်းကပ်ရမည်။ ဆရာဖြစ်သော ပုဂ္ဂိုလ်သည် မိမိအပေါ်၌ ကျေနပ်မြတ်နိုးသည့်တိုင်အောင် ဝတ်နိဗဒ်တို့ကိုပြု၍ မိမိကိုယ်ကို ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းရမည်။

"မြတ်စွာဘုရား-- ဘုရားတပည့်တော်၏ ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းပါ၏၊ အပ်နှင်းပါ၏ဘုရား"ဟု အပ်နှင်းရမည်။ ဘုရားမရှိက ဆည်းကပ်သင့်သော ကမ္မဋ္ဌာန်းဆရာအားအပ်နှင်းရမည်။ ဤသို့ ကမ္မဋ္ဌာန်းဆရာအား ခန္ဓာကိုယ်ကို အပ်နှင်းရသော အကျိုးမှာ ကြီးကြီးငယ်ငယ် ကြောက်မက်ဖွယ် ဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့လျှင် မိမိ ကိုယ်ကို ဘုရားအား, ကမ္မဋ္ဌာန်းဆရာအား စွန့်လွှတ်လှူဒါန်းပြီးဖြစ်သောကြောင့် ခန္ဓာကိုယ်၌ခင်မင်တွယ်တာမှုမရှိသဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ၊ သည်းခံနိုင်သော အကျိုးကို ရရှိသည်ဟုဆိုသည်။

ရှောင်ကြဉ်သင့်သောဌာန ၁၈-ပါး

ထိုနောက် ကမ္မဋ္ဌာန်းပေးသော ဆရာထံမှ ကမ္မဋ္ဌာန်းနည်း နိဿယကို ရိုသေလေးစားစွာ သင်ကြားနာယူပြီးကာလ ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သောဌာနကို ရွေးချယ်ရာ၌ မရွေးချယ်သင့် ပယ်သင့်သောဌာန ၁၈-မျိုးကို သိရှိကာ ရှောင်ကြဉ်ရမည် ဖြစ်သည်။ ရှောင်ကြဉ်ရန် ဌာန ၁၈-မျိုး ဟူသည်မှာ-

၁။ ဆန္ဒအမျိုးမျိုးရှိသော ပုဂ္ဂိုလ်တို့ရောနှော၍ နေရာဖြစ်သော ကျောင်းကြီး၊ (အဆောက်အအုံကြီး။)
၂။ နဝကမ္မကိစ္စများသော ကျောင်းသစ်၊
၃။ ပြုပြင်ဖွယ်ကိစ္စများသော ကျောင်းအို, ကျောင်းဟောင်း၊
၄။ လမ်းမနှင့် နီးသောကျောင်း၊
၅။ ရှင်လူတို့ ရေပြွမ်းရာ ရေကန်, ရေအိုင်နီးသောကျောင်း၊
၆။ ဟင်းရွက်တော နီးသောကျောင်း၊
၇။ ပန်းတော နီးသောကျောင်း၊
၈။ သစ်သီးပင်ရှိသောကျောင်း၊
၉။ သာယာမွေ့လျော်ဖွယ်ရှိ၍ လူစုံလာတတ်သောကျောင်း၊
၁၀။ မြို့ကျောင်း, ရွာကျောင်း၊
၁၁။ ထင်းတောနီးသောကျောင်း၊
၁၂။ လယ်တောနီးသောကျောင်း၊
၁၃။ ရဟန်းဖြစ်သော ရန်သူရှိသောကျောင်း၊
၁၄။ လှေဆိပ်, လှည်းဆိပ်, ကားဆိပ်, ရထားဆိပ်, သင်္ဘောဆိပ် နီးသောကျောင်း၊
၁၅။ ကိုင်းစွန် ပြည်စွန် ကျသောကျောင်း၊
၁၆။ တိုင်းကြပ်မှာကို မှီသောကျောင်း၊
၁၇။ မာတုဂါမဘေး, ယက္ခဘေးစသည်နီး၍ မပျော်ပတ်သောကျောင်း၊
၁၈။ မိတ်ဆွေကောင်း မနီးသောကျောင်း။

ဤ ၁၈-မျိုး တောကျောင်းဟု ဆိုအပ်သော ဌာနတို့ကို ခြသေ့်, သစ်ကျားသားရဲဘေးရန်, သူခိုးဓားပြဘေးရန်ရှိသော ဌာနတို့ကဲ့သို့ ရှောင်ကြဉ်ရပေမည်။

## ပြည့်စုံသင့်သော အင်္ဂါ ၅-ပါး

ရှောင်ကြဉ်သင့်သော ၁၈-မျိုးသော ဌာနတို့ကို ရှောင်ကြဉ်ပြီးသော ယောဂီအား သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အင်္ဂါငါးပါးနှင့် ပြည့်စုံသောကျောင်းကို ညွှန်ပြပြန်လိုသည်မှာ-

၁။ ရွာနှင့် မနီးလွန်းသောကျောင်း၊

၂။ ရွာနှင့် မဝေးလွန်းသောကျောင်း၊

၃။ ရှင်လူတို့ မရောပြွမ်းသောကျောင်း၊

၄။ မှက်ခြင်နည်းပါးသောကျောင်း၊

၅။ ပစ္စည်းလေးပါးမှုတစ်၍ သဘာဝမိတ်ဆွေရှိသောကျောင်း။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်း၊ သို့မဟုတ် ဌာနမှာနေ၍ မိမိသန္တာန်၌-

၁။ ဘုရားတရား၌ ယုံကြည်ခြင်း၊

၂။ ရောဂါကင်းခြင်း၊

၃။ ကောက်ကျစ်စဉ်းလဲမရှိခြင်း၊

၄။ အားထုတ်အပ်သော ဝီရိယရှိခြင်း၊

၅။ ပဋိသန္ဓေပါ ပညာဉာဏ်ရှိခြင်း။

ဤ ပဓာနိယင် အင်္ဂါငါးပါးနှင့် ပြည့်စုံစေလျက် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရာသည်။

## ပလိဗောဓကလေးများကို သုတ်သင်

ထို့ပြင်ပလိဗောဓကလေးများရှိသေးရာ ထိုပလိဗောဓကလေးများကိုလည်း ပယ်ပါလေဦးဟုညွှန်ပြပြန်သည်။ ၎င်းတို့သည်ကား- ဆံပင်ရိတ်ခြင်း, ခြေသည်း- လက်သည်းဖြတ်ခြင်း, သင်္ကန်းချုပ်ရန် ဆိုးရန်ရှိက ချုပ်ခြင်း, ဆိုးခြင်း, သပိတ်ဖုတ် သင့်ကဖုတ်ခြင်း, အိပ်ရာနေရာ ညောင်စောင်း ခုတင် စသည်တို့ကို သုတ်သင်ရှင်းလင်းခြင်း စသည်တို့ကိုလည်း ပြုလုပ်ပါလေဦး။ သို့မှ စိတ်ကြည်လင်သန့်ရှင်း၍ ကမ္မဋ္ဌာန်းအာရုံ ထင်မြင်လွယ်သည်ဟု ဆိုသည်။

ပလိဗောဓကလေးများကို ပြုပြင် ရှင်းလင်းစေပြီးလျှင် ဆွမ်းကြောင့်ဖြစ်သော လေးလံထိုင်းမှိုင်းခြင်း, အိပ်ချင်ခြင်း စသည်တို့ကို ပယ်ဖျောက်ခြင်းငှာ အခိုက်အတန့် လျှောက်ခြင်းဖြင့် ဖြစ်စေ, စင်္ကြံလျှောက်ခြင်း, ရေချိုးခြင်း စသည်ဖြင့်ဖြစ်စေ ငြိမ်းအေးစေ၍

သင့်တင့်လျောက်ပတ် သပ္ပာယဖြစ်သောနေရာ၌ မြတ်စွာဘုရားဂုဏ်တော်ကို ရှေးဦးစွာ အာရုံပြုပြီးကာလ -

မေတ္တာပို့ရန်

ဤကျောင်း၌ရှိကုန်သော သိတင်းသုံးဖော်အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြ ကင်းကြပါစေကုန်သတည်း။ ဤကျောင်းအရံအတွင်း၌ရှိသော နတ်အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြ ကင်းကြပါစေကုန်သတည်း။ ဆွမ်းခံရွာ၌ရှိသော အစိုးရသောပုဂ္ဂိုလ်တို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြကင်းကြ ပါစေကုန်သတည်း။ ဆွမ်းခံရွာ၌နေသော လူအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြ ကင်းကြပါစေကုန်သတည်း၊ အရပ်ဆယ်မျက်နှာ၌ တည်နေကြကုန်သော လူ, နတ်, သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြကင်းကြ ပါစေကုန်သတည်း–ဟု မေတ္တာပို့ပါလေ, ပွားပါလေ။ ဤသို့ မေတ္တာပွားခြင်းဖြင့်–

(၁) ချမ်းသာစွာနေရခြင်း၊

(၂) ကောင်းစွာအစောင့်အရှောက်ရခြင်း၊

(၃) ကောင်းစွာစောင့်ရှောက်အပ်သော ပရိက္ခရာရှိခြင်း၊

(၄) နိုပ်စက်ညှဉ်းဆဲခံရခြင်းမှကင်းခြင်း၊

(၅) အပိတ်အပင် အတားအဆီးမရှိ သွားလာနိုင်ခြင်း။

ဟူသော အကျိုးကျေးဇူးတို့ကို ရရှိသဖြင့် ကိုယ်စိတ်နှစ်ဖြာအေးချမ်းသာယာစွာ ကမ္မဋ္ဌာန်းတရားကို အားထုတ်နိုင်ပေသည်။

မရဏာနုဿတိ နှလုံးသွင်းရန်

ထို့နောက် မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ၊ အဝဿံ မယာ မရိတဗ္ဗံ- ငါသည် သေရလတ္တံ့၊ ဇီဝိတိန္ဒြေသည် ချုပ်ပြတ်လတ္တံ့၊ ငါသည် ဧကန်မလွဲ သေရပေလိမ့်မည်–ဟူ၍ မြတ်သော ပဋိပတ်ကမ္မဋ္ဌာန်းအလုပ်၌ တွန့်တိုဆုတ်နစ်ခြင်းမရှိ၊ တက်ကြွအားရှိကြောင်းဖြစ်သော မရဏာနုဿတိကိုလည်းကောင်း နှလုံးသွင်းရမည်။

ဥဂ္ဂဟကောသလ္လ ၇-ပါး

အထက်အဆိုပါ ပုဗ္ဗကိစ္စဟူသော တရားအားမထုတ်မီ ရှေးဦးကပင် ကြိုတင်ပြုလုပ်အပ်သော ကိစ္စအရပ်ရပ်တို့ကို ပြုလုပ်ပြီးသောအခါ "အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော" စသည်ဖြင့် အနက်နှင့်တကွ ရေးသားပြခဲ့ပြီးသည့်အတိုင်း နှလုံးသွင်း ဆင်ခြင်ပွားများရသည်။ ယင်းသို့ပွားများရာ၌လည်း ကောဋ္ဌာသကာယာနုပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်လိုသောယောဂီသည် ကောဋ္ဌာသတို့ကို–

(၁) ပထမနှုတ်ဖြင့်ရွတ်ဆိုသရဇ္ဈာယ်ရမည်။ (၂) ဒုတိယစိတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ရမည်။ ကောဋ္ဌာသ တစ်မျိုးတစ်မျိုး၏ (၃) အဆင်း၊ (၄) သဏ္ဌာန်၊ (၅) အရပ်ဒေသ၊ (၆) တည်ရာဌာန၊ (၇) အပိုင်းအခြား။

ဤခုနစ်ပါးတို့ကိုလည်း သိရှိထားရမည်။ နှုတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ခြင်း, စိတ်ဖြင့်နှလုံးသွင်းခြင်းတို့နှင့်ပေါင်း၍ ဤခုနစ်ပါးတို့ကို ဥဂ္ဂဟကောသလ္လ-ဟု ခေါ်ဆိုသည်။ ကမ္မဋ္ဌာန်း အာရုံနိမိတ်ကိုယူခြင်း၌ အကြောင်းဖြစ်သောဉာဏ်ဟု ဆိုလိုသည်။

## ပါဠိဘာသာ ရွတ်ဆိုပွားများနည်း

အဋ္ဌကထာဆရာတို့၏ အလိုအားဖြင့် ရွတ်ဆိုပွားများနည်းမှာ-

၁။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

၂။ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ။ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

၃။ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ။
ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။
ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

၄။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။
မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။
ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။
ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

၅။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

၆။ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာနိကာ၊ လသိကာ၊ မုတ္တံ။ မုတ္တံ၊ လသိကာ၊ သိင်္ဃာနိကာ၊ ခေဠော၊ ဝသာ၊ အဿု။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။

ဝက္က၊ အဋ္ဌိမိဉ္ဇ၊ အဋ္ဌိ၊ နှာရု၊ မံသ။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။

ဟူ၍ အနုလုံ, ပဋိလုံ ရွတ်ဆိုရမည်။

ဤသို့ အနုလုံ, ပဋိလုံ အထက်အောက် အပြန်အလှန် နှုတ်တက်အောင် ကြေညက်အောင် သင်ယူ၍ စီးဖြန်း ပွားများသောအခါ နာရီဝက် တစ်နာရီစသည်ဖြင့် ဤရိယာပုထ် မျှတစွာ ထိုင်နိုင်သလောက်ထိုင်၍ တစ်လ, နှစ်လ, လေးလ စသည်တိုင်အောင် နှုတ်ကရွတ်ဆို၍ စီးဖြန်းပွားများခြင်းကို နှုတ်ဖြင့်ရွတ်ဆိုသည်ဟု ဆိုအပ်သည်။ နှုတ်ဖြင့် စီးဖြန်းရွတ်ဆိုကာမျှဖြင့် နိကာယ်ဆောင်ပုဂ္ဂိုလ်အချို့ သောတာပန်အဖြစ်သို့ ရောက်တော်မူကြပြီဟု ဆိုသည်။ ဓမ္မပဒအဋ္ဌကထာ၌လာသော မာတိကစွာမှ မာတိကမာတာ အမည်ရှိသော ဥပါသိကာမကြီးသည်လည်း မိမိပစ္စည်းလေးပါး ချီးမြှောက် လှူဒါန်းနေသော ရဟန်းတော်များထံမှ ဤဒွတ္တိံသာကာရ ကာယာနုပဿနာ ကမ္မဋ္ဌာန်းကို သင်ယူကာ ရွတ်ဆိုစီးဖြန်းခြင်းဖြင့် အဘိညာဏ်နှင့်တကွ အနာဂါမိဖိုလ်သို့ ရောက်သည်ဟု ဆိုသည်။

## အစု ၆-စု ကောဋ္ဌာသ ၃၂-ပါး

အထက်၌ ဖော်ပြသော အနုလုံ, ပဋိလုံ ပွားပုံကို နားလည်စေရန် နည်းလမ်းကို ပြဦးအံ့။

၁။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော-ဟူသော ကောဋ္ဌာသ ငါးမျိုးတစ်စုကို ပထမအစုဟုမှတ်ပါ။

၂။ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇ၊ ဝက္က-ငါးမျိုးတစ်စုကို ဒုတိယအစုဟု မှတ်ပါ။

၃။ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ- ငါးမျိုးတစ်စုကို တတိယအစုဟု မှတ်ပါ။

၄။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂ- ငါးမျိုးတစ်စုကို စတုတ္ထအစုဟု မှတ်ပါ။

၅။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ- ခြောက်မျိုးတစ်စုကို ပဉ္စမအစုဟု မှတ်ပါ။

၆။ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာနိကာ၊ လသိကာ၊ မုတ္တံ- ခြောက်မျိုးတစ်စုကို ဆဋ္ဌအစုဟု မှတ်ပါ။

ကောဋ္ဌာသ ငါးမျိုး အစုအပေါင်းလေးခုရှိသောကြောင့် ငါးလေးလီ ၂၀-ဖြစ်သည်။ ကောဋ္ဌာသ ခြောက်မျိုး အစုပေါင်း နှစ်ခု ရှိသောကြောင့် ခြောက်နှစ်လီ ၁၂-ဖြစ်သည်။ နှစ်ရပ်ပေါင်းသော် ၃၂-ဖြစ်သည်။

**ရွတ်ပုံ။** ။ ပထမအစုကို အနုလုံ, ပဋိလုံ ရွတ်ပြီးက ဒုတိယအစုကို အနုလုံရွတ်,

ပဋိလုံရွတ် သောအခါ ပထမအစုပဋိလုံကိုပါဆက်ရွတ်ပါ။ ထို့အတူတတိယ အစုကို အနုလုံရွတ်၊ ပဋိလုံရွတ်သောအခါ ဒုတိယ, ပထမအစုပဋိလုံကိုပါ ဆက်ရွတ်ပါ။ စတုတ္ထ, ပဉ္စမ, ဆဋ္ဌအစုတို့ကိုရွတ်သောအခါ၌လည်း ဤနည်းအတိုင်းရွတ်ပါ။ ပြဆိုသည့် နည်းအတိုင်း နှုတ်က ရွတ်ဆိုပွားများခြင်းကို နှုတ်ဖြင့် ရွတ်ဆိုသည်ဟု ဆိုသည်။

## မြန်မာဘာသာ ရွတ်ဆိုပွားများနည်း

မြန်မာဘာသာဖြင့် ရွတ်ဆိုပွားများလိုကလည်း ရွတ်ဆိုပွားများနိုင်သည်။ မိမိ ကျွမ်းကျင်သောဘာသာဖြင့် ရွတ်ဆိုခြင်းသည် လျင်မြန်စွာ သိမြင်ကြောင်းလည်း ဖြစ်ပေ သည်။

၁။ ဆံပင်၊ မွေးညင်း၊ ခြေသည်း- လက်သည်း၊ သွား၊ အရေ။ (ပထမငါးမျိုးတစ်စု။)
၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့။ (ဒုတိယငါးမျိုးတစ်စု။)
၃။ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။ (တတိယငါးမျိုးတစ်စု။)
၄။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ (စတုတ္ထငါးမျိုးတစ်စု။)
၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ (ပဉ္စမခြောက်မျိုးတစ်စု။)
၆။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ (ဆဋ္ဌခြောက်မျိုးတစ်စု။)

## အနုလောမ, ပဋိလောမ ရွတ်ပုံ

၁။ ဆံပင်၊ မွေးညင်း၊ ခြေသည်း- လက်သည်း၊ သွား၊ အရေ။ အရေ၊ သွား၊ ခြေသည်း- လက်သည်း၊ မွေးညင်း၊ ဆံပင်။

၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့။ အညို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား။ အရေ၊ သွား၊ ခြေသည်း- လက်သည်း၊ မွေးညင်း၊ ဆံပင်။

၃။ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။ အညို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား။ အရေ၊ သွား၊ ခြေသည်း- လက်သည်း၊ မွေးညင်း၊ ဆံပင်။

၄။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။ အညို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား။ အရေ၊ သွား၊ ခြေသည်း- လက်သည်း၊ မွေးညင်း၊ ဆံပင်။

၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။ အညို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ ခြေသည်း- လက်သည်း၊ မွေးညင်း၊ ဆံပင်။

၆။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နပ်၊ အစေး၊ ကျင်ငယ်။ ကျင်ငယ်၊ အစေး၊ နပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး။ အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား။ အရေ၊ သွား၊ ခြေသည်း - လက်သည်း၊ မွေးညင်း၊ ဆံပင်။

## နှုတ်ဖြင့်, စိတ်ဖြင့် ပွားများရကျိုး

မြန်မာဘာသာဖြင့် ဤကဲ့သို့ အနုလုံ, ပဋိလုံ ရွတ်လိုက ရွတ်နိုင်သည်။ ဤသို့ နှုတ်ဖြင့်ရွတ်ဆိုခြင်းကိုပင် နှုတ်ဖြင့် ပွားများရွတ်ဆို သရဇ္ဈာယ်သည် မည်၏။

နှုတ်ဖြင့် ရွတ်ဆိုပွားများဖန်များသောအခါ စိတ်ပျံ့လွင့်ခြင်းမရှိဘဲ ကောဋ္ဌာသ တို့သည် စီတန်းထားသော ရွဲလုံးတို့ကို မြင်တွေ့ရသကဲ့သို့ စီတန်းကာ ထင်ထင်ရှားရှား ဖြင်လာသည်ရှိသော် နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်းကိုရပ်၍ ထင်မြင်တိုင်းသော ကောဋ္ဌာသ အစဉ်ကို လျှောက်၍ စိတ်ဖြင့်ရှုကာ ဆင်ခြင်ပွားများရမည်။ ဤသို့ ပွားများသော်မှသာလျှင် ကောဋ္ဌာသတို့၏ သဘောလက္ခဏာကို ထိုးထွင်း၍ သိမြင်နိုင်သည်။

ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယဿ ပစ္စယော ဟောတိ။
မနသာ သဇ္ဈာယော လက္ခဏပဋိဝေဓဿ ပစ္စယော ဟောတိ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-၂၃၅၊)

နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် စိတ်ဖြင့် ရွတ်ဆိုပွားများခြင်း၏ အထောက်အပံ့ ဖြစ်၏။ စိတ်ဖြင့် ရွတ်ဆို နှလုံးသွင်း ဆင်ခြင်ခြင်းသည် ကောဋ္ဌာသတို့၏ သဘောလက္ခဏာ ကို ထိုးထွင်း၍ သိခြင်း၏ အထောက်အပံ့ဖြစ်၏- ဟု မှာထားသည်။

## သိမှတ်ထားဖွယ် အဆင်းစသည်

ကောဋ္ဌာသတို့၏ ၁။ အဆင်း၊ ၂။ သဏ္ဌာန်၊ ၃။ အရပ်ဒေသ၊ ၄။ တည်ရာဌာန၊ ၅။ အပိုင်းအခြားဟူသည်ကား-

၁။ ဆံပင်သည် အဆင်းအားဖြင့် ငယ်ရွယ်သော သူတို့၌ မည်းနက်၏၊ အိုသောသူတို့၌ ဖြူ၏။

၂။ ပုံသဏ္ဌာန်အားဖြင့် လုံးလုံးရှည်ရှည်ရှိ၏။

၃။ အရပ်ဒေသအားဖြင့် ချက်မှ အထက်ပိုင်းအရပ်၌ ဖြစ်၏။

၄။ တည်ရာဌာနအားဖြင့် စွတ်စိုသော ဦးခေါင်းရေ၌တည်၏။

၅။ အပိုင်းအခြားအားဖြင့် ဝဲယာ ရှေ့နောက် အထက်အောက် ဟူသော မိမိအဖို့ဖြင့် ပိုင်းခြားအပ်၏။

ဝိသဘာဂ ပရိစ္ဆေဒအားဖြင့် ဆံပင်သည် မွေးညင်းမဟုတ်၊ မွေးညင်းသည် ဆံပင်မဟုတ်။ ပ။ ဆံပင်သည် ကျင်ငယ်မဟုတ်၊ ကျင်ငယ်သည်လည်း ဆံပင်မဟုတ်။

ဤသို့လျှင် တစ်ပါးသော ကောဋ္ဌာသတို့ဖြင့် ပိုင်းခြားအပ်၏။

ဤနည်းတူ- မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသော ကောဋ္ဌာသတို့ကိုလည်း အဆင်း၊ သဏ္ဌာန်၊ အရပ်၊ တည်ရာဌာန၊ အပိုင်းအခြားတို့ဖြင့် မှတ်သားပိုင်းခြားအပ်၏။ တစပဉ္စက- ကောဋ္ဌာသသည်ကား ယောဂီတို့ကိုယ်တိုင် ပကတိမျက်စိဖြင့် မျက်မြင်ဖြစ်သော ကောဋ္ဌာသတို့ ဖြစ်ပေသည်။ တစပဉ္စကမှ ကြွင်းသော ကောဋ္ဌာသတို့သည်ကား အတွင်း အဇ္ဈတ္တသန္တာန်၌ ဖြစ်ကြသောကြောင့် ဆရာသမားများထံမှ ဖြစ်စေ၊ စာပေကျမ်းဂန်၌ဖြစ်စေ ကြားနာဖတ်ရှု၍ မှတ်သားရာသည်။ တစပဉ္စက ကမ္မဋ္ဌာန်းသည် ပကတိ မိမိမျက်စိဖြင့် မြင်အပ်သောကြောင့် ဒိဋ္ဌကမ္မဋ္ဌာန်းဟု ဆိုသည်၊ ကြွင်းသော ပဉ္စက၊ ဆက္ကတို့သည်ကား သုတကမ္မဋ္ဌာန်း ဖြစ်သည်ဟု ဆိုသည်။

ကောဋ္ဌာသတို့၏ အဆင်း၊ သဏ္ဌာန်၊ ဖြစ်ရာအရပ်၊ တည်ရာဌာန၊ အပိုင်းအခြားတို့ကို သိမှသာလျှင် ဆင်ခြင်ပွားများသောအခါ အာရုံ ထင်မြင်နိုင်သည်။ အဆင်းဟူသည်မှာ အဖြူ အနက်စသော အရောင်အသွေးကို ဆိုသည်။ သဏ္ဌာန်ဟူသည်မှာ အရှည် အတို အလုံး အပြား စသည်ကို ဆိုသည်။ ဖြစ်ရာအရပ် ဟူသည်မှာ ကိုယ်ကောင်၌ ချက်ကို ဗဟိုထား၍ ချက်မှအထက်ကို အထက်အရပ်၊ ချက်မှအောက်ကို အောက်အရပ်ဟု ဆိုသည်။ တည်ရာဌာန ဟူသည်မှာ ကောဋ္ဌာသ၏ တည်နေရာဌာနကို ဆိုသည်။ အပိုင်းအခြားဟူသည်မှာ သဘာဂ အပိုင်းအခြား၊ ဝိသဘာဂ အပိုင်းအခြားဟူ၍ နှစ်မျိုးရှိသည်။ ကောဋ္ဌာသတစ်ခု၏ ရှေ့နောက်ဝဲယာ အထက်အောက် အပိုင်းအခြားသည် သဘာဂအပိုင်းအခြားဖြစ်သည်။ အခြားသော ကောဋ္ဌာသတို့နှင့်မတူခြင်း၊ မရောနှောခြင်းသည် ဝိသဘာဂအပိုင်းအခြားဖြစ်သည်။ ဤသို့ပြဆိုအပ်သော ဝဏ္ဏ၊ သဏ္ဌာန၊ ဒိသ၊ ဩကာသ၊ ပရိစ္ဆေဒတို့ကိုလည်း သိရှိမှသာလျှင် ဆင်ခြင်ပွားများသောအခါ အာရုံထင်မြင်လွယ်သည်ဟု ဆိုခဲ့သည်။

## တစပဉ္စက၌ သိမှတ်ဖွယ် ၅-ပါး

၁။ **ဆံပင်သည်**- အဆင်းအားဖြင့် ငယ်ရွယ်သူ၌ မည်းနက်သောအဆင်းရှိ၏၊ အိုမင်းသော သူ၌ ဖြူသော အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့် လုံး၍ရှည်၏၊ ချက်၏အထက်အရပ်၌ ဖြစ်၏၊ စွတ်စိုသော ဦးခေါင်းရေ၌တည်၏။ ဝဲယာ ရှေ့နောက် အထက်အောက် ဟူသော သဘာဂ အပိုင်းခြားရှိ၏။ ဆံပင်သည် မွေးညင်းမဟုတ်၊ မွေးညင်းသည်လည်း ဆံပင်မဟုတ်။ ထို့အတူ အခြားသော ကောဋ္ဌာသတို့သည်လည်း ဆံပင်မဟုတ်၊ ဆံပင်သည်လည်း အခြားသောကောဋ္ဌာသတို့ မဟုတ်ဟူ၍ ပိုင်းခြားခြင်းသည် ဝိသဘာဂ အပိုင်းအခြားဖြစ်၏။

၂။ **မွေးညင်းသည်**- စဉ်းငယ်မည်းနက်၏။ ထန်းမြစ်သဏ္ဌာန်ရှိ၏။ အထက်အောက် နှစ်ဌာန၌ဖြစ်၏၊ စွတ်စိုသော ကိုယ်ရေပေါ်၌တည်၏။ အပိုင်းအခြားကိုကား ဆံပင်၌ ပြခဲ့သောနည်းတူမှတ်ပါ။ ကောဋ္ဌာသအားလုံး ဤနည်းအတိုင်းပင် ဖြစ်သည်။

၃။ **ခြေသည်း, လက်သည်း**တို့သည်- ဖြူသောအဆင်းရှိကုန်၏။ ငါးကြင်းအကြေး သဏ္ဌာန်ရှိ၏။ အထက်အောက်အရပ်၌ ဖြစ်၏။ လက်ချောင်းများ, ခြေချောင်းများ တို့၌တည်၏။

၄။ **သွား**တို့သည်- ဖြူသောအဆင်းရှိကုန်၏။ အထူးထူးသောသဏ္ဌာန်ရှိကုန်၏။ အထက်အရပ်၌ ဖြစ်ကုန်၏။ မေးရိုးနှစ်ခုတို့၌ တည်ကုန်၏။

၅။ **အရေ**သည်- ဖြူသောအဆင်းရှိ၏။ ကိုယ်သဏ္ဌာန်လျှင် သဏ္ဌာန်ရှိ၏။ အထက် အောက်အရပ်၌ဖြစ်၏။ ကိုယ်ပေါ်၌တည်၏။

## ဝက္ကပဉ္စကၡ သိမှတ်ဖွယ် ၅-ပါး

၆။ **အသား**သည်- နီသောအဆင်းရှိ၏။ ဖြစ်ရာဒေသ, တည်ရာဌာနအလျောက် အထူးထူးသော သဏ္ဌာန်ရှိ၏။ အထက်အောက် အရပ်၌ဖြစ်၏။ သုံးရာနှင့် နှစ်ဆယ်သော အရိုးတို့ကို ကပ်၍တည်၏။

၇။ **အကြော**သည်- ဖြူသောအဆင်းရှိ၏။ အထူးထူးသောသဏ္ဌာန်ရှိ၏။ အထက် အောက်အရပ်၌ဖြစ်၏။ တစ်ကိုယ်လုံး၌ အရိုးတို့ကို ဖွဲ့ယှက်လျက်တည်၏။

၈။ **အရိုး**တို့သည်- ဖြူသောအဆင်းရှိကုန်၏။ အထူးထူးသောသဏ္ဌာန်ရှိကုန်၏။ အထက် အောက်အရပ်၌ ဖြစ်ကုန်၏။ သာမညအားဖြင့် တစ်ကိုယ်လုံး၌တည်ကုန်၏။

၉။ **ရိုးတွင်းခြင်ဆီ**သည်- ဖြူသောအဆင်းရှိ၏။ ဝါးဆစ်အတွင်း၌ မီးဖြင့်အုံးအပ်သော ကြိမ်ညွန့်သဏ္ဌာန်ရှိ၏။ အထက်အောက်အရပ်၌ဖြစ်၏၊ အရိုးတို့၏အတွင်း၌ တည်၏။

၁၀။ **အညှို့**သည်- ညုံ့ညံ့နီသောအဆင်းရှိ၏။ အညာတစ်ခုတည်း၌သီးသော သရက်သီး နှစ်လုံးအပြွတ်နှင့် သဏ္ဌာန်တူ၏။ အထက်အရပ်၌ဖြစ်၏။ အကြောတစ်ချောင်းတည်း လည်ချောင်းမှထွက်၍ အနည်းငယ်သွားကာ နှစ်မြွာခွဲသောအကြောကြီးဖြင့် ဖွဲ့အပ် သည်ဖြစ်၍ နှလုံးသားကိုရံ၍ တည်၏။

## ပဗ္ဗာသပဉ္စကၡ သိမှတ်ဖွယ် ၅-ပါး

၁၁။ **နှလုံးသား**သည်- နီသောပဒုမ္မာကြာဖက်၏ ကျောဘက်အဆင်းနှင့်တူသော အဆင်းရှိ၏။ ပြင်ပအဖတ်တို့ကို ခွာ၍ စောက်ထိုးထားအပ်သော ပဒုမာကြာဖူးနှင့် သဏ္ဌာန်တူ၏။ အထက်အရပ်၌ဖြစ်၏။ ကိုယ်အတွင်း သားမြတ်နှစ်ခုတို့၏ အလယ်၌တည်၏။ (နှလုံးသားသည်- ဉာဏ်ရှိသူ၌ အနည်းငယ်ပွင့်၏၊ ဉာဏ်မရှိသူ၌ ငုံလျက်ရှိသည်ဟူ၏။)

၁၂။ **အသည်း**သည်- (အသားလွှာအစုံ) နီဖျော့သောအဆင်းရှိ၏။ ကုမုဒြာကြာဖက်၏ ကျောဘက်နှင့်တူသော အဆင်းရှိ၏။ အရင်း၌တစ်ခု, အဖျား၌အစုံဖြစ်၍ ပင်လယ် ကသစ်ရွက်သဏ္ဌာန်ရှိ၏။ အထက်အရပ်၌ဖြစ်၏။ သားမြတ်နှစ်ခုတို့၏ အတွင်း

လက်ယာနံပါး၌တည်၏။ (အသည်းသည်- ဉာဏ်ရှိသူ၌ သေးသေးနှစ်မွှာသုံးမွှာရှိ၏၊ ဉာဏ်မရှိသူ၌ တစ်ခုသာရှိသည်ဟူ၏)။

၁၃။ **အမြှေးသည်**- ဖြူသောအဆင်းရှိ၏။ မိမိတည်ရာလျှင် သဏ္ဌာန်ရှိ၏။ အမြှေးသည် ဖုံးကွယ်သောအမြှေး, မဖုံးသောအမြှေးအားဖြင့် နှစ်မျိုးရှိရာ ဖုံးကွယ်သောအမြှေးသည် အထက်အရပ်၌ဖြစ်၏။ မဖုံးသောအမြှေးသည် အထက်အောက်အရပ်၌ဖြစ်၏။ ဖုံးကွယ်သောအမြှေးသည် နှလုံးသားနှင့် အညို့ကို ဖုံးကွယ်၍တည်၏။ မဖုံးသော အမြှေးသည် တစ်ကိုယ်လုံး၌ အရေထူ၏အောက်မှ အသားကိုမြှေးယှက်၍တည်၏။

၁၄။ **အပြင်** (အဖျဉ်းလည်းဟူ၏)သည်- ညိုသော အဆင်းရှိ၏။ ခုနစ်လက်သစ်ပမာဏ နွားလျှာသဏ္ဌာန်ရှိ၏။ အထက်အရပ်၌ဖြစ်၏။ နှလုံးသား၏လက်ဝဲဘက် ဝမ်းရေ၏ အထက်၌တည်၏။

၁၅။ **အဆုတ်သည်**- အလွန်မမှည့်သေးသော ရေသဖန်သီးကဲ့သို့ နီသောအဆင်းရှိ၏။ မညီမညွတ်ဖြတ်အပ်သောမုန့်ယှက်ပြားကြီးသဏ္ဌာန်ရှိ၏။ အထက်အရပ်၌ဖြစ်၏။ ကိုယ်အတွင်းသားမြတ်နှစ်ခုတို့၏အကြား၌ နှလုံးသားနှင့် အသည်းတို့၏အထက်၌ ဖုံးကာတွဲလျားကျ၍တည်၏။

## မတ္ထလုင်္ဂပဉ္စကဥ္ စ သိမှတ်ဖွယ် ၅-ပါး

၁၆။ **အူမသည်**- ဖြူသောအဆင်းရှိ၏။ ယောကျ်ား၌ ၃၂-တောင်, မိန်းမ၌ ၂၈-တောင် ရှိ၏။ ၂၁-ဌာနဖြင့် ခွေလျက်ရှိ၏။ သွေးပြည်သောကျင်း၌ ဦးခေါင်းပြတ်သော မြွေကိုခွေ၍ထားသော သဏ္ဌာန်ရှိ၏။ အထက်အောက်အရပ်၌ ဖြစ်၏။ လည်ချောင်းဝ မှသည် ဝစ္စမဂ်တိုင်အောင် ကိုယ်တွင်း၌တည်၏။

၁၇။ **အူသိမ်သည်**- ဖြူသောအဆင်းရှိ၏။ ကြာသိမ်မြစ်သဏ္ဌာန်ရှိ၏။ အထက်အောက် အရပ်၌ ဖြစ်၏။ ၂၁-ခွေသော အူမကြီးတို့ကို ဖွဲ့လျက် အူမကြီးတို့အကြား၌တည်၏။ (ခြေသုတ်ကြိုးခွေကို မပြေလေအောင် ကြိုးငယ်တို့ဖြင့် ဖွဲ့ချည်သကဲ့သို့ အူမကြီး အခွေတို့ကို ဖွဲ့လျက်တည်သည်ဟု ဆိုသည်။)

၁၈။ **အစာသစ်သည်**- မျိုအပ်သောအစာ၏အဆင်းရှိ၏။ ရေစစ်အတွင်း၌ လျော့လျော့ ဖွဲ့ချည် အပ်သောဆန်နှင့် သဏ္ဌာန်တူ၏။ အထက်အရပ်၌ဖြစ်၏။ ဝမ်း၌တည်၏။

၁၉။ **အစာဟောင်းသည်**- များသောအားဖြင့် စားအပ်သော အစာနှင့် တူသောအဆင်းရှိ၏။ တည်ရာဌာနနှင့် တူသောသဏ္ဌာန်ရှိ၏။ အောက်အရပ်၌ ဖြစ်၏။ အစာဟောင်းအိမ်၌ တည်၏။

၂၀။ **ဦးနှောက်သည်**- (ဦးခေါင်းခွံအတွင်း၌တည်သောအဆီအနှစ်ဇုတည်း။) ဖြူသော အဆင်းရှိ၏။ တည်ရာဌာနနှင့် တူသောသဏ္ဌာန်ရှိ၏။ အထက်အရပ်၌ဖြစ်၏။ ဦးခေါင်းခွံ အတွင်း ချုပ်ရိုးကြောင်းလေးခုကိုမှီ၍ ပေါင်းထားအပ်သော မုန့်နှစ်ခဲကဲ့သို့ ဖြစ်၍ တည်၏။

၂၁။ **သည်းခြေသည်**- ဗဒ္ဓ သည်းခြေ၊ အဗဒ္ဓ သည်းခြေအားဖြင့် နှစ်မျိုးရှိသည်တွင် ဗဒ္ဓ သည်းခြေသည် ပျစ်သောမယ်ဇယ်ဆီအဆင်း ရှိ၏။ အဗဒ္ဓသည်းခြေသည် ညှိုးပြီး ရောပြွမ်းနေသောပန်းပွင့်အဆင်းရှိ၏။ သည်းခြေ နှစ်မျိုးလုံးပင် တည်ရာ ဌာနနှင့် တူသောသဏ္ဌာန်ရှိ၏။ အဗဒ္ဓသည်းခြေသည် အထက်အောက်အရပ်၌ ဖြစ်၏။ ဗဒ္ဓသည်းခြေသည် နှလုံးသား၊ အဆုတ်တို့၏အကြား အသည်းကိုမှီ၍ တည်သော သည်းခြေအိမ်၌ တည်၏။

ခမဒဆက္က၌ သိမှတ်ဖွယ် ၅-ပါး

၂၂။ **သလိပ်သည်**- ဝက်ချေးပနဲရွက်ရည်ကဲ့သို့ ပျစ်ချွဲ၍ ဖြူသောအဆင်းရှိ၏။ တည်ရာ ဌာနနှင့် တူသောသဏ္ဌာန်ရှိ၏။ အထက်အရပ်၌ ဖြစ်၏။ ဝမ်းရေအပြင်၌တည်၏။

၂၃။ **ပြည်သည်**- ပုပ်သောသွေးဖြစ်ဖူး၏။ သစ်ရွက်လျော်အဆင်းနှင့်တူသော အဆင်းရှိ၏။ သူသေကောင်၌ကား အားကြီးပုပ်သိုးသော ထမင်းချိုးအရောင် ရှိ၏။ တည်ရာနှင့် တူသောသဏ္ဌာန်ရှိ၏။ အထက် အောက်၌ဖြစ်၏။ ပြည်သည်တည်ရာ အမြဲဟူ၍မရှိ။ ထိခိုက်ခြင်း၊ မီးလောင်ခြင်း၊ အနာပေါ်ခြင်းရှိသော ဌာန၌ သွေးပုပ်မှ တစ်ဆင့်ဖြစ်၍ တည်၏၊

၂၄။ **သွေးသည်**- စုဝေးသောသွေး၊ လည်ပတ်သောသွေးဟူ၍နှစ်မျိုးရှိ၏။ ထိုတွင်- စုဝေးသောသွေးသည် အားကြီးကျက်သောချိပ်ရည်ကဲ့သို့ နီရဲသောအဆင်းရှိ၏။ လည်ပတ် သော သွေးသည် ကြည်သောချိပ်ရည်ကဲ့သို့ နီရဲသောအဆင်းရှိ၏။ သွေးနှစ်မျိုးလုံးပင် တည်ရာနှင့် တူသောသဏ္ဌာန်ရှိ၏။ စုဝေးသော သွေးသည် အထက်အရပ်၌ဖြစ်၏။ လည်သောသွေးသည် အထက်အောက်အရပ်၌ဖြစ်၏။ လည်သောသွေးသည် သွေး ကြောတို့ကိုလျှောက်၍ တစ်ကိုယ်လုံးနှံ့၍တည်၏။ စုဝေးသောသွေးသည် အသည်း၏ အောက်အဖို့ကိုပြည့်လျက် တစ်ကွမ်းစားမျှ လောက်သည် နှလုံးသား၊ အညို့၊ အဆုတ် တို့၏ အထက်၌ အနည်းငယ်၊ အနည်းငယ်ယိုကျကာ နှလုံးသား၊ အညို့၊ အဆုတ် တို့ကို စွတ်စိုစေလျက် တည်၏။

၂၅။ **ချွေးသည်**- မွေးညင်းပေါက်တို့မှ ယိုထွက်သော အာပေါဓာတ်တည်း။ ထိုချွေးသည် ကြည်သော နှမ်းဆီအဆင်းရှိ၏။ တည်ရာနှင့်တူသောသဏ္ဌာန် ရှိ၏။ အထက်အောက် အရပ်၌ ဖြစ်၏။ ချွေးသည် တည်ရာဟူ၍ အမြဲမရှိ၊ မီးပူ၊ နေပူ၊ ဥတုဖောက်ပြန်ခြင်း စသည်တို့ကြောင့် ကိုယ်သည် ပူ၏၊ ထိုအခါ ထိုထိုအရပ်မှ ယိုစီးတတ်၏။

၂၆။ **အဆီခဲသည်**- ခွဲအပ်သောနနွင်းရောင်အဆင်းရှိ၏။ ဝသောသူအား အရေနှင့်အသား ကြား၌ ထားအပ်သော နနွင်းရောင်ရှိသော ပုဆိုးကြမ်းသဏ္ဌာန်ရှိ၏။ ကြုံသောသူအား ဆူရာဆူရာအရပ်၌ နှစ်လွှာ၊ သုံးလွှာရှိသောပုဆိုးကြမ်းသဏ္ဌာန်ရှိ၏။ အထက် အောက် အရပ်၌ ဖြစ်၏။ ဆူသောသူအား တစ်ကိုယ်လုံး၌ တည်၏။ ကြုံသောသူအား သလုံးသားစသည်၌ တည်၏။

## မုတ္တဆက္ကဋ္ဌ သိမှတ်ဖွယ် ၅-ပါး

၂၇။ **မျက်ရည်သည်**- မျက်စိတို့မှ ယိုစီးသော အာပေါဓာတ်တည်း။ ထိုမျက်ရည်သည် အလွန်ကြည်သော နှမ်းဆီအဆင်းရှိ၏။ တည်ရာနှင့်တူသောသဏ္ဌာန်ရှိ၏။ အထက် အရပ်၌ ဖြစ်၏။ မျက်တွင်းတို့၌ တည်၏။

၂၈။ **ဆီကြည်သည်**- အုန်းဆီအဆင်းရှိ၏။ ရေပေါ်၌ တက်နေသော ဆီပေါက်သဏ္ဌာန် ရှိ၏။ အထက်အောက်အရပ်၌ ဖြစ်၏။ များသောအားဖြင့် လက်ဖဝါး, ခြေဖဝါး, နဖူး, နှာခေါင်းတို့၌ တည်၏။

၂၉။ **တံတွေးသည်**- ခံတွင်း၌အမြှုပ်နှင့်ရောသော အာပေါဓာတ်တည်း။ ထိုတံတွေးသည် ရေမြှုပ်ကဲ့သို့ ဖြူသော အဆင်းရှိ၏။ တည်ရာနှင့်တူသောသဏ္ဌာန်ရှိ၏။ အထက် အရပ်၌ ဖြစ်၏။ ပါးစောင်နှစ်ဖက်တို့မှ ထွက်ကျ၍ လျှာပေါ်၌ တည်၏။

၃၀။ **နှပ်သည်**- ဦးနှောက်မှယိုစီးသော အညစ်အကြေးတည်း။ ထိုနှပ်သည် ထန်းသီးနု အဆံနှင့်တူသော အဆင်းရှိ၏။ တည်ရာနှင့်တူသောအဆင်းရှိ၏။ တည်ရာနှင့်တူသော သဏ္ဌာန်ရှိ၏။ အထက်အရပ်၌ဖြစ်၏။ နှာခေါင်းအတွင်း ပြည့်လျက်တည်၏။

၃၁။ **အစေးသည်**- ကိုယ်အတွင်း အရိုးဆက်တို့၏အတွင်း၌ ပျစ်ချွဲသော အစေးပုပ်တည်း။ ထိုအစေးသည် မဟာလှေကားပန်းအစေးအဆင်းရှိ၏။ တည်ရာနှင့်တူသော သဏ္ဌာန် ရှိ၏။ အထက်အောက်အရပ်တို့၌ဖြစ်၏။ အရိုးဆက်တို့၌ စက်ဆီကိစ္စကိုပြီးစေလျက် ၁၈၀-သော အရိုးဆက်တို့၏အတွင်း၌တည်၏။

၃၂။ **ကျင်ငယ်ရေသည်**- ပဲနောက်ရေအဆင်းရှိ၏။ မှောက်၍ ထားအပ်သော ရေအိုး အတွင်း၌ရှိသော ရေသဏ္ဌာန်ရှိ၏။ အောက်အရပ်၌ဖြစ်၏။ စည်ပေါင်း အတွင်း၌ တည်၏။ သဘာဂအားဖြင့် ဝဲ, ယာ, ရှေ့, နောက်, အထက်, အောက်- ပတ်ဝန်းကျင်ပိုင်းခြားအပ်၏။ ဝိသဘာဂအားဖြင့် ကျင်ငယ်သည် ဆံပင်စသည် မဟုတ်၊ ဆံပင်စသည်တို့သည်လည်း ကျင်ငယ်မဟုတ်။ ဤသို့ အခြားကောဋ္ဌာသ တစ်ပါးတို့ဖြင့် ပိုင်းခြားအပ်၏။

## ကမ္မဋ္ဌာန်းကျင်လိမ္မာစကြောင်း ၁၀ -ပါး

၃၂-ပါးသော ကောဋ္ဌာသတို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း အဆင်း, သဏ္ဌာန်, အရပ်ဒေသ, တည်ရာဌာန, အပိုင်းအခြား ငါးပါးတို့ဖြင့် ထင်မြင်နိုင်အောင် လေ့လာရမည်။ သို့မှကောဋ္ဌာသတို့ကို ကွဲကွဲပြားပြား အာရုံထင်မြင်မည်။ နှုတ်ဖြင့် လေးလ, ငါးလစသည်ဖြင့် မပင်မပန်းစေဘဲ တိုးတိုးသက်သာ စီးဖြန်းပွားများရမည်။ ယင်းသို့စီးဖြန်းရာ၌-

၁။ အစဉ်အတိုင်းပွားများခြင်း၊

၂။ မမြန်လွန်းခြင်း၊

၃။ မနှေးလွန်းခြင်း၊

၄။ ပျံ့လွင့်သောစိတ်ကို ပယ်ရှားခြင်း၊

၅။ အလွန် ကောဋ္ဌာသ အာရုံထင်သောအခါ၌ ဆံပင်စသော အမည်နာမ ပညတ်ကို လွန်မြောက်ခြင်း၊ (နာမပညတ်ကို ဖျောက်ရမည်ဆိုသည်။)

၆။ ဉာဏ်၌မထင်ရှားသော ကောဋ္ဌာသကို ပယ်လွှတ်ထားခြင်း၊

၇။ အထင်ရှားဆုံးသော ကောဋ္ဌာသတစ်ခု၌ အပ္ပနာဈာန်ကို ရသည်တိုင်အောင် စီးဖြန်းခြင်း၊

၈။ အဓိစိတ္တသုတ်၊

၉။ သီတိဘာဝသုတ်၊

၁၀။ ဗောဇ္ဈင်္ဂကောသလ္လတို့ကို လေ့လာခြင်း။

ဤဆယ်ပါးသည် စိတ်ဖြင့်နှလုံးသွင်းခြင်း၌ ကျွမ်းကျင်ကြောင်း ဉာဏ်ဟုဆိုသည်။

## အမည်လွန်မြောက်၍ ကောဋ္ဌာသအာရုံရောက်

အထက်ပါ ကျွမ်းကျင်လိမ္မာကြောင်းဆယ်ပါးတို့တွင်– အစဉ်အတိုင်း ပွားများခြင်း ဟူသည်မှာ– ကောဋ္ဌာသတို့ကို တစ်ခုကျော်, နှစ်ခုကျော် မကျော်ဘဲ ကေသာပြီးက လောမာ, လောမာပြီးက နခါ စသည်ဖြင့် ကောဋ္ဌာသအစဉ်အတိုင်း ပွားရမည်ကိုဆိုသည်။ ရွတ်ဆိုစီးဖြန်းသောအခါ၌လည်း မမြန်လွန်းစေရ, မနှေးလွန်းစေရဟု ဆိုသည်။ သံသရာ တစ်လျှောက်လုံး အာရုံအမျိုးမျိုးတို့၌ ပျံ့လွင့်၍ ယောက်ယက်ခတ်လာခဲ့သော ဥဒ္ဓစ္စနှင့် ယှဉ်သောစိတ်ကို ပယ်ရမည်။ ကောဋ္ဌာသ အာရုံသည် ဉာဏ်၌ထင်ရှား လာသောအခါ ဆံပင်, မွေးညင်းစသော အမည်နာမပညတ်ကို လွန်မြောက်စေ၍ (ဖျောက်၍) အဆင်း, အနံ့, သဏ္ဌာန်, ဖြစ်ရာအရပ်, တည်ရာဌာနတို့ဖြင့် စက်ဆုပ်ဖွယ်ရာ ကောဋ္ဌာသတို့ကိုသာ အာရုံပြုရမည်ဆိုသည်။ စက်ဆုပ်ရွံရှာဖွယ်သဘောဖြင့် ဉာဏ်၌မြင်အောင် သတိပြုကာ အနလုံ, ပဋိလုံ အပြန်ပြန်အလှန်လှန် ဆင်ခြင်ပွားများသော ယောဂီအား ကောဋ္ဌာသတို့သည် ရွဲလုံးတန်းပမာ ထင်မြင်လာသည်ရှိသော် သံဃာ စည်းဝေးရာ၌ သံဃာကို ရေတွက်သော ပုဂ္ဂိုလ်သည် သံဃာတော်များကို မည်သူမည်ဝါဟူ၍ အမည်နာမပညတ်ကို မမှတ်မူ၍ လူကောင်ဒြပ်ကိုသာ ရေတွက်သကဲ့သို့ ဤဝဏ္ဏကား စက်ဆုပ်ဖွယ်သာတည်း, ရွံရှာဖွယ် သာတည်း, အပုပ်အသိုးမျှသာတည်းဟု နာမပညတ်ကို ဖျောက်၍ အစဉ်အတိုင်း အနလုံ ပဋိလုံ အစုန်အဆန် ဆင်ခြင်ပွားများရမည် ဆိုသည်။

ရေရှားပါးသော တောတောင်အရပ်၌ ရေတွင်း ရေထွက်ကို တွေ့မြင်သောသူသည် ထိုရေတွင်း ရေထွက်ကို မှတ်သားမိစေရန် သစ်ခက်သစ်ရွက်ကိုသော်လည်းကောင်း, အလံတံခွန်ကိုသော်လည်းကောင်း စိုက်ထူကာ မှတ်သားရသော်လည်း သွားဖန်များ၍ လမ်းထင်ရှားသည့်အခါ၌ သစ်ခက်သစ်ရွက် အလံတို့သည် အသုံးမကျတော့သကဲ့သို့ ကောဋ္ဌာသဒြပ်ထင်ရှားကာ ဉာဏ်၌မြင်လာသောအခါ ဆံပင်, မွေးညင်းစသော အမည်နာမ

ပညတ်သည် အသုံးမဝင်တော့ပြီဖြစ်၍ နာမပညတ်ကို စွန့်လွှတ်ရတော့သည်ဟု ဆိုသည်။

## ပုဂ္ဂိုလ်အမှတ်ကင်းစင်၍ ကောဋ္ဌာသအစုသာထင်

အမည်နာမပညတ်ကို လွန်မြောက်ကာ ဆင်ခြင်၍ဉာဏ်အမြင်ဖြင့် မိမိသန္တာန်၌ ပုဂ္ဂိုလ်, သတ္တဝါဟူသော အမှတ်သညာကင်းပျောက်လျက် ကောဋ္ဌာသ အစုမျှသာဟု ထင်သည်ရှိသော် ကသိုဏ်းပဋိဘာဂနိမိတ်ကို ပွားစေသကဲ့သို့ သူတစ်ပါး၏ သန္တာန်ကို ရှုမြင်ဆင်ခြင်သောအခါ၌လည်း တွေ့မြင်သမျှ လူ, ဆင်, မြင်း, ဝက်, ခွေးစသော သတ္တဝါတို့ကို ကောဋ္ဌာသအစုအဝေးမျှသာ, စက်ဆုပ်ဖွယ်ရွံရှာဖွယ်တို့သာဟူ၍ ထင်မြင်လာတတ်သည်။ ထိုသတ္တဝါတို့ စားသောက်ကြသည်တို့ကိုလည်း သစ်ခေါင်း, ဝါးလုံးခေါင်းတွင်းသို့ သွတ်သွင်းအပ်သော အမှိုက်တို့ကဲ့သို့ ထင်မြင်လာတတ်သည်။ လူ, ဆင်, မြင်း, ခွေး, ဝက်တည်းဟူသော သတ္တသညာ, ဇီဝသညာပျောက်၍ စက်ဆုပ်ရွံ့ရှာဖွယ် ကောဋ္ဌာသတို့သာဟူ၍ ထင်မြင်လာတတ်သည်။

ဤသို့ဆင်ခြင်ဖန်များသောအခါ အချို့အချို့သောကောဋ္ဌာသတို့သည် ကွက်ကြားကွက်ကြား ခြားနားကာ ထင်မြင်လာတတ်သည်။ ထိုအခါ မထင်သော ကောဋ္ဌာသကိုချ၍ ချ၍ လွှတ်၍ လွှတ်၍ ဉာဏ်၌ထင်သော ကောဋ္ဌာသ၌သာ အာရုံပြု၍ ကောဋ္ဌာသတစ်ပါးတည်းကျန်သည့်တိုင်အောင် မထင်ရာတို့ကိုအစဉ်အတိုင်းလွှတ်၍ စက်ဆုပ်ဖွယ်, စက်ဆုပ်ဖွယ်ဟု အဖန်ဖန်ထင်သော ကောဋ္ဌာသ၌ ဆင်ခြင်ပွားများရာ၏။

## ထင်သောကောဋ္ဌာသတစ်ခုပွား၍ ဈာန်တရားရ

အဖန်ဖန်ဆင်ခြင်ပွားများ၍ အထူးသဖြင့် ထင်ရှားစွာထင်လာသော တစ်ခုတည်းသော ကောဋ္ဌာသကို ဖိဖိစီးစီးအခါခါပွားများသည်ရှိသော် ခပေါင်းရေကြည့်စေ့ ခပ်အပ်သော ရေသည် တစ်ခဏချင်း ကြည်လင်တောက်ပလာသကဲ့သို့ ထိုအတူ တစ်ခုတည်းသော ကောဋ္ဌာသအာရုံကိုယူရသော သမာဓိနှင့်ယှဉ်သဖြင့် ယောဂီ၏စိတ်အစဉ်သည် လွန်စွာကြည်လင် တောက်ပသည်ဖြစ်၍ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော အပ္ပနာဈာန်ဟူသော ပထမဈာန်ကို ရတတ်သည်။

တစ်ခုသော ကောဋ္ဌာသအာရုံဖြင့် ပထမဈာန်ကိုရလျှင် ကြွင်းကျန်သော ၃၁-ပါးသော ကောဋ္ဌာသတို့၌ ပထမဈာန်ကို ရရန်မခဲယဉ်းတော့ပေဟု မှာသည်။ ကောဋ္ဌာသတစ်ခု၌ ပထမဈာန်တစ်ပါး, အခြား ကောဋ္ဌာသတစ်ခု၌ ပထမဈာန်တစ်ပါးစီအားဖြင့် ပထမဈာန်ပေါင်း ၃၂-ပါး ရနိုင်သည်ဟု ဆိုသည်။ ပထမဈာန်ပေါင်း ၃၂-ပါး ဝင်စားနိုင်သည်ဟု ဆိုသည်။ အကြင်ယောဂီသည် ကောဋ္ဌာသတစ်ပါး တစ်ပါးသာလျှင် ထင်ရှား၏။ တစ်နည်း- တစ်ပါး တစ်ပါးသော ကောဋ္ဌာသဖြင့် အပ္ပနာဈာန်သို့ ရောက်ပြီး ကာလ တစ်ဖန် တစ်ပါးသော ကောဋ္ဌာသ၌ အားထုတ်ခြင်းကို မပြုသည်ဖြစ်အံ့။ ထိုယောဂီအား တစ်ပါးသော အပ္ပနာဈာန်သာလျှင် ဖြစ်၏။

## ကောဋ္ဌာသ ၃၂-ပါးနှင့် ပထမရျာန် ၃၂-ပါး

အကြင်ယောဂီသည်မူကား များစွာသော ကောဋ္ဌာသတို့သည် ထင်ရှားကုန်၏။ တစ်နည်း:- ကောဋ္ဌာသတစ်ပါး၌ အပ္ပနာဈာန်ကို ရပြီးကာလ တစ်ဖန် အခြားသောကောဋ္ဌာသ၌လည်း အားထုတ်ခြင်းကို ပြုသည်ဖြစ်အံ့၊ ထိုယောဂီအား ကောဋ္ဌာသအရေအတွက် အားလျော်စွာ ပထမဈာန်အရေအတွက်တို့သည် ဖြစ်ကုန်၏။ မလ္လကထေရ်သည် ၃၂-ပါးသော ကောဋ္ဌာသတို့၌ ၃၂-ပါးသော ပထမဈာန်တို့ကို ရတော်မူသည်။ အကယ်၍ ညဉ့်အခါ၌ ဆံပင်တည်းဟူသော ကောဋ္ဌာသအာရုံဖြင့် ပထမဈာန်တစ်ပါးကို ဝင်စားသည်ဖြစ်အံ့၊ နေ့အခါ၌ မွေးညင်းတည်းဟူသော ကောဋ္ဌာသ အာရုံဖြင့် ပထမဈာန်တစ်ပါးကို ဝင်စား သည်ဖြစ်အံ့၊ လခွဲအလွန်ဖြင့် ၃၂-ပါးသော ပထမဈာန်ပေါင်းသည် ပြည့်စုံ၏။ အကယ်၍ တစ်နေ့တစ်နေ့လျှင် ပထမဈာန် တစ်ပါးတစ်ပါး ဝင်စားသည်ဖြစ်အံ့၊ တစ်လနှင့် ၂-ရက်ဖြင့် ပထမဈာန်ပေါင်း၃၂-ပါး ပြည့်စုံသည်ဟုဆိုသည်။

ကမ္မဋ္ဌာန်းသည် ပထမဈာန်ဖြင့် ပြည့်စုံသော်လည်း အဆင်းသဏ္ဌာန်စသည်တို့၌ သတိအစွမ်းအားဖြင့် ပြည့်စုံသောကြောင့် ကာယဂတာသတိကမ္မဋ္ဌာန်းပင်ဖြစ်သည်ဟု ဆိုရပေသည်။

## နိမိတ် ၃-ပါးနှင့် ဘာဝနာ ၃-ပါး

ဤကမ္မဋ္ဌာန်း၌ ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ပကတိဆံပင်, မွေးညင်း စသော အတ္တပညတ်ခြပ်သည် ပရိကမ္မနိမိတ် မည်၏။ အိပ်မက်၌မြင်သကဲ့သို့ မနော‌ဒွါရ၌ ထင်သော အတ္တပညတ်သည် ဥဂ္ဂဟနိမိတ် မည်၏။ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ နှစ်ပါး၏အာရုံဖြစ်သော အဆင်း, သဏ္ဌာန်စသော ငါးပါးသောအခြင်းအရာဖြင့် လွန်စွာ စက်ဆုပ်ဖွယ်အဖြစ်ဖြင့် ထင်သော ထိုအတ္တပညတ်သည် ပဋိဘာဂနိမိတ် မည်၏။

မာတိကာရွာကို ဂေါစရဂါမ်အဖြစ်ဖြင့် အမှီပြု၍ တရားကို အားထုတ်တော် မူကြသော ခြောက်ဆယ်သော ရဟန်းတော်တို့သည် ဤကောဋ္ဌာသ ကမ္မဋ္ဌာန်းဖြင့်သာလျှင် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ရောက်တော်မူကြကုန်ပြီ။ မာတိကာမာတာ ဥပါသိကာ မကြီးသည်လည်း ထိုရဟန်းတော်များထံမှ ကောဋ္ဌာသကမ္မဋ္ဌာန်းကို သင်ယူ အားထုတ်သဖြင့် အဘိညာဏ်နှင့်တကွ အနာဂါမိဖိုလ်သို့ရောက်လေပြီ။ သို့ကြောင့် ရဟန်းဖြစ်စေ, ဒါယကာ-ဒါယိကာမဖြစ်စေ တရားကို ဆန္ဒာဓိပတိပစ္စည်းတပ်သောဆန္ဒ၊ ထို့အတူ အဓိပတိပစ္စည်းတပ်သော ဝီရိယတို့ဖြင့် အားထုတ်ပါမူ တရားထူးကို ရနိုင်ကြ သည်သာ ဖြစ်သည်ကို ယုံကြည်သောသဒ္ဓါဖြင့် အားထုတ်ကြကုန်ရာသည်။

## မဂ်ဖိုလ်နိဗ္ဗာန်သို့ စိတ်ညွတ်စေပါ

အကျယ်တဝင့် ထုတ်ဆောင်ပြဆိုအပ်သော ဘာဝနာအစီအရင်ဖြင့် ပထမဈာန်ကို အကယ်၍ မရကြသေးမူကား ယောဂီသည် စိတ်အားမလျော့မူ၍ ရှဲခါ သမာဓိဖြစ်ကြောင်း

ဖြစ်သော အာရုံကို နှလုံးသွင်းရမည်၊ ရံခါ ဝီရိယဖြစ်ကြောင်း ဖြစ်သော အာရုံကိုနှလုံးသွင်း ရမည်၊ ရံခါဥပေက္ခာဖြစ်ကြောင်းဖြစ်သော အာရုံကို နှလုံးသွင်းရမည်ဟုဆိုသည်။

(ဤစကားရပ်သည် အဓိစိတ္တသုတ်ကို အကျဉ်းချုပ်၍ပြခြင်းဖြစ်သည်။)

ထို့နောက် အကြင်အခါ စိတ်ကိုနှိမ့်ချသင့်၏၊ ထိုအခါ စိတ်ကို နှိမ့်ချရမည်။ အကြင်အခါ စိတ်ကို အားပေးချီးမြှောက်သင့်၏၊ ထိုအခါ စိတ်ကို အားပေးချီးမြှောက်ရမည်။ အကြင်အခါ စိတ်ကို ရွှင်လန်းစေသင့်၏၊ ထိုအခါ စိတ်ကိုရွှင်လန်းစေရမည်။ အကြင်အခါ စိတ်ကို လျစ်လျူရှုထားစေသင့်၏၊ ထိုအခါ စိတ်ကို လျစ်လျူရှုထားစေရမည်။ မြတ်သော မဂ်ဖိုလ်တရားတို့၌ စိတ်ကို ညွတ်ကိုင်းစေရမည်၊ နိဗ္ဗာန်ကိုမွေ့လျော်သောစိတ် ရှိရမည်ဟု ဆိုသည်။

(ဤစကားရပ်သည် သီတိဘာဝသုတ်ကို အကျဉ်းချုပ်၍ ပြခြင်းဖြစ်၏)။

ထို့ပြင် ယောဂီသဗ္ဗာန်တွင် ကမ္မဋ္ဌာန်းအားထုတ်မှု၌ တွန့်ရွံ့သောစိတ်ဖြစ်၏၊ ထိုအခါ ဓမ္မဝိစယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်တို့ကို ပွားစေရာ၏။ အကြင်အခါ စိတ်သည် ပျံ့လွင့်၏၊ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်တို့ကို ပွားစေရာ၏ဟုဆိုသည်။

(ဗောဇ္ဈင်္ဂကောသလ္လသုတ်ကို အကျဉ်းပြခြင်းဖြစ်၏။)

ဤသို့လျှင် စိတ်ကိုထိန်းသိမ်း၍ သဒ္ဓါနှင့်ပညာ, ဝီရိယနှင့် သမာဓိကိုမျှစေလျက် သတိကိုမလွတ်စေမူ၍ နိဗ္ဗာန်သို့ညွတ်ကိုင်းသောစိတ်ဖြင့် အားထုတ်ပါလေဟု ဆိုလိုသည်။

ဒွတ္တိံသာကာရကမ္မဋ္ဌာန်း ပြီး၏။

* * * * *

# ကာယာနုပဿနာပွားရကျိုး

ကာယာနုပဿနာ ကောဋ္ဌာသကမ္မဋ္ဌာန်းကို အားထုတ်သောယောဂီသည် ကာမဂုဏ်တို့၌ မွေ့လျော်လိုခြင်း, ဆိတ်ငြိမ်ရာ၌ မမွေ့လျော်လိုခြင်း, ကမ္မဋ္ဌာန်းအာရုံ၌ မမွေ့လျော်လိုခြင်းတို့ကို ပယ်ဖျောက်၍သည်းခံနိုင်၏။ မမွေ့လျော်ခြင်းကို မိမိကလွှမ်းမိုးနိုင်၏။ ခြသေ့ သစ်ကျားစသောဘေး, အချမ်းအပူစသောဆင်းရဲကိုလည်း သည်းခံနိုင်၏။ အဘယ့်ကြောင့်ဟူမူ- ကောဋ္ဌာသဘာဝနာဖြင့် မိမိကိုယ်ကို ချစ်ခင်တွယ်တာခြင်းကို ပယ်အပ်သောကြောင့် ဖြစ်၏။ ဘေးရန်နှင့် ဆင်းရဲတို့က မိမိကိုမညှဉ်းဆဲနိုင်၊ မှက်ခြင်ကိုက်ခြင်း စသောဆင်းရဲ, အသက်သေလောက်သောဆင်းရဲကြောင့်ဖြစ်သော ဆင်းရဲတို့ကိုလည်း သည်းခံနိုင်၏။

ဤကောဋ္ဌာသ ကာယဂတာသတိကမ္မဋ္ဌာန်းကို ပွားများသော ယောဂီသည် ပဌမဈာန်မျှကိုသာရသည်မဟုတ်၊ အထက်ဈာန်များကိုလည်း ရနိုင်ပါသေးသည်- ဟု အဋ္ဌကထာဆရာဆိုသည်။ ထိုဈာန်တို့အား ဆံပင်စသော ကောဋ္ဌာသတို့၏ အဆင်းထူးခြားသဖြင့် လေးပါးသော ဝဏ္ဏကသိဏဈာန်တို့ကိုလည်း ရရှိနိုင်ပါသေးသည်ဟူ၏။

ရွံရှာစက်ဆုပ်ဖွယ်သာ ဖြစ်၏၊ နှစ်သက် သာယာဖွယ်မရှိ။ အသုဘအတိဖြစ်သော သက်ရှိသက်မဲ့ကောဋ္ဌာသအစုဖြစ်သော အပုပ်ကောင်ကိုပင် အန္ဓပုထုဇဉ်တို့သည် အသုဘဟူ၍ အဘယ့်ကြောင့်မမြင်ကြသနည်း၊ အသုဘလက္ခဏာကို အဘယ့်ကြောင့် ဉာဏ်ဖြင့် မမြင်ကြသနည်းဟုဆင်ခြင်ကြရာသည်။ အရေထူ အရေပါးတို့ဖြင့် ဖုံးလွှမ်းထားသည့်ပြင် သစ်လွင့်ကောင်းမွန်သော အဆင်တန်ဆာ, ပန်းနံ့သာ စသည်တို့ဖြင့် ဆင်ယင်ဖုံးလွှမ်းကာကွယ်ထားသောကြောင့် ပကတိအသုဘကောင်ဖြစ်သော ကိုယ်၏သဘောမှန် အဖြစ်မှန်ကို မထင်မြင်နိုင်ကြခြင်း ဖြစ်သည်။

## ကိုယ်၌တပ်မက်မှုကင်းအောင်ဆင်ခြင်

ပကတိသဘောအမှန်မှာမူကား နောက်ကပြခဲ့ပြီးသည့်အတိုင်း-

ဤရုပ်ကောင်ကြီးသည် အရိုး, အသား, အကြော တို့ဖြင့် ဖွဲ့ယှက်၍ အရေထူဖြင့် ရစ်ပတ်လျက် အရေပါးဖြင့် ဖုံးအပ်သည်ဖြစ်၍ ဖွတ်, မြွေ, ပဒတ်တို့

ခိုအောင်းရာ ဖြစ်သော တောင်ပို့ကဲ့သို့ရှိလျက် ဆီအိုးပမာ အမြဲယိုစီးလျက်ရှိ၏။ ပိုးမျိုးအပေါင်းတို့၏ မွေးဖွားရာ, ကြီးပွားရာ, ပျော်ပါးရာ, သေရာ, မြှုပ်ရာ သုသာန်နှင့်လည်း တူ၏။ ရောဂါပေါင်းစုံတို့၏ ဖြစ်ပေါ်ရာ, တည်နေရာအိမ်ကြီးနှင့်လည်းတူ၏။

ဤကိုယ် အတွင်း, အပ နှစ်ဌာနလုံး၌ပင် အဘယ်နေရာ၌ အနာရောဂါ မဖြစ်သည်ဟူ၍မရှိ၊ ဖာတ်လေးပါးတို့တွင် တစ်ပါးပါး ဖောက်ပြန်သောအခါ၌ ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံး၌ ရောဂါအနာ ဖြစ်ပေါ်လာတတ်၏။ ယခုခေတ်၌ သာ၍ထင်ရှား၏။ နှလုံး, အသည်း, အဆုတ်, အစာအိမ် စသည်ဖြင့် အတွင်းသဏ္ဌာန်၌ပင် ရောဂါအနာ အဖြစ်များကြ၏။ ဆင်းရဲဟူသမျှတို့၏ တည်ရာ, အောင်းရာ ကိုယ်ဖြစ်၏။

ပေါက်ကွဲနေသော အနာအို, အနာဟောင်းကြီးနှင့်မခြား ကိုးပါးသော အပေါက်တို့မှ အပုပ်ရည်များ အမြဲတမ်းယိုထွက်လျက်ရှိ၏။ မွေးညင်းပေါက်တို့မှလည်း ချွေးအညစ်အကြေးတွေ ယိုထွက်လျက်ရှိ၏။ ဤရုပ်ကိုယ်ကြီးကို ရေဖြင့် မသန့်ရှင်းမသုတ်သင်ဘဲ အကယ်၍ပကတိအတိုင်းပစ်ထားခဲ့လျှင် ယင်မမည်းရိုင်းတွေ တဝုန်းဝုန်း၊ ခြင်တွေ, ပိုးတွေ, ပုရွက်ဆိတ်တွေ တရွရွနှင့် ပုပ်ပွလျက်သာရှိမည် ဖြစ်သော ကိုယ်ကြီးပါတကား -- ဟု ဆင်ခြင်၍ ဉာဏ်ဖြင့် ကြည့်သင့်ကြ၏။

အကယ်၍ တံပွတို့ သွားပွတ်တံတို့ဖြင့် ခံတွင်းမဆေး, ဆီမလိမ်း, ရေမချိုး, အဝတ်မဝတ်ဘဲ ပကတိမိမွေးတိုင်းသာထားပါလျှင် တိုင်းပြည်အရှင်ဘုရင်မင်းနှင့် စဏ္ဍာလစသည်တို့ကို ခွဲခြား၍ ရတော့မည်မဟုတ်။ ခန္ဓာကိုယ် ရုပ်ကောင်ကြီးသည် ဤသို့ တစ်ဦးတစ်ဦး ထူးခြားခြင်းလည်းမရှိ၊ နှစ်သက်ဖွယ်လည်းမရှိ။ အသုဘအတိ ရှုချင့်စဖွယ်မရှိသည်ကား အမှန်သဘောဖြစ်ချေသည်။

မျက်နှာသစ်ခြင်း, သွားတိုက်ခြင်း, ရေချိုးခြင်း, အဝတ်တန်ဆာဆင်ခြင်း, ပန်းနံ့သာ လိမ်းကျံခြင်း, အမွှေးနံ့သာဆောင်ခြင်းတို့ဖြင့် နေ့စဉ်နှင့်အမျှ ပြုပြင်ပုံးကွယ် သုတ်သင်ဖယ်ရှားနေကြသောကြောင့် အပေါ်ယံပြုပြင်ဝတ်စားဆင်ယင်မှုကို ပကတိ ရုပ်ကောင်၏ အမှန်သဘောဟုထင်မြင်ကာဖြင့် မိမိကိုယ်ကိုလည်း မိမိ အထင်ကြီးကာ ထောင်လွှားကြ, မာနတက်ကြ, ခင်မင်ကြ, မြတ်နိုးကြ၍၊ သူတစ်ပါးကိုယ်ကိုလည်း တပ်မက်တွယ်တာနှစ်သက်သော တဏှာလောဘဖြစ်ကြရသည်ဟု ဆင်ခြင်ကာ အမှန်ကိုကြည့်၍ တဏှာကိုပယ်ကြရာသည်။

## အဝိဇ္ဇာလိမ်ခနေသည်ကိုစံကြရခြင်း

ဆံပင်, မွေးညင်းစသောပညတ်၊ ယောကျာ်း, မိန်းမစသောပညတ်တို့ကိုပယ်၍ ပရမတ္ထအစစ်အဖြစ်မှန်နှင့်ကြည့်လျှင် တပ်နှစ်သက်ဖွယ်ရာ အဏုမြူခန့်မျှမရှိချေ။ မိမိ နှစ်သက် မြတ်နိုးလှပါသည်ဆိုသော တစ်စုံတစ်ယောက်သောသူတည်းဟူသော ကိုယ် ကောင်မှ ဆံပင်သော်လည်းကောင်း၊ မွေးညင်းသော်လည်းကောင်း၊ သွား, နပ်, တံတွေး, ကျင်ကြီး, ကျင်ငယ်စသည်တို့တွင် တစ်ခုခုသော ကောဋ္ဌာသသည် သော်လည်းကောင်း

**ကိုယ်မှအပသို့ ထွက်ကျခဲ့လျှင် ထိုကောဋ္ဌာသကို အဘယ်သူမှလက်ဖြင့် တို့ထိလိုခြင်းပင် မရှိပေ။ စက်ဆုပ် ရွံရှာကြမည်သာ, ဆေးဆေးက ရှောင်ကြမည်သာ, နှာခေါင်းပိတ်ကြမည်သာ ဖြစ်၏။**

ကိုယ်အတွင်း၌ ကြွင်းကျန်သော နှပ်, တံတွေး, ကျင်ကြီး, ကျင်ငယ် စသော ကောဋ္ဌာသ တို့သည်လည်း အပြင်အပသို့ ထွက်ကျယိုစီးသော ကောဋ္ဌာသတို့နှင့်မခြား အလားတူပင် စက်ဆုပ်ရွံရှာဖွယ်တို့သာဖြစ်လျက် ပုပ်နံ့ညှီဟောင်သော အနံ့ရှိလျက် နှစ်သက်သာယာဖွယ် လိုချင်ဖွယ်မဟုတ်ပါဘဲလျက် အဝိဇ္ဇာဖုံးကွယ်၍ မိမိကိုယ်၏သဘော, သူတစ်ပါးကိုယ်၏သဘောကို အမှန်အတိုင်းဉာဏ်ဖြင့် မမြင်ကြသောကြောင့်သာလျှင် တဏှာရာဂဖြင့် တပ်မက်နှစ်သက်ကာ နှစ်သက်ဖွယ်ရှိသော ကိုယ်, လိုချင်ဖွယ်ရှိသောကိုယ်, မြဲသောကိုယ်, ချမ်းသာသောကိုယ်ဟူ၍ စွဲလမ်းလျက်ရှိကြကုန်၏။ ပကတိလူတို့၏ မျက်စိဖြင့် မြင်နိုင်သောကိုယ်, မြင်နေကြရသောကိုယ်ဖြစ်လျက် အဝိဇ္ဇာ၏ ဖြောင်လိမ် နေခြင်းကို ခံနေကြရသည်မှာ အလွန့်အလွန် အံ့သြဖွယ်ကောင်းလှပေသည်။

## မြေခွေးနှင့်တူသော အန္ဓပုထုဇဉ်

သို့ကြောင့် အန္ဓပုထုဇဉ်တို့သည် မြေခွေးနှင့် တူသည်ဟု ဥပမာပြုတော်မူသည်။ အဘယ်သို့ မြေခွေးနှင့် တူသနည်းဟူမူ- တောအုပ်ကြီးအတွင်းရှိ ပေါက်ပင်ထက်၌ ပေါက်ပွင့် နီနီရဲရဲတို့သည် အဆုပ်လိုက် အဆုပ်လိုက် ပွင့်နေသည်ကို မြင်သောမြေခွေးသည် ပေါက်ပွင့်များကို အသားတုံး အသားတစ်တွေဟူ၍ မှတ်ထင်သဖြင့် စားချင်တကြီး လောဘတပ်မက်လျက် ကြွေကျသော ပေါက်ပွင့်ရှိရာသို့ အပြေးအလွှားသွား၍ ဆွဲယူကာ ဝါးလိုက်သောအခါ အသားတစ်မဟုတ်သည်ကိုသိလျှင် "ဤသည်ကတော့ အသားတစ် မဟုတ်သေးပေ၊ အပင်ပေါ်၌ရှိသောနီနီရဲရဲတွေကတော့ဖြင့် အသားတစ်တွေပဲ"ဟု ထင်မှတ် မက်မောလည်ကြောတင်းအောင် တောင့်တ တပ်မက်သော မြေခွေးကဲ့သို့-

ထို့အတူ ဗာလပုထုဇဉ်တို့သည်လည်း အကောင်ပုပ်, ကိုယ်အတွင်းမှအပသို့ စီးကျယိုထွက်သော နှပ်, တံတွေး, ကျင်ကြီး, ကျင်ငယ် တို့သည်သာလျှင် ရွံရှာစက်ဆုပ်ဖွယ် နံစော်ညှီသိုး အပုပ်မျိုးတွေ ဖြစ်သည်၊ ကိုယ်တွင်း၌ရှိသော ပစ္စည်းတွေမှာမူကား လိုချင် တပ်မက်နှစ်သက်ဖွယ် မြတ်နိုးဖွယ် မွှေးကြိုင်ကောင်းမွန်သော ပစ္စည်းတွေသာလျှင်ဖြစ်သည် ဟူ၍ အသိဉာဏ်မှောက်မှား အထင်အမြင်လွဲကာ ထိုအသုဘအစစ်ဖြစ်သော ကောဋ္ဌာသ အစုအပေါင်းကိုပင်လျှင် လိုချင်တပ်မက်နှစ်သက်၍ အကောင်းအမွန်ထင်၍ မရသေးသည်ကို ရရှိအောင် ရပြီးသည်ကိုလည်း မလွှတ်ချင်အောင် လိုချင်တောင့်တလျက် ရကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်တို့ကို ပြုမိကြသောကြောင့် ဆင်းရဲဒုက္ခတို့မှ မလွတ်နိုင်ကြ, အပါယ်မှ မကျွတ်နိုင်ကြ, သံသရာမှမထွက်မြောက်နိုင်ကြဘဲ ရှိကြပေသည်။

## အရဟတ္တဖိုလ်တိုင်အောင် အကျိုးရနိုင်

မင်္ဂဖိုလ်ရခြင်းငှာ ထိုက်သော ယောဂီသည် ဝါ- မဂ်ဖိုလ်ကို လွယ်ကူလျင်မြန်စွာ

ရကြောင်း ပါရမီအဆောက်အဦကို ဖြစ်စေလိုသောယောဂီသည် အသက်ရှိသောအကောင်၌ဖြစ်စေ, အသက်ကင်းမဲ့သော အကောင်၌ဖြစ်စေ တွေ့မြင်တိုင်းသော ကိုယ်ကောင်၌ဝါ–ကောဋ္ဌာသအစုပေါင်း၌ အသုဘအခြင်းအရာအားဖြင့် ထင်မြင်သည်ဖြစ်အံ့၊ ထိုထင်သော ကိုယ်ကောင် ကောဋ္ဌာသရုပ်အပေါင်း၌ အသုဘဟူသော အရိပ်နိမိတ်အတုကိုယူ၍ အသုဘကမ္မဋ္ဌာန်းကို အပ္ပနာဈာန်သို့ရောက်အောင် အားထုတ်ကြရာသည်။

အနုရာဓမြို့သို့ နံနက်အခါဆွမ်းခံကြွသောမထေရ်တစ်ပါးသည် အဋ္ဌိက အသုဘကမ္မဋ္ဌာန်းကို ပွားများလျက်ရှိရာ လမ်းခရီးအကြား၌ နတ်သမီးတမျှ ဝတ်စားဆင်ယင်ဖီးလိမ်း၍လာသော မာတုဂါမတစ်ယောက်နှင့် ခရီးရင်ဆိုင်တွေ့၏။ မာတုဂါမက ဖောက်ပြန်သောစိတ်ဖြင့် ရယ်သောအခါ သွားများပေါ်သွားသည်၊ မထေရ်သည် သွားကိုမြင်သည်မှစ၍ အရိုးစုမျှကိုသာမြင်လိုက်, အာရုံထင်လိုက်သည်ဖြစ်၍ ထိုအရပ်၌ပင် အရဟတ္တဖိုလ်သို့ရောက်တော်မူသည်ဟူ၏။ ဤသို့လျှင် အရဟတ္တဖိုလ်သို့တိုင်အောင် အကျိုးတရားကိုလည်းရရှိနိုင်ပေသည်။

## ဈာန်သမာဓိမှ ဝိပဿနာသို့

ကောဋ္ဌာသကမ္မဋ္ဌာန်းဖြင့် ပထမဈာန်ကိုရသော အာဒိကမ္မိကဖြစ်သော ပုဂ္ဂိုလ်၌ပထမဈာန်ဓောသည် တစ်ကြိမ်သာလျှင် ဖြစ်သည်။ ဈာန်ရပြီးသော ဈာနလာဘီပုဂ္ဂိုလ်သည်မိမိရသောဈာန်ကို ဝင်စားသောအခါ၌သာလျှင် ဈာန်ဇောအကြိမ်များစွာ ဖြစ်သည်။

ပထမဈာန်ကိုရပြီးသောပုဂ္ဂိုလ်သည် ထိုဈာန်ကိုမဆုတ်ယုတ်စေ, မပျက်စေမူ၍ပထမဈာန်တွင်၍သာ ရပ်တန့်မနေမူ၍ ဝဋ္ဋနိဿိတကုသိုလ်ဈာန်သာလျှင် မဖြစ်စေမူ၍,ဝိဝဋ္ဋနိဿိတဈာန်ဖြစ်စေလျက် ဈာန်မှအထက် မဂ်ဖိုလ်သို့ ရောက်စေခြင်းငှာ ဝိပဿနာသို့တက်လှမ်းရမည်။ ဝိပဿနာကို ဈာန်ရမှလည်း တက်နိုင်သည်၊ ဈာန်မရမီ ဥပစာရသမာဓိကလည်း တက်နိုင်သည်။ သမထဈာန်သည် ပန်းချီရေးရာ၌ အောက်ခံစက္ကူကားချပ်နှင့် တူသည်၊ ဝိပဿနာကား မင်ဆေးနှင့်တူသည်ဟုဆိုသည်။ စက္ကူကားချပ်မရှိလျှင် မင်ဆေးမတည်နိုင်သကဲ့သို့၊ ထို့အတူ စက္ကူကားချပ်နှင့်တူသော သမာဓိရှိမှဝိပဿနာသို့ တက်နိုင်သည်၊ ယုတ်စွအဆုံး ခဏိကသမာဓိကိုမျှမရလျှင် ဝိပဿနာသို့မတက်နိုင်ဟု ဆိုသည်။ သို့ကြောင့် ထမင်းစားကြဖို့ရန် လယ်ထွန်ကြ, ကြဲကြ,စိုက်ကြသကဲ့သို့ ဝိပဿနာ၏အခြေမူလဖြစ်၍သာလျှင် ဝိပဿနာအဖို့ငှာ သမထကိုရှေးဦးစွာ အားထုတ် ကြရသည်။ သမထကား လိုရင်းပဓာနမဟုတ်။ သမထတွင်၍သာတင်းတိမ်ရောင့်ရဲ၍ မနေကြရာဟု မိန့်မှာတော်မူကြသည်။

## ဝိပဿနာမှ မဂ်ဖိုလ်သို့

နိဒါနဝဂ္ဂသံယုတ် သုသိမသုတ်အဖွင့် အဋ္ဌကထာ စာမျက်နှာ ၁၁၇ ၌လည်း-

မဂ္ဂေါ ဝါ ဖလံ ဝါ န သမာဓိနိဿန္ဒော, န သမာဓိအာနိသံသော, န သမာဓိဿ

**နိဗ္ဗုတ္တိ၊ ဝိပဿနာယ ပနေသော နိဿန္ဒော, ဝိပဿနာယ အာနိသံသော, ဝိပဿနာယ နိဗ္ဗုတ္တိ။**

ဟူ၍ရှိသည်။ သမာဓိ၏အကျိုးဆက်ဖြစ်သော သမာဓိ၏ အာနိသင်ဖြစ်သော သမာဓိပြင့်ပြီးသော မဂ်လည်းမရှိ, ဖိုလ်လည်းမရှိ၊ ဝိပဿနာ၏အကျိုးဆက်ဖြစ်သော ဝိပဿနာ၏အာနိသင်ဖြစ်သော ဝိပဿနာပြင့်ပြီးသော မဂ်ဖိုလ်သာလျှင် ရှိသည်ဟု အနိုင်အမာပြဆိုသည်။

သမာဓိသည် ဝိပဿနာ၏အခြေခံမျှသာဖြစ်သည်။ သမာဓိအားကောင်းလျှင် ဝိပဿနာပညာ အားကောင်းသည်။ ထို့ကြောင့် သမာဓိအားကောင်းစေရန်ကိုလည်း အလေးပြုသင့်သည်။

ကာယဂ္ဂတာသတိကမ္မဋ္ဌာန်း, အာနာပါနကမ္မဋ္ဌာန်းတို့သည် သမထကမ္မဋ္ဌာန်း, သမာဓိအလုပ်ပင် ဖြစ်သည်။ ကာယဂ္ဂတာသတိကမ္မဋ္ဌာန်း, အာနာပါနကမ္မဋ္ဌာန်းတို့ဖြင့် ရအပ်သော ဈာန်ကို အခြေခံပြု၍ ဝိပဿနာသို့တက်ကာ အားထုတ်လျှင် မဂ်ဖိုလ်သို့ ရောက်နိုင်သည်။ ဤအဓိပ္ပာယ်ကိုရည်ရွယ်၍ "အာနာပါနသည် မဂ်ဖိုလ်ရောက်ကြောင်းဖြစ်သည်"ဟု ဆိုနိုင်ပေသည်။

## ဝိပဿနာတင်ရန်

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးရှိသောဈာန်သည် ပထမဈာန်မည်၏။

၂။ ထိုဈာန်အင်္ဂါတို့နှင့်ယှဉ်သောစိတ်သည် ပထမဈာန်စိတ်မည်၏။

၃။ ပထမဈာန်စိတ်နှင့်တကွ ယှဉ်ဖက်ဖြစ်သော စေတသိက် ၃၅-ပါးတို့သည် နာမ်တရား နာမက္ခန္ဓာတို့ဖြစ်ကုန်၏။

၄။ နာမ်တရားတို့၏ တည်ရာ ဟဒယဝတ္ထုရုပ်နှင့်တကွ ကရဇကာယသည်, ရုပ်အစုအပေါင်းသည် ရုပ်တရား ရူပက္ခန္ဓာတို့ဖြစ်ကုန်၏။

ပထမဈာန်စိတ်သည် အာဒိကမ္မိကပုဂ္ဂိုလ်သန္တာန်၌ တစ်ကြိမ်သာဖြစ်၍ ချုပ်လေတော့သည်။ ဈာန်စိတ်နှင့်ယှဉ်သော ဈာန်အင်္ဂါအပါအဝင် စေတသိက်တို့သည်လည်း စိတ်နှင့်အတူ တစ်ပြိုင်နက်ချုပ်ပျောက်ကြကုန်၏။ စိတ်, စေတသိက်ဖြစ်သော နာမ်တရားတို့၏တည်ရာဖြစ်သော ရုပ်အစုအပေါင်းတို့သည်လည်း အတည်အမြဲမဟုတ်၍ ချုပ်ပျောက်ကြကုန်၏။ သို့ဖြစ်၍ ရုပ်ခန္ဓာတို့သည် အကျိတ်အခဲ တည်မြဲသောသဘော မရှိကြကုန်ပါတကား:- ဟူ၍ အနိစ္စစသော လက္ခဏာတင်၍ ဆင်ခြင်ပွားများအပ်၏။ မမြဲသော ရုပ်နာမ်တို့သည် နာမ်သက်ခဏ, ရုပ်သက်ခဏတိုင်း ချုပ်ဆုံး ကွယ်ပျောက်နေကြသည်ဖြစ်၍ ထိုနာမ်တို့ကို ငါ့ကိုယ်ဟူ၍လည်းကောင်း၊ ငါ့ပစ္စည်းဟူ၍လည်းကောင်း လက်ညှိုးညွှန်ကာ ပြစရာ, ထင်မှတ်စွဲလမ်းစရာ, ပြောဆိုဖွယ်ရာမရှိသောကြောင့် အနတ္တာပါ တကား၊ စင်စစ် ငါ့ကိုယ်မဟုတ်ပါတကား၊ ရောဂါအိမ်ကြီး, အနာအိမ်ကြီး,

အပုပ်အိမ်ကြီး မှုသာပါတကား။ ရောဂါအိမ်, အနာအိမ်ဟူ၍ မသိခဲ့သောကြောင့် ကောဋ္ဌာသအစုဖြစ်သော အနာအိမ်, အပုပ်အိမ်ကြီးကို အကြောင်းပြု၍ တပ်မက်နှစ်သက်ခဲ့၍ ဆင်းရဲခဲ့ရပါတကားဟု ဆင်ခြင်ပွားများသော ဥပစာရဈာန်ကို ရသောပုဂ္ဂိုလ်၊ သို့မဟုတ် ပထမဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် ဈာန်၏သတ္တိဖြင့် ကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ရာမှ မဂ်သတ္တိဖြင့် သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ်ပယ်၍ သောတာပတ္တိဖိုလ် စသည်သို့ ရောက်နိုင်သည်ဟု စိတ်အားထက်သန်စွာ အားထုတ်ကြကုန်ရာသည်။

ကာယာနုပဿနာပွားရကျိုး ပြီး၏။

* * * * *

ကောဋ္ဌာသကာယ

# ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်နည်း

## သဘာဝအတိုင်း အမှန်ကိုမသိခြင်း အဝိဇ္ဇာ

စက်ဆုပ်ရွံရှာဖွယ်, မနှစ်သက်ဖွယ် အနာဟောင်းအိမ်ကြီးနှင့်တူသော ကောဋ္ဌာသ အစုအဝေးမျှသာဖြစ်သော ကိုယ်ကောင်ကြီးကို ပကတိအရှိဖြစ်သော သဘာဝအတိုင်း အမှန်ကိုမသိခြင်းသည် အဝိဇ္ဇာကြောင့် ဖြစ်၏။

ယံ ခေါ ဘိက္ခု ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊
ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊
အယံ ဝုစ္စတိ ဘိက္ခဝေ အဝိဇ္ဇာ။

ရဟန်း-- ဒုက္ခကို ဒုက္ခဟူ၍ မသိခြင်း, ဒုက္ခဖြစ်ကြောင်းကို မသိခြင်း, ဒုက္ခချုပ်ရာကို မသိခြင်း, ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တရားအမှန်ကို မသိခြင်းကို အဝိဇ္ဇာဟူ၍ ငါဘုရား မိန့်ဆိုအပ်, ဖြေကြားအပ်သည်ဟု ဟောတော်မူသည်။

## အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပေါ်လာရခြင်း

သံယုတ်ပါဠိတော်, ဝိဘင်းပါဠိတော်တို့၌ မြတ်စွာဘုရားမိန့်တော်မူသည့်အတိုင်း ဒုက္ခအစုအပုံ သက်သက်မျှဖြစ်သော ရူပကာယ ကောဋ္ဌာသ အစုဖြစ်သော ကိုယ်ကောင် ဒုက္ခတုံးကြီးကို အဝိဇ္ဇာပိတ်ပုံးသဖြင့် ဒုက္ခဟူ၍ မသိခြင်းကြောင့်, မမြင်ခြင်းကြောင့် ထိုဒုက္ခစန္ဒာအိမ်ကိုပင် ရရာရကြောင်းဖြစ်သော ပုညာဘိသင်္ခါရတည်းဟူသော ကာမာဝစရကုသိုလ်ကိုလည်း ပြုကြကုန်၏။ ရူပါဝစရကုသိုလ်ကိုလည်း ပြုကြကုန်၏။ အကုသိုလ် ရှိသည်ဟူ၍မသိ မယုံကြည်၊ အကုသိုလ်၏ အကျိုးအပြစ်ရှိသည်ကိုလည်း မယုံကြည်၊ ဘဝတစ်ပါးရှိသည်ကိုလည်းမယုံကြည်ကြသောသူတို့သည် "မျက်စိကန်းတစ္ဆေမကြောက်" ဆိုသကဲ့သို့ အကုသိုလ်၏အပြစ်ဒေါသကို မမြင်ကြ, မသိကြ,

မကြောက်ကြသောကြောင့် အပုညာဘိသင်္ခါရတည်းဟူသော အကုသိုလ်ကိုလည်း ပြုကြကုန်၏။ အာနေဉ္ဇာဘိ သင်္ခါရ တည်းဟူသော အရူပါဝစရကုသိုလ်ကိုလည်း ပြုကြကုန်၏။

## သင်္ခါရစသည့်ကြောင့် ဝိညာဏ်စသည့် ဖြစ်ပေါ်လာရခြင်း

အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်တို့ကိုပြုလုပ်ကြသောကြောင့် အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိပါက်ဝိညာဏ်တို့ ဖြစ်ကြသည်။

ဝိညာဏက္ခန္ဓာဟူသော ဝိညာဏ်ကြောင့် ဝေဒနာ, သညာ, သင်္ခါရ- ဟူသော နာမ်ခန္ဓာတို့ ဖြစ်ကြသည်။ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်, ပဝတ္တိအခါ၌ ကမ္မဇရုပ်, စိတ္တဇရုပ် စသည်တို့ ဖြစ်ကြသည်။

ထိုနာမ်ရုပ်တို့ကို အကြောင်းပြု၍ စက္ခာယတန စသော အဇ္ဈတ္တိကာယတနတို့ ဖြစ်ကြသည်။ ရူပါယတန စသော ဗာဟိရာယတနခြောက်ပါးတို့လည်း ဖြစ်ကြသည်။

အဇ္ဈတ္တိကာယတနနှင့် ဗာဟိရာယတနတို့တွေ့ဆုံမိ၍ ဝိညာဏဓာတ်တို့ ဖြစ်ပေါ်လာကာ ထိုဓာတ်၊ ဝါ- အာယတနသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ဖဿသဘောတရား ပေါ်ပေါက်လာသည်။

ဖြစ်ပေါ်လာသော ဖဿအာရုံကိုခံစားသော ဝေဒနာဖြစ်ပေါ်လာသည်။

## ဝေဒနာကြောင့် တဏှာဖြစ်ပေါ်လာရခြင်း

ထိုဖြစ်ပေါ်လာသော ဝေဒနာကို သာယာနှစ်သက် တပ်မက်သော တဏှာ ဖြစ်ပေါ်လာသည်။ ဝေဒနာသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာဟူ၍ သုံးပါးရှိရာ သုခဝေဒနာနှင့်တူသော တဏှာ၏ ထောက်တည်ရာမည်သည်မရှိဟု ဆိုသည်။

ဤဝေဒနာ၌ရပ်၍ ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်စေ၍ ဝေဒနာကိုရှုလျှင်, ဝေဒနာ၏ အနိစ္စစသော သဘောကို ဆင်ခြင်လျှင် ဝိပဿနာဉာဏ်ဖြစ်၍ မဂ်လမ်းသို့ တက်နိုင်သည်။ ဤကဲ့သို့ မရှုနိုင်ကြ, မရှုမိကြ၍ တဏှာဖြစ်ပေါ်မိလျှင် အားနည်းသော တဏှာကိုအကြောင်းပြု၍ အားကောင်းသောဥပါဒါန် ဖြစ်ပေါ်လာတော့သည်။

ဝေဒနာကြောင့် တဏှာဖြစ်ပုံကို ရှင်းဦးအံ့- သုခဝေဒနာသည် ချမ်းသာစွာ ခံစားအပ်သောသဘောရှိသောကြောင့် သာယာနှစ်သက်ဖွယ်ရှိ၍ တဏှာလောဘဖြစ်တန်ဆေ၊ ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့ကြောင့် အဘယ်သို့ တဏှာလောဘဖြစ်သနည်းဟူမူ ဒုက္ခဝေဒနာကို ခံစားနေရခိုက်၌ ဒုက္ခဝေဒနာသည် သာယာနှစ်သက်ဖွယ်မရှိ၍ သာယာနှစ်သက်ဖွယ်ရှိသော သုခဝေဒနာကို လှမ်းမျှော်တောင့်တရင်း သုခဝေဒနာ၌ သာယာ တပ်မက်သော တဏှာလောဘ ဖြစ်သည်ဟူ၍ ဆိုသည်။ ဥပေက္ခာဝေဒနာသည်ကား "ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ"ဟူသော ကျမ်းဂန်စကားအရ ငြိမ်အေးသော သဘောရှိသောကြောင့် ဥပေက္ခာကို သုခဟူ၍ပင် ဆိုအပ်၏။ သို့ကြောင့် ဝေဒနာသုံးပါးကို အကြောင်းပြု၍ တဏှာလောဘဖြစ်သည်ဟု မှတ်ရာသည်။

အာရုံကို သာမန်လိုချင်ခြင်းသည် တဏှာ၏သဘော ဖြစ်၏။ စွဲစွဲလမ်းလမ်း မလွှတ်ချင်အောင်, မလွှတ်နိုင်အောင် တပ်မက်နှစ်သက်ခြင်းသည် ဥပါဒါန်၏သဘော ဖြစ်၏။ တဏှာနှင့် ဥပါဒါန်ခြားနားပုံကို ချဲ့၍ ပြကြကုန်သေးသော်လည်း ဤမျှဖြင့် သိလောက်ပြီဖြစ်၍ မချဲ့တော့ပြီ။

## တဏှာ ၁၀၈-ပါး

တဏှာသည် ရူပတဏှာ, သဒ္ဒတဏှာစသည်ဖြင့် ၁၀၈-ပါးရှိ၏။ ရှိပုံမှာ-

ရူပါရုံ၌တပ်မက်သော ရူပတဏှာ, သဒ္ဒါရုံ၌တပ်မက်သော သဒ္ဒတဏှာ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မအာရုံတို့၌ တပ်မက်သော ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ အားဖြင့် ၆-ပါးရှိ၏။

၎င်း ၆-ပါးကို ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ သုံးပါးနှင့် မြှောက်သော် ၁၈-ပါးဖြစ်၏။

ယင်း ၁၈-ပါးကို အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်နှစ်ပါးနှင့်မြှောက်သော် ၃၆-ပါး ဖြစ်၏။

ယင်း ၃၆-ပါးကို ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလသုံးပါးနှင့် မြှောက်က ၁၀၈-ပါး ဖြစ်၏။

တဏှာ ၁၀၈-ပါးကို အထူးထူးသော အာရုံရှိသည်ကိုလိုက်၍ မြှောက်ပွားမည် ဆိုလျှင်ကား အတိုင်းမသိအောင် တဏှာတွေ ပွားနိုင်ပေသည်။ သတ္တဝါတို့၏သန္တာန်၌ အတိုင်းမသိသောတဏှာတွေ အမြောက်အမြား ဖြစ်ပွားလျက်ပင် ရှိကြသည်။ အဝိဇ္ဇာ ကာကွယ်ပုံးအုပ်ခြင်းကို ခံနေကြရ၍သာ မမြင်နိုင်ကြရခြင်းဖြစ်သည်။

ဥပမာ- ရူပါရုံတစ်မျိုးနှင့်စပ်၍ပင် ဖြူသောရူပါရုံ, ညိုသောရူပါရုံ, နီသောရူပါရုံ, ဝါသောရူပါရုံ စသည်ဖြင့် ရူပါရုံများစွာရှိသလောက် ထိုရူပါရုံ၌ တပ်မက်သော တဏှာပေါင်းများစွာ ရှိနိုင်သည်၊ ရှိလည်းရှိကြသည်။ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို အကြောင်းပြု၍ ဖြစ်သောတဏှာတို့သည်လည်း ရူပါရုံကိုတပ်မက်သော တဏှာကဲ့သို့ပင် တဏှာပေါင်း မြောက်မြားစွာရှိနိုင်သည်၊ ရှိလည်း ရှိကြသည်။ သို့ဖြစ်၍ အထူးထူးသော အာရုံရှိသည်တို့ကိုလိုက်၍ မြှောက်ပွားပါလျှင် အတိုင်းမသိ မရေမတွက်နိုင်သော တဏှာတွေ ဖြစ်ပွားနိုင်ပေသည်။

သူငါ သတ္တဝါတို့၏သန္တာန်၌ ဝိဇ္ဇာဉာဏ်နှင့်မရှုသမျှ မကြည့်သမျှ, အပြစ်ကို ဆင်ခြင်၍ မပယ်သမျှ ဤတဏှာတွေသည် အလဲအလှယ်နှင့် ဖြစ်ပေါ်နေကြမည်သာ ဖြစ်လေသည်။ သတိပြု၍စဉ်းစားဆင်ခြင်ကြပါလျှင် ကြက်သီးထလောက်အောင် ကြောက်မက်ဖွယ်ကောင်းလှပေသည်။ သို့ကြောင့် ကမ္မဋ္ဌာန်းတစ်ပါးပါးကို အားထုတ်လိုသော ယောဂီသည် အာရုံဆိတ်ရာဖြစ်သော တော, တောင်, သစ်ပင်ခြေသော အရပ်သို့ ချဉ်းကပ်ရမည်ဟု ညွှန်ကြားတော်မူသည်။

## တဏှာကြောင့် ဥပါဒါန် ဖြစ်ပေါ်လာရခြင်း

တဏှာကြောင့် ဥပါဒါန်ဖြစ်ရာ၌ ဥပါဒါန်သည် တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိဟူ၍ နှစ်ပါးဖြစ်၏။ အကျယ်အားဖြင့် လေးပါးရှိ၏။ လေးပါးကား-

၁။ ကာမအာရုံ၌ ပြင်းပြင်းထန်ထန် စွဲလမ်းတပ်မက်ခြင်းသည် **ကာမုပါဒါန်** မည်၏။

၂။ ပေးကမ်းခြင်း, လှူဒါန်းခြင်း, ပူဇော်ခြင်းတို့သည်အကျိုးမရှိ စသည်ဖြင့် ဝတ္ထုဆယ်ပါး ရှိသော မှားသောအယူအမြင်သည် **ဒိဋ္ဌုပါဒါန်** မည်၏။ ဝတ္ထုဆယ်ပါး ဟူသည်ကား-

မိစ္ဆာဒိဋ္ဌိ ၁၀-ပါး

၁။ ပေးကမ်းလှူဒါန်းအပ်သော အကျိုးသည် မရှိ။
၂။ ယဇ်ငယ်ပူဇော်ခြင်းသည် အကျိုးမရှိ။
၃။ ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးမရှိ။
၄။ ကောင်းမှု မကောင်းမှုဟူသော ကုသိုလ်, အကုသိုလ်တို့၏ အကျိုးသည်မရှိ။
၅။ ဤ ပစ္စုပ္ပန်လောကသည် မရှိ။
၆။ တမလွန်ဘဝဟူသော လောကသည် မရှိ။
၇။ မိခင်၌ပြုအပ်သော အကျိုးအပြစ်သည်မရှိ။
၈။ ဖခင်၌ပြုအပ်သော အကျိုးအပြစ်သည်မရှိ။
၉။ ကိုယ်ထင်ရှား ပဋိသန္ဓေတည်နေသော သတ္တဝါတို့သည် မရှိကုန်။
၁၀။ ယခု ပစ္စုပ္ပန် လောကကိုလည်းကောင်း, တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ ပြောကြားနိုင်သော သမဏ ဗြာဟ္မဏ တို့သည် မရှိကုန်၊ ဤဆယ်ပါးတို့တည်း။

ဤဆယ်ပါးတို့ကို အခြေပြု၍ ဒိဋ္ဌုပါဒါန်ဖြစ်သည်ပ,ု ဆိုလိုသည်။

၃။ လမ်းသွားစဉ် အစားအစာကိုစား၏၊ ရပ်လျက် ကျင်ကြီး ကျင်ငယ်ကို စွန့်၏၊ ဧသော အကျင့်ဖြင့်သာစင်ကြယ်သည်ဟု မှားသောအယူအမြင်သည် **သီလဗ္ဗတုပါဒါန်**မည်၏။

သက္ကာယဒိဋ္ဌိ - ၂၀

၄။ (၁) ရုပ်သည် အစိုးရသော ကိုယ်ကောင်တည်း။
(၂) ကိုယ်ကောင်သည် ရုပ်ရှိ၏။
(၃) ကိုယ်ကောင်၌ ရုပ်တည်၏။
(၄) ရုပ်၌ ကိုယ်ကောင်တည်၏။
(၁) ဝေဒနာသည် အစိုးရသော ကိုယ်ကောင်တည်း။
(၂) ကိုယ်ကောင်သည် ဝေဒနာရှိ၏။

(၃) ကိုယ်ကောင်၌ ဝေဒနာတည်၏။

(၄) ဝေဒနာ၌ ကိုယ်ကောင်တည်၏။

သညာ, သင်္ခါရ, ဝိညာဏ်တို့၌လည်း အထက်ကနည်းတူ လေးပါးစီအားဖြင့် သက္ကာယဒိဋ္ဌိ ၂၀- ဖြစ်သည်။

ဤ ၂၀-သောဝတ္ထုရှိသောဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်၏။ အတ္တဝါဒ၌စွဲလမ်းကာ မှားယွင်းသော အယူအမြင်ဟု ဆိုလိုသည်။

## ဥပါဒါန်ကြောင့် ဘဝဖြစ်ပေါ်လာရခြင်း

ဘဝဟူသည်- ကုသိုလ်, အကုသိုလ်တို့၏စေတနာ၊ ထိုစေတနာနှင့်ယှဉ်သော အဘိဇ္ဈာ, အနဘိဇ္ဈာစသော ကမ္မဘဝ သည်လည်းကောင်း၊ ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝဟူသော ကိုးပါးသောဥပပတ္တိဘဝသည် လည်းကောင်း ဤကမ္မဘဝ, ဥပပတ္တိဘဝနှစ်မျိုးသည် ဘဝမည်၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ သင်္ခါရ အရ စေတနာနှင့် ဤကမ္မဘဝ အရ စေတနာ တို့၏အထူးကား:- အတိတ်စေတနာသည် သင်္ခါရ, ပစ္စုပ္ပန်စေတနာသည် ကမ္မဘဝဖြစ်၏။

ဘဝေါ ဂုထော ဝိယ ဓိဂုစ္ဆိတဗ္ဗော- ဘဝကိုမစင်ကဲ့သို့ စက်ဆုပ်ရွံ့ရှာရမည်ဟု ဆိုသည်။ အကြောင်းကား ဘဝဟူသော ကုသိုလ် အကုသိုလ်စေတနာဖြစ်လျှင် ထိုစေတနာ တို့၏ အကျိုးဖြစ်သော ဇာတိကိုရကြမည်ဖြစ်သောကြောင့်တည်း။ ဇာတိရလျှင် ဇာတိဖြစ် လျှင် အိုဘေး, နာဘေး, သေဘေး စသည်တို့ကို ရပါလို၏, ရပါစေဟု တောင့်တသည်နှင့် တူသောကြောင့် ဘဝကို စက်ဆုပ်ကြောက်ရွံ့ရမည်ဆိုသည်။

## ဘဝကြောင့် ဇာတိဖြစ်ပေါ်လာရခြင်း

ဥပါဒါန်ကြောင့် ဘဝဖြစ်ရာ၌ ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်ပါးလုံးကိုယူရ၏။ ဘဝပစ္စယာ ဇာတိ၌ ဘဝ- အရကိုကား ကမ္မဘဝ- ကိုသာယူရ၏။

ဇာတိဟူသည်- ရောက်ရာဖြစ်ရာ ဘုံဘဝ၌ ရှေးဦးစွာဖြစ်သော ရုပ်နာမ်ခန္ဓာသည် ဇာတိမည်၏။ ထိုယိုသတ္တဝါ, ထိုထိုဇာတိ စသည်တို့၌ အတ္တဘောကို ရခြင်းသည်ပင် ဇာတိမည်သည်ဟု ဆိုသည်။ ဇာတိရလျှင် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတို့သည် တစ်စဉ်တစ်တန်းကြီး မလွဲသာ မရှောင်သာ ဖြစ်ကြမည်သာဖြစ်သော ကြောင့် ဘဝကိုမတောင့်တကြလေနှင့် ဘဝကို စက်ဆုပ်ကြ, ဘဝကိုကြောက်ကြဟု မိန့်တော်မူခြင်း ဖြစ်သည်။

ကမ္မဘဝကြောင့်သာ ဇာတိဖြစ်ခြင်း၌ ဇာတိသည် ကမ္မဘဝဟူသော ကံကြောင့် ဖြစ်သည်ဟု အဘယ့်ကြောင့် ဆိုပါသနည်း။ မိဘတို့၏ သုက်သွေးနှင့် အာဟာရစသော အကြောင်းတို့လည်း ရှိသည်မဟုတ်ပါလောဟူမူ–

တုလျေပိ ဗဟိ ဟေတုမှိ၊
ယမကာနံပိ တုလျတာ။
န စာညော ကမ္မတော တသ္မာ၊
ဝေ ယျော သော ဇာတိပစ္စယော။

ဗဟိ၊ အပ၌။ ဟေတုမှိ၊ မိဘသုက်သွေး, အာဟာရစသော အကြောင်းသည်။ တုလျေပိ၊ တူပါလျက်လည်း။ ယမကာနံပိ၊ အမြွှာမွေးတို့၏လည်း။ အတုလျတာ၊ မတူကွဲပြား ထူးခြားသောအဖြစ်သည်။ ဒိဿတိ၊ ထင်၏။ ကမ္မတော၊ ကံမှ။ န စ အညော၊ အကြောင်းတစ်ပါးလည်းမရှိခဲ့။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုကမ္မဘဝကို။ ဇာတိပစ္စယော၊ ဇာတိ၏အကြောင်းဟူ၍။ ဝေ ယျော၊ သိအပ်၏–

ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဝါကျကို မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး အဓိပ္ပာယ်မပျက် ဂါထာစီတော်မူထားပေသည်။

မိဘတို့၏ သုတ်သွေး, အာဟာရစသောအကြောင်းတို့ရှိသော်လည်း ထိုအကြောင်းတို့သည် ပဓာနအကြောင်းများ မဟုတ်ကုန်။ အကယ်၍ ပဓာနအကြောင်းများဖြစ်လျှင် အမြွှာပူး မွေးသောကလေးတို့သည် တစ်ဦးနှင့်တစ်ဦး ရုပ်ရော နာမ်ပါ တူညီကြပေမည်၊ တူကား မတူကြကုန်၊ အသီးအသီး မိမိအကြောင်းကံအားလျော်စွာသာလျှင် တစ်မျိုးတစ်ဖုံစီ ဖြစ်ကြသည်။ သို့ကြောင့် ကံသာလျှင် ဇာတိ၏အကြောင်းဖြစ်သည်ဟု ဆိုရသည်ဟူ၍ ဇာတိသည် ကမ္မဘဝကြောင့်သာဖြစ်သည်ကို အထက်ပါအဆုံးအဖြတ်စကားဖြင့် စွဲမြဲစွာ မှတ်သားကြရန်ဖြစ်သည်။

## ဇာတိကြောင့် ဇရာ မရဏ သောက စသည်ဖြစ်ရခြင်း

ဇာတိဖြစ်က ဇာတိ၏အကျိုးရင်းဖြစ်သော ဇရာမရဏနှင့် ဇာတိ၏အကျိုးများ ဖြစ်သော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်ကြတော့သည်ဟု ပြဆိုခဲ့ပြီ။ ဇရာဟူသည်– တစ်ဘဝ၌ရရှိအပ်သော ရုပ်၏အိုခြင်း, ရင့်ခြင်း, ဆွေးမြေ့ယိုယွင်း ဖောက်ပြန်လာခြင်းပင်ဟူ၍ သိရှိကြပြီ။ မရဏဟူသည်– ရရှိအပ်သော အတ္တဘော၏ တစ်ဘဝအပိုင်းအခြား တစ်ဘဝအဆုံးဖြစ်သော သေဆုံးခြင်းဟူ၍ သိကြပြီ။ ဇာတိကိုရသော သတ္တဝါမှန်က ဤဇရာ မရဏတို့ကို• မြေလက်ခတ်မလွဲ ရမည်သာဖြစ်တော့သည်။ သို့နှင့် မပြီးသေး၊ သောက စသည်တို့လည်း ရှိကြပေသေးသည်။

သောကဟူသည်– ဆွေမျိုးတို့၏ ပျက်စီးခြင်း ဉာတိဗျသန, ဥစ္စာပစ္စည်းတို့၏ ပျက်စီးခြင်း ဘောဂဗျသန, အနာရောဂါနှိပ်စက်ခြင်း ရောဂဗျသန စသော ပျက်စီးခြင်း ဗျသနတရားတို့ကြောင့် စိတ်ပူပန်ခြင်းသဘောသည် သောက မည်၏။

အဆိုပါ ဉာတိဗျသန စသည်တို့ကြောင့် ငိုကြွေးရခြင်းဟူသော စိတ္တဇသဒ္ဒသည် ပရိဒေဝမည်၏။ ကိုယ်၌ဖြစ်သောဆင်းရဲခြင်း ဝေဒနာသည် ဒုက္ခမည်၏။ စိတ်၌ဖြစ်သော ဆင်းရဲခြင်း ဝေဒနာသည် ဒေါမနဿမည်၏။ ဆွေမျိုးဉာတိစသည်တို့ ပျက်စီးခြင်းကြောင့် အလွန်အမင်းပြင်းပြစွာ စိတ်ဆင်းရဲ ပူပန်ခြင်းသည် ဥပါယာသမည်၏။ (ဥပါယာသသည် တရားကိုယ်အားဖြင့် ဒေါသဟု ဆိုသည်။)

စက်ဆုပ်ရွံရှာဖွယ်အတိ ကောဋ္ဌာသ အစုအဝေးမျှသာ ဖြစ်သော ရုပ်ခန္ဓာနှင့်တကွ ဒေါသ, မာန စသော ရန်သူတည်းဟူသော နာမ်ခန္ဓာတို့၌ ဒုက္ခအမှန် ဒုက္ခသစ္စာဟူ၍ အမှန်သဘောကို မသိမမြင်တတ်သော အဝိဇ္ဇာကိုမပယ်ရသေးသော သတ္တဝါတို့သန္တာန်၌ သမုဒယ, နိရောဓ, မဂ္ဂသစ္စာတို့ကို မမြင်တတ်သော အဝိဇ္ဇာတို့ကိုလည်း မပယ်နိုင်ကြသေးသည်သာလျှင် ဖြစ်ကုန်၏။ အဝိဇ္ဇာကိုမပယ်ရသေးသော သတ္တဝါတို့သည် ခန္ဓာကိုယ်ကို ရရှိခြင်းကိုသာလျှင် သုခဟူ၍ မှတ်ထင်ကြမြဲဖြစ်ကုန်၏။ ခန္ဓာ၏ချုပ်ငြိမ်းရာကိုမူကား ဒုက္ခဟူ၍ မှတ်ထင်ကြကုန်၏။ သို့ကြောင့် ခန္ဓာကိုယ်ကို ရကြောင်းဖြစ်သော လမ်းကိုသာလျှင် လမ်းကောင်းလမ်းမှန်ဟူ၍ ထင်မြင်ကြကုန်၏။ ခန္ဓာချုပ်ရာဖြစ်သော မဂ္ဂင်လမ်းကိုမူကား လမ်းလွဲလမ်းမှားဟူ၍ မြင်ကာ ကြောက်ရွံ့ကြကုန်၏။ အဝိဇ္ဇာကာကွယ် ဖုံးလွှမ်းခြင်း ခံနေကြရသော သတ္တဝါတို့သည် ဒုက္ခကို စက်ဆုပ်ကြောက်ရွံ့ကြလျက် ချမ်းသာကို လိုလားတောင့်တကြကုန်လျက် ဒုက္ခအစစ်ဖြစ်သော ခန္ဓာကိုယ်ကို ရကြောင်းဖြစ်သော သင်္ခါရတို့ကိုသာလျှင် ကိုးကွယ်ရာအားထားရာ အမှတ်ဖြင့် အားထုတ်ပြုလုပ်ကြကုန်၏။ ထို့ကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟူ၍ ဟောတော်မူသည်။

## သံသရာနှစ်မ်းသတ်ရန်

သင်္ခါရဖြစ်လျှင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ ဖြစ်ကြရမည်သာ။ နောက်ကပြဆိုခဲ့သော ကောဋ္ဌာသအစုအဝေးမျှသာဖြစ်သော ရူပကာယ အကောင်ပုပ်၌စက်ဆုပ်ရွံရှာဖွယ် သဘောမှန်ကို ဝိဇ္ဇာဉာဏ်ဖြင့် ရှုမြင်ကာ ဆင်ခြင်နှလုံးသွင်းနိုင်သော ယောဂီဖြစ်ပါလျှင် ကောဋ္ဌာသ အသုဘ၌ အသုဘဟူ၍ ပထမဈာန်ကိုရသဖြင့် ယင်း ပထမဈာန်ကို အခြေပြု၍ ဝိပဿနာသို့တက်လျှင် တဏှာပြတ်၍ ပဋိစ္စသမုပ္ပါဒ် မလည်တော့ဘဲ အရဟတ္တဖိုလ်တိုင် ကောင်းမြတ်သောအကျိုးကို ရရှိသဖြင့် သံသရာနှစ်မ်း သတ်နိုင်ပေတော့သည်။

အကယ်၍ အသုဘအစစ်ဖြစ်သော ကောဋ္ဌာသအာရုံကို သညာ, စိတ္တ ဒိဋ္ဌိ ဝိပလ္လာသတို့ကြောင့် ဖောက်ပြန်မှားယွင်း၍ ခင်မင်စုံမက် နှစ်သက်သာယာသောတဏှာ ဖြစ်ခဲ့ပါမူ တဏှာကြောင့် ဥပါဒါန်ဖြစ်မည်။ ဥပါဒါန်ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝတို့ ဖြစ်မည်။ ကမ္မဘဝကြောင့် ဇာတိဖြစ်မည်။ ဇာတိကြောင့် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ တသီကြီး တတန်းကြီး ဖြစ်ကြတော့မည်။ သောကပရိဒေဝတို့ဖြစ်လျှင် သောကပရိဒေဝတို့သည်ပင်လျှင် အာသဝေါတရားတွေ ဖြစ်ကြောင်းဖြစ်၍ အကျိုးအာသဝ တရားတွေ ဖြစ်ကြဦးမည်။ "အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာ စ ပဝတ္တတိ"ဟူသည်အရ အာသဝေါတို့ဖြစ်ကြလျှင် ပဋိစ္စသမုပ္ပါဒ် သံသရာ

စက်ရဟတ်၏ ဦးခေါင်းနှင့်တူသော အဝိဇ္ဇာတစ်ဖန်ဖြစ်ပြန်သောကြောင့် သံသရာနခမ်း မသတ်နိုင်ဘဲ ဝဲလည်ကြဦးတော့မည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍-

"ယံ ခေါ ဘိက္ခု၊ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခု ဝိဇ္ဇာ။

ရဟန်း-ဒုက္ခ၌ ဒုက္ခဟုသိသော ဉာဏ်အမြင်, ဒုက္ခဖြစ်ကြောင်း၌သိသော ဉာဏ်အမြင်, ဒုက္ခချုပ်ငြိမ်းရာ၌ သိသော ဉာဏ်အမြင်, ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်မှန်၌ သိသောဉာဏ်အမြင်ကို ဝိဇ္ဇာဟူ၍ ငါဘုရားမိန့်ဆိုအပ်၏ - ဟု ဟောတော်မူသည်နှင့်အညီ ဒုက္ခသစ္စာအစစ်ဖြစ်၍ ကောဋ္ဌာသအစုအဝေးမျှသာဖြစ်သော အသုဘ ရုပ်အလောင်းကို ဒုက္ခအစစ် အသုဘဖြစ်သည်ဟူ၍ ဝိဇ္ဇာဉာဏ်ဖြင့်ရှုကာ တဏှာကို ပယ်သတ်လျက် ရင့်ကျက်သော ဥပစာရသမာဓိ, ဈာနသမာဓိမှတစ်ဆင့် ကောဋ္ဌာသအစု ဒုက္ခရုပ်အပေါင်းကိုလည်းကောင်း၊ ရုပ်၌မှီသော နာမ်အပေါင်းကိုလည်းကောင်း အနိစ္စဟူ၍, ဒုက္ခဟူ၍, အနတ္တဟူ၍ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပွားများကြ၍ မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့် တက်လျက် အရဟတ္တဖိုလ်တိုင်အောင်သော ကောင်းကျိုးကျေးဇူးကို ရနိုင်ကြပါစေ ကုန်သတည်း။

## ဝိပဿနာ အညစ်အကြေး ၁၀-ပါး

ဝိပဿနာ၏ အညစ်အကြေး မဂ်ဖိုလ်၏အန္တရာယ်ဆယ်ပါးကိုလည်း သတိရှိကြရမည်။ သမထအာရုံဖြင့် ဥပစာရဈာန်ကိုသော်လည်းကောင်း၊ အပ္ပနာဈာန်ကိုသော်လည်းကောင်း ရ၍ရောက်၍ ထိုဈာန်ကိုအခြေပြုကာ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ လက္ခဏာယာဉ်တင်၍ ဆင်ခြင် သုံးသပ်သဖြင့် ဥဒယဗ္ဗယဉာဏ်သို့ ရောက်သောအခါ ဝိပဿနာ၏ အညစ်အကြေး ဝိပဿနာ၏ ဆူးငြောင့်သဖွယ်ဖြစ်သော- ၁။ ဩဘာသ, ၂။ ပီတိ, ၃။ ပဿဒ္ဓိ, ၄။ အဓိမောက္ခ, ၅။ ပဂ္ဂဟ, ၆။ သုခ, ၇။ ဉာဏ, ၈။ ဥပဋ္ဌာန, ၉။ ဥပေက္ခာ, ၁၀။ နိကန္တိ- ဤဆယ်ပါးသော အညစ်အကြေးတို့ ဖြစ်ပေါ်ကတတ်သည်။

၁။ ဩဘာသဟူသည်- ဝိပဿနာစိတ်ကြောင့် ဖြစ်သော ကိုယ်မှထွက်ေ ာ အရောင် အလင်း ဖြစ်သည်။

၂။ ပီတိဟူသည်- ဝိပဿနာစိတ်နှင့်တကွဖြစ်သော ခုဒ္ဒကာပီတိအစရှိသော ငါးမျိုးသော ပီတိဖြစ်သည်။

၃။ ပဿဒ္ဓိဟူသည်- ကိုယ်စိတ်နှစ်ပါးတို့၏ အပူငြိမ်းအေးစေခြင်းလက္ခဏာရှိသော ငြိမ်းအေးခြင်းဖြစ်သည်။

၄။ အဓိမောက္ခဟူသည်- အားရှိသော သဒ္ဓိန္ဒြေဟု ဆိုအပ်သော ယုံကြည်ခြင်းဖြစ်သည်။

၅။ ပဂ္ဂဟဟူသည်- သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်ထိုက်သော အားထုတ်ခြင်း ဝီရိယဖြစ်သည်။

၆။ သုခဟူသည်- အလွန်ကောင်းမြတ်သော ချမ်းသာခြင်း ဖြစ်သည်။

၇။ ဉာဏဟူသည်- အထူးကြည်လင်တောက်ပသော ဝိပဿနာဉာဏ်အမြင်ဖြစ်သည်။

၈။ ဥပဋ္ဌာနဟူသည်- သတိပဋ္ဌာန် ဖြစ်သော ရှည်ကြာခဲ့သော ကာလ၌ သိခဲ့ပြုခဲ့သော အရာကို အောက်မေ့ခြင်းငှာ စွမ်းနိုင်သော ထင်ခြင်း သတိဖြစ်သည်။

၉။ ဥပေက္ခာဟူသည်- ဥပေက္ခာသမ္ဗောဇ္ဈင်ထိုက်သော တတြမဇ္ဈတ္တုပေက္ခာနှင့် မနောဒွါရ၌ဖြစ်သော အာဝဇ္ဇနုပေက္ခာ ဖြစ်သည်။

၁၀။ နိကန္တိဟူသည်- ကိုယ်မှထွက်သော အရောင်အလင်းစသည်တို့ဖြစ်ပေါ်လာသောအခါ ရှေးအခါကာလက ဤကဲ့သို့သော အရောင်အလင်း စသည်တို့မဖြစ်ဖူးဘဲ ယခု တရားအားထုတ်သောအခါမှ ဖြစ်ပေါ်လာပေသည်ဟု ထိုအရောင်အလင်း စသည်ကို နှစ်လိုခြင်းဟု ဆိုအပ်သော သိမ်မွေ့သောတဏှာဖြစ်သည်။

[တဏှာသည် ဤအထိ ဝိပဿနာတိုင်အောင် တွယ်ကပ်ပါဝင်တတ်သေးသည်ဖြစ်၍ ကြောက်ဖွယ်ကောင်းလှသည်။]

ဤဥပက္ကိလေသ ဆယ်ပါးတွင် နိကန္တိသည်သာလျှင် ဥပက္ကိလေသ အစစ်ဖြစ်သည်။ ဩဘာသစသော ၉-ပါးတို့သည်ကား နိကန္တိ၏တည်ရာဖြစ်ရာ ဝတ္ထုတို့သာတည်း။ ဤဩဘာသစသည်တို့ဖြစ်ပေါ်လာခြင်းကြောင့် မိမိ၌မဂ်ဖိုလ်ကိုမရသေးဘဲလျက် ရပြီဟု ထင်မှားတတ်သည်။ မရသေးသောမဂ်ဖိုလ်ကိုရပြီဟုထင်မှားသဖြင့် ဆက်လက်၍ တရားကို အားမထုတ်မူ၍ တရားလက်လွှတ်နေသောယောဂီအား ထိုဥပက္ကိလေသတို့သည် အနောက်အယှက်အတားအဆီးသဖွယ်ဖြစ်သည်ဟုဆိုသည်။ ရှေးခေတ် ယခုခေတ်တို့၌ပင် ဤကဲ့သို့သော ဥပက္ကိလေသကြောင့် အဓိမာနဖြစ်ကာ မဂ်ဖိုလ်ရပြီဟု အချို့ဝန်ခံတတ်ကြပေသည်။

## အရောင်အလင်းကို မဂ်ဟုထင်မှားပုံ

ရှေးအခါက ရဟန်းတော်ကြီးတစ်ပါးကို လူများက လောကုတ္တရာတရားကို ရသောပုဂ္ဂိုလ်ဟူ၍ ချီးကျူးပြောဆိုနေကြ၏။ ရဟန်းတော်ကြီး၏ သဒ္ဓိဝိဟာရိကတပည့်များ ဆည်းကပ်လာရောက်ကြသဖြင့် ငါ့ရှင်တို့ ဘာကိစ္စလာကြသနည်း-ဟုမေး၏။ အရှင်ဘုရား နှလုံးသွင်းသော ကမ္မဋ္ဌာန်းကို မေးလျှောက်ရန်လာကြပါသည်ဟု လျှောက်၏။

ထိုင်ကြလော့၊ တစ်ခဏချင်းဖြင့် အရဟတ္တဖိုလ်သို့ရောက်စေနိုင်သော ကမ္မဋ္ဌာန်းတရားကို ပြောကြားမည်ဟု ဆို၍ "သာသနာတော်ထမ်း ရဟန်းသည် မိမိနေရာဌာနသို့ဝင်၍ မူလကမ္မဋ္ဌာန်းကို နှလုံးသွင်း၏၊ မူလကမ္မဋ္ဌာန်းကိုနှလုံးသွင်းသောထိုရဟန်းအား အရောင်အလင်းသည် ဖြစ်၏၊ ဤအရောင်အလင်းဖြစ်ခြင်းသည် ပထမမဂ်ပင်တည်း။ ဒုတိယ၌ အရောင်အလင်းဖြစ်၏၊ ဤကား ဒုတိယမဂ်တည်း။ တတိယ, စတုတ္ထ အရောင်အလင်း ဖြစ်၏၊ တတိယ, စတုတ္ထမဂ်ပင်တည်း။ ဤသို့ဖြင့် မဂ်သို့ရောက်ခြင်း, ဖိုလ်သို့ရောက်ခြင်း ဖြစ်သည်"ဟု ပြောကြားလေသည်။

တပည့်များက "ငါတို့ဆရာသည်ရဟန္တာဖြစ်၍သာ ဤသို့ပြောကြားနိုင်ရာသည်" ဟု ရဟန္တာအဖြစ်ဖြင့်ဆုံးဖြတ်ကာယုံကြည်ကြကုန်၏။ ထိုရဟန်းတော်ကြီးသည် နောက်

မကြာမီပုံလွန်တော်မူသဖြင့် တပည့်များက ရဟန္တာဟုသောကြည်ညိုခြင်းဖြင့် အထူးတလည် တင့်တင့်တယ်တယ် တတ်နိုင်သမျှစီမံဖန်တီး၍ သင်္ဂြိုဟ်ကြကုန်၏။ ကျောင်းအရံ အဝင်၌ စေတီတည်၍လည်း အရိုးဓာတ်ကို ပူဇော်ကြကုန်၏။

အခါတစ်ပါး၌ အာဂန္တုများရောက်လာကြ၍ မထေရ်ကြီးကို ဖူးမြော်ကန်တော့ရန် မထေရ်ကြီးကို မေးမြန်းကြရာ ပရိနိဗ္ဗာန်ပြုကြောင်း ပြောကြ၏။ ငါ့ရှင်တို့ မထေရ်ကြီးအား တရားရပုံကို မေးလျှောက်လိုက်ကြပါ၏လော–ဟု ဆိုသဖြင့် မေးလျှောက်လိုက်ပါသည်။ တရားအားထုတ်သောရဟန်းသည် ပထမအရောင်အလင်းဖြစ်၏၊ ဤအရောင်အလင်းသည် ပထမမဂ်ဖြစ်သည် စသည်ဖြင့် ပြောကြားသွားကြောင်းကို ပြောပြသောအခါ အာဂန္တုက ရဟန်းတော်များက "ငါ့ရှင်တို့ ဤအရောင်အလင်းတို့သည် မဂ်မဟုတ်ကြကုန်၊ ဝိပဿန ပက္ကိလေသ = ဝိပဿနာ၏အညစ်အကြေး အနှောက်အယှက်သာ ဖြစ်သည်။ ပုံလွန်တော်မူသော မထေရ်သည် ပုထုဇဉ်သာလျှင် ဖြစ်သည်"ဟု ပြောပြကြရပေသည်။ ဤသို့လျှင် အရောင်အလင်း, ပီတိ, ပဿဒ္ဓိ စသည်တို့သည် ဝိပဿနာကို ဟန့်တားသကဲ့သို့ ရှိ၍ အညစ်အကြေး ဆူးငြောင့်သဖွယ်ဖြစ်၍ ယောဂီကို မဂ်ဖိုလ်ရပြီဟု ထင်မှတ်စေလေ သည်ကို သတိပြုကြရာသည်။

## ဆန္ဒအမျိုးမျိုးရှိ၍ တရားအမျိုးမျိုးဟောရခြင်း

လူနတ်ဗြဟ္မာသတ္တဝါတို့၏ စရိတ, သဘာဝ, အလေ့သည် တူသည်ရှိစေကာမူ ဆန္ဒချင်း မတူညီကြ၊ အလိုချင်းမတူညီကြသည်က များသည်။ သို့ဖြစ်၍ အာသယာနုသယ ဉာဏ်တော်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပုဂ္ဂလဈာသယအားလျော်စွာ ကျွတ် ထိုက်သောပုဂ္ဂိုလ်၏ အလိုဆန္ဒအားလျော်စွာ တရားတော်ကို ဓမ္မပရိယာယ် အထူးထူးဖြင့် ဟောတော်မူရသည်။ အာသယာနုသယဉာဏ်ကို မရကြသော သာဝကတို့သည်မူကား မိမိတို့ရရှိသော တရားလမ်းအတိုင်းကိုသော်လည်း ဟောပြောကြသည်။ မိမိတို့ နှလုံးသွင်း ဆင်ခြင်ပွားများလေ့ရှိသောတရားကိုသော်လည်း ဟောပြောကြသည်။ ဤပုဂ္ဂိုလ်အား ဤတရားဖြင့် သင့်လျော်ရာ၏ဟူ၍ မှန်းဆကာမူလည်း ပြောဟောကြသည်။ အဇ္ဈာသယ အမျိုးမျိုး, ဆန္ဒအမျိုးမျိုးတို့နှင့် သင့်လျော်နိုင်သလောက်သင့်လျော်စေရန်မူလည်း နှလုံး သွင်း၍ ဟောပြောကြသည်။ ဤသို့ ဟောပြောကြခြင်းသည် တရားနာပုဂ္ဂိုလ်တို့သည် တရားတော်၌ သက်ဝင်၍ ဉာဏ်အမြင်ပွင့်ကာ အကျိုးကျေးဇူးရှိပါစေဟူသော သမ္မာဆန္ဒ မနသိကာရပင်ဖြစ်သည်။

သာဝက ဓမ္မကထိက ကမ္မဋ္ဌာန်းဆရာတို့သည် ဆန္ဒအမျိုးမျိုးရှိသောပုဂ္ဂိုလ်တို့နှင့် သင့်လျော်စေရန် တစ်မျိုးမဟုတ်တစ်မျိုးပြောင်းလွှဲကာ ဟောကြရသကဲ့သို့၊ ဤ ကာယာ နုပဿနာ တရားစာ၌လည်း နာနာဆန္ဒရှိသောပုဂ္ဂိုလ်တို့၌ တစ်မျိုးမျိုးသော တရားကို သဘောပေါက်၍ ဉာဏ်ပွင့်အောင် နားလည်ရှင်းလင်းသဖြင့် အကျိုးကျေးဇူး ရကြပါစေ ဟူသော နှလုံးသွင်းခြင်း မနသိကာရ သမ္မာဆန္ဒဖြင့် အာနာပါနကာယာနုပဿနာမှစ၍ အနုပဿနာတရားတို့ကို ပါဠိတော်၌ တိုက်ရိုက်ဟောတော်မူသည့်အတိုင်း ဆက်လက် ထုတ်ဖော်ရေးသားပေဦးမည်။

ကာယာနုပဿနာ ကမ္မဋ္ဌာန်းနှင့်စပ်သော ဂုဏ်ကျေးဇူးစကားတို့ကို စာမျက်နှာ ၇၈–၇၉တို့၌ အတော်အသင့်ပြဆိုခဲ့ပေပြီ။ ကာယာနုပဿနာကမ္မဋ္ဌာန်းသည်–

၁။ သန္တတိအမတ်တို့ကဲ့သို့ သောကမှပျောက်ကင်းလွန်မြောက်စေခြင်းငှာလည်း ဖြစ်၏။

၂။ ပဋာစာရီထေရီကဲ့သို့ ပရိဒေဝမှ ကင်းလွတ်စေခြင်းငှာလည်း ဖြစ်၏။

၃။ တိဿမထေရ်ကြီးတို့ကဲ့သို့ ကာယိကဒုက္ခမှ ငြိမ်းအေးခြင်းငှာလည်း ဖြစ်၏။

သန္တတိအမတ်နှင့် ပဋာစာရီတို့၏အကြောင်းသည် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ နယ်ပယ်၌ ထင်ရှားပြီးဖြစ်၍ မပြတော့ပြီ။ တိဿမထေရ်အကြောင်းကိုကား အကျဉ်းမျှ ဖော်ပြဦးအံ့။

## တိဿမထေရ်အကြောင်း

သာဝတ္ထိမြို့၌ တိဿအမည်ရှိသောသူကြွယ်သည် ကုဋေလေးဆယ်သော ရွှေ, ငွေ ဥစ္စာပစ္စည်းတို့ကို ညီဖြစ်သူအား စွန့်လွှတ်အပ်နှင်း၍ ရဟန်းပြုကာ တောရကျောင်း တစ်ခု၌ ရဟန်းတရားကို အားထုတ်လျက်နေ၏။ ညီ၏မယားဖြစ်သော ခယ်မက ခဲအို လူထွက်ပြီးပြန်လာလျှင် ပစ္စည်းတို့ကို ခွဲဝေပေးရမည်ကို ကြောင့်ကြ၍ ခိုးပြလူဆိုးတို့ကို စေလွှတ်ပြီး တိဿမထေရ်ကိုသတ်စေ၏။ လူဆိုးတို့သည် တိဿမထေရ်ထံသွား၍ ဝိုင်းရံသောအခါ "ဒကာတို့--- ဘာကိစ္စလာကြသနည်း"ဟုမေးလျှင် အရှင်ဘုရားအား သတ်ရန် လာကြသည်ဟု ပြောပြ၏။ "ဒကာတို့--- ငါသည် ကိလေသာတန်းလန်းနှင့် သေရ မည်ကိုရှက်လှသည်၊ သို့ကြောင့် တစ်ညတာ ရဟန်းတရားကို အားထုတ်ခွင့်ပြုကြပါ၊ ငါအာမခံပေးပါမည်"ဆိုကာ ကျောက်တုံးကြီးဖြင့် ပေါင်နှစ်ချောင်းကို ပိုင်းပိုင်းကျိုးအောင် ရိုက်ချိုးလိုက်၏။ နာကျင်သောဒုက္ခဝေဒနာကို အာရုံမပြုမူ၍ ဝိပဿနာသို့တင်လျက် ဆင်ခြင်သောအခါ စင်ကြယ်သော မိမိ၏သီလကိုမြင်သော် တိဿထေရ်သည် သီလ စင်ကြယ်သည်ကိုအကြောင်းပြု၍ ဝမ်းမြောက်ခြင်း သောမနဿဖြစ်၏၊ ပီတိဖြစ်၏၊ ပဿဒ္ဓိဖြစ်၏၊ သမာဓိဖြစ်၏၊ သုခဖြစ်၏။ ယထာဘူတဉာဏ်ဖြစ်၍ ဆက်လက်ပွားများရာ အရုဏ်တက်သောအချိန်၌ အရဟတ္တဖိုလ်သို့ရောက်တော်မူသည်။

ဝေဒနံ ဝိက္ခမ္ဘေတွာတိ ဥပ္ပန္နံ ဒုက္ခဝေဒနံ အမနသိကာရေန ဝိနောဒေတွာ။
(မဟာသတိပဋ္ဌာနသုတ်ဋီကာ၊)

ဖြစ်ပေါ်လာသော ဝေဒနာကို ခွါသည်ဟု ဆိုသည်မှာ ထိုဝေဒနာကို အာရုံမပြုခြင်း, နှလုံးမသွင်းခြင်းပင်တည်းဟု ဆိုသည်။ ရူပကာယကို မှီ၍ဖြစ်သော ဝေဒနာကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ရူပကာယမှခွဲထုတ်၍ ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးတင် ဆင်ခြင်ပွားများခြင်းကိုလည်း ဒုက္ခဝေဒနာကိုခွာခြင်းဟု ဆိုနိုင်ရာသည်။

ဤတိဿထေရ်ကဲ့သို့ ဒုက္ခ၏ ချုပ်ငြိမ်းခြင်းငှာလည်း သတိပဋ္ဌာန်တရားသည် ကျေးဇူးပြုပေသည်။ ကျားဆွဲစားခြင်း ခံရသော ရဟန်းသည်လည်း ကျားကိုက်သော ဒုက္ခဝေဒနာကို လက္ခဏာတင် ဆင်ခြင်ပွားများခြင်းဖြင့် သမသီသီ ရဟန္တာအဖြစ်ဖြင့် ဒုက္ခ၏ ချုပ်ငြိမ်းခြင်းငှာလည်း သတိပဋ္ဌာန်တရားတော်သည် ကျေးဇူးပြုခြင်းဖြစ်ပေသည်။

## သိကြား သုဗြဟ္မာနတ်သားတို့ သောတာပန်ဖြစ်ခြင်း

သိကြားနတ်မင်းနှင့် သုဗြဟ္မာနတ်သားတို့သည် သေမည့်ဘေးနှင့် အပါယ်ဘေးတို့ကိုမြင်၍ နှလုံးမသာယာခြင်း, ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ကြသဖြင့် မြတ်စွာဘုရားထံသို့ လာရောက်ဆည်းကပ်ကြ၍ စိတ်နှလုံး သက်သာရာရကြောင်း တရား, အပါယ်ဘေးမှ လွတ်ကြောင်းတရားတို့ကို လျှောက်ထားကြကုန်၏။ သိကြားနတ်မင်းအား သက္ကပဉှာသုတ်ကိုလည်းကောင်း, သုဗြဟ္မာအား "နာညတြ ဗောဇ္ဈာ တပသာ" စသော ဒေသနာ တော်ကိုလည်းကောင်း ဟောတော်မူသည်ဖြစ်၍ ကြားနာရသော သိကြားနတ်မင်းနှင့် သုဗြဟ္မာနတ်သားတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြသဖြင့် နှလုံးမသာမယာခြင်း, အပါယ်ဘေးဖြင့် ကြောက်ရွံ့ထိတ်လန့်ခြင်းမှ လွန်မြောက်ကြရကုန်၏။

ရှေ့အဖို့၌ လောကီမဂ္ဂင် သတိပဋ္ဌာန်ကို ပွားများခြင်းဖြင့် လောကုတ္တရာ မဂ္ဂင်တရားကို ရခြင်းငှာလည်း သတိပဋ္ဌာန်တရားတော်သည် ကျေးဇူးပြုပေသည်။ တဏှာတည်းဟူသော ဝါနကင်းသောကြောင့်နိဗ္ဗာန်ဟူ၍၊ ဝါ-နိဝါနဟူ၍အမည်ရသော မသေရာနိဗ္ဗာန်ကို ကိုယ်တိုင်မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် မျက်မှောက်ထင်ထင် တွေ့မြင်ရရှိခြင်းငှာလည်း ကျေးဇူးပြုပေသည်။ ကာယာနုပဿနာ စသော သတိပဋ္ဌာန် ဒေသနာတော်သည် ဤသို့လျှင် ကျေးဇူးများသော ကျေးဇူးဂုဏ်ရှိသော တရားတော် ဖြစ်သည်ဟု ဖွင့်ဆိုတော်မူကြသည်။ သို့ကလောက် ကျေးဇူးများလှသော သတိပဋ္ဌာန်တည်းဟူသော ကာယာနုပဿနာစသော ဒေသနာတော်ကို လေးစားမြတ်နိုးစွာဖြင့် ကြည်ရှုကြားနာ မှတ်သား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

ပဌမစွသမုပ္ပါဒ် ဆင်ခြင်နည်း ပြီး၏။

* * * * *

# အာနာပါနကမ္မဋ္ဌာန်း

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ရဟန်းတို့--- ငါဘုရား သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် ကိလေသာကို ခြောက်ခန်းစေတတ်သော ဝီရိယရှိသည်ဖြစ်၍, သတိရှိသည်ဖြစ်၍, ကောင်းစွာသိမြင်ခြင်း ရှိသည်ဖြစ်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းဟူ၍သာလျှင် ရှုလေ့ရှိသည်ဖြစ်၍ ဥပါဒါန်၏အာရုံဖြစ်သော ရုပ်အပေါင်းဟူသော လောက၌ လိုချင်တပ်မက်ခြင်း အဘိဇ္ဈာ, နှလုံးမသာယာခြင်း ဒေါမနဿကို ပယ်လျက်နေ၏။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့ ငါဘုရား သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် အဘယ်ကဲ့သို့ ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍နေသနည်း ဟူမူကား-

ရဟန်းတို့ ဤငါဘုရား၏သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် တောသို့ ချဉ်းကပ်၍သော်လည်းကောင်း, သစ်ပင်သို့ ချဉ်းကပ်၍သော်လည်းကောင်း, အာရုံဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍သော်လည်းကောင်း တင်ပျဉ်ခွေထိုင်ကာ အထက်ပိုင်းဖြစ်သောကိုယ်ကို ဖြောင့်ဖြောင့်ထား၍ သတိကိုရှေ့ရှုပြုလျက် သတိကို မကင်းစေဘဲ ထွက်လေကိုထုတ်၏၊ ဝင်လေကိုရှူ၏။

ထွက်လေကို ရှည်ရှည်ထုတ်လျှင်လည်း ထွက်လေကို ရှည်ရှည်ထုတ်သည်ဟူ၍ သိ၏၊ ဝင်လေကိုရှည်ရှည်ရှူလျှင်လည်း ဝင်လေကိုရှည်ရှည်ရှူသည်ဟု သိ၏။ ထွက်လေကို တိုတိုထုတ်လျှင်လည်း ထွက်လေကို တိုတိုထုတ်သည်ဟု သိ၏၊ ဝင်လေကို တိုတိုရှူလျှင်လည်း ဝင်လေကို တိုတိုရှူသည်ဟုသိ၏။

အစ, အလယ်, အဆုံး အားလုံးသောထွက်လေအပေါင်းကိုသိလျက် ထွက်လေကို ထုတ်အံ့ဟူ၍ လေ့ကျင့်၏။ အစ, အလယ်, အဆုံး အားလုံးသော ဝင်လေအပေါင်းကို သိလျက် ဝင်လေကို ရှူအံ့ဟူ၍ လေ့ကျင့်၏။

ရှန့်ရှင်း ကြမ်းတမ်းသော ထွက်လေကို ငြိမ်းအေးစေလျက် ထွက်လေကိုထုတ်အံ့ ဟူ၍ လေ့ကျင့်၏။ ရှန့်ရှင်း ကြမ်းတမ်းသော ဝင်လေကို ငြိမ်းအေးစေလျက် ဝင်လေကို ရှူအံ့ဟူ၍ လေ့ကျင့်၏။

ရဟန်းတို့ - ဥပမာပြဦးအံ့၊ လိမ္မာကျွမ်းကျင်သော ပွတ်သမားသည်မူလည်း ဖြစ်စေ, ပွတ်သမား၏တပည့်သည်မူလည်းဖြစ်စေ ပွတ်ကိုရှည်ရှည်ဆွဲလျှင်လည်း ရှည်ရှည်ဆွဲသည်ဟု သိ၏၊ တိုတိုဆွဲလျှင်လည်း တိုတိုဆွဲသည်ဟု သိ၏။ ရဟန်းတို့- ဤပွတ်သမားနှင့် အလားတူသာလျှင်-

ထွက်လေကို ရှည်ရှည်ထုတ်လျှင်လည်း ထွက်လေကို ရှည်ရှည်ထုတ်သည် ဟူ၍ သိ၏။ ဝင်လေကို ရှည်ရှည်ရှူလျှင်လည်း ဝင်လေကို ရှည်ရှည်ရှူသည်ဟူ၍သိ၏။ ထွက်လေကိုတိုတိုထုတ်လျှင်လည်း ထွက်လေကို တိုတိုထုတ်သည်ဟူ၍ သိ၏။ ဝင်လေကို တိုတိုရှူလျှင်လည်း ဝင်လေကို တိုတိုရှူသည်ဟူ၍ သိ၏။

အစ, အလယ်, အဆုံး အားလုံးသောထွက်လေအပေါင်းကိုသိလျက် ထွက်လေကို ထုတ်အံ့ဟူ၍ လေ့ကျင့်၏။ အစ, အလယ်, အဆုံးအားလုံးသော ဝင်လေအပေါင်းကို သိလျက် ဝင်လေကို ရှူအံ့ဟူ၍ လေ့ကျင့်၏။

ဤသို့လျှင် မိမိ၏ထွက်လေဝင်လေ အပေါင်း၌ ထွက်လေ ဝင်လေ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သူတစ်ပါး၏ထွက်လေဝင်လေဟူသော ရုပ်အပေါင်း၌ ထွက်လေ ဝင်လေ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရံခါ မိမိဟူသော အဇ္ဈတ္တ, ရံခါ သူတစ်ပါးဟူသော ဗဟိဒ္ဓ ထွက်လေဝင်လေဟူသော ရုပ်အပေါင်း၌ ထွက်လေ ဝင်လေ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထွက်လေ ဝင်လေဟူသော ရုပ်အပေါင်း၌ ဖြစ်မှုသဘောကို ရှု၍လည်းနေ၏။ ထွက်လေဝင်လေဟူသော ရုပ်အပေါင်း၌ ပျက်မှုသဘောကို ရှု၍မူလည်းနေ၏။ ထွက်လေ ဝင်လေဟူသော ရုပ်အပေါင်း၌ ဖြစ်မှု, ပျက်မှုသဘောကို ရှု၍မူလည်း နေ၏။

ထွက်လေ ဝင်လေ ရုပ်အပေါင်းသာလျှင် ရှိ၏၊ ထွက်လေ ဝင်လေမှတစ်ပါး သတ္တဝါဟူ၍လည်း မရှိ။ မိန်းမ-ယောကျ်ားဟူ၍လည်း မရှိ- ဟု ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ ယောဂီရဟန်းအား သတိသည် ထင်စွာဖြစ်၏။ ထိုရဟန်းသည် တဏှာ, ဒိဋ္ဌိတို့ကို မမှီမူ၍သာလျှင် ဥပါဒါန်၏ အာရုံဖြစ်သော လောက၌ တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ နေ၏။

ရဟန်းတို့-- ငါဘုရားသာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤပြဆိုခဲ့ပြီးသောအတိုင်း ထွက်လေဝင်လေဟူသော ရုပ်အပေါင်း၌ ထွက်လေ ဝင်လေ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍သာလျှင်နေ၏-ဟု ဟောတော်မူသည်။

အထက်ပါ ဒေသနာတော်သည် ရဟန်းတော်တို့အား မြတ်စွာဘုရား ဟောတော်မူသော အာနာပါန ကာယာနုပဿနာ ဒေသနာတော်ဖြစ်သည်။

## အာနာပါန ကမ္မဋ္ဌာန်း အားထုတ်ပုံ

အာနာပါန ကာယာနုပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ပုဂ္ဂိုလ်သည်လည်း မြတ်စွာဘုရား ဟောတော်မူသည့်နည်းအတိုင်းသာလျှင် အားထုတ်ရာသည်။ အားထုတ်ပုံမှာ-

၁။ ယောဂီသည် တောသို့ဖြစ်စေ, သစ်ပင်ရင်းသို့ဖြစ်စေ, အာရုံငါးပါး ဆိတ်သောဌာန၌ဖြစ်စေ တင်ပျဉ်ခွေထိုင်ကာ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို ရှေးရှုဖြစ်စေလျက် သတိမကင်းသည်ဖြစ်၍သာလျှင် ထွက်လေကိုထုတ်ရမည်။ သတိမကင်းသည်ဖြစ်၍သာလျှင် ဝင်လေကိုရှူရမည်။

၂။ ထွက်လေကိုရှည်ရှည်ထုတ်လျှင်လည်း ထွက်လေကို ရှည်ရှည်ထုတ်သည်ဟု သတိပြု၍ သိစေရမည်။ ဝင်လေကို ရှည်ရှည်ရှူလျှင်လည်း ဝင်လေကို ရှည်ရှည်ရှူသည်ဟု သတိပြု၍ သိစေရမည်။

၃။ ထွက်လေကို တိုတိုထုတ်လျှင်လည်း ထွက်လေကို တိုတိုထုတ်သည်ဟု သတိပြု၍ သိစေရမည်။ ဝင်လေကိုတိုတိုရှူလျှင်လည်း ဝင်လေကို တိုတိုရှူသည်ဟု သတိပြု၍ သိစေရမည်။

၄။ အစ, အလယ်, အဆုံး အားလုံးသော ထွက်လေ အပေါင်းကိုသိလျက် ထွက်လေကို ထုတ်အံ့ဟူ၍ လေ့ကျင့်ရမည်။ အစ, အလယ်, အဆုံး အားလုံးသော ဝင်လေ အပေါင်းကိုသိလျက် ဝင်လေကိုရှူအံ့ဟူ၍ လေ့ကျင့်ရမည်။

၅။ ရန့်ရင်းကြမ်းတမ်းသော ထွက်လေကို ငြိမ်းအေးစေလျက် ထွက်လေကို ထုတ်အံ့ဟူ၍ လေ့ကျင့်ရမည်။ ရန့်ရင်းကြမ်းတမ်းသော ဝင်လေကို ငြိမ်းအေးစေလျက် ဝင်လေကို ရှူအံ့ဟူ၍ လေ့ကျင့်ရမည်။

ဤသို့ အမှတ်စဉ်အတိုင်း ၁-အမှတ်နည်းကို အားထုတ်၍ သတိမလစ်ဘဲ စိတ်ကို ထိန်းနိုင်သောအခါမှ ၂-အမှတ် ၃-၄-၅ တို့ကို အစဉ်အတိုင်း တစ်မျိုးတစ်မျိုးကို အားထုတ်၍ သတိမလစ် သတိမကင်းဘဲ စိတ်ကိုထိန်းနိုင်သောအခါမှ အဆင့်ဆင့်တက်၍ အားထုတ်ရမည်ဖြစ်သည်။

ထိုနောက် မိမိ၏ ထွက်လေဝင်လေဟူသော ရုပ်အပေါင်း၌ ထွက်လေဝင်လေ ရုပ်အပေါင်းဟု ရှုကာနေရမည်။ သူတစ်ပါး၏ ထွက်လေ ဝင်လေဟူသော ရုပ်အပေါင်း၌လည်း ထွက်လေဝင်လေရုပ်အပေါင်းဟု ရှုကာနေရမည်။ ရံခါ မိမိ၏, ရံခါသူတစ်ပါး၏ ထွက်လေ ဝင်လေ ရုပ်အပေါင်း၌ ထွက်လေ ဝင်လေ ရုပ်အပေါင်းဟု ရှုကာနေရမည်။

ထွက်လေဝင်လေ ရုပ်အပေါင်း၌ ဖြစ်မှု သဘောကို ရှုလေ့ရှိကာနေရမည်။ ထွက်လေဝင်လေ ရုပ်အပေါင်း၌ ပျက်မှုသဘောကို ရှုလေ့ရှိကာနေရမည်။ ထွက်လေဝင်လေ ရုပ်အပေါင်း၌ ဖြစ်မှု, ပျက်မှုသဘောကို ရှုလေ့ရှိကာ နေရမည်။

သတ္တဝါဟူ၍လည်း မရှိ၊ မိန်းမ, ယောကျ်ားဟူ၍လည်း မရှိဟု ယောဂီသန္တာန်၌ သတိသည် ထင်လာ၏။ ယင်းသို့ ထင်ခြင်းသည် ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ

ဖြစ်၏။ ထိုအခါ ယောဂီသည် တဏှာဒိဋ္ဌိတို့ကို မမှီမူ၍ နေသည်မည်၏။ (တဒင်္ဂအားဖြင့် တဏှာ, ဒိဋ္ဌိတို့မှ ကင်းလွတ်နေသည်ဟု ဆိုလိုသည်။)

ဥပါဒါန်၏အာရုံဖြစ်သော လောက၌ တစ်စုံတစ်ခုကိုမျှ ငါပဲ, ငါ့ကိုယ်ပဲ စသည်ဖြင့် မစွဲလမ်းမူ၍ နေသည်မည်၏။

အထက်ဖော်ပြပါ ဒေသနာတော်အတိုင်း ဆင်ခြင်ပွားများသော ယောဂီသည် အာနာပါနဟူသော ထွက်လေဝင်လေ ရုပ်အပေါင်း၌ ထွက်လေဝင်လေ ရုပ်အပေါင်းဟု ရှုလေ့ရှိသော အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်လျက်နေသော ယောဂီဖြစ်ပေတော့သည်။

## အဋ္ဌကထာပြ သိသင့်သိထိုက်သော အဓိပ္ပာယ်

ဤ အာနာပါန ကာယာနုပဿနာ ဒေသနာတော်၌ ထွက်လေဝင်လေကို သိမ်းဆည်းသော သတိသည် ဒုက္ခသစ္စာ၊ ထိုဒုက္ခသစ္စာတည်းဟူသော သတိကိုဖြစ်စေသော တဏှာသည် (ရှေးအခါက ဖြစ်ခဲ့သော တဏှာ) သမုဒယသစ္စာ၊ ဒုက္ခ, သမုဒယတို့၏ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ၊ ဒုက္ခကိုသိခြင်း သမုဒယကို ပယ်ခြင်း, နိရောဓကို အာရုံပြုခြင်းဟူသော မဂ္ဂင်တရားသည် မဂ္ဂသစ္စာ၊ ဤသို့လျှင် အာနာပါန ကမ္မဋ္ဌာန်း တစ်ပါးဖြင့် ယောဂီရဟန်းအား အရဟတ္တဖိုလ်သို့ရောက်သည့်တိုင်အောင် ကယ်တင် ဟောပြောတော်မူခြင်းဖြစ်သည်ဟု မိန့်ဆိုသည်။

ပါဠိတော်အတိုင်း ထုတ်ပြအပ်သော အာနာပါန ကာယာနုပဿနာ ကမ္မဋ္ဌာန်း၌ သိသင့်သိထိုက်သော အဓိပ္ပာယ်တို့ကို အဋ္ဌကထာမှ ထုတ်ပြဦးအံ့။

ကာယေ ကာယာနုပဿီ- ဟူသောပုဒ်၌ ကိုယ်ကို ကိုယ်ဟူ၍ ရှုလေ့ရှိသည်မှာ ဆံပင်, မွေးညှင်း စသော ကောဋ္ဌာသ အစုအပေါင်းဖြစ်သောရုပ်ကို ကောဋ္ဌာသအစုအပေါင်း ဖြစ်သော ရုပ်ဟူ၍သာလျှင် ရှုပါ၊ သတ္တဝါအဖြစ်ဖြင့် မိန်းမ, ယောကျ်ား အဖြစ်ဖြင့် မရှုပါနှင့်။ ဆံပင်, မွေးညှင်း စသည်တို့သည် ဆံပင်, မွေးညှင်းတို့သာ ဖြစ်သည်၊ သတ္တဝါမဟုတ်, မိန်းမ ယောကျ်ားမဟုတ်-ဟူ၍ ဟောတော်မူပါသည်ဟု ဆိုလိုသည်။ ထွက်လေ ဝင်လေဟူသော အဿာသ ပဿာသကာယကိုလည်း ထွက်လေဝင်လေ ရုပ်အပေါင်းဟုသာ ရှုပါ။ သတ္တဝါမဟုတ်, မိန်းမယောကျ်ားမဟုတ်၊ ထွက်လေဝင်လေတို့သာ ဖြစ်သည်ဟု ဟောတော်မူသည်ဟု ဆိုလိုသည်။ (သတ္တပညတ်, မိန်းမ ယောကျ်ားဟူသော ပညတ်, ငါဟူသောအတ္တပညတ်ကိုဖျောက်ခြင်းဖြစ်၏၊ ကောဋ္ဌာသပညတ်ကား ရှိသေး၏၊ ပရမတ်သို့ကား မရောက်သေးချေ။) **တစ်နည်းမှာ**- ရုပ်အပေါင်းကို ရုပ်အပေါင်းဟုသာ ရှုပါ၊ ဝေဒနာ, သညာ စသည်ဖြင့် မရှုပါနှင့်ဟု သိစေလို၍ ကာယေ ကာယာနုပဿီ- ရုပ်အပေါင်းကို ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဟု ဟောတော်မူသည်ဟူ၍ မိန့်မှာလေသည်။

ရုပ်အပေါင်း၌ **တစ်နည်း**-ဥပါဒါန်၏အာရုံဖြစ်သောလောက၌လိုချင်တပ်မက်ခြင်း တဏှာ, နှလုံး မသာယာခြင်းဒေါမနဿတို့ကို တဒင်္ဂအားဖြင့်ဖြစ်စေ ပယ်ဖျောက်ပါ။ မိမိကိုယ်, သူတစ်ပါးကိုယ်တို့၌ တဏှာနှင့် ဒေါမနဿတို့ မဖြစ်ပါစေနှင့်ဟု ဆိုသည်။ ရုပ်အစုအပေါင်းကို ရုပ်အစုအပေါင်းမျှသာဟူ၍ ရှုသောယောဂီအား ပုဂ္ဂိုလ်, သတ္တဝါဟု

အထင်အမြင်မရှိသည်ဖြစ်၍ တဏှာနှင့် ဒေါမနဿတို့ အလိုအလျောက်ပင် ဖြစ်ခွင့် မရှိသောကြောင့် ထိုအချိန်၌ တဏှာနှင့် ဒေါမနဿတို့ကို ပယ်ပြီးဖြစ်တော့သည်။

တောသို့ချဉ်းကပ်၍သော်လည်းကောင်း, သစ်ပင်ရင်းသို့ကပ်၍သော်လည်းကောင်း, အာရုံဆိတ်သော ဌာနသို့ချဉ်းကပ်၍သော်လည်းကောင်းဟု ညွှန်ကြားတော်မူသည်မှာ– ကာယာနုပဿနာ ကမ္မဋ္ဌာန်းတရားကို ဆင်ခြင်ပွားများလိုသော ရဟန်းအား လျောက်ပတ်သောဌာနကို ညွှန်ပြတော်မူခြင်း ဖြစ်သည်။ ပုထုဇဉ်တို့၏ သဘာဝသည် ရှည်မြင့်စွာသော ကပ်ကမ္ဘာကာလမှစ၍ ရူပါရုံအစရှိသော အာရုံငါးပါးတို့၌သာလျှင် သက်ဝင်ပျော်မွေ့ ယိမ်းယိုင်လျက် ရှိသည်ဖြစ်၍ မိမိတို့၏ စိတ်ကို ကမ္မဋ္ဌာန်းအာရုံဘက်သို့ သက်ဝင်စေခြင်းငှာ ဆွဲဆောင်ရန် လွယ်ကူသည်မဟုတ်သောကြောင့် အာရုံနည်းပါးရာဌာနကို ညွှန်ပြတော် မူသည်။

## ခ်ဘိဋ္ဌးဒိုင်းကဧလးကို် သတိကြိုးဖြင့် ချည်ဧနှာင်ပါ

ရိုင်းသောနွားကလေးကို တိုင်၌ကြိုးနိုင်နိုင်ချည်ကာ ယဉ်အောင် ဆုံးမသကဲ့သို့ ထို့အတူ အာရုံငါးပါး၌သာ ပျော်မွေ့၍ ကမ္မဋ္ဌာန်းအာရုံဘက်သို့ မညွတ်မကိုင်းလိုသော စိတ်ကို ကမ္မဋ္ဌာန်းအာရုံတည်းဟူသောတိုင်၌ သတိတည်းဟူသောကြိုးဖြင့်ချည်၍ စိတ်ကို ယဉ်အောင်ထိန်းသိမ်း၍ ရအောင်ဆုံးမခြင်း ဖြစ်သည်။ နွားရိုင်းကလေးသည် အစပထမ၌ ရုန်းကန်လှုပ်ရှားသော်လည်း ရုန်းကန်ပါများ၍ မောသောအခါ ရုန်း၍မရသောအခါ တိုင်ရင်း၌ဝပ်သကဲ့သို့၊ ထို့အတူ ပုထုဇဉ်၏ စိတ်ရိုင်းသည်လည်း သတိဟူသောကြိုးဖြင့် မပြေးနိုင်, မထွက်နိုင်တော့ဘဲ ကမ္မဋ္ဌာန်းအာရုံတည်းဟူသောတိုင်၌သာလျှင်ဝင်၍ ဥပစာရ ဈာန်, အပ္ပနာဈာန်သို့ ရောက်လေတော့သည်။ သို့ဖြစ်၍ ကမ္မဋ္ဌာနယောဂီ ပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းတရားကို အားထုတ်သောအခါ အစ၌ စိတ်ကိုဖမ်း၍မရ, ထိန်း၍မရဖြစ်လျက် အာရုံဟောင်းအာရုံသစ်သို့သာပြေးထွက်ရုန်းကန်နေသဖြင့် စိတ်ပျက်တတ်, အားလျော့တတ် သည်၊ ဝီရိယဆန္ဒလျော့သွားတတ်သည်၊ ပျင်းရိငြီးငွေ့သွားတတ်သည်။ သို့ပင်ဖြစ်သော် လည်း စိတ်အားမလျှော့ဘဲ သည်းခံ၍ ဆက်လက်ကြိုးစားရမည်၊ ကမ္မဋ္ဌာန်းဆရာ နည်းလမ်း ညွှန်ပြသည့်အတိုင်းပြုပြင်၍ အားထုတ်ရမည်။ ယင်းသို့သည်းခံ၍ ဇွဲ ကောင်းကောင်းနှင့် ဆက်လက်အားထုတ်သွားပါလျှင် တဖြည်းဖြည်းစိတ်ကိုနိုင်သည်ဖြစ်၍ ထိန်းသိမ်း၍ရလာသည်ဖြစ်၍ လောကီ ကာမအာရုံကိုခံစားရခြင်း ချမ်းသာထက် သာလွန်သော စိတ်ချမ်းသာ ခြင်းကိုရသည်ဖြစ်၍ တရားအာရုံ၌သာလျှင် ပျော်မွေ့လာတတ် သည်ကို ယုံကြည်ကြသဖြင့် အားမလျှော့ဘဲ အားထုတ်ကြရသည်။

ကမ္မဋ္ဌာန်းအာရုံ၌စိတ်ဝင်စား၍ ပျော်မွေ့ကာ စိတ်ချမ်းသာမှုကိုရသည်မှာ– တဏှာ, လောဘဖြင့် လိုချင်တပ်မက်၍ရသောအာရုံကို ရခြင်းကြောင့်ဖြစ်သော ချမ်းသာမျိုး မဟုတ်ပေ၊ တဏှာကြောင့်ရသော ကာမဂုဏ်အာရုံကိုရသော ချမ်းသာမှာ မီးပူနှင့်တူသော တဏှာမကင်း၊ တဏှာ၏အာရုံ ကာမဂုဏ်ဖြစ်သောကြောင့် အပူဓာတ်ကြီး တွဲဖက်သဖြင့် ပူလျက်ရှိသည်။ ကမ္မဋ္ဌာန်းအာရုံ၌စိတ်ဝင်စား၍ ပျော်မွေ့သော ချမ်းသာမှုကား ကိလေသာ တဏှာအပူကင်းသော ချမ်းသာဖြစ်၍ တကယ်သန့်ရှင်းအေးမြသော ချမ်းသာဖြစ်သည်။

ကမ္မဋ္ဌာန်းတရားအားထုတ်ချိန်အတွင်း တဒင်္ဂအားဖြင့် ကိလေသာ လွတ်ကင်းသောကြောင့် ရရှိသောချမ်းသာသည်ပင်လျှင် လောကီကာမဂုဏ် ချမ်းသာမျိုးနှင့်မတူဘဲ အပူကင်းလွတ်ကာ ချမ်းသာစစ်ကို ခံစားရပါလျှင် အရဟတ္တမဂ်ဖြင့် ကိလေသာကို အကြွင်းမဲ့ပယ်သတ်ပြီးသော အရဟတ္တဖိုလ်ရောက် အရှင်တို့မှာမူကား အဘယ်မျှချမ်းသာကြလေမည်နည်း။ အလွန့်အလွန်ကြီး ချမ်းသာတော်မူကြပေလိမ့်မည်ဟု ဆင်ခြင်၍ ငါသည်လည်း ဤချမ်းသာမျိုးကိုရရှိအောင် အားထုတ်မည်ဟု အားထုတ်ထိုက်လှပေသည်။

အာနာပါန ကာယာနုပဿနာ ကမ္မဋ္ဌာန်းဖြင့် စတုတ္ထဈာန်တိုင်အောင် ရနိုင်သည်။ မိမိရရှိသောဈာန်ကို အခြေပါဒပြု၍ ဝိပဿနာသို့တက်လျှင် အရဟတ္တဖိုလ်တိုင်အောင် ရနိုင်သည်ဖြစ်၍ ကိလေသာအပူ လုံးဝကင်းသော ချမ်းသာမြတ်ကို ရရှိနိုင်ကြပေသည်။

အာနာပါနကမ္မဋ္ဌာန်း ပြီး၏။

\+ + + + +

# ဣရိယာပထကမ္မဋ္ဌာန်း

ရဟန်းတို့--- တစ်ပါးတဲ့လည်း တရားကို အားထုတ်သောရဟန်းသည်-

သွားလျှင် သွားသည်ဟုသိ၏၊ ရပ်လျှင် ရပ်သည်ဟုသိ၏၊ ထိုင်လျှင်ထိုင်သည်ဟု သိ၏၊ အိပ်လျှင် အိပ်သည်ဟု သိ၏။

အကြင် အခြင်းအရာအားဖြင့် ကိုယ်ကို ပြောင်းလွဲကာ တည်ထား၏၊ ထိုထို တည်ထားသော အခြင်းအရာအားဖြင့် သိ၏။

ဤသို့လျှင် မိမိ၏အဇ္ဈတ္တရုပ်အပေါင်း၌ ရုပ်အပေါင်းဟူ၍ သိ၏။ ဗဟိဒ္ဓဖြစ်သော သူတစ်ပါး ရုပ်အပေါင်း၌ ရုပ်အပေါင်းဟူ၍ သိ၏။ အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော ရုပ်အပေါင်း၌ ရုပ်အပေါင်းဟူ၍ သိ၏။

ရုပ်အပေါင်း၌ ဖြစ်မှုကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ပျက်မှုကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်မှု, ပျက်မှုကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရုပ်အပေါင်းသာလျှင် ရှိ၏ဟူ၍ သတိသည်ထင်၏၊ ထိုသတိသည် ဉာဏ်တိုးပွား ခြင်းငှာ, သတိတိုးပွားခြင်းငှာဖြစ်၏။ တဏှာ, ဒိဋ္ဌိတို့၏ မမှီမူ၍ နေ၏၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ခုကိုမျှ စွဲလမ်းမှု မရှိချေ။

ရဟန်းတို့- တရားကို အားထုတ်သောရဟန်းသည် ဤသို့လျှင် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏ဟု ဟောတော်မူသည်။

မြတ်စွာဘုရားသည် ရဟန်းတို့အား ကာယာနုပဿနာ ဣရိယာပထကမ္မဋ္ဌာန်းကို ဤသို့ ဟောတော်မူသည်။ သို့ဖြစ်၍ ကာယာနုပဿနာ ဣရိယာပထ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီသည် ဤနည်းကို မှီ၍သာလျှင် အားထုတ်ရပေမည်။

## ဣရိယာပထ ကမ္မဋ္ဌာန်း အားထုတ်ပုံ

ယောဂီသည် သွားလျှင်လည်း ရုပ်အပေါင်းသွားနေသည်ဟုသိရမည်၊ ရပ်လျှင် လည်း ရုပ်အပေါင်းရပ်နေသည်ဟု သိရမည်၊ ထိုင်လျှင်လည်း ရုပ်အပေါင်းထိုင်သည်ဟု

သိရမည်၊ အိပ်လျှင်လည်း ရုပ်အပေါင်းအိပ်သည်ဟု သိရမည်။ အနည်းနည်း, အမျိုးမျိုး အားဖြင့် ဣရိယာပုထ်လှုပ်ရှားပြောင်းလဲသမျှကိုလည်း အနည်းနည်း, အမျိုးမျိုး လှုပ်ရှား ပြောင်းလဲသည်ဟု သိရမည်။ (ရုပ်အပေါင်းအစုမှတစ်ပါး မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါဟူ၍ မရှိသောကြောင့်, မမြင်သောကြောင့် ရုပ်အပေါင်းသာလျှင် လှုပ်ရှားသွားလာ နေသည်ဟု သိရမည်ဆိုသည်။)

ကျွဲ, နွား, ခွေး, ဝက် စသော တိရစ္ဆာန်တို့သည်လည်း မိမိတို့သွားသည်ကို ငါသွားသည်ဟု သိကြသည်မဟုတ်ပါလော၊ ရပ်သည်, အိပ်သည်ကိုလည်း ငါရပ်သည် ငါအိပ်သည်ဟု သိကြသည်မဟုတ်ပါလော။ ယောဂီသိခြင်းနှင့် မထူးခြားသည်မဟုတ်ပါ လော ဟူမူ- ကျွဲ, နွား, ခွေး, ဝက်စသော တိရစ္ဆာန်တို့က သွားသည်, ရပ်သည်, အိပ်သည်စသည်ဖြင့် သိကြခြင်းမှာ အတ္တစွဲဖြင့် ငါသွားသည်, ငါရပ်သည်, ငါအိပ်သည် စသည်ဖြင့် အတ္တပညတ်အမြင်ဖြင့်သိခြင်းဖြစ်သည်။ ယောဂီ၏သိခြင်းမှာမူကား ဤသို့ မဟုတ်၊ သွားလို, ရပ်လိုသော စိတ္တဇဝါယောဓာတ် တွန်းကန်မှုကြောင့် ကောဋ္ဌာသ ကရဇကာယဖြစ်သော ရုပ်အပေါင်းသာလျှင် သွား, ရပ်, ထိုင်ခြင်း စသည်တို့ဖြစ်သည်။ ဤရုပ်အပေါင်း၌ ငါမရှိ, ငါမဟုတ်ဟု အတ္တပညတ်နှင့် ပရမတ္ထရုပ်ကို ခွဲခြားလျက် သိခြင်းဖြစ်သည်ဟု မှတ်ရမည်။

မိမိ၏ အဇ္ဈတ္တရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုကာ နေရမည်၊ ဗဟိဒ္ဓရုပ် အပေါင်း၌လည်း ရုပ်အပေါင်းဟု ရှုကာနေရမည်၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ရုပ်အပေါင်း၌လည်း ရုပ်အပေါင်းဟု ရှုကာနေရမည်။ ရုပ်အပေါင်း၌ ဖြစ်မှုသဘောကို ရှုကာနေရမည်၊ ရုပ် အပေါင်း၌ ပျက်မှုသဘောကို ရှုကာနေရမည်၊ ရုပ်အပေါင်း၌ ဖြစ်မှု, ပျက်မှုသဘောကို ရှုကာနေရမည်။

## ရှုဆင်ခြင်ဖန်များ၍ စွဲလမ်းမှုကင်းစင်ပုံ

ယင်းသို့ရှု၍နေသောယောဂီအား ရုပ်အပေါင်းသာလျှင် ရှိသည်ဟူသော သတိ သည် ရှေးရှုထင်လာ၏။ ထိုထင်သောသတိသည် ဉာဏ်တိုးပွားခြင်းငှာလည်းကောင်း, သတိတိုးပွားခြင်းငှာလည်းကောင်း ဖြစ်၏။ ထိုအခိုက်၌ ယောဂီသန္တာန်ဝယ် တဏှာ, ဒိဋ္ဌိတို့ကိုမမှီမူ၍ တဏှာ, ဒိဋ္ဌိတို့မှကင်းလွတ်၍ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်အပေါင်း၌ ငါဟူ၍လည်းကောင်း, ငါ့ကိုယ်ဟူ၍ လည်းကောင်း စွဲလမ်းမှုမရှိချေဟု ဟောတော်မူလိုရင်း ဖြစ်သည်။ အဘယ့်ကြောင့်ဟူမူ-

သွားလို, ရပ်လို, ထိုင်လို, အိပ်လိုသော စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် တွန်းကန်မှုကြောင့် ကရဇကာယဖြစ်သော ရုပ်အပေါင်းအစုကြီးသာလျှင် သွား, ရပ်, ထိုင်, အိပ်, လှုပ်ရှားခြင်း ဖြစ်သည်။ ဤရုပ်အပေါင်းအစု၌ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားဟူ၍ လက်ညှိုးညွှန်ဖွယ်, ယူမှတ်ဖွယ်မရှိသည်ကို ဉာဏ်မျက်စိဖြင့် တွေ့မြင်ပြီ ဖြစ်သောကြောင့် ထိုရုပ်အပေါင်းကို တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ငါ, ငါ့ပဲ, ငါ့ကိုယ်ပဲ ဟူ၍ စွဲလမ်းခြင်းမရှိ၊ ကင်းစင်သောကြောင့်ဟူ၍ သိကြရမည်။

ဤကာယာနုပဿနာ ဣရိယာပထ ကမ္မဋ္ဌာန်း၌လည်း ဣရိယာပုထ်လေးပါးကို သိမ်းဆည်းသော သတိသည် ဒုက္ခသစ္စာ။ ရှေ့အဖို့၌ဖြစ်သော တဏှာသည် သမုဒယသစ္စာ။ ဒုက္ခ, သမုဒယနှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ။ ဒုက္ခကိုသိခြင်း, သမုဒယကို ပယ်ခြင်း, နိရောဓကို အာရုံပြုခြင်းရှိသော မဂ္ဂင်သည် မဂ္ဂသစ္စာ-ဟူ၍ မှတ်ရမည်။ ဤကာယာနုပဿနာ ဣရိယာပထ ကမ္မဋ္ဌာန်းဖြင့်လည်း အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်ဟု ဝမ်းမြောက်ရာ၏။

ဣရိယာပထ ကမ္မဋ္ဌာန်း ပြီး၏။

* * * * *

# သမ္ပဇညကမ္မဋ္ဌာန်း

ရဟန်းတို့- တစ်ပါးတုံလည်း တရားအားထုတ်သောရဟန်းသည် ရှေ့သို့ သွားသည်ဖြစ်စေ, နောက်သို့ ဆုတ်သည်ဖြစ်စေ သိလျက် ဆင်ခြင်၍ပြုလေ့ရှိ၏။

တည့်တည့်ကြည့်သည်ဖြစ်စေ, တစောင်းကြည့်သည်ဖြစ်စေ သိလျက်ဆင်ခြင်၍ ပြုလေ့ရှိ၏။

ကွေးသည်ဖြစ်စေ, ဆန့်သည်ဖြစ်စေ သိလျက်ဆင်ခြင်၍ ပြုလေ့ရှိ၏။

သင်္ကန်း, သပိတ်ကို ဆောင်သည်ဖြစ်စေ သိလျက် ဆင်ခြင်၍ ပြုလေ့ရှိ၏။

စားသည်ဖြစ်စေ, သောက်သည်ဖြစ်စေ, ခဲဖွယ်ကိုခဲသည်ဖြစ်စေ, လျက်ဖွယ်ကို လျက်သည်ဖြစ်စေ သိလျက်ဆင်ခြင်၍ ပြုလေ့ရှိ၏။

ကျင်ကြီး, ကျင်ငယ်ကိစ္စကို ပြုသည်ဖြစ်စေ သိလျက်ဆင်ခြင်၍ ပြုလေ့ရှိ၏။

သွားသည်ဖြစ်စေ, ရပ်သည်ဖြစ်စေ, ထိုင်သည်ဖြစ်စေ, နိုးသည်ဖြစ်စေ, ပြောဆိုသည်ဖြစ်စေ, ဆိတ်ဆိတ်နေသည်ဖြစ်စေ သိလျက်ဆင်ခြင်၍ ပြုလေ့ရှိ၏။

ဤသို့လျှင် အဇ္ဈတ္တဖြစ်သော ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ (ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုကာနေ၏ - ဆိုသည်မှာလည်း အဓိပ္ပာယ်အားဖြင့် အတူပင်ဖြစ်သည်၊ အဆင်သင့်သလို သုံးသွားခြင်းဖြစ်သည်။)

ဗဟိဒ္ဓဖြစ်သော ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရုပ်အပေါင်း၌ ဖြစ်မှုသဘောကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ပျက်မှုသဘောကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်မှု, ပျက်မှု သဘောကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထိုရဟန်းသန္တာန်၌ ရုပ်အပေါင်းသာလျှင် ရှိ၏ဟူ၍ သတိသည် ရှေးရှုထင်၏။ ထိုသတိသည် ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ ဖြစ်၏။ ထိုရဟန်းသည်

တဏှာ, ဒိဋ္ဌိတို့၌ မမှီမူ၍ နေ၏။ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ရာကိုမျှ စွဲလမ်းတပ်မက်ခြင်းမရှိချေ။

ရဟန်းတို့-- တရားအားထုတ်သော ရဟန်းသည် ဤသို့လျှင် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟူ၍သာလျှင် ရှုမြင်လေ့ရှိသည်ဖြစ်၍ နေသည်- ဟု မြတ်စွာဘုရားသည် ရဟန်းတို့အား ကာယာနုပဿနာ သမ္ပဇညကမ္မဋ္ဌာန်းကို ဤသို့ဟောတော်မူသည်။ သို့ဖြစ်၍ ကာယာနုပဿနာ သမ္ပဇညကမ္မဋ္ဌာန်းကို အားထုတ်လိုသောယောဂီသည် ဘုရား ဟောတော်မူသော ဤနည်းကို ... ဘာလျှင် အားထုတ်ရပေမည်။

## သမ္ပဇညကမ္မဋ္ဌာန်း အားထုတ်ပုံ

ယောဂီသည် ရှေ့သို့သွားလျှင် သတိမလွတ်စေဘဲ ဤရုပ်အပေါင်းသည်ရှေ့သို့ သွားပေအံ့ဟုသိလျက် ဆင်ခြင်၍သွားရမည်။ နောက်သို့ဆုတ်လျှင်လည်း ဤရုပ်အပေါင်းသည် နောက်သို့ဆုတ်ပေအံ့ဟုသိလျက် ဆင်ခြင်၍ ဆုတ်ရမည်။ တည့်တည့်ကြည့်သည် ဖြစ်စေ, တစောင်းကြည့်သည်ဖြစ်စေ, ကွေးသည်ဖြစ်စေ, ဆန့်သည်ဖြစ်စေ, အဝတ်ကို ဝတ်သည်ဖြစ်စေ, စားခွက်ကို ကိုင်ယူသည်ဖြစ်စေ, စားသည်ဖြစ်စေ, သောက်သည်ဖြစ်စေ, စကားပြောသည်ဖြစ်စေ, ဆိတ်ဆိတ်နေသည်ဖြစ်စေ, ကျင်ကြီးကျင်ငယ်ကိစ္စကို ပြုသည် ဖြစ်စေ, ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းကိုပြုသည်ဖြစ်စေ, ရပ်အံ့, ထိုင်အံ့, လျောင်းအံ့ ဟူ၍ သိလျက် ဆင်ခြင်၍ ပြုလေ့ရှိရမည်။ သတိမလွတ်မကင်းစေရဟု ဟောတော်မူသည်။

[နည်းယူသင့်သော ဝတ္ထုကလေးများကို နောက်မှထုတ်ပြမည်။]

ဤသို့လျှင် အဇ္ဈတ္တဖြစ်သော ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေရမည်။ ဗဟိဒ္ဓဖြစ်သောရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေရမည်။ အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ နေရမည်။ (သိသည်ဖြစ်၍ နေရမည်ဟုလည်း ဆိုနိုင်သည်။)

ရုပ်အပေါင်း၌ ဖြစ်မှုသဘောကို သိသည်ဖြစ်၍ နေရမည်။ ရုပ်အပေါင်း၌ ပျက်မှုသဘောကို သိသည်ဖြစ်၍ နေရမည်။ ရုပ်အပေါင်း၌ ဖြစ်မှု, ပျက်မှုသဘောကို သိသည်ဖြစ်၍ နေရမည်။ ထိုသို့သိကာသိကာ သတိရှေးရှု၍ ပွားများဖန်ဆင်ခြင်ဖန်များလျှင် သတ္တပညတ်ပျောက်တန်သမျှ ပျောက်၍ ရုပ်အပေါင်းသာလျှင် ရှိ၏ဟူ၍ သတိသည် ရှေးရှုထင်လာတတ်သည်။ ထိုသတိသည် ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ ဖြစ်သည်။ ယောဂီသည် တဏှာ, ဒိဋ္ဌိတို့၌ မမှီမူ၍ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ခုကိုမျှ စွဲလမ်းတပ်မက်ခြင်းမရှိချေ။ အဘယ့်ကြောင့်ဟူမူ ရုပ်အပေါင်းမှ တစ်ပါးသတ္တပညတ်ဟူ၍ မရှိသည်ကိုမြင်သောကြောင့်တည်း။ တဏှာ, ဒိဋ္ဌိတို့ကင်းသော အခိုက်အတန့်၌ပင်လျှင် မရဖူးသေးသော အေးငြိမ်းချမ်းသာခြင်းကို ရရှိခံစားကြရပေမည်။

သွားခိုက်၌ဖြစ်သော ရုပ်သည် ရပ်ခိုက်သို့မရောက်မီ ချုပ်၏၊ ရပ်ခိုက်၌ဖြစ်သော ရုပ်သည် ထိုင်ခိုက်သို့မရောက်ဘဲ မပါဘဲချုပ်၏။ ဤသို့လျှင် အစဉ်တစိုက် အကြောင်း

ပစ္စည်းအလျောက်ဖြစ်ပေါ်လာသောရုပ်သည် ရုပ်သက်ခဏမျှသာဖြစ်၍ ခဏချင်း ချုပ်ပျောက်သောသဘောကို သိမြင်သော ယောဂီသည် အဘယ်ရုပ်ကို ငါဟူ၍, ငါ့ရုပ်ဟူ၍ စွဲလမ်းနိုင်တော့အံ့နည်း၊ စွဲလမ်းစရာမရှိ၊ စွဲလမ်း၍လည်းမရ။ ဥပ္ပါဒဝယ- ဖြစ်ပြီးက ပျက်ခြင်းသဘောရှိသော ပရမတ္ထရုပ်တို့သာလျှင် ဖြစ်ပါတကား- ဟူ၍ ဆင်ခြင်သော ယောဂီ၏ဉာဏ်အမြင်သည် သမ္ပဇာနမည်၏။ ဤအသိအမြင်မျိုးဖြင့် သွားလာပြောဆို ပြုလုပ်သမျှကို သမ္ပဇာနကာရီ ဆိုသည်။ ကောင်းစွာ သိမြင်သောဉာဏ် ယှဉ်လျက် ခပ်သိမ်းသော အမှုကိစ္စတို့ကို သတိမလွတ်စေဘဲ ပြုလုပ်ဆောင်ရွက်ရမည်။

## သမ္ပဇဉ် ၄-မျိုး

သမ္ပဇဉ်လေးမျိုးကို သိသင့်ကြသောကြောင့် ဖော်ပြဦးအံ့။ သမ္ပဇဉ်သည်-

(၁) သာတ္ထက သမ္ပဇဉ်၊

(၂) သပ္ပါယ သမ္ပဇဉ်၊

(၃) ဂေါစရ သမ္ပဇဉ်၊

(၄) အသမ္မောဟ သမ္ပဇဉ်၊

ဟူ၍ လေးမျိုးရှိသည်။ ထိုလေးမျိုးတို့တွင်-

၁။ ရှေ့သို့ သွားသောစိတ် ဖြစ်ပေါ်လာလျှင် စိတ်ဖြစ်ရုံမျှနှင့် မသွားမူ၍ ငါသွားခြင်းကြောင့် အကျိုးရှိအံ့လော, မရှိအံ့လော-ဟု အကျိုးရှိသည်,မရှိသည်ကိုဆင်ခြင်၍ အကျိုးရှိသည်ကို ကြည့်ခြင်းသည် သာတ္ထကသမ္ပဇဉ်- မည်၏။

၂။ အကျိုးရှိသော်လည်း သင့်, မသင့်၊ လျော်, မလျော် ဆင်ခြင်၍ သင့်လျော်မှသာ သွားခြင်းသည် သပ္ပါယသမ္ပဇဉ်- မည်၏။

၃။ ကမ္မဋ္ဌာန်းအာရုံသည် ဂေါစရမည်၏၊ မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းအာရုံကို သိခြင်းသည် ဂေါစရသမ္ပဇဉ်- မည်၏။

၄။ ကမ္မဋ္ဌာန်းအာရုံ လက်မလွတ်ဘဲ မတွေမဝေ ဉာဏ်နှင့် ယှဉ်ကာ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်း ဆင်ခြင်ခြင်းသည် အသမ္မောဟသမ္ပဇဉ်- မည်၏။

## သာတ္ထက, သပ္ပါယ, သမ္ပဇဉ်

သမ္ပဇဉ် လေးမျိုးတို့၏ အကျယ်ကို အဋ္ဌကထာကိုမှီး၍ ပြဦးအံ့၊ ရဟန်းတော်များ ယောဂီများနှင့်စပ်၍အကျိုးရှိသည် ဆိုသည်မှာ- စေတီတော်ကိုဖူးမြော်ရန်, သံဃထေရ်ကြီးများကို ဖူးမြော်ရန်, အသုဘရှုရန်သွားခြင်း စသည်တို့သည်အကျိုးရှိသည်ဖြစ်၍ သာတ္ထကသမ္ပဇဉ် ဖြစ်သည်ဟုဆိုရ၏။ သို့သော် စေတီတော်ကို ဖူးမြော်ရန်သွားခြင်းတို့ပင် ဖြစ်သော်လည်း ပရိသတ်ပေါင်းစုံ ဝင်ထွက်သွားလာသော ဇာတ်, အငြိမ့် စသည့် ကပွဲသဘင်ရှိသောဘုရားပွဲ, နတ်ပွဲတို့သို့သွားခြင်းမှာမူကား သာတ္ထကသမ္ပဇဉ်ဖြစ်သည်ဟု

မဆိုသင့်တော့ပေ။ အကြောင်း မူကား- အကျိုးမရှိသည်သာမဟုတ် အကျိုးမဲ့စေသော ကြောင့် ဖြစ်၏။

စေတီတော်တည်ရှိရာ ပတ်ဝန်းကျင် မြို့ အရပ်ဒေသတို့မှ လူပေါင်းစုံ စုဝေး လာရောက်ကြသည်ဖြစ်ရာ ထိုလူတို့သည် မိမိတို့၏ ဥစ္စာစည်းစိမ် ဂုဏ်သိန် ရှိသည် အလျောက် တတ်နိုင်သမျှ ဝတ်စားဆင်ယင်လျက် လှပတင့်တယ်အောင် ပြုပြင်၍ လာ တတ်ကြကုန်၏။ ထိုလူတို့တွင် တင့်တယ်သော ဣဋ္ဌာရုံကိုမြင်လျှင် တဏှာလောဘဖြစ် တတ်သည်။ အနိဋ္ဌာရုံကိုမြင်လျှင် ဒေါသ, ဒေါမနဿ ဖြစ်တတ်သည်။ ကောဋ္ဌာသရုပ် အစုအပေါင်းကိုမဆင်ခြင်ဘဲ အပေါ်ယံကြော်မှုကိုသာ အတင့်အတယ်ဟုထင်လျှင် မောဟ ဖြစ်တတ်သည်၊ ကာယသံသဂ္ဂသော်လည်း ဖြစ်တတ်သည်၊ ရဟန်းသီလ၏ အန္တရာယ်, အသက်၏အန္တရာယ်သော်လည်း ဖြစ်တတ်သည်။ သို့ကြောင့် ယင်းသို့သော ဘုရားပွဲ စသည်တို့သည် အသပ္ပါယဖြစ်၍ မသွားသင့်သောဌာန ဖြစ်သည်ဟုဆိုရသည်။

အသုဘရှုရန် သုသာန်သို့ သွားခြင်းသည် အကျိုးရှိပါ၏။ သို့သော် ယခုခေတ် ဒကာများကပင့်၍ အလှူခံသွားသော အသုဘရှုမျိုးကို မဆိုလို၊ အလှူအတန်းမရှိ လူသူ ကင်းသောသုသာန်၌ အလိုအလျောက်ပစ်ထားသောအသုဘကောင်ကို အသုဘ သမထ ဘာဝနာဖြစ်စေရန် ရည်ရွယ်၍ သွားခြင်းမျိုးကို ဆိုလိုသည်။ မြတ်စွာဘုရားနှင့်တကွ ရဟန်းတော်များ သိရိမာ၏ အသုဘကိုရှုရန် သွားသကဲ့သို့လည်းကောင်း ဖြစ်ရမည်။

## အကျိုးရှိသော အသုဘရှုဝတ္ထု

ရဟန်းငယ်တစ်ပါးသည် သာမဏေတစ်ပါးကိုခေါ်၍ ဒန်ပူသားအလို့ငှာ တောသို့ သွားကြ၏။ သာမဏေသည် လမ်းမှဖဲ၍ ချုံတောအတွင်းသို့ ဝင်မိသောအခါ အသုဘကောင် ကိုမြင်၍ ပထမဈာန်ကိုဖြစ်စေ၏။ ထိုပထမဈာန်ကို အခြေပါဒကပြုကာ သင်္ခါရတရား တို့၌ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင် သုံးသပ်ရာ အနာဂါမိဖိုလ်တိုင်အောင် ရောက်၍ အရဟတ္တဖိုလ်သို့ရောက်ခြင်းငှာ ဆက်လက်အားထုတ်နေစဉ် ရဟန်းတော်က သာမဏေကို မမြင်၍ သာမဏေ-ဟု ခေါ်လိုက်၏။ သာမဏေက စဉ်းစားသည်မှာ ငါသည်သာမဏေ ဖြစ်သည်ကစ၍ ရဟန်းတော်များသည် ၂-ကြိမ်ထပ်၍ မခေါ်ခဲ့ရဖူးပေ၊ အခြားနေ့၌ အထက်ဖိုလ်သို့ရောက်အောင် အားထုတ်အံ့ဟု နှလုံးသွင်းကာ အရှင်ဘုရားဟု အသံပြုလျက် ရဟန်းတော်ထံသို့ သွား၏။ အရှင်ဘုရားသည် နေရာကြွ၍ တပည့်တော်ရပ်သောနေရာ၌ အခိုက်အတန့် အရှေ့သို့မျက်နှာမူ၍ ကြည့်တော်မူပါဟု လျှောက်၏။ ရဟန်းငယ်သည် သာမဏေလျှောက်သည့်အတိုင်း ကြွသွားကာ အသုဘကို ရှုသဖြင့် သာမဏေကဲ့သို့ပင် အနာဂါမိဖိုလ်သို့ရောက်လေသည်။

ဤသမဏေနှင့် ရဟန်းတော်တို့သွားခြင်းမျိုး, အသုဘရှုခြင်းမျိုးသည် သာတ္ထက သမ္ပဇဉ်ဖြစ်၏၊ သပ္ပါယသမ္ပဇဉ်လည်း ဖြစ်၏။ သို့သော် ယောကျ်ားအား မိန်းမအသုဘသည် သပ္ပါယမဖြစ်၊ မိန်းမအားလည်း ယောကျ်ားအသုဘသည် သပ္ပါယမဖြစ်။ သဘာဂအသုဘ သည်သာလျှင် သပ္ပါယသမ္ပဇဉ်ဖြစ်သည်ကို သတိပြုရမည်။

## ဂေါစရသမ္ပဇဉ်

ဂေါစရသမ္ပဇည-ဟူသည် ၃၈-ပါးသော ကမ္မဋ္ဌာန်းတို့တွင် မိမိနှစ်သက်သော မိမိနှင့်လျော်သောကမ္မဋ္ဌာန်းအာရုံကိုသိခြင်းသည်ဂေါစရသမ္ပဇညမည်၏။ လျောက်ပတ်သော ဆွမ်းခံရွာကို သိခြင်းသည်လည်း ဂေါစရသမ္ပဇညဖြစ်သည်ဟုဆိုသည်။

အတိက္ကမာဒိသု ဘိက္ခာစာရဂေါစရေ၊ အညတ္ထ စ ပဝတ္တေသု အဝိဇဟိတ-ကမ္မဋ္ဌာနသင်္ခါတေ ဂေါစရေ သမ္ပဇာနနံ ဂေါစရသမ္ပဇညံ။

(သီလက္ခန် ဋီကာသစ်, ဟောင်း ၂-စောင်၊)

ဂေါစရသမ္ပဇညနှင့်စပ်၍ အဋ္ဌကထာဆရာသည် ပုဂ္ဂိုလ် ၄-မျိုး ခွဲ၍ပြသည်။

၁။ ဆွမ်းခံသွားသောအခါ အသွား၌သာ ကမ္မဋ္ဌာန်းအာရုံဖြင့်သွား၍ အပြန်၌ ကမ္မဋ္ဌာန်းအာရုံဖြင့် မပြန်သော ပုဂ္ဂိုလ်တစ်ပါး၊

၂။ အပြန်၌သာ ကမ္မဋ္ဌာန်းအာရုံဖြင့် ပြန်၍ အသွား၌ ကမ္မဋ္ဌာန်းအာရုံဖြင့် မသွားသော ပုဂ္ဂိုလ်တစ်ပါး၊

၃။ အသွားအပြန် နှစ်ရပ်၌ပင် ကမ္မဋ္ဌာန်းအာရုံဖြင့် မသွားမပြန်သော ပုဂ္ဂိုလ်တစ်ပါး၊

၄။ အသွားအပြန် ကမ္မဋ္ဌာန်းအာရုံဖြင့်သာ သွားသော, ပြန်သော ပုဂ္ဂိုလ်တစ်ပါး။

ဤသို့ ပုဂ္ဂိုလ်လေးမျိုး ပြသည်။

ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင်-

၁။ အချို့ပုဂ္ဂိုလ်သည်-(ရဟန်းတော်ကို ဆိုလိုသည်။) တစ်နေ့တစ်ညဉ့်ပတ်လုံး ကမ္မဋ္ဌာန်းအာရုံဖြင့်သာ အချိန်ကုန်စေ၍ နံနက်စောစောထ၍ အာစရိယဝတ်, သေနာသနဝတ်, စေတိယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ်တို့ကို ပြုပြီးနောက် သပိတ် သင်္ကန်းကိုယူ၍ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းကာ ဆွမ်းခံရွာသို့ သွား၏။ ဆွမ်းခံရွာ၌ ဒါယကာတို့က လှူသော ဆွမ်းကိုစား၍ တရားစကားပြောဟောပြီးကာလ ကျောင်းသို့ ပြန်သောအခါ လိုက်ပို့ကြသော ဒါယကာများနှင့် စကားပြောခြင်း, ကျောင်းမှ သာမဏေငယ်များ လာရောက်ကြိုဆိုကြရာ ထိုသာမဏေငယ်များနှင့် စကားပြောခြင်းဖြင့် ကမ္မဋ္ဌာန်းကို အာရုံမပြုနိုင်ဘဲ အပြန်၌ ကမ္မဋ္ဌာန်းအာရုံလက်လွှတ်သောကြောင့် ထိုပုဂ္ဂိုလ်သည် အသွား၌သာလျှင် ကမ္မဋ္ဌာန်းအာရုံဖြင့်သွား၍ အပြန်၌ ကမ္မဋ္ဌာန်းအာရုံဖြင့် မပြန်သော ပုဂ္ဂိုလ်ဖြစ်၏။

၂။ အချို့သောပုဂ္ဂိုလ်သည် နေ့ရောညဉ့်ပါ ကမ္မဋ္ဌာန်းကို အားထုတ်ပြီးနောက် နံနက်စောစောထ၍ ဝတ် နိဗဒ်တို့ကို ဆောင်ရွက်၏။ အစာကြေလွန်းပြီး ဝမ်းမီးတောက်သဖြင့် ချွေးများထွက်၏။ ထို့ကြောင့် ကမ္မဋ္ဌာန်းကို နှလုံးမသွင်းနိုင်ဘဲ စောစောပင် ဆွမ်းခံရွာသို့ဝင်၏။ ဆွမ်းခံရွာမှ ယာဂုကို ရ၍ သင့်လျော်ရာဇရပ်တစ်ခုသို့ဝင်ကာ ယာဂုကိုသောက်ရ၏။ ယာဂုနှစ်ဇွန်း, သုံးဇွန်းစာလောက် သောက်မိသောအခါမှ ဝမ်းမီးတောက်ခြင်းငြိမ်း၍ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းလျက် ယာဂုကို သောက်ပြီး

ကာလ သပိတ်ဆေး၍ ဆွမ်းခံဝင်သောအခါ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းခြင်း, ကမ္မဋ္ဌာန်းအာရုံဖြင့်သာလျှင် ဆွမ်းစားခြင်းပြု၍ အဆင့်ဆင့် ဥာဏ်၌ထင်သော ကမ္မဋ္ဌာန်းအာရုံဖြင့်သာလျှင်ကျောင်းသို့ပြန်ခဲ့၏။ ဤပုဂ္ဂိုလ်သည် အသွား၌ ကမ္မဋ္ဌာန်းအာရုံဖြင့်မသွားဘဲ အပြန်၌သာ ကမ္မဋ္ဌာန်းအာရုံဖြင့် ပြန်သောပုဂ္ဂိုလ် ဖြစ်၏။

၃။ အချို့သောပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအားထုတ်မှုကိစ္စကိုရှိသည်ဟူ၍ပင် အမှတ်မပြု၊ အမှတ်မဲ့သာလျှင်ရွာသို့သွား၍ ရဟန်းတော်များအား မလျော်ကပ်သော လူတို့နှင့် ရောနှောပြောဆို စားသောက်နေထိုင်ခြင်းဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ မေ့မေ့လျော့လျော့ နေလေ့ရှိ၏။ ထိုပုဂ္ဂိုလ်သည် အသွားအပြန်နှစ်ရပ်လုံး၌ ကမ္မဋ္ဌာန်းဖြင့် မသွားမပြန် သောပုဂ္ဂိုလ် ဖြစ်၏။

၄။ အချို့ပုဂ္ဂိုလ်သည်ကား နေ့ရောညဉ့်ပါ ကမ္မဋ္ဌာန်းတရားကို အားထုတ်၏။ နံနက် စောစော၌ ပြုမြဲဝတ် နိဗဒ်တို့ကို ပြုပြီးလျှင် ဆွမ်းခံအသွားအပြန်တို့၌ ကမ္မဋ္ဌာန်းအာရုံကို မလွတ်စေမူ၍ နှလုံးသွင်း ဆင်ခြင်ပွားများလျက် သွား၏၊ ပြန်၏။ ဤပုဂ္ဂိုလ် သည်ကား အသွားရော အပြန်ပါ ကမ္မဋ္ဌာန်းအာရုံရှိသောပုဂ္ဂိုလ် ဖြစ်၏။

## မှတ်သားဖွယ် ဝတ္ထုကလေးများ

မိမိ၏အကျိုးစီးပွားကို လိုလားကြကုန်သောအမျိုးကောင်းသားတို့သည် မြတ်စွာ ဘုရား၏သာသနာတော်၌ရဟန်းပြုကြ၍ မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းတရားကို ကြားနာ သင်ယူကြပြီးကာလ သဘောတူရာ ဆယ်ပါး, နှစ်ဆယ်, သုံးဆယ်စသည်ဖြင့် စုပေါင်း၍ သင့်လျော်ရာ တောကျောင်းတစ်ခုခု၌ အချင်းချင်းကတိကဝတ်ပြုကာ သီတင်းသုံးလျက် ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြကုန်၏။ အဘယ်ကဲ့သို့ ကတိကဝတ်ပြုကြသနည်းဟူမူ-

"ငါ့ရှင်တို့- ငါ့ရှင်တို့သည် ကြွေးမြီပူခြင်းကြောင့် ရဟန်းပြုကြသည် မဟုတ်ကြ၊ မင်းဘေး, မင်းဒဏ် ကြောက်၍ ရဟန်းပြုကြသည်လည်း မဟုတ်ကြ၊ အသက်မွေးကြပ်၍ ရဟန်းပြုကြသည်လည်း မဟုတ်ကြ၊ စင်စစ်ကား ဝဋ်ဒုက္ခမှ လွတ်မြောက်လိုသော ဆန္ဒ ဖြင့်သာလျှင် ရဟန်းပြုကြခြင်းဖြစ်သည်။ သို့ဖြစ်၍ ငါ့ရှင်တို့- ငါတို့သည် သွားစဉ်၌ဖြစ်ပေါ် လာသော ကိလေသာကို သွားစဉ်၌သာလျှင် နှိပ်ကွပ်ကြ၊ ပယ်ဖျောက်ကြ။ ထိုနည်းတူ ရပ်စဉ်, ထိုင်စဉ်, အိပ်စဉ်၌ဖြစ်သော ကိလေသာတို့ကိုလည်း ရပ်စဉ်၌သာ, ထိုင်စဉ်၌သာ, အိပ်စဉ်၌သာ နှိပ်ကွပ်ကြ၊ ပယ်ဖျောက်ကြစတမ်း---"။

ဟူ၍ ကတိကဝတ်ပြု၍ ဩဝါဒပေးကာ သီတင်းသုံးတော်မူကြကုန်၏။

ထိုရဟန်းတော်တို့သည် ဤသို့ ကတိကဝတ်ပြုပြီးလျှင် ဆွမ်းခံရွာသို့ သွားကြ ကုန်သော် ဆွမ်းခံလမ်း၌ရှိသော ကျောက်တုံးကျောက်ဖျာကိုအမှတ်ပြု၍ ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းလျက်သွားကြကုန်၏။ အကယ်၍ တစ်စုံတစ်ယောက်သောရဟန်းသည် သွားစဉ်၌ ကိလေသာဖြစ်ပေါ်ခဲ့သည်ဖြစ်အံ့၊ သွားစဉ်၌သာလျှင် ထိုကိလေသာကို ငြိမ်းအေးစေ၏။ အကယ်၍ ငြိမ်းအေးစေခြင်းငှာ မတတ်နိုင်သည်ဖြစ်အံ့၊ ထိုရဟန်းသည် ရှေ့သို့မသွားဘဲ ရပ်၍နေ၏၊ နောက်မှလာသော ရဟန်းသည်လည်း ရပ်၏။ ကိလေသာ

မငြိမ်းသေးသဖြင့် ရှေ့မှရပ်သောရဟန်းက ငါ၏သန္တာန်၌ဖြစ်သော ကာမဝိတက်ကို နောက်မှလာသောရဟန်း သည် သိလေပြီ။ ငါ၏အမူသည် မလျောက်ပတ်ပါတကားဟု မိမိကိုယ်ကို အပြစ်တင်ဆုံးမ ခြင်း, ကမ္မဋ္ဌာန်းကိုဆင်ခြင်ပွားများခြင်းဖြင့် ထိုနေရာ၌ပင်လျှင် အရိယာအဖြစ်သို့ရောက်ဖူးသောပုဂ္ဂိုလ်လည်း ရှိလေသည်။

ရပ်လျက် ကိလေသာကို ငြိမ်းအေးစေသော်လည်း ကိလေသာမငြိမ်းမှုကား ထိုရဟန်းသည် ထိုင်၏၊ ထိုင်၍ မငြိမ်းခဲ့သော် ထိုကိလေသာကို တတ်နိုင်သမျှခွာလျက် ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းလျက်သာလျှင် သွား၏၊ ကမ္မဋ္ဌာန်းလက်လွတ်သောစိတ်ဖြင့် ခြေတစ်လှမ်းမျှမကြွချေ။ ကမ္မဋ္ဌာန်းလွတ်သောစိတ်ဖြင့်ခြေကြွမိလျှင် နောက်ပြန်၍ ယခင် ခြေချရာဌာန၌ ခြေကိုချ၏။

မဟာဖုဿဒေဝထေရ်သည် ၁၉-နှစ်တို့ပတ်လုံး ဂတ,ပစ္စာဂတဝတ်-ဟုဆိုအပ် သော အသွားအပြန် ကမ္မဋ္ဌာန်းအာရုံနှင့်သာသွားပြန်သောဝတ်ကိုဖြည့်တော်မူ၏။ မထေရ် သည် ကမ္မဋ္ဌာန်းလွတ်သောစိတ်ဖြင့်သွားမိခဲ့သော် ကမ္မဋ္ဌာန်းလွတ်သောနေရာသို့ ပြန်၍ ပြန်၍ ရပ်ပြီးမှ ရှေ့သို့ကြွတော်မူ၏။ လမ်းဘေးဝဲယာ၌ လယ်ယာထွန်ယက်နေကြသော လူတို့ကမြင်၍ ဤမထေရ်သည် အဖန်ဖန်နောက်သို့ ပြန်ကာကြွလေသည်၊ လမ်းပင်မှား၍ လေလော၊ သို့မဟုတ် တစ်စုံတစ်ရာပင် ကျရစ်လေသလောဟု ပြောကြ၏။ မထေရ်သည် လူတို့၏စကားကို ဂရုမပြုဘဲ ကမ္မဋ္ဌာန်းအာရုံနှင့်ယှဉ်သော စိတ်ဖြင့်သာလျှင် ရဟန်းတရား ကို အားထုတ်ခဲ့ရာ အနှစ် ၂၀-အတွင်း၌ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

မဟာနာဂထေရ်သည်လည်း မြတ်စွာဘုရား၏ မဟာပဓာနအကျင့်ကို ပူဇော် လိုသည်ဖြစ်၍ ခုနစ်နှစ်ပတ်လုံး ရပ်သောဣရိယာပုထ်, စင်္ကြံလျှောက်သော ဣရိယာပုထ် ဖြင့်သာလျှင်အဓိဋ္ဌာန်ပြု၍သီတင်းသုံးတော်မူသည်။ ထို့နောက် ၁၆-နှစ်ပတ်လုံး ဂတပစ္စာဂတ ဝတ်ကို ဖြည့်တော်မူသဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ ထိုမဟာနာဂထေရ်သည်လည်း ကမ္မဋ္ဌာန်းနှင့်ယှဉ်သော စိတ်ဖြင့်သာ ခြေကြွခြင်း, ခြေချခြင်း ကို ပြုတော်မူသည်။ ကမ္မဋ္ဌာန်းကင်းလွတ်သောစိတ်ဖြင့် ကြွမိလျှင် တစ်ဖန်ပြန်ချပြီးမှ ကြွတော်မူသည်။

မဟာနာဂထေရ်ကဲ့သို့လည်းကောင်း, ကလမ္ဗတိတ္ထကျောင်း၌ သီတင်းသုံးတော် မူကြသော မထေရ်တို့ကဲ့သို့လည်းကောင်း ဂတပစ္စာဂတကို ဖြည့်ကျင့်သောပုဂ္ဂိုလ်သည် အသွားအပြန်ကမ္မဋ္ဌာန်းအာရုံဖြင့် မလွတ်သောပုဂ္ဂိုလ်ဖြစ်၏။ ပြဆိုခဲ့သော ပုဂ္ဂိုလ်လေးမျိုး တို့တွင် အကြင်ပုဂ္ဂိုလ်သည် အသွားရော အပြန်ပါ ကမ္မဋ္ဌာန်းအာရုံနှင့်ယှဉ်သော စိတ်နှင့် ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်၏ဂေါစရသမ္ပဇညသည် အထွက်အထိပ်သို့ ရောက်ပြီဟု ဆိုလေသည်။

## အသမ္မောဟသမ္ပဇဉ်

အသမ္မောဟသမ္ပဇညသည်- အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် သွားခြင်း, ရပ်ခြင်းစသည် တို့၌ အတ္တကောင်သွားသည်, အတ္တကောင်သည် သွားခြင်းစသည်တို့ကို ဖြစ်စေသည် ဟူ၍လည်းကောင်း ငါသွားသည်, ငါသည်သွားခြင်း စသည်တို့ကို ဖြစ်စေသည်ဟူ၍

လည်းကောင်း, အမှားမှားအယွင်းယွင်းထင်မြင်မှတ်ယူလျက် တွေဝေကြကုန်၏။ သာသနာတော်၌ ရဟန်းတရားကိုအားထုတ်သောရဟန်းသည်ကား အန္ဓပုထုဇဉ်တို့ကဲ့သို့ မှားယွင်းခြင်း, တွေဝေခြင်း, မသိခြင်း မဖြစ်မူ၍ ရှေ့သို့သွားအံ့ဟူသော စိတ်ဖြစ်လတ်သော် ထိုစိတ်နှင့်အတူတကွ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် ကာယဝိညတ်ကို ဖြစ်စေသည်။

ဤသို့ဖြင့် စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်းကြောင့် ကိုယ်ဟူ၍ သမုတ်ခေါ်ဆိုအပ်သော ဤအရိုးစု ရုပ်အပေါင်းသည် ရှေ့သို့ရွေ့လျားသွားခြင်းဖြစ်၏။ ဤသို့ရွေ့လျားသွားသောကိုယ်၏ တစ်ဖက်တစ်ဖက်သော ခြေကြွသောအခါ ပထဝီဓာတ်, အာပေါဓာတ်နှစ်ပါးတို့သည် ယုတ်လျော့ခြင်း, နုံ့နေးခြင်း ဖြစ်ကုန်ပါတကား၊ တေဇောဓာတ်, ဝါယောဓာတ်တို့ လွန်ကဲဖွားအားရှိကြပါတကား။

ခြေချလိုက်သော အခါ၌ကား တေဇောဓာတ်တို့ ယုတ်လျော့အားနည်းကြ၍ ပထဝီဓာတ်, အာပေါဓာတ်တို့ လွန်ကဲအားကြီးကြကုန်ပါတကား။

ယင်းသို့ ခြေကြွသွားသော ခဏ၌ ဖြစ်ပေါ်လာသောစိတ်, တေဇောဓာတ်, ဝါယောဓာတ် စသော ရုပ်ပရမတ်တရားတို့သည် ခြေကို ရှေ့သို့လှမ်းရာသို့ မပါကြ, မရောက်ကြပါတကား။ ခြေတို့ကို ရှေ့သို့လှမ်းသောခဏ၌ ဖြစ်ပေါ်သောစိတ်နှင့် ရုပ်ပရမတ်တို့သည်လည်း ခြေချရာသို့ မပါကြ, မရောက်ကြ၊ ထိုခဏ၌ပင် ချုပ်ကွယ်ကြကုန်ပါတကား။ စိတ်နာမ်နှင့်တကွ ဓာတ်လေးပါးဟူသောမဟာဘုတ်ကိုမှီသော ဥပါဒါရုပ်တို့သည် ခြေကိုကြွခိုက်, ချခိုက်တို့၌သာလျှင် အပိုင်းပိုင်း, အဆစ်အဆစ်, အစုအစု ဖြစ်၍ ချုပ်ပျောက်ကြကုန်ပါတကား။ အိုးကင်းပူအတွင်းသို့ ထည့်အပ်သောနှမ်းတို့သည် တဖျောက်ဖျောက်မည်ကာ ကွဲပျက်ကုန်သကဲ့သို့ ကွဲပျက်ချုပ်ပျောက်ကြကုန်ပါတကား။

ဤသို့လျှင် တစ်နေရာမှ တစ်နေရာသို့ လိုက်ပါခြင်းမရှိဘဲ စိတ်သက်ခဏ, ရုပ်သက်ခဏကလေးမျှသာ တန့်သည် တည်သည်ဆိုရသော (အမှန်မှုကား- တည်တံ့ရပ်နားနေသည် မရှိကြ၊ ဖြစ်ပြီးပျက်ကြသည်သာ ဖြစ်၏။) ရုပ်နာမ်တို့ကို ဘယ်သူသွားခြင်း, ဘယ်သူသွားသည်ဟူ၍ ပြစရာ, ပြောပြစရာ အဘယ်မှာလျှင်ရှိပါအံ့နည်း။ စင်စစ်အားဖြင့် ဓာတ်လေးပါးတို့ ရွေ့ရှားခြင်း, လှုပ်ခြင်း, ဓာတ်လေးပါးတို့ရပ်တည်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း, ခြေကြွခြင်း, လှမ်းခြင်း, ခြေချခြင်းတို့သာပါတကား-ဟု ရဟန်းတော်သည် ဆင်ခြင်၍သိ၏။ ငါသွားသည်မဟုတ်, ငါဆိုစရာမရှိ၊ အတ္တကောင်သွားသည်မဟုတ်, အတ္တကောင်ဟူ၍ ပြစရာမရှိသော ရုပ်နာမ်ပရမတ္ထ အစုအပေါင်းတို့သာပါတကား-ဟု သမ္ပဇဉ်ဉာဏ်ဖြင့် သိရှိ၏။

ထိုမှတစ်ပါးတုံလည်း သွားခိုက်, ကြွခိုက်, ချခိုက်တို့၌ ဖြစ်သော ဓာတ်လေးပါး အစု ရုပ်အပေါင်းနှင့်တကွ ခြေကို ကြွလိုသောစိတ်, ကြွသည်ကို သိသောစိတ်သည် ချုပ်၍ အသစ်အသစ် ဖြစ်သောရုပ်, အသစ်အသစ်ဖြစ်သောစိတ်တို့သည် အကြားမရှိဘဲ ရှေးရုပ်, ရှေးစိတ်ချုပ်ပြီးကာလ အစဉ်မပြတ် မြစ်ရေအလျဉ်ကဲ့သို့ တရစပ် တစ်ဆက်တည်း ဖြစ်ပေါ်လိုက်, ဖြစ်ပြီးက ပျက်လိုက် သဘာဝအားလျော်စွာ အကြောင်းအလျောက်ဖြစ်၍

သွားခြင်း, ရပ်ခြင်းစသည်ဖြင့် ဝေါဟာရပညတ်ရ, ပြောဆိုရခြင်းပါတကား- ဟု အသိအမြင် ဉာဏ်ရှိလျက် တွေဝေမှုမရှိသောပုဂ္ဂိုလ်၏သဘောသည် အသမ္မောဟသမ္ပဇဉ် မည်၏။

## သမ္ပဇဉ်နှင့်စပ်၍ မှတ်သားဖွယ်ရာများ

ကွေးခြင်း, ဆန့်ခြင်းကိုပြုရာ၌ အမှတ်မဲ့သတိကင်းစွာအဆင်ခြင်ကင်းစွာ မကွေး မဆန့်လိုက်ဘဲ ကွေးခြင်းဆန့်ခြင်းကြောင့် အကျိုးကျေးဇူးရှိမရှိကို ဆင်ခြင်၍ ကွေးရမည်, ဆန့်ရမည်၊ ဆင်ခြင်၍ အကျိုးရှိသော်မှ ကွေးခြင်း, ဆန့်ခြင်းကိုပြုခြင်းသည် သာတ္ထက သမ္ပဇဉ်ပြစ်သည်။ ခြေလက်တို့ကို ကြာရှည်စွာကွေးခြင်းကြောင့်လည်းကောင်း, ကြာရှည်စွာ ဆန့်ခြင်းကြောင့်လည်းကောင်း ခဏခဏဒုက္ခဝေဒနာပြစ်တတ်သည်၊ စိတ်ပျံ့လွင့် တတ် သည်၊ ကမ္မဋ္ဌာန်းအာရုံလျှောကျတတ်သည်၊ တရားထူးမရ ဖြစ်တတ်သည်။ သို့ကြောင့် ရံခါကွေးခြင်း, ရံခါဆန့်ခြင်းကို ပြုလျှင် ဒုက္ခဝေဒနာမဖြစ်ပေါ်တတ်၊ စိတ်တည်ငြိမ် တတ်သည်၊ ကမ္မဋ္ဌာန်းအာရုံ တိုးတက်ထင်မြင်တတ်သည်၊ တရားထူးကိုရတတ်သည်။ ဤသို့ဖြစ်၍ အကျိုးရှိမရှိကို ဆင်ခြင်၍ ကွေးခြင်းဆန့်ခြင်း စသည်တို့ကို ပြုလုပ်ရမည်။

အကျိုးရှိသော်လည်း သပ္ပါယဖြစ်သည်, မဖြစ်သည်ကိုဆင်ခြင်ရမည်။ သီဟိုဠ်ကျွန်း မဟာစေတီယင်ပြင်၌ ရဟန်းငယ်များစုပေါင်း၍ သုတ္တန်ကို ရွတ်ဆိုသရဇ္ဈာယ် ခြင်းပြုကြရာ ထိုရဟန်းငယ်များ၏ နောက်ကျောဘက်အနီး၌ ပျိုငယ်သော ဘိက္ခုနီတို့သည် ရွတ်ဆိုသော တရားကို ကြားနာလျက်ရှိကြကုန်၏။ ရဟန်းငယ်တစ်ပါးသည် သတိမမှုဘဲ အမှတ်မဲ့ လက်ကိုဆန့်လိုက်သည်တွင် ဘိက္ခုနီငယ်နှင့် ထိခိုက်မိခြင်းကြောင့် နှစ်ဦးလုံး လူ့ဘောင်သို့ ရောက်ကြရသည်။

ရဟန်းတစ်ပါးသည် အမှတ်မဲ့ခြေကို ဆန့်လိုက်ရာ မီးပေါ်သို့ဆန့်မိသောကြောင့် အရိုးတိုင်အောင်မီးလောင်ခံရဖူးလေသည်။ တစ်ပါးသောရဟန်းသည်လည်း တောင်ပို့ပေါ် သို့ ခြေဆန့်လိုက်ရာ မြွေကိုက်ခံရဖူးလေသည်။ တစ်ပါးသောရဟန်းသည်ကား သင်္ခမ်း ကျောင်း၌ တန်းပေါ်သို့လက်ဆန့်လိုက်ရာ မြွေစိမ်းကိုက် ခံရဖူး၏။ သို့ဖြစ်၍ ဤသို့သော သပ္ပါယမဖြစ်သောဌာန၌ ခြေလက်တို့ကို မဆန့်မူ၍ သပ္ပါယဖြစ်ရာ၌သာ ဆင်ခြင်၍ ဆန့်ခြင်းသည် သပ္ပါယသမ္ပဇဉ် ဖြစ်၏။

ဂေါစရသမ္ပဇဉ်၌- မဟာထေရ်ကြီးတစ်ပါးသည် နေ့သန့်သီးတင်းသုံးရာ၌ အန္တေဝါသိက တပည့်များနှင့် စကားပြောနေစဉ် အဆောတလျင် လက်ကိုကွေးလိုက်မိ၏။ ထိုနောက်လက်ကို မူလထားမြဲတိုင်းနေရာ၌ ပြန်ဆန့်ထားပြီးမှ တဖြည်းဖြည်းပြန်၍ ကွေး၏။ ထိုအခြင်းအရာကို တပည့်များကမြင်၍ "အရှင်ဘုရား-- အဘယ့်ကြောင့် အဆောတလျင် ကွေးလိုက်ပြီးမှ ပြန်ဆန့်လျက် တဖြည်းဖြည်းပြန်၍ ကွေးပါသနည်း"ဟု မေးလျှောက်ကြ၏၊ "တပည့်တို့ ငါသည် ကမ္မဋ္ဌာန်းတရား ပွားများခြင်းငှာ အားထုတ်ခဲ့၏၊ ထိုကာလအတွင်း၌ ကမ္မဋ္ဌာန်းအာရုံကို လွတ်၍ လက်ကိုကွေးဖူးသည်ဟူ၍ မရှိခဲ့ချေ၊ ယခုကား သင်တို့နှင့် စကားပြောနေခြင်းကြောင့် ကမ္မဋ္ဌာန်းလွတ်ကာ ကွေးမိသည်။

သို့ကြောင့် လက်ကိုမူလနေရာ၌ပြန်ထားပြီးမှ သတိဖြင့်တစ်ဖန်ပြန်၍ကွေးခြင်း ဖြစ်သည်”ဟု ပြောကြား၏။ “သာဓုပါ အရှင်ဘုရား--- ရဟန်းဆိုသည်မှာ ဤကဲ့သို့သာလျှင်ဖြစ်သင့်ပါသည်”ဟု လျှောက်၍ သာဓုခေါ်ကြသည်ဟူ၏။

ဤ၀တ္ထု၌ ကမ္မဋ္ဌာန်းအာရုံ မလွတ်ခြင်းသည် ဂေါစရသမ္ပဇဉ်ဖြစ်သည်ဟု အဋ္ဌကထာမိန့်၏။ သို့ကြောင့် ဂေါစရဟူသည်ကမ္မဋ္ဌာန်းအာရုံကိုလည်းကောင်း, ဆွမ်းခံသွားရာ ပြန်ရာ၌ ကမ္မဋ္ဌာန်းအာရုံမလွတ်ခြင်းကိုလည်းကောင်းပြဆိုသည်ဟု မှတ်ရာ၏။

တရားကို အားထုတ်သော ယောဂီသည် ယခုပြဆိုခဲ့သော သာတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ်တို့နှင့် ပြည့်စုံစေလျက် သူတော်ကောင်းတရားကို အားထုတ်ရာသတည်း။

သမ္ပဇဉ်ကမ္မဋ္ဌာန်းပြီး၏။

(ပဋိကူလ မနသိကာရကိုကား ရှေးကပြဆိုခဲ့ပြီ။)

* * * * *

# ဓာတုမနသိကာရကမ္မဋ္ဌာန်း

ရဟန်းတို့- တစ်ပါးတုံလည်း ဤသာသနာတော်၌ ရဟန်းတရားတို့ကို အားထုတ်သောရဟန်းသည် တည်မြဲတိုင်း၊ ထားမြဲတိုင်းသော ဤရူပကာယဟူသော ရုပ်အပေါင်းကို ဤရုပ်အပေါင်း၌ ခက်မာသော သဘောရှိသော ပထဝီဓာတ်, ယိုစီးဖွဲ့စေးသော သဘောရှိသော အာပေါဓာတ်, ပူအေးရင့်ကျက်စေသော သဘောရှိသော တေဇောဓာတ်, လှုပ်ရှားတွန်းကန်သော သဘောရှိသော ဝါယောဓာတ်ဟူသော ဓာတ်လေးပါးတို့သာလျှင် ရှိကုန်၏- ဟူ၍ ဓာတ်သဘောအားဖြင့် ဆင်ခြင်၏။

ရဟန်းတို့- ဥပမာသော်ကား နွားသတ်သမားသည် ဖြစ်စေ, နွားသတ်သမား၏ တပည့်သည်ဖြစ်စေ နွားမကိုသတ်၍ အကောင်ကိုဖျက်ကာ လမ်းလေးခွ၌ အသားပုံတွေ အစုအစုပုံ၍ထားရာ နွားမဟူသော ပညတ်ပျောက်၍ အသားပုံတွေကိုသာ မြင်သကဲ့သို့၊ ထို့အတူ ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းသည် တည်မြဲတိုင်း၊ ထားမြဲတိုင်းသော ဤ ကိုယ်ဟူသော ရုပ်အပေါင်းကို ဓာတ်လေးပါးဖြင့် ခွဲ၍ မိန်းမ-ယောကျာ်းဟူသော ပညတ်ပျောက်စေလျက် ဓာတ်လေးပါးအစုတို့ဟူ၍သာ ဓာတ်သဘောအားဖြင့် ရှု၏။

ဤသို့လျှင် မိမိ အဇ္ဈတ္တဖြစ်သော ရုပ်အပေါင်း၌ ဓာတ်လေးပါးအစု ရုပ်အပေါင်းတို့သာဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတစ်ပါးဟူသော ဗဟိဒ္ဓရုပ်အပေါင်း၌ လည်း ဓာတ်လေးပါးအစု ရုပ်အပေါင်းတို့သာဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပ။

ရဟန်းတို့- ရဟန်းသည် ဤသို့လျှင် ဓာတ်လေးပါးအစုဖြစ်သော ရုပ်အပေါင်း၌ ဓာတ်လေးပါးအစု ရုပ်အပေါင်းမျှသာဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

[ဤကား ဘုရားဟောတော်မူသော ဓာတုမနသိကာရကမ္မဋ္ဌာန်းတည်း။ နောက်ပိုင်း စကားတော်များသည် ရှေးနှင့်တူပြီဖြစ်၍ မြုပ်ထားလိုက်သည်။]

## ဓာတုမနသိကာရကမ္မဋ္ဌာန်းအားထုတ်ပုံ

ဓာတုမနသိကာရကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီသည်လည်း မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူသော အတိုင်းသာလျှင် အားထုတ်ရမည် ဖြစ်သည်။

ငါ၏ ရူပကာယကိုယ်ဟူသော ရုပ်အပေါင်း၌-

၁။ ခက်မာသောရုပ်ဟူသမျှသည် လွန်ကဲသော ပထဝီဓာတ်ရှိသော ရုပ်အစုမျှသာတည်း။

၂။ ယိုစီးဖွဲ့စေးသော သဘောရှိသော ရုပ်ဟူသမျှသည် လွန်ကဲသော အာပေါဓာတ်ရှိသော ရုပ်အစုမျှသာတည်း။

၃။ ပူအေးရင့်ကျက်စေသောသဘောရှိသော ရုပ်ဟူသမျှသည် လွန်ကဲသော တေဇောဓာတ်ရှိသော ရုပ်အစုမျှသာတည်း။

၄။ လှုပ်ရှားတွန်းကန်သော သဘောရှိသော ရုပ်ဟူသမျှသည် လွန်ကဲသော ဝါယောဓာတ်ရှိသော ရုပ်အစုမျှသာတည်း-ဟု ရှုမြင်ရမည်။

နွားမကို မဖျက်မီက နွားမဟူ၍ ခေါ်ဝေါ်ပြောဆိုနေကြသော ရုပ်အပေါင်းအစုကို ဖျက်လျက် အသား, အရိုး, အကြောစသည်ဖြင့် တစ်ပုံစီ, တစ်ပုံစီ စုပုံ၍ထားသောအခါ နွားမဟူသော ပညတ်ပျောက်ကွယ်သွားသကဲ့သို့ ထို့အတူ မိမိကိုယ်ကို ဓာတ်လေးပါးလွန်ကဲသောရုပ်လေးမျိုးတို့ဖြင့်ဖျက်ကာ ဉာဏ်၌ တစ်ပုံစီ, တစ်ပုံစီ ခွဲခြားလိုက်သောအခါ ငါဟူသော အတ္တဒိဋ္ဌိ, အတ္တပညတ်ပျောက်၍ ဓာတ်လေးပါး ရုပ်အပေါင်းအစုမျှသာပါတကား-ဟု ပရမတ္ထရုပ်ကို ဉာဏ်ဖြင့် တွေ့မြင်လိမ့်မည်။ အတ္တပညတ်, သတ္တဝါပညတ်, ပုဂ္ဂိုလ်ပညတ်, မိန်းမ-ယောကျ်ားဟူသော ပညတ်တွေ ပျောက်လိမ့်မည်။ ထိုအခါ မိမိရုပ်, သူတစ်ပါးရုပ်တို့အပေါ်၌စွဲလမ်းတပ်မက်နှစ်သက်သော တဏှာနှင့် ဒိဋ္ဌိတို့ တဒင်္ဂအားဖြင့်သော်လည်းကောင်း ကင်းကွာပေလိမ့်မည်ကိုလည်း သိရှိလာလိမ့်မည်။ ဓာတ်လေးပါး ရုပ်အစုအပေါင်းမှတစ်ပါး ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ, ယောကျ်ား, မိန်းမဟူ၍ မရှိသည်ကိုလည်း သဘောပေါက် ဉာဏ်မြင်လာလိမ့်မည်။ တဒင်္ဂပဟာန်မှစ၍ အဆင့်ဆင့် ဉာဏ်ရင့်သည်ထက် ရင့်၍ သမုစ္ဆေဒပဟာန်တိုင်အောင် ပယ်နိုင်ပေလိမ့်မည်။

မိမိကိုယ်ဟူသောရုပ်အစုအပေါင်း၌ ပထဝီစသော ရုပ်ဓာတ်လေးပါးမှ တစ်ပါး ပုဂ္ဂိုလ်, သတ္တဝါဟူ၍ မမြင်သကဲ့သို့၊ ထို့အတူ တစ်ပါးသော ကိုယ်၌လည်း ဓာတ်လေးပါး အစုအပေါင်းမှတစ်ပါး ပုဂ္ဂိုလ်, သတ္တဝါဟူ၍မရှိ၊ ဓာတ်လေးပါးမျှသာရှိသည်ဟူ၍ ရှုမြင်ရမည်။ ဤကဲ့သို့ အဇ္ဈတ္တ, ဗဟိဒ္ဓရုပ်အပေါင်း၌ ဓာတ်လေးပါးတည်းဟူသော ရုပ်အစုအပေါင်း ပရမတ္ထတို့သာဖြစ်၍ ထိုပရမတ္ထရုပ်တို့သည် မြဲသောသဘောမရှိကြ၊ အသစ်, အဟောင်း ပြောင်းလွဲကာ ဖြစ်ပျက်လျက်သာ ရှိကြသဖြင့် ဒုက္ခတို့သာဖြစ်ကုန်၏။ မြဲစေရန်, ချမ်းသာစေရန်တောင့်တ၍မရ၊ ပြုပြင်၍မရ၊ အလိုဆန္ဒသို့ မလိုက်။ အကြောင်းတရား တို့ကြောင့် ဖြစ်ပေါ်လာကြပြီးလျှင် အကြောင်းတရားချုပ်ငြိမ်းသကဲ့သို့ အကျိုးဖြစ်သော ရုပ်တို့သည်လည်း သခံတသဘောအတိုင်း ချုပ်ငြိမ်းပျက်ပြုန်း

ကြပါကုန်တကား-ဟု လက္ခဏာရေးတင် ဆင်ခြင်သောယောဂီသည် အရိယာဘုံသို့ တိုင်အောင် ရောက်နိုင်ပေသည်။

## တစ်နည်းအားဖြင့် ဆင်ခြင်ရန်

ရူပါရုံတစ်ခုကိုမြင်လိုက်သောအခါ-

၁။ ထိုရူပါရုံသည် ရူပဓာတ်မည်၏၊

၂။ ရူပါရုံနှင့် ရှေးရှုထိခိုက်သော စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏၊

၃။ စက္ခုဓာတ်ကိုမှီ၍ ရူပါရုံကို မြင်တတ်သောစိတ်သည် စက္ခုဝိညာဏဓာတ် မည်၏၊

၄။ စက္ခုဝိညာဏဓာတ်နှင့်ယှဉ်သော အာရုံ၏အရသာကို ခံစားသောဝေဒနာ, အာရုံကို မှတ်သားသောသညာ စသော စေတသိက်တို့သည် ဓမ္မဓာတ်မည်၏။

ဤဓာတ်လေးပါး ပေါင်းဆုံမိသည်ရှိသော် မြင်ခြင်းကိစ္စဖြစ်ပေါ်၏။ ယင်းသို့ မြင်ခြင်းကိစ္စ, မြင်ခြင်းအမှုဖြစ်ပေါ်လာရာ၌ ဘယ်သူကြည့်သည်, ဘယ်ပုဂ္ဂိုလ် မြင်သည်, ငါကြည့်သည်, သူကြည့်သည်ဟူ၍ ပုဂ္ဂိုလ်ကိုညွှန်ပြရန်တွေ့ပါ၏လော။ အာရုံ၏အရသာကို ခံစားသူဟူ၍လည်း ရှာမရ မရှိ၊ ဝေဒနာသာရှိသည်။ အာရုံကို မှတ်သားသူလည်းမရှိ၊ သညာသာ ရှိသည်၊ သညာက မှတ်သားသည်။ ဓာတ်လေးပါး ပေါင်းဆုံမိခြင်းကြောင့် မြင်မှုကိစ္စ ဖြစ်ခြင်းသာပါတကား၊ သူဟူ၍လည်းကောင်း, ငါဟူ၍လည်းကောင်း ပြစရာ မရှိ၊ ဆိုစရာမရှိ၊ စွဲလမ်းစရာမရှိ။ အကြောင်းအလျောက် အကျိုးအနေနှင့် ဖြစ်ပေါ်လာကြသော ပရမတ္ထရုပ်နာမ်အစုအပေါင်းတို့သာပါတကား- ဟု ဆင်ခြင်လေ့လာရမည်။

## ပဋ္ဌာန်းနည်းအားဖြင့် ဆင်ခြင်ရန်

၁။ စက္ခုပသာဒဝတ္ထုရုပ်သည် စက္ခုဝိညာဏ်ကို နိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်၊

၂။ ရူပါရုံသည် စက္ခုဝိညာဏ်ကို အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်၊

၃။ အာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ်စိတ်ကို အနန္တရ, အမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ- ပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်၊

၄။ အလင်းရောင်သည် စက္ခုဝိညာဏ်ကို ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်၊

၅။ အာရုံကိုခံစားသော ဝေဒနာ, အာရုံကို မှတ်သားသောသညာစသော စေတသိက် တို့သည် သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြသည်။

ယင်းသို့လျှင် ထုတ်ဆောင်ပြခဲ့သော ပစ္စည်းတရားတို့ ဖြစ်ပေါ်ပေါင်းဆုံမိသည် ရှိသော် မြင်ခြင်းကိစ္စသည် ဖြစ်၏။ ယင်းသို့မြင်ခြင်းကိစ္စဖြစ်ခြင်း၌ အဘယ်သူမြင်သည်, ငါမြင်သည်, သူမြင်သည်, မိန်းမမြင်သည်, ယောကျ်ားမြင်သည်ဟု အတ္တပညတ်ကို အဘယ် မှာလျှင် ပြနိုင်အံ့နည်း။ အတ္တဟူ၍ ရှာမရ၊ ရှိလည်းမရှိ။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မတွေ့ရ၊ မိန်းမ ယောကျ်ားဟူ၍မတွေ့ရ၊ ရှိလည်းမရှိ။ ရုပ်နာမ်ပရမတ္ထတရားတို့သာလျှင် အကြောင်း

အလျောက် ပေါင်းဆုံမိကြသဖြင့် မြင်ခြင်းကိစ္စ, မြင်မှုတစ်ခု ဖြစ်ပေါ်လာခြင်းပါတကား၊ ဖြစ်ပေါ်ကြပြီး နောက်၌လည်း တည်တံ့ခိုင်မြဲနေသည်မဟုတ်၊ အသီးသီး တစ်မုဟုတ်ချင်း ချုပ်ပျောက်ကြကုန်သော ရုပ်နာမ်ပရမတ္ထတို့သာပါတကား- ဟူ၍လည်း ဆင်ခြင် ပွားများကြရသည်။

ဓာတုမနသိကာရကမ္မဋ္ဌာန်းပြီး၏။

* * * *

# သိဝထိကကမ္မဋ္ဌာန်း

ကာယဝိစ္ဆိန္နနိက သုတ်လာ အသုဘ ကမ္မဋ္ဌာန်းကို ပြရာ၌ သိဝထိက ကမ္မဋ္ဌာန်း ပါသင့်သမျှ ပါရှိသော်လည်း သတိပဋ္ဌာန သုတ်လာ သိဝထိက ကမ္မဋ္ဌာန်း ၉-ပါး အပြည့် အစုံကိုလည်း ကမ္မဋ္ဌာန်းအလိုရှိသော ယောဂီများအား ရည်ညွှန်း၍ ထုတ်ဆောင်ပြဦးအံ့။

၁။ ရဟန်းတို့--- တစ်ပါးတုံလည်း ငါဘုရား သာသနာတော်၌ ရဟန်း တရားကို အားထုတ်သောရဟန်းသည် သုသာန်၌စွန့်ပစ်အပ်သော, သေပြီး၍တစ်ရက်ရှိသည် လည်းဖြစ်သော, သေပြီး၍ နှစ်ရက်ရှိသည်လည်းဖြစ်သော, ၃-ရက်ရှိသည်လည်း ဖြစ်သော, ပုပ်သည်ဖြစ်၍ ဖူးဖူးရောင်သော, အဆင်းပျက်၍ ညိုမဲသော, သွေးပြည် တို့သည် ယိုစီးလျက်ရှိသော သူသေကောင်ကို ရှုမြင်သကဲ့သို့၊ ဤကောဋ္ဌာသ ရုပ် အစုအပေါင်း ဖြစ်သော ငါ၏ကိုယ်သည်လည်း ဤအကောင်ပုပ်အတူ ဖူးဖူးရောင်ခြင်း သဘောရှိ၏။ ဖူးဖူးရောင်ခြင်းစသော သဘောကို မလွန်နိုင်ပေ- ဟူ၍ အကောင်ပုပ်နှင့် မိမိကိုယ်ကို အတူပြု၍ ဉာဏ်ဖြင့်ဆင်ခြင်၏။

ဤသို့လျှင် မိမိအဇ္ဈတ္တရုပ်အပေါင်း၌ ဖူးဖူးရောင်ခြင်းစသည်သို့ ရောက် လတ္တံ့ဖြစ်သော ရုပ်အပေါင်းသာလျှင် ရှိပေသည်။ ပုဂ္ဂိုလ်, သတ္တဝါဟူ၍ကား မရှိ ပေ- ဟု ရှုသည်ဖြစ်၍ နေ၏။

၂။ ရဟန်းတို့--- တစ်ပါးတုံလည်း ရဟန်းသည် သုသာန်၌စွန့်ပစ်အပ်သော ကျီးငှက် တို့သည်မှုလည်း ကိုက်ခဲဆိတ်ဆွဲအပ်သော, စွန်တို့သည်မှုလည်း ကိုက်ခဲ ဆိတ်ဆွဲ အပ်သော, လင်းတ တို့သည်မှုလည်း ကိုက်ခဲ ဆိတ်ဆွဲအပ်သော, အိမ်ခွေး, ကျား, ကျားသစ်, တောခွေးတို့သည်မှုလည်း ကိုက်ခဲအပ်သော, အထူးထူးသော ပိုးမျိုးတို့သည် မှုလည်း ကိုက်ခဲစားသောအပ်သော သူသေကောင်ပုပ်ကို မြင်သကဲ့သို့၊ ရှုသကဲ့သို့၊ ဝါ-မြင်သောသူသေကောင်ပုပ်တို့ကဲ့သို့၊ ငါ့ကိုယ်ဟူသော ဤရုပ် အစုအပေါင်းသည်လည်း ကျီး, စွန်, လင်းတ စသောသတ္တဝါတို့၏ အစာသာလျှင် ဖြစ်ခြင်း သဘောရှိ၏။ ထိုအဖြစ်ကို မလွန်နိုင်ချေ- ဟူ၍ အကောင်ပုပ်နှင့် မိမိ ကိုယ်ကိုအတူပြု၍ ဉာဏ်ဖြင့် ဆင်ခြင်၏။

၃။ ရဟန်းတို့-တစ်ပါးတဲ့လည်း ရဟန်းသည် သုသာန်၌စွန့်ပစ်အပ်သော အကြွင်းအကျန် အသားအသွေးနှင့်တကွ ပကတိရှိရင်းအကြောတို့ဖြင့် ဖွဲ့ပတ်လျက်ရှိသော အရိုးစု ဖြစ်သော အကောင်ပုပ်ကို သော်လည်းကောင်း၊

၄။ ရဟန်းတို့-တစ်ပါးတဲ့လည်း ရဟန်းသည် အသားကားမရှိ၊ အသွေးတို့ဖြင့်လိမ်းကျံ ကာ အကြောတို့ဖြင့်သာလျှင်ဖွဲ့ပတ်လျက်ရှိသော အကောင်ပုပ်ကိုသော်လည်းကောင်း၊

၅။ ရဟန်းတို့-တစ်ပါးတဲ့လည်း ရဟန်းသည် အသားအသွေးတို့လုံးဝကင်း၍ အကြော တို့ဖြင့် ဖွဲ့မြဲဖွဲ့လျက်ရှိသော အကောင်ပုပ်ကိုသော်လည်းကောင်း၊

၆။ ရဟန်းတို့ - တစ်ပါးတဲ့လည်း ရဟန်းသည် အကြောတို့ဖြင့် ဖွဲ့ခြင်းမရှိသည်ဖြစ်၍ တစ်နေရာ၌ လက်ရိုး, အခြားတစ်နေရာ၌ ခြေရိုး, တစ်နေရာ၌ ဖမျက်ရိုး, တစ် နေရာ၌ သလုံးရိုး, တစ်နေရာ၌ ပေါင်ရိုး, တစ်နေရာ၌ ခါးရိုး, တစ်နေရာ၌ နံရိုး, တစ်နေရာ၌ ကျောက်ကုန်းရိုး, တစ်နေရာ၌ ပခုံးရိုး, တစ်နေရာ၌ လည်ပင်းရိုး, တစ်နေရာ၌ မေးရိုး, တစ်နေရာ၌ သွားရိုး, တစ်နေရာ၌ ခေါင်းရိုး- ဤသို့ဖြင့် ထိုထိုအရပ်၌ ပြန့်ကျဲ၍ တည်ရှိကုန်သော အရိုးတို့ကို တွေ့မြင်ရှုမြင်သကဲ့သို့၊ ဤအရိုးတို့သည် ပြန့်ကျဲလျက် ရှိကြကုန်သည့်နည်းတူ ရုပ်အပေါင်းအစုဖြစ်သော ငါ၏အရိုးတို့သည်လည်း တစ်နေ့သောအခါ၌ ပြန့်ကျဲကြမည့် အရိုးစုရုပ်အပေါင်း သာလျှင် ဖြစ်ပေသည်၊ ဤသဘောကို မလွန်နိုင်ချေ- ဟု ရှုမြင်နေ၏။

၇။ ရဟန်းတို့--- တစ်ပါးတဲ့လည်း ရဟန်းသည် သုသာန်၌စွန့်ပစ်အပ်သော ခရုသင်း နှင့်တူသော အဆင်းရှိကုန်သော ဖြူသောအရိုးရှိကုန်သော သူသေကောင်ကိုသော် လည်းကောင်း၊

၈။ ရဟန်းတို့-- တစ်ပါးတဲ့လည်း ရဟန်းသည် တစ်နှစ်ကျော်လွန်သည်ဖြစ်၍ အသား အသွေးအကြောတို့မရှိ အရိုးအစုအပုံမျှသာဖြစ်သောသူသေကောင်ကိုသော်လည်းကောင်း၊

၉။ ရဟန်းတို့ - တစ်ပါးတဲ့လည်း ရဟန်းသည် ဆွေးသဖြင့် အမှုန့်အမှုန့်ဖြစ်ကုန်သော အရိုးတို့ကိုကဲ့သို့ မိမိဟူသော အသားအသွေး အကြောအရိုးတို့သည်လည်း ဤအရိုး အမှုန့်တို့နည်းတူ ဖြစ်ကြကုန်မည့် ရုပ်အပေါင်းအစုတို့ပါတကား၊ ဤသဘောကို မလွန်နိုင်ချေ- ဟု ရှုမြင်၍နေ၏။

အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော ရုပ်အပေါင်း၌လည်း ဤသို့ပင်ရှု၍နေ၏။ ရုပ်အပေါင်း၌ ဖြစ်မှုသဘောကိုလည်း ရှု၏၊ ရုပ်အပေါင်း၌ ပျက်မှုသဘောကိုလည်း ရှု၏။ ရုပ်အပေါင်း၌ ဖြစ်မှု, ပျက်မှုသဘောကိုလည်း ရှု၏။

ဖြစ်ပျက်မှု သဘောရှိသောကိုယ်ဟု သမုတ်အပ်သော ရုပ်အပေါင်းသာလျှင်ရှိ၏ ဟူ၍ သတိသည် ရှေးရှုထင်၏။ ထိုသတိသည် ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ ဖြစ်၏။ ထိုရုပ်အပေါင်း၌ တဏှာ, ဒိဋ္ဌိတို့ကို မမှီမူ၍နေ၏။ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ခုကိုမျှ စွဲလမ်းတပ်မက်ခြင်းမရှိချေ။

ရဟန်းတို့- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသို့လျှင် ကိုယ်ဟူသော ရုပ်အပေါင်း၌ ရုပ်အပေါင်းမျှသာရှိသည်ဟူ၍ ရှုလေ့ရှိကာနေ၏။ ရုပ်အပေါင်းမှတစ်ပါး ယောကျာ်း, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟူသည် မရှိဟူ၍ မြင်လေသည်- ဟု နဝသိဝထိက ကာယာနုပဿနာ ကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

## သိဝထိကကမ္မဋ္ဌာန်းအားထုတ်ပုံ

နဝသိဝထိက ကာယာနုပဿနာကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများလိုသော ယောဂီသည် အသုဘပို့ရန် သုသာန်သို့ရောက်သောအခါ၌ဖြစ်စေ, ရံခါ တမင်ပင်သွား၍ ဖြစ်စေ သုသာန်သို့ ရောက်သောအခါ၌ ဘုရားဟောတော်မူသော ၉-မျိုးသော အကောင်ပုပ်တို့တွင် မိမိတွေ့မြင် သော တစ်မျိုးမျိုးသောအကောင်ပုပ်ကဲ့သို့၊ ထိုအတူ မိမိကိုယ်ဟူ၍ဆိုအပ်သော ဤရုပ် အပေါင်းသည်လည်း ဤမြင်တွေ့အပ်သော အကောင်ပုပ်နှင့်မခြား တစ်နေ့သောအခါ၌ သုသာန်သို့ရောက်၍ ဤသို့ပင် ဖြစ်ရချေဦးမည်-ဟု ဆင်ခြင်ပွားများရာသည်။ မိမိကိုယ် သာလျှင်မဟုတ်၊ အခြား အခြား ရုပ်အပေါင်းအစု ဖြစ်သော ကိုယ်တို့သည်လည်း ဤ အကောင်ပုပ်ကဲ့သို့ပင် အလားတူဖြစ်ကြပေလိမ့်မည်။

ဤအကောင်ပုပ်သည် သာယာတပ်မက် နှစ်သက်ဖွယ်, လိုချင်ဖွယ်, ချစ်ခင်ဖွယ် မရှိသကဲ့သို့၊ ငါ၏ ကိုယ်သည်လည်း စင်စစ် သာယာဖွယ်, နှစ်သက်ဖွယ်, လိုချင်ဖွယ်, ချစ်ခင်ဖွယ်မဟုတ်သည်သာလျှင် ဖြစ်ချေ၏၊ ဇိဝိတိန္ဒြေချုပ်လျှင်ပင် ဤအကောင်ပုပ်ကဲ့သို့ ကောန်ဖြစ်မည်ပါတကား။ ဇီဝိတိန္ဒြေ မချုပ်မီ၌လည်း ရေမြင့်သန့်ရှင်းခြင်း, အဝတ်အစား အဆင်တန်ဆာတို့ဖြင့်ဆင်ယင်ဖုံးလွှမ်း၍ ပြုပြင်မှုတို့ကြောင့်သာ တင့်တယ်သလို, ရှုချင်ဖွယ် ရှိသလို ထင်မှတ်ရစေကာမူ ပကတိသဘောမှန်မူကား အကောင်ပုပ် စင်စစ်သာလျှင် ဖြစ်ပါသည်တကား- ဟု ဆင်ခြင်ပွားများခြင်းဖြင့် သုသာန်သို့ရောက်သောအချိန်၌ သိဝထိက ကမ္မဋ္ဌာန်းတည်းဟူသော သေခြင်းကင်းရာသို့ရောက်ကြောင်း မဂ္ဂင်တရားကို ပွားများသင့်ကြပေသည်။

ဤ နဝသိဝထိက ကမ္မဋ္ဌာန်း၌ ၉-ပါးသော အကောင်ပုပ်ကို သိမ်းဆည်းသော သတိသည် ဒုက္ခသစ္စာ။ ဒုက္ခသစ္စာသတိကို ဖြစ်စေသော ရှေးအခါကဖြစ်သော တဏှာသည် သမုဒယသစ္စာ။ ဒုက္ခ, သမုဒယနှစ်ပါးတို့၏ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ။ ဒုက္ခကိုသိခြင်း, သမုဒယကိုပယ်ခြင်း, နိရောဓကို အာရုံပြုခြင်းရှိသော မဂ္ဂင်သည် မဂ္ဂ သစ္စာ-ဟူ၍ အဋ္ဌကထာ၌ သစ္စာဖွဲ့ပြတော်မူသည်။

သိဝထိက ကမ္မဋ္ဌာန်း ပြီး၏။

* * * * *

# ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း

ကထဉ္စ ပန ဘိက္ခဝေ ဝေဒနာသု
ဝေဒနာနုပဿီ ဝိဟရတိ။

ရဟန်းတို့-- ငါဘုရား သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဝေဒနာတို့၌ ဝေဒနာဟူ၍ အဘယ်သို့ရှုမြင်လေ့ရှိသည်ဖြစ်၍ နေသနည်းဟူမူကား-

ရဟန်းတို့--- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် သုခဝေဒနာကိုခံစားသည်ရှိသော် ငါသည် သုခဝေဒနာကို ခံစားသည်ဟူ၍ သိ၏။ ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ငါသည် ဒုက္ခဝေဒနာကို ခံစားသည်ဟူ၍ သိ၏။ သုခ မဟုတ်, ဒုက္ခမဟုတ်သော ဥပေက္ခာဝေဒနာကို ခံစားသည်ဟူ၍သိ၏။

## အဋ္ဌကထာရှင်းလင်းပြဆိုချက်

ဤနေရာ၌ ကြားညှပ်၍ အဋ္ဌကထာရှင်းလင်းချက်ကို ယောဂီတို့ သိသင့်ကြပေသည်။ ဝေဒနာကို ခံစားရာ၌ ပက်လက်အိပ်အရွယ်ဖြစ်သော နို့စို့ကလေးများသည် ပင်လျှင် မိခင်၏ရင်ခွင်၌နေ၍ နို့စို့နေသောအချိန်၌ ချမ်းသာသုခကို ခံစားနေစဉ် ငါသည် ချမ်းသာသုခကို ခံစားနေသည်ဟု သိကြသည်မဟုတ်ပါလော။ ထိုနို့စို့ကလေးငယ်တို့၏ ချမ်းသာသုခခံစားမှုကိုသိခြင်းနှင့် ယောဂီရဟန်း၏ သုခခံစားမှု သိခြင်းသည် အဘယ်သို့ ထူးခြားခြင်းရှိပါသနည်း၊ ခံစားခြင်းအတူသာလျှင်ဖြစ်သည် မဟုတ်ပါလော-ဟု သံသယဖြစ်ဖွယ်ရှိပေသည်။

နို့စို့အရွယ် ကလေးသူငယ်တို့ ချမ်းသာသုခခံစားမှုမျိုးကို ရည်ညွှန်း၍ မြတ်စွာဘုရားက ဟောတော်မူသည် မဟုတ်ပါ။ ကလေးသူငယ်တို့၏ ချမ်းသာသုခ ခံစားခြင်းသည် အတ္တဒိဋ္ဌိကို မစွန့်၊ သတ္တပညတ်မလွတ်၊ ငါ့ကိုယ်ဟူသော ပညတ်အမှတ်သညာနှင့်မကင်း၊ ငါစွဲပါလျက်ရှိသည်၊ ကမ္မဋ္ဌာန်းလည်းမဖြစ်၊ သတိပဋ္ဌာနဘာဝနာလည်းမဖြစ်ချေ။ ရဟန်းတရားကို အားထုတ်သောရဟန်းတော်၏ သုခဝေဒနာစသည်ကို ခံစားမှုကိုသိခြင်းသည်ကား အတ္တဒိဋ္ဌိကင်း၏၊ သတ္တဝါပညတ်မှ လွတ်၏၊ ငါဟူသော အတ္တသညာကိုခွာ၏၊ ကမ္မဋ္ဌာန်းလည်း ဖြစ်၏၊ သတိပဋ္ဌာနဘာဝနာလည်း ဖြစ်၏။

ဝတ္ထုနှင့် အာရုံတွေ့မှုကြောင့် ဖဿဖြစ်၏၊ ဖဿကြောင့် ဝေဒနာဖြစ်၏၊ ထို ဝေဒနာသည်သာ အတွေ့အထိဟူသောအာရုံအရသာကို ခံစား၏။ ယင်းသို့ ခံစားရာ၌ အဘယ်သူခံစားသနည်း- ဟုမေးလျှင် ခံစားတတ်သောပုဂ္ဂိုလ်, သတ္တဝါမရှိ၊ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်ပေါ်ကာ သဘာဝအလျောက် ဝေဒနာက ခံစားခြင်းသာ ဖြစ်၏။ အဘယ်သူ၏ ဝေဒနာနည်း- ဟု မေးလျှင်လည်း ဝေဒနာကို ပိုင်ဆိုင်သူဟူ၍ မရှိ၊ အဘယ်ကြောင့် ခံစားသနည်းဟု မေးလျှင်လည်း အာရုံပေါ်လာ၍ ပရမတ္ထတရားတို့၏ မိမိတို့ သဘာဝအလျောက်ခံစားခြင်း သဘောရှိသော ဝေဒနာဖြစ်ခြင်းမျှသာတည်း-ဟု ဖြေရမည်။ ဤသို့ ပညာဉာဏ်ဖြင့် ဆင်ခြင်၍ အတ္တပညတ်ကင်းလျက် ရဟန်းတော်၏ ဝေဒနာကို ခံစားမှုမျိုးကို ရည်ညွှန်း၍ မြတ်စွာဘုရား ဟောတော်မူပါသည်- ဟု ဆိုသည်။

ဝေဒနာ၏ဖြစ်ရာဖြစ်သော ဖောဋ္ဌဗ္ဗ စသောအာရုံကို အာရုံပြု၍ ဝေဒနာသည် သာလျှင် အာရုံကိုခံစား၏။ ဝေဒနာခံစားခြင်းကိုပင် ငါဝေဒနာခံစားသည်- ဟု ပညတ် အားဖြင့် ပြောဆိုသုံးနှုန်းခြင်းဖြစ်သည်၊ ပုဂ္ဂိုလ် သတ္တဝါခံစားသည်မဟုတ်။ ဤသည်ကို ရည်ညွှန်း၍ သုခဝေဒနာကို ခံစားလျှင် သုခဝေဒနာကို ခံစားသည်ဟု သိသည် ဟူ၍ ဟောတော်မူသည်။

## စိတ္တလခတောင် မဟာထေရ်ဝတ္ထု

စိတ္တလတောင်၌ သီတင်းသုံးတော်မူသော မထေရ်တစ်ပါးသည် မကျန်းမမာ သောအခါ၌ ပြင်းထန်သော ဝေဒနာကြောင့် ညည်းတွားလျက် ထိုမှ ဤမှ လူးလိမ့်ကာ နေ၏။ ရဟန်းငယ်တစ်ပါးက အရှင်ဘုရား- အဘယ်နေရာက နာကျင်ပါသလဲဟုမေး၏။ ငါ့ရှင် ဘယ်နေရာကွက်၍နာသည်ဟူ၍မပြောနိုင်၊ တစ်ကိုယ်လုံးပင် ဝတ္ထုကို အာရုံပြုကာ ဝေဒနာသည်သာ ခံစားလျက်ရှိသည်ဟု ပြော၏။ အရှင်ဘုရား ဝေဒနာသည်သာ ခံစား နေသည်ဟုသိသောအခါမှစ၍ သည်းခံသင့်သည်မဟုတ်ပါလော- ဟု လျှောက်၏။ ငါ့ရှင်- သည်းခံပါတော့မည်ဟု ပြော၏။ အရှင်ဘုရား- သည်းခံခြင်းသည် ကောင်းမြတ်ပါသည်ဟု လျှောက်၏။ မထေရ်သည်လည်း မညည်းမတွားမူ၍ သည်းခံတော်မူလေသည်။ လေရောဂါ သည် နလုံးသားတိုင်အောင် ကွဲစေ၏၊ ညောင်စောင်းငယ်၌ အူတို့သည် ထွက်၍ပုံနေ၏။ ငါ့ရှင်--- ဤမျှသည်းခံခြင်းဖြင့် သင့်လျော်ပြီလားဟု အူတို့ကိုပြ၏၊ ရဟန်းငယ်ကား ဆိတ်ဆိတ်နေ၏။ မထေရ်သည် ဝီရိယနှင့်သမာဓိကို ညီစေလျက် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ အရဟတ္တဖိုလ်သို့ရောက်၍ ဝါရသမသီသီ ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

သမသီသီတိ ဝါရသမသီသီ ဟုတွာ၊ ပစ္စဝေက္ခဏာဝါရဿ အနန္တရဝါရေ ပရိနိဗ္ဗာယီတိ အတ္ထော။

(မဟာသတိပဋ္ဌာနသုတ် ဋီကာ။)

မဂ်ကိုဆင်ခြင်သောပစ္စဝေက္ခဏာ, ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ, နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ, ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာ အကြိမ်အလှည့်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု ဆိုသည်။

ဤ၀တ္ထု၌ မထေရ်၏သည်းခံနိုင်ခြင်းသည် ဝေဒနာကိုခွာ၍ ဝေဒနာကို နှလုံး မသွင်းဘဲ ကမ္မဋ္ဌာန်းအာရုံကို ဆင်ခြင်ပွားများသည်ဖြစ်၍ သည်းခံနိုင်ခြင်း ဖြစ်သည်။ **တစ်နည်းမှာ**- ဤဒုက္ခဝေဒနာ၏တည်ရာဖြစ်သော ကောဋ္ဌာသအာရုံကိုအာရုံပြု၍ ဝေဒနာ သည်သာလျှင် ခံစားသည်၊ ငါခံစားသည် မဟုတ်၊ ငါ၏ဝေဒနာ မဟုတ်၊ ငါ၌ ဝေဒနာ မရှိ၊ ဝေဒနာ၌လည်း ငါဟူ၍မရှိ။ ဤဝေဒနာသည်လည်း အနိစ္စသဘောရှိ၏။ ဆင်းရဲ အစစ်ဖြစ်သော ဝေဒနာသာတည်း။ အလိုသို့မပါ၊ အတ္တလည်းမဟုတ်- စသည်ဖြင့် ဆင်ခြင် ပွားများ နှလုံးသွင်းသည်ဖြစ်၍ သည်းခံနိုင်သည်ဟု မှတ်ရာ၏။

## သုခဝေဒနာ ခံစားမှု ရှုဆင်ခြင်ပုံ

သုခဝေဒနာကို ခံစားသည်ရှိသော် သုခဝေဒနာကို ခံစားသည်ဟူ၍ သိ၏- **ဟူသော** စကား၌ သိရှိပုံတစ်နည်းမှာ- သုခဝေဒနာဖြစ်ပေါ်၍ သုခဝေဒနာကို ခံစားဆဲ **အချိန်၌**ဒုက္ခဝေဒနာမရှိခြင်းကြောင့် သုခဝေဒနာကိုခံစားစဉ်၌ သုခဝေဒနာကိုသာခံစားစဉ်ဟု **သိ၏**-ဟု ဟောတော်မူသည်။ ထို့ကြောင့် ရှေးက ဖြစ်ဖူးသော ဒုက္ခဝေဒနာသည် ယခု သုခဝေဒနာကို ခံစားဆဲအချိန်၌ မရှိ၊ ခံစားဆဲဖြစ်သော သုခဝေဒနာသည်လည်း ယခုဖြစ်ဆဲအချိန်မှ ပထမ၌ မရှိသေးသောကြောင့် ဝေဒနာဟူသော သဘောတရားသည် မမြဲ၊ မတည်၊ ပျက်စီးခြင်း သဘောရှိ၏-ဟု ဆင်ခြင်သိမြင်လေသည်။ ဤသို့လည်း တစ်နည်းဆင်ခြင်သိရှိရာသည်ဟု အဋ္ဌကထာ၌ ပြသည်။

အလိုရှိအပ် မြတ်နိုးအပ်သော ဣဋ္ဌာရုံကိုအာရုံပြု၍ ချမ်းသာသော သုခဝေဒနာ ဖြစ်လျှင် ဣဋ္ဌာရုံကိုအကြောင်းပြု၍ သုခဝေဒနာဖြစ်သည်ဟု ယောဂီသည် သိရမည်။ ဣဋ္ဌာရုံချုပ်ပျောက်သွားသောအခါ၌ အကြောင်းဖြစ်သော ဣဋ္ဌာရုံချုပ်သဖြင့် အကျိုး ဖြစ်သော သုခဝေဒနာသည်လည်း ချုပ်ကွယ်ပေတော့သည်ဟူ၍လည်းသိရမည်။ ဣဋ္ဌာရုံ တည်ရှိနေသမျှ အချိန်ကာလအတွင်း၌ သုခဝေဒနာတစ်ပါးတည်းသာလျှင် တည်မြဲ၍ အာရုံကိုခံစားနေသည်မဟုတ်၊ သုခဝေဒနာပေါင်းများစွာတို့သည် ခဏတိုင်းဖြစ်, ခဏတိုင်း ချုပ်ကာ သုခဝေဒနာ အစဉ်အတန်းကြီး တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ခံစားခြင်း ဖြစ်သည်ကိုသိ၍ သုခဝေဒနာ၏ မမြဲသည်ကိုလည်း ဆင်ခြင်ရမည်။

ဣဋ္ဌာရုံကိုလည်း မြဲစေချင်လျက် မမြဲ၊ သုခဝေဒနာကိုလည်း မြဲစေချင်လျက် မမြဲ၊ မြဲအောင် တောင့်တ၍ မရခြင်းကြောင့် ဆင်းရဲရပြန်ပါတကားဟုလည်း ဆင်ခြင်ရမည်။ ဣဋ္ဌာရုံနှင့် သုခဝေဒနာတို့၏ မမြဲခြင်း, မြဲအောင်တောင့်တ၍ မရခြင်းကြောင့် ဆင်းရဲ ရခြင်းတို့သည် ငါပိုင်မဟုတ်, ငါအစိုးမရ, ပရမတ္ထရုပ်နာမ်တို့၏ သဘာဝအလျောက် သာလျှင် အကြောင်းအကျိုးစပ်ကာ ဖြစ်ပျက်ကြခြင်းပါတကားဟုလည်း ဆင်ခြင်ရမည်။

ယင်းသို့ အမှန်သဘောကို ဆင်ခြင်၍မြင်သောယောဂီသည် ဣဋ္ဌာရုံ၌ လည်း ကောင်း, သုခဝေဒနာ၌လည်းကောင်း ငြီးငွေ့လာလိမ့်မည်၊ နှစ်သက်သာယာခြင်းကင်းလာ လိမ့်မည်။ နှစ်သက်သာယာခြင်းကင်းလျှင် တပ်မက်သောတဏှာမှ လွတ်မြောက်လိမ့်မည်။ တဏှာမှလွတ်မြောက်လျှင် ဥပါဒါန်မဖြစ်။ ဥပါဒါန်ဖြစ်က ဘဝမဖြစ်။ ဘဝမဖြစ်လျှင်လည်း

**တစ်ဖန်ဘဝသစ်၌ ဇာတိဖြစ်ရန်မရှိ။ ဇာတိမဖြစ်က ဇာတိ၏အကျိုးရင်းဖြစ်သော ဇရာ** မရဏတို့နှင့်တကွ ဇာတိ၏အကျိုးများဖြစ်သော သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်လည်း ဖြစ်ခွင့်မရှိနိုင်ကြကုန်။ သောကစသည်တို့မှကင်းသဖြင့် တစ်ဖန် အာသဝေါတရားတို့လည်း မပေါ်နိုင်ကြကုန်။ အာသဝေါကင်းသောကြောင့် သံသရာ၏ ဦးခေါင်းသဖွယ်ဖြစ်သော အဝိဇ္ဇာလည်း အစပျောက်ချုပ်ငြိမ်းသဖြင့် သံသရာစက်ကို ဖျက်ဆီးအပ်ပြီးဖြစ်၍ ဒုက္ခပေါင်းစုံတို့မှ ကင်းလွတ်၍ အအေးကြီးအေး, အငြိမ်းကြီးငြိမ်း စေသော ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို အားထုတ်သင့်လှပေသည်။

(ဘုရားဟောတော်မူရင်း ဝေဒနာနုပဿနာကို ပြန်ဆင်ခြင်ပါ။)

ဒုက္ခဝေဒနာကိုခံစားသည်ရှိသော် ဒုက္ခဝေဒနာကို ငါခံစားသည်ဟု သိ၏။ အဒုက္ခအသုခဝေဒနာကို ခံစားသည်ရှိသော် အဒုက္ခအသုခဝေဒနာကို ခံစားသည်ဟုသိ၏။

ကာမဂုဏ်အာရုံတည်းဟူသော အာမိသနှင့်တကွ ဖြစ်သော သုခဝေဒနာကို ခံစားသည်ရှိသော် ကာမဂုဏ်အာရုံတည်းဟူသော အာမိသနှင့်တကွဖြစ်သော သုခဝေဒနာကို ခံစားသည်ဟုသိ၏။ ကာမဂုဏ်အာရုံတည်းဟူသော အာမိသကင်းသော သုခဝေဒနာကိုခံစားသည်ရှိသော် ကာမဂုဏ်အာရုံတည်းဟူသော အာမိသကင်းသော သုခဝေဒနာကိုခံစားသည်ဟု သိ၏။

[အာမိသ အစာနှင့်တကွဖြစ်သော သုခဝေဒနာဟူသည်– "ပဉ္စကာမဂုဏာမိသသန္နိဿိတာ ဆ ဂေဟဿိတသောမနဿဝေဒနာ"ဟု အဋ္ဌကထာရှိသောကြောင့် သား မယား, အိမ်သူအိမ်သားနှင့်တကွ မိမိသိမ်းဆည်းအပ်သော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာဟူသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တို့ကိုမှီ၍ဖြစ်သော ခြောက်ပါးသော သောမနဿဝေဒနာကိုဆိုသည်။ အာမိသ အစာကင်းသော သုခဝေဒနာဟူသည်– "နိရာမိသသုခါ နာမ ဆ နေက္ခမ္မဿိတ သောမနဿဝေဒနာ"ဟု ရှိသောကြောင့် ခြောက်ပါးသောအာရုံတို့၏ ဖြစ်ခြင်း ပျက်ခြင်းစသော အပြစ်တို့ကိုမြင်၍ ထိုထိုအာရုံ၏ ဘင်္ဂ, ဘယ, အာဒီနဝ စသည်တို့ကိုရှုကာ ရွှင်လန်းသော ယောဂီသန္တာန်၌ဖြစ်သော သောမနဿဝေဒနာ မျိုးကို ဆိုသည်။]

အာမိသအစာနှင့်တကွဖြစ်သော ဒုက္ခဝေဒနာကိုခံစားသည်ရှိသော် အာမိသအစာနှင့်တကွဖြစ်သော ဒုက္ခဝေဒနာကိုခံစားသည်ဟုသိ၏။ အာမိသအစာကင်းသော ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် အာမိသအစာကင်းသော ဒုက္ခဝေဒနာကို ခံစားသည်ဟုသိ၏။

[အာမိသအစာနှင့်တကွဖြစ်သောဒုက္ခဝေဒနာဟူသည် – သား မယား အိမ်သူအိမ်သားနှင့်တကွ မိမိသိမ်းဆည်းအပ်သော သက်ရှိသက်မဲ့ပစ္စည်းဟည်းဟူသော အာရုံ ခြောက်ပါးကို မှီ၍ဖြစ်သော ဒေါမနဿဝေဒနာကိုဆိုသည်။ တရားအားထုတ်စ ဖြစ်သော ယောဂီသန္တာန်၌ သမာဓိအားနည်းသေးသောကြောင့် တရားအာရုံပေါ်၌ စိတ်တည်ငြိမ်စွာ ထား၍မရသေးသဖြင့် နှလုံးမသာမယာ ဖြစ်ခြင်း စသည်သည် အာမိသကင်းသော ဒေါမနဿဝေဒနာပင် ဖြစ်သည်။]

အာမိသအစာနှင့်တကွဖြစ်သော အဒုက္ခမသုခဝေဒနာကို ခံစားသည်ရှိသော် အာမိသအစာနှင့်တကွဖြစ်သော အဒုက္ခမသုခဝေဒနာကို ခံစားသည်ဟုသိ၏။ အာမိသအစာကင်းသော အဒုက္ခမသုခဝေဒနာကို ခံစားသည်ရှိသော် အာမိသအစာကင်းသော အဒုက္ခမသုခဝေဒနာကို ခံစားသည်ဟုသိ၏။

ဤသို့လျှင် မိမိအဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝေဒနာတို့၌ ဝေဒနာဟု ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ သူတစ်ပါးဟူသော ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဝေဒနာတို့၌ ဝေဒနာဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဝေဒနာတို့၌ ဝေဒနာဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ဝေဒနာတို့၌ ဖြစ်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ဝေဒနာတို့၌ ပျက်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထိုရဟန်းအား ဝေဒနာသာလျှင် ရှိသည်ဟူ၍ သတိသည် ရှေးရှုထင်၏။ ထို သတိသည် ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ ဖြစ်၏။ တဏှာ, ဒိဋ္ဌိတို့ကို မမှီမူ၍နေ၏။ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ခုကိုမျှ စွဲလမ်းခြင်းမရှိ။

ရဟန်းတို့- ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသို့လျှင် ဝေဒနာ တို့၌ ဝေဒနာဟုရှုလေ့ရှိသည်ဖြစ်၍ နေ၏- ဟုဟောတော်မူသည်။

## ဖဝေဒနာကို အကျဉ်းနည်း ဆင်ခြင်ပုံ

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သုခဝေဒနာဖြစ်ပေါ်လာသည်ဖြစ်စေ, ဒုက္ခဝေဒနာ ဖြစ်ပေါ်လာသည်ဖြစ်စေ ဖြစ်ပေါ်လာသမျှဝေဒနာတို့ကို ဝေဒနာဟူ၍သာရှုပါ၊ ဝေဒနာဟူ၍သာသိပါ။ ဝေဒနာမှတစ်ပါး ခံစားတတ်သောပုဂ္ဂိုလ်, သတ္တဝါမရှိ၊ ဝေဒနာ သာလျှင်ခံစားသဖြင့် ဝေဒနာသာရှိသည်ကိုသိပါ၊ လေ့လာပါ။ ထိုဖြစ်ပေါ်သော ဝေဒနာ တို့သည်လည်း တည်မြဲနေသည်မရှိ၊ မြစ်ရေအလျဉ်ကဲ့သို့ တစ်စဉ်တတန်းကြီး ရှေ့ကချုပ်, နောက်က အသစ်ဖြစ်ဖြစ်ပြီးလျှင် တစ်ခဏချင်းဖြင့် ပျောက်ပျက်နေကြသော ဝေဒနာ အပေါင်း တို့ပါတကားဟု လက္ခဏာတင်ဆင်ခြင်ရှုကြည့်ဉာဏ်ဖြင့်သိ၍ အဇ္ဈတ္တဗဟိဒ္ဓ တစ်လောကလုံးကို အမှန်သဘောအတိုင်း မြင်သဖြင့် တဏှာ, ဒိဋ္ဌိတို့မှကင်းသော စွဲလမ်းခင်မင် နှစ်သက်တပ်မက်ခြင်း မရှိမူ၍ လောကမှ လွတ်မြောက်နိုင်ကြပါစေကုန် သတည်း။

ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း ပြီး၏။

* * * * *

# စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တာနုပဿီ ဝိဟရတိ။

ရဟန်းတို့-- ရဟန်းတရားကို အားထုတ်သော ရဟန်းသည် အဘယ်ကဲ့သို့ စိတ်၌ စိတ်ဟုရှုလေ့ရှိသည်ဖြစ်၍ နေသနည်းဟူမူကား- ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည်-

၁။ ရာဂနှင့်တကွဖြစ်သော စိတ်ဖြစ်သည်ရှိသော် ရာဂနှင့်တကွဖြစ်သော စိတ်ဖြစ်သည်ဟု သိ၏။

၂။ ရာဂကင်းသော စိတ်ဖြစ်သည်ရှိသော် ရာဂကင်းသောစိတ်ဖြစ်သည်ဟု သိ၏။

၃။ ဒေါသနှင့်တကွဖြစ်သော စိတ်ဖြစ်သည်ရှိသော် ဒေါသနှင့်တကွဖြစ်သော စိတ်ဖြစ်သည်ဟု သိ၏။

၄။ ဒေါသကင်းသော စိတ်ဖြစ်သည်ရှိသော် ဒေါသကင်းသောစိတ်ဖြစ်သည်ဟု သိ၏။

၅။ မောဟနှင့်တကွဖြစ်သော စိတ်ဖြစ်သည်ရှိသော် မောဟနှင့်တကွဖြစ်သော စိတ်ဖြစ်သည်ဟု သိ၏။

၆။ မောဟကင်းသော စိတ်ဖြစ်သည်ရှိသော် မောဟကင်းသော စိတ်ဖြစ်သည်ဟုသိ၏။

၇။ တွန့်တိုဆုတ်နစ်သော စိတ်ဖြစ်သည်ရှိသော် တွန့်တိုဆုတ်နစ်သော စိတ် ဖြစ်သည်ဟု သိ၏။

၈။ ပျံ့လွင့်သောစိတ်ဖြစ်သည်ရှိသော် ပျံ့လွင့်သောစိတ်ဖြစ်သည်ဟု သိ၏။

၉။ မဟဂ္ဂုတ်စိတ်ဖြစ်သည်ရှိသော် မဟဂ္ဂုတ်စိတ်ဖြစ်သည်ဟု သိ၏။

၁၀။ မဟဂ္ဂုတ်မဟုတ်သော စိတ်ဖြစ်သည်ရှိသော် မဟဂ္ဂုတ်မဟုတ်သော စိတ်ဖြစ်သည်ဟုသိ၏။

၁၁။ မိမိထက်မြတ်သောစိတ် ရှိသေးသော အောက်တန်းစိတ် ဖြစ်သည်ရှိသော် မိမိထက်မြတ်သောစိတ် ရှိသေးသောအောက်တန်းစိတ်ဖြစ်သည်ဟု သိ၏။

၁၂။ မိမိထက်မြတ်သောစိတ် မရှိသော အထက်တန်းစိတ် ဖြစ်သည်ရှိသော် မိမိထက်မြတ်သောစိတ်မရှိသော အထက်တန်းစိတ်ဖြစ်သည်ဟု သိ၏။

၁၃။ ဥပစာရသမာဓိ, အပ္ပနာသမာဓိရှိသောစိတ်ဖြစ်သည်ရှိသော် ဥပစာရသမာဓိ, အပ္ပနာသမာဓိရှိသောစိတ် ဖြစ်သည်ဟု သိ၏။

၁၄။ ဥပစာရသမာဓိ, အပ္ပနာသမာဓိ မရှိသောစိတ် ဖြစ်သည်ရှိသော် ဥပစာရသမာဓိ, အပ္ပနာသမာဓိ မရှိသောစိတ်ဖြစ်သည်ဟု သိ၏။

၁၅။ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ကိလေသာမှ လွတ်သောစိတ် ဖြစ်သည်ရှိသော် တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ကိလေသာမှ လွတ်သောစိတ်ဖြစ်သည်ဟု သိ၏။

၁၆။ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ကိလေသာမှမလွတ်သောစိတ် ဖြစ်သည်ရှိသော် တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ကိလေသာမှမလွတ်သောစိတ် ဖြစ်သည်ဟု သိ၏။

ဤသို့လျှင် မိမိအဇ္ဈတ္တသန္တာန်၌ ဖြစ်သောစိတ်၌ စိတ်ဟုရှုလေ့ရှိသည်ဖြစ်၍နေ၏။ သူတစ်ပါးဟူသော ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောစိတ်၌ စိတ်ဟုရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောစိတ်၌ စိတ်ဟုရှုလေ့ရှိသည်ဖြစ်၍နေ၏။

စိတ်၌ဖြစ်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍နေ၏။ စိတ်၌ပျက်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍နေ၏။ စိတ်၌ အဖြစ်, အပျက်သဘောကို ရှုလေ့ရှိသည်ဖြစ်၍နေ၏။

စိတ်သာလျှင်ရှိသည်ဟူ၍ ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ ထင်သော ထိုသတိသည် ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာဖြစ်၏။ တဏှာ, ဒိဋ္ဌိတို့၌ မမှီမူ၍နေ၏။ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ခုကိုမျှ စွဲလမ်းခြင်းမရှိချေ။

ရဟန်းတို့-- ရဟန်းတရားကိုအားထုတ်သောရဟန်းသည် ဤသို့လျှင် စိတ်၌ စိတ်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏- ဟု ဟောတော်မူသည်။

## စိတ် ၁၆-ပါး အဓိပ္ပာယ် ရှင်းလင်းချက်

စိတ္တာနုပဿနာကမ္မဋ္ဌာန်း ဒေသနာတော်နှင့်စပ်၍ အဋ္ဌကထာကိုမှီတည်၍ အဓိပ္ပာယ်ဖော်ပြဦးအံ့။

၁။ ရာဂနှင့်တကွဖြစ်သောစိတ်ဟူသည်- လောဘသဟဂုတ် စိတ်ရှစ်ပါးနှင့်တကွ ဖြစ်သော စိတ်ကို ဆိုသည်။

၂။ ရာဂကင်းသော စိတ်ဟူသည်- လောကီကုသိုလ်နှင့် ဝိပါက်, ကြိယာ စိတ်တို့ကို ဆိုသည်။ သမ္မသန ဝိပဿနာ အရာဖြစ်သော စိတ်ကိုသာ ဤဒေသနာတော်၌ ဟောတော်မူခြင်းဖြစ်သည်၊ ရသင့်သောတရားဟူသမျှကိုပြဆိုသည်မဟုတ်။ ထို့ကြောင့် ဝိရာဂ-ရာဂကင်းသောစိတ်၏ အရကိုကောက်ရာ၌ လောကုတ္တရာစိတ်ကို မကောက်ရခြင်းဖြစ်သည်။ ကြွင်းသောအကုသိုလ်စိတ်လေးပါးတို့သည် သရာဂစိတ်၌လည်း မပါဝင်၊ ဝီတရာဂစိတ်၌လည်း မပါဝင်ချေ။

၃။ ဒေါသနှင့်တကွဖြစ်သော စိတ်ဟူသည်- ဒေါမနဿစိတ် နှစ်ပါးကို ဆိုသည်။

၄။ ဒေါသကင်းသော စိတ်ဟူသည်- လောကီကုသိုလ်စိတ် ဝိပါက်, ကြိယာစိတ်တို့ကို ဆိုသည်။ ကြွင်းသော အကုသိုလ်စိတ်ဆယ်ပါးသည် သဒေါသစိတ်၌လည်းမပါဝင်၊ ဝီတဒေါသစိတ်၌လည်း မပါဝင်ချေ။

၅။ မောဟနှင့် တစ်ကွဖြစ်သော စိတ်ဟူသည်- ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့် ဥဒ္ဓစ္စသဟဂုတ်စိတ် နှစ်ပါးကိုဆိုသည်။ အထူးမှတ်ရန်မှာ- မောဟသည် အကုသိုလ်စိတ်အားလုံးတို့၌ ဖြစ်၏။ သို့ဖြစ်၍ ဝိစိကိစ္ဆာနှင့် ဥဒ္ဓစ္စမှကြွင်းသော အကုသိုလ်စိတ်ဆယ်ပါးကိုသည်လည်း သမောဟစိတ်- မောဟနှင့်တကွဖြစ်သောစိတ်ဟု ဆိုရသည်ဟူ၍ မှတ်ရမည်။

၆။ မောဟကင်းသော စိတ်ဟူသည်- လောကီကုသိုလ်စိတ်, ဝိပါက်, ကြိယာစိတ်တို့ကို ဆိုသည်။

၇။ တွန့်တိုဆုတ်နစ်သောစိတ်ဟူသည်- ထိန-မိဒ္ဓနှင့်ယှဉ်သည်၏ အစွမ်းအားဖြင့် ထိန-မိဒ္ဓသို့ လိုက်၍ဖြစ်သော စိတ်တည်း။ အကုသိုလ်စိတ် တစ်ဆယ့်နှစ်ပါးတွင် သသင်္ခါရိကစိတ် ငါးပါးသည် တွန့်တိုဆုတ်နစ်သောစိတ်ဖြစ်၏။ အာရုံနှင့်တွေ့သော အခါ တွန့်တို ဆုတ်နစ်သော သဘောရှိသည်ဟု ဆိုလိုသည်။

၈။ ပျံ့လွင့်သောစိတ်ဟူသည်- ဥဒ္ဓစ္စသဟဂုတ်စိတ်ဟု ဆိုသည်။

၉။ မဟဂ္ဂုတ်စိတ်ဟူသည်- ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့ကိုဆိုသည်။

၁၀။ မဟဂ္ဂုတ်မဟုတ်သောစိတ်ဟူသည်- ကာမာဝစရစိတ်ကို ဆိုသည်။

၁၁။ မိမိထက်မြတ်သောစိတ်ရှိသော အောက်တန်းစိတ်ဟူသည်- ကာမာဝစရစိတ်ကို ဆိုသည်။ (ကာမာဝစရစိတ်သည် မိမိထက်မြတ်သော မဟဂ္ဂုတ်စိတ်တို့ ရှိသောကြောင့်တည်း။)

၁၂။ မိမိထက် မြတ်သောစိတ် မရှိသောစိတ်ဟူသည်- ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့ကိုဆိုသည်။ ရူပါဝစရ, အရူပါဝစရစိတ် နှစ်ပါးတွင်လည်း ရူပါဝစရစိတ်သည် မိမိထက် မြတ်သောစိတ်ရှိသောစိတ်ဖြစ်၏။ အရူပါဝစရစိတ်သည် မိမိထက်မြတ်သောစိတ် မရှိသောစိတ်ဖြစ်၏။

၁၃။ အပ္ပနာသမာဓိ, ဥပစာရ သမာဓိရှိသောစိတ်သည် သမာဟိတစိတ်ဖြစ်၏။

၁၄။ သမာဓိနှစ်ပါးမရှိသောစိတ်သည် အသမာဟိတစိတ်ဖြစ်၏။

၁၅-၁၆။ ကိလေသာမှလွတ်သောစိတ်, မလွတ်သောစိတ်ဟူရာ၌ တဒင်္ဂအားဖြင့် ဖြစ်စေ, ဝိက္ခမ္ဘနအားဖြင့်ဖြစ်စေ ကိလေသာမှလွတ်ခြင်း, မလွတ်ခြင်းကို ဤဒေသနာ အရာ၌ ဆိုလိုသည်။ သမုစ္ဆေဒ, ပဋိပ္ပဿဒ္ဓိ, နိဿရဏ ဝိမုတ္တိတို့ကို မဆိုလိုချေ။

## စိတ်ကိုသိအောင်ပြု၍ ဆင်ခြင်ပုံ

စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီသည် မြတ်စွာဘုရား နည်းပေးညွှန်ပြတော်မူသည့်အတိုင်း နှလုံးသွင်း ဆင်ခြင်အားထုတ်ရမည်သာ ဖြစ်သည်။ အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးသောအာရုံနှင့် ကြုံကြိုက်တွေ့ဆုံသောအခါ မိမိသန္တာန်၌ဖြစ်ပေါ်လာသောစိတ်ကို ငါ့သန္တာန်၌ ယခုအချိန်မှာ လောဘနှင့်ယှဉ်သောစိတ် ဖြစ်သလား, ဒေါသနှင့် ယှဉ်သောစိတ် ဖြစ်သလား, မောဟနှင့် ယှဉ်သောစိတ် ဖြစ်သလား, ကာမာဝစရကုသိုလ်စိတ်ပဲဖြစ်နေသလားဟု ဆင်ခြင်ရမည်။ အကယ်၍ လောဘစိတ်ဖြစ်နေလျှင် ထိုလောဘစိတ်ကိုပင် လောဘစိတ်ဖြစ်နေသည်ဟု သတိပြုကာ သိရမည်။ ဒေါသစိတ်ဖြစ်နေလျှင်လည်း ဒေါသစိတ်ဖြစ်နေသည်ဟု သိရမည်။

ယင်းသို့ သိအောင် သတိပြုဆင်ခြင်ခြင်းဖြင့် လောဘစိတ် ဒေါသစိတ်တို့သည် အကုသိုလ်စိတ်တို့ဖြစ်သောကြောင့် "အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ"ဟု ဆိုသဖြင့် အကုသိုလ်ဟူသည်မှာ အပြစ်ရှိသော သဘောရှိသည်, ဆင်းရဲဒုက္ခတည်းဟူသော မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိသည်ဟု ဆင်ခြင်၍ ထိုလောဘစိတ်, ဒေါသ စိတ်ကို မဖြစ်အောင် ပယ်ရှားရမည်။

ထိုလောဘစိတ်, ဒေါသစိတ်တို့သည်လည်း "နေတံ မမ- ငါ့စိတ်မဟုတ်၊ နေသောဟမသ္မိ- ဤစိတ်သည်ငါမဟုတ်၊ န မေသော အတ္တာ- ငါ့အတ္တမဟုတ်၊ ငါဟူသည် မရှိ။ အကြောင်းဖြစ်သောအာရုံကြောင့် အခိုက်အတန့် ဖြစ်ပေါ်လာသော အကျိုးတရား မျှသာဖြစ်သည်" ဟု ဆင်ခြင်လျက် စိတ်၌ ငါဟူ၍ထင်မှတ်စွဲလမ်းခြင်း, ငါ၏စိတ်ဟူသော အစွဲအလမ်းတို့ကို ပယ်ဖျောက်၍ "ထိုစိတ်တို့သည်လည်း ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိသော ပရမတ္ထတရားဖြစ်၍ မမြဲသောစိတ်, ကိုယ်ပိုင်မဟုတ်သောစိတ်, ဒုက္ခပေးတတ်သော စိတ်"ဟူ၍ ပွားများဆင်ခြင်ခြင်းဖြင့် အကုသိုလ်ဖြစ်သော လောဘ, ဒေါသတို့ကို သိမြင်ပြီးကာလ ထိုစိတ်မျိုးတို့ကို တစ်ဖန်မဖြစ်စေဘဲ ဝိပဿနာဘာဝနာ ကာမာဝစရ ကုသိုလ်စိတ်ဖြစ်အောင် ပွားများရမည်။ ယင်းသို့ပွားများဆင်ခြင်ခြင်းဖြင့် လောဘစိတ် ဖြစ်ပေါ်လာသောအခါ လောဘစိတ်ဖြစ်ပေါ်သည်ဟု သိရသောအကျိုးရှိ၏။ ဒေါသစိတ် စသည် ဖြစ်ပေါ်လာသောအခါလည်း ဒေါသစိတ်ဖြစ်ပေါ်လာသည်ဟု သိရသောအကျိုး ရှိ၏။

မိမိသန္တာန်၌ လောဘစိတ်ဖြစ်နေသည်ကိုလည်း မသိ၊ ဒေါသစိတ် ဖြစ်နေသည်ကိုလည်း မသိသောသူသည် အပြစ်နှင့်တကွ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော, မိမိ၏ ရန်သူဖြစ်သော ထိုလောဘ, ဒေါသတို့ကိုမသိလျှင် ထိုစိတ်တို့၏ ညှဉ်းဆဲနှိပ်စက်ခြင်းကို လက်ငင်းမျက်မှောက်ကာလ၌လည်း ခံရမည်၊ တမလွန်ဘဝ၌လည်း ခံရမည်၊ သံသရာ တစ်လျှောက်လုံး ဆင်းရဲဒုက္ခကို ခံရမည်ဖြစ်သည်။ ရန်သူဖြစ်သော လောဘစိတ်, ဒေါသစိတ်တို့ကို ဖြစ်ပေါ်လာသောအခါ စောစောက ကြိုတင်၍သိလိုက်ရသောကြောင့် ထိုစိတ်တို့က ဒုက္ခမပေးမီပယ်ရှားလိုက်နိုင်သဖြင့် ခံစားရမည့် ဆင်းရဲဒုက္ခတို့မှ လွတ်ကင်း၍

ချမ်းသာရခြင်း အကျိုးရှိသည်ကိုသိရှိ၍ ဝမ်းမြောက်ကြရမည်။

အကယ်၍ ကာမာဝစရကုသိုလ်စိတ် ရှစ်ပါးထဲမှ တစ်ပါးပါးဖြစ်ပေါ်လာခဲ့လျှင် ဥပမာ– သောမနဿဝေဒနာနှင့်တကွ ဉာဏ်နှင့်ယှဉ်သော အသင်္ခါရိကကုသိုလ်ဖြစ်ပေါ်ခဲ့သော် သောမနဿဝေဒနာနှင့်တကွ ဉာဏ်နှင့်ယှဉ်သော အသင်္ခါရိကကုသိုလ်စိတ် (ဝီတရာဂစိတ်)ဖြစ်သည်ဟု မိမိ၏ ကုသိုလ်စိတ်ကို မိမိသိရမည်။ ထို ကာမာဝစရ ကုသိုလ်စိတ်သည်လည်း ငါမဟုတ်၊ ငါ့စိတ်ဟု မဆိုရ၊ ငါ့အတ္တမဟုတ်၊ မြဲလည်းမမြဲ၊ ကိုယ်ပိုင်အစိုးရသော စိတ်လည်းမဟုတ် စသည်ဖြင့် ဆင်ခြင်ပွားများ၍ ကာမာဝစရ ကုသိုလ်စိတ် သာမညကို ဝိပဿနာ ကုသိုလ်စိတ်အဖြစ်သို့ ပြောင်းကာ ဝိဝဋ္ဋနိဿိတ ကုသိုလ် ဖြစ်စေရမည်။ ဤသို့လျှင် မိမိသန္တာန်၌ဖြစ်ပေါ်သမျှသောစိတ်တို့ကို ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း မလွတ်ရအောင် သိအောင်ရှု၍ ဝိပဿနာအမြင်ဖြင့် လက္ခဏာရေးတင် ဆင်ခြင်ခြင်းကိုပြု၍ စိတ္တာနုပဿနာကမ္မဋ္ဌာန်းဖြင့် အရိယာဘုံသို့ရောက်အောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။

## စိတ်ကို စိတ်အတိုင်း မထားသင့်ကြောင်း

အလျဉ်းသင့်ခိုက်ဖြစ်၍ စိတ်နှင့်စပ်၍ ဆင်ခြင်ထိုက်, လိုက်နာအားထုတ်ထိုက်သော တရားသဘောကို ဆက်လက်ပြဆိုဦးအံ့။

အချို့ ကမ္မဋ္ဌာန်းဆရာက စိတ်ကို စိတ်အတိုင်း ထားရမည် ဟူ၍ ဟောသည်ဟု တစ်ဆင့်စကားကြားသိရသည်။ ဘုရားဟောတော်မူသော ပရိယတ္တိအကြားအမြင် နည်းပါးကြကုန်သေးသော စာပေကြည့်ရှုချိန် မရ, တရားနာချိန်မရကြသဖြင့် အမှားအမှန်ကို မသိနိုင်ကြသော ကိစ္စမြားမြောင် လူ့ဘောင်၌ စားဝတ်နေရေးနှင့် အချိန်ကုန်နေကြရသော ဥပါသကာ, ဥပါသိကာမတို့သည် စိတ်ကို စိတ်အတိုင်းထားရမည် ဆိုသောစကားကို မှန်လှပြီ, ဟုတ်လှပြီ, ကောင်းလှပြီဟု အထင်အမြင်များကာ လမ်းလွဲသို့ မလိုက်မိကြစေရန် ကရုဏာရှေ့ထား၍ ရေးသားမည်ပင် ဖြစ်သည်။ သို့ရေးသားရာ၌လည်း အတ္တနောမတိ– မိမိသဘော မိမိအမြင်ဖြင့်သာ ရေးမည်ကား မဟုတ်၊ မြတ်စွာဘုရား စကားတော်ကိုသာ ဖော်ပြ၍ ရေးသားမည်ဖြစ်သည်။

## စိတ်ကိုလွှတ်ထားလျှင် မကောင်းမှု၌ မွေ့လျော်

စိတ်ဟူသည်မှာ "ပါပသ္မိံ ရမတိ မနော"ဟု ဟောတော်မူသည့်အတိုင်း သူ့အတိုင်း ပစ်ထားလိုက်လျှင် မကောင်းမှု၌သာ မွေ့လျော်တတ်သည်၊ မကောင်းသောအာရုံ ကာမဂုဏ်၌သာ မွေ့လျော်တတ်သည်။ မကောင်းသောအာရုံ ကာမဂုဏ်၌သာ ပျော်တတ်သည်ဖြစ်၍ စိတ်ကိုစိတ်အတိုင်း ထားလိုက်လျှင် ဒုက္ခအမျိုးမျိုးနှင့် တိုးမိသည်သာဖြစ်သည်။

စိတ်သည် ရူပါရုံစသော ကာမဂုဏ်အာရုံတို့၌ သက်ဝင်လှုပ်ရှားတတ်သည်၊ အတည်အငြိမ် မနေတတ်ဟု ဟောတော်မူသည်။ စိတ်သည် ဣရိယာပုထ် တစ်ခုတည်းဖြင့်

တည်၍မနေတတ်၊ ကလေးသူငယ်တို့ကဲ့သို့ အမြဲတမ်းလှုပ်ရှားနေတတ်သော သဘောရှိသည်ဟု ဟောတော်မူသည်။ ပြည့်ကျပ်သော စပါးတောဒ္ဒ စပါးပင်ကိုစားသောနွားကို အထိန်းအကျောင်းခက်သကဲ့သို့ လျောက်ပတ်သော တရားအာရုံတစ်ခုဒ္ဒ စိတ်ကို ထိန်းကျောင်းထားရန် ခက်ခဲသည်ဟု ဟောတော်မူသည်။ စိတ်သည် မလျောက်ပတ် မလျောက်ကန်သော ဝိသဘာဂအာရုံသို့ ရောက်လျှင် တားမြစ်နိုင်ခဲသည်ဟု ဟောတော်မူသည်။ လေးသမားသည် ကောက်သောမြားကို ဖြောင့်အောင် ပြုပြင်သဖြင့် မင်းထံမှ လာဘ်လာဘကိုရ၍ ချမ်းသာသကဲ့သို့၊ ကာမဂုဏ်အာရုံရှိရာ အကုသိုလ်ဘက်သို့ လှုပ်ရှားသက်ဝင်၍ လမ်းကောက်နေသော စိတ်ကို သူတော်ကောင်း ပညာရှိပုဂ္ဂိုလ်သည် ထိန်းသိမ်းကာ လမ်းဖြောင့်လမ်းမှန်သို့ ရောက်အောင်ပြုပြင်၍ လောကုတ္တရာအကျိုးကျေးဇူးကို ရယူစေရမည်ဟု ဟောတော်မူသည်။

ရေဒ္ဒသာ ကျက်စားသော ငါးကို ကုန်းပေါ်သို့ ပစ်တင်သည်ရှိသော် အငြိမ်အတည်မနေဘဲ တဖျတ်ဖျတ် ခုန်ပျံလှုပ်ရှား၍သာ နေသကဲ့သို့၊ စိတ်သည် ကိလေသာဝဋ်ဟူသော ကိလေသမာရ်၏တည်ရာ ကာမဂုဏ်အာရုံဒ္ဒ လှုပ်ရှားသက်ဝင်နေတတ်သည်။ သို့ပင် ကာမဂုဏ်အာရုံဒ္ဒသာလျှင် သက်ဝင်လှုပ်ရှား၍ နေတတ်သော်လည်း ထိုစိတ်ကို အလိုအလျောက်ပစ်မထားဘဲ အားမလျှော့ဘဲ ထိန်းသိမ်းဆုံးမ၍ ကမ္မဋ္ဌာန်းအာရုံဒ္ဒ သက်ဝင်တည်ငြိမ်စေ၍ မေဃိယမထေရ်တို့ကဲ့သို့ သောတာပတ္တိဖိုလ် စသည်သို့ရောက်အောင် အားထုတ်ရာသည်။

## စိတ်ကို ထိန်းသိမ်းနိုင်မှ မဂ်ဖိုလ် ရမည်

စိတ်ကို နှိမ်နင်းဆုံးမမှုဒ္ဒ လွယ်ကူသော သဘောမရှိ၊ လျင်လျင်မြန်မြန်ဖြစ်၍ လျင်လျင်မြန်မြန် ချုပ်တတ်သည်။ သင့်၊ မသင့် မရွေးချယ်ဘဲ အမျိုးအနွယ် အရွယ်ဟူ၍ မငဲ့ကွက်၊ အလိုရှိသော ကာမအာရုံတို့ဒ္ဒ ဖြစ်တတ်၏။ ဤကဲ့သို့သော သဘောရှိသောစိတ်ကို ဆုံးမနှိပ်ကွပ်မှုသာ ကောင်းမြတ်သည်။ လိမ္မာ ယဉ်ကျေးအောင် ဆုံးမသွန်သင်အပ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား တို့သည် လူတို့၏ချမ်းသာမှု ကိစ္စတာဝန်ကို ဆောင်ရွက်သကဲ့သို့ ပစ်မထားဘဲ သူ့အတိုင်းမထားဘဲ ဆုံးမအပ်သော စိတ်သည် လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာကို ဆောင်ရွက်တတ်ပေသည်ဟု ဟောတော်မူသည်။

စိတ်သည်အလွန်မြင်ဖို့ခဲယဉ်းသောသဘောတရားတစ်ပါးဖြစ်သည်၊ အလွန်လည်းသိမ်မွေ့သည်။ ကောင်းဆိုးကြီးငယ် အပဒတ်အမြတ်မရွေး အာရုံဟူသမျှဒ္ဒ ဖြစ်တတ်၏၊ ကျရောက်တတ်၏။ လူညံ့များသည် မိမိစိတ်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်း၌ မစွမ်းနိုင်ကြသောကြောင့် အကျိုးမဲ့ပျက်စီးခြင်းကို ရောက်ကြကုန်သော်လည်း ပညာရှိသူတော်ကောင်းတို့သည်မူကား စိတ်ကိုထိန်းသိမ်းစောင့်ရှောက်နိုင်ကြ၏။ ကောင်းစွာ စောင့်ရှောက်ထိန်းသိမ်းအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်နိုင်ပေသည်။ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ဆောင်ရွက်နိုင်၊ ပို့ဆောင်နိုင်သည်ဟု ဟောတော်မူသည်။

## စိတ်ကိုစောင့်စည်းလျှင် ဝဋ် ၃-ပါးမှလွတ်မည်

စိတ်သည် စင်စစ်အမှန်အားဖြင့် ပင့်ကူချည်ကလေးတစ်မျှင်စာလောက်မှ အရှေ့ အနောက်စသော အရပ်ဒေသသို့ ရွေ့ရှားသွားလာတတ်သည်ကား မဟုတ်ချေ။ သို့ပင် မသွားလာတတ်သော်လည်း အလွန်ဝေးလံသောအရပ်၌ရှိသော အာရုံကိုလည်း ခံယူ အာရုံပြုခြင်းငှာ စွမ်းရည်သတ္တိရှိ၏။ သို့ကြောင့် စိတ်သည် ဒူရင်္ဂမ-ဝေးသောအရပ်ဒေသသို့ သွားတတ်သည်ဟု ဟောတော်မူသည်။

စိတ်သည် ခုနစ်ပါး ရှစ်ပါး စသည်ဖြင့် ပေါင်း၍ စု၍ ဖြစ်တတ်သော သဘောမရှိ၊ စိတ်ဖြစ်သောအခါ တစ်ပါးတည်းသာဖြစ်တတ်သည်။ ရှေ့စိတ်တစ်ပါး ချုပ်လျှင် နောက်စိတ်တစ်ပါးဆက်၍ဖြစ်သည်။ ဤသို့ဖြင့် တစ်ပါးတည်း တစ်ပါးတည်းသောစိတ်သာလျှင် ဆက်ကာဆက်ကာဖြစ်တတ်သောကြောင့် ဧကစာရ-ဟူ၍ ဟောတော်မူသည်။ အဖော်မရှိ တစ်ပါးတည်းဖြစ်လေ့ရှိသည်ဟု ဆိုလိုသည်။

စိတ်သည် အထည်ကိုယ်ဟူ၍လည်း မရှိ၊ အနီ အနက်စသည် အရောင်အဆင်းလည်း မရှိ။ သို့ကြောင့် အသရီရ- ကိုယ်ထည်မရှိဟူ၍ ဟောတော်မူသည်။

စိတ်သည် ဟဒယဝတ္ထု ရုပ်တည်းဟူသော လိုဏ်ဂူ၌ မှီ၍ ဖြစ်တတ်သောကြောင့် ဂုဟာသယ-မည်၏ဟု ဟောတော်မူသည်။ ယောကျ်ား, မိန်းမ, ရဟန်း ရှင်လူ, မည်သူမဆို မဖြစ်သေးသော လောဘစသော ကိလေသာတို့ကို ဖြစ်ခွင့်မပေးဘဲ သတိ ကင်းလွတ်သဖြင့် ဖြစ်ပေါ်လာသော ကိလေသာတို့ကို ပယ်၍ စိတ်ကို ကိလေသာ၏ အာရုံတို့သို့ မပြေးမထွက်အောင် မပျံ့လွင့်အောင် စောင့်စည်းထိန်းသိမ်းနိုင်ခဲ့လျှင် ထို ယောကျ်ား, မိန်းမ, ရဟန်း ရှင်လူတို့သည် မာရ်နတ်မင်း၏အနှောင်အဖွဲ့ဟု ဆိုအပ်သော ဘုံသုံးပါးဟူသောဝဋ်မှ လွတ်မြောက်ကြကုန်လတ္တံ့ဟု ဟောတော်မူသည်။

## စိတ်ကိုမထိန်းနိုင်လျှင် ရာဂနှင့်ယှဉ်မည်
## ထိန်းနိုင်လျှင် နိဗ္ဗာန်သို့ဝင်မည်

စိတ်သည် ဘယ်ပုဂ္ဂိုလ်၏သန္တာန်၌မှ အမြဲထာဝရတည်၍ နေသည်မဟုတ်။ မြင်း၏ကျောက်ကုန်းပေါ်၌ ဖရုံသီးကို တင်ထားသကဲ့သို့လည်းကောင်း, ဖွဲပုံ၌ စိုက်ထူအပ်သော သစ်သားငုတ်ကဲ့သို့လည်းကောင်း, ဆံပင်ရိတ်ထား၍ ပြောင်နေသော ဦးခေါင်းထက်၌ တင်ထားသောထိန်ပွင့်ကဲ့သို့လည်းကောင်း အမြဲတည်နေသည် မရှိချေ။ တစ်ခါတရံ ဘုရားတပည့်သားဖြစ်၏၊ အာဇီဝက တပည့်ဖြစ်သည့်အခါ ဖြစ်၏၊ နိဂဏ္ဌတပည့် ဖြစ်သည့်အခါဖြစ်၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်၏ စိတ်သည် အနဝဋ္ဌိတစိတ္တ- မတည်သော စိတ်ဟုဆိုရသည်။ ရာဂနှင့်ပူးယှဉ်သောစိတ်ရှိသောသူသည် ဘေးအန္တရာယ်နှင့် ကြုံတတ်သည်။ ရာဂနှင့်မယှဉ်၊ ရာဂတည်းဟူသော ကိလေသာ မစိုမစွတ်သောပုဂ္ဂိုလ်သည် ဘေးကင်း အန္တရာယ်ကင်းတတ်သည်။ သို့ဖြစ်၍ ရာဂနှင့်မယှဉ်အောင် ရာဂတည်းဟူသော ကိလေသာမိုးရေမစွတ်မစိုအောင် စိတ်ကိုထိန်းသိမ်းစောင့်ရှောက်ရမည်ဟုဟောတော်မူသည်။-

သောရေယျမထေရ်သည် ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ရောက်ခြင်းသည် မထိန်းမသိမ်း မစောင့်စည်းမှု၍ သူ့အတိုင်းထားလိုက်သောစိတ်က ပြုလိုက်ခြင်းပင်ဖြစ်၏။ တစ်ဖန် မိန်းမဘဝမှ ယောကျ်ားဘဝသို့ ရောက်ခြင်းသည် ထိန်းသိမ်းစောင့်ရှောက်ပြုပြင်သောစိတ်ကပင် ပြောင်းလွဲပေးလိုက်ခြင်းဖြစ်၏၊ ဘယ်မိခင် ဘယ်ဖခင်တို့ကမှ ပြုလုပ်ပေးသည်မဟုတ်။ သို့ဖြစ်၍ စိတ်ကို သူ့ပင်ကို အရိုင်းအတိုင်း သွားချင်ရာသွား ဖြစ်ချင်ရာဖြစ်နေသည်ကို လွှတ်မထားဘဲ ထိန်းသိမ်းစောင့်ရှောက်ပေးရမည်၊ ပြုပြင်ပေးရမည်၊ ဆုံးမပေးရမည်၊ ယဉ်ကျေးစေရမည်၊ တည်ငြိမ်စေရမည်။ ဤကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ဆုံးမပေးခြင်းဖြင့် ယဉ်ကျေးစေခြင်းဖြင့် တည်ငြိမ်စေခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် စိတ်သည် ကောင်းကျိုးကျေးဇူးတို့ကို ဖြစ်စေသည်ဟု မြတ်စွာဘုရားဟောတော်မူသည်ကို ယုံကြည်ကြ၍ စိတ်ကို စိတ်အလိုအတိုင်း လွှတ်မထားမိစေဘဲ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းပြီး၏။

* * * * *

# ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်း

## နီဝရဏစန်း

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။

ရဟန်းတို့-- ငါဘုရားသာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် အဘယ်သို့လျှင် နာမ်ရုပ်ဖြစ်သော ဓမ္မတို့၌ နာမ်ရုပ်ဖြစ်သောဓမ္မတို့- ဟု ရှုလေ့ရှိသည်ဖြစ်၍ နေသနည်းဟူမူကား-

[တစ်ဆယ့်လေးပါး အပြားရှိသော ကာယာနုပဿနာ, ကိုးပါး အပြားရှိသော ဝေဒနာနုပဿနာ, တစ်ဆယ့်ခြောက်ပါးအပြားရှိသော စိတ္တာ နုပဿနာတို့ကို ဟောကြားတော်မူပြီးကာလ ငါးပါးအပြားရှိသော ဓမ္မာနုပဿနာကမ္မဋ္ဌာန်းကိုဟောတော်မူလိုသောမြတ်စွာဘုရားသည် "ကထဉ္စ ပန ဘိက္ခဝေ"အစရှိသည်ကို မိန့်တော်မူသည်။

တစ်နည်းမှာ-ကာယာနုပဿနာဖြင့် ရူပကာယသက်သက်ဖြစ်သော အနုပဿနာ တရားကို ဟောတော်မူသည်။ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာတို့ဖြင့် နာမကာယ သက်သက်ဖြစ်သော အနုပဿနာကိုဟောတော်မူသည်။ ယခုအခါ၌ ရုပ်နာမ်ရောသော မိဿကဖြစ်သော အနုပဿနာကို ဟောတော်မူခြင်းငှာ "ကထဉ္စ ပန ဘိက္ခဝေ" အစရှိသည်ကို မိန့်တော်မူသည်။

တစ်နည်းမှာ- ကာယာနုပဿနာဖြင့် ရူပက္ခန္ဓာကို သိမ်းဆည်းဟောကြားတော်မူသည်။ ဝေဒနာနုပဿနာဖြင့် ဝေဒနာက္ခန္ဓာကို သိမ်းဆည်းဟောကြားတော်မူသည်။ စိတ္တာနုပဿနာဖြင့် ဝိညာဏက္ခန္ဓာကို သိမ်းဆည်းဟောကြားတော်မူသည်၊ ယခုအခါ၌ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို သိမ်းဆည်းဟောကြားတော်မူခြင်းငှာ "ကထဉ္စ ပန ဘိက္ခဝေ"အစရှိသည်ကို ဟောတော်မူသည်ဟု သတိပြုရာ၏။]

## ကာမစ္ဆန္ဒနီဝရဏ

ရဟန်းတို့-- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ငါးပါးသော နီဝရဏဟုဆိုအပ်ကုန်သော သဘောတရားတို့၌ ငါးပါးသောနီဝရဏဟု ဆိုအပ်ကုန်သော သဘောတရားတို့ဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့-- ရဟန်းတရားကိုအားထုတ်သောရဟန်းသည် အဘယ်သို့လျှင် ငါးပါးသော နီဝရဏဟု ဆိုအပ်ကုန်သော သဘောတရားတို့၌ ငါးပါးသောနီဝရဏဟု ဆိုအပ်ကုန်သော သဘောတရားတို့ဟု ရှုလေ့ရှိသည်ဖြစ်၍ နေသနည်းဟူမူကား-

ရဟန်းတို့-- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်ဆဲဖြစ်သော ကာမစ္ဆန္ဒကို ငါ၏အဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒဖြစ်ပေါ်လျက်ရှိ၏ဟုသိ၏။ မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်ခြင်းမရှိသော ကာမစ္ဆန္ဒကိုလည်း မိမိအဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒသည် ထင်ရှားဖြစ်ပေါ်ခြင်းမရှိဟုသိ၏။

[ကာမဂုဏ်အာရုံကို လိုချင်တပ်မက်နှစ်သက်ခြင်းတဏှာကို ကာမစ္ဆန္ဒဟု ဆိုသည်။ ကာမဂုဏ်အာရုံ၌ နိစ္စ, သုဘ, အတ္တဟုမမှန်သောအမြင်, မမှန်သော နှလုံးသွင်းခြင်းကြောင့် ကာမစ္ဆန္ဒဖြစ်သည်။ ဝိပဿနာဉာဏ်အမြင်ဖြင့် အနိစ္စ, အသုဘ, အနတ္တဟူ၍ တဒင်္ဂအားဖြင့် အမှန်ကိုမြင်သောအခါ ထိုကာမစ္ဆန္ဒသည် ပျောက်ကင်းသွားပေသည်။ ဤသို့ ပျောက် ကင်းသော အခိုက်ကို ရည်ရွယ်၍ ကာမစ္ဆန္ဒရှိစဉ်က ရှိသည်ကိုလည်းသိ၏၊ မရှိသောအခါ မရှိသည်ကိုလည်းသိ၏ဟု ဟောတော်မူသည်။

နီဝရဏဟူသည် ကုသိုလ်တရား, မဂ်ဖိုလ်တရားတို့ကို ပိတ်ပင်တားဆီး တတ်သော သဘောတရားဖြစ်သည်။ ကာမဂုဏ်ကိုအလိုရှိခြင်း စသည်သည် ကုသိုလ်နှင့်မဂ်ဖိုလ်တို့ကို ပိတ်ပင်တားဆီးတတ်သောသဘောရှိသောကြောင့် ကာမစ္ဆန္ဒနီဝရဏ စသည်မည်လေသည်။]

အကြင်အကြောင်းကြောင့် မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒသည် ဖြစ်ပေါ်လာ၏၊ ထိုကာမစ္ဆန္ဒဖြစ်ပေါ်ခြင်း၏ အကြောင်းကိုလည်းသိ၏။ အကြင်အကြောင်းကြောင့်ဖြစ်ပေါ်သော ကာမစ္ဆန္ဒကိုပယ်၏၊ ထိုကာမစ္ဆန္ဒကိုပယ်ခြင်းအကြောင်းကိုလည်း သိ၏။ အကြင် အကြောင်းကြောင့် ပယ်အပ်ပြီးသောကာမစ္ဆန္ဒသည်နောင်တစ်ဖန်ဖြစ်ခြင်းမရှိ၊ ထိုကာမစ္ဆန္ဒ၏ နောင်တစ်ဖန် မဖြစ်ခြင်းအကြောင်းကိုလည်းသိ၏။

[အဓိပ္ပာယ်။ ။ အယောနိသော မနသိကာရသည် အကုသိုလ်ဖြစ်ခြင်း၏ မူလ အကြောင်းပင်တည်း။ အယောနိသော မနသိကာရကြောင့် မဖြစ်သေးသော အကုသိုလ်တို့သည် ဖြစ်ကုန်၏၊ ဖြစ်ပြီး, ဖြစ်ဆဲ အကုသိုလ်တို့သည်လည်း တိုးပွားကြကုန်၏-ဟု မြတ်စွာဘုရားဟောတော်မူသည်ဖြစ်၍ ကာမစ္ဆန္ဒ ဖြစ် ကြောင်းတရားသည် မသင့်သော နှလုံးသွင်းခြင်းဟု ဆိုအပ်သော အယောနိသော မနသိကာရပင် ဖြစ်၏။ တွေ့ကြုံလာသော အာရုံကို နိစ္စ, သုဘ, သုခ,

အတ္တယူ၍ အယောနိသောမနသိကာရဖြင့် ရှုခြင်းကြောင့် မဖြစ်သေးသော ကာမစ္ဆန္ဒသည် ဖြစ်ပေါ်၏။ သို့ကြောင့် ကာမစ္ဆန္ဒဖြစ်ကြောင်းသည် အယောနိသောမနသိကာရ-ဟူ၍ သိ၏။ ထိုအာရုံတို့ကိုပင် အနိစ္စ, အသုဘ, ဒုက္ခ, အနတ္တဟူ၍ ယောနိသောမနသိကာရဖြင့် ရှုခြင်းကြောင့် ကာမစ္ဆန္ဒကို အခိုက်အတန့် တဒင်္ဂအားဖြင့်သော်လည်း ပယ်နိုင်၏ဟူ၍ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကို ပယ်ခြင်း၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရကိုလည်း သိ၏။ မဂ်ဖြင့်ပယ်အပ်သော ကာမစ္ဆန္ဒသည် နောင်တစ်ဖန် အသစ်ပြန်လည်ကာ ဖြစ်ရိုးမရှိသည်ကိုလည်း သိလေသည်ဟု ဟောတော်မူခြင်းဖြစ်သည်။ မဂ်ကိုလည်း သိသည်၊ မဂ်ဖြင့် ပယ်အပ်သော ကာမစ္ဆန္ဒကိုလည်း သိသည်။ နောက်၌ ဟောတော်မူလတ္တံ့သော နီဝရဏတို့၏ ဖြစ်ပေါ်ခြင်း, ပယ်ခြင်း အကြောင်းတို့ကိုလည်း ယခုပြဆိုပြီးသော နည်းအတိုင်း သိကြရာသည်။]

## ဗျာပါဒနီဝရဏ

မိမိအဇ္ဈတ္တသန္တာန်၌ထင်ရှားဖြစ်ပေါ်ဆဲဖြစ်သော ဗျာပါဒကို ငါ၏အဇ္ဈတ္တသန္တာန်၌ ဗျာပါဒဖြစ်ပေါ်လျက်ရှိသည်ဟူ၍ သိ၏။ မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်ဆဲမရှိသော ဗျာပါဒကိုလည်း ငါ၏အဇ္ဈတ္တသန္တာန်၌ ဗျာပါဒသည် ထင်ရှားဖြစ်ပေါ်ဆဲမရှိဟူ၍သိ၏။ အကြင်အကြောင်းကြောင့် မဖြစ်ပေါ်သေးသော ဗျာပါဒသည် ဖြစ်ပေါ်လာ၏၊ ထိုဗျာပါဒ ဖြစ်ပေါ်ခြင်း၏အကြောင်းကိုလည်း သိ၏။ အကြင်အကြောင်းကြောင့် ဖြစ်ပေါ် လာသော ဗျာပါဒကိုပယ်၏၊ ထိုဗျာပါဒပယ်ကြောင်းကိုလည်း သိ၏။ အကြင် အကြောင်းကြောင့် ပယ်အပ်ပြီးသော ဗျာပါဒ၏ နောင်တစ်ဖန်ဖြစ်ခြင်းမရှိ၊ ထိုဗျာပါဒ နောင်တစ်ဖန်မဖြစ်ခြင်း အကြောင်းကိုလည်းသိ၏။

## ထိနမိဒ္ဓ နီဝရဏ

မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်ဆဲဖြစ်သော ထိနမိဒ္ဓကို ငါ၏ အဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်လျက်ရှိသည်ဟူ၍သိ၏၊ မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်ဆဲမရှိသော ထိနမိဒ္ဓကိုလည်း ငါ၏အဇ္ဈတ္တသန္တာန်၌ ထိနမိဒ္ဓဖြစ်ပေါ်ဆဲ မရှိဟူ၍ သိ၏။ အကြင်အကြောင်းကြောင့် မဖြစ်ပေါ်သေးသော ထိနမိဒ္ဓသည်ဖြစ်ပေါ်၏၊ ထိုထိနမိဒ္ဓ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ အကြင် အကြောင်းကြောင့် ဖြစ်ပေါ်သော ထိနမိဒ္ဓကိုပယ်၏၊ ထိုထိနမိဒ္ဓပယ်ခြင်းအကြောင်းကိုလည်း သိ၏။ အကြင်အကြောင်းကြောင့် ပယ်အပ်ပြီးသော ထိနမိဒ္ဓသည် နောင်တစ်ဖန် ဖြစ်ခြင်းမရှိ၊ ထိုထိနမိဒ္ဓ နောင်တစ်ဖန်မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

## ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ

မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်ဆဲဖြစ်သော ဥဒ္ဓစ္စကုက္ကုစ္စကို ငါ၏အဇ္ဈတ္တသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ပေါ်လျက်ရှိသည်ဟူ၍သိ၏၊ မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်

ပေါ်ဆဲမရှိသော ဥဒ္ဓစ္စကုက္ကုစ္စကိုလည်း ငါ၏အဇ္ဈတ္တသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စဖြစ်ပေါ်ဆဲ မရှိဟူ၍သိ၏။ အကြင်အကြောင်းကြောင့် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စသည် ဖြစ်ပေါ်၏၊ ထို ဥဒ္ဓစ္စကုက္ကုစ္စဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ အကြင်အကြောင်း ကြောင့် ဥဒ္ဓစ္စ ကုက္ကုစ္စကိုပယ်၏၊ ထိုဥဒ္ဓစ္စကုက္ကုစ္စပယ်ခြင်း၏အကြောင်းကိုလည်းသိ၏။ အကြင်အကြောင်းကြောင့် ပယ်အပ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စသည် နောင်တစ်ဖန်ဖြစ်ခြင်းမရှိ၊ ထို ဥဒ္ဓစ္စကုက္ကုစ္စ နောင်တစ်ဖန် မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

## ဝိစိကိစ္ဆာ နီဝရဏ

မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားဖြစ်ပေါ်ဆဲဖြစ်သော ဝိစိကိစ္ဆာကို ငါ၏အဇ္ဈတ္တ သန္တာန်၌ ဝိစိကိစ္ဆာဖြစ်ပေါ်လျက်ရှိသည်ဟူ၍သိ၏၊ မိမိအဇ္ဈတ္တသန္တာန်၌ထင်ရှားဖြစ်ပေါ်ခြင်း မရှိသော ဝိစိကိစ္ဆာကိုလည်း ငါ၏အဇ္ဈတ္တသန္တာန်၌ ဝိစိကိစ္ဆာဖြစ်ပေါ်ခြင်းမရှိဟူ၍ သိ၏။ အကြင်အကြောင်းကြောင့် မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည် ဖြစ်၏၊ ထို ဝိစိကိစ္ဆာဖြစ်ခြင်း အကြောင်းကိုလည်း သိ၏။ အကြင်အကြောင်းကြောင့် ဝိစိကိစ္ဆာကို ပယ်၏၊ ထိုဝိစိကိစ္ဆာပယ်ခြင်းအကြောင်းကိုလည်းသိ၏။ အကြင်အကြောင်းကြောင့် ပယ်အပ်ပြီးသော ဝိစိကိစ္ဆာသည် နောင်တစ်ဖန်ဖြစ်ခြင်းမရှိ၊ ထိုဝိစိကိစ္ဆာ နောင်တစ်ဖန် မဖြစ်ခြင်းအကြောင်းကိုလည်း သိ၏။

ဤသို့လျှင် အဇ္ဈတ္တသန္တာန်၌ဖြစ်သော သဘောတရားတို့၌ သဘောတရားကိုရှု လေ့ရှိသည်ဖြစ်၍နေ၏။ ဗဟိဒ္ဓသန္တာန်၌ဖြစ်သောသဘောတရားတို့၌ သဘောတရားကို ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်၌ဖြစ်သောသဘောတရားတို့၌ သဘောတရားကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

သဘောတရားတို့၌ ဖြစ်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘော တရားတို့၌ ပျက်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ ထိုသတိသည် ဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ ဖြစ်၏၊ တဏှာ, ဒိဋ္ဌိတို့၌ မမှီမူ၍နေ၏။ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ခုကိုမျှ စွဲလမ်းတပ်မက်ခြင်းမရှိ။

ရဟန်းတို့--- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသို့လျှင် နီဝရဏတရားတို့၌ နီဝရဏတရားတို့ဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏- ဟု ဟောတော်မူသည်။

နီဝရဏခန်းပြီး၏။

* * * * *

## ဓမ္မာနုပဿနာ ခန္ဓာခန်း

တစ်ပါးတဲ့လည်း ရဟန်းတို့- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် ဥပါဒါနက္ခန္ဓာ ငါးပါးဟုဆိုအပ်သော ရုပ်နာမ်တရားတို့၌ ရုပ်နာမ်တရားဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် အဘယ်သို့လျှင် ဥပါဒါနက္ခန္ဓာငါးပါးဟု ဆိုအပ်သောရုပ်နာမ်တရားတို့၌ ရုပ်နာမ်တရားဟု ရှုလေ့ရှိသည်ဖြစ်၍ နေသနည်းဟူမူကား-

ရဟန်းတို့--- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသည်ကားရုပ်တရားတည်း၊ ဤသည်ကား ရုပ်၏ဖြစ်ကြောင်းတရားတည်း၊ ဤသည်ကား ရုပ်၏ချုပ်ကြောင်းတရားတည်းဟူ၍ သိ၏။

ဤသည်ကား ဝေဒနာတည်း၊ ဤသည်ကား ဝေဒနာ၏ဖြစ်ကြောင်းတရားတည်း၊ ဤသည်ကားဝေဒနာ၏ချုပ်ကြောင်းတရားတည်းဟူ၍သိ၏။

ဤသည်ကား သညာတည်း၊ ဤသည်ကား သညာ၏ဖြစ်ကြောင်းတရားတည်း၊ ဤသည်ကား သညာ၏ချုပ်ကြောင်းတရားတည်းဟူ၍သိ၏။

ဤသည်တို့ကား သင်္ခါရတို့တည်း၊ ဤသည်ကား သင်္ခါရတို့၏ ဖြစ်ကြောင်းတရားတည်း၊ ဤသည်ကား သင်္ခါရတို့၏ ချုပ်ကြောင်းတရားတည်းဟူ၍သိ၏။

ဤသည်ကား ဝိညာဏ်တည်း၊ ဤသည်ကား ဝိညာဏ်၏ ဖြစ်ကြောင်းတရားတည်း၊ ဤသည်ကား ဝိညာဏ်၏ချုပ်ကြောင်းတရားတည်းဟူ၍ သိ၏။

ဤသို့လျှင် ရုပ်နာမ်တရားဖြစ်ကုန်သော သဘောတရားတို့၌ ရုပ်နာမ်သဘောတရားဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပ။ (အကျယ်ထုတ်ပြပြီးသော အနုပဿနာတို့နည်းတူ ပေယျာလကို ဖော်နိုင်ကြပါပြီ။)

ရဟန်းတို့--- ဤသို့လျှင် သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် ရုပ်နာမ်တရား ဖြစ်ကုန်သောသဘောတရားတို့၌ ရုပ်နာမ်သဘောတရားဟု ရှုလေ့ရှိသည်ဖြစ်၍နေသည်ဟု ဟောတော်မူသည်။

[အဋ္ဌကထာနှင့်အညီ ခန္ဓာငါးပါးတို့ကို အသီး အသီး ခွဲခြား၍ ဖြစ်ကြောင်း, ပျက်ကြောင်းတို့ကို ဖော်ပြရပါမူ အလွန်ကျယ်ဝန်းသွားမည်ဖြစ်၍ အကျယ်မရေးတော့ပြီ။]

ခန္ဓာခန်း ပြီး၏။

* * * *

## ဓမ္မာနုပဿနာ အာယတနစန်း

တစ်ပါးတုံလည်း ရဟန်းတို့--- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် ခြောက်ပါး ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတန, ဗာဟိရာယတနဟု ဆိုအပ်ကုန်သောတရားတို့၌ အဇ္ဈတ္တိကာယတန, ဗာဟိရာယတနဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့ --- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် အဘယ်သို့လျှင် ခြောက်ပါး ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယကန, ဗာဟိရာယတနတို့၌ အဇ္ဈတ္တိကာယတန, ဗာဟိရာယတနဟု ရှုလေ့ရှိသည်ဖြစ်၍ နေသနည်းဟူမူကား -

ရဟန်းတို့--- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် စက္ခာယတနဟူသောရုပ်ကိုလည်းသိ၏၊ ရူပါယတနဟူသော ရူပါရုံကိုလည်း သိ၏၊ စက္ခာယတနနှင့် ရူပါရုံတို့ ရှေးရှုဆုံမိခြင်းကြောင့် ဖြစ်ပေါ်သော သံယောဇဉ် ဆယ်ပါးကိုလည်းသိ၏။ အကြင်အကြောင်းကြောင့် မဖြစ်သေးသော သံယောဇဉ်သည် ဖြစ်၏၊ ထိုသံယောဇဉ်ဖြစ်ကြောင်းကိုလည်း သိ၏။ အကြင်အကြောင်းကြောင့်ဖြစ်ပေါ်သော သံယောဇဉ်ကိုပယ်၏၊ ထိုသံယောဇဉ်ပယ်ကြောင်းကိုလည်း သိ၏။ အကြင်အကြောင်းကြောင့် ပယ်အပ်ပြီးသောသံယောဇဉ်သည် နောင်တစ်ဖန် ဖြစ်ခြင်းမရှိ၊ ထိုသံယောဇဉ် နောင်တစ်ဖန်မဖြစ်ခြင်း အကြောင်းကိုလည်းသိ၏။ သောတာယတနဟူသော ရုပ်ကိုလည်း သိ၏၊ သဒ္ဒါယတနဟူသော သဒ္ဒါရုံကိုလည်း သိ၏။ ဃာနာယတနဟူသော ရုပ်ကိုလည်း သိ၏၊ ဂန္ဓာယတနဟူသော ဂန္ဓာရုံကိုလည်းသိ၏။ ဇိဝှါယတနဟူသော ရုပ်ကိုလည်းသိ၏၊ ရသာယတနဟူသော ရသာရုံကိုလည်းသိ၏။ ကာယာယတနဟူသော ရုပ်ကိုလည်းသိ၏၊ ဖောဋ္ဌဗ္ဗာယတနဟူသော ဖောဋ္ဌဗ္ဗာရုံကိုလည်းသိ၏။ မနာယတနဟူသော စိတ်ကိုလည်း သိ၏။ ဓမ္မာယတနဟူသောဓမ္မာရုံကိုလည်းသိ၏။ မနာယတနနှင့်ဓမ္မာယတနတို့ ရှေးရှုဆုံမိခြင်းကြောင့်ဖြစ်သော သံယောဇဉ်ဆယ်ပါးကိုလည်းသိ၏။ အကြင်အကြောင်းကြောင့် မဖြစ်ပေါ်သေးသော သံယောဇဉ်သည် ဖြစ်ပေါ်၏၊ ထိုသံယောဇဉ်ဖြစ်ကြောင်းကိုလည်း သိ၏။ အကြင်အကြောင်းကြောင့် ပယ်အပ်ပြီးသော သံယောဇဉ်သည် နောင်တစ်ဖန် ဖြစ်ခြင်းမရှိ၊ ထိုသံယောဇဉ် နောင်တစ်ဖန်မဖြစ်ခြင်းကိုလည်း သိ၏။

ဤသို့လျှင် အဇ္ဈတ္တ ဖြစ်သော ရုပ်နာမ်တရားတို့၌လည်းကောင်း, ဗဟိဒ္ဓဖြစ်သော ရုပ်နာမ်တရားတို့၌လည်းကောင်း ရုပ်နာမ်တရားတို့ဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပ။ ရဟန်းတို့-- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသို့ ခြောက်ပါး ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတန, ဗာဟိရာယတနဟုဆိုအပ်ကုန်သော ရုပ်နာမ်တရားတို့၌ ရုပ်နာမ်တရားဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏- ဟု ဟောတော်မူသည်။

အခ်ိပ္ပာယ် ရှင်းလင်းချက်

၁။ စက္ခုနှင့် ရူပါရုံ တွေ့ဆုံမိသည်ကို အကြောင်းပြု၍ လောဘဖြစ်လျှင် ကာမရာဂ သံယောဇဉ်ဖြစ်တတ်သည်။ ထို့အတူ သောတနှင့် သဒ္ဒါရုံ, ဃာနနှင့် ဂန္ဓာရုံ, ဇိဝှါနှင့် ရသာရုံ, ကာယနှင့် ဖောဋ္ဌဗ္ဗာရုံတွေ့ဆုံမိသည်ကို အကြောင်းပြု၍ လောဘဖြစ်လျှင် ကာမရာဂသံယောဇဉ် ဖြစ်တတ်သည်။

၂။ ဒေါသဖြစ်လျှင် ပဋိဃသံယောဇဉ် ဖြစ်တတ်သည်။

၃။ ဘဝကို တောင့်တလျှင် ဘဝသံယောဇဉ် ဖြစ်တတ်သည်။

၄။ ကိုယ့်ကိုယ်ကို အထင်ကြီးလျှင် မာနသံယောဇဉ်ဖြစ်တတ်သည်။

၅။ ရုပ် နာမ် ခန္ဓာတို့ကိုပင် ငါဟုထင်ယူစွဲလမ်းလျှင် ဒိဋ္ဌိသံယောဇဉ် ဖြစ်တတ်သည်။

၆။ တရားမှန် ဟုတ်မှဟုတ်ပါလေ၏လားဟု ယုံမှားရှိလျှင် ဝိစိကိစ္ဆာ သံယောဇဉ် ဖြစ်တတ်သည်။

၇။ အကျင့်လမ်းမှားလျှင် သီလဗ္ဗတပရာမာသ သံယောဇဉ် ဖြစ်တတ်သည်။

၈။ မနာလိုစိတ်ဖြစ်လျှင် ဣဿာသံယောဇဉ် ဖြစ်တတ်သည်။

၉။ မိမိကဲ့သို့ မပြည့်စုံစေလို, မချမ်းသာစေလိုလျှင် မစ္ဆရိယသံယောဇဉ်ဖြစ်တတ်သည်။

သတ္တဝါတွေကို အပါယ်ထောင်မှ မလွတ်အောင် သံသရာနှောင်အိမ်မှ မထွက်နိုင်အောင် ဖွဲ့ချည်တုပ်နှောင်သော သံယောဇဉ်ကြိုးတွေ များလှပေသည်။ သံယောဇဉ်၏အာရုံဖြစ်သော, သံယောဇဉ်၏အကြိုက်ဖြစ်သော ရူပါရုံအစရှိသော ကာမဂုဏ် အာရုံတို့သည် မာရ်နတ်၏ ကျော့ကွင်း, မာရ်နတ်၏နှောင်ကြိုး, မာရ်နတ်၏ထိပ်တုံးတွေ ဖြစ်သည်ကို သိလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းလှပေသည်။ မမြင်ကြ မသိကြ မယုံကြည်ကြသောကြောင့်သာလျှင် မရွံ့မကြောက် မထိတ်မလန့်ကြဘဲ တိုး၍သာ နေကြလေသည်။

သံယောဇနိယဓမ္မမှိ၊ သံယောဇနေဟိ ဗန္ဓိတာ။
သတ္တာ ဒုက္ခာ န မုစ္စန္တိ၊ သံသာရဒုဿယရေ သဒါ။

သံယောဇနိယဓမ္မမှိ၊ သံယောဇဉ်၏ အာရုံဖြစ်သော ကာမဂုဏ်တည်းဟူသော တိုင်၌။ သံယောဇနေဟိ၊ သံယောဇဉ်ကြိုးတို့ဖြင့်။ ဗန္ဓိတာ၊ နှောင်ဖွဲ့အပ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သံသာရဒုဿယရေ၊ သံသရာတည်းဟူသော နှောင်အိမ်ကြီး အတွင်း၌။ သဒါ၊ အခါခပ်သိမ်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ န မုစ္စန္တိ၊ မလွတ်မြောက်နိုင်ကြကုန်- ဟူ၍ ပညာရှိကြီးတစ်ဦး ကျူးရင့်ခဲ့သည်။

အာယတနခန်းပြီး၏။

* * * *

## ဓမ္မာနုပဿနာ ဗောဇ္ဈင်ခန်း

တစ်ပါးတဲ့လည်း ရဟန်းတို့-- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့၌ ဗောဇ္ဈင်တရားဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့-- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် မိမိအဇ္ဈတ္တသန္တာန်၌ထင်ရှားသောသတိသမ္ဗောဇ္ဈင်ကို ငါ၏အဇ္ဈတ္တသန္တာန်၌သတိသမ္ဗောဇ္ဈင် ရှိသည်ဟူ၍သိ၏၊ မိမိအဇ္ဈတ္တသန္တာန်၌ သတိသမ္ဗောဇ္ဈင် ထင်ရှားမရှိသည်ကိုလည်း ငါ၏အဇ္ဈတ္တသန္တာန်၌ သတိသမ္ဗောဇ္ဈင်ထင်ရှားမရှိဟူ၍သိ၏။ အကြင်အကြောင်းကြောင့် မဖြစ်ပေါ်သေးသော သတိသမ္ဗောဇ္ဈင်သည် ဖြစ်ပေါ်၏၊ ထိုသတိသမ္ဗောဇ္ဈင်ဖြစ်ပေါ်ခြင်း၏ အကြောင်းကိုလည်းသိ၏။ အကြင်အကြောင်းကြောင့် ဖြစ်ပေါ်ပြီးသော သတိသမ္ဗောဇ္ဈင် သည် ဘာဝနာ၏ ပြည့်စုံခြင်းငှာ ဖြစ်၏၊ ထို သတိသမ္ဗောဇ္ဈင်၏ ဘာဝနာ၏ပြည့်စုံခြင်းငှာ ဖြစ်သည်ကိုလည်း သိ၏။

[ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို သတိသမ္ဗောဇ္ဈင် နည်းတူပင် ဟောတော်မူသည်ဖြစ်၍ သတိသမ္ဗောဇ္ဈင်အတိုင်းသိပါလေ။]

ရဟန်းတို့-- သာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသို့လျှင် ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့၌ ဗောဇ္ဈင်တရားဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏- ဟု ဟောတော်မူသည်။

[သစ္စာလေးပါးတို့ကို ကောင်းစွာသိတတ်သော တရားကို သမ္ဗောဓိ- ဟုဆိုသည်။ သစ္စာလေးပါးတရားတို့ကို ကောင်းစွာသိသောဉာဏ်၏ အကြောင်း အင်္ဂါတို့ဖြစ်သောကြောင့်သမ္ဗောဇ္ဈင်-ဟုဆိုသည်။ သတိသည်ပင်လျှင် သမ္ဗောဇ္ဈင်၊ သတိသမ္ဗောဇ္ဈင်။ ဓမ္မဝိစယသမ္ဗောဇ္ဈင် စသည်တို့ကိုလည်း ဤနည်းတူသိကြရာ၏။]

ဗောဇ္ဈင်ခန်း ပြီး၏။

* * * *

## ဓမ္မာနုပဿနာ သစ္စာခန်း

တစ်ပါးတဲ့လည်း ရဟန်းတို့-- သာသနာတော်၌ ရဟန်းတရားကို အားထုတ် သော ရဟန်းသည် သစ္စာလေးပါးတရားတို့၌ သစ္စာလေးပါးတရားဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့-- ရဟန်းတရားကိုအားထုတ်သောရဟန်းသည် အဘယ်ကဲ့သို့ သစ္စာလေးပါးတရားတို့၌ သစ္စာလေးပါးတရားဟု ရှုလေ့ရှိသည်ဖြစ်၍နေသနည်းဟူမူကား-

ရဟန်းတို့-- ဤသာသနာတော်၌ ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသည်ကား ဒုက္ခဟူ၍ ဟုတ်မှန်သောအတိုင်း သိ၏။ ဤသည်ကား ဒုက္ခဖြစ်ကြောင်းဟူ၍

ဟုတ်မှန်သောအတိုင်းသိ၏။ ဤသည်ကား ဒုက္ခချုပ်ငြိမ်းရာဟူ၍ ဟုတ်မှန်သောအတိုင်း သိ၏။ ဤသည်ကား ဒုက္ခ၏ချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်တရားဟူ၍ ဟုတ် မှန်သော အတိုင်းသိ၏။

## ဒုက္ခသစ္စာအကျယ်

ရဟန်းတို့--- ဒုက္ခဟူသော အရိယသစ္စာသည် အဘယ်နည်းဟူမူကား- ဇာတိသည် လည်း ဒုက္ခပင်တည်း၊ ဇရာသည်လည်း ဒုက္ခပင်တည်း၊ မရဏသည်လည်း ဒုက္ခပင်တည်း၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်လည်း ဒုက္ခတို့ ပင်တည်း၊ မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ပေါင်းယှဉ်ရခြင်း သည်လည်း ဒုက္ခပင်တည်း၊ ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကင်းကွာရ ခြင်းသည်လည်း ဒုက္ခပင်တည်း၊ တောင့်တ၍ မရအပ်သောအရာကို တောင့်တ၍မရခြင်း သည်လည်း ဒုက္ခပင်တည်း၊ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည်လည်း ဒုက္ခပင်တည်း။

ရဟန်းတို့-- ဇာတိဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ထိုထို သတ္တဝါတို့၏ ထိုထိုသတ္တဝါတို့အတွင်း၌ ရှေးဦးစွာဖြစ်ခြင်း, ပြည့်စုံစွာဖြစ်ခြင်း, ဥဒ္ဓတွင်း အမိဝမ်းတွင်းသို့ သက်ဝင်ခြင်း, ကိုယ်ထင်ရှားဖြစ်ခြင်း, ခန္ဓာသစ်တို့၏ ထင်ရှားဖြစ်ခြင်း, စက္ခုစသော အာယတနတို့ကို ရခြင်းသည် ရှိ၏။ ရဟန်းတို့- ဤသို့ ဖြစ်ခြင်းရခြင်းသဘောကို ဇာတိဟူ၍ဆိုအပ်၏။

ရဟန်းတို့- ဇရာဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ထိုထို သတ္တဝါတို့၏ ထိုထိုသတ္တဝါတို့အတွင်း၌ အိုခြင်း, ရင့်ရော်ခြင်း, သွားကျိုးခြင်း, ဆံဖြူ ခြင်း, အရေတွန့်ခြင်း, ဇီဝိတိန္ဒြေဟူသော အသက်၏ဆုတ်ယုတ်ခြင်း, စက္ခုစသော ဣန္ဒြေတို့၏ ရင့်ခြင်းသည်ရှိ၏။ ရဟန်းတို့- ဤသို့ပြဆိုအပ်သောသဘောကို ဇရာဟူ၍ ဆိုအပ်၏။

ရဟန်းတို့--- မရဏဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရွေ့လျောခြင်း, ရွေ့လျောသောအခြင်းအရာအားဖြင့် ဖြစ်ခြင်း, ပျက်စီးခြင်း, ကွယ် ပျောက်ခြင်း, သေဆုံးခြင်း, သေဆုံးခြင်းကို ပြုခြင်း, ခန္ဓာတို့၏ ပျက်ခြင်း, ကိုယ်ကောင်ကို ပစ်ချခြင်း, ဇီဝိတိန္ဒြေ၏ပြတ်ခြင်းသည်ရှိ၏။ ရဟန်းတို့- ဤသို့ပြဆိုအပ်သော သဘောကို မရဏဟူ၍ဆိုအပ်၏။

ရဟန်းတို့-- သောကဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့- ဆွေမျိုးဉာတိတို့၏ ပျက်စီးခြင်း, ပစ္စည်းဥစ္စာပျက်စီးခြင်း, ရောဂါနှိပ်စက်ခြင်း, သီလပျက်စီးခြင်း, အယူအမြင်ပျက်စီးခြင်းဟုဆိုအပ်သော ငါးမျိုးသော ပျက်စီးခြင်းတို့တွင် တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် တွေ့ကြုံသောပုဂ္ဂိုလ်၏ စိုးရိမ်ပူဆွေးခြင်း, စိုးရိမ်သော အခြင်းအရာဖြစ်ခြင်း, စိုးရိမ်သောသူ၏အဖြစ်, အတွင်း၌စိုးရိမ်ခြင်း, အတွင်း၌ အဖန် တလဲလဲ စိုးရိမ်ခြင်းသည်ရှိ၏။ ရဟန်းတို့- ဤသို့သဘောရှိသောစိုးရိမ်ခြင်းကို သောက ဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- ပရိဒေဝဟူသည် အဘယ်သဘောတရား ဖြစ်သနည်းဟူမူကား- ရဟန်းတို့ ပျက်စီးခြင်းဗျသနငါးမျိုးတို့တွင် တစ်မျိုးမျိုးသော ပျက်စီးခြင်းနှင့် တွေ့ကြုံသောပုဂ္ဂိုလ်၏ ငိုကြွေးခြင်း, ပြင်းစွာငိုကြွေးခြင်း, ငိုကြွေးသောအခြင်းအရာ, ပြင်းစွာငိုကြွေးသောအခြင်းအရာ, ငိုကြွေးသောသူ၏အဖြစ်, ပြင်းစွာငိုကြွေးသောသူ၏ အဖြစ်သည် ရှိ၏။ ရဟန်းတို့- ဤသို့ငိုကြွေးခြင်းသဘောတရားကို ပရိဒေဝဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- ဒုက္ခဟူသည် အဘယ်သဘောတရားဖြစ်သနည်း ဟူမူကား- ရဟန်းတို့- ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာ, ကိုယ်၌ဖြစ်သော မသာယာဖွယ်, ကိုယ်အတွေ့ကို မှီ၍ဖြစ်သော မသာယာဖွယ်, သာယာဖွယ်မဟုတ်သော ဝေဒနာသည်ရှိ၏။ ရဟန်းတို့- ဤသို့ဆင်းရဲခြင်း, မသာယာခြင်းရှိသော သဘောတရားကို ဒုက္ခဟူ၍ဆိုအပ်၏။

ရဟန်းတို့- ဒေါမနဿဟူသည် အဘယ်သဘောတရား ဖြစ်သနည်းဟူမူကား- ရဟန်းတို့ စိတ်၌ဖြစ်သော ဒုက္ခဝေဒနာ, စိတ်၌ဖြစ်သော မသာယာဖွယ်, စိတ်အတွေ့ကိုမှီ၍ ဖြစ်သော မသာယာဖွယ်, သာယာဖွယ်မဟုတ်သော ဝေဒနာသည်ရှိ၏။ ရဟန်းတို့- ဤသို့စိတ်၌ဖြစ်သော ဆင်းရဲခြင်း, မသာယာခြင်းရှိသောသဘောကို ဒေါမနဿဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- ဥပါယာသဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့- ပျက်စီးခြင်း ဗျသနတရားငါးပါးတို့တွင် တစ်ပါးပါးနှင့် တွေ့ကြုံသောပုဂ္ဂိုလ်၏ ဆုတ်နစ်သောအခြင်းအရာဖြင့် ပင်ပန်းခြင်း, ပြင်းစွာ ပင်ပန်းခြင်း, ဆုတ်နစ်သောအခြင်းအရာဖြင့် ပင်ပန်းသည်၏အဖြစ်, ဆုတ်နစ်သောအခြင်းအရာဖြင့် ပြင်းစွာပင်ပန်းသည်၏ အဖြစ်သည်ရှိ၏။ ရဟန်းတို့- ဤသို့ ပင်ပန်းခြင်းသဘောကို ဥပါယာသဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းယှဉ်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့- ဤလောက၌ ထိုပုဂ္ဂိုလ်သည် အလိုမရှိအပ်ကုန်သော မနှစ်သက်အပ်ကုန်သော စိတ်နှလုံးကို မပွားစေအပ်ကုန်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တို့သည်ရှိကုန်၏။ ထိုပုဂ္ဂိုလ်၏အကျိုးမဲ့ကိုအလိုရှိကုန်သော, စီးပွားမဲ့ကို အလိုရှိကုန်သော, ချမ်းသာခြင်းကို အလိုမရှိကုန်သောပုဂ္ဂိုလ်တို့သည် ရှိကုန်၏။ ထို အာရုံခြောက်ပါးတို့နှင့်လည်းကောင်း, အကျိုးမဲ့စသည်ကို အလိုရှိကုန်သော ထိုသူတို့နှင့် လည်းကောင်း အတူတကွနေရခြင်း, တကွနက်ဆုံရခြင်း, ပေါင်းသင်းနေရခြင်း, ရောနှော၍ နေရခြင်းသည် ရှိ၏။ ရဟန်းတို့- ဤသို့မချစ်ခင် မနှစ်သက်အပ်သော အာရုံ, မချစ်ခင် မနှစ်သက်အပ်သော ပုဂ္ဂိုလ်တို့နှင့် ပေါင်းသင်းဆက်ဆံ၍နေရခြင်းကို မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ပေါင်းယှဉ်ရသောကြောင့် ဖြစ်သော ဆင်းရဲဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- ချစ်ခင်နှစ်သက်အပ်သောသတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းခြင်းကြောင့်ဖြစ်သော ဆင်းရဲဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့-

ဤလောက၌ ထိုပုဂ္ဂိုလ်သည် အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွားစေတတ်ကုန်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့သည် ရှိကုန်၏။ ထိုပုဂ္ဂိုလ်၏ အကျိုးကို လိုလားကုန်သော အစီးအပွားကို လိုလားကုန်သော ချမ်းသာခြင်းကို အလိုရှိကုန်သော မိခင်ဖခင် ညီအစ်ကိုမောင်နှမ မိတ်ဆွေအပေါင်းအဖော် ဆွေမျိုးသားချင်းတို့သည် ရှိကုန်၏။ ထိုထို အလိုရှိအပ်သော အာရုံ, ထိုထို မိဘစသည်တို့နှင့်အတူတကွမနေရခြင်း, မဆုံရခြင်း, မပေါင်းသင်းရခြင်း, ရောနှော၍မနေရခြင်းသည်ရှိ၏။ ရဟန်းတို့-- ဤသို့ ချစ်ခင်နှစ်သက်အပ်ကုန်သော အာရုံ, ချစ်ခင်နှစ်သက်အပ်ကုန်သောဆွေမျိုးစသည်တို့နှင့် မပေါင်းသင်းရခြင်း, ကွေကွင်းရခြင်းကြောင့်ဖြစ်သော ဆင်းရဲကို ချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းခြင်းကြောင့် ဖြစ်သော ဆင်းရဲဟူ၍ဆိုအပ်၏။

ရဟန်းတို့-- တောင့်တ၍ မရအပ်သောအရာကို တောင့်တ၍မရခြင်းကြောင့် ဖြစ်သော ဆင်းရဲဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့-- ဇာတိဟူသော ပဋိသန္ဓေနေခြင်းသဘောရှိကုန်သောသတ္တဝါတို့အား ငါတို့သည် ပဋိသန္ဓေ နေခြင်း မဖြစ်ကုန်မူကား ကောင်းလေစွ၊ ငါတို့ထံသို့ ပဋိသန္ဓေနေရခြင်း သဘောတရား သည်လည်း မရောက်လာပါမူကား ကောင်းလေစွဟု ဤသို့တောင့်တခြင်းသည် ဖြစ်၏၊ ယင်းသို့ ဇာတိ၏မဖြစ်ခြင်း, မရောက်လာစေခြင်းကို တောင့်တ၍မရနိုင်။ ဤသို့တောင့်တ၍ မရအပ်သောအရာကို တောင့်တလျက်မရခြင်းကြောင့် ဖြစ်သောဆင်းရဲကိုပင်လျှင် မတောင့်တအပ်သည်ကို တောင့်တ၍ မရခြင်းကြောင့်ဖြစ်သော ဆင်းရဲဟူ၍ဆိုအပ်၏။

ရဟန်းတို့---

ဇရာဟူသော အိုခြင်းသဘော ရှိကုန်သောသတ္တဝါတို့အား၊
ဗျာဓိဟူသော နာခြင်းသဘောရှိကုန်သော သတ္တဝါတို့အား၊
မရဏဟူသော သေခြင်းသဘောရှိကုန်သော သတ္တဝါတို့အား၊
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား-

ငါတို့သည် အိုခြင်း နာခြင်း သေခြင်း သောကစသည်တို့မဖြစ်ကုန်မူကား ကောင်းလေစွ၊ ငါတို့ထံသို့ အိုခြင်း နာခြင်း သေခြင်း သောက စသည်တို့လည်း မရောက် လာကြကုန်မူကား ကောင်းလေစွဟု တောင့်တခြင်းသည်ဖြစ်၏။ ယင်းသို့ တောင့်တ သော်လည်း တောင့်တ၍မရနိုင်၊ တောင့်တ၍မရခြင်းကြောင့် တောင့်တ၍မရအပ်သည်ကို ဖြစ်သော ဆင်းရဲကိုပင်လျှင် မတောင့်တအပ်သည်ကို တောင့်တ၍မရခြင်းကြောင့်ဖြစ်သော ဆင်းရဲဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဒုက္ခမည်ကုန်၏ ဟူသည် အဘယ်သဘောတရားတို့ဖြစ်သနည်းဟူမူကား- ထိုဥပါဒါနက္ခန္ဓာတို့သည် သရုပ် အားဖြင့် ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့-- အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာတို့ကို

ဒုက္ခဟူ၍ ဆိုအပ်ကုန်၏။ ရဟန်းတို့-- ဤပြဆိုအပ်ပြီးသော သဘောတရားအပေါင်းကို ဒုက္ခဟု ဆိုအပ်သော အရိယသစ္စာဟူ၍ ဆိုအပ်၏ဟု ဟောတော်မူသည်။

အဝိဇ္ဇာကာကွယ်ဖုံးအုပ်သဖြင့် ဉာဏ်မျက်စိ သုဉ်းနေကြသော ပုထုဇဉ်တို့သန္တာန်၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လျက်ရှိသော ဒုက္ခတွေကို မြတ်စွာဘုရားသည် “ခရေစေ့တွင်းကျ”ဆိုသလို အစေ့အငှ ဖော်ထုတ်၍ပြတော်မူသည်။ ဤဒုက္ခတို့ကို ဉာတပရိညာဖြင့် သိစေတော်မူလိုသော မဟာကရုဏာတော်၏ အရှင်ပါပေဟု ဦးတိုက်သင့်လှပေသည်။ ယင်းဒုက္ခတို့ကို မြင်အောင်ကြည့်၍ ဒုက္ခတို့မှ ကျွတ်လွတ်အောင် ရှန်းသင့်ကြပေသည်။

ဒုက္ခသစ္စာအကျယ် ပြီး၏။

* * * *

## သမုဒယသစ္စာ အကျယ်

ရဟန်းတို့-- ဒုက္ခဖြစ်ကြောင်းဖြစ်သောအရိယသစ္စာသည် အဘယ်သဘောတရား ဖြစ်သနည်းဟူမူကား- အကြင်တဏှာသည် တစ်ဖန်ဘဝသစ်ကိုဖြစ်စေတတ်၏၊ အာရုံ၌ ပြင်းစွာ တပ်မက်တတ်၏၊ ထိုထို အတ္တဘော, ထိုထိုအာရုံတို့၌ အလွန်တပ်မက်တတ်၏။ ဤတဏှာသည် အဘယ်တဏှာနည်းဟူမူ- ကာမဂုဏ်တို့၌တပ်မက်သော ကာမတဏှာ, ရူပဘုံအရူပဘုံတို့၌ တပ်မက်သောဘဝတဏှာ, ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော ဝိဘဝတဏှာ၊ ဤတဏှာတို့ပေတည်း။

ရဟန်းတို့- ထိုတဏှာဖြစ်လျှင် အဘယ်၌ဖြစ်သနည်း၊ အဘယ်၌ အဖန်ဖန် သက်ဝင်တည်နေသနည်းဟူမူကား- လောက၌ ပိယရူပ (ချစ်ခင်နှစ်သက်အပ်သော သဘောရှိသောဝတ္ထု)၊ သာတရူပ (သာယာအပ်သော သဘောရှိသောဝတ္ထု)သည် ရှိ၏။ ထိုပိယရူပ, သာတရူပတို့၌ တဏှာသည်ဖြစ်ခွင့်ရှိလျှင်ဖြစ်တတ်၏၊ သက်ဝင် တည်နေခွင့်ရှိလျှင် အဖန်ဖန်သက်ဝင်တည်နေတတ်၏။

ပိယရူပ, သာတရူပဟူသည် အဘယ်နည်းဟူမူ- စက္ခုသည် ပိယရူပ, သာတရူပ ဖြစ်၏၊ သောတ, ဃာန, ဇိဝှါ, ကာယ, မနသည် ပိယရူပဖြစ်၏။ သက်ဝင်တည်နေခွင့် ရှိလျှင် အဖန်ဖန်သက်ဝင်တည်နေတတ်၏။ “နိဝိသတီတိ ပုနပ္ပုနံ ပဝတ္တိဝသေန ပတိဋ္ဌဟတိ”။ (အဋ္ဌကထာ။)

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့သည် ပိယရူပ, သာတရူပ ဖြစ်ကုန်၏။ ဤရူပါရုံစသည်တို့၌ တဏှာဖြစ်ခွင့်ရှိလျှင်ဖြစ်၏၊ အဖန်ဖန် သက်ဝင်တည်နေခွင့်ရှိလျှင် သက်ဝင်တည်နေတတ်၏။

စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်တို့သည် ပိယရူပ, သာတရူပဖြစ်ကုန်၏။ ဤစက္ခုဝိညာဏ်စသည်တို့၌ တဏှာသည် ဖြစ်ခွင့်ရှိလျှင် ဖြစ်တတ်၏၊ အဖန်ဖန်သက်ဝင်တည်နေခွင့်ရှိလျှင် သက်ဝင် တည်နေတတ်၏။

စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿတို့သည် ပိယရုပ်, သာတရုပ်ဖြစ်ကုန်၏။ ပ။ အဖန်ဖန်သက်ဝင်တည်နေတတ်၏။

စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာတို့သည် ပိယရုပ်, သာတရုပ်ဖြစ်ကုန်၏။ ပ။ အဖန်ဖန် သက်ဝင်တည်နေတတ်၏။

ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာတို့သည် ပိယရုပ်, သာတရုပ်ဖြစ်ကုန်၍။ ပ။ အဖန်ဖန် သက်ဝင်တည်နေတတ်၏။

ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသသဉ္စေတနာ, ဖောဋ္ဌဗ္ဗသဉ္စေတနာ, ဓမ္မသဉ္စေတနာတို့သည် ပိယရုပ်, သာတရုပ်ဖြစ်ကုန်၏။ ပ။ အဖန်ဖန် သက်ဝင်တည်နေတတ်၏။

ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာတို့သည် ပိယရုပ်, သာတရုပ် ဖြစ်ကုန်၏။ ပ။ အဖန်ဖန်သက်ဝင်တည်နေတတ်၏။

ရူပဝိတက်, သဒ္ဒဝိတက်, ဂန္ဓဝိတက်, ရသဝိတက်, ဖောဋ္ဌဗ္ဗဝိတက်, ဓမ္မဝိတက်တို့သည် ပိယရုပ်, သာတရုပ်တို့ဖြစ်ကုန်၏။ ပ။ အဖန်ဖန်သက်ဝင်တည်နေတတ်၏။

ရူပဝိစာရ, သဒ္ဒဝိစာရ, ဂန္ဓဝိစာရ, ရသဝိစာရ, ဖောဋ္ဌဗ္ဗဝိစာရ, ဓမ္မဝိစာရတို့သည် ပိယရုပ်, သာတရုပ် ဖြစ်ကုန်၏။ ပ။ အဖန်ဖန် သက်ဝင်တည်နေတတ်၏။

ရဟန်းတို့-- ဤပြဆိုအပ်ပြီးသော ပိယရုပ်, သာတရုပ်တို့၌ဖြစ်သော အဖန်ဖန် သက်ဝင်တည်နေတတ်သော သဘောတရားကို သမုဒယဟု ဆိုအပ်၏၊ အရိယာသစ္စာဟူ၍ ဆိုအပ်၏-ဟု ဟောတော်မူသည်။

[ပိယရုပ်, သာတရုပ်ဆိုသည်မှာ-ဖောက်ပြန်ခြင်းသဘောရှိသော ၂၈-ပါးသော ရုပ်တို့ကို သာလျှင် ဆိုသည်မဟုတ်၊ ချစ်ခင်နှစ်သက်မြတ်နိုးအပ်သော သဘောရှိသော လောကီရုပ်နာမ်တို့ကိုဆိုသည်။ ပိယရူပသဒ္ဒါ၌ ရူပပုဒ်သည် သဘောဟူသောအနက်ရှိ၏။ ပိယ ရူပ- ချစ်ခင်အပ်သောသဘောရှိသောတရား၊ သာတရူပ သာယာတပ်မက်အပ်သော သဘောရှိသော တရားဟု ဆိုလိုသည်။ သို့ကြောင့် စက္ခု သောတစသောရုပ်, ရူပသဒ္ဒစသော ရုပ်, စက္ခုဝိညာဏ်စသော စိတ်, ဝိတက်ဝိစာရ စသော စေတသိက်တို့သည် ပိယရူပ, သာတရူပဖြစ်ကြသည်။ ထိုပိယရုပ်, သာတရုပ်တို့၌ တဏှာဖြစ်သည်ဟုဟောတော်မူသည်။

ရုပ်နာမ်ဖြစ်သော ပိယရုပ်, သာတရုပ်တို့သည် အန္ဓပုထုဇဉ်တို့ သန္တာန်၌ ပိယ, သာတ ဖြစ်သော်လည်း ဝိပဿကပုဂ္ဂိုလ်နှင့် ရဟန္တာတို့၏ သန္တာန်၌ကား ပိယ, သာတ မဖြစ်ကြကုန်။ အကြောင်းမူကား- ထိုရုပ်နာမ်တို့၏ ပကတိအရှိသဘောဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တ တို့ကို မြင်သောကြောင့်တည်း။]

သမုဒယသစ္စာအကျယ် ပြီး၏။

* * * *

## နိရောဓသစ္စာအကျယ်

ရဟန်းတို့-- နိရောဓဟုဆိုအပ်သော အရိယသစ္စာဟူသည် အဘယ် သဘော တရား ဖြစ်သနည်းဟူမူကား- ပြဆိုအပ်ခဲ့ပြီးသော တဏှာ၏သာလျှင် အကြွင်းမဲ့ ချုပ်ခြင်းသည်, စွန့်ခြင်းသည်, ကုန်ခန်းခြင်းသည်, ကင်းလွတ်ခြင်းသည်, မကပ်ငြိခြင်းသည် ရှိ၏။ ဤသဘောတရားသည်ပင် နိရောဓဟု ဆိုအပ်သော အရိယသစ္စာဖြစ်၏။

ရဟန်းတို့-- ထိုတဏှာသည် ပယ်အပ်သည်ရှိသော် အဘယ်အရာ၌ ပယ်အပ် ပါသနည်း၊ ချုပ်သည်ရှိသော် အဘယ်အရာ၌ ချုပ်ပါသနည်းဟူမူကား- လောက၌ ပိယရုပ်, သာတရုပ်သည်ရှိ၏။ ဤပိယရုပ်, သာတရုပ်၌ တဏှာသည် ပယ်အပ်သည်ရှိသော် ပယ်၏၊ ချုပ်သည်ရှိသော် ချုပ်၏။

ပိယရုပ်, သာတရုပ်ဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- (သမုဒယသစ္စာ၌ အကျယ်ဖော်ပြပြီးသည့်အတိုင်း ပိယရုပ်, သာတရုပ်တို့ကို သိပါလေ။)

ရဟန်းတို့ ဤသဘောတရားကို နိရောဓဟု ဆိုအပ်သော အရိယသစ္စာဟူ၍ ဆိုအပ်၏-ဟု ဟောတော်မူသည်။

[ပိယရုပ်, သာတရုပ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို သိမြင်သော ဝိပဿက ပုဂ္ဂိုလ်သည် ထိုရုပ်တို့၌ တပ်မက် သာယာမှု မဖြစ်သည်သာ မဟုတ်၊ အပြစ်ဒေါသကိုမြင်၍ ရန်သူကဲ့သို့ကြောက်ရွံ့စက်ဆုပ်လျက် ထိုရုပ်နာမ် ခန္ဓာတို့မှ လွတ်လိုသောဆန္ဒဖြင့် တရားကိုအားထုတ်သည်ဖြစ်၍ ဝိပဿက ပုဂ္ဂိုလ်သန္တာန်၌ တဏှာလောဘသည် တဒင်္ဂအားဖြင့်မူလည်း ချုပ်လေသည်။ ဆက်လက်၍အားထုတ်ပါမူကား သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်နိုင်၍ တဏှာ အကြွင်းမဲ့ချုပ်ငြိမ်းပေမည်။ ဤသို့တဏှာ ချုပ်ငြိမ်းတော်မူစေလိုသဖြင့် ဒုက္ခ သစ္စာနှင့် နိရောဓသစ္စာတို့ကို အကျယ်ဖွင့်၍ ဟောတော်မူသည်။]

နိရောဓသစ္စာ အကျယ်ပြီး၏။

* * * *

## မဂ္ဂသစ္စာအကျယ်

ရဟန်းတို့ -- ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသို့ရောက်ကြောင်းအကျင့်ဟု ဆို အပ်သော (မဂ္ဂ)မည်သော အရိယသစ္စာသည် အဘယ်သဘောတရား ဖြစ်သနည်းဟူမူကား- ပြုစင်သော အင်္ဂါရှစ်ပါးရှိသော ဤ မဂ္ဂင်တရားတို့သည်သာလျှင်တည်း။

မဂ္ဂင်တရားတို့သည်ကား- (၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ၊ (၃) သမ္မာဝါစာ၊ (၄) သမ္မာကမ္မန္တ၊ (၅) သမ္မာအာဇီဝ၊ (၆) သမ္မာဝါယာမ၊ (၇) သမ္မာသတိ၊ (၈) သမ္မာ သမာဓိ။ ဤသည်တို့တည်း။

ရဟန်းတို့ -- **သမ္မာဒိဋ္ဌိ** ဟူသည် အဘယ်သဘောတရားဖြစ်သနည်း ဟူမူကား- ရဟန်းတို့ -- ဒုက္ခ၌ ဒုက္ခဟု သိသောဉာဏ်အမြင်, ဒုက္ခဖြစ်ကြောင်း သမုဒယ၌ သမုဒယဟု သိသောဉာဏ်အမြင်, ဒုက္ခချုပ်ရာ၌ ဒုက္ခချုပ်ငြိမ်းရာဟု သိသောဉာဏ်အမြင်, ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းတရား၌ ဒုက္ခချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်တရားဟု သိသောဉာဏ်အမြင်သည်ရှိ၏။ ရဟန်းတို့ ဤဉာဏ်အမြင်ကို သမ္မာဒိဋ္ဌိ ဟူ၍ဆိုအပ်သည်။

ရဟန်းတို့-- **သမ္မာသင်္ကပ္ပ** ဟူသည် အဘယ်သဘောတရားဖြစ်သနည်း ဟူမူကား- ကာမဂုဏ်မှထွက်မြောက်သော ကြံစည်ခြင်း, ဒေါသမကင်းသော ကြံစည်ခြင်း, ညှဉ်းဆဲခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော ကြံစည်ခြင်းသည်ရှိ၏၊ ဤသို့ကြံစည်ခြင်းကို သမ္မာသင်္ကပ္ပဟူ၍ ဆိုအပ်၏။

ရဟန်းတို့ -- **သမ္မာဝါစာ** ဟူသည်အဘယ်သဘောတရားဖြစ်သနည်း ဟူမူကား- မုသားပြောမှုမှ ရှောင်ကြဉ်ခြင်း, ချောပစ်ကုန်းတိုက်သော စကားကို ပြောမှုမှ ရှောင်ကြဉ်ခြင်း, အနက်အဓိပ္ပာယ်ကြမ်းသော စကားကို ပြောမှုမှရှောင်ကြဉ်ခြင်း, ပြိန်ဖျင်းသောစကားကို ပြောမှုမှရှောင်ကြဉ်ခြင်းသည်ရှိ၏။ ရဟန်းတို့-- ဤလေးမျိုးသော စကားတို့မှ ရှောင်ကြဉ်၍ ပြောသောစကားကို သမ္မာဝါစာဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- **သမ္မာကမ္မန္တ** ဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- သတ္တဝါကို သတ်မှုမှရှောင်ကြဉ်ခြင်း, အရှင်မပေးသောပစ္စည်းကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း, ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်မှရှောင်ကြဉ်ခြင်းသည်ရှိ၏။ ရဟန်းတို့-- ဤသုံးမျိုးသော ကာယကံမှုမှ ရှောင်ကြဉ်ခြင်းကို သမ္မာကမ္မန္တ ဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- **သမ္မာအာဇီဝ** ဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့- ငါဘုရားသာသနာတော်၌ အရိယာဖြစ်သောတပည့်သည် မှားသော အသက်မွေးမြူခြင်းကို ရှောင်ကြဉ်၍ ကောင်းမွန်သော အသက်မွေးမြူခြင်းဖြင့် အသက်မွေး၏။ ဤသို့ကောင်းမွန်သော အသက်မွေးမြူခြင်းကို သမ္မာအာဇီဝဟူ၍ ဆိုအပ်၏။

ရဟန်းတို့- **သမ္မာဝါယာမ** ဟူသည်အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့-- ငါဘုရား သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် မိမိသန္တာန်၌ မဖြစ်ကုန်သေးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ ဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ကြိုးစား၏။ မဖြစ်ဖူးကုန်သေးသောအကုသိုလ်တရားတို့ကိုဖြစ်စေခြင်းငှာ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၍၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ကြိုးစား၏။ ဖြစ်ကုန်ပြီးသော ယုတ်မာကုန်သော အကုသိုလ်ဖြစ်ကုန်သော တရားတို့ကို ပယ်ခြင်းငှာ ဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကိုအားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ကြိုးစား၏။ ဖြစ်ပြီးကုန်သော

ကုသိုလ်တရားတို့ကို တည်စေခြင်းငှာ, မပျောက်ခြင်းငှာ, လွန်စွာဖြစ်ခြင်းငှာ, ပြန့်ပြောခြင်းငှာ, ပွားများခြင်းငှာ, ထက်ဝန်းကျင် ပြည့်ခြင်းငှာ ဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကိုချီးမြှောက်၏၊ ကြိုးစား၏။ ရဟန်းတို့-- ဤသဘောကို သမ္မာဝါယာမဟူ၍ ဆိုအပ်၏။

ရဟန်းတို့- **သမ္မာသတိ** ဟူသည် အဘယ်သဘောတရား ဖြစ်သနည်း ဟူမူကား- ရဟန်းတို့--- ငါဘုရား သာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် ကိလေသာတို့ကို ပူပန်စေတတ်သော ဝီရိယရှိသည်ဖြစ်၍, ပညာအဆင်ခြင် ရှိသည်ဖြစ်၍, သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ အဘိဇ္ဈာ, ဒေါမနဿတို့ကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ရုပ်အပေါင်းမျှသာဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပ။ ဝေဒနာတို့၌ ဝေဒနာဟုရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပ။ စိတ်၌စိတ်ဟု ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

သဠါယတနဓမ္မာ ဖြစ်သောတရားတို့၌ သဠါယတနဓမ္မာဖြစ်သော တရားတို့ဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့-- ဤသဘောတရားကို သမ္မာသတိဟူ၍ ဆိုအပ်၏။

ရဟန်းတို့-- **သမ္မာသမာဓိ**ဟူသည် အဘယ်သဘောတရားဖြစ်သနည်းဟူမူကား- ရဟန်းတို့--- ငါဘုရားသာသနာတော်၌ ရဟန်းတရားကို အားထုတ်သော ရဟန်းသည် ဝတ္ထုကာမ, ကိလေသာကာမတို့မှ လည်းကောင်း, အကုသိုလ်တရားတို့မှ လည်းကောင်း ကင်းသည်ဖြစ်၍သာလျှင် ဝိတက်, ဝိစာရတို့နှင့်တကွ နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်းရှိသော ပဌမဈာန်သို့ရောက်၍ နေ၏။

တစ်ဖန် ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ကိုယ်တွင်းအဇ္ဈတ္တ၌ဖြစ်သော ကြည်လင်စေတတ်သော စိတ်တစ်ခုတည်းအဖြစ်ကို ပွားစေတတ်သော ဝိတက်, ဝိစာရ မရှိသော သမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်းရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။

တစ်ဖန် ပီတိ၏ကင်းခြင်းကြောင့်လည်းကောင်း, လျစ်လျူရှုသည်ဖြစ်၍ လည်းကောင်း သတိရှေ့သွားကာ ပညာဖြင့် ဆင်ခြင်သည်ဖြစ်၍ ချမ်းသာကိုလည်း နာမကာယဖြင့် ခံစား၏။ အကြင်တတိယဈာန်ကြောင့် တတိယဈာန်ကို ရရှိသောပုဂ္ဂိုလ်ကို အာရိယာ၌လျစ်လျူရှုသည်ဖြစ်၍, သတိရှိသည်ဖြစ်၍ ချမ်းသာစွာနေသောပုဂ္ဂိုလ်ဟူ၍ အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းပြောဆိုကြကုန်၏။ ထိုသို့ သဘောရှိသော တတိယဈာန်သို့ ရောက်၍နေ၏။

တစ်ဖန် ကာယိကသုခကိုလည်းကောင်း, ကာယိကဒုက္ခကိုလည်းကောင်း ပယ်ခြင်းကြောင့် ရှေးဥပစာရဈာန် အခါကပင်လျှင် သောမနဿ, ဒေါမနဿတို့၏ ချုပ်ခြင်းကြောင့် ဒုက္ခလည်း မဟုတ်, သုခလည်းမဟုတ်သော ဥပေက္ခာကြောင့်ဖြစ်သောသတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍ နေ၏။

ရဟန်းတို့-- ဤသဘောတရားကို သမုဒယသမာဓိဟူ၍ ဆိုအပ်၏။ ရဟန်းတို့- ဤသဘောတရားတို့ကို ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု ဆိုအပ်သော မဂ္ဂအရိယသစ္စာဟူ၍ ဆိုအပ်၏။

ဤသို့လျှင် မိမိအဇ္ဈတ္တသန္တာန်၌ဖြစ်သော သဘောတရားတို့ကို သဘောတရားဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပ။ (ရှေးနည်းနှင့် တူပြီ။) ရဟန်းတို့-- ရဟန်းတရားကို အားထုတ်သောရဟန်းသည် ဤသို့လျှင် လေးပါးကုန်သောအရိယသစ္စာဟုဆိုအပ်ကုန်သော သဘောတရားတို့၌ သဘောတရားကိုရှုလေ့ရှိသည်ဖြစ်၍နေ၏-ဟု ဟောတော်မူသည်။

["ဝိတရာဂန္တိ လောကိယကုသလာဗျာကတံ၊ ဣဒံ ပန ယသ္မာ သမ္မသနံ န သမောဓာနံ၊ တသ္မာ ဣဓ ဧကပဒေပိ လောကုတ္တရံ န လဗ္ဘတိ" ဟု အဋ္ဌကထာမိန့်၏။

သို့ကြောင့် ဝိပဿနာသမ္မသနအရာ၌ လောကုတ္တရာကို လုံးဝမရ၊ သို့ဖြစ်၍ သစ္စာလေးပါးကို ဆင်ခြင်ရာ၌ "သမုဒယဝယာ ပနေတ္ထ စတုန္နံ သစ္စာနံ ယထာသမ္ဘဝတော ဥပ္ပတ္တိ နိဝတ္တိဝသေန ဝေဒိတဗ္ဗာ"ဟု သစ္စာလေးပါးတို့၏ အဖြစ်အပျက်ကိုဆင်ခြင်သောအခါ ဆင်ခြင်သင့်ရာကို ဆင်ခြင်၍ ချန်သင့်ရာကိုချန်ပါလေဟုဆိုသည်။ လောကုတ္တရာ ဖြစ်သော မဂ္ဂသစ္စာ, နိရောဓသစ္စာဟူသော နိဗ္ဗာန်တို့ကို ချန်၍ လောကီဖြစ်သော ဒုက္ခ သစ္စာ, သမုဒယသစ္စာတို့ကိုသာလျှင် အဖြစ်အပျက်သဘောဖြင့် ဆင်ခြင်ပါဟု ဆိုလိုသည်။

ဋီကာ၌မူကား "ယထာသမ္ဘဝတောတိ သမ္ဘဝါနုရူပံ၊ ထပေတွာ နိရောဓ သစ္စံ သေသသစ္စဝသေန သမုဒယဝယာ ဝေဒိတဗ္ဗာတိ အတ္ထော"ဟု ဖွင့်၏။ အဖြစ်အပျက်ကို ရှုရာ၌ကား နိဗ္ဗာန်ဟူသော နိရောဓသစ္စာ တစ်ပါးကိုသာ ချန်ထား၍ ကြွင်းသော သစ္စာသုံးပါးကို ရှုနိုင်သည်ဟု မိန့်၏။

မြတ်စွာဘုရားသည် သတိပဋ္ဌာန် ဒေသနာတော်၌ သစ္စာလေးပါး အကျယ်ဖွင့်ကာ ဟောကြားတော်မူခြင်းဖြင့် သစ္စာလေးပါးကို အထွတ်တပ်လျက် ဒေသနာတော်ကို နိဂုံးအုပ်တော်မူသည်။ သစ္စာလေးပါး၏ အဓိပ္ပာယ်သဘော သဘာဝသည် မြတ်စွာဘုရား ဟောတော်မူသည်နှင့်ပင် ရှင်းလင်းပြတ်သား ထင်ရှားပေပြီ။ ယောဂီတို့သည် ဒုက္ခသစ္စာကို မြင်အောင်ကြည့်၍ သမုဒယသစ္စာကို ပယ်လျက် ဒုက္ခသစ္စာတို့၏ချုပ်ရာ နိရောဓသို့ ရောက်ခြင်းငှာ မဂ္ဂသစ္စာကို ပွားများကြကုန်ရာသည်။]

သစ္စာခန်း ပြီး၏။

ဓမ္မာနုပဿနာ ပြီး၏။

* * * *

# သတိပဋ္ဌာန်ပွားများရကျိုး

မြတ်စွာဘုရားသည် ရဟန်းတော်တို့အား ကာယာနုပဿနာမှစ၍ သတိပဋ္ဌာန် ဒေသနာတော်ကို ဟောတော်မူပြီး၍ ယခုအခါ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်ရန် တိုက်တွန်းခြင်းနှင့်တကွ အကျိုးကျေးဇူးကို ပြတော်မူသည်မှာ-

ရဟန်းတို့-- တစ်စုံတစ်ယောက်သော ယောဂီသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ၇-နှစ်တို့ပတ်လုံး ယခုဟောပြောခဲ့သည့်နည်းလမ်းဖြင့် ပွားများသည်ဖြစ်အံ့၊ ထိုယောဂီအား ယခုမျက်မှောက်ဘဝ၌သော်လည်း အရဟတ္တဖိုလ်ကို ရရာ၏၊ ဥပါဒါန် အကြွင်းရှိသေးလျှင်ကား အနာဂါမိဖိုလ်ကို ရရာ၏။ ဤအကျိုးနှစ်ပါးတွင် တစ်ပါးပါးကို ကေန်ရလိမ့်မည်ဟုလိုလားကာ အားထုတ်ပါလေ- ဟု မိန့်တော်မူသည်။

၇-နှစ်တိုင်တိုင် ပွားများအားထုတ်မှသာလျှင် ရသည်မဟုတ်သေး၊ ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ သို့မဟုတ် ၇-လ၊ ၆-လ၊ ၅-လ၊ ၄-လ၊ ၃-လ၊ ၂-လ၊ ၁-လ၊ သို့မဟုတ် ၁၅-ရက်၊ ၇-ရက် အားဖြင့် ပုဂ္ဂိုလ်၏ ပါရမီဉာဏ် အားလျော်စွာ ဤသတိပဋ္ဌာန်တရားကို အားထုတ်လျှင် ဤဘဝ၌ပင် အရဟတ္တဖိုလ်ကို ရရာ၏၊ ဥပါဒါန်အကြွင်း ရှိသေးလျှင်မူကား အနာဂါမိဖိုလ်ကိုရရာ၏။ ဤအကျိုး နှစ်ပါးတွင် တစ်ပါးပါးကို ကေန်ရလိမ့်မည်ဟု လိုလားကာ အားထုတ်ပါလေ- ဟု မိန့်တော်မူသည်။

၇-နှစ်မှသည် ၇-ရက်အထိ အားထုတ်မှုကိုပြဆိုခြင်းသည် ပါရမီဉာဏ် အလတ်စားဖြစ်သော ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ဟောတော်မူသည်။ ထက်မြက်သော ပါရမီဉာဏ်ရှိသူ ဖြစ်မူကား နံနက်အခါ သင်ကြားဟောပြောပေးသည်ကို နာယူ၍ အားထုတ်လျှင် ညနေ ဘက်၌ တရားရနိုင်သည်၊ ညနေအခါ သင်ကြား ဟောပြောပေးသည်ကို နာယူ၍ အား ထုတ်လျှင် နံနက်ဘက်၌ တရားရနိုင်သည်ဟု အဋ္ဌကထာ၌ဆိုသည်။ အဋ္ဌကထာစကားကို ထောက်၍ ၇-နှစ်တိုင်တိုင် အားထုတ်၍မှမရသေးသော ပုဂ္ဂိုလ်သည် ထိုကာလထက် ပိုလွန်၍ အားထုတ်သော် တရားရနိုင်သည်ကိုလည်း ပြဆိုရာရောက်သည်။

သတိပဋ္ဌာန်ပါဠိတော်၌ "ယော ဟိ ကောစိ ဘိက္ခဝေ"ဟူသောပုဒ်ကို "ယော ဟိကောစိဘိက္ခဝေ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ"ဟူ၍ အဋ္ဌကထာ ဖွင့်ပြသဖြင့် ဤသတိပဋ္ဌာန်ဒေသနာတော်ကို ရဟန်းယောကျ်ားဖြစ်စေ, ရဟန်းမဖြစ်စေ, ဒါယကာဖြစ်စေ, ဒါယိကာမဖြစ်စေ မည်သူမဆို အားထုတ်နိုင်ကြောင်း အားထုတ်လျှင် ဉာဏ် အားလျော်စွာ ပါရမီအထုံဝါသနာ အားလျော်စွာ တရားထူး ရရှိနိုင်သည်ကို ဝမ်းမြောက်စွာ သိအပ်ကြသည်။ ဤကျမ်းစာ မြန်မာပြန်ရာ၌မူကား သဗ္ဗသင်္ဂါဟိက နည်းအားလုံးကို သိမ်းရုံးသောသဘောဖြင့် ယောဂီဟူ၍ ပြန်ဆိုလိုက်သည်။

ရဟန်းတို့-- သတ္တဝါတို့၏သန္တာန်၌ ကိလေသာ အညစ်အကြေးမှ စင်ကြယ်စေခြင်းငှာလည်းကောင်း, သောကပရိဒေဝတို့ကို လွန်မြောက်ခြင်းငှာလည်းကောင်း, ဒုက္ခ ဒေါမနဿတို့၏ ချုပ်ငြိမ်းခြင်းငှာ လည်းကောင်း, အရဟတ္တဖိုလ်ကို ရခြင်းငှာ လည်းကောင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ လည်းကောင်း တစ်ကြောင်း တည်းသော လမ်းဖြစ်သည်ဟူ၍ ငါဘုရားဟောတော်မူခဲ့သည်မှာ ဤသတိပဋ္ဌာန်လေးပါးကို ရည်ညွှန်း၍ ဟောတော်မူခြင်း ဖြစ်ပေသည်- ဟု မိန့်တော်မူလျှင် တရားနာသော ရဟန်းတော်တို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၏။

သတိပဋ္ဌာန် ဒေသနာတော် အဆုံး၌ သုံးသောင်းသော ရဟန်းတော်တို့သည် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြသည်ဟု အဋ္ဌကထာ၌ဆိုသည်။

အနုပဿနာ သတိပဋ္ဌာန် ဒေသနာတော်ပြီး၏။

* * * *

# အာသီသ

ကာယဝိဇ္ဇိနိက သုတ်လာ ကာယာနုပဿနာကမ္မဋ္ဌာန်းမှစ၍ မဟာသတိပဋ္ဌာန သုတ်လာ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်းတရားတို့ကို ကြည့်ရှုကြားနာကြရကုန်သော ဓမ္မမာမက သူတော်ကောင်းဖြစ်သော ရဟန်းရှင်လူအပေါင်းတို့သည် မိမိတို့ဆန္ဒ, မိမိတို့ဝါသနာနှင့် လိုက်လျောဆီလျော်သော ကမ္မဋ္ဌာန်းကို ထုတ်ယူလေ့လာ ပွားများကြကုန်သည်ဖြစ်၍ ကိလေသာတို့မှ စင်ကြယ်ခြင်း, သောက ပရိဒေဝ စသည်တို့မှ လွန်မြောက်ခြင်း, ဒုက္ခ ဒေါမနဿတို့ ချုပ်ငြိမ်းခြင်း အရဟတ္တဖိုလ်ကို ရရှိခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးတို့ကိုရစေ၍ သံသရာဝဋ်မှ ထုတ်ဆောင်ကယ်တင်တော်မူတတ်သော နိယျာနိက ဘုရားရှင်သာသနာတော်နှင့် တွေ့ဆုံကြုံကြိုက်ကျိုးကို ရရှိကြပါစေကုန်သတည်း။

ဤကမ္မဋ္ဌာန်းတရားစာသည် အလှမျိုးစုံ ရနံ့မျိုးစုံ အရောင်အဆင်းမျိုးစုံ အပွင့်မျိုးစုံရှိသောပန်းပုံကြီးနှင့် အလားတူပေသည်။ ရှင်လူအပေါင်းတို့သည် ကြိုက်ရာ ကြိုက်ရာ နှစ်သက်ရာ နှစ်သက်ရာ ပန်းတည်းဟူသော တရားတို့ကို ထုတ်နုတ်ယူ၍ အသုံးပြုနိုင် ကြပါစေသတည်း။

ဤကမ္မဋ္ဌာန်း တရားစာ၌ ပြဆိုအပ်ပြီးသော တရားတို့ကို သဘောတူရာပေါင်း လိုက်လျှင် အာနာပါနကမ္မဋ္ဌာန်း, ဣရိယာပထကမ္မဋ္ဌာန်း, သမ္ပဇဉ်ကမ္မဋ္ဌာန်း, ဒွတ္တိံသာကာရကမ္မဋ္ဌာန်း, ဓာတ်လေးပါးခွဲသောကမ္မဋ္ဌာန်း, သိဝထိကကမ္မဋ္ဌာန်း ၉-ပါး၊ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ, ငါးပါးအားဖြင့် ပေါင်း ၂၁-ပါး ရှိ၏။

ထို ၂၁-ပါးသော ကမ္မဋ္ဌာန်းတို့တွင် အာနာပါန ဒွတ္တိံသာကာရ, နဝသိဝထိက ဤ ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာဈာန်သို့ ရောက်စေနိုင်ကြကုန်၏ဟု မိန့်ဆိုသည်။ ဒီဃဘာဏကမထေရ်ကမူ နဝသိဝထိက ကမ္မဋ္ဌာန်းကို အာဒီနဝါနုပဿနာ ဝိပဿနာကမ္မဋ္ဌာန်းအဖြစ်ဖြင့် ဟောတော်မူသည်ဟု မိန့်ဆိုသည်ဟူ၏။ မဟာသီဝထေရ်၏

အလိုအားဖြင့် အာနာပါနနှင့် ဒွတ္တိံသာကာရကမ္မဋ္ဌာန်းတို့သည်သာလျှင် အပ္ပနာဈာန်သို့ ရောက်စေနိုင်သော သမထကမ္မဋ္ဌာန်းဖြစ်သည်ဟုဆိုသည်။

ဤကမ္မဋ္ဌာန်းတို့၌ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပွားများမှုဖြစ်နိုင်ပါသလောဟူမူ ဣရိယာပထ, သမ္ပဇည, နီဝရဏ, ဗောဇ္ဈင်တို့၌ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်မှုမဖြစ်ဟု ဆိုသည်။ မဟာသီဝထေရ်အလိုအားဖြင့် ဖြစ်နိုင်သည်ဟုဆိုသည်။ ဖြစ်ပုံမှာ- ငါ၏သန္တာန်၌ ဣရိယာပုထ်လေးပါးရှိလေသလား, မရှိလားဟူ၍လည်းကောင်း၊ သမ္ပဇညလေးပါးရှိလေသလား, မရှိလားဟူ၍လည်းကောင်း၊ ငါးပါးသော နီဝရဏတို့ ရှိလေသလား, မရှိလားဟူ၍ လည်းကောင်း ဆင်ခြင် သိမ်းဆည်းခြင်းရှိ၏။ သို့ကြောင့် ကမ္မဋ္ဌာန်းအားလုံးတို့၌ ဝိပဿနာဉာဏ်ဖြင့် နှလုံးသွင်း ဆင်ခြင်မှု ဖြစ်နိုင်သည်ဟုမိန့်ဆိုသည်။

ဣရိယာပုထ် စသည်တို့၌ နှလုံးသွင်း ဆင်ခြင်ခြင်း ဖြစ်ပုံကို ဋီကာဆရာက ဆက်လက်ရှင်းလင်းသည်မှာ ဆံပင်ကိုဆိုသဖြင့် ဆံပင်၏ တည်ရာဖြစ်သော မဟာဘုတ်, ဥပါဒါရုပ်တို့ကို သိမ်းဆည်း၍ ဆင်ခြင်နိုင်သည်၊ ဣရိယာပုထ်ကို ဆိုသဖြင့် ဣရိယာပုထ် အခိုက်အတန့်၌ဖြစ်သော ရုပ်တရားတို့ကို သိမ်းဆည်း၍ ဆင်ခြင်နိုင်သည်။ နီဝရဏတို့ကို အဦးပြုသဖြင့် နီဝရဏနှင့် ယှဉ်သောတရား, နီဝရဏတို့မှီသောတရားတို့ကို သိမ်းဆည်း၍ ဆင်ခြင်နိုင်သည်ဟု ဤအဓိပ္ပာယ်ဖြင့် မဟာသီဝထေရ်စကားကိုရှေ့နေလိုက်ကာ ထောက်ခံ ဖွင့်ဆိုသည်။

အထက်ပါ အဋ္ဌကထာ, ဋီစကားတို့ကို ထောက်ထား၍ ဤကမ္မဋ္ဌာန်းစာ၌ ပါရှိသော ကမ္မဋ္ဌာန်းတို့တွင် အဘယ်ကမ္မဋ္ဌာန်းကိုပင် အားထုတ်သည်ဖြစ်စေ အပ္ပနာဈာန်ကို မှုလည်းရနိုင်သည်၊ ရရှိသောအပ္ပနာဈာန်ကို အခြေပြု၍ ဝိပဿနာသို့တက်လျှင် မဂ်ဖိုလ် တိုင်အောင်သော်လည်း ရနိုင်သည်။ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပွားများအပ်သောကမ္မဋ္ဌာန်း ဖြစ်၍ ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပွားများလျှင်မှုလည်း မဂ်ဖိုလ်သို့ ရောက်နိုင်သည်ဖြစ်၍ ယောဂီတို့သည် အားမလျှော့ဘဲ နောက်မတွန့်ဘဲ မရွံ့ဘဲ ဖွဲကောင်းကောင်းဖြင့် စိတ်အား ထက်သန်စွာ အားထုတ်ကြပါမူကား မိမိတို့ပါရမီအထုံ ဉာဏ်အဟုန်အားလျော်စွာ တရားထူးကို မြေလက်ခတ်မလွဲရနိုင်ကြမည်ဖြစ်သောကြောင့် ရှေးဘုန်း ရှေးကံထောက်မ၍ ဘုန်းကံရှိကြ၍ ဘုရားသာသနာတော်နှင့်တွေ့ကြုံကြသည့်အခါကောင်းကြီးကို လက်မလွှတ် ကြစေရန် သတိမူသင့်လှပေသည်။

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိ စ။
ယေ တေ ဝါကျာနိ သုဏန္တိ၊ တေပိ ဓညာ နရုတ္တမ။
(ဇာတကမိထေရီအပဒါန် နှာ-၂၁၁)

နရုတ္တမ၊ လူအပေါင်းတို့ထက် မြတ်တော်မူသော အရှင်ဘုရား။ တေ၊ အရှင်မြတ်ဘုရား၏။ မဓုရာနိ၊ ချိုမြိန်ကောင်းမြတ်ကုန်သော။ ပဟဋ္ဌာနိ၊ ကြားနာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်ကုန်သော။ ဒေါသဃ္ဃါနိ စ၊ အပြစ်ဒေါသမှုလည်း ကင်းစင်

ကြကုန်သော။ ဟိတာနိ စ၊ အစီးအပွားလည်း ရှိကုန်သော။ ဝါကျာနိ၊ တရားတော်တို့ကို။ ယေ၊ အကြင်သူတို့သည်။ သုဏန္တိ၊ ကြားနာကြပါကုန်၏။ တေပိ၊ အရှင်မြတ်ဘုရား၏ တရားစကားတော်ကို ကြားနာကြရကုန်သော ထိုသူတို့သည်လည်း။ ဓညာ ရှေးကုသိုလ်ကံ စိမ်ပြန်တီး၍ ဘုန်းကံကြီးကြပါကုန်သည် အရှင်ဘုရား။

ဤ ဂေါတမီထေရီအပဒါန်အရ ပါရမီဘုန်းကံ ရှိကြသူတို့ဖြစ်၍ ကမ္မဋ္ဌာန်း တရားကို ကြိုးစားကြကုန်ရာသတည်း။

* * * * *

## နိဂုံး

ဓိတံ ကာယာနုပဿနံ၊ ကမ္မဋ္ဌာနံ မယာ ကတံ။
ပါပေယျံ တေန ပုညေန၊ အဂ္ဂဖလမနုတ္တရံ။
သာဓူနံ ပစ္စယော ဟောတု၊ ကမ္မဋ္ဌာန မိဒံ ဝရံ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊ ပုညတေဇေန ဇန္တဝေါ။

မယာ၊ ငါသည်။ ကတံ၊ ရေးသားစီရင်အပ်သော။ ကာယာနုပဿနံ၊ ကာယာနုပဿနာဟူသော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းတရား စာသည်။ ဓိတံ၊ ပြီးစီးအောင်မြင်ခဲ့ပေပြီ။ တေန ပုညေန၊ ထိုကောင်းမှုကြောင့်။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သောတရားမရှိသော။ အဂ္ဂဖလံ၊ အဟာရတ္တဖိုလ်သို့။ ပါပေယျံ၊ ရောက်ရစေလို၏။

ဝရံ၊ မြတ်သော။ ဝါ၊ တောင့်တအပ်သော။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းတရားစာသည်။ သာဓူနံ၊ သူတော်ကောင်းတို့၏။ ပစ္စယော၊ တရားရကြောင်းအထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ပုညတေဇေန၊ ကမ္မဋ္ဌာန်းတရားစာကို ရေးသားရသောကောင်းမှု၏အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဇန္တဝေါ၊ လူနတ်ကစ သတ္တဝါဟူသမျှတို့သည်။ သုခိတာ၊ ကိုယ်ရောစိတ်ပါချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ ကေန်မသွေ ဖြစ်ကြပါစေကုန်သတည်း။

ကာယာနုပဿနာ အလုံးစုံပြီး၏။

[မြန်မာသက္ကရာဇ် ၁၃၃၂-ခုနှစ်၊ ပြာသိုလဆန်း ၁၂-ရက်၊ ကြာသပတေးနေ့ ပြီးသည်။]

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်
ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတထေရ်

စီရင်ရေးသားအပ်သော

# ဝေဒနာနုပဿနာသတိပဋ္ဌာန်



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း | ၁၇၅ |
| ပဏာမ။ | ၁၇၇ |
| တရားအမွေခံဖြစ်စေလိုခြင်း | ၁၇၇ |
| ဆွမ်းမစားဘဲ | |
| တရားအားထုတ်ရသောရဟန်း | ၁၇၈ |
| ဆွမ်းစားသောရဟန်း | ၁၇၉ |
| ဘုရားချီးမွမ်းခြင်း | ၁၇၉ |
| ဝေဒနာအပြားကို ပြခြင်း | ၁၈၀ |
| ဝေဒနာ(၁၀၈)ပါးပြားပုံ | ၁၈၀ |
| ဝေဒနာများစွာ ပွားနိုင်ခြင်း | ၁၈၁ |
| ဝေဒနာအချို့၏အဓိပ္ပါယ် | ၁၈၁ |
| ပဉ္စကင်္ဂနှင့် ဥဒါယီဝေဒနာ | |
| ငြင်းကြခြင်း | ၁၈၃ |
| မြတ်စွာဘုရားအားလျှောက်ထားခြင်း | ၁၈၄ |
| ကာမဂုဏ်း ၂-မျိုးရှိခြင်း | ၁၈၅ |
| နတ်များနှင့် ဉာဏ်ထက်သောလူတို့၌ | |
| ဝေဒနာကာမဂုဏ်းသင့်လျော်ခြင်း | ၁၈၅ |
| ဝေဒနာသံယုတ် ပထမဂေလညသုတ် | ၁၈၆ |
| ဝဋ္ဋဝေဒနာဖြစ်ပုံမထေရ်အကြောင်း | ၁၈၈ |
| ဝဋ္ဋဟူသည်ကား | ၁၈၉ |
| ရုပ်ဝိပဿနာကိုဟောပြီးမှ | |
| နာမ်ဝိပဿနာကိုဟောခြင်း | ၁၈၉ |
| ဝေဒနာနုပဿနာနှင့် သာခက | ၁၉၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သက္ကပဥှသုတ် - ဝေဒနာကမ္မဋ္ဌာန်း | ၁၉၁ |
| ဂေါပကနတ်သားနှင့် | |
| ဂန္ဓဗ္ဗနတ် ၃-ယောက် | ၁၉၂ |
| သိကြားအမေးနှင့် ဘုရားအဖြေ | ၁၉၄ |
| သိကြားအားဟောသော ဝေဒနာကမ္မဋ္ဌာန်း | ၁၉၅ |
| ဝမ်းမြောက်ကြောင်း ၂-မျိုးခြားနားပုံ | ၁၉၆ |
| သလ္လသုတ် ဝေဒနာကမ္မဋ္ဌာန်း | ၁၉၇ |
| ပုထုဇဉ်နှင့် အရိယာဝေဒနာ | |
| ခံစားပုံခြားနားခြင်း | ၁၉၉ |
| ရဋ္ဌပါလသုတ် | ၂၀၀ |
| ရ-ရက် အစာမစားဘဲ ဆန္ဒပြခြင်း | ၂၀၀ |
| မိဘတို့နှင့် ဆွေမျိုးတို့အား | |
| အရှင်ရဋ္ဌပါလတရားဟောခြင်း | ၂၀၁ |
| ပျက်စီးခြင်း ၄-မျိုး | ၂၀၂ |
| တရားအကျဉ်း ၄-ပါးကို အဓိပ္ပါယ်ရှင်းလင်း၍ | |
| အရှင်ရဋ္ဌပါလက ကောရဗျမင်းအားဟောခြင်း | ၂၀၄ |
| ၁၃-ဂါထာတို့ဖြင့် ဆက်လက်၍ ဟောခြင်း | ၂၀၇ |
| သမ္မုတိသစ္စာ ဝေဒနာ ၈-မျိုး သီဝကသုတ် | ၂၀၉ |
| ဓူဋ္ဌဝေဒလ္လသုတ် - ဝိသာခဥပါသကာအမေးနှင့် | |
| ဓမ္မဒိန္နာထေရီအဖြေ | ၂၁၀ |
| ဒေါမနဿဖြင့် ပဋိဃကိုပယ်ခြင်း | ၂၁၆ |
| ဓမ္မဒိန္နာကို ချီးမွမ်းခြင်း | ၂၁၇ |
| ဒေါမနဿဖြင့် ပဋိဃပယ်ပုံကို | |
| အဋ္ဌကထာရှင်းပြခြင်း | ၂၁၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒေါ်မနုဿဖြစ်ပုံဝတ္ထု | ၂၁၇ |
| သိကြားမင်းအားဟောသော | |
| ဝေဒနာနုပဿနာ | ၂၁၈ |
| ဝေဒနာခရီးသည်များ နားနေရာဇရပ်ကြီး | ၂၁၉ |
| ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာဟောရန်ကြွခြင်း | ၂၂၀ |
| ဝေဒနာအနတ္တလက္ခဏာသုတ်ကို | |
| ဟောတော်မူခြင်း | ၂၂၁ |
| ဝေဒနာကို အနတ္တဖြင့် | |
| ဖြိုဖျက်ကြိတ်ချေပြကာ နိဂုမ်းအုပ်ခြင်း | ၂၂၁ |
| နိဂုံး | ၂၂၅ |

# နိဒါန်း

လွန်တော်ကုန်ကြကုန်ပြီးသော သာသနာ့ဝန်ဆောင် မထေရ်မြတ်ကြီးတို့သည် မိမိတို့ ဆောင်ရွက်ကြသော ပရိယတ္တိ၌ သဘောသက်ဝင်ကာ ကြည့်ရှုလေ့လာမှုကို ပြုလေလေ၊ ဉာဏ်ပညာဘာန်များရင့်ကျက်လာလေလေဖြစ်သည်။ ငယ်ရွယ်စဉ်အခါ၌ သဒ္ဒါဘက်ဆိုင်ရာ, အဘိဓမ္မာဘက်ဆိုင်ရာ, ဝိနည်းဘက်ဆိုင်ရာစာပေတို့၌ အလေ့အလာပြုကာ စာအရသာကို ခံစားတော်မူကြသော်လည်း၊ နောက်ကာလ၌မူကား နိကာယ် ပါဠိတော်ကြီးများနှင့် သက်ဆိုင်ရာ အဋ္ဌကထာဋီကာကျမ်းကြီးများကို လေ့လာတော်မူကြသဖြင့် ပရိယတ္တိ၏အရသာကို ထုတ်ယူသုံးဆောင်တော်မူကြကုန်၏။ ပရိယတ္တိသာသနာနှင့်စပ်သော ဉာဏ်ပညာဘာန်တို့ သည်လည်း သိမ်မွေ့ထက်မြက်စွာဖြင့် တိုးတက်ပွင့်လင်းလာကြကုန်၏။ မြတ်စွာဘုရား၏ အမွေအနှစ်ဖြစ်သော တရားတော်တို့ကို ထုတ်ယူ၍ နှလုံးသွင်း ဆင်ခြင်ပွားများခြင်းဖြင့် ကိုယ်တိုင်သုံးဆောင်တော်မူကြသည်သာ မဟုတ်သေးမူ၍ ဓမ္မမစ္ဆရိယ ကင်းကွာသန့်ရှင်းသော စိတ်စေတနာတို့ဖြင့် အများသော ရှင်လူတို့သည်လည်း မိမိတို့ကဲ့သို့ ပရိယတ္တိ ဓမ္မအရသာကို ခံစားနိုင်ကြစေခြင်း အကျိုးငှာ ထိုထို ပဋိပတ္တိနှင့်စပ်သော ကျမ်းဂန်တို့ကို ရေးသားတော်မူခဲ့ကြကုန်၏။

ပဋိပတ္တိကျင့်ဝတ်နှင့် ကိုယ်တော်တိုင် ပြည့်စုံတော်မူကြသော မထေရ်မြတ်ကြီးတို့အား ကြည်ညိုဖွယ်ကောင်းသည်မှာ မိမိတို့ ထင်ပေါ်ကျော်စောရေး, ဘုန်းတန်ခိုးကြီးမားရေးတို့ကို အလေးမပြု၊ ရှေးမရှုကြဘဲ၊ စင်ကြယ်သန့်ရှင်းသော စိတ်ဖြင့်သာလျှင် ရေးသားတော်မူခဲ့ကြလေသည်။ ထိုမထေရ်မြတ်ကြီးတို့၏ ကျမ်းဂန်ကို သတိပြု၍ ကြည့်ရှုပါလျှင် . . . .

အတ္တာနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိသေယျ ပဏ္ဍိတော။ . . .

ဟူသော ဓမ္မပဒပါဠိတော်နှင့်အညီ၊ မိမိတို့ကိုယ်တိုင် နှလုံးသွင်း ဆင်ခြင်ပွားများသော တရားတော်ကိုသာလျှင် အများသောရှင်လူတို့ကိုလည်း ဆင်ခြင်ပွားများ စေလိုသော ဆန္ဒဖြင့်, သန့်ရှင်းစွာရေးသားတော်မူခဲ့ကြသည်ကို အကဲခတ်မိလေသည်။

ထိုမထေရ်ကြီးတို့သည် ပရိယတ္တိ ဉာဏ်ရင့်သန်၍ မိမိတို့အလိုဆန္ဒ အဇ္ဈာသယ အားလျော်စွာ ပဋိပတ္တိတို့ကို ထုတ်ယူကြလျက် နှလုံးသွင်းဆင်ခြင်ပွားများတော်မူကြရာ၊ ပဋိပတ္တိ၌လည်း သိမ်မွေ့နက်နဲသောတရားတို့ကို ရင့်သန်သောအမြင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူကြကုန်၏။ မြတ်စွာဘုရားဟောတော်မူသော တရားတော်၏သဘောမှာ- လေ့လာပွားများသူ, ကြည့်ရှုသူ, နာယူသူတို့၏ ဉာဏ်ပဋိဘာန်အားလျော်စွာ-လေ့လာလေ၊ နက်နဲလေ, သိမ့်မွေ့လေ, မှန်ကန်လေ, တိကျလေ ရှိသည်တို့ကို ဉာဏ်ထောက်မိသလောက် သိရှိထင်မြင်သော သဘောရှိလေသည်။

အချို့အချို့သောတရားတော်တို့ကို မြတ်စွာဘုရားသည် အကျဉ်းမျှသာ ဟောတော်မူသော်လည်း ပညာဗဟုသုတရှိတော်မူသော အရှင်သာရိပုတ္တရာ, အရှင်အာနန္ဒာစသော မထေရ်မြတ်ကြီးတို့သည် အကျယ်ဖွင့်ကာ မြတ်စွာဘုရားကိုလည်း လျှောက်ထားကြလေသည်၊ သာဝကတို့ကိုလည်း တစ်ဆင့် ဟောကြားတော်မူကြဖူးလေသည်။

မြန်မာနိုင်ငံတော် မျက်မှောက်ခေတ် - မြန်မာသက္ကရာဇ် ၁၂၃၅-ခုနှစ်၊ သီတင်းကျွတ် လဆန်း ၃-ရက်နေ့၊ မန္တလေးမြို့ ရွှေနန်းတော်မြောက်ဥယျာဉ်အတွင်း စာပုံနှိပ်စက်ရုံတော် တွင် ပုံနှိပ်အပ်သော **ဇာဂရာဘိဝံသ ကဝိဇေဓမ္မသေနာပတိ အတုလာဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု** တံဆိပ်တော်ရ ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော **ဒသဓမ္မသုတ္တာလင်္ကာရဝဏ္ဏနာ**ကျမ်းသည် မြတ်စွာဘုရားဟောကြားတော်မူသော ဒသဓမ္မ အဘိဏှသုတ်အကျဉ်းမျှကို ပါဠိဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ကာ ရေးသားတော်မူသည်မှာ စာမျက်နှာ(၉၆)တိုင် ရှိလေသည်။

ဤဒသဓမ္မသုတ္တာလင်္ကာရကျမ်းနှင့်စပ်၍ အရှင်အာဒိစ္စဝံသဆရာတော် ပြောသော စကားကို တစ်ဆင့်ကြားသိရဖူးသည်မှာ (ရွှေကျင်တွေဟာ လူအ-တွေပဲ၊ ရွှေကျင်ဆရာတော်ဘုရားကြီးရေးထားတဲ့ ဒသဓမ္မသုတ္တာလင်္ကာရကျမ်းသည်အဋ္ဌကထာဆရာကြီးများနှင့်မခြား အဖွင့်ကောင်း, အရေးကောင်းတဲ့ကျမ်းကို မဖော်ကြဘူး)ဟု ပြောသည်ဟူ၏။

ဤစကားရပ်တို့သည် မြတ်စွာဘုရား၏တရားတော်များသည် ဉာဏ်ကျယ်သော ပုဂ္ဂိုလ်တို့အတိုင်းအတာအလျောက် ကျယ်ပြန့်သည်၊ နက်နဲသည်၊ သိမ်မွေ့သည်၊ တိကျမှန်ကန်သည်ဟု ဆိုခဲ့သောစကား၏ သာဓကတို့ပင်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုလိုသည်မှာ- ပရိယတ္တိဝန်ဆောင် မထေရ်မြတ်ကြီးတို့သည် ပရိယတ္တိဉာဏ် ရင့်သန်သည်နှင့်အမျှ ပဋိပတ္တိဉာဏ်သည်လည်း ရင့်သန်ပွင့်လင်းတော်မူကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကျမ်းငယ် ဖြစ်ပေါ်လာခြင်းသည် ကာယာနုပဿနာ ကျမ်းကို ကြည့်ရှုလေ့လာခဲ့ပြီးသော ယောဂီတို့နှင့် သင့်လျော်သော ဝေဒနာနုပဿနာကို ဆက်လက်ကြည့်ရှုလေ့လာစေလိုသော မနသိကာရ သမ္မာဆန္ဒဖြင့် ဝေဒနာနုပဿနာကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ ဝေဒနာနုပဿနာကို ကြည့်ရှုသော ယောဂီတို့သည် ကာယာနုပဿနာကို ကြည့်ရှုလေ့လာသော ဉာဏ်အရှိန်ကိုယူ၍ သိမ့်မွေ့သော ဝေဒနာနုပဿနာကို ကြည့်ရှုလေ့လာပွားများကြစေလိုကြောင်း။

ရွှေဟင်္သာဆရာတော်။

* * * * *

# ဝေဒနာနုပဿနာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ဝေဒနာနံ ခယံ ဝယံ၊ အသာရံ သုဋ္ဌု ဒေသက်။**
**သံခိတ္တံ ဝါ ဝိတ္ထာရတာံ၊ ဖိနံ ဝန္ဒာမိ သာဒရံ။**

ဝေဒနာနံ၊ သုခ, ဒုက္ခ, အဒုက္ခမသုခ ဟူကုန်သော။ **တစ်နည်း** - ဝေဒနာနံ၊ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာဟူကုန်သော။ **တစ်နည်း** - ဝေဒနာနံ၊ ၆-ပါး, ၁၈-ပါး, ၃၆-ပါး, ၁၀၈-ပါးအပြားရှိကုန်သော ဝေဒနာတို့၏။ ခယံ ဝါ၊ ကုန်ခြင်းကိုလည်းကောင်း။ ဝယံ ဝါ၊ ပျက်ခြင်းကိုလည်းကောင်း။ အသာရံ ဝါ၊ အနှစ်သာရမရှိခြင်းကိုလည်းကောင်း။ သုဋ္ဌုဒေသကံ၊ ကောင်းစွာဟောကြားတော် မူတတ်သော။ ဝေဒနာနံ၊ ဝေဒနာတို့၏။ သံခိတ္တံ ဝါ၊ အကျဉ်းကိုလည်းကောင်း။ ဝိတ္ထာရတာံ ဝါ၊ အကျယ်ကိုလည်းကောင်း။ သုဋ္ဌုဒေသကံ၊ ကောင်းစွာဟောကြားတော်မူတတ်သော။ ဇိနံ၊ ဝေဒနာတို့၏ ခယ ဝယ အသာရသဘောကို သိခြင်းကြောင့် ရာဂါနုသယ ပဋိဃာနုသယ အဝိဇ္ဇာနုသယ တို့ကို ပယ်သတ်အောင်မြင်တော် မူပြီးသော မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ သာဒရံ၊ ရိုသေလေးစားခြင်းနှင့်တကွ။ ဝန္ဒာမိ၊ မြတ်မြတ်နိုးနိုး ဦးညွတ်လျှိုး၍ ရှိခိုးပါသတည်း။

## ဝေဒနာနုပဿနာကျမ်းကို ရေးသားလိုသော စေတနာ သဒ္ဓါဖြစ်ခြင်း

ကာယာနုပဿနာကျမ်းကို ရေးသားထုတ်ဝေဖြန့်ချိကာ ဓမ္မဒါနပြုပြီးနောက် ယင်းကာယာနုပဿနာကျမ်းကို နှစ်သက်မြတ်နိုးကြသည်၊ တောင့်တကြ၊ လိုလားကြသည် ဟူ၍ ရှင်လူရဟန်းများထံမှ သတင်းကောင်းစကား ကြားသိရသဖြင့် ကာယာနုပဿနာ တည်းဟူသော ဝိပဿနာကျမ်းကို ရေးသားရခြင်း၊ ဓမ္မဒါနပြုရခြင်းသည် အကျိုးမဲ့မဖြစ်၊ အကျိုးကျေးဇူး များလှပေသည်ဟု ဝမ်းမြောက်ရပေသည်။

မြတ်စွာဘုရားရှင်ကလည်း ရဟန်းတော်များနှင့်တကွ လူနတ်အပေါင်းတို့ကို ဓမ္မဒါယာဒ=တရားအမွေခံသာဖြစ်တော်မူစေလိုသည်။ ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပါ၊ ကိန္တိ မေ သာဝကာ၊ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါ။

(မူလပဏ္ဏာသ ဓမ္မဒါယာဒသုတ်)

ရဟန်းတို့- အသင်တို့သည် ငါဘုရား၏ တရားအမွေခံတို့သာ ဖြစ်ကြကုန်၊ ပစ္စည်းလေးပါးတည်းဟူသော အာမိသအမွေခံမဖြစ်ကြကုန်လင့်၊ သင်ရဟန်းတို့၌ ငါဘုရားသည် အစဉ်သနားခြင်း ကရုဏာရှိတော်မူသည်၊ ငါ၏ တပည့်သာဝကတို့သည် အဘယ်သို့လျှင် တရားအမွေခံဖြစ်ကြကုန်အံ့နည်း၊ ပစ္စည်းလေးပါးတည်းဟူသော အာမိသအမွေခံတွေ အဘယ်ကဲ့သို့လျှင် မဖြစ်ကြကုန်အံ့နည်း-ဟု အစဉ်သနားခြင်းကရုဏာရှိတော်မူသည်ဟူ၍ မိန့်တော်မူခဲ့လေပြီ။

မြတ်စွာဘုရားသည် တပည့်သားတို့အပေါ်၌ မည်မျှလောက်သနားခြင်း ကရုဏာရှိတော်မူသည်၊ မည်မျှလောက် တရားအမွေခံဖြစ်စေတော်မူလိုသည်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဆက်လက်၍ မိန့်ကြားတော်မူသော မိန့်ခွန်းတော်ဖြင့် သိသာထင်ရှားပေသည်။

ရဟန်းတို့ - အကယ်၍ ငါဘုရားဆွမ်းစားပြီးစအချိန်၌ ဆွမ်းဘုဉ်းပေး၍မှုကား ပြည့်စုံပြီ၊ အလိုရှိတိုင်း ဘုဉ်းပေးသုံးဆောင်ပြီးပြီ၊ လုံလောက်ပြီ။ သို့သော် ဆွမ်းမှုကား ကြွင်းကျန်သေး၏၊ စွန့်ပစ်ရမည့်သဘောရှိ၏။ ထိုအချိန်၌ ဆာလောင်ခြင်းဖြင့် နှိပ်စက်၍ အားနည်းနေကြကုန်သော ရဟန်း၂-ပါးရောက်လာသည်ဖြစ်ရာ၏။ ထို ရဟန်း၂-ပါးတို့ကို ငါဘုရားသည် ဤသို့ပြောဆိုရာ၏။ အဘယ်သို့ပြောဆိုရာသနည်းဟူမူ ရဟန်းတို့- ငါဘုရားသည်ဆွမ်းစား၍ပြီးပြီ၊ အလိုရှိတိုင်း ဘုဉ်းပေးသုံးဆောင်ပြီးပြီ၊ လုံလောက်ပြီ။ သို့သော် ဆွမ်းမှုကား ကြွင်းကျန် သေး၏၊ စွန့်ပစ်ရမည့်သဘောရှိ၏။ စွန့်ပစ်ဖို့သာ ရှိတော့၏။ အသင်ရဟန်းတို့ စားလိုလျှင် စားကြကုန်။ အကယ်၍ အသင်တို့ မစားကြကုန်မူကား စိမ်းရှင်သော မြက်ပင်များမရှိရာ အရပ်၌မူလည်း သွန်းပစ်ရတော့မည်။ ပိုးမရှိသောရေ၌မူလည်း သွန်လောင်းပစ်ရတော့မည်ဟု ပြောရာ၏။

## ဆွမ်းမစားဘဲတရားအားထုတ်သောရဟန်း

ထိုအခါ ရဟန်း၂-ပါးတို့တွင် တစ်ပါးသော ရဟန်းသည် ဤသို့ ဆင်ခြင်ရာ၏။ အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူ- မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေး၍ ပြည့်စုံပြီ၊ အလိုရှိတိုင်း ဘုဉ်းပေးသုံးဆောင်ပြီးပြီ၊ လုံလောက်ပြီ။ သို့သော် မြတ်စွာဘုရား၏ ဆွမ်းမှုကား ကြွင်းသေး၏၊ ပိုသေး၏၊ စွန့်ပစ်အပ်သော သဘောရှိ၏၊ စွန့်ပစ်ဖို့သာ ရှိတော့၏။ အကယ်၍ ငါတို့ ထိုဆွမ်းကိုမစားကြလျှင် မြတ်စွာဘုရားသည် စိမ်းရှင်သော မြက်ပင်တို့မရှိရာအရပ်၌လည်း သွန်ပစ်ရတော့မည်။ ပိုးမရှိသော ရေ၌မူလည်း သွန်းလောင်းပစ်တော်မူမည်။ သို့သော် မြတ်စွာဘုရားသည်ကား ဓမ္မဒါယာဒါမေ ဘိက္ခဝေ ဘဝထ- စသည်ဖြင့် ရဟန်းတို့-- သင်တို့သည် ငါဘုရား၏တရားအမွေခံတွေသာဖြစ်ကြကုန်၊ ပစ္စည်းလေးပါးတည်းဟူသော အာမိသအမွေခံတွေမဖြစ်ကြနှင့်ဟု ဟောတော်မူသည်။

ယခု မြတ်စွာဘုရား ချီးမြှောက်တော်မူသော ဆွမ်းသည် အာမိသ ဟူသော ပစ္စည်းလေးပါးတို့တွင် တစ်ပါးအပါအဝင် အာမိသဒါယာဒ ဖြစ်ချေသည်။ ငါသည် ဤဆွမ်းကိုမစားမူ၍ ဆာလောင်မွတ်သိပ်မှုကြောင့် အားနည်းလျက်သာလျှင် ရဟန်း

တရားကို နှလုံးသွင်း၍ ဤနေ့ဤညဥ့်ကို လွန်မြောက်စေရမူကား ကောင်းပေစွဟု ဆင်ခြင်ကာ ထိုဆွမ်းကို မစားမူ၍ ဆာလောင်မွတ်သိပ်မှုကြောင့် အားနည်းလျက်သာလျှင် ရဟန်းတရားကို နှလုံးသွင်း၍ ထိုနေ့ထိုညဥ့်ကို လွန်စေရာ၏။

## ဆွမ်းစားသောရဟန်း

ဒုတိယရဟန်းသည်ကား ဤသို့ ဆင်ခြင်၏။ မြတ်စွာဘုရားဆွမ်းဘုဉ်းပေးပြီး၍ ပြည့်စုံပြီး၍ ကြွင်းကျန်သောဆွမ်းကို ငါတို့မစားလျှင် အချည်းနှီး သွန်းလောင်းပစ်ရတော့မည် ဖြစ်၏။ သို့ကြောင့် ငါသည် ဤဆွမ်းကိုစား၍ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ပြီး ကာလ ဤနေ့ဤညဥ့်ပတ်လုံး ရဟန်းတရားကို နှလုံးသွင်းပွားများရမူကား ကောင်းရာ၏ဟု ဆင်ခြင်ကာ ဆွမ်းကိုစား၍ ထိုနေ့ထိုညဥ့်ကို လွန်စေသည် ဖြစ်ရာ၏။

## ဆွမ်းမစားသော ရဟန်းကို ပူဇော်ချီးမွမ်းခြင်း

ရဟန်းတို့-- ထို ၂ - ပါးသောရဟန်းတို့တွင် ငါဘုရားဘုဉ်းပေးပြီး၍ ကြွင်းကျန်သော ဆွမ်းကိုမစားဘဲဆာလောင်မွတ်သိပ်ခြင်းကြောင့် အားနည်းလျက်သာလျှင် ညဥ့်နေ့ပတ်လုံး လွန်စေသော ပထမရဟန်းကို သာ၍ပူဇော်ထိုက် သာ၍ချီးမွမ်းထိုက်၏။ အဘယ်ကြောင့်နည်းဟူမူ ရဟန်းတို့- ပထမရဟန်း၏ ဆွမ်းမစားဘဲ ညဥ့်နေ့ကို ကုန်စေခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး အလိုနည်းခြင်းငှာ ဖြစ်လတ္တံ့၊ ရောင့်ရဲခြင်းငှာ ဖြစ်လတ္တံ့၊ ခေါင်းပါးခြင်းငှာ ဖြစ်လတ္တံ့၊ မွေးမြူလွယ်ခြင်းငှာ ဖြစ်လတ္တံ့၊ ဝီရိယကိုအားထုတ်ခြင်းငှာဖြစ်လတ္တံ့၊ ထို့ကြောင့် ပထမရဟန်းကို ပူဇော်ချီးမွမ်း ထိုက်၏။ သို့ဖြစ်၍ ရဟန်းတို့- တရားအမွေခံ ဖြစ်ကြကုန်၊ အာမိသ အမွေခံ မဖြစ်ကြ ကုန်လင့်ဟု ငါဘုရားဟောတော်မူသည် ဟူ၍ မိန့်တော်မူသည်။

## တရားအမွေခံ ယောဂီတွေ

ကာယာနုပဿနာကျမ်းကို နှစ်သက်မြတ်နိုးစွာ ကြည့်ရှုလေ့လာကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် ဓမ္မဒါယာဒ-မြတ်စွာဘုရား၏တရားအမွေခံ၊ ဘုရားရှင်၏ တပည့်သာဝကစာရင်းဝင် ဖြစ်ကြကုန်သည်ဟု ဆိုထိုက်သည်၊ ဆိုရပေမည်။ ယင်းသို့သော ဓမ္မဒါယာဒ ဘုရားရှင်၏ သာဝကတွေကို အာရုံပြု၍ ဘုန်းကြီးသန္တာန်၌ သဒ္ဓါတွေ စေတနာတွေ တိုးတက်ဖြစ်ထွန်းလာပြန်ရာ ဓမ္မဒါယာဒစာရင်းဝင် ဘုရားရှင့်သာဝက ယောဂီပုဂ္ဂိုလ်တို့အား အဘယ်တရားဖြင့် ဆက်လက်၍ ချီးမြှောက်သင့်ပါသနည်း- ဟု ဆင်ခြင်မိရာ မြတ်စွာဘုရားသည် ကာယာနုပဿနာ ဒေသနာတော်ကို ဟောတော်မူအပြီး၌ ဝေဒနာနုပဿနာကို ဟောတော်မူသည်ဖြစ်သောကြောင့် မြတ်စွာဘုရား၏နည်းကိုမှီးကာ ဘုန်းကြီးသည်လည်း ကာယာနုပဿနာကျမ်းနောက်၌ ဝေဒနာနုပဿနာကျမ်းကို ရေးသား ချီးမြှောက်ရမူ သင့်လျော်ကောင်းမွန်ရာ၏- ဟု ယုံကြည်၍ ဤဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကျမ်းကို ဆက်လက်ရေးသားခြင်းပင် ဖြစ်ပေသည်။

## ဝေဒနာဘေဒ-ဝေဒနာအပြား

ဝေဒနာနုပဿနာကိုမပြမီ ယောဂီတို့သည် ဝေဒနာအပြားကိုလည်း သိထိုက်ကြသည်ဖြစ်၍ ဝေဒနာအမျိုးအပြားကို ဦးစွာ ပြဦးအံ့။ ဝေဒနာသည် အကျဉ်းအားဖြင့် (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာဟူ၍ ၂-ပါးအပြားရှိ၏။ ဣဋ္ဌာရုံကို ခံစားသောဝေဒနာသည် သုခဝေဒနာဖြစ်သည်။ အနိဋ္ဌာရုံကို ခံစားသောဝေဒနာသည် ဒုက္ခဝေဒနာဖြစ်သည်။

**တစ်နည်း:** (၁)သုခဝေဒနာ၊ (၂)ဒုက္ခဝေဒနာ၊ (၃)ဥပေက္ခာဝေဒနာ၊ ဟူ၍ ၃-ပါး အပြားရှိ၏။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံဖြစ်သော အာရုံတို့ကို ဖွဲလမ်းခံစားမှုမရှိသော ဝေဒနာသည် ဥပေက္ခာဝေဒနာဖြစ်သည်။

၁။ ထိုဝေဒနာ ၃-ပါးတို့တွင် (၁) သုခဝေဒနာသည် ဣဋ္ဌာရုံဖြစ်သော ရူပါရုံ၏ အရသာကိုခံစားသော သုခဝေဒနာ၊ (၂) ဣဋ္ဌာရုံဖြစ်သော သဒ္ဒါရုံ၏အရသာကို ခံစားသော သုခဝေဒနာ၊ (၃) ဣဋ္ဌာရုံဖြစ်သော ဂန္ဓာရုံ၏အရသာကို ခံစားသော သုခဝေဒနာ၊ (၄) ဣဋ္ဌာရုံဖြစ်သော ရသာရုံ၏အရသာကို ခံစားသော သုခဝေဒနာ၊ (၅) ဣဋ္ဌာရုံဖြစ်သောဖောဋ္ဌဗ္ဗာရုံ၏အရသာကိုခံစားသောသုခဝေဒနာ၊ (၆) ဣဋ္ဌာရုံဖြစ်သော ဓမ္မာရုံ၏အရသာကို ခံစားသော သုခဝေဒနာဟူ၍ သုခဝေဒနာ ၆-ပါး ရှိ၏။

၂။ ဒုက္ခဝေဒနာသည်လည်း (၁)အနိဋ္ဌဖြစ်သော ရူပါရုံ၏အရသာကိုခံစားသော ဒုက္ခဝေဒနာ၊ (၂)အနိဋ္ဌဖြစ်သောသဒ္ဒါရုံ၏အရသာကိုခံစားသောဒုက္ခဝေဒနာ၊ (၃)အနိဋ္ဌဖြစ်သောဂန္ဓာရုံ၏အရသာကိုခံစားသောဒုက္ခဝေဒနာ၊ (၄) အနိဋ္ဌဖြစ်သော ရသာရုံ၏ အရသာကို ခံစားသော ဒုက္ခဝေဒနာ၊ (၅) အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၏အရသာကို ခံစားသော ဒုက္ခဝေဒနာ၊ (၆)အနိဋ္ဌဖြစ်သောဓမ္မာရုံ၏အရသာကိုခံစားသော ဒုက္ခဝေဒနာဟူ၍ ဒုက္ခဝေဒနာ ၆-ပါးရှိ၏။

၃။ ဥပေက္ခာဝေဒနာသည်လည်း (၁) ဣဋ္ဌ၊ အနိဋ္ဌဟု မမှတ်မူ၍ ရူပါရုံ၏အရသာကိုခံစားသော ဥပေက္ခာဝေဒနာ၊ (၂) ဣဋ္ဌ၊ အနိဋ္ဌဟုမမှတ်မူ၍ သဒ္ဒါရုံ၏အရသာကိုခံစားသော ဥပေက္ခာဝေဒနာ၊ (၃)ဣဋ္ဌ၊ အနိဋ္ဌဟုမမှတ်မူ၍ ဂန္ဓာရုံ၏အရသာကို ခံစားသော ဥပေက္ခာ ဝေဒနာ၊ (၄)ဣဋ္ဌ၊ အနိဋ္ဌဟုမမှတ်မူ၍ ရသာရုံ၏အရသာကို ခံစားသော ဥပေက္ခာဝေဒနာ၊ (၅) ဣဋ္ဌ၊ အနိဋ္ဌဟုမမှတ်မူ၍ ဖောဋ္ဌဗ္ဗာရုံ၏အရသာကို ခံစားသော ဥပေက္ခာဝေဒနာ၊ (၆) ဣဋ္ဌ၊ အနိဋ္ဌဟုမမှတ်မူ၍ ဓမ္မာရုံ၏အရသာကို ခံစားသော ဥပေက္ခာဝေဒနာဟူ၍ ၆-ပါးရှိ၏။

## ဝေဒနာ ၁၀၈-ပါး ပြားပုံ

သုခဝေဒနာ ၆-ပါး၊ ဒုက္ခဝေဒနာ ၆-ပါး၊ ဥပေက္ခာဝေဒနာ ၆-ပါး ပေါင်း ၁၈-ပါး။ ထိုဝေဒနာ ၁၈-ပါးသည် မိမိအဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝေဒနာ ၁၈-ပါး၊ သူတစ်ပါးတည်း ဟူသော ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဝေဒနာ ၁၈-ပါးအားဖြင့် ဝေဒနာပေါင်း ၃၆-ပါးရှိ၏။

တစ်ဖန် ထို ၃၆-ပါးသော ဝေဒနာသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်သော ဝေဒနာ၃၆-ပါး၊ မရောက်လာသေးသော အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော ဝေဒနာ ၃၆-ပါး၊ မျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်ဆဲဖြစ်သော ဝေဒနာ ၃၆-ပါးအားဖြင့် (၃၆ x ၃ = ၁၀၈) ဝေဒနာပေါင်း ၁၀၈ - ဖြစ်လေသည်။

## ဝေဒနာပေါင်းများစွာပွားနိုင်ခြင်း

အကယ်၍ ထိုဝေဒနာ ၁၀၈-ပါးကို အနုတ္တရလက္ခဏာသုတ်စသည်တို့၌ ဟောတော်မူသကဲ့သို့ ကြမ်းသော ဝေဒနာ-၁၀၈၊ နူးညံ့သော ဝေဒနာ-၁၀၈၊ ယုတ်သောဝေဒနာ ၁၀၈၊ မြတ်သော ဝေဒနာ-၁၀၈၊ ဝေးသောဝေဒနာ-၁၀၈၊ နီးသောဝေဒနာ -၁၀၈၊ စသည်တို့ဖြင့် မြောက်ပွားပါမူကား ဝေဒနာပေါင်းမြောက်မြားစွာပင်ရှိရာသည်။ အဘိဓမ္မာဝိဘင်း ပါဠိတော် သုတ္တန္တဘာဇနီယ ပရမတ္ထဒေသနာတော်အရ အကျယ်ချဲ့ရှုမူကား ဝေဒနာပေါင်းများစွာပင် အကျယ်ပွားနိုင်ပါသေးသည်။ သို့သော်လည်း ဝိပဿနာကမ္မဋ္ဌာန်းနှင့် သက်ဆိုင်ရာမျှလောက် သာ ရေးသားခဲ့ပြီးသည့်အတိုင်း ယောဂီတို့ ကြိုတင်သိရှိကြလျှင်ပင် ကျေးဇူးများလှပေပြီ။

ပြဆိုအပ်ပြီးသော ဝေဒနာတို့တွင် အချို့သောဝေဒနာတို့၏အဓိပ္ပာယ်ကို ဖော်ပြသင့်သည်ဖြစ်၍ ဆက်လက်ရှင်းလင်းဦးအံ့။

(၁) အဇ္ဈတ္တဝေဒနာ၊ (၂) ဗဟိဒ္ဓဝေဒနာ၊ (၃) ကြမ်းသောဝေဒနာ၊ (၄) နူးညံ့သော ဝေဒနာ၊ (၅) ယုတ်သောဝေဒနာ၊ (၆) မြတ်သောဝေဒနာ၊ (၇) ဝေးသောဝေဒနာ၊ (၈) နီးသော ဝေဒနာ။ ဤဝေဒနာတို့၏ အဓိပ္ပာယ်ရှင်းလင်းချက်ကို ပြမည်ဖြစ်သည်။

၁။ **အဇ္ဈတ္တဝေဒနာ** ဟူသည် - အကြင်ဝေဒနာသည် ထိုထိုသတ္တဝါတို့၏ အဇ္ဈတ္တ ကိုယ်တွင်းသန္တာန်၌ဖြစ်၏။ ကိုယ်၌ဖြစ်၏၊ ကိုယ်၌အမြဲဖြစ်၏၊ ပုဂ္ဂိုလ်၌ အသီးအခြား ဖြစ်၏၊ ကံကြောင့်ဖြစ်၏။ သုခဝေဒနာဖြစ်စေ, ဒုက္ခဝေဒနာဖြစ်စေ, အဒုက္ခမသုခ ဝေဒနာဖြစ်စေ ပြဆိုအပ်ပြီးသောဝေဒနာသည် အဇ္ဈတ္တဝေဒနာ ဖြစ်လေသည်။ **တစ်နည်း** - အဇ္ဈတ္တကာယကို အာရုံပြုသောဝေဒနာသည် အဇ္ဈတ္တဝေဒနာ ဖြစ်လေသည်။

၂။ **ဗဟိဒ္ဓ ဝေဒနာ**ဟူသည် - အကြင်ဝေဒနာသည် တစ်ပါးသောသတ္တဝါ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်၌ဖြစ်၏၊ ကိုယ်၌ဖြစ်၏၊ ကိုယ်၌အမြဲဖြစ်၏၊ ထိုပုဂ္ဂိုလ်၌ အသီးအခြားဖြစ်၏၊ ကံကြောင့်ဖြစ်၏။ သုခဝေဒနာဖြစ်စေ, ဒုက္ခဝေဒနာဖြစ်စေ, အဒုက္ခမသုခဝေဒနာဖြစ်စေ ပြဆိုအပ်ပြီးသော ဝေဒနာသည် ဗဟိဒ္ဓဝေဒနာ ဖြစ်လေသည်။ **တစ်နည်း** - ဗဟိဒ္ဓအာရုံကို အာရုံပြုသော ဝေဒနာသည် ဗဟိဒ္ဓဝေဒနာ မည်လေသည်။

၃-၄။ **ကြမ်းသော ဝေဒနာ, နူးညံ့သောဝေဒနာ**ဟူသည်- (က) အကုသိုလ်ဖြစ်သော ဝေဒနာသည် ကြမ်း၏၊ ကုသိုလ် အဗျာကတဖြစ်သော ဝေဒနာသည် နူးညံ့၏။ (ခ) ကုသိုလ်,အကုသိုလ်ဖြစ်သော ဝေဒနာသည် ကြမ်း၏၊ အဗျာကတဖြစ်သော

ဝေဒနာသည် နူးညံ့၏။ (ဂ) ဒုက္ခဝေဒနာသည်ကြမ်း၏၊ သုခဝေဒနာ, **အဒုက္ခမသုခ** ဝေဒနာသည် နူးညံ့၏။ (ဃ) သုခဝေဒနာ, ဒုက္ခဝေဒနာသည် ကြမ်း၏၊ အဒုက္ခမသုခ ဝေဒနာသည် နူးညံ့၏။ (င) သမာပတ်မဝင်စားသောအခါ၌ဖြစ်သော ဝေဒနာသည် ကြမ်း၏၊ သမာပတ်အတွင်း၌ဖြစ်သော ဝေဒနာသည် နူးညံ့၏။ (စ) အာသဝနှင့်တကွ ဖြစ်သော ဝေဒနာသည် ကြမ်း၏၊ အာသဝကင်းသော ဝေဒနာသည် နူးညံ့၏။ ဤသို့လျှင် အကြောင်းအားလျော်စွာ ဝေဒနာတို့၏ အဩဠာရိက, သုခုမ, အကြမ်းအနုတို့ကို သိမှတ်ကြရာ၏။

၅-၆။ **ယုတ်သောဝေဒနာ, မြတ်သောဝေဒနာ** ဟူသည်- (က) အကုသိုလ်ဖြစ်သော ဝေဒနာသည် ယုတ်၏၊ ကုသိုလ်အဗျာကတဖြစ်သော ဝေဒနာသည်မြတ်၏။ (ခ) ကုသိုလ်,အကုသိုလ်ဖြစ်သောဝေဒနာသည်ယုတ်၏၊ အဗျာကတဖြစ်သော ဝေဒနာသည် မြတ်၏။ (ဂ) ဒုက္ခဝေဒနာသည်ယုတ်၏၊ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာသည် မြတ်၏။ (ဃ) သုခဝေဒနာ,ဒုက္ခဝေဒနာသည်ယုတ်၏၊ အဒုက္ခမသုခဝေဒနာသည် မြတ်၏။(င) သမာပတ်မဝင်စားသောအခါ၌ ဖြစ်သောဝေဒနာသည် ယုတ်၏၊ သမာပတ်အတွင်း၌ဖြစ်သော ဝေဒနာသည် မြတ်၏။ (စ) အာသဝနှင့်တကွ ဖြစ်သောဝေဒနာသည် ယုတ်၏၊ အာသဝကင်းသောဝေဒနာသည် မြတ်၏-ဟူ၍ သိမှတ်ရာ၏။

၇။ **ဝေးသောဝေဒနာ**ဟူသည် - (က) အကုသိုလ်ဖြစ်သောဝေဒနာသည် ကုသိုလ် အဗျာကတဖြစ်သောဝေဒနာတို့မှဝေး၏။ (ခ) ကုသိုလ်အဗျာကတဖြစ်သောဝေဒနာသည် အကုသိုလ်ဖြစ်သော ဝေဒနာမှဝေး၏။ (ဂ) အကုသိုလ်အဗျာကတဖြစ်သော ဝေဒနာသည် ကုသိုလ်ဖြစ်သော ဝေဒနာမှဝေး၏။ (ဃ) အဗျာကတဖြစ်သော ဝေဒနာသည် ကုသိုလ်အကုသိုလ်ဖြစ်သောဝေဒနာတို့မှဝေး၏။ (င) ဒုက္ခဝေဒနာသည် သုခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့မှဝေး၏။ (စ) သုခဝေဒနာ, အဒုက္ခမသုခ ဝေဒနာတို့သည် ဒုက္ခဝေဒနာမှဝေး၏။ (ဆ) သုခဝေဒနာသည် ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့မှဝေး၏။ (ဇ) ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့သည် သုခဝေဒနာမှဝေး၏။ (ဈ) အဒုက္ခမသုခဝေဒနာသည် သုခဒုက္ခဝေဒနာတို့မှဝေး၏။ (ည) သုခဒုက္ခဝေဒနာတို့သည် အဒုက္ခမသုခဝေဒနာမှဝေး၏။ (ဋ) သမာပတ် မဝင်စားသောအခါ၌ ဖြစ်သောဝေဒနာသည် သမာပတ်အတွင်း၌ဖြစ်သော ဝေဒနာမှ ဝေး၏။ (ဌ) သမာပတ်ဝင်စားသောအခါ၌ဖြစ်သောဝေဒနာသည် သမာပတ် မဝင်စားသောအခါ၌ ဖြစ်သောဝေဒနာမှ ဝေး၏။ (ဍ) အာသဝနှင့်တကွဖြစ်သော ဝေဒနာသည် အာသဝကင်းသောဝေဒနာမှဝေး၏။ (ဎ) အာသဝကင်းသော ဝေဒနာ သည် အာသဝနှင့်တကွဖြစ်သောဝေဒနာမှဝေး၏ - ဟု မှတ်ရာ၏။

၈။ **ဝေးသောဝေဒနာ**အပြားကိုပြသောနည်းအတိုင်း **နီး**သောဝေဒနာအပြားတို့ကို **သိ**ပါလေ။ ပါဠိတော်၌ ဝေဒနာအထူးထူး ဟောတော်မူဟန်ကို လည်းကောင်း၊ အကြမ်း-အနု, အယုတ် - အမြတ်, အဝေး - အနီး, ကောက်ယူပုံတို့ကို သိစေလို၍ လည်းကောင်း အဘိဓမ္မာ ဝိဘင်္ဂပါဠိတော်မှ ထုတ်ဆောင်၍ပြလိုက်သည်။

* * * * * * *

# ပဉ္စကင်္ဂ လက်သမားဆရာနှင့် အရှင်ဥဒါယီ ဝေဒနာအပြားငြင်းကြခြင်း

တစ်ရံသောအခါ၌ ပဉ္စကင်္ဂ အမည်ရှိသော လက်သမားဆရာသည် အရှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အရိုအသေရှိခိုးကာ သင့်တင့်လျောက်ပတ်သောအရပ်၌ထိုင်၍ အရှင်ဥဒါယီအား ဤသို့မေးလျှောက်လေသည်။

**စကားညှပ်။** ။ (လာဠုဒါယီ, ကာဠုဒါယီ, မဟာဥဒါယီ- စသည်ဖြင့် ဥဒါယီဘွဲ့မည်ဖြင့် ရဟန်းတော်များရှိကြရာ ယခု လက်သမားဆရာ ပဉ္စကင်္ဂ ချဉ်းကပ်သော ဥဒါယီသည် ပညာရှိသောဥဒါယီဖြစ်သည်ဟု အဋ္ဌကထာ ဆိုသည်)။

ပဉ္စကင်္ဂလက်သမားဆရာက အဘယ်ကဲ့သို့ မေးလျှောက်သနည်းဟူမူ၊ အရှင်ဘုရား ဥဒါယီ- မြတ်စွာဘုရားသည် ဝေဒနာဘယ်နှစ်ပါးရှိသည်ဟု ဟောတော်မူပါသနည်း။

**ဥဒါယီ။** ။ ဒါယကာ- ဝေဒနာသည် (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာ၊ (၃) အဒုက္ခမသုခဝေဒနာဟူ၍ ဝေဒနာ ၃-ပါးရှိသည်ဟု မြတ်စွာဘုရားဟောတော်မူသည်ဟု ပြောကြားလေသည်။

**ပဉ္စကင်္ဂ။** ။ အရှင်ဘုရား- မြတ်စွာဘုရားသည် ဝေဒနာ ၃-ပါးရှိသည်ဟု မဟောပါ။ (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာဟူ၍ ဝေဒနာ ၂-ပါးသာလျှင်ရှိသည်ကို မြတ်စွာဘုရား ဟောတော်မူပါသည်။ အဒုက္ခမသုခဝေဒနာသည်မူကား ငြိမ်းအေးသောသဘောရှိသည်ဖြစ်၍ သုခဝေဒနာ၌သွင်းကာ ဝေဒနာ ၂-ပါးသာလျှင်ရှိသည်ဟု ဟောတော်မူပါသည်ဟု လျှောက်၏။

၂-ကြိမ်မြောက်၊ အရှင်ဥဒါယီသည် ဤသို့ဆို၏။ ဒါယကာ- မြတ်စွာဘုရားသည် (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာဟူ၍ ဝေဒနာ ၂-ပါးသာရှိသည်ဟု မဟောပါ။ (၁)

သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာ၊ (၃) အဒုက္ခမသုခဝေဒနာအားဖြင့် ဝေဒနာ ၃-ပါး ရှိသည်ဟူ၍သာ ဟောတော်မူပါသည်ဟု ဖြေဆိုလေသည်။

ပဉ္စကင် လက်သမားဆရာသည်လည်း ၂-ကြိမ်မြောက် အရှင်ဘုရား ဥဒါယိ- မြတ်စွာဘုရားသည် (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာ၊ (၃) အဒုက္ခမသုခ ဝေဒနာ အားဖြင့် ဝေဒနာ ၃-ပါးရှိသည်ဟု မဟောပါ။ (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာအားဖြင့် ဝေဒနာ ၂-ပါးသာ ဟောတော်မူပါသည်။ အဒုက္ခမသုခ ဝေဒနာသည်မူကား ငြိမ်းအေးသော သဘောရှိသည်ဖြစ်၍ သုခဝေဒနာ၌ သွင်းကာ ဝေဒနာ ၂-ပါးသာလျှင် ရှိသည်ဟု လျှောက်၏။

၃-ကြိမ်မြောက်၊ အရှင်ဥဒါယိက ဝေဒနာ ၃-ပါးရှိသည်ကို ဘုရား ဟောတော် မူသည်ဟု ငြင်း၏။ ပဉ္စကင်လက်သမားဆရာကလည်း ၃-ကြိမ်တိုင်တိုင်ပင် ဝေဒနာ ၂-ပါးသာရှိသည်ကို ဘုရားဟောတော်မူသည်ဟူ၍လျှောက်၏။ အဘယ်သူကမှ အဘယ် သူ့ကို လက်ခံနာယူအောင် မပြောနိုင်ဘဲရှိနေကြကုန်၏။

## အရှင်အာနန္ဒာ မြတ်စွာဘုရားအား လျှောက်ခြင်း

အရှင်ဥဒါယိနှင့် လက်သမားဆရာပဉ္စကင်တို့ ငြင်းခုံနေကြသည်ကို အရှင်အာနန္ဒာ ကြားတော်မူရာ၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ ဆည်းကပ်၍ အရှင်ဥဒါယိနှင့် လက်သမားဆရာ ပဉ္စကင်တို့ ဝေဒနာအပြား ငြင်းဆိုကြပုံကို အစအဆုံး လျှောက်ထား လေသည်။

မြတ်စွာဘုရားမိန့်ကြားတော်မူသည်မှာ – အာနန္ဒာ– ပရိယာယ်အားဖြင့် ထင်ရှား ရှိသောတရားကိုပင် ပဉ္စကင်သည် ဥဒါယိကို ကျေနပ်ဝမ်းမြောက်အောင် မပြောနိုင်၊ ဥဒါယိသည်လည်း ပရိယာယ်အားဖြင့် ထင်ရှားရှိသောတရားကိုပင်လျှင် ပဉ္စကင်ကို ကျေနပ်ဝမ်းမြောက်အောင် မပြောနိုင်ချေ။

အာနန္ဒာ– အကြောင်းပရိယာယ်အားလျော်စွာ ၂-ပါးသောဝေဒနာ ရှိသည်ကိုလည်း ငါဘုရားဟောတော်မူသည်၊ အကြောင်းပရိယာယ်အားဖြင့် ၃-ပါး သော ဝေဒနာရှိသည် ကိုလည်း ငါဘုရားဟောတော်မူသည်။ ထို့အတူ ၅-ပါးသော ဝေဒနာရှိသည်ကိုလည်း ဟောတော်မူသည်။ ၆-ပါးသောဝေဒနာရှိသည်ကိုလည်း ဟောတော်မူသည်။ ၁၈-ပါးသောဝေဒနာရှိသည်ကိုလည်း ဟောတော်မူသည်။ ၃၆-ပါး သော ဝေဒနာရှိသည်ကိုလည်း ဟောတော်မူသည်။ ၁၀၈-ပါးသော ဝေဒနာရှိသည်ကိုလည်း ဟောတော်မူသည်။ အာနန္ဒာ– ငါဘုရားသည် အကြောင်းပရိယာယ် အားလျော်စွာ အကြောင်းပရိယာယ်အလျောက် တရားဓမ္မကို ဤသို့လျှင် ဟောတော်မူသည်ဟု မိန့်တော်မူသည်။

ပဉ္စကင်၏ အယူဝါဒဖြစ်သော ဝေဒနာ ၂-ပါးရှိသည်ဆိုသည်မှာလည်း အမှန် ဖြစ်၏။ အရှင် ဥဒါယိ၏ အယူဝါဒဖြစ်သော ဝေဒနာ ၃-ပါးရှိသည်ဆိုသည်မှာလည်း

အမှန်ဖြစ်၏။ မြတ်စွာဘုရားသည် အကြောင်းအားလျော်စွာ ဟောတော်မူသည်ကို မသိကြ၍သာလျှင် ငြင်းခုံကြခြင်းဖြစ်သည်။

* * * * * * *

# ကမ္မဋ္ဌာန်း ၂-မျိုးရှိခြင်း

ကမ္မဋ္ဌာန်း တရားသည် (၁)ရူပကမ္မဋ္ဌာန်း၊ (၂)အရူပကမ္မဋ္ဌာန်းအားဖြင့် ၂-မျိုးရှိ၏။ ထိုကမ္မဋ္ဌာန်း ၂-မျိုးတို့တွင် မြတ်စွာဘုရားသည် ပုဂ္ဂိုလ်အားလျော်စွာ ဟောတော်မူသည်။ အကြင်ပုဂ္ဂိုလ်သည် ရုပ်တရား၌ ထင်ရှားသော အမြင်ဉာဏ်ရှိ၏၊ ထိုပုဂ္ဂိုလ်အား ရူပကမ္မဋ္ဌာန်းကို ဟောတော်မူသည်။ အကြင်ပုဂ္ဂိုလ်သည် အရူပဟူသော နာမ်တရား၌ ထင်ရှားသော အမြင်ဉာဏ်ရှိ၏၊ ထိုပုဂ္ဂိုလ်အား အရူပကမ္မဋ္ဌာန်းကို ဟောတော်မူသည်။ ယင်းသို့ အရူပကမ္မဋ္ဌာန်းကို ဟောတော်မူရာ၌လည်း ထိုအရူပဟူသော နာမ်တရား၏ တည်ရာဝတ္ထုဖြစ်သော ရူပကမ္မဋ္ဌာန်းကို ပထမဟောပြတော်မူပြီးနောက်မှ အရူပကမ္မဋ္ဌာန်းကို ဟောတော်မူသည်။ နတ်တို့သည်မူကား လူတို့ထက် ဉာဏ်အမြင်ထက်သန်ကြသည်ဖြစ်၍ နတ်တို့၌ အရူပကမ္မဋ္ဌာန်းသည် ထင်ရှားသောကြောင့် နတ်တို့အား တရားဟောတော်မူသောအခါ များသောအားဖြင့် အရူပကမ္မဋ္ဌာန်းကို ဟောတော်မူသည်။ အရူပကမ္မဋ္ဌာန်းတို့တွင်လည်း ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော်မူသည်။

လူတို့တွင်လည်း ဉာဏ်အမြင်ထက်သန်သောပုဂ္ဂိုလ်တို့အား ဝေဒနာ အရူပကမ္မဋ္ဌာန်းသည် သင့်လျော်ပေသည်။ အဘယ့်ကြောင့်နည်းဟူမူ - ဉာဏ်အမြင် ထက်မြက်သော ပုဂ္ဂိုလ်တို့၌ ဝေဒနာဖြစ်မှု ထင်ရှားသောကြောင့်တည်း။ ဉာဏ်အမြင်လည်း ထက်မြက်မည်၊ နူးညံ့သိမ်မွေ့သော ရုပ်ရှိသူလည်း ဖြစ်မူ ဝေဒနာဖြစ်ပေါ်ခြင်းသည် သာ၍ထင်ရှားသည်ဟု ဆိုလိုသည်။ ထိုစကားမှန်၏၊ အကြင်အခါ ကောင်းသော ဣဋ္ဌာရုံ တစ်မျိုးမျိုးကို အကြောင်းပြု၍ သုခဝေဒနာဖြစ်ပေါ်လာသည်ဖြစ်အံ့၊ ထိုအခါ ရူပကာယ တစ်ကိုယ်လုံးသည် လှုပ်ရှားကာ တစ်ကိုယ်လုံးပျံ့နှံ့၍ တစ်ကိုယ်လုံးကို စိမ့်ဝင်စီးဆင်းသွား သကဲ့သို့လည်းကောင်း၊ ကြည်အေးလှသောရေကို အိုးပေါင်းများစွာဖြင့် သွန်းလောင်းလိုက်သည့်အခါ ကိုယ်၏ပူလောင်ခြင်းတို့သည် ငြိမ်းအေးသွားသကဲ့သို့ လည်းကောင်း "အော် - ချမ်းသာလေစွ, အော်- ချမ်းသာလေစွ"ဟု နှုတ်က မြွက်ဆိုရသည်တိုင်အောင် သုခဝေဒနာ၏သဘောသည် ထင်ရှားစွာ ဖြစ်တတ်ပေသည်။

ဒုက္ခဝေဒနာဖြစ်သောအခါ၌လည်း တစ်ကိုယ်လုံးပျံ့နှံ့လွှမ်းမိုး၍ ပူလောင်သော သံရေကို သွန်းလောင်းလိုက်ဘိသကဲ့သို့ ပင်ပန်းဆင်းရဲလှသည်ဖြစ်၍ "အော် - ဆင်းရဲလေစွ တကား, အော် - ဆင်းရဲလေစွ တကား"ဟု ငြီးတွားရသည်တိုင်အောင် ဒုက္ခဝေဒနာ၏သဘောသည် ထင်ရှားဖြစ်တတ်၏။

အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) အာရုံကို ခံစားပုံမှာမူကား သုခဝေဒနာ, ဒုက္ခဝေဒနာတို့ကဲ့သို့ မထင်ရှားလှပေ။ သုခဝေဒနာ, ဒုက္ခဝေဒနာဖြစ်ခြင်းမှ ကင်းသော

ကာလ၌ သာယာခြင်း, မသာယာခြင်းတို့ကိုပယ်၍ အာရုံကို လျစ်လျူရှုသော သဘောသည်ပင်လျှင် အဒုက္ခမသုခဝေဒနာသည် အာရုံကိုခံစားခြင်းဖြစ်၏။

သို့ဖြစ်၍ မြတ်စွာဘုရားသည် အရူပကမ္မဋ္ဌာန်းကို ဟောတော်မူသောအခါ နာမ်ဖြစ်သော ထိုအရူပ၏ တည်ရာ ဝတ္ထုဖြစ်သော ရူပကမ္မဋ္ဌာန်းကို ပထမဟောတော်မူသည်။ ထို့နောက်မှ အရူပကမ္မဋ္ဌာန်းတို့တွင် ထင်ရှားသိမြင်လွယ်သော ဝေဒနာ အရူပကမ္မဋ္ဌာန်းကို ဟောတော်မူခြင်းဖြစ်သည်။

## ဝေဒနာသံယုတ် (ပထမ ဂေလညသုတ်)

လွန်လေပြီးသော နှစ်ပေါင်း ၂၅၁၈-နှစ် အထက်က မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ဂိလာနသံဃာတော်များ ဆေးဝါးကုသခံယူရာ ဖြစ်သော သံဃာ့ဆေးရုံကျောင်းရှိခဲ့ဖူးလေပြီ။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောရ ကူဋာဂါရကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ညနေချမ်းအချိန်၌ ဖလသမာပတ်ဖြင့် ကိန်းတော်မူရာမှထ၍ ဂိလာနဆေးရုံကျောင်းရှိရာသို့ ကြွတော်မူကာ ဂိလာနရဟန်းများ အနီးသို့ ချဉ်းကပ်တော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူပြီးကာလ ရဟန်းတို့- သတိရှိကြ၍ အဆင်အခြင်သမ္ပဇဉ်ရှိ၍ ကာလကိုငံ့လင့်ကြကုန်၊ ဤသည်ကား ငါဘုရား၏ အဆုံးအမတော်ဖြစ်သည်။

၁။ ရဟန်းတို့- ရဟန်းသည် အဘယ်ကဲ့သို့လျှင် သတိရှိသည်ဖြစ်၍ နေရသနည်း ဟူမူ၊ ရဟန်းတို့- ငါဘုရား၏ သာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ် အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ ပြင်းစွာအားထုတ်သော လုံ့လ, ဆင်ခြင်သော သမ္ပဇဉ်, အောက်မေ့သော သတိရှိသည်ဖြစ်၍ မိမိကိုယ်ကာယတည်းဟူသော လောက၌ တပ်မက်ခြင်း နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍နေ၏။ ၂။ ဝေဒနာတို့၌ ဝေဒနာဟု ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ၃။ စိတ်၌ စိတ်ဟုရှုလေ့ရှိသည်ဖြစ်၍နေ၏။ ၄။ သဘောတရားတို့၌ သဘောတရားဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့- ဤသို့နေခြင်းကို သတိရှိသည် ဖြစ်၍နေခြင်းဟု ဆို၏။

အဘယ်ကဲ့သို့ အဆင်အခြင် သမ္ပဇဉ်ရှိသည်ဖြစ်၍ နေသနည်းဟူမူ ရဟန်းတို့- ငါဘုရားသာသနာတော်၌ ရဟန်းသည် ရှေ့သို့သွားသည်ဖြစ်စေ၊ နောက်သို့ဆုတ်သည် ဖြစ်စေ ဆင်ခြင်သောသမ္ပဇဉ်ဖြင့် ပြုလေ့ရှိ၏။ တူရူကြည့်သည်ဖြစ်စေ တစောင်းကြည့်သည် ဖြစ်စေ ဆင်ခြင်သော သမ္ပဇဉ်ဖြင့် ပြုလေ့ရှိ၏။ သင်္ကန်း သပိတ်ကို ယူဆောင်သည်ဖြစ်စေ ဆင်ခြင်သောသမ္ပဇဉ်ဖြင့်ပြုလေ့ရှိ၏။ စားသည်ဖြစ်စေ, သောက်သည်ဖြစ်စေ, ခဲသည်ဖြစ်စေ, လျက်သည်ဖြစ်စေ ဆင်ခြင်သောသမ္ပဇဉ်ဖြင့်ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ်ကိစ္စကို ပြုသည်ဖြစ်စေ ဆင်ခြင်သောသမ္ပဇဉ်ဖြင့်ပြုလေ့ရှိ၏။ ရပ်သည်ဖြစ်စေ, ထိုင်သည်ဖြစ်စေ, အိပ်သည် ဖြစ်စေ, နိုးသည်ဖြစ်စေ, စကားပြောသည်ဖြစ်စေ, ဆိတ်ဆိတ်နေသည်ဖြစ်စေ

ဆင်ခြင်သော သမ္ပဇဉ်ပြင့်ပြုလေ့ရှိ၏။ ရဟန်းတို့- ရဟန်းသည် ဤသို့ ဆင်ခြင်သော သမ္ပဇဉ်ပြင့်ပြုလေ့ ရှိ၏။ ရဟန်းတို့- ရဟန်းသည် သတိရှိသည်ဖြစ်၍ ဆင်ခြင်သော သမ္ပဇဉ်ရှိသည်ဖြစ်၍ ကာလကိုငံ့လင့်ရာ၏။ ဤသည်ကား ငါဘုရား၏ အဆုံးအမတော် ဖြစ်သည်ဟုမိန့်တော်မူ၏။

ရဟန်းတို့- ဤသို့ သတိရှိသည်ဖြစ်၍ ဆင်ခြင်သော သမ္ပဇဉ်ရှိသည်ဖြစ်၍ မမေ့မလျော့သည်ဖြစ်၍ ပြင်းစွာအားထုတ်သော လုံ့လဝီရိယရှိသည်ဖြစ်၍ **နိဗ္ဗာန်သို့** စေလွှတ်သော နိဗ္ဗာန်သို့ညွတ်သောစိတ် ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား **သုခဝေဒနာ** ဖြစ်၏။ ထိုရဟန်းသည် သုခဝေဒနာဖြစ်သောအခါ ဤသို့သိ၏၊ ငါ့သန္တာန်၌ သုခဝေဒနာ ဖြစ်ပေါ်လာသည်၊ ထိုသုခဝေဒနာသည် အကြောင်းတရားကိုစွဲ၍ဖြစ်သည်၊ အကြောင်းမဲ့ ဖြစ်သည်ကား မဟုတ်။ အဘယ်အကြောင်းတရားကိုစွဲ၍ ဖြစ်သနည်း၊ ဤရူပကာယကို သာလျှင် အကြောင်းပြု၍ဖြစ်သည်။ ဤရူပကာယသည် မမြဲသောသဘောရှိ၏၊ ပြုပြင်စီရင် အပ်သောသဘောရှိ၏၊ အကြောင်းတရားကိုစွဲ၍ဖြစ်၏။ မမြဲသောသဘောရှိသော ပြုပြင် စီရင်အပ်သော သဘောရှိသော အကြောင်းကို စွဲ၍ဖြစ်သော ရူပကာယကို အမှီပြု၍, အခြေခံပြု၍ ဖြစ်ပေါ်ရသော သုခဝေဒနာသည် အဘယ်မှာလျှင် အမြဲတည်ပေအံ့နည်းဟု ဆင်ခြင်၏။

ထိုသို့ဆင်ခြင်သော ရဟန်းသည် ရူပကာယ၌လည်းကောင်း, သုခဝေဒနာ၌ လည်းကောင်း အနိစ္စ ဟုရှုသည်ဖြစ်၍နေ၏၊ အပျက်ဟုရှုသည်ဖြစ်၍နေ၏၊ တပ်မက်ခြင်း ကင်းသည်ကို ရှုသည်ဖြစ်၍နေ၏၊ ချုပ်ခြင်းကို ရှုသည်ဖြစ်၍နေ၏၊ စွန့်ပယ်ခြင်းသဘောကို ရှုသည်ဖြစ်၍နေ၏။ ရူပကာယ၌လည်းကောင်း, ဝေဒနာ၌လည်းကောင်း, အနိစ္စဟုရှုသည် ဖြစ်၍နေသော, အပျက်ဟု ရှုသည်ဖြစ်၍နေသော, တပ်မက်ခြင်းကင်းသည်ကို ရှုသည်ဖြစ်၍ နေသော, ချုပ်ခြင်းကို ရှုသည်ဖြစ်၍နေသော, စွန့်ပယ်ခြင်းသဘောကို ရှုသည်ဖြစ်၍နေသော ထိုရဟန်းသည် ရူပကာယ၌လည်းကောင်း, သုခဝေဒနာ၌လည်းကောင်း ကိန်းအောင်းသော ရာဂါနုသယကို ပယ်အပ်၏။ ထိုရဟန်းသန္တာန်၌ ယခင်က ကိန်းအောင်းလျက်ရှိသော ရာဂါနုသယသည် ကင်းပျောက်ခြင်းသို့ ရောက်လေတော့သည်ဟု ဟောတော်မူသည်။

ဒုက္ခဝေဒနာကိုလည်း သုခဝေဒနာကို ရှုသကဲ့သို့ ရှုသည်ဖြစ်၍ ရူပကာယ၌ လည်းကောင်း, ဒုက္ခဝေဒနာ၌လည်းကောင်း ကိန်းအောင်းသော ပဋိဃာနုသယသည် ကင်းပျောက်လေ၏။ အဒုက္ခမသုခဝေဒနာကိုလည်း သုခဝေဒနာနည်းတူရှုသည်ဖြစ်၍ ရူပကာယ၌လည်းကောင်း, အဒုက္ခမသုခ ဝေဒနာ၌လည်းကောင်း ကိန်းအောင်းသော အဝိဇ္ဇာနုသယသည် ကင်းပျောက်လေသည်ဟု ဟောတော်မူသည်။

ထိုရဟန်းသည် အကယ်၍ သုခဝေဒနာကို ခံစားသည်ဖြစ်အံ့၊ ထိုသုခဝေဒနာကား မမြဲဟုသိ၏၊ မလွှမ်းမိုးနိုင်သော ဝေဒနာဟုသိ၏၊ မနှစ်သက်အပ်သော ဝေဒနာဟုသိ၏။ ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့ကို ခံစားလျှင်လည်း ထိုဝေဒနာတို့ကား မမြဲကြဟု သိ၏၊ မလွှမ်းမိုးနိုင်သော ဝေဒနာတို့ဟု သိ၏၊ မနှစ်သက်အပ်သော ဝေဒနာတို့ဟု သိ၏။

ထိုရဟန်းသည် သုခဝေဒနာကိုခံစားသည်ဖြစ်အံ့၊ ကိလေသာကင်းသော သုခဝေဒနာကိုခံစား၏။ ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့ကို ခံစားလျှင်လည်း ကိလေသာကင်းသော ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့ကို ခံစား၏။ ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကိုခံစားလျှင် ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ဟုသိ၏။ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားလျှင်လည်း အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ဟုသိ၏။

ရဟန်းတို့ ဥပမာပြဦးအံ့၊ ဆီကို လည်းကောင်း, မီးစာကို လည်းကောင်း အကြောင်းပြု၍ ဆီမီးသည်တောက်ရာ၏။ ဆီနှင့်မီးစာကုန်ခြင်းကြောင့် မီးတောက်သည် ငြိမ်းရာ၏။ ရဟန်းတို့- ထိုဥပမာအတူသာလျှင် ရဟန်းသည် ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားလျှင် ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ဟု သိ၏။ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားလျှင် အသက်အပိုင်းအခြားရှိသောဝေဒနာကို ခံစားသည်ဟုသိ၏။ ကိုယ်ခန္ဓာပျက်၍ အသက်အပိုင်းအခြား၏အထက်၌ ဤဘဝ၌ပင်လျှင် မနှစ်သက်အပ်ကုန်သော အလုံးစုံသော ခံစားမှုဟူသမျှတို့သည် ငြိမ်းအေးကြကုန်လတ္တံ့ဟု သိ၏ - ဟူ၍ ဟောတော်မူသည်။

## ဝတ္ထု၌ ဝေဒနာဖြစ်ပုံ

မထေရ်တစ်ပါးအကြောင်း

စိတ္တလတောင်၌ သီတင်းသုံးတော်မူသော မထေရ်တစ်ပါးသည် မကျန်းမမာသော အခါ၌ အားကြီးသော ဒုက္ခဝေဒနာကို ခံစားရသည်ဖြစ်၍ ငြီးလျက် ထိုမှ ဤမှ လူးလိမ့်ကာနေ၏။ ယင်းသို့လျှင် ပြင်းထန်သော ဝေဒနာကို ခံစားရသည်ဖြစ်၍ ငြီးတွားကာ လူးလိမ့်၍နေသော မထေရ်ကို အလုပ်အကျွေးဖြစ်သော ရဟန်းတစ်ပါးက "အရှင်ဘုရား ဘယ်နေရာက ကျင်နာကိုက်ခဲပါသလဲ"ဟု မေးရာ၊ "ငါ့ ရှင် အသီးအခြား ဘယ်နေရာက ကျင်နာကိုက်ခဲသည် ဟူ၍မရှိ၊ ဝတ္ထုကိုအာရုံပြု၍ ဝေဒနာသည်သာလျှင် ခံစား၍နေပေသည်ဟု ပြော၏။ အရှင်ဘုရား- ဤသို့လျှင် ဝတ္ထုကို အာရုံပြု၍ ဝေဒနာသည်သာလျှင် ခံစားနေသည်ဟူ၍ သိတော်မူပါလျှင် ထိုဝေဒနာကို သည်းခံခြင်းငှာ သင့်လျော်သည်မဟုတ်ပါလော အရှင်ဘုရား"ဟု လျှောက်၏။ "ငါ့ရှင်- သည်းခံပါတော့မည်"ဟု ပြောကာ မငြီးမငြူ မလူးမလိမ့်မူ၍ ငြိမ်သက်စွာဖြင့် သည်းခံတော်မူသည်။ "အရှင်ဘုရား- သည်းခံခြင်းသည် ကောင်းမြတ်လှပါသည်"ဟု လျှောက်၏။ မထေရ်၏ သန္တာန်၌ ပြင်းထန်သော လေရောဂါသည် နှလုံးသားကွဲသည့်တိုင်အောင် ထိုးကျင့်သဖြင့် ဝမ်းအတွင်းမှ အူတို့သည်ထွက်၍ ညောင်စောင်းပေါ်၌ ပုံလျက် ရှိလေသည်။ မထေရ်သည် ရဟန်းငယ်ကို ပြကာ" ငါ့ရှင်- ဤမျှလောက် သည်းခံလျှင် သင့်လျော်လောက်ပြီလောဟု မေး၏- ရဟန်းငယ်သည် ဆိတ်ဆိတ်နေ၏။ မထေရ်သည် ဝီရိယကို ညီမျှစွာအားထုတ်၍ ဝေဒနာကမ္မဋ္ဌာန်းကို နှလုံးသွင်းတော်မူရာ

ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ဆိုက်ရောက်တော်မူသဖြင့် သမသီသိရဟန္တာ အဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသည်။

ဤအရာ၌ သမသီသီသည် ဇီဝိတသမသီသိဟုဆိုရပေမည်။ ဇီဝိတိန္ဒြေ ချုပ်သည်နှင့် ကိလေသာအလုံးစုံ ချုပ်ငြိမ်းခြင်းသည် (ဝေဒနာပါ အပါအဝင်ဖြစ်၏။) မရှေးမနှောင်း ဖြစ်၍ တစ်ပြိုင်နက်ချုပ်သကဲ့သို့ရှိသည်ကို ရည်ရွယ်၍ ဇီဝိတသမသီသိဟု ဆိုသည်။

ဝတ္ထုဟူသည်ကား

အထက်အဆိုပါမထေရ်အကြောင်း၌ ဝတ္ထုကိုအာရုံပြု၍ ဝေဒနာသည်သာအာရုံကို ခံစားသည်ဟူရာ ဝတ္ထုဟူသည် အဘယ်အရာပေနည်း။ ဝတ္ထု နာမ ကရဇကာယေ သော အတ္ထတော ဘူတာနိ စေဝ ဥပါဒါနိ စ– ဟူ၍ သက္ကပဉ္စသုတ် အဋ္ဌကထာ ရှိသော ကြောင့် ဝတ္ထုဟူသည် ဝေဒနာအစရှိသောနာမ်တရားတို့၏ မှီရာတည်ရာ ဘူတရုပ်နှင့် ဥပါဒါရုပ် တို့ပင်ဖြစ်သည်။ မထေရ်သည် ဤဝတ္ထုကား ရုပ်တရားတည်း။ ဝေဒနာကား နာမ်တရား တည်း။ ဝေဒနာဖြစ်သည်ဆိုလျှင် ဖဿ, သညာ, စေတနာ, ဝိညာဏ် တို့ သည်လည်း ယှဉ်ဖက်အားဖြင့်ပါဝင်ကြကုန်၏။ ဝတ္ထုရုပ်သည်ကား ရူပက္ခန္ဓာဖြစ်သည်။ ဝေဒနာ စသော နာမ်တရားတို့သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တည်းဟူသော နာမက္ခန္ဓာတို့ဖြစ်ကုန်၏။ နာမ်ရုပ်တို့မှ လွတ်သော ခန္ဓာငါးပါးဟူ၍ မရှိ၊ ခန္ဓာငါးပါးမှ လွတ်သော နာမ်ရုပ်ဟူ၍လည်းမရှိ။ မထေရ်သည် ဤခန္ဓာငါးပါး, ရုပ်နာမ် ၂–ပါးတို့သည် အဘယ်တရားလျှင် အကြောင်းအထောက်အပံ့ ရှိကြကုန်သနည်းဟု ဆင်ခြင်လျှင် အဝိဇ္ဇာတည်းဟူသောအကြောင်းကို မြင်ရာ၏၊ ထိုနောက်အကြောင်းဖြစ်သော အဝိဇ္ဇာကိုလည်း မြင်၏၊ အဝိဇ္ဇာ၏အကျိုးဖြစ်သော ရုပ်, နာမ်ခန္ဓာငါးပါးကိုလည်းမြင်၏။ ထိုရုပ်နာမ်တို့မှတစ်ပါး သတ္တဝါဟူသည် ပုဂ္ဂိုလ်ဟူသည် မရှိချေ၊ သက်သက် ရုပ်နာမ်ခန္ဓာ တည်းဟူသော သင်္ခါရ အစုအဝေးမျှသာ ဖြစ်ချေသည်၊ အကြောင်းနှင့်တကွဖြစ်သော နာမ်, ရုပ်တို့သာ ဖြစ်ချေသည်ဟူ၍ ဆင်ခြင်ကာ ယင်းနာမ်ရုပ်တို့သည် စင်စစ်မမြဲကြ။ မမြဲခြင်းဖြင့် နှိပ်စက်၍ စင်စစ်ဆင်းရဲခြင်း သဘောရှိ၏။ မြဲစေလိုသော ချမ်းသာစေလိုသော အလိုသို့ မပါမလိုက်၊ သူ့သဘာဝ အားဖြင့်သာလျှင် ဖောက်ပြန်ခြင်းသဘောရှိသည်ဖြစ်၍ အနတ္တဖြစ်သော ရုပ် နာမ် ခန္ဓာ တို့ပါတကားဟူ၍ ဝေဒနာနှင့်တကွ ဝေဒနာ၏ တည်ရာ မှီရာ ကရဇကာယ၌ လက္ခဏာရေးတင်၍ ဆင်ခြင်ပွားများခြင်းကြောင့် သမသီသိရဟန္တာအဖြစ်သို့ ရောက်တော်မူ သည်ဟု ဆိုရပေမည်။

စိတ္တလတောင်၌သီတင်းသုံးသောမထေရ်၏ ဝေဒနာနုပဿနာတရားကို ကြည့်ရှု လေ့လာကြသောယောဂီတို့သည် ထိုမထေရ်ကဲ့သို့ပင် အာသဝေါကုန်ငြိမ်းအောင် နည်း ယူကာ အားထုတ်ပွားများနိုင်ကြစေကုန်သတည်း။

## ဝေဒနာနုပဿနာနှင့် သာဓက

ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ်နှင့် မဇ္ဈိမနိကာယ်သတိပဋ္ဌာနသုတ် တို့၌လည်း ဝေဒနာက္ခန္ဓာစသော နာမ်တရားတို့၏တည်ရာ ဝတ္ထုဖြစ်သော ရူပကာယရုပ်ဝတ္ထုကို ဟောတော်မူပြီးနောက်မှ ဝေဒနာနုပဿနာ စသော နာမာနုပဿနာတရားကို ဟောတော်မူသည်။

ရဟန်းတို့- သာသနာတော်ထမ်း ရဟန်းသည် အဘယ်သို့လျှင် ဝေဒနာတို့၌ ဝေဒနာဟုရှုလေ့ရှိသည်ဖြစ်၍နေသနည်းဟူမူ- ဤငါဘုရား၏ သာသနာတော်၌ သာသနာဝန်ထမ်းဖြစ်သော ရဟန်းသည် သုခဝေဒနာကိုခံစားလျှင် ငါသည်သုခဝေဒနာကိုခံစားသည်ဟုသိ၏။ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း ဒုက္ခဝေဒနာကို ခံစားသည်ဟုသိ၏။ အဒုက္ခမသုခဝေဒနာကို ခံစားလျှင်လည်း အဒုက္ခမသုခဝေဒနာကို ခံစားသည်ဟုသိ၏။ ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံရှိသော သုခဝေဒနာကိုခံစားလျှင်လည်း ငါသည် ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံရှိသော သုခဝေဒနာကိုခံစားသည်ဟုသိ၏။ ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံကင်းသောသုခဝေဒနာကိုခံစားလျှင်မူလည်း ငါသည် ကာမဂုဏ် ငါးပါးတည်းဟူသော အာရုံကင်းသောသုခဝေဒနာကို ခံစားသည်ဟုသိ၏။

ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံရှိသော ဒုက္ခဝေဒနာကိုခံစားလျှင်လည်း ငါသည် ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံရှိသော ဒုက္ခဝေဒနာကို ခံစားသည်ဟုသိ၏။ ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံကင်းသောဒုက္ခဝေဒနာကို ခံစားလျှင်လည်း ငါသည် ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံကင်းသော ဒုက္ခဝေဒနာကို ခံစားသည်ဟုသိ၏။

ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံရှိသော အဒုက္ခမသုခဝေဒနာကို ခံစားလျှင်လည်း ငါသည် ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံရှိသော အဒုက္ခမသုခဝေဒနာကို ခံစားသည်ဟုသိ၏။ ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံကင်းသော အဒုက္ခမသုခဝေဒနာကို ခံစားလျှင်လည်း ငါသည် ကာမဂုဏ်ငါးပါးတည်းဟူသော အာရုံကင်းသော အဒုက္ခမသုခဝေဒနာကို ခံစားသည်ဟုသိ၏။

ဤသို့လျှင် အဇ္ဈတ္တသန္တာန်၌ဖြစ်ကုန်သော ဝေဒနာတို့ကို ဝေဒနာဟု ရှုသည်ဖြစ်၍နေ၏။ ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော ဝေဒနာတို့ကိုလည်း ဝေဒနာဟု ရှုသည်ဖြစ်၍နေ၏။ အဇ္ဈတ္တဗဟိဒ္ဓသန္တာန်တို့၌ဖြစ်ကုန်သောဝေဒနာတို့ကိုလည်း ဝေဒနာဟု ရှုသည်ဖြစ်၍နေ၏။

ဝေဒနာတို့၌ အဖြစ်ကိုရှုသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ အပျက်ကိုရှုသည်ဖြစ်၍နေ၏။ ဝေဒနာတို့၌ အဖြစ်အပျက်ကို ရှုသည်ဖြစ်၍နေ၏။ ဝေဒနာသာလျှင်ရှိ၏ဟူ၍ထင်သောသတိရှိ၏။ အသိဉာဏ်တိုးပွားခြင်းငှာ, သတိတိုးပွားခြင်းငှာ ဖြစ်၏၊ တဏှာဒိဋ္ဌိတို့ကို မမှီမူ၍နေ၏၊ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစ်စုံတစ်ခုသော

သဘောတရား ကိုမျှ ငါဟူ၍လည်းကောင်း, ငါ့ဥစ္စာဟူ၍လည်းကောင်း စွဲလမ်းမှုမရှိ။ ရဟန်းတို့- ဤသို့လျှင် သာသနာတော်ထမ်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာဟု ရှုသည်ဖြစ်၍နေရာ၏- ဟု ဟောတော်မူသည်။

* * * * * * *

# သိကြားမင်းအား ဝေဒနာကမ္မဋ္ဌာန်းဟောခြင်း

## ဒီဃနိကာယ်- သက္ကပဉှသုတ်

အခါတစ်ပါး၌ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်မှ အရှေ့အရပ်၌ အမ္ဗသဏ္ဍာ အမည်ရှိသော ဗြာဟ္မဏရွာရှိ၏၊ ထိုရွာမှ မြောက်အရပ်၌ ဝေဒိယကတောင်ရှိ၏၊ ထို ဝေဒိယကတောင်၌ ဣန္ဒသာလဟူ၍ ထင်ရှားသောလိုဏ်ဂူရှိ၏။ ဣန္ဒသာလလိုဏ်ဂူ၌ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ် သိကြားနတ်မင်းသည် တာဝတိံသာနတ်တို့ကိုခေါ်၍ ပဉ္စသိခနတ်သားကို ရှေ့ဆောင်ပြုလျက် "အချင်း ပဉ္စသိခ- နတ်အမတ်အပေါင်းနှင့်တကွ နတ်ပရိသတ်နှင့်တကွ သိကြားနတ်မင်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်း ညွှတ်လျှို့ ရှိခိုးပါကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားပါလေ"ဟု ပဉ္စသိခ နတ်သားကို လျှောက်ထားစေ၏။ သိကြားနတ်မင်း တိုက်တွန်းသည့်အတိုင်း ပဉ္စသိခ နတ်သားက မြတ်စွာဘုရားအား လျှောက်ထားသောအခါ နတ်အမတ်, နတ်ပရိသတ် နှင့်တကွ သိကြားနတ်မင်းသည် ချမ်းသာခြင်းရှိပါစေ၊ နတ်, လူ, အသူရာ, နဂါး, ဂန္ဓဗ္ဗ စသော သတ္တဝါအပေါင်းသည် ချမ်းသာခြင်းကိုအလိုရှိကြသည်မဟုတ်လော-ဟု မြတ်စွာဘုရားဆုပေးတော်မူပြီးမှ သိကြားနတ်မင်းသည် ဣန္ဒသာလလိုဏ်ဂူသို့ဝင်၍ မြတ်စွာဘုရားအား ရှိခိုးကာ သင့်တင့်ရာ၌ရပ်တည်ကာ နေလေသည်။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူသည်။ ပြုဖွယ်ကိစ္စများပြားသော, အသက်ရှည်လတ္တံ့သော ကောသိယအမည်ရှိသော အသင်သိကြားနတ်မင်းသည် ငါဘုရား ထံသို့ရောက်လာခြင်းသည် အံ့ဖွယ်ကောင်းလှသည်၊ ဖြစ်ခဲလှသည်-ဟု မိန့်တော်မူသည်။ မြတ်စွာဘုရား။ ကာလကြာမြင့်စွာကပင် မြတ်စွာဘုရားထံတော်သို့ လာရောက်ဖူးမြော်ရန် ဆန္ဒရှိပါသည်။ သို့ရာတွင် တာဝတိံသာနတ်တို့၏ အချို့အချို့သောကိစ္စတို့ဖြင့် အနှောင့်အယှက်ရှိနေသောကြောင့် မရောက်နိုင်ခြင်းဖြစ်ပါသည်။

မြတ်စွာဘုရား- အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့။ သလဠ မည်သောကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားအား ဖူးမြော်ရန် တပည့်တော် လာပါသည်။ ထိုအချိန်၌ မြတ်စွာဘုရားသည် တစ်ပါးပါးသော သမာဓိဖြင့် ကိန်းနေတော်မူ ပါသည်။ ဝေဿဝဏ္ဏနတ်မင်းကြီး၏ ခြေရင်းအလုပ်အကျွေးဖြစ်သော ဘူဇတိအမည်ရှိသော

**နတ်သမီးသည်** မြတ်စွာဘုရားအားလက်အုပ်ချီကာရှိခိုးလျက်ရှိနေပါသည်။ "**အို–ဘုဓေတိ၊ အမတ် တို့နှင့်တကွ နတ်ပရိသတ်နှင့်တကွ သိကြားနတ်မင်းသည် မြတ်စွာဘုရားအား ရှိခိုးသည့် အကြောင်း**"ကို လျှောက်ထားပါဟု တိုက်တွန်းရာ "**အရှင်သိကြားမင်း– ယခုအချိန်သည် မြတ်စွာဘုရားအားဖူးမြော်ရှိခိုးခြင်းငှာ အခါကာလမဟုတ်ပါ၊ မြတ်စွာ ဘုရားသည် ကိန်းအောင်းတော်မူနေပါသည်**"ဟု ပြောပါသည်။

"**အို–ဘုဓေတိ၊ သို့ဖြစ်လျှင် မြတ်စွာဘုရားကိန်းအောင်းတော်မူရာမှ ထတော်မူလျှင် နတ်အမတ်အပေါင်းနှင့်တကွ နတ်ပရိသတ်နှင့်တကွ သိကြားနတ်မင်း လာရောက်ရှိခိုး ကြောင်းကိုလျှောက်၍ ငါ၏ရှိခိုးခြင်းဖြင့် မြတ်စွာဘုရားအားရှိခိုးပါလေ**"ဟု မှာကြားခဲ့ ပါသည်။ "မြတ်စွာဘုရား– ဘုဓေတိအမည်ရှိသောနမသည် တပည့်တော်၏ကိုယ်စား ရှိခိုးပါ၏လော၊ ဘုဓေတိအမည်ရှိသော နမရှိခိုးသည်ကို မြတ်စွာဘုရား သတိရတော်မူပါ ၏လော"ဟု လျှောက်၏။ သိကြားနတ်မင်း– ဘုဓေတိအမည်ရှိသော နတ်သမီးသည် ငါ ဘုရားကိုရှိခိုးပေသည်၊ ထိုနတ်သမီးလျှောက်သောစကားကိုလည်းသတိရပါသည်။ **စင်စစ် မူကား** ထိုအချိန်၌ သင်သိကြားနတ်မင်း၏ ရထားအကွပ်သံဖြင့် သမာပတ်မှ ထပေပြီ။

**စကားညှပ်။** ။ ဘုဓေတိအမည်ရှိသော နတ်သမီးသည် သကဒါဂါမိဖိုလ်သို့ရောက်သူ ဖြစ်၍ နတ်ပြည်၌ ပျော်မွေ့ခြင်းမရှိသောကြောင့် အမြဲသာလျှင် မြတ်စွာဘုရားထံ လာရောက်ရှိခိုးနေသည်ဟု အဆိုရှိသည်။

မြတ်စွာဘုရား– ဘုရားတပည့်တော်၏အလျင် တာဝတိံသာနတ်ပြည်၌ ဖြစ်ကြ ကုန်သော နတ်တို့အထံမှ မျက်မှောက်ကြားသိရဖူးသည်မှာ အကြင်အခါ လောက၌ ကိလေသာကို ပယ်သတ်တော်မူပြီးကုန်သော သစ္စာလေးပါးတရားကို ကောင်းစွာ ကိုယ်တော်တိုင်သိတော်မူကုန်သော မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူကြကုန်၏။ ထိုအခါ တာဝတိံသာနတ်အပေါင်းတို့သည် ပြည့်ကုန်၏၊ အသုရာတို့သည် ဆုတ်ယုတ်ကုန်၏ဟု ကြားရ,မှတ်ရဖူးပါသည်။ ထိုစကား၏ သာဓကေယုတ္တိကို ယခု ဒိဋ္ဌတွေ့ရှိရပါသည်ဟု လျှောက်လေသည်။

## ဂေါပကနတ်သားနှင့် ဂန္ဓဗ္ဗနတ် ၃–ယောက်

မြတ်စွာဘုရား– ဤကပိလဝတ်မြို့၌ပင်လျှင် ဂေါပိကာအမည်ရှိသော သာကီဝင် မင်းသမီးသည် ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌ ကြည်ညိုသည်ဖြစ်၍ သီလတို့ ၌လည်း ပြည့်ကျင့်လေ့ရှိပါသည်။ ထိုဂေါပိကာမင်းသမီးသည် မိန်းမအဖြစ်ကို စိတ်ဖြင့်ပယ်၍ ယောကျာ်းအဖြစ်ကို ပွားများပါသည်။ လူ့အဖြစ်မှ စုတိကွယ်လွန်ခဲ့ပြီးကာလ တာဝတိံသာ နတ်ပြည်၌ တပည့်တော်၏ သားအဖြစ်ဖြင့် လာရောက်ဖြစ်ပါသည်။ ထိုနတ်သားကို တာဝတိံသာနတ်တို့သည် ဂေါပကနတ်သားဟူ၍ ထင်ရှားစွာသိကြပါသည်။

ထို့ပြင် မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်သောရဟန်းဖြစ်ခဲ့ကြကုန်သော ရဟန်းသုံးပါးတို့သည် တာဝတိံသာနတ်တို့အောက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုးတို့၌

ဖြစ်ကြပါသည်။ ထိုဂန္ဓဗ္ဗနတ်တို့သည် ကာမဂုဏ်ငါးပါးတို့နှင့် ပြည့်စုံစပယ်ကြကုန်သည် ဖြစ်၍ အတီးအမှုတ် အကအဆိုတို့ဖြင့် တပည့်တော်တို့အား ဖျော်ဖြေခြင်းငှာ ရောက်လာကြပါသည်၊ ထိုဂန္ဓဗ္ဗနတ် ၃-ယောက်တို့ကို ဂေါပကနတ်သားသည် မှတ်မိသိရှိ၍ အပြစ်တင်ပါသည်။ အချင်းနတ်တို့- သင်တို့သည် ရဟန်းဖြစ်ခဲ့ကြပါလျက် မြတ်စွာဘုရား၏ တရားတော်ကို မကြားကြသလော၊ စိတ်တည်းဟူသော မျက်နှာကို အဘယ်သို့ လွှဲထားကြသနည်း။ ကျွန်ုပ်သည် မိန်းမဖြစ်လျက် ရတနာသုံးပါးတို့၌ ကြည်ညို၍ သီလတို့၌လည်း ပြည့်ကျင့်လေ့ရှိသည်ဖြစ်၍ မိန်းမအဖြစ်ကို စိတ်ဖြင့်ပယ်၍ ယောကျ်ားအဖြစ်ကို ပွားသဖြင့် ယခုတာဝတိံသာနတ်ပြည်၌ ဂေါပကအမည်ဖြင့် သိကြားနတ်မင်း၏သားဖြစ်တုံသေး၏။ အချင်းနတ်တို့- အသင်တို့သည် ရဟန်းဖြစ်ခဲ့ကြပါလျက် အဘယ့်ကြောင့် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုးတို့၌ ဖြစ်ကြပါသနည်းဟု အပြစ်တင်လေသည်။

မြတ်စွာဘုရား၏ သာသနာတော်၌ ကောင်းမှုပြုဖက်ဖြစ်ကြသော အသင်တို့ကို ယခုကဲ့သို့ ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုးတို့၌ ဖြစ်သည်ကို မြင်ရခြင်းသည် မမြင်အပ်။ မမြင်လိုသော အာရုံကို မြင်ရပေစွတကားဟုဆိုလျှင် ဂန္ဓဗ္ဗနတ်သား ၃-ယောက်တို့တွင် ၂-ယောက်သော ဂန္ဓဗ္ဗနတ်တို့သည် ဂေါပကနတ်သား အပြစ်တင်ပြောဆိုသည်ကိုကြားကာ သတိရကြသည်ဖြစ်၍ ရဟန်းဖြစ်စဉ်ကရရှိခဲ့သော ပထမဈာန်ကိုပြန်၍ အာရုံပြုလျက် ထိုပထမဈာန်ကို အခြေခံပြုပြီးလျှင် ဝိပဿနာကို ဆင်ခြင်ပွားများကြရာ ဤတာဝတိံသာ နတ်တို့၏ မျက်မှောက်၌ပင်လျှင် အနာဂါမိဖိုလ်တိုင်အောင် တရားပေါက်ကြကုန်၏။ အနာဂါမိဖိုလ်သို့ရောက်သော ခဏ၌ပင် ဂန္ဓဗ္ဗနတ်ဘဝမှ စုတေ၍ ဗြဟ္မပုရောဟိတာ ဗြဟ္မာအဖြစ်သို့ ရောက်ကြသည်ဖြစ်၍ သုဒ္ဓါဝါသအဝိဟာဘုံသို့ ရောက်ကြပါသည်။ မြတ်စွာဘုရား- ဂန္ဓဗ္ဗနတ်တစ်ယောက်မှာမူကား ကာမဘုံ၌သာလျှင် ပျော်မွေ့၍နေပါသည်ဟု လျှောက်သည်။

ဂေါပကနတ်သားသည် ဂေါပိကာမင်းသမီး ဖြစ်စဉ်အခါက, ထို ဂန္ဓဗ္ဗနတ် ၃-ယောက်တို့ကို ရဟန်းအဖြစ်ဖြင့် ဆွမ်း, အဖျော်, ယမကာတို့ကို လှူဒါန်းဖူးသည်ဖြစ်၍ ရဟန်းဖြစ်ခဲ့ကြပါလျက် အဘယ့်ကြောင့် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုးတို့၌ ဖြစ်ကြပါသလဲဟု ဝမ်းနည်းစွာ အပြစ်တင်ခြင်းဖြစ်သည်။ ထိုရဟန်း ၃-ပါးတို့သည် နောက်ဘဝက ဂန္ဓဗ္ဗ နတ်မျိုး၌ ဖြစ်ခဲ့ကြဖူးရာ နိကန္တိ အစွဲအလမ်းကြောင့် ဂန္ဓဗ္ဗနတ်မျိုး၌ တစ်ဖန်ဖြစ်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ဂေါပကနတ်သားနှင့် ဂန္ဓဗ္ဗနတ် ၃-ယောက် (နောက် ဗြဟ္မာ ၂-ယောက်ဖြစ်ကြကုန်သောပုဂ္ဂိုလ်)တို့ကို မျက်မှောက်တွေ့ရှိရသဖြင့် ရှေးရှေးတာဝတိံသာနတ်တို့ ပြောကြသော "လောက၌ ဘုရားပွင့်တော်မူသောအခါ တာဝတိံသာနတ်ပြည်၌ နတ်တွေပြည့်၍ အသူရာတို့၌ ယုတ်လျော့ကြသည်"ဟူသောစကားသည် ယုံမှားဖွယ်မရှိပါဟု လျှောက်ပြီး ကာလ၊ မြတ်စွာဘုရား- ထိုဗြဟ္မာတို့ ရကြ ရောက်ကြသော တရားထူးကို ရလို ရောက်လိုသည်ဖြစ်၍ တပည့်တော်များသည် မြတ်စွာဘုရားခြေတော်ရင်းသို့ ဆည်းကပ် လာရောက်ခြင်း ဖြစ်ကြပါသည်၊ မြတ်စွာဘုရားခွင့်ပြုတော်မူလျှင် ပြဿနာမေးလျှောက်ကြပါကုန်အံ့ ဘုရား။

## သိကြားအမေးနှင့် ဘုရားအဖြေ

"အချင်း ဝါသဝ-- အလိုရှိသော ပြဿနာကို မေးလော၊ ငါကျေလည်အောင် ဖြေကြားအံ့"ဟု ခွင့်ပြုတော်မူသည်ဖြစ်၍ အောက်ပါပုစ္ဆာပြဿနာတို့ကို မေးလျှောက်လေသည်။

**၁။ သိကြားမေး။** ။ မြတ်စွာဘုရား-- နတ်, လူ, အသုရာ, နဂါး, ဂန္ဓဗ္ဗတို့သည်လည်းကောင်း၊ အခြားများစွာကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ အမျက်မရှိကြကုန်သည်ဖြစ်၍၊ ဘေးဒဏ် မရှိကြကုန်သည်ဖြစ်၍၊ ဆန့်ကျင်ဘက်ရန်သူမရှိကြကုန်သည်ဖြစ်၍၊ ပူပန်ကြောင့်ကြ မရှိကြကုန်သည်ဖြစ်၍၊ နီးသောရန်သူမရှိကြကုန်သည်ဖြစ်၍ အေးချမ်းစွာ နေလိုကြပါသည်။ ယင်းသို့ အေးချမ်းစွာ နေလိုကြသော်လည်း စင်စစ်မူကား အမျက်ရှိသည်ဖြစ်၍၊ ဘေးဒဏ်ရှိသည်ဖြစ်၍၊ ဆန့်ကျင်ဘက်ရန်သူရှိသည်ဖြစ်၍၊ ကြောင့်ကြရှိသည်ဖြစ်၍၊ နီးသောရန်သူရှိသည်ဖြစ်၍ သာလျှင် နေကြရပါသည်။ ဤသို့ဖြစ်ခြင်းသည် အဘယ် သံယောဇဉ်အနှောင်အဖွဲ့တို့ကြောင့် ဤသို့ဖြစ်ကြပါကုန်သနည်း- ဟု မေးလျှောက်လေသည်။

**ဘုရားဖြေ။** ။ သိကြားမင်း-- ဣဿာ, မစ္ဆရိယ သံယောဇဉ်ရှိကြသောကြောင့် ဤသို့ဖြစ်သည်- ဟု ဖြေတော်မူသည်။

သိကြားမင်းသည် မြတ်စွာဘုရားအဖြေကို ကြားနာရသောအခါ ဝမ်းမြောက်သောစိတ်, နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားဖြေကြားတော်မူတိုင်း ဟုတ်မှန်ပါပေသည်။ ဤပြဿနာ၌ တပည့်တော်သည် ယုံမှားသံသယမှလွန်မြောက်၍ သံသယ ကင်းပါပြီ- ဟု လျှောက်၏။

**၂။ မေး။** ။ မြတ်စွာဘုရား-- ဣဿာ,မစ္ဆရိယ ဖြစ်ကြောင်းတရားကား အဘယ်တရားပါနည်း၊ အဘယ်တရားဖြစ်လျှင် ဣဿာမစ္ဆရိယ ဖြစ်ပါသနည်း၊ အဘယ်တရားမဖြစ်ပေါ်လျှင် ဣဿာမစ္ဆရိယ မဖြစ်ပါသနည်း။

**ဖြေ။** ။ သိကြားမင်း-- ပိယာပိယ = ချစ်ခြင်း မုန်းခြင်းသည် ဣဿာ, မစ္ဆရိယဖြစ်ကြောင်းဖြစ်၏၊ ပိယာပိယ = ချစ်ခြင်း မုန်းခြင်း မရှိလျှင် ဣဿာ, မစ္ဆရိယ မဖြစ်ချေ- ဟု ဖြေတော်မူသည်။

**၃။ မေး။** ။ ချစ်ခြင်း မုန်းခြင်း= ပိယာပိယ၏ အကြောင်းတရားကား အဘယ်ပါနည်း၊ အဘယ်တရားဖြစ်ပေါ်လျှင် ပိယာပိယ ဖြစ်ပါသနည်း၊ အဘယ်တရားမဖြစ်လျှင် ပိယာပိယ မဖြစ်ပါသနည်း။

**ဖြေ။** ။ ဆန္ဒသည် ချစ်ခြင်း မုန်းခြင်း = ပိယာပိယ၏အကြောင်းဖြစ်၏။ ဆန္ဒဖြစ်လျှင် ချစ်ခြင်း မုန်းခြင်းဖြစ်၏၊ ဆန္ဒမဖြစ်လျှင် ချစ်ခြင်း မုန်းခြင်း မဖြစ်။

၄။ မေး။ ။ ဆန္ဒဖြစ်ခြင်း၏ အကြောင်းတရားကား အဘယ်တရား ပါနည်း၊ အဘယ်တရားဖြစ်လျှင် ဆန္ဒဖြစ်ပါသနည်း၊ အဘယ်တရား မဖြစ်လျှင် ဆန္ဒ မဖြစ်ပါသနည်း။

ဖြေ။ ။ ဝိတက်သည် ဆန္ဒဖြစ်ခြင်း၏အကြောင်းဖြစ်၏။ ဝိတက် ဖြစ်လျှင် ဆန္ဒဖြစ်၏၊ ဝိတက်မဖြစ်လျှင် ဆန္ဒ မဖြစ်။

၅။ မေး။ ။ ဝိတက်ဖြစ်ခြင်း၏ အကြောင်းတရားကား အဘယ်တရား ပါနည်း၊ အဘယ်တရားဖြစ်လျှင်ဝိတက်ဖြစ်ပါသနည်း၊ အဘယ်တရားမဖြစ်လျှင် ဝိတက်မဖြစ်ပါသနည်း။

ဖြေ။ ။ ပပဉ္စသညာအစုသည် ဝိတက်၏ ဖြစ်ကြောင်းတရားဖြစ်၏၊ ပပဉ္စသညာအစုဖြစ်လျှင် ဝိတက်ဖြစ်၏။ ပပဉ္စသညာအစု မဖြစ်လျှင် ဝိတက်မဖြစ်။

၆။ မေး။ ။ အဘယ်ကဲ့သို့ကျင့်ကြံအားထုတ်သောရဟန်းသည် ပပဉ္စ သညာ ချုပ်ငြိမ်းခြင်းအားလျော်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို အားထုတ်ကျင့်ကြံသည်မည်ပါသနည်း။

## ဝေဒနာကမ္မဋ္ဌာန်း

ဖြေ။ ။ သိကြားမင်း-- ငါဘုရားသည် သောမနဿဝေဒနာကို လည်း မှီဝဲအပ်သော သောမနဿဝေဒနာ, မမှီဝဲအပ်သော သောမနဿဝေဒနာအားဖြင့် ၂-ပါးအပြားရှိ၏ဟူ၍ဟောတော်မူသည်။ ထို့အတူ ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ်သော ဒေါမနဿဝေဒနာ, မမှီဝဲအပ်သော ဒေါမနဿဝေဒနာ အားဖြင့် ၂-ပါးအပြားရှိ၏ဟူ၍ ဟောတော်မူသည်။ ဥပေက္ခာဝေဒနာ ကိုလည်း မှီဝဲအပ်သောဥပေက္ခာဝေဒနာ, မမှီဝဲအပ်သော ဥပေက္ခာဝေဒနာအားဖြင့် ၂-ပါး အပြားရှိ၏ဟူ၍ ဟောတော်မူသည်။

သိကြားမင်း-- သောမနဿဝေဒနာကိုလည်း မှီဝဲအပ်သော သောမနဿဝေဒနာ, မမှီဝဲအပ်သော သောမနဿဝေဒနာအားဖြင့် ၂-ပါးအပြားရှိ၏ဟူ၍ ငါဘုရား ဟောတော် မူသည်မှာ အဘယ်ကို အကြောင်းပြု၍ ဟောတော်မူသနည်းဟူမူ. ပြဆိုအပ်ပြီးသော သောမနဿ ၂-ပါးတို့တွင် ဤသောမနဿကို မှီဝဲသော ငါ့အား အကုသိုလ်တရားများ တိုးပွားကုန်၏၊ ကုသိုလ်တရားများဆုတ်ယုတ်ကုန်၏ဟုသိ၏၊ ဤသို့သော သောမနဿကို မမှီဝဲအပ်။ ဤသို့သော သောမနဿကိုမှီဝဲသောငါ့အား အကုသိုလ်တရားများ ဆုတ်ယုတ် ကုန်၏၊ ကုသိုလ်တရားများ တိုးပွားကုန်၏ဟုသိ၏၊ ဤသို့သော သောမနဿကို မှီဝဲ အပ်၏။ အကြင် သောမနဿသည် သဝိတက္က သဝိစာရနှင့်တကွ ဖြစ်၏၊ အကြင် သောမနဿသည်ကား အဝိတက္က အဝိစာရနှင့်တကွ ဖြစ်၏။ ထို ၂-ပါးတို့တွင် အဝိတက္က အဝိစာရ သောမနဿသည် မြတ်၏ (မြတ်သော သောမနဿကိုမှီဝဲအပ်၏)

ဟု ဟောတော်မူလိုသည်။ မှိဝဲအပ်သော သောမနဿ, မမှီဝဲအပ်သော သောမနဿအားဖြင့် ၂-ပါးရှိသည်ဟု ငါဘုရားဟောတော်မူခြင်းသည် ဤအကြောင်းကိုစွဲ၍ (အကြောင်းပြု၍) ဟောတော်မူခြင်းဖြစ်သည်။

ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့ကိုလည်း သောမနဿဝေဒနာကဲ့သို့ပင် ဟောတော့်မူသည်။

သိကြားမင်း-- ဤသို့ တရားကို အားထုတ်ကျင့်ကြံသောရဟန်းသည် ပပဉ္စသညာ အစု ငြိမ်းခြင်းအားလျော်သော နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်၏ဟု ဟောတော်မူကာ သိကြားနတ်မင်း၏အမေးပြဿနာကို ဖြေကြားတော်မူသည်။ သိကြားနတ်မင်းသည် မြတ်စွာဘုရား ဖြေဆိုဟောကြားတော်မူသည်ကို နှစ်သက်ဝမ်းမြောက်၍ မြတ်စွာဘုရား- မိန့်တော်မူသည်မှာ "ဟုတ်မှန်ပါပေသည်၊ မြတ်စွာဘုရား၏အဖြေတရားကို ကြားနာရ၍ ဤပြဿနာ၌ တပည့်တော် ယုံမှားသံသယဖြစ်ခြင်း, သို့လော သို့လော ဖြစ်ခြင်းတို့သည် ကင်းပျောက်သွားပါပြီဟု လျှောက်ထားလေသည်။

ထို့နောက် သိကြားနတ်မင်းသည် ပါတိမောက္ခ သံဝရ သီလ, ဣန္ဒြိယ သံဝရ သီလတို့ကို ဆက်လက်မေးလျှောက်သေး၏။ ဤကမ္မဋ္ဌာန်းကျမ်းစာ၌ ဝေဒနာကမ္မဋ္ဌာန်းကိုသာပြလို၍ သီလနှင့်စပ်သော အမေးအဖြေတို့ကို မပြတော့ပြီ။ ဣန္ဒြိယသံဝရသီလ အဖြေကို ကြားနာပြီးကာလ သိကြားမင်းသည် သောတာပန်အဖြစ်သို့ ရောက်ကြောင်းကို လျှောက်ကြားသည်။

## သိကြားမင်း ဝမ်းမြောက်ခြင်း

သိကြားမင်း-- သင်သည် ယခင်က ဤကဲ့သို့သော နှစ်သက်ဝမ်းမြောက်ခြင်းမျိုး ဖြစ်ခဲ့ဖူးသည်ကို သိရှိပါသလောဟု မြတ်စွာဘုရားက မေးတော်မူရာ၊ မြတ်စွာဘုရား-- ယခင်ကလည်း ယခုကဲ့သို့သော ဝမ်းမြောက်ခြင်းမျိုး ဖြစ်ခဲ့ရဖူးပါသည်ဟု လျှောက်သည်။ အဘယ်အခါက ဖြစ်ခဲ့ဖူးပါသလဲဟု ဆက်လက်၍ မေးရာ ရှေးအခါက တာဝတိံသာ နတ်တို့နှင့် အသုရာနတ်တို့ စစ်ထိုးကြရာ တာဝတိံသာနတ်တို့က အောင်နိုင်ကြပါသည်။ ထိုအခါ တာဝတိံသာနတ်တို့သည် တာဝတိံသာနတ်ဩဇာ, အသုရာနတ်ဩဇာ ၂-မျိုးလုံးကိုပင် စားသုံးကြရလိမ့်မည်ဟု အကြံဖြစ်၍ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ဖူးပါသည်။

## ဝမ်းမြောက်ကြောင်း ၂-မျိုးခြားနားပုံ

ထိုသို့ စစ်နိုင်သောအခါဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်းသည် ပုတ်ခတ်ခြင်းနှင့်တကွဖြစ်ပါသည်၊ လက်နက်နှင့်တကွဖြစ်ပါသည်။ ငြီးငွေ့ခြင်းငှာမဖြစ်ပါ၊ ရာဂကင်းခြင်းငှာ မဖြစ်ပါ၊ ရာဂချုပ်ငြိမ်းခြင်းငှာ မဖြစ်ပါ။ မြတ်စွာဘုရား၏ တရားစကားတော်ကို ကြားနာရ၍ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းတို့ဖြစ်သည်မှာမူကား ပုတ်ခတ်ခြင်းနှင့်တကွ မဖြစ်ပါ၊ လက်နက်နှင့်တကွ မဖြစ်ပါ။ စင်စစ် ငြီးငွေ့ခြင်းငှာဖြစ်ပါသည်၊ ရာဂကင်းခြင်းငှာ ဖြစ်ပါသည်။ ရာဂချုပ်ငြိမ်းခြင်းငှာဖြစ်ပါသည်။ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ ဝင်္ဂဆင်းရဲ၌

အိပ်ပျော်ခြင်းမှ နိုးခြင်းငှာ နိဗ္ဗာန်အကျိုးငှာ ဖြစ်ပါသည်ဟု လျှောက်လေသည်။

မြတ်စွာဘုရားသည် သိကြားမင်း၏ အမေးပြဿနာကို ဖြေကြားတော်မူပြီးနောက် ဝေဒနာကမ္မဋ္ဌာန်းကို ဆက်လက်ဟောကြားတော်မူရာ နတ်မင်းသည် သတ္တကွတ္တု ပရမ သောတာပန်အဖြစ်သို့ရောက်လေသည်။ နတ်တို့သည် ဝတ္ထုရုပ် နူးညံ့သိမ်မွေ့သန့်ရှင်းကြသည်ဖြစ်၍ ထိုဝတ္ထုရုပ်၌မှီသော စိတ်, စေတသိက်ပညိန္ဒြေတို့သည် ကြည်လင်ထက်မြက်ကြသည် ဖြစ်သောကြောင့် အရူပကမ္မဋ္ဌာန်းဖြစ်သော ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော်မူသည်ကို ကြားနာကြရလျှင် ဉာဏ်အမြင်ပေါက်၍ သိကြားနတ်မင်းနှင့်တကွ နတ်ပရိသတ်တို့သည် သောတာပန်အဖြစ်သို့ရောက်ကုန်သည်။

သိကြားမင်း မေးလျှောက်သော ၁၄–ချက်သောပြဿနာတို့တွင် ၅–ချက်မြောက် ပပဉ္စပြဿနာအဖြေကိုကြားနာပြီးအဆုံး၌ သိကြားမင်းသည်သောတာပန်ဖြစ်၍ မြတ်စွာဘုရား၏ ရှေ့တော်၌ပင် သိကြားအဖြစ်မှ စုတေ၍ တစ်ဖန် သိကြားနတ်မင်းပြန်ဖြစ်သည်။ ယင်းသို့စုတေ၍ ချက်ချင်းပြန်ဖြစ်သည်ကို ဘုရားရှင်နှင့် သိကြားသာ သိလိုက်သည်။ သိကြားနတ်မင်းလည်း ပြန်ဖြစ်သည်၊ သောတာပန်လည်း ဖြစ်သည် ဖြစ်သောကြောင့် သိကြားမင်း ဝမ်းမြောက်နှစ်သက်ခြင်းဖြစ်သည်။

## သလ္လသုတ်– ဝေဒနာကမ္မဋ္ဌာန်း

ရဟန်းတို့–– အကြားအမြင်နည်းပါးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် (၁) သုခဝေဒနာကို ခံစား၏၊ (၂) ဒုက္ခဝေဒနာကို ခံစား၏၊ (၃) အဒုက္ခမသုခဝေဒနာကိုလည်း ခံစား၏။

ရဟန်းတို့–– အကြားအမြင်များသော အရိယာပုဂ္ဂိုလ်သည် (၁) သုခဝေဒနာကို ခံစား၏၊ (၂) ဒုက္ခဝေဒနာကို ခံစား၏၊ (၃) အဒုက္ခမသုခဝေဒနာကိုလည်း ခံစား၏။

ရဟန်းတို့–– ဝေဒနာသုံးပါးကို အတူခံစားကြသော ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်တို့သည် အဘယ်သို့ ထူးခြားကြသနည်း၊ အဘယ်ကဲ့သို့ ကွဲပြားကြသနည်း ထူးခြားသောအကြောင်းကား အဘယ်သို့နည်းဟု မေးတော်မူပြီးကာလ ဖြေကြားတော်မူသည်မှာ–––။

ရဟန်းတို့–– အကြားအမြင်နည်းပါးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာနှင့် တွေ့ထိသည်ရှိသော် စိုးရိမ်၏၊ ပင်ပန်းခြင်းဖြစ်၏၊ ငိုကြွေး၏၊ ရင်ထုလျက် မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်းသို့ရောက်၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ကာယိကဒုက္ခဝေဒနာ, စေတသိက ဒုက္ခဝေဒနာဟုဆိုအပ်သော ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း ဝေဒနာ ၂–ပါးကို ခံစားရပေသည်။ ရဟန်းတို့–– ဥပမာမှုကား– ယောကျ်ားတစ်ယောက်ကို ပထမအကြိမ် ငြောင့်စူးမိ၏၊ တစ်ဖန် ထိုယောကျ်ားကိုပင် ဒုတိယအကြိမ် ထပ်၍ ငြောင့်စူးဘိသကဲ့သို့၊ ထို့အတူသာလျှင် အကြားအမြင်နည်းသောပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာနှင့်တွေ့ထိသည်ရှိသော် စိုးရိမ်၏၊ ပင်ပန်းခြင်းဖြစ်၏၊ ငိုကြွေး၏၊ ရင်ထုလျက် မြည်တမ်း၏၊ ပြင်းစွာ

တွေ့ဝေခြင်းသို့ရောက်၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ကာယိကဒုက္ခဝေဒနာ, စေတသိက ဒုက္ခဝေဒနာဟုဆိုအပ်သော ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း ၂-ပါးကို ခံစားရ ပေသည်။

ဒုက္ခဝေဒနာနှင့်တွေ့ထိသောပုထုဇဉ်ပုဂ္ဂိုလ်သည် အမျက်ဒေါသထွက်၏။ ဒုက္ခဝေဒနာကြောင့်ဖြစ်သော အမျက်ထွက်ခြင်းဟုဆိုအပ်သော ပဋိဃာနုသယသည် ထိုပုဂ္ဂိုလ်သန္တာန်၌ကိန်း၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာနှင့်တွေ့ထိသည်ဖြစ်၍ ကာမသုခကို နှစ်သက်တောင့်တ၏။ ယင်းသို့ကာမသုခကို နှစ်သက်တောင့်တခြင်းသည် အဘယ့်ကြောင့်ဟူမူ အကြားအမြင်မရှိသော ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ကာမသုခမှတစ်ပါး ဒုက္ခဝေဒနာမှ လွတ် မြောက်ကြောင်းတရားကို မသိမမြင်သောကြောင့်ဖြစ်၏။ ကာမသုခကို နှစ်သက် တောင့်တ ခြင်းကြောင့်ဖြစ်သော ရာဂါနုသယသည် ထိုပုထုဇဉ်ပုဂ္ဂိုလ်သန္တာန်၌ ကိန်း၏။

ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ထိုဝေဒနာတို့၏ အကြောင်းတရားကို လည်းကောင်း၊ ချုပ်ငြိမ်းခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ဒေါသကို လည်း ကောင်း၊ လွတ်မြောက်ခြင်းကို လည်းကောင်း ဟုတ်မှန်သောအတိုင်း မသိမမြင်ချေ။ သို့ မသိမမြင်ခြင်းကြောင့် အဒုက္ခမသုခဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် ထိုပုဂ္ဂိုလ်၏သန္တာန်၌ကိန်း၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် သုခဝေဒနာကို ခံစားသည်ဖြစ်အံ့၊ ကိလေသာနှင့်ယှဉ်သည်ဖြစ်၍ ဝေဒနာကို ခံစား၏။ ဒုက္ခဝေဒနာ, အဒုက္ခမ သုခဝေဒနာတို့ကို ခံစားသည်ဖြစ်အံ့၊ ကိလေသာနှင့်ယှဉ်သည်ဖြစ်၍ သာလျှင်ခံစား၏။ ရဟန်းတို့-- ကိလေသာနှင့် ယှဉ်သည်ဖြစ်၍ ဝေဒနာကို ခံစားသော ထိုပုထုဇဉ်ပုဂ္ဂိုလ်ကို ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့နှင့် ယှဉ်သောသူဟူ၍ ဆိုအပ်၏။ ဒုက္ခနှင့်ယှဉ်သောသူဟူ၍ ဆိုအပ်၏- ဟု ဟောတော်မူသည်။

ရဟန်းတို့-- အကြားအမြင်ရှိသော အရိယာပုဂ္ဂိုလ်သည်ကား ဒုက္ခဝေဒနာနှင့် တွေ့ထိသည်ရှိသော် စိုးရိမ်ခြင်းမဖြစ်၊ ပင်ပန်းခြင်းမဖြစ်၊ ငိုကြွေးခြင်းမဖြစ်၊ ရင်ထုလျက် မြည်တမ်းခြင်းမဖြစ်၊ ပြင်းစွာတွေဝေခြင်းမဖြစ်။ ထိုအရိယာ ပုဂ္ဂိုလ်သည် တစ်ခုသော ကာယိကဒုက္ခဝေဒနာကိုသာ ခံစားရ၏၊ စေတသိကဒုက္ခဝေဒနာကိုမခံစားရ။ ရဟန်းတို့-- ဥပမာမူကား - တစ်ခုသော ငြောင့်ဖြင့်သာ အစူးခံရသော ယောက်ျားသည် နှစ်ခုမြောက် ငြောင့်ဖြင့် အစူးမခံရသကဲ့သို့တည်း။ ကာယိကဒုက္ခဝေဒနာ ဟစ်ပါးကိုသာ ခံစားရသည်၊ စေတသိကဒုက္ခဝေဒနာကို မခံစားရပေ။ အဘယ်ကြောင့်နည်းဟူမူ ဒုက္ခဝေဒနာနှင့်တွေ့ထိ သော်လည်း သောက, ပရိဒေဝ စသည်တို့ မဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အရိယာပုဂ္ဂိုလ်၏ သန္တာန်၌ ဒုက္ခဝေဒနာနှင့်တွေ့ထိသော်လည်း အမျက်ထွက်ခြင်းမဖြစ်။ အမျက်ထွက်ခြင်းကြောင့်ဖြစ်သော ပဋိဃာနုသယသည် အရိယာ ပုဂ္ဂိုလ်သန္တာန်၌ ကိန်းခြင်းမရှိ။ အရိယာပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာနှင့် တွေ့ထိသော်လည်း ကာမသုခကို နှစ်သက်တောင့်တခြင်းမရှိ။ ဘာကြောင့်နည်းဟူမူ အရိယာပုဂ္ဂိုလ်သည် ကာမသုခမှတစ်ပါး ဒုက္ခဝေဒနာမှလွတ်မြောက်ကြောင်းတရားရှိသည်ဟူ၍ သိသောကြောင့် တည်း။ ကာမသုခကို နှစ်သက်တောင့်တခြင်းမရှိသော အရိယာပုဂ္ဂိုလ်သန္တာန်၌ ကာမသုခ

ကြောင့် ဖြစ်သော ရာဂါနုသယကိန်းခြင်းမရှိ။ အရိယာပုဂ္ဂိုလ်သည် ထိုဝေဒနာတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာခြင်း၊ အပြစ်ရှိခြင်း၊ ထွက်မြောက်ခြင်းတို့ကို ဟုတ်မှန်သော အတိုင်း သိမြင်၏။ ယင်းသို့သိမြင်ခြင်းကြောင့် အဒုက္ခမသုခဝေဒနာကြောင့် ဖြစ်သော အဝိဇ္ဇာနုသယကိန်းခြင်း မရှိတော့ချေ။

ထိုအရိယာပုဂ္ဂိုလ်သည် သုခဝေဒနာကိုခံစားသည်ဖြစ်အံ့၊ ကိလေသာနှင့် မယှဉ်မူ၍ သာလျှင် ခံစား၏။ ဒုက္ခဝေဒနာကို ခံစားသည်ဖြစ်အံ့၊ ကိလေသာနှင့်မယှဉ်မူ၍သာလျှင် ခံစား၏။ အဒုက္ခမသုခဝေဒနာကို ခံစားသည်ဖြစ်အံ့၊ ကိလေသာနှင့်မယှဉ်မူ၍သာလျှင် ခံစား၏။ ရဟန်းတို -- ဤအရိယာ ပုဂ္ဂိုလ်ကို ဇာတိ,ဇရာ, မရဏ,သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့နှင့် မယှဉ်သောသူဟူ၍၊ ဒုက္ခနှင့်မယှဉ်သောသူဟူ၍ ငါဘုရား ဟောတော်မူသည်။

ရဟန်းတို့ -- ဤသို့လျှင် ဝေဒနာကိုခံစားချင်းတူသော ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်တို့၏အထူးဖြစ်သည်၊ ကွဲပြားခြားနားခြင်း ဖြစ်သည်။ အထူးထူးသော အကြောင်းတို့ ဖြစ်ပေသည်- ဟု ဟောတော်မူကာ ဤဒေသနာတော်ကို နိဂုံးအုပ်တော်မူ သည်။

* * * * * * *

# မဇ္ဈိမနိကာယ ရဋ္ဌပါလသုတ်

## အရှင်ရဋ္ဌပါလထေရ်

အရှင်ရဋ္ဌပါလသည် ပရိယာယ်အားဖြင့် ဝေဒနာကမ္မဋ္ဌာန်းကို အကြောင်းပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ရဟန်းအဖြစ်ဖြင့် ရဟန်းတရားကိုအားထုတ်ရာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသည်။

အရှင်ရဋ္ဌပါလဟူသည်ကား- ကောရဗျမင်းအုပ်စိုးသော ကုရုတိုင်း၊ ထုလ္လကောဋ္ဌိက အမည်ရှိသော နိဂုံး၌နေသော သူဌေးတစ်ဦး၏သားဖြစ်သည်။

**စကားချုပ်။** ။ ထုလ္လကောဋ္ဌိကဟူသည်- ကောက်ပဲသီးနှံ သိုလှောင်ထည့်သွင်းရာ ကျီတိုက်ပေါများသော နိဂုံးဖြစ်သည်ဟုဆိုသည်။ ထူးခြားသည်မှာ ကုရုတိုင်းသည် မင်းအဆက်ဆက် မိုးလေဝသမှန်ကန်၍ ကောက်ပဲ သီးနှံ စားရေရိက္ခာပြည့်စုံသော တိုင်းပြည်ဖြစ်သည်။

မြတ်စွာဘုရား ဒေသစာရီလှည့်လည်တော်မူရာ ထုလ္လကောဋ္ဌိက နိဂုံးသို့ရောက်၍ တရားပွဲကျင်းပကာ တရားဟောတော်မူသည်။ ရဋ္ဌပါလ သတိုးသား သည် အများနှင့်အတူ တရားနာယူပြီးကာလ ဤတရားသည် အိမ်၌နေ၍ အားထုတ်ခြင်းငှာ မလွယ်ကူပေ၊ သာသနာတော်သို့ဝင်၍ ရဟန်းအဖြစ်ဖြင့် အားထုတ်မှသာလျှင် သင့်လျော်

ပေမည်ဟုဆင်ခြင်၍ မြတ်စွာဘုရားထံ ဆည်းကပ်၍ ရဟန်းအဖြစ်ရရန် တောင်းပန်လျှောက်ထားလေသည်။ မြတ်စွာဘုရားက "အသင်၏မိဘများသည် သင့်ကို ရဟန်းပြုရန် ခွင့်ပြုပြီးလော၊ မိဘများခွင့်မပြုသောသူကို ငါတို့သည်ရှင်ရဟန်းပြုမပေးကြ"ဟု အမိန့်ရှိသဖြင့် ရဋ္ဌပါလသတိုးသားသည် အိမ်သို့ပြန်၍ မိဘများထံ၌ ရဟန်းပြုရန် ခွင့်တောင်းရာ မိဘများက တစ်ယောက်တည်းသောသားဖြစ်၍ သေလျှင်သာ မတတ်သာ၍ခွဲကြရမည်၊ အသက်ရှင်လျက် ရဟန်းပြုရန် ခွင့်မပြုနိုင်ကြောင်းပြော၍ တားမြစ်ကြကုန်၏။

## ၇-ရက်အစာမစားပဲဆန္ဒပြခြင်း

ရဋ္ဌပါလ သတိုးသားသည် ရဟန်းပြုရန် လွယ်လွယ်နှင့် အခွင့်မရသည်ဖြစ်၍ အခင်းမရှိသော မြေပေါ်၌အစာမစား, အိပ်ရာကမထပဲ ၇-ရက် အိပ်၍ ဆန္ဒပြသောအခါမှ ငါတို့သားသည် သေသည့်ထက် ရှင်လျက် ရဟန်းပြုနေခြင်းက သင့်လျော်သေးသည်ဟု သဘောပေါက်ကြ၍ ရဟန်းပြုရန်ခွင့်ပေးကြကုန်၏။ သို့ပင်ခွင့်ပြုသော်လည်း ရဟန်းပြုပြီးသောအခါ မိဘများထံလာရောက်၍ပြပါဟု ကတိတောင်းသဖြင့် ရဟန်းဖြစ်ပြီးလျှင် လာရောက် ပြပါမည်ဟု ကတိပေးခဲ့သည်။

ရဋ္ဌပါလသတိုးသားသည်အားအင်ပြည့်ပြီးလျှင် မြတ်စွာဘုရားထံသွား၍ ရဟန်းပြုလေသည်။ မြတ်စွာဘုရားသည်သာဝတ္ထိမြို့သို့ကြွတော်မူလျှင် ရဟန်းအဖြစ်ဖြင့် မြတ်စွာဘုရားနောက်တော်မှလိုက်၍ သင့်လျော်သောကျောင်း၌နေလျက် ရဟန်းတရားကို အားထုတ်ရာ မကြာမီကာလအတွင်း၌ အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

ရဟန္တာဖြစ်ပြီးသောအခါ အရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားထံဆည်းကပ်၍ "မြတ်စွာဘုရား- အကယ်၍ မြတ်စွာဘုရားခွင့်ပြုတော်မူပါလျှင် မိဘများထံ သွားရောက်ပြပါရစေ"ဟု ခွင့်တောင်းလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရား ဆင်ခြင်တော်မူသည်မှာ ယခုအခါ (ရဟန္တာဖြစ်ပြီးသောအခါကို ဆိုသည်။) ရဋ္ဌပါလသည် ရဟန်းသိက္ခာကိုစွန့်၍ လူထွက်ခြင်းဟာ မထိုက်တော့ပေဟု သိတော်မူ၍ မိဘများထံပြရန် သွားခွင့်ပြုတော်မူသည်။ အရှင်ရဋ္ဌပါလသည် ထုလ္လကောဋ္ဌိကနိဂုံးသို့ကြွ၍ ကောရဗျမင်း၏ မိဂစိရမည်သော ဥယျာဉ်ရှိ တစ်ခုသောသစ်ပင်အနီး၌ သီတင်းသုံးတော်မူသည်။ နံနက်အချိန်၌ ဆွမ်းခံထွက်ရာ မိမိ၏မိဘများအိမ်ရှေ့၌ ဆွမ်းခံရပ်သော်လည်း ကန်တော့ဆွမ်းပင် မရခဲ့။ အိမ်၌ရှိသော ကျွန်မစွန့်ပစ်သော ညဦးကကျန်သော ထမင်းချမ်းကို သပိတ်ဖြင့်ခံယူကာ တစ်ခုသောအိမ်ဘေး၌ ထိုင်၍ဘုဉ်းပေးတော်မူသည်။

ကျွန်မကပြော၍ အရှင်ရဋ္ဌပါလ ကြွလာကြောင်း, ထမင်းချမ်းကို အလှူခံသွားကြောင်းကို မိဘများသိ၍ ဖခင်ဒါယကာကြီး ကိုယ်တိုင်လိုက်၍ပင့်သော်လည်း ယနေ့အဖို့ ဆွမ်းကိစ္စပြီးပြီဟုပြောသဖြင့် နက်ဖြန်နံနက် အိမ်သို့ဆွမ်းစားကြွရန်ပင့်ရ၏။ နက်ဖြန်ခါ ဆွမ်းစားကြွချိန်၌ ရွှေငွေရတနာများကိုစုပုံ၍ ထိုရတနာများအနီး၌ ဆွမ်းကပ်ကာ လူဖြစ်စဉ်က အရှင်ရဋ္ဌပါလ၏ မယားဟောင်းတို့ကိုလည်း ဖီးလိမ်းဝတ်စားဆင်ယင်စေ၍ ရွှေငွေ သားမယားတို့ဖြင့် သွေးဆောင်၍ လူထွက်စေရန်စီမံကြ၏။

နောက်တစ်နေ့ နံနက်ဆွမ်းစားချိန်တန်သောအခါ အရှင်ရဋ္ဌပါလ၏ ဒါယကာကြီး ကိုယ်တိုင်သွားရောက်ပင့်ခဲ့ကာ ရွှေပုံငွေပုံတွေပြကာ "ဤပစ္စည်းများဖြင့် ဒါနစသော ကောင်းမှုတို့ကို ပြုလျက် လူ့ဘောင်၌နေပါ၊ ဤပစ္စည်းတို့ကို ကိုယ်တိုင်လည်းစားသုံး၊ ဒါနကောင်းမှုတို့ကိုလည်း ပြု၍နေရန် လူထွက်ခဲ့ပါလော့" စသည်ဖြင့် ပြောဆိုတိုက်တွန်းကြသည်။ အရှင်ရဋ္ဌပါလက "သူဌေးကြီး-- အကယ်၍ ငါ့စကားကို နားထောင်မည်ဖြစ်လျှင် ဤပစ္စည်းတို့ကို လှည်းနှင့်တိုက်၍ ဂင်္ဂါမြစ်ထဲသို့သွန်းလောင်းပစ်လိုက်ပါ"ဟု အရှင်ရဋ္ဌပါလက ဆို၏။ ထိုအချိန်၌ အရှင်ရဋ္ဌပါလ၏မယားဟောင်းတို့သည် အသီးအသီး အရှင်ရဋ္ဌပါလ၏ခြေတို့ကိုဖက်ကြ၍ "နတ်သမီးတွေကိုအလိုရှိ၍ အရှင်ဘုရားသည် မြတ်သော ရဟန်းအကျင့်ကိုကျင့်ရာ အရှင်ဘုရား၏ နတ်သမီးတွေသည် အဘယ်မျှလောက် လှကြပါသလဲ"ဟုမေးကြကုန်၏။ 'နှမတို့- ငါသည်နတ်သမီးတွေကိုအလိုရှိ၍ မြတ်သော ရဟန်းတရားကို အားထုတ်သည်မဟုတ်ချေ"ဟု ပြောလျှင် ငါတို့ကို နှမဟူသော ခေါ်ခြင်းဖြင့် ခေါ်လေတော့ပြီဟု စိတ်ပင်ပန်းကာ မိန်းမောတွေဝေလျက် ယိုင်လဲကြကုန်၏။ ထိုအခါအရှင်ရဋ္ဌပါလသည် ဖခင်ဒါယကာကြီးအားဤသို့ပြော၏။ သူဌေးကြီး-- အကယ်၍ ဆွမ်းကပ်လှူမှုကားကပ်ပါ၊ ငါ့ကို မညှဉ်းဆဲမနှောင့်ယှက်ကြပါနှင့်ဟုပြောသဖြင့် ဆွမ်းကပ်ကြ၏။ အရှင်ရဋ္ဌပါလသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဤပြလတ္တံ့သော တရားဂါထာတို့ကို ဟောတော်မူသည်။

၁။ ဆန်းကြယ်စွာ ပြုပြင်အပ်သော ကိုယ်ဟူ၍ သမုတ်ပြောဆိုအပ်သော အရိုးအသားတို့ဖြင့် စိုက်ထောင်အပ်သော အမြဲကျင်နာခြင်းဖြင့် နှိပ်စက်အပ်သော များစွာသော ပုထုဇဉ် လူမိုက်တို့သည် သုဘ(တင့်တယ်သည်)ဟူ၍ ကြံစည်အပ်သော ကိုယ်ကို ကြည့်ရှုကြစမ်းလော့။ ထိုကိုယ်ကောင်၏ အမြဲတည်ခြင်းသည် မရှိချေ။

၂။ ပတ္တမြားနားတောင်းတို့ဖြင့် ဆန်းကြယ်စွာပြုပြင်အပ်သော အရိုးအရေတို့ဖြင့်ဖွဲ့အပ်သော အဝတ်အစားကောင်းတို့ဖြင့် တင့်တယ်သော ကိုယ်တည်းဟူသော ရုပ်ကို ကြည့်ရှုစမ်းကြလော့။

၃။ ခြေတို့ကို လှပတင့်တယ်အောင် ချိတ်ရည်တို့ဖြင့် ဆိုးအပ်ကုန်၏၊ မျက်နှာကို နံ့သာမှုန့်တို့ဖြင့် လိမ်းကျံအပ်ကုန်၏။ ဤရူပကာယတည်းဟူသော ကိုယ်သည် ပုထုဇဉ်လူမိုက်အား တွေဝေစေခြင်းငှာ ဖြစ်၏။ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းကို ရှာမှီးသောသူအား တွေဝေစေခြင်းငှာ မဖြစ်နိုင်ချေ။

၄။ ဆံပင်တို့ကို ရှစ်ချောင်းသောဘီးတို့ဖြင့်ဖီးအပ်ကုန်၏။ မျက်လုံးတို့ကိုလည်း မျက်စဉ်းဆေးတို့ဖြင့် လိမ်းအပ်ကုန်၏။ ဤရူပကာယတည်းဟူသော ကိုယ်သည် ပုထုဇဉ်လူမိုက်အား တွေဝေစေခြင်းငှာ ဖြစ်၏။ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်ကို ရှာမှီးသောသူအား တွေဝေစေခြင်းငှာ မဖြစ်နိုင်ချေ။

၅။ ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ပုပ်သောကိုယ်ကောင်သည် မျက်စဉ်းရောင်ကဲ့သို့ ညိုသောအဆင်းရှိ၏။ ဤရူပကာယတည်းဟူသော ကိုယ်သည် ပုထုဇဉ်လူမိုက်အား တွေဝေစေခြင်းငှာ ဖြစ်၏၊ နိဗ္ဗာန်တည်းဟူသောကမ်းတစ်ဖက်ကို ရှာမှီးသောသူအား တွေဝေစေခြင်းငှာ မဖြစ်နိုင်ချေ။

၆။ သားမုဆိုးနှင့်တူသော သူဌေးကြီးသည် ကြော့ကွင်းနှင့်တူသော ရွှေပုံငွေပုံကို ခင်းပြကာ ထောင်လေပြီ၊ ပိုက်ကွန်ကြော့ကွင်းနှင့်တူသော ရွှေပုံငွေပုံကို သမင်တည်းဟူသောငါသည် အနီးသို့မကပ်တော့ပြီ။ သားမုဆိုး၏ပရိသတ်နှင့်တူသော ဆွေမျိုးအပေါင်းတို့သည် ငိုကြွေးကြစဉ်၌ပင် မျက်တည်းဟူသော ဆွမ်းကိုစားပြီးကာလ ငါသည်ကြွသွားပေတော့အံ့---

ဟုပြောကာ ဟောကြား၍ မင်း၏ဥယျာဉ်အတွင်း တစ်ခုသောသစ်ပင်ရင်းသို့ ကောင်းကင်မှ ကြွရောက်၍ သီတင်းသုံးနေတော်မူလေသည်။

ထိုအခါ ကောရဗျမင်းသည် ဥယျာဉ်သို့ထွက်ကာ စံစားပျော်ပါးလို၍ ဥယျာဉ်မှူးကို ခေါ်ပြီးလျှင် ဥယျာဉ်ကို ရှင်းလင်းသုတ်သင်စေသည်။ ဥယျာဉ်မှူးသည် ဥယျာဉ်ကို သုတ်သင်ရှင်းလင်းရာ တစ်ခုသောသစ်ပင်ရင်း၌ အရှင်ရဋ္ဌပါလကို တွေ့မြင်၍ ကောရဗျမင်းထံသွားရောက် လျှောက်ထားသည်မှာ "အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ဂုဏ်သတင်းကို မပြတ်ပြောတော်မူသော အရှင်ရဋ္ဌပါလသည် အရှင်မင်းကြီး၏ ဥယျာဉ်အတွင်း တစ်ခုသော သစ်ပင်အနီး၌ သီတင်းသုံးနေသည်ကို ဖူးမြင်ရပါသည်"ဟု တင်လျှောက်၏။

ကောရဗျမင်းသည် ကြီးစွာသော မင်း၏အာနုဘော်ဖြင့် ဥယျာဉ်သို့ထွက်၍ အရှင်ရဋ္ဌပါလထံသို့ ချဉ်းကပ်လျက် ဝမ်းမြောက်ဖွယ်စကားများကို လျှောက်ကြားပြောဆိုပြီးကာလ အရှင်ရဋ္ဌပါလအား လျှောက်ကြားသည်မှာ---

အရှင်ရဋ္ဌပါလ- လောက၌ ဆုတ်ယုတ် ပျက်စီးခြင်းတို့သည် ၄-မျိုးရှိပါသည်။ ထို ၄-မျိုးတို့ဟူသည် အဘယ်တရားတို့ဖြစ်သနည်းဟူမူ--

၁။ အိုခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်း၊

၂။ နာခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်း၊

၃။ ဥစ္စာပျက်စီးခြင်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်း၊

၄။ ဆွေမျိုးတို့ ပျက်စီးခြင်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်း--

ဟူ၍ ဆုတ်ယုတ်ပျက်စီးခြင်း ၄-မျိုးရှိပါသည်။

ထို ဆုတ်ယုတ်ပျက်စီးခြင်း ၄-မျိုး တို့တွင် --

၁။ အိုခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းသည် အဘယ်သို့နည်းဟူမူ- အရှင်ရဋ္ဌပါလ--၊ ဤလောက၌အချို့သောပုဂ္ဂိုလ်သည် ရပ်ရင့်ရော်သည်ဖြစ်၍, အသက်ကြီးသည်ဖြစ်၍, အရွယ်လွန်သည်ဖြစ်၍, နောက်ဆုံး အရွယ်သို့ ရောက်သည်ဖြစ်၍ ငါသည် ယခုအခါ၌ နောက်ဆုံးအရွယ်သို့ရောက်နေပေပြီ၊ မရသေးသော စည်းစိမ်ဥစ္စာကို ရရှိအောင်လည်းမဆောင်ရွက်နိုင်တော့ပြီ၊ ရရှိပြီးစည်းစိမ်ဥစ္စာကို တိုးပွားအောင်လည်း အားမထုတ်နိုင်တော့ပြီ။ ငါသည် ရဟန်းပြုရမှုကောင်းလေစွဟု ကြံ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ရဟန်းပြုပါသည်။ အရှင်ရဋ္ဌပါလ- ဤဆုတ်ယုတ်ပျက်စီးခြင်းမျိုးကို အိုခြင်း တည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းဟု ဆိုပါသည်။

အရှင်ရဋ္ဌပါလ- အရှင်ရဋ္ဌပါလသည်ကား ယခုအချိန်၌ ငယ်ရွယ်သေးသည်၊ နုပျိုသေးသည်၊ ကောင်းမွန်စွာနက်သော ဆံပင်ရှိသေးသည်၊ ကောင်းမွန်သော ပဌမအရွယ်

နှင့် ပြည့်စုံလျက်ရှိသေးသည်။ အရှင်ရဋ္ဌပါလအား အိုခြင်း တည်းဟူသော ဆုတ်ယုတ် ပျက်စီးခြင်းမရှိပါဘဲလျက် အဘယ်သို့သော အကျိုးအပြစ်ကိုမြင်၍, ကြားသိ၍ ရဟန်းပြု ပါသနည်းဟု မေးလျှောက်လေသည်။

၂။ နာခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းသည် အဘယ်သို့ပါနည်းဟူမူ - အရှင် ရဋ္ဌပါလ-- ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရောဂါဝေဒနာ နှိပ်စက် သဖြင့် ဆင်းရဲသည်ဖြစ်၍, ပြင်းပြသောရောဂါ ရှိသည်ဖြစ်၍, ငါသည် ယခုအချိန်၌ မရ သေးသောစည်းစိမ်ဥစ္စာကို ရအောင်လည်း မဆောင်ရွက်နိုင်၊ ရရှိပြီးစည်းစိမ်ဥစ္စာ ကို တိုးပွားအောင်လည်းမဆောင်ရွက်နိုင်တော့ပြီ။ သို့ကြောင့် ရဟန်းပြုရမူ ကောင်းလေစွဟု ကြံ၍ သာသနာတော်သို့ဝင်ကာ ရဟန်းပြုပါသည်။ အရှင်ရဋ္ဌပါလ- ဤဆုတ်ယုတ် ပျက်စီးခြင်းကို နာခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းဟု ဆိုပါသည်။

အရှင်ရဋ္ဌပါလ- အရှင်ရဋ္ဌပါလသည်ကား ယခုအခါ ရောဂါကင်းပါသည်၊ ကျင်နာခြင်းကင်းပါသည်၊ မျှတညီညွတ်သော ပါစကဓာတ်မီးနှင့်ပြည့်စုံပါသည်။ နာခြင်း တည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းသည် အရှင်ရဋ္ဌပါလ၌ မရှိပါဘဲလျက် အဘယ် သို့သော အကျိုးအပြစ်ကို မြင်၍, ကြားသိ၍ ရဟန်းပြုပါသနည်းဟု မေးလျှောက်၏။

၃။ ဥစ္စာ ပစ္စည်းပျက်စီးခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းဟူသည် အဘယ်သို့ ပါနည်းဟူမူ- အရှင်ရဋ္ဌပါလ- ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကြွယ်ဝ၏၊ များစွာသောဥစ္စာရှိ၏၊ များသောအသုံးအဆောင်ရှိ၏။ ထိုနောက် ထိုသူ၏ ဥစ္စာပစ္စည်းတို့သည် တဖြည်းဖြည်းကုန်ခန်းသွား၏။ (ဆင်းရဲခြင်းသို့ရောက်၏။) ထိုအခါ ငါ၏ဥစ္စာပစ္စည်းတို့သည် ကုန်ခန်းပျက်စီးကြကုန်ပြီ၊ ယခုအခါ ငါသည် မရသေးသော ဥစ္စာကိုလည်း ရအောင်, ရရှိပြီးဥစ္စာကိုလည်း တိုးပွားအောင် ဆောင်ရွက်ခြင်းငှာ မစွမ်းနိုင်တော့ပြီ၊ သို့ကြောင့် ရဟန်းပြုရမူကောင်းလေစွဟု ကြံ၍ သာသနာတော်သို့ဝင်ကာ ရဟန်းပြုပါသည်။ အရှင်ရဋ္ဌပါလ ဤဆုတ်ယုတ် ပျက်စီးခြင်းကို ဥစ္စာပစ္စည်းပျက်စီးခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းဟု ဆိုပါသည်။

အရှင်ရဋ္ဌပါလ- အရှင်ရဋ္ဌပါလသည်ကား ဤထုလ္လကောဋ္ဌိကနိဂုံး၌ မြတ်သော သူဌေးမျိုး၏ သားဖြစ်သောကြောင့် အရှင်ရဋ္ဌပါလ၌ ဥစ္စာပစ္စည်းပျက်စီးခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းမရှိပါ။ အရှင်ရဋ္ဌပါလသည် အဘယ်အကျိုးအပြစ်ကို မြင်၍, ကြားသိ၍ ရဟန်းပြုပါသနည်း။

၄။ ဆွေမျိုးပျက်စီးခြင်းတည်းဟူသော ဆုတ်ယုတ်ပျက်စီးခြင်းဟူသည် အဘယ်သို့နည်း ဟူမူ- အရှင်ရဋ္ဌပါလ- ဤလောက၌ အချို့သောပုဂ္ဂိုလ်အား များစွာသောဆွေမျိုး သားချင်း မိတ်ဆွေသင်္ဂဟတွေရှိ၏။ ထိုပုဂ္ဂိုလ်၏ ဆွေမျိုးသားချင်း မိတ်ဆွေ သင်္ဂဟတို့သည် တဖြည်းဖြည်းပျက်စီးသေဆုံးခြင်းသို့ ရောက်ကြကုန်၏။ ထိုအခါ ငါ၏ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟတို့သည် ပျက်စီးကြကုန်ပြီ၊ ယခုအခါ ငါသည် မရသေးသောဥစ္စာပစ္စည်းကိုရအောင်, ရပြီးသောဥစ္စာပစ္စည်းကို တိုးပွားအောင် မဆောင်ရွက်နိုင်တော့ပြီ။ သို့ကြောင့် ရဟန်းပြုရမူကောင်းလေစွဟု ကြံ၍ သာသနာ

တော်သို့ဝင်ကာ ရဟန်းပြုပါသည်။ အရှင်ရဋ္ဌပါလ– ဤဆုတ်ယုတ်ပျက်စီးခြင်းကို ဆွေမျိုးပျက်စီးဆုတ်ယုတ်ခြင်းဟု ဆိုပါသည်။

အရှင်ရဋ္ဌပါလ– အရှင်ရဋ္ဌပါလသည်ကား ဤထုလ္လကောဋ္ဌိကနိဂုံး၌သာလျှင် များစွာကုန်သော ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟတွေရှိသည်ဖြစ်သောကြောင့် ဆွေမျိုးသားချင်းတို့ ဆုတ်ယုတ်ပျက်စီးခြင်းမရှိပါ။ သို့ပါလျက် အရှင်ရဋ္ဌပါလသည် အဘယ်သို့သော အကျိုးအပြစ်ကို မြင်၍, ကြားသိ၍ ရဟန်းပြုပါသနည်းဟု မေးလျှောက်သည်။

ထိုအခါ အရှင်ရဋ္ဌပါလက ကောရဗျမင်း၏ အမေးကို ဖြေကြားဟောပြောသည်မှာ . . . .

မင်းကြီး– သိတော်မူ မြင်တော်မူသော၊ ကိလေသာကို ပယ်သတ်တော်မူပြီးသော၊ သစ္စာလေးပါး တရားကို ကိုယ်တော်တိုင် ကောင်းစွာသိတော်မူသော မြတ်စွာဘုရားသည် ၄–ပါးသော တရားအကျဉ်းတို့ကို ဟောတော်မူသည်။ ထိုတရားအကျဉ်းလေးပါးတို့ကို ဉာဏ်ဖြင့်မြင်၍, ကြားသိ၍ ရဟန်းပြုခြင်းဖြစ်သည်။

တရားအကျဉ်းလေးပါးတို့ဟူသည် အဘယ် တရားတို့နည်းဟူမူ . . .

၁။ လူ့အပေါင်းကို အိုခြင်းသဘော, သေခြင်းသဘောသည်ကပ်၍ ဆောင်နေ၏၊ လူ့အပေါင်းသည်မမြဲ – ဟူ၍ ဟောတော်မူသည်။

၂။ လူ့အပေါင်းသည် စောင့်ရှောက်သူမှကင်း၏၊ ကိုးကွယ်ရာမရှိ – ဟူ၍ ဟောတော်မူသည်။

၃။ လူ့အပေါင်းသည် မိမိဥစ္စာမရှိ၊ (ကိုယ်ပိုင်ဥစ္စာမရှိဟု ဆိုလိုသည်။) အလုံးစုံသော ဥစ္စာပစ္စည်းကို စွန့်ပယ်၍ သွားကြရမည်သာဖြစ်၏ – ဟူ၍ ဟောတော်မူသည်။

၄။ လူ့အပေါင်းသည် အလိုဆန္ဒ ယုတ်လျော့လျက်သာရှိ၏၊ ပြည့်ဝသည်မရှိ၊ ရောင့်ရဲသည်မရှိ၊ တဏှာ၏ကျွန်ချည်းသာဖြစ်သည်–ဟု ဟောတော်မူသည်။

မင်းကြီး– ငါသည် မြတ်စွာဘုရား ဟောကြားတော်မူသော ဤတရားအကျဉ်းလေးပါးကို ဉာဏ်ဖြင့် မြင်၍, ကြားသိ၍ ရဟန်းပြုခြင်းဖြစ်သည်ဟု ဖြေဆိုလေသည်။

## ကောရဗျမင်းကြီးက ပြန်၍လျှောက်ထားခြင်း

တရားအကျဉ်း ၄–ပါး၏ အဓိပ္ပာယ်အကျယ်

၁။ လူ့အပေါင်းကို အိုခြင်းသဘော, သေခြင်းသဘောသည်ကပ်၍ ဆောင်နေ၏၊ လူ့အပေါင်းသည်မမြဲဟု အရှင်ရဋ္ဌပါလ ပြောသော စကား၏အဓိပ္ပာယ်ကို ဘယ်ကဲ့သို့ အကျယ်သိရပါမည်နည်း– ဟု မေးလျှောက်ရာ . . .

သင်မင်းကြီးသည် အသက် ၂၀–၂၅–နှစ် အရွယ်ရှိစဉ်အခါက ဆင်စီးအတတ်, မြင်းစီးအတတ်, ရထားစီးအတတ်တို့ကိုလည်း ကျွမ်းကျင်ခဲ့သည်မဟုတ်ပါလော၊ လေးပစ်အတတ်, ဓားရေးလှံရေးအတတ်တို့၌လည်း ကျွမ်းကျင်သည်မဟုတ်ပါလော၊ ပေါင်အား

လက်ရုံးအားတို့သည်လည်း ရှိသည် မဟုတ်ပါလော၊ စစ်မြေပြင်၌ တိုက်ခိုက်စွမ်းနိုင်သော ကိုယ်အားလည်းရှိသည် မဟုတ်ပါလော - ဟု အရှင်ရဋ္ဌပါလက မေးလေသည်။

အရှင်ဘုရား- မှန်ပါသည်၊ အသက်၂၀-၂၅-နှစ်အရွယ်ရှိစဉ်အခါက ဆင်စီး, မြင်းစီးအတတ်တို့ကိုလည်းတတ်မြောက်၍ ကျွမ်းကျင်ပါသည်၊ လေးပစ်အတတ်, ဓားရေး လှံရေးအတတ်တို့၌လည်း တတ်မြောက်ကျွမ်းကျင်ပါသည်၊ ပေါင်အားလက်ရုံးအားလည်း ရှိပါသည်၊ စစ်မြေပြင်၌လည်း နိုင်နင်းစွာပင် တိုက်ခိုက်ကျက်စားခဲ့ပါသည်၊ တစ်ခါတစ်ရံ၌ မိမိကိုယ်ကို မိမိ တန်ခိုးရှိသူကဲ့သို့ပင် မှတ်ထင်ခဲ့ဖူးပါသည်၊ မိမိ၏ခွန်အားဗလနှင့်တူသော သူကိုပင် မတွေ့ခဲ့ပါ-ဟု လျှောက်၏။

မင်းကြီး-- သင်မင်းကြီးသည် ယခုအခါ၌ ပေါင်အား လက်ရုံးအားများရှိပါသေးသလော၊ စွမ်းဆောင်နိုင်သောကိုယ်ခန္ဓာကော ရှိပါသေးသလော၊ စစ်မြေပြင်၌ နိုင်နင်းစွာ ကျက်စားနိုင်ပါသေးသလော- ဟုမေးရာ. . .

အရှင်ဘုရား- ဤစကားသည် မသင့်တော့ပါ။ ယခုအခါ တပည့်တော်သည် အိုမင်းပါပြီ၊ ပစ္ဆိမအရွယ်သို့ရောက်နေပါပြီ၊ အသက် ၈၀-သို့ရောက်နေပါပြီ၊ တစ်ခါတစ်ရံ ဤနေရာ၌ ခြေကိုချလိုသော်လည်း ဤနေရာ၌မကျပဲအခြားနေရာ၌ ကျတတ်ပါသည်ဟု လျှောက်၏။

မင်းကြီး-- ဤအကြောင်း, ဤအခြင်းအရာတို့ကို ရည်ရွယ်၍ မြတ်စွာဘုရားသည် "လူ့အပေါင်းကို အိုခြင်းသဘော, နာခြင်းသဘောသည် ကပ်၍ ဆောင်နေ၏၊ လူ့အပေါင်း သည်မမြဲ"ဟု ဟောတော်မူခြင်းဖြစ်သည်။

မင်းကြီး ငါသည် ဤတရားအကျဉ်းကို ဉာဏ်ဖြင့် မြင်၍, ကြားသိ၍ ရဟန်းပြုခြင်းဖြစ်သည်ဟု ဖြေတော်မူရာ- "အရှင်ဘုရား- အံ့ဩဖွယ်ရှိပါပေသည်၊ မြတ်စွာဘုရားသည် ကောင်းစွာဟောတော်မူခြင်း ဖြစ်ပါသည်၊ ဟုတ်မှန်ပါပေသည်။ လူ့အပေါင်းကို အိုခြင်းသဘော, နာခြင်းသဘောသည်ကပ်၍ဆောင်နေပါသည်၊ လူ့အပေါင်းသည် မမြဲပါ"ဟု ဝန်ခံလေသည်။

၂။ အရှင်ရဋ္ဌပါလ- ဤနန်းတော်၌ ဆင်အပေါင်း မြင်းအပေါင်း, ခြေလျင်စစ်သည် အပေါင်းတို့သည် ထင်ရှားရှိကြပါသည်။ တပည့်တော်တို့၌ ဘေးအန္တရာယ်ဖြစ်ပေါ်သောအခါတို့၌ တိုက်ခိုက်တွန်းလှန်ကြပါလိမ့်မည်။ သို့ဖြစ်ပါလျက် အရှင်ရဋ္ဌပါလက လူ့အပေါင်းသည် စောင့်ရှောက်ခြင်းကင်း၏၊ ကိုးကွယ်ရာမရှိ ဟုဆိုသော စကား၏ အဓိပ္ပာယ်ကို အဘယ်သို့မှတ်ရပါမည်နည်းဟု လျှောက်၏။

မင်းကြီး- သင်မင်းကြီး၌ ကိန်းဝပ်စွဲကပ်သော ရောဂါတစ်စုံတစ်ရာ ရှိပါသလော- ဟု မေးရာ၊ အရှင်ဘုရား- ကိန်းဝပ်စွဲကပ်သောရောဂါရှိပါသည်၊ တစ်ခါတစ်ရံ မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့သည် ဒကာတော်ကို ဝိုင်းအုံကြည့်ရှုကြလျက် ယခုပင် ကောရဗျမင်းသည် နတ်ရွာစံတော့အံ့၊ နတ်ရွာစံတော့အံ့ဟု ပြောဆိုတတ်ကြပါသည် ဟု လျှောက်လျှင် - မင်းကြီး... သင်မင်းကြီးသည် ထိုမိတ်ဆွေ ခင်ပွန်းနှင့် ဆွေမျိုးသားချင်းတို့ကို အရှင်တို့ လာကြကုန်၊ ငါခံစားနေရသော ဝေဒနာသက်သာစေရန် ဝိုင်းဝန်းဝေဖန်၍ ကူညီကာ ခံစားကြစမ်းပါ၊ ခွဲဝေ၍ ယူကြစမ်းပါဟု ပြောလျှင်

ဆွေမျိုးသားချင်းတို့သည် အသင်မင်းကြီး ခံစားနေရသော ဒုက္ခဝေဒနာကို ဝေဖန်ခွဲခြမ်း၍ ယူနိုင်ကြပါမည်လော။ စစ်စင်မူကား အသင်မင်းကြီးသည်သာလျှင် ထိုဒုက္ခဝေဒနာကို ခံစားရမည်မဟုတ်ပါလောဟု မေးလျှင်၊ မှန်ပါသည် အရှင်ဘုရား၊ ဒကာတော် ခံစားရသော ဒုက္ခဝေဒနာကို ဆွေမျိုး သားချင်းတို့အား ခွဲခြမ်းဝေဖန်ပေး၍ မဖြစ်ပါ၊ ဒကာတော်သာလျှင် ထိုဝေဒနာကို ခံစားရမည်ဖြစ်ပါသည်ဟု လျှောက်၏။

မင်းကြီး-- ဤအကြောင်း ဤအခြင်းအရာကို ရည်ရွယ်၍ မြတ်စွာဘုရားသည် လူအပေါင်းသည် စောင့်ရှောက်သူမှ ကင်း၏၊ ကိုးကွယ်ရာမရှိဟူ၍ ဟောတော်မူသည်။ ဤတရားအကျဉ်းကို ဉာဏ်ဖြင့် မြင်၍, ကြားသိ၍ ငါသည် ရဟန်းပြုခြင်းဖြစ်ပါသည်ဟု ဖြေကြားတော်မူရာ "အရှင်ဘုရား- အံ့သြဖွယ်ရှိပါပေသည်၊ မြတ်စွာဘုရားသည်ကောင်းစွာ ဟောတော်မူခြင်းဖြစ်ပါသည်။ ဟုတ်မှန်ပါပေသည်။ လူအပေါင်းသည် စောင့်ရှောက်သူမှ ကင်းပါသည်၊ ကိုးကွယ်အားထားရာ မရှိပါ"ဟု ဝန်ခံလျှောက်ထားလေသည်။

၃။ အရှင်ရဋ္ဌပါလ- ဤနန်းတော်မြေပေါ် မြေအောက်တို့၌ ရွှေငွေတို့သည် များပြားစွာ ရှိပါသည်။ သို့ဖြစ်ပါလျက် လူအပေါင်းသည် မိမိဥစ္စာမရှိ၊ ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံသော ဥစ္စာပစ္စည်းကို စွန့်ပယ်၍သာ သွားကြရမည်ဖြစ်သည်ဟု ဆိုသော စကား၏ အဓိပ္ပာယ်ကို အဘယ်သို့ မှတ်ရပါမည်နည်း- ဟု မေးလျှောက်၏။

မင်းကြီး- သင်မင်းကြီးသည် ယခုအခါ အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် ရောင့်ရဲပြည့်စုံသည်ဖြစ်၍ ကာမဂုဏ်တို့ကို ခံစားသကဲ့သို့ ထို့အတူ နောက်ဘဝ၌လည်း ဤကာမဂုဏ်တို့ကို ခံစားရဦးမည်လော၊ သို့မဟုတ် ကျန်ရစ်သော သင်မှတစ်ပါးသော သူတို့သည်သာ ဤကာမဂုဏ် စည်းစိမ်ချမ်းသာတို့ကို ခံစားရစ်ကြမည်လော၊ သင်မင်းကြီး သည်မူကား ကံအားလျော်စွာ သွားရမည်မဟုတ်ပါလောဟုမေးရာ- အရှင်ရဋ္ဌပါလ-- ယခုဘဝ ခံစားသော ကာမဂုဏ်ငါးပါးတို့ကို ယခုဘဝ၌သာ ခံစားရပါမည်၊ နောက်ဘဝ၌ မခံစားရတော့ပါ။ ကျန်ရစ်သောအခြားသူတို့သည်သာလျှင် ဤကာမဂုဏ်တို့ကို ခံစားကြပါမည်၊ ဒကာတော်မူကား ကံအားလျော်စွာသာလျှင် သွားရပါမည်- ဟု လျှောက်၏။

မင်းကြီး- ဤအကြောင်း ဤအခြင်းအရာကို ရည်ရွယ်၍ မြတ်စွာဘုရားက လူအပေါင်းသည် မိမိဥစ္စာမရှိ၊ ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံသော ဥစ္စာပစ္စည်းကို စွန့်ပယ်၍ သွားကြရမည်ဖြစ်သည်- ဟု ဟောတော်မူခြင်းဖြစ်သည်။ ဤတရားအကျဉ်းကို ဉာဏ်ဖြင့် မြင်၍, ကြားသိ၍ ရဟန်းပြုခြင်းဖြစ်သည်ဟု ဖြေတော်မူရာ၊ အရှင်ဘုရား- အံ့သြဖွယ်ရှိပါပေသည်၊ မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူခြင်းဖြစ်ပါသည်၊ လူအပေါင်းသည် မိမိဥစ္စာဟူ၍မရှိ၊ ကိုယ်ပိုင်ဥစ္စာဟူ၍မရှိကြပါ၊ အလုံးစုံသော ဥစ္စာပစ္စည်းတို့ကို စွန့်ပယ်၍သာ သွားကြရမည်ဖြစ်ပါသည်- ဟု ဝန်ခံလျှောက်ထားလေသည်။

၄။ အရှင်ရဋ္ဌပါလ- လူအပေါင်းသည် အလိုဆန္ဒယုတ်လျော့လျက်သာ ရှိ၏၊ ပြည့်ဝသည်ဟူ၍ မရှိ၊ ရောင့်ရဲတင်းတိမ်သည်မရှိ၊ တဏှာ၏ ကျွန်ချည်းသာ ဖြစ်သည်ဟူ၍ ဆိုသောစကားကို အဘယ်သို့ သိမှတ်ရပါမည်နည်းဟု မေးလျှောက်၏။

မင်းကြီး- သင်မင်းကြီးသည် စည်ပင်သာယာဝပြောသော ဤကုရုတိုင်းပြည်ကို အုပ်စိုးကာ မင်းပြုလုပ်နေသည်မဟုတ်ပါလော-ဟု အရှင်ရဋ္ဌပါလက မေးရာ၊ မှန်ပါသည်

အရှင်ဘုရား၊ စည်ပင်သာယာ ဝပြောသော ကုရုတိုင်းပြည်ကို အုပ်စိုးကာ မင်းပြုလုပ်နေပါသည်ဟု လျှောက်၏။

မင်းကြီး- ယုံကြည်လောက်သော ယောကျာ်းတစ်ယောက်သည် အသင်မင်းကြီးထံသို့လာ၍ ဤသို့ပြောရာ၏၊ အရှင်မင်းကြီး- ကျွန်ုပ်သည် အရှေ့အရပ်မှ လာပါသည်၊ ထိုအရှေ့အရပ်၌ ပြည့်စုံစည်ပင်သော, လူများစွာရှိသော, လူမျိုးစုံပြွမ်းသော ဇနပုဒ်ကြီးတစ်ခုကို တွေ့မြင်ခဲ့ပါသည်။ ထိုဇနပုဒ်၌ ဆင်အပေါင်း, မြင်းအပေါင်း, ရထားအပေါင်း, ခြေလျင်စစ်သည်အပေါင်း ရှိပါသည်၊ များစွာသောဥစ္စာစပါးလည်းရှိပါသည်၊ အထည်ပြုလုပ်ပြီးရွှေငွေနှင့် အထည်မပြုလုပ်ရသေးသောရွှေငွေတို့လည်း များစွာရှိပါသည်၊ သိမ်းဆည်းအပ်သော မိန်းမတို့သည်လည်း များစွာရှိပါသည်၊ ဤမျှလောက်သော စစ်သည်ဗိုလ်ပါတို့ဖြင့် အောင်နိုင်သိမ်းပိုက်ခြင်းငှာ စွမ်းနိုင်ပါသည်၊ တိုက်ခိုက်သိမ်းပိုက်တော်မူပါဟူ၍ ပြောကြားလာလျှင် အသင်မင်းကြီးသည် ထိုဇနပုဒ်ကို အဘယ်သို့ပြုပါမည်နည်း-ဟူ၍ အရှင်ရဋ္ဌပါလက မေးရာ၊ အရှင်ရဋ္ဌပါလ- ထိုဇနပုဒ်ကိုလည်း အောင်နိုင်စွာ သိမ်းပိုက်၍ စိုးစံမည်ဖြစ်ပါသည်ဟု လျှောက်၏။

မင်းကြီး- ထိုနည်းတူ အနောက်အရပ်, မြောက်အရပ်, တောင်အရပ်တို့မှလည်းကောင်း, သမုဒ္ဒရာ၏ တစ်ဖက်မှလည်းကောင်း ယုံကြည်လောက်သော သူတို့က အရှေ့အရပ်၌ တွေ့မြင်သော ဇနပုဒ်ကဲ့သို့ ပြည့်စုံစည်ပင်သော ဇနပုဒ်, အလွယ်တကူ တိုက်ခိုက်သိမ်းယူနိုင်သော ဇနပုဒ်တို့ကို တွေ့မြင်ခဲ့ပါသည်၊ တိုက်ခိုက်သိမ်းယူတော်မူပါဟု ဆိုလာလျှင် အသင်မင်းကြီးသည် အဘယ်သို့ ပြုမည်နည်းဟု မေးမြန်းကာလ အရှင်ဘုရား- ထိုဇနပုဒ်တို့ကိုလည်း သိမ်းပိုက်အုပ်စိုးမည်ပင် ဖြစ်ပါသည်ဟု လျှောက်၏။

မင်းကြီး- ဤအကြောင်း ဤအခြင်းအရာကို ရည်ရွယ်၍ မြတ်စွာဘုရားက- လူအပေါင်းသည် အလိုဆန္ဒယုတ်လျော့လျက်သာရှိ၏၊ ပြည့်ဝသည်ဟူ၍ မရှိ၊ ရောင့်ရဲတင်းတိမ်သည်ဟူ၍ မရှိ၊ တဏှာ၏ ကျွန်ချည်းသာ ဖြစ်သည်ဟု ဟောတော်မူခြင်းဖြစ်သည်။ ဤတရားအကျဉ်းကို ဉာဏ်ဖြင့် မြင်၍, ကြားသိ၍ ရဟန်းပြုခြင်းဖြစ်သည်- ဟု ပြောကြား တော်မူသည်။ အရှင်ဘုရား- အံ့သြဖွယ်ရှိပါပေသည်၊ မြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူခြင်းဖြစ်ပါသည်။ လူအပေါင်းသည် အလိုဆန္ဒယုတ်လျော့လျက်သာရှိ၏၊ ပြည့်ဝသည်မရှိ၊ ရောင့်ရဲတင်းတိမ်သည်မရှိ၊ တဏှာ၏ ကျွန်ချည်းသာဖြစ်ပါသည်ဟု ဝန်ခံလျှောက်ထားလေသည်။

## အရှင်ရဋ္ဌပါလ တရားဟောခြင်း

အရှင်ရဋ္ဌပါလသည် အထက်ပါအတိုင်း ဖြေဆိုဟောကြားတော်မူပြီးနောက်၌ ပြဆိုလတ္တံ့သော တရားဂါထာ ၁၃-ပုဒ်တို့ကို ဆက်လက်ဟောကြားတော်မူသည်။

၁။ လောက၌ လူတို့သည် ဥစ္စာပစ္စည်းတို့ကို ရရှိကြသော်လည်း မောဟဖြင့် တွေဝေကြသည်ဖြစ်၍ ပေးလှူခြင်းကို မပြုနိုင်ကြကုန်၊ ရသောပစ္စည်းကို စုဆောင်းခြင်းကိုသာ ပြုကြကုန်၏၊ ရရှိပြီးသည်ထက် ပိုလွန်၍သာလျှင် ကာမဂုဏ်တို့ကို လိုချင်တောင့်တကြကုန်၏။

၂။ ပြည့်ရှင်မင်းသည် သမုဒ္ဒရာအဆုံးရှိသော မြေကို လွှမ်းမိုးအုပ်စိုးရပါလျက်လည်း ရောင့်ရဲတင်းတိမ်ခြင်းမရှိသည်ဖြစ်၍ သမုဒ္ဒရာတစ်ဖက်သို့လှမ်းမျှော်ကာ တောင့်တလျက်ပင်ရှိ၏။

၃။ လောက၌ ပြည့်ရှင်မင်းသည်လည်းကောင်း၊ အခြားသူတို့သည်လည်းကောင်း မကင်းသောတောင့်တခြင်း တဏှာတန်းလန်းဖြင့်သာလျှင် သေဆုံးကြကုန်၏၊ အလိုဆန္ဒမပြည့်ဝဘဲသာလျှင် ခန္ဓာကိုယ်ကို စွန့်ပစ်ကြကုန်၏၊ ကာမဂုဏ်တို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းကား မရှိကြကုန်။

၄။ သေသောသူကို ကျန်ရစ်သောဆွေမျိုးတို့သည် အော်-- ငါတို့၏ ဆွေမျိုးသည် သေရှာလေပြီ စသည်ဖြင့် မြည်တွန်ကာ ငိုကြွေးကြကုန်၏၊ အဝတ်တစ်ထည်မျှဖြင့် ကိုယ်ကောင်ကို ပတ်၍ အိမ်မှ ထုတ်ဆောင်ကာ ထင်းပုံသို့တင်၍ မီးရှို့ကြကုန်၏။

၅။ သေသောသူသည် အသက်ရှင်စဉ်အခါက ပိုင်ဆိုင်သည်ဆိုသော ဥစ္စာပစ္စည်းတို့ကို စွန့်ပယ်ကာ အဝတ်တစ်ထည်တည်းဖြင့် တစူးဝါးတို့ဖြင့် အထိုးခံရကာ မီးလောင်လေတော့၏။ လောက၌ရှိကြသော ဆွေမျိုးသားချင်းများနှင့် မိတ်သင်္ဂဟတို့သည် သေသောသူ၏ ကိုးကွယ်ရာ၊ မှီခိုအားထားရာ မဟုတ်ကြကုန်၊ မပြစ်ကြကုန်။

၆။ သေသောသူ၏ပစ္စည်းတို့ကို အမွေခံတို့သည် ဝေခြမ်း၍ ယူကြကုန်၏။ သေသောသူသည်ကား မိမိပြုခဲ့သောကံအားလျော်စွာ ဘဝတစ်ပါးသို့သွားရတော့သည်။ သေသူ့ထံသို့ တစ်စုံတစ်ခုသောပစ္စည်းမျှလည်းမလိုက်မပါ၊ သားသမီး သားမယား လင်သား ဥစ္စာပစ္စည်း တိုင်းပြည်တို့သည်လည်း မလိုက်မပါကြကုန်။

၇။ အသက်ရှင်စေရန် ငွေပေး၍လည်းမရ၊ ဥစ္စာပစ္စည်းပေး၍ အိုခြင်းသဘောကိုလည်း မတားမြစ်နိုင်။ အသက်ဟူသည် အမြဲမတည်၊ ဖောက်ပြန်ပျက်စီးခြင်းသဘောရှိ၏။ အနည်းငယ်မျှ တိုလျသော ကာလရှိ၏ဟူ၍ အရိယာပညာရှိတို့ မိန့်ဆိုကြကုန်၏။

၈။ ချမ်းသာကြွယ်ဝသော သူတို့သည်လည်းကောင်း၊ သူဆင်းရဲတို့သည်လည်းကောင်း သေခြင်းသဘောဟူသော အတွေ့ကို ထိတွေ့ခံစားကြရကုန်၏။ လူမိုက်သည်လည်းကောင်း၊ ပညာရှိသည်လည်းကောင်း ထိုအတူ သေခြင်းသဘောကို တွေ့ထိခံစားကြရကုန်၏။ လူမိုက်သည်ကား မိုက်ခြင်းကြောင့် ကြောက်ရွံ့တုန်လှုပ်သည်ဖြစ်၍ သေရ၏။ သေခြင်း၏သဘောနှင့် တွေ့ထိသော ပညာရှိလူလိမ္မာသည်ကား ကြောက်ရွံ့တုန်လှုပ်ခြင်းမဖြစ်ချေ။

၉။ သို့ဖြစ်၍ ဤလောက၌ အကြင် ပညာဉာဏ်ဖြင့် ကိစ္စပြီးဆုံးရာ အရဟတ္တဖိုလ်ကို ရနိုင်၏၊ ထိုပညာဉာဏ်သည် ဥစ္စာပစ္စည်းထက်မြတ်၏။ လူမိုက်သည် ကိစ္စပြီးဆုံးရာ အရဟတ္တဖိုလ်ကို မရောက်သောကြောင့် တွေဝေကာ ဘဝကြီးငယ်တို့၌ အကုသိုလ်မကောင်းမှုတို့ကို ပြုလုပ်ကြကုန်၏။

၁၀။ မကောင်းမှုကို ပြုသောသူသည် သံသရာအဆက်ဆက် ပဋိသန္ဓေနေခြင်းသို့လည်းကောင်း၊ ဘဝတစ်ပါးသို့လည်းကောင်း ရောက်ရ၏။ (သံသရာမဆုံးနိုင်ဟု ဆိုသည်။) ပညာနည်းသူတစ်ယောက်သည် ပညာနည်းသူအား ဆည်းကပ်ယုံကြည်သည်ဖြစ်၍ ထိုကဲ့သို့ပင် ပဋိသန္ဓေနေခြင်း၊ ဘဝသို့ရောက်ရခြင်း ဖြစ်ရပြန်သည်။

၁၁။ ခိုးထုပ်ခိုးထည်နှင့်မိသော သူခိုးကို ခိုးမှုတည်းဟူသော မိမိအမှုကြောင့် သတ်အပ်သကဲ့သို့၊ ထိုအတူ ယုတ်မာသော အကျင့်ရှိသောသတ္တဝါကို တစ်ပါးသော အပါယ်လောက၌ မိမိပြုသောအမှုကပင် သတ်အပ်လေတော့သည်။

၁၂။ မင်းကြီး-- ကာမဂုဏ်တို့သည် ဆန်းကြယ်ကြသည်၊ ချိုမြိန်ကြသည်၊ နှလုံးမွေ့လျော်ဖွယ်ရှိကြသည်၊ ဖောက်ပြန်သောသဘောအားဖြင့် စိတ်ကိုညှဉ်းဆဲကြသည်။ ကာမဂုဏ်တို့၌ ဤသို့သောအပြစ်ကိုမြင်သောကြောင့် ငါသည် ရဟန်းပြုခြင်း ဖြစ်ပေသည်။

၁၃။ မင်းကြီး-- ကြီးငယ်မရွေး သစ်သီးတို့သည် ကြွေကျကြကုန်သကဲ့သို့၊ လူတို့သည်လည်း ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ ခန္ဓာကိုယ်ပျက်စီး၍ သေခြင်းသို့ ရောက်ကြရကုန်၏။ ဤသည်တို့ကိုလည်း သိမြင်၍ ရဟန်းပြုခြင်းဖြစ်ပေသည်။ မုချစင်စစ်အား ဖြင့်မူကား ရဟန်းအဖြစ်သည်သာလျှင် ကောင်းမြတ်ပါပေသည် မင်းကြီး- ဟု နိဂုံးအုပ်တော်မူသည်။

## သံယုတ်ပါဠိတော် - သီဝကသုတ်

ဝေဒနာ ၈-မျိုး

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မောဠိယသီဝကမည်သော ပရိဗိုဇ်သည် မြတ်စွာဘုရားထံ လာရောက်ဆည်းကပ်၍ ဝမ်းမြောက်ဖွယ်စကားတို့ကို ပြောကြားပြီးကာလ၊ သီဝကပရိဗိုဇ်က မြတ်စွာဘုရားအားလျှောက်ထားသည်မှာ၊ အရှင်ဂေါတမ- အချို့သော သမဏ, ဗြာဟ္မဏ တို့သည် ဤသို့ပြောဆိုကြ အယူရှိကြပါသည်။ အဘယ်သို့ ပြောကြ ယူကြပါသနည်းဟူမူ- အမှတ်မရှိ တစ်စုံတစ်ယောက်သော ယောကျ်ားသည် ခံစားအပ်သော သုခဝေဒနာကိုဖြစ်စေ, ဒုက္ခဝေဒနာကိုဖြစ်စေ, အဒုက္ခမသုခဝေဒနာကိုဖြစ်စေ အလုံးစုံသော ဝေဒနာ ဟူသမျှသည် ရှေးဘဝကပြုအပ်သောကံကြောင့်ဖြစ်သည်ဟု ပြောကြ ယူကြပါသည်။ အရှင်ဂေါတမ သည်ကား အဘယ်သို့ ပြောဆိုလိုပါသနည်းဟု လျှောက်၏။

သီဝက- သည်းခြေလျှင်ဖြစ်ကြောင်းရှိကုန်သော ဝေဒနာတို့သည်လည်း ရှိကုန်၏၊ သည်းခြေလျှင်ဖြစ်ကြောင်းရှိသော အချို့သောဝေဒနာတို့ရှိသည်ကို လူတိုင်းပင် ကိုယ်တိုင်လည်းသိအပ်ပေသည်၊ လောကသစ္စာအားဖြင့်လည်း အမှန်ဟူ၍သမုတ်အပ်၏။ သို့ဖြစ်၍ အလုံးစုံသော သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့သည် ရှေးကပြုဖူးသော ကံကြောင့် ဖြစ်သည်ဟု အချို့သော သမဏ, ဗြာဟ္မဏတို့ ပြောခြင်း ယူခြင်းတို့သည် မှားသည်ဟု ငါဆိုပေသည်။

သီဝက- ၁။ သည်းခြေလျှင်ဖြစ်ကြောင်းရှိသော ဝေဒနာ၊ ၂။ လေလျှင်ဖြစ်ကြောင်းရှိသောဝေဒနာ၊ ၃။ သလိပ်လျှင်ဖြစ်ကြောင်းရှိသော ဝေဒနာ၊ ၄။ သည်းခြေ, လေ, သလိပ်, သုံးပါး(သန္နိပါတ)အပေါင်းလျှင် ဖြစ်ကြောင်းရှိသော ဝေဒနာ၊ ၅။ ဥတုလျှင် ဖြစ်ကြောင်းရှိသောဝေဒနာ၊ ၆။ မညီညွတ်ခြင်းလျှင် ဖြစ်ကြောင်းရှိသော ဝေဒနာ၊ ၇။ သူတစ်ပါး အားထုတ်ပြုလုပ်ခြင်းလျှင်ဖြစ်ကြောင်းရှိသောဝေဒနာ၊ ၈။ ကံ၏အကျိုးကြောင့်ဖြစ်သော ဝေဒနာတို့သည် ရှိကြကုန်၏။

သိဝက- ကံ၏အကျိုးကြောင့်ဖြစ်သော ဝေဒနာတို့ဖြစ်သည် ရှိသည်ကို ကိုယ်တိုင်လည်း သိအပ်၏၊ လူအပေါင်းသည်လည်း အမှန်ဟူ၍ လောကသစ္စာ အနေအားဖြင့် သမုတ်ကြ၏။ ယင်းသို့ဖြစ်ရာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော သုခ, ဒုက္ခ, အဒုက္ခမသုခဝေဒနာဟူသမျှတို့သည် ရှေးဘဝက ပြုခဲ့သောကံကြောင့်ဖြစ်သည် ဟု ဆိုသော, ယူသော, သမဏ, ဗြာဟ္မဏတို့သည် ကိုယ်တိုင်သိအပ်သည်ကိုလည်း ကျော်လွန်သွားကြကုန်၏၊ လူအပေါင်းတို့အမှန်ဟု သမုတ်အပ်သည်ကိုလည်း ကျော်လွန်သွားကြကုန်၏။ သို့ဖြစ်သောကြောင့် အချို့အချို့သော သမဏ, ဗြာဟ္မဏတို့ ပြောဆိုခြင်း, ယူခြင်းကို မှားသည်ဟု ငါပြောပေသည်ဟူ၍ မိန့်တော်မူလေသည်။

မောဠိယသိဝကပရိဗိုဇ်သည် အရှင်ဂေါတမ- အရှင်ဂေါတမ၏တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါပေသည်။ အကျွန်ုပ်ကို ယနေ့မှစ၍ အရှင်ဂေါတမအား ဆည်းကပ်ကိုးကွယ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါ- ဟု လျှောက်လေသည်။

ဝေဒနာဖြစ်ကြောင်း ၈-ပါး

၁။ သည်းခြေ၊ ၂။ သလိပ်၊ ၃။ လေ၊ ၄။ သန္နိပါတ၊ ၅။ ဥတု၊ ၆။ မညီညွတ်ခြင်း၊ ၇။ လုံ့လပယောဂ၊ ၈။ ကံ၏အကျိုးအားဖြင့် ၈-မျိုးဖြစ်၏။ အဆိုပါ ဝေဒနာ ၈-မျိုးတို့ကို သမ္မုတိသစ္စာ အနေအားဖြင့် ဟောတော် မူသည်။ ပရမတ္ထသစ္စာအားဖြင့်မူကား စက္ခုသမ္ဖဿစသော ဖဿ ၆-ပါးတို့သည် ဝေဒနာဖြစ်ကြောင်း တရားအမှန်ဖြစ်သည်ဟု ဟောတော်မူသည်။ သမ္မုတိသစ္စာဖြစ်သော ဝေဒနာတို့သည်လည်း မမြဲကြကုန်၊ ဆင်းရဲသဘော ရှိကုန်သည်သာတည်း၊ အစိုးမရသော သဘောရှိသော ဝေဒနာတို့သာတည်း- ဟု ဆင်ခြင်ပွားများအပ်သော ဝေဒနာတို့ဖြစ်ကုန်၏။

* * * * * * *

# မဇ္ဈိမနိကာယ်-စူဠဝေဒလ္လသုတ်

စူဠဝေဒလ္လသုတ် နောက်ပိုင်း၌ ဝေဒနာတရားပါဝင်သည်။ သို့သော် ဤသုတ်၌ ဝိသာခဥပါသကာနှင့် ဓမ္မဒိန္နာထေရီတို့၏အမေးအဖြေမှာ ဓမ္မာမကယောဂီတို့ သိမှတ်ဖွယ်ကောင်းလှသည်ဖြစ်၍ အပြည့်အစုံ ရေးသားလိုက်ခြင်းဖြစ်သည်။

ဝိသာခဥပါသကာသည် ဗိမ္ဗိသာရမင်းတို့ သောတာပန်ဖြစ်သော အချိန်ကပင် သောတာပန်ဖြစ်ခဲ့သည်။ နောက်ကာလအတော်ကြာမှ သကဒါဂါမ်၊ ထို့နောက်မှအနာဂါမ်အဖြစ်သို့ရောက်သည်။ ဝိသာခဥပါသကာ အနာဂါမ်ဖြစ်သောအချိန်၌ ရာဇဂြိုဟ်မြို့၌ ဘိက္ခုနီကျောင်းတိုက်ထင်ရှားရှိနေလေပြီ။ ဝိသာခဥပါသကာ အနာဂါမ် ဖြစ်သောအခါ ကာမရာဂါနုသယကို ပယ်အပ်ပြီး ဖြစ်သောကြောင့် အိမ်ရှင်မ ဓမ္မဒိန္နာသည် ဘိက္ခုနီ ပြုလုပ်ခြင်းဖြစ်သည်။ သဒ္ဓါပဗ္ဗဇိတတည်း။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝိသာခဥပါသကာသည် ဓမ္မဒိန္နာထေရီထံသို့ သွား၍ ဓမ္မဒိန္နာထေရီအားရှိခိုးပြီးကာလ ဓမ္မဒိန္နာထေရီကို မေးလျှောက်သည်မှာ. . .

၁။ မေး။ ။ အရှင်မ– သက္ကာယ သက္ကာယဟူ၍ ပြောဆိုကြသည်။ မြတ်စွာဘုရားသည် ဘယ်တရားသဘောကို သက္ကာယ ဟူ၍ ဟောတော်မူပါသနည်း။

ဖြေ။ ။ ဒါယကာ ဝိသာခ– ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ ဟူ ကုန်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို သက္ကာယဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသည်။

၂။ မေး။ ။ အရှင်မ– ကောင်းပါပြီဟု ဝမ်းမြောက်စွာသာဓုခေါ်ပြီးနောက် ဆက်လက်၍ မေးလျှောက်ပြန်သည်မှာ... အရှင်မ– သက္ကာယ သမုဒယ ဟု ပြောဆိုကြသည်။ မြတ်စွာဘုရားသည် အဘယ်တရားသဘောကို သက္ကာယသမုဒယဟု ဟောတော်မူပါနည်း။

ဖြေ။ ။ ဒါယကာ ဝိသာခ– ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟု ဆိုအပ်သော တစ်ဖန်ဘဝသစ်၌ ဖြစ်စေတတ်သော, နှစ်သက်ခြင်း ရာဂနှင့်တကွ ဖြစ်သော အကြင်တဏှာကို သက္ကာယသမုဒယဟူ၍ ဟောတော်မူ ပါသည်။

၃။ မေး။ ။ အရှင်မ– သက္ကာယနိရောဓ, သက္ကာယနိရောဓဟု ပြောဆိုကြပါသည်။ မြတ်စွာဘုရားသည် အဘယ်တရားသဘောကို သက္ကာယနိရောဓ ဟု ဟောတော်မူပါသနည်း။

ဖြေ။ ။ ဒါယကာ ဝိသာခ– ပြဆိုအပ်ပြီးသော တဏှာ၏အကြွင်းမဲ့ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်, တဏှာစွန့်ရာဖြစ်သော နိဗ္ဗာန်သည်, တပ်မက်ခြင်းကင်းရာ ဖြစ်သော နိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်ကို သက္ကာယနိရောဓဟု မြတ်စွာဘုရား ဟောတော်မူပါသည်။

၄။ မေး။ ။ အရှင်မ– သက္ကာယနိရောဓဂါမိနီပဋိပဒါ, သက္ကာယနိရောဓ ဂါမိနီပဋိပဒါ ဟူ၍ပြောကြပါသည်။(သက္ကာယချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်။) မြတ်စွာဘုရားသည် အဘယ်တရားသဘောကို သက္ကာယနိရောဓဂါမိနီပဋိပဒါ ဟု ဟောတော်မူပါသနည်း။

ဖြေ။ ။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး တရားကို သက္ကာယနိရောဓဂါမိနီပဋိပဒါ ဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသည်။

၅။ မေး။ ။ အရှင်မ– ထိုဥပါဒါန် သည်ပင်လျှင် ဥပါဒါနက္ခန္ဓာ တို့ပေလော၊ သို့ မဟုတ် ဥပါဒါန်သည် ခန္ဓာငါးပါးတို့မှ တခြားလော။

ဖြေ။ ။ ဥပါဒါန်သည်ပင်လျှင် ဥပါဒါနက္ခန္ဓာတို့ မဟုတ်ကုန်၊ ဥပါဒါန်သည် ခန္ဓာငါးပါးတို့မှ တခြားလည်းမဟုတ်ကုန်။ ဒါယကာ ဝိသာခ– ခန္ဓာ ငါးပါးတို့၌ လိုချင်တပ်မက်ခြင်းဆန္ဒရာဂသည် ဥပါဒါန် ဖြစ်ပါသည်။

၆။ မေး။ ။ အရှင်မ– အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိဖြစ်ပါသနည်း။

ဖြေ။ ။ ဤလောက၌ အရိယာတို့ကို ဉာဏ်မျက်စိဖြင့် မတွေ့မမြင်ဖူးသော, အရိယာတို့၏တရား၌ မလိမ္မာသော, အရိယာတို့၏ တရား၌ မယဉ်ကျေးသော, သူတော်ကောင်းတို့ကို ဉာဏ်မျက်စိဖြင့် မတွေ့မမြင်ဖူးသော, သူတော်ကောင်း

တရား၌မလိမ္မာသော, သူတော်ကောင်းတရား၌မယဉ်ကျေးသော, အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်ကိုအတ္တဟုရှု၏၊ အတ္တကိုရုပ်ဟုရှု၏၊ အတ္တ၌ရုပ်ဟုရှု၏၊ ရုပ်၌အတ္တဟုရှု၏။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ရုပ်ကိုရှုသကဲ့သို့ရှု၏၊ ဒါယကာ ဝိသာခ- ဤသို့ရှုလျှင် သက္ကာယ ဖြစ်ပါသည်။

**၇။ မေး။** ။ အရှင်မ- အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိမဖြစ်ပါသနည်း။

**ဖြေ။** ။ ဒါယကာဝိသာခ- အရိယာတို့ကို ဉာဏ်မျက်စိဖြင့် တွေ့မြင်ခဲ့ဖူးသော, အရိယာတို့၏တရား၌ လိမ္မာသော, အရိယာတရား၌ ယဉ်ကျေးသော, သူတော်ကောင်းတို့ကို ဉာဏ်မျက်စိဖြင့် တွေ့မြင်ဖူးသော, သူတော်ကောင်းတရား၌ လိမ္မာသော, သူတော်ကောင်းတရား၌ ယဉ်ကျေးသော, အကြားအမြင်များသော အရိယာ ပုဂ္ဂိုလ်သည် ရုပ်ကို အတ္တဟူ၍ မရှု၊ အတ္တကို ရုပ်ဟူ၍မရှု၊ အတ္တ၌ ရုပ်ဟူ၍မရှု၊ ရုပ်၌ အတ္တဟူ၍လည်းမရှု။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့ကိုလည်း ရုပ်ကို မရှု သကဲ့သို့ပင် မရှုပေ။ ဒါယကာဝိသာခ- ဤသို့မရှုလျှင် သက္ကာယဒိဋ္ဌိမဖြစ်ပါ။

**၈။ မေး။** ။ အရှင်မ- အင်္ဂါရှစ်ပါးရှိသော မဂ်တရားဟူသည် အဘယ်တရားပါနည်း။

**ဖြေ။** ။ သမ္မာဒိဋ္ဌိ။ လ။ သမ္မာသမာဓိ- ဤတရားတို့သည် အင်္ဂါရှစ်ပါးရှိသော မဂ်တရားဖြစ်ပါသည်။

**၉။ မေး။** ။ အရှင်မ- မြတ်သော၊ ဝါ- ဖြူစင်သော အဋ္ဌင်္ဂိကမဂ်သည် သင်္ခတ ပါလော၊ သို့မဟုတ် အသင်္ခတ ပါလော။

**ဖြေ။** ။ မြတ်သော၊ ဝါ- ဖြူစင်သော အဋ္ဌင်္ဂိကမဂ်သည် သင်္ခတဖြစ်ပါသည်။

**၁၀။ မေး။** ။ အရှင်မ၊ မြတ်သော၊ဝါ- ဖြူစင်သော အဋ္ဌင်္ဂိကမဂ်ဖြင့်ခန္ဓာသုံးပါးတို့ကို ရေတွက်အပ်ပါသလော၊ သို့မဟုတ် ၃-ပါးသောခန္ဓာတို့ဖြင့် အဋ္ဌင်္ဂိကမဂ်ကို ရေတွက်အပ်ပါသလော။

**ဖြေ။** ။ ဥပါသကာဝိသာခ- မြတ်သော၊ ဝါ- ဖြူစင်သော အဋ္ဌင်္ဂိကမဂ်ဖြင့် ခန္ဓာ ၃-ပါးတို့ကို မရေတွက်အပ်ပါ။ ၃-ပါးသော ခန္ဓာတို့ဖြင့်သာ မြတ်သော၊ ဝါ- ဖြူစင်သော အဋ္ဌင်္ဂိကမဂ်ကို ရေတွက်အပ်ပါသည်။

ဒါယကာဝိသာခ- ၁။ သမ္မာဝါစာ၊ ၂။ သမ္မာကမ္မန္တ ၃။ သမ္မာအာဇီဝ- ဤမဂ္ဂင် ၃-ပါးတို့ကို သီလက္ခန္ဓ (သီလအစု)၌ ရေတွက်အပ်ပါသည်။ ၁။ သမ္မာဝါယာမ၊ ၂။ သမ္မာသတိ၊ ၃။ သမ္မာသမာဓိ- ဤမဂ္ဂင် ၃-ပါးတို့ကို သမာဓိက္ခန္ဓ၌ ရေတွက်အပ်ပါသည်။ ၁။ သမ္မာဒိဋ္ဌိ၊ ၂။ သမ္မာသင်္ကပ္ပ- ဤမဂ္ဂင် ၂-ပါးကို ပညာက္ခန္ဓ၌ ရေတွက်အပ်ပါသည်။

**၁၁။ မေး။** ။ အရှင်မ- အဘယ်တရားသည် တည်ကြည်ခြင်း သမာဓိဖြစ်ပါသနည်း။ အဘယ်တရားသည် တည်ကြည်ခြင်း သမာဓိ၏ အကြောင်းနိမိတ်တို့ ဖြစ်ပါသနည်း။ အဘယ်တရားသည် တည်ကြည်ခြင်း သမာဓိ၏ အခြံအရံတို့ ဖြစ်ပါသနည်း။ အဘယ်တရားသည် တည်ကြည်ခြင်း သမာဓိ ပွားများခြင်းဖြစ်ပါသနည်း။

ဖြေ။ ။ ဒါယကာဝိသာခ စိတ်၏အာရုံတစ်ခု၌သာ ရှိခြင်းသည် တည်ကြည်ခြင်း သမာဓိ ဖြစ်ပါသည်။ သတိပဋ္ဌာန်လေးပါး တို့သည် တည်ကြည်ခြင်း သမာဓိ၏ ဖြစ်ကြောင်းနိမိတ်တို့ဖြစ်ပါသည်။ သမ္မပ္ပဓာန်လေးပါးတို့သည် တည်ကြည်ခြင်း သမာဓိ၏ အခြံအရံတို့ဖြစ်ပါသည်။ ထိုသတိပဋ္ဌာန်, သမ္မပ္ပဓာန်တို့ကိုသာလျှင် အဖန်ဖန် မှီဝဲခြင်း၊ ပွားများခြင်း၊ ကြိမ်ဖန်များစွာ အားထုတ်ခြင်းသည် တည်ကြည်ခြင်း သမာဓိ ကို ပွားများခြင်းဖြစ်ပါသည်။

၁၂။ မေး။ ။ အရှင်မ- သင်္ခါရတို့သည် အဘယ်မျှလောက်ရှိပါသနည်း။

ဖြေ။ ။ ဒါယကာဝိသာခ- ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရအားဖြင့် သင်္ခါရတို့သည် ၃-ပါးရှိပါသည်။

၁၃။ မေး။ ။ အရှင်မ- အဘယ်တရားသည် ကာယသင်္ခါရ, အဘယ်တရားသည် ဝစီသင်္ခါရ,အဘယ်တရားသည် စိတ္တသင်္ခါရ ဖြစ်ပါသနည်း။

ဖြေ။ ။ ဒါယကာဝိသာခ- အဿာသ ပဿာသတို့သည် ကာယ သင်္ခါရ, ဝိတက်- ဝိစာရတို့သည် ဝစီသင်္ခါရ, သညာ-ဝေဒနာတို့သည် စိတ္တသင်္ခါရ ဖြစ်ပါသည်။

၁၄။ မေး။ ။ အရှင်မ- အဿာသ ပဿာသတို့ကို အဘယ်ကြောင့် ကာယသင်္ခါရ ဆိုပါသနည်း။ ဝိတက်- ဝိစာရတို့ကို အဘယ်ကြောင့် ဝစီသင်္ခါရဆိုပါ သနည်း။ သညာ-ဝေဒနာတို့ကို အဘယ်ကြောင့် စိတ္တသင်္ခါရ ဆိုပါသနည်း။

ဖြေ။ ။ ဒါယကာဝိသာခ- အဿာသ ပဿာသတို့သည် ကိုယ်၌မှီကုန်၏၊ ကိုယ်နှင့်စပ်ကုန်၏။ ထို့ကြောင့် အဿာသ ပဿာသတို့ကို ကာယသင်္ခါရ ဟုဆိုသည်။ ရှေးဦးစွာကပင် ကြံစည်ဆင်ခြင်၍ နောက်မှ စကားကို ပြောဆိုခြင်းဖြစ်၏၊ ထို့ကြောင့် ဝိတက် - ဝိစာရတို့ကိုဝစီသင်္ခါရဟုဆိုသည်။ သညာ-ဝေဒနာတို့သည် စိတ် နှင့် စပ်ကုန်၏။ ထို့ကြောင့် သညာ-ဝေဒနာတို့ကို စိတ္တသင်္ခါရ ဟု ဆိုသည်။

၁၅။ မေး။ ။ အရှင်မ-သညာ-ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်သည် အဘယ်သို့ ဖြစ်ပါသနည်း။

ဖြေ။ ။ ဒါယကာဝိသာခ- သညာ-ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်သို့ဝင်စား သော ရဟန်းအား ငါသည် သညာဝေဒနာတို့ ချုပ်ရာ နိရောဓသမာပတ်သို့ ဝင်စားလတ္တံ့. ဟူ၍လည်းကောင်း၊ ဝင်စားဆဲဟူ၍ လည်းကောင်း၊ ဝင်စားပြီး ဟူ၍ လည်းကောင်း စိတ်၌မဖြစ်ပါ။ စင်စစ်သော်ကား ရှေးအဖို့ ကပင်လျှင် ထိုရဟန်းသည် သညာ-ဝေဒနာတို့ ချုပ်စိမ့်သောငှာ စိတ်ကိုပွားများအပ်ပါသည်။

၁၆။ မေး။ ။ သညာ,ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်ဝင်စားသော ရဟန်းအာ အဘယ်တရားတို့သည် ပထမချုပ်ပါသနည်း။ ကာယသင်္ခါရတို့သည် မှုလည်း ပထမချုပ်ပါသလော၊ ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့သည်မှုလည်း ပထမချုပ်ပါ သလော။

ဖြေ။ ။ ဒါယကာဝိသာခ– သညာ,ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ် ဝင်စားသော ရဟန်းအား ဝစီသင်္ခါရ ပထမချုပ်ပါသည်။ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် စိတ္တသင်္ခါရချုပ်ပါသည်။

၁၇။ မေး။ ။ အရှင်မ– အဘယ်သို့လျှင် သညာ,ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်မှ ထပါသနည်း။

ဖြေ။ ။ ဒါယကာဝိသာခ– သညာ, ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်မှ ထသော ရဟန်းအား ငါသည် နိရောဓသမာပတ်မှ ထလတ္တံ့ဟူ၍ လည်းကောင်း၊ နိရောဓသမာပတ်မှထအံ့ ထဆဲဟူ၍လည်းကောင်း၊ နိရောဓသမာပတ်မှ ထပြီးဟူ၍ လည်းကောင်း ဤသို့စိတ်၌မဖြစ်ပါ။ စင်စစ်သော်ကား ရှေးအဖို့ကပင်လျှင် ထိုရဟန်းသည် နိရောဓသမာပတ်မှ ထခြင်းငှာ စိတ်ကိုပွားများအပ်ပါသည်။

၁၈။ မေး။ ။ အရှင်မ– သညာ,ဝေဒနာတို့ချုပ်ရာနိရောဓသမာပတ်မှထသောရဟန်းအား အဘယ်တရားတို့သည် ပထမဖြစ်ပါသနည်း။ ကာယသင်္ခါရသည်မှုလည်း ပထမ ဖြစ်ပါသလော၊ ဝစီသင်္ခါရ, စိတ္တသင်္ခါရ တို့သည်မှုလည်း ပထမဖြစ်ပါသလော။

ဖြေ။ ။ ဒါယကာ ဝိသာခ– သညာ,ဝေဒနာတို့ချုပ်ရာ နိရောဓ သမာပတ်မှ ထသောရဟန်းအား စိတ္တသင်္ခါရပထမဖြစ်ပါသည်။ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် ဝစီသင်္ခါရတို့ ဖြစ်ကြပါသည်။

၁၉။ မေး။ ။ အရှင်မ– သညာ,ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်မှ ထသောရဟန်းကို ဖဿဘယ်နှစ်ပါးတို့သည် တွေ့ထိအပ်ပါကုန်သနည်း။

ဖြေ။ ။ ဒါယကာဝိသာခ– သညာ,ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်မှ ထသော ရဟန်းကို သုညတဖဿ, အနိမိတ္တဖဿ, အပ္ပဏိဟိတဖဿ ဟူသော ဖဿ ၃–ပါးတို့သည် တွေ့ထိအပ်ပါသည်။

၂၀။ မေး။ ။ အရှင်မ– သညာ,ဝေဒနာတို့ချုပ်ရာ နိရောဓသမာပတ်မှ ထပြီးသော ရဟန်း၏စိတ်သည် အဘယ်သို့ညွတ်ပါ ကိုင်းရှိုင်းပါသနည်း။

ဖြေ။ ။ နိဗ္ဗာန်သို့ညွတ်ပါသည်၊ နိဗ္ဗာန်သို့ကိုင်းရှိုင်းပါသည်။

၂၁။ မေး။ ။ ဝေဒနာ ဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟူ၍ ဝေဒနာ ၃–ပါး ရှိပါသည်။

၂၂။ မေး။ ။ သုခဝေဒနာသည် အဘယ်တရားပါနည်း။ ဒုက္ခဝေဒနာသည် အဘယ်တရားပါနည်း။ အဒုက္ခမသုခဝေဒနာသည် အဘယ်တရားပါနည်း။

ဖြေ။ ။ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ ချမ်းသာစွာ သာယာစွာခံစားသောဝေဒနာသည် သုခဝေဒနာဖြစ်ပါသည်။ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ ဆင်းရဲစွာ မသာယာစွာခံစားသော ဝေဒနာသည် ဒုက္ခဝေဒနာ ဖြစ်ပါသည်။ ကိုယ်၌ဖြစ်စေ စိတ်၌ဖြစ်စေ သာယာသည်လည်းမဟုတ် မသာယာသည်လည်း မဟုတ်မူ၍ ခံစားသောဝေဒနာသည် အဒုက္ခမသုခဝေဒနာ ဖြစ်ပါသည်။

၂၃။ မေး။ ။ သုခဝေဒနာသည် မည်သို့ချမ်းသာ၍ မည်သို့ဆင်းရဲပါသနည်း။ ဒုက္ခဝေဒနာသည် မည်သို့ချမ်းသာ၍ မည်သို့ ဆင်းရဲပါသနည်း။ အဒုက္ခမသုခဝေဒနာသည် မည်သို့ချမ်းသာ၍ မည်သို့ဆင်းရဲပါသနည်း။

ဖြေ။ ။ သုခဝေဒနာတည်ရှိခြင်းသည် ချမ်းသာခြင်း ဖြစ်ပါသည်။ ဖောက်ပြန်ပျက်စီးခြင်းသည်ဆင်းရဲခြင်းဖြစ်ပါသည်။ ဒုက္ခ ဝေဒနာတည်ရှိခြင်းသည် ဆင်းရဲခြင်းဖြစ်ပါသည်၊ ဖောက်ပြန်ပျက်စီးခြင်းသည်ချမ်းသာခြင်းဖြစ်ပါသည်။ အဒုက္ခမသုခဝေဒနာကိုသိမြင်ခြင်းသည် ချမ်းသာခြင်းဖြစ်ပါသည်၊ မသိမမြင်ခြင်းသည် ဆင်းရဲခြင်းဖြစ်ပါသည်။

၂၄။ မေး။ ။ သုခဝေဒနာ၌ အဘယ်အနုသယကိန်းပါသနည်း။ ဒုက္ခဝေဒနာ၌ အဘယ်အနုသယ ကိန်းပါသနည်း။ အဒုက္ခမသုခ ဝေဒနာ၌ အဘယ်အနုသယကိန်းပါသနည်း။

ဖြေ။ ။ သုခဝေဒနာ၌ ရာဂါနုသယကိန်းပါသည်။ ဒုက္ခဝေဒနာ၌ပဋိဃာနုသယကိန်းပါသည်။ အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကိန်းပါသည်။

၂၅။ မေး။ ။ အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကိန်းပါသလော၊ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကိန်းပါသလော၊ အလုံးစုံသော အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကိန်းပါသလော။

ဖြေ။ ။ အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယမကိန်းပါ။ ထို့အတူအလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယမကိန်းပါ။ အလုံးစုံ သော အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယမကိန်းပါ။

၂၆။ မေး။ ။ သုခဝေဒနာ၌ အဘယ်တရားကို ပယ်အပ်ပါသနည်း။ ဒုက္ခဝေဒနာ၌ အဘယ်တရားကို ပယ်အပ်ပါသနည်း။ အဒုက္ခမသုခဝေဒနာ၌ အဘယ်တရားကို ပယ်အပ်ပါသနည်း။

ဖြေ။ ။ သုခဝေဒနာ၌ ရာဂါနုသယကိုပယ်အပ်ပါသည်။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပယ်အပ်ပါသည်။ အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်အပ်ပါသည်။

၂၇။ မေး။ ။ အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကိုပယ်အပ်ပါသလော။ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပယ်အပ်ပါသလော။ အလုံးစုံသော အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်အပ်ပါသလော။

ဖြေ။ ။ အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကို၊ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို၊ အလုံးစုံသော အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကို မပယ်အပ်ပါ။

ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်၊ အကုသိုလ်တို့မှ ကင်းဆိတ်၍သာလျှင်၊ ဝိတက်, ဝိစာရတို့နှင့်တကွဖြစ်သော နီဝရဏကင်းခြင်းကြောင့်ဖြစ်သော ပဌမဈာန်နှင့်ပြည့်စုံသည်ဖြစ်၍ နေ၏။ ထိုပဌမဈာန်ဖြင့် ရာဂါနုသယကို ပယ်၏။ ထိုပဌမဈာန်၌ ရာဂါနုသယ မကိန်းပါ။

ဤမြတ်စွာဘုရား၏သာသနာတော်၌ ရဟန်းသည် ဤသို့ဆင်ခြင်၏။ **အဘယ်သို့ ဆင်ခြင်သနည်းဟူမူ- ယခုအခါ၌ အကြင်အရိယာပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်တည်း ဟူသော** တည်ရာကို ပြည့်စုံစေ၍ နေကြကုန်၏။ ငါသည် ဘယ်သောအခါကာလ၌ **ထို အရဟတ္တဖိုလ်တည်းဟူသောတည်ရာကို ပြည့်စုံစေ၍ နေရပါအံ့နည်းဟု ဆင်ခြင်၏။ ဤသို့လျှင် မိမိထက်လွန်မြတ်သော တရားမရှိသော အရဟတ္တဖိုလ်၌ တောင့်တခြင်းကို ဖြစ်စေသော** ရဟန်းအား တောင့်တခြင်းကြောင့် ဒေါမနဿဖြစ်၏။ **ထိုဒေါမနဿဖြင့် ပဋိဃကို ပယ်၏၊ ထိုဒေါမနဿ၌ ပဋိဃာနုသယ မကိန်းပါ။**

မြတ်စွာဘုရား သာသနာတော်၌ ရဟန်းသည် သုခကိုလည်းကောင်း၊ ဒုက္ခကို လည်းကောင်း ပယ်ခြင်းကြောင့် ရှေးအဖို့ကပင်လျှင် သောမနဿ ဒေါမနဿတို့ချုပ်ခြင်း ကြောင့် သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်သော ဥပေက္ခာသည်ဖြစ်စေအပ်သောသတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏။ ထိုစတုတ္ထဈာန်ဖြင့် အဝိဇ္ဇာနုသယကို ပယ်၏။ ထိုစတုတ္ထဈာန်၌ အဝိဇ္ဇာနုသယသည် မကိန်းပါ- ဟု ပြေလေသည်။

**၂၈။ မေး။** ။ သုခဝေဒနာ၏ဆန့်ကျင်ဘက်၊ ဝါ- ပြိုင်ဘက်တရားကား အဘယ်တရား ပါနည်း။

**ဖြေ။** ။ သုခဝေဒနာ၏ဆန့်ကျင်ဘက်၊ ဝါ- ပြိုင်ဘက်တရားကား ဒုက္ခဝေဒနာ ဖြစ်ပါသည်။

**၂၉။ မေး။** ။ ဒုက္ခဝေဒနာ၏ ဆန့်ကျင်ဘက်ကား အဘယ်တရားပါနည်း။

**ဖြေ။** ။ သုခဝေဒနာဖြစ်ပါသည်။

**၃၀။ မေး။** ။ အဒုက္ခမသုခဝေဒနာ၏ ဆန့်ကျင်ဘက်တရားကား အဘယ်တရားပါ နည်း။

**ဖြေ။** ။ အဝိဇ္ဇာတရားဖြစ်ပါသည်။

**၃၁။ မေး။** ။ အဝိဇ္ဇာ၏ဆန့်ကျင်ဘက်ကား အဘယ်တရားပါနည်း။

**ဖြေ။** ။ ဝိဇ္ဇာတရားဖြစ်ပါသည်။

**၃၂။ မေး။** ။ ဝိဇ္ဇာ၏ပြိုင်ဘက်သည်ကား အဘယ်တရားပါနည်း။

**ဖြေ။** ။ လွတ်မြောက်ခြင်း ဝိမုတ္တိဖြစ်ပါသည်။

**၃၃။ မေး။** ။ ဝိမုတ္တိ၏ ပြိုင်ဘက်ကား အဘယ်တရားပါနည်း။

**ဖြေ။** ။ လွတ်မြောက်ခြင်း ဝိမုတ္တိ၏ ပြိုင်ဘက်သည်ကား နိဗ္ဗာန်ဖြစ်ပါသည်။

**၃၄။ မေး။** ။ နိဗ္ဗာန်၏ ပြိုင်ဘက်တရားကား အဘယ်တရားပါနည်းဟု- ဆက်လက်၍ မေးသောအခါ . . .

ဒါယကာ ဝိသာခ- သင်၏အမေးပြဿနာသည် လွန်၍သွားလေပြီ။ ကျွန်ုပ်သည် ပြဿနာ၏အဆုံးကို ဖြေဆိုခြင်းငှာ မစွမ်းနိုင်ပြီ။ ဒါယကာဝိသာခ- မြတ်သောရဟန်း၏အကျင့်သည် နိဗ္ဗာန်သို့သက်ဝင်၏၊ နိဗ္ဗာန်လျှင် လဲလျောင်းရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ သို့ပြစ်၍ အသင်သည် ဆက်လက်၍မေးလျှောက်ခြင်းငှာ အလိုရှိသည်ဖြစ်အံ့၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ထားပါလေ။ မြတ်စွာဘုရား ဖြေကြားတော်မူတိုင်း မှတ်ထားပါလေ- ဟု ပြောကြားလေသည်။

ထိုအခါ ဝိသာခဥပါသကာသည် ဓမ္မဒိန္နာထေရီ ဖြေဆိုပြောကြားသောစကားကို ဝမ်းမြောက်စွာ သာဓုခေါ်၍ ဓမ္မဒိန္နာထေရီကို ရှိခိုးပြီးကာလ မြတ်စွာဘုရားထံသွားရောက်ဆည်းကပ်ကာ ဓမ္မဒိန္နာထေရီနှင့်မေးဖြေသော အကြောင်းအရာအလုံးစုံကို လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူသည်။ ထိုအခါ "ဓမ္မဒိန္နာသည် ပညာရှိပေသည်၊ ကြီးမားသော ပညာရှိပေသည်။ ဝိသာခ- သင်သည်အကယ်၍ ဤပြဿနာကို ငါ့အားမေးသည်ဖြစ်အံ့၊ ငါသည်လည်း ဓမ္မဒိန္နာဖြေသကဲ့သို့သာလျှင်ဖြေပေမည်။ သို့ကြောင့် ဓမ္မဒိန္နာဖြေကြားသည့်အတိုင်းသာ မှတ်သားလေလော့"ဟု မိန့်တော်မူရာ ဝိသာခ ဥပါသကာသည် မြတ်စွာဘုရား မိန့်တော်မူသည်ကို နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လေပြီ။

သတိပြုဖွယ်။ ။ စာမျက်နှာ(၂၀၄)၌ စာလုံးမဲဖြင့် ပြထားသော (ဒေါမနဿဖြင့် ပဋိဃကို ပယ်၏၊ ထိုဒေါမနဿ၌ ပဋိဃာနုသယ မကိန်းပါ)ဟူသော စကားကို အဋ္ဌကထာ၌ ဤသို့ရှင်းလင်းပြဆိုထား၏။

ပဋိဃဖြင့် ပဋိဃကို, ဒေါမနဿဖြင့် ဒေါမနဿကို ပယ်သည်ဟူ၍မရှိ၊ ဤရဟန်းသည်ကား တစ်စုံတစ်ခုသော အကျင့်ပဋိပတ်ကို သင်ယူ၍ ဤသို့ဆင်ခြင်၏။ ရဟန်း:- သင်ကြည့်လော့၊ သင်၏သီလသည် ယုတ်လျော့သောအရာရှိသလော။ သို့မဟုတ် ဝီရိယ၊ သို့မဟုတ် ပညာသည် ယုတ်လျော့မှုရှိသလော။ သင်၏သီလသည် အလွန်စင်ကြယ်လျက်ရှိ၏။ ချီးမြှောက် အပ်သော ဝီရိယလည်းရှိ၏။ ပညာသည်လည်း ထက်မြက်စွာ ဆောင်လျက်ရှိ၏ဟူ၍ ဆင်ခြင်၏။ ဤသို့ဆင်ခြင်ပြီးကာလ ယခုအခါ၌ နောက်ထပ် တစ်ဖန် ဒေါမနဿမဖြစ်စေတော့အံ့ဟု မြဲမြံစွာဝီရိယကိုပြုလျက် ၃-လအတွင်း၌ဖြစ်စေ၊ ၆-လအတွင်း၌ဖြစ်စေ အားထုတ်ကာ အနာဂါမိမဂ်ဖြင့် ပဋိဃကိုပယ်၏။ ဤသို့သော အကြောင်းပရိယာယ်အားဖြင့် ပဋိဃဖြင့်သာလျှင် ပဋိဃကို, ဒေါမနဿဖြင့် သာလျှင် ဒေါမနဿကို ပယ်သည်မည်၏-- ဟု ရှင်းလင်းပြသလေသည်။

## ဒေါမနဿဖြစ်ပုံ ဝတ္ထု

ယောဂီပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် ၃-လအတွင်း၌တရားထူးရစေမည်၊ သို့မဟုတ် ၆-လအတွင်း၌တရားထူးရစေမည်ဟု ဆောက်တည်ကာ တရားကိုအားထုတ်၏။ မိမိပိုင်းခြားသော ကာလအတွင်း၌ ကြိုးစား၍အားထုတ်သော်လည်း တရားထူးမရခြင်းကြောင့် ထိုယောဂီပုဂ္ဂိုလ်၌ အားကြီးသော ဒေါမနဿဝေဒနာဖြစ်၏။ (ဤဒေါမနဿမျိုးကိုကား သေဝိတဗ္ဗ-မှီဝဲအပ်သောဒေါမနဿဖြစ်သောကြောင့် သင့်လျော်သည်ဟု သက္က

ပဉ္စာသုတ်၌ ဟောတော်မူသည်။) တစ်နေ့သောအခါ ထိုဒေါမနဿကို အကြောင်းပြု၍ ဖုဿဒေဝမထေရ်ကဲ့သို့ တရားထူးရသောကြောင့်တည်း။

အာဋ္ဋိနကြ၌ သီတင်းသုံးနေတော်မူသော ဖုဿဒေဝ မထေရ်သည် မျက်ရည်များပင် စီးဆင်းသည့်တိုင်အောင် ဒေါမနဿဖြစ်တော်မူသည်။ ကြားရဖူးသည်ကား- ဖုဿဒေဝ မထေရ်သည် ၁၉-နှစ်တိုင်တိုင် ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်တော်မူသည်။ ငါသည် ဤအကြိမ်၌ အရဟတ္တဖိုလ်ကို အရယူတော့အံ့၊ ဤပဝါရဏာပြုသော အကြိမ်၌ ဝိသုဒ္ဓိပဝါရဏာပြုတော့အံ့။ (ကိလေသာကင်းစင်သော အရဟတ္တဖိုလ်သို့ ရောက်ကာ ပဝါရဏာပြုတော့မည်ဟု ဆိုလိုသည်။) ဟု စိတ်ကိုဖွဲ့၍ ရဟန်းတရားကို အားထုတ်လျက်သာလျှင် ၁၉-နှစ်တို့ကို ကျော်လွန်ခဲ့၏။ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုရန် ကြွလာတော်မူသောအခါ မျက်ရည်ကျခြင်းကင်းသောအခါဟူ၍ မရှိသောဟူ၏။ သို့သော်လည်း မယုတ်သော ဖွဲ့လုံ့လဖြင့် ဆက်လက်အားထုတ်တော်မူရာ နှစ်ပေါင်း၂၀-ပြည့်သောအခါ အရဟတ္တဖိုလ်သို့ ရောက်တော်မူကာ ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူရလေပြီ။ ဤသို့သော နည်းပရိယာယ်အားဖြင့် ဒေါမနဿဖြင့် ပဋိဃကို ပယ်သည်ဟုဆိုသည်။ အရဟတ္တဖိုလ် မရောက်မီ အနာဂါမိမဂ်ဖိုလ်အခိုက်ကပင် ပဋိဃကို အကြွင်းမဲ့ပယ်အပ်လေပြီ။

## သိကြားမင်းအား ဟောသော ဝေဒနာနုပဿနာ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၊ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းသည် မြတ်စွာဘုရားထံဆည်းကပ်၍ ရှိခိုးပြီးကာလ မြတ်စွာဘုရား-- အဘယ်မျှလောက်သော အကျင့်တရားဖြင့် ရဟန်းတော်သည် အကျဉ်းအားဖြင့် တပ်မက်ခြင်းကင်းရာ (တဏှာကုန်ရာ)နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာ အာသဝေါတို့မှလွတ်မြောက်သော စိတ်ရှိသူဖြစ်ပါသနည်း၊ ကောန်ကိစ္စပြီးဆုံးသောသူ ဖြစ်ပါသနည်း၊ ကောန် သံသရာဘေးကင်းသူဖြစ်ပါသနည်း၊ ကောန်မြတ်သောအကျင့်ကို ကျင့်သူဖြစ်ပါသနည်း၊ ကောန်ဓာတိအဆုံးသို့ရောက်သော သူဖြစ်ပါသနည်း၊ နတ်လူတို့ထက် မြတ်သောသူ ဖြစ်ပါသနည်း- ဟု လျှောက်ထားလေသည်။

သိကြားမင်း- ငါဘုရား၏သာသနာတော်၌ ရဟန်းသည် ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတည်းဟူသော တရားအားလုံးကို သက်ဝင်စွဲလမ်းခြင်းငှာ မသင့် ဟူ၍ကြားနာရဖူး၏၊ ထိုရဟန်းသည် ခန္ဓာငါးပါးစသောတရားအားလုံးကို အထူးသိ၏။ တရားအားလုံးကို အထူးသိပြီးနောက် ပိုင်းခြားဝေဖန်၍သိ၏။ ပိုင်းခြားဝေဖန်၍ သိပြီး နောက် သုခဝေဒနာကိုဖြစ်စေ၊ ဒုက္ခဝေဒနာကိုဖြစ်စေ၊ အဒုက္ခမသုခဝေဒနာကိုဖြစ်စေ ခံစားသည်ဖြစ်အံ့။ ထိုရဟန်းသည် ထိုဝေဒနာတို့၌ မမြဲသောအားဖြင့်ရှု၏၊ တပ်စွန်းခြင်း ကင်းသော အားဖြင့်ရှု၏၊ ချုပ်ပျက်သောအားဖြင့် ရှု၏၊ စွန့်လွှတ်ခြင်းကို အဖန်ဖန်တလဲလဲ ရှု၏၊ ဝါ- ရှု၍နေ၏။ ထိုသုံးပါးသောဝေဒနာ တို့၌ မမြဲသောအားဖြင့်ရှု၍နေသော၊ တပ်စွန်းခြင်းကင်းသောအားဖြင့်ရှု၍နေသော၊ ချုပ်ပျက်သောအားဖြင့်ရှု၍နေသော၊ စွန့်လွှတ်ခြင်း ကို အဖန်တလဲလဲ ရှု၍နေသော ထိုရဟန်းသည် လောက၌ တစ်စုံတစ်ခုသောသင်္ခါရကိုမျှ စွဲလန်းခြင်း မဖြစ်တော့ပေ။ မစွဲလန်းသည်ဖြစ်၍

တပ်မက်ခြင်းမဖြစ်တော့ပေ၊ တပ်မက်ခြင်း မရှိသည်ဖြစ်၍ မိမိကိုယ်တိုင်သာလျှင် ကိလေသာတို့မှငြိမ်းအေးလေတော့သည်။ ပဋိသန္ဓေ နေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီ၊ ပြုဖွယ်ကိစ္စကိုပြုအပ်ပြီ၊ မဂ်ကိစ္စ အလို့ငှာ တစ်ပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏။ သိကြားမင်း- ဤမျှသော စကားအစဉ်ဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တပ်မက်ခြင်းကင်းရာ (တဏှာကုန်ရာ) နိဗ္ဗာန်ကိုအာရုံပြု၍ ကိလေသာ အာသဝေါတို့မှ လွတ်မြောက်သောစိတ်ရှိသူ၊ ဧကန် ကိစ္စပြီးဆုံးသူ၊ ဧကန်သံသရာ ဘေးကင်းသူ၊ မြတ်သောအကျင်ကိုကျင့်သူ၊ ဧကန်ဓာတိ၏ အဆုံးသို့ရောက်သူ၊ နတ်လူတို့ထက် မြတ်သောသူဖြစ်ပေသည်ဟု မိန့်တော်မူသည်။

သိကြားမင်းကို မြတ်စွာဘုရား ဟောတော်မူသော ဝေဒနာနုပဿနာ အကျဉ်း နည်းကိုယူ၍ ယောဂီတို့သည် မိမိတို့၏သန္တာန်၌ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခ မသုခဝေဒနာဟူသော ဝေဒနာသုံးပါးကို့တွင် ဖဿတည်းဟူသော အကြောင်းကြောင့် တစ်ပါးပါးဖြစ်ပေါ်လာသောအခါ ဖြစ်ပေါ်လာသောဝေဒနာ၌ သာယာတပ်မက်မှု မဖြစ် စေမူ၍ အပြစ်ဟုရှု၍ မမြဲသောဝေဒနာဟုသိကြရမည်။ တပ်မက်ခြင်းကင်းအောင်နှလုံးသွင်း ဆင်ခြင်ကြရမည်၊ ချုပ်ခြင်း ပျက်ခြင်းသဘောရှိသော ဝေဒနာဟုသိကြရမည်၊ မိမိဟု ဆိုအပ်သော အတ္တမဟုတ်၊ အနတ္တဖြစ်သော ဝေဒနာဟုသိကြ ရမည်။ ယင်းသို့သိလျှင် စွဲလမ်းမှု တပ်မက်မှု မဖြစ်၊ ဝေဒနာကြောင့် တဏှာမဖြစ်၊ တဏှာမဖြစ်လျှင်ဥပဒါန်မဖြစ်၊ ဥပဒါန်မဖြစ်လျှင် ဘဝမဖြစ်၊ ဘဝမဖြစ်က ဇာတိမဖြစ်၊ ဇာတိမဖြစ်လျှင် ဧကန် ဇာတိ၏ကုန်ဆုံးရာသို့ရောက်နိုင်လေသည်။ ဇာတိမကုန်သေးသည်ရှိသော် ဤဘဝတွင် လည်း တဒင်္ဂအားဖြင့် ငြိမ်းအေးချမ်းသာခြင်းကိုရရှိပေလိမ့်မည်ဟု ယုံကြည်ကာ အားထုတ်သင့်လှပေသည်။

တစ်နည်းအားဖြင့် သုခဝေဒနာကို မမြဲခြင်းကြောင့် ဒုက္ခဟု ရှုကြည့်ရမည်။ ဒုက္ခဝေဒနာကို ငြောင့်တံကျင်သဖွယ် ရှုကြည့်ရမည်။ ဥပေက္ခာဝေဒနာကိုမူကား အနိစ္စအဖြစ်ဖြင့် ရှုကြည့်ရမည်။ဆင်ခြင်ရမည်၊ ပွားများရမည်၊ ကြိမ်ဖန်များစွာ လေ့လာ ရမည်။ ဘာဝနာဟူသည် ဘာဝနာဟု အမည်ရှိသည့်အတိုင်း ပွားများလေ, လေ့လာလေ ဉာဏ်ပွင့်လေ၊ အမှန်ကိုမြင်လေ သဘောပေါက်လေဖြစ်သည်။ သို့ဖြစ်၍ ကရဇကာယ တည်းဟူသော ရုပ်ပေါ်၌ထင်ရှားသော ဝေဒနာတို့ကို ဉာဏ်ဖြင့်ရှု၍ ပွားများအားထုတ် နိုင်ကြပါစေကုန်သတည်း။

## ဝေဒနာခရီးသည်များ နားနေရာဇရပ်ကြီး

ခရီးလမ်းဆုံလမ်းမ၌ရှိသော ဇရပ်သည် အရှေ့အရပ်၊ အနောက်အရပ်၊ တောင် အရပ်၊ မြောက်အရပ်တို့မှ လာကြကုန်သော မင်းပိုင်း စိုးပိုင်းက လာကြကုန်သော ခရီးသည်များလည်း တည်းခိုနားနေရာဖြစ်၏။ ဆင်းရဲသားအလုပ်သမားတို့ တည်းခို နားနေရာလည်းဖြစ်၏။ ရဟန်းသံဃာများမှစ၍ လူမျိုးစုံခရီးသွားတို့ တည်းခိုနားနေရာ လည်း ဖြစ်၏။ ထိုဇရပ်ကြီးနှင့်အတူပင် ရူပကာယတည်းဟူသော ခန္ဓာအိမ်ဇရပ်ကြီးသည်

သုခဝေဒနာတို့ဖြစ်ရာ ဌာနလည်းဖြစ်၏။ ဒုက္ခဝေဒနာတို့ဖြစ်ရာ ဌာနလည်းဖြစ်၏။ ဥပေက္ခာဝေဒနာတို့ဖြစ်ရာ ဌာနလည်းဖြစ်၏။

ထိုဝေဒနာသုံးပါးတို့တွင် သုခဝေဒနာဖြစ်ရာ၌လည်း နှစ်သက်အပ်သော ရူပါရုံကို ခံစားသော သုခဝေဒနာ ဖြစ်ရာဌာန၌လည်း ဖြစ်၏။ နှစ်သက်အပ်သော သဒ္ဒါရုံကိုခံစားသော သုခဝေဒနာဖြစ်ရာဌာန၌လည်းဖြစ်၏။ နှစ်သက်အပ်သော ဂန္ဓာရုံကိုခံစားသော သုခဝေဒနာ ဖြစ်ရာဌာန၌လည်းဖြစ်၏။ နှစ်သက်အပ်သော ရသာရုံကိုခံစားသော သုခဝေဒနာဖြစ်ရာဌာန ၌လည်းဖြစ်၏။ နှစ်သက်အပ်သော ဖောဋ္ဌဗ္ဗာရုံကိုခံစားသော သုခဝေဒနာဖြစ်ရာဌာန ၌လည်းဖြစ်၏။ နှစ်သက်အပ်သော ဓမ္မာရုံကိုခံစားသော သုခဝေဒနာဖြစ်ရာဌာန၌လည်း ဖြစ်၏။

မနှစ်သက်အပ်သော ရူပါရုံကိုခံစားသော ဒုက္ခဝေဒနာဖြစ်ရာဌာနလည်းဖြစ်၏။ ထို့အတူမနှစ်သက်အပ်သော သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့ကို ခံစားသော ဒုက္ခဝေဒနာဖြစ်ရာဌာနလည်း ဖြစ်၏။

နှစ်သက်အပ်သည်လည်းမဆိုရ၊ မနှစ်သက်အပ်သည်လည်း မဆိုရသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တို့ကိုခံစားသော ဥပေက္ခာဝေဒနာတို့ ဖြစ်ရာ ဌာနလည်းဖြစ်၏။

အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ)၏ အာရုံမျိုးသည်ကား နေ့စဉ် တွေ့မြင် ကြားသိနေကြသော အာရုံတို့ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ခရီးသွားကြသည့် အခါ လမ်းဘေး၊ မြစ်ကမ်းဘေးတို့၌ တွေ့မြင်ကြရသော သစ်ပင်, တော,တောင် စသော အာရုံ တို့သည် အဒုက္ခမသုခဝေဒနာ၏ အာရုံတို့ဖြစ်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့် ဆိုသော် အာရုံတို့အပေါ်၌ လိုချင်တပ်မက်သော တဏှာလောဘလည်းမဖြစ်၊ နှလုံးမသာယာခြင်းဒေါမနဿလည်းမဖြစ်မူ၍ သာမန်ကြည့်ရှု မြင်ကာမျှ, ကြားကာမျှဖြင့် လျစ်လျူရှု အပ်သော အာရုံများဖြစ်သောကြောင့်တည်း။

ပြဆိုအပ်ပြီးသော ဝေဒနာတို့သည် မိမိတို့ခံစားအပ်သောအာရုံတို့ မမြဲသော ကြောင့်လည်းကောင်း, မိမိတို့၏ဖြစ်ကြောင်းဖြစ်သော ဖဿတို့က မမြဲသောကြောင့် လည်းကောင်း မိမိတို့သည် ရူပကာယ ခန္ဓာအိမ်ကြီး၌ အနိုက်အတန့် အနိုက်အတန့် ခေတ္တမျှ တည်းခိုနားနေသကဲ့သို့ ဖြစ်ပေါ်ကာ ချုပ်ပျောက်ကြကုန်သည်၊ မမြဲကြကုန်၊ မြဲစေလိုသောအလိုသို့ မလိုက် မပါကြကုန်၊ အနတ္တတို့သာဖြစ်ကြကုန်၏။ သို့ဖြစ်၍ ဧည့်သည် ခရီးသွား ခေတ္တနား နေသူတို့နှင့်တူသော ဝေဒနာတို့ကို ငါဟူ၍ မစွဲလမ်းမိ ကြစေရန် ဆင်ခြင်ပွားများကြကုန်ရာသည်။

## ပဉ္စဝဂ္ဂီတို့အားဓမ္မစကြာဟောရန်ကြွခြင်း

မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့၌ သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်နောက် ယခင်ကမ္မဋ္ဌာန်းတရားကို အတူတကွ

အားထုတ်စဉ်အခါက အလုပ်အကျွေးဖြစ်ကြသော ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ, အဿဇိဟူကုန်သော ပဉ္စဝဂ္ဂီတို့ရှိရာ ဗာရာဏသီမြို့အနီး ဣသိပတနမိဂဒါဝုန်တောသို့ ကြွတော်မူကာ ပဉ္စဝဂ္ဂီတို့အား တရားဦးဖြစ်သော ဓမ္မစက္က(ဓမ္မစကြာ)တရားကို ဟော တော်မူရာ ဝါဆိုလပြည့်နေ့၌ အရှင်ကောဏ္ဍညနှင့် ၁၈–ကုဋေသော နတ်ဗြဟ္မာများ သောတာပန်အဖြစ်သို့ရောက်ကြကုန်၏။ လပြည့်ကျော်တစ်ရက်နေ့၌ အရှင်ဝပ္ပ, နှစ်ရက်နေ့၌ အရှင်ဘဒ္ဒိယ, သုံးရက်နေ့၌ အရှင်မဟာနာမ, လေးရက်နေ့၌ အရှင်အဿဇိတို့ အသီးအသီး သောတာပန်အဖြစ်သို့ရောက်ကြကုန်၏။ ဝါဆိုလပြည့်ကျော် ၅–ရက်နေ့၊ အနောက်အရပ်၌ နေဝင်စ, အရှေ့အရပ်၌ လပေါ်ထွက်စအချိန်၊ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့အား အနတ္တလက္ခဏသုတ်ကို ဟောတော်မူသည်၊ အနတ္တလက္ခဏသုတ်ကို ကြားနာကြရသော ပဉ္စဝဂ္ဂီ ရဟန်းတော် ၅–ပါးတို့သည် အာသဝေါကုန်ခန်း၍ ရဟန္တာ အဖြစ်သို့ ရောက်တော်မူကြသည်။

ပဉ္စဝဂ္ဂီတို့အား ဟောကြားတော်မူသော အနတ္တလက္ခဏသုတ်၌ မြတ်စွာဘုရားသည် အရူပဖြစ်သော နာမက္ခန္ဓာတို့၏ အနတ္တစသည့် အဖြစ်ကို မဟောမီ ထိုနာမက္ခန္ဓာတို့၏ တည်ရာ ဝတ္ထုဖြစ်သော ရုပ်တရား၏ အနတ္တအဖြစ်ကို ရှေးဦးစွာ ဟောတော်မူသည်။ ထို့နောက်မှ အရူပဖြစ်သော နာမက္ခန္ဓာတို့၏ အနတ္တဖြစ်ပုံကို ဟောတော်မူသည်။ နာမက္ခန္ဓာတို့တွင်လည်း ဝေဒနာ၏ အနတ္တအဖြစ်ကို ရှေးဦးစွာ ဟောတော်မူသည်။ ထို့နောက်မှ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၏ အနတ္တအဖြစ်ကိုဟောတော်မူသည်။

ဤဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကျမ်း၌ ဝေဒနာ အနတ္တစသည်အဖြစ်ကို အနတ္တလက္ခဏ သုတ်အတိုင်း မြန်မာပြန်ကာ ထည့်သွင်းဖော်ပြလိုက်သည်။ ပဉ္စဝဂ္ဂီ ရဟန်းတော်များအား အရဟတ္တဖိုလ်တိုင်အောင် ရစေရောက်စေသော တရားဦးဖြစ်သော ကြောင့် လေးလေးစားစားကြည့်ရှုမှတ်သားသင့်ကြသည်။

## ဝေဒနာ အနတ္တ လက္ခဏသုတ်

ရဟန်းတို့–– ဝေဒနာသည် အတ္တမဟုတ် (မိမိကိုယ် မဟုတ်)။ ဝေဒနာသည် အတ္တဖြစ်ငြားအံ့၊ ဝေဒနာသည် ကျင်နာပျက်စီးခြင်းမဖြစ်ရာ။ ငါ၏ဝေဒနာသည် ဤသို့ဖြစ်ပါစေ၊ ဤသို့ မဖြစ်ပါစေနှင့်ဟု တောင့်တ၍ ပြုပြင်၍ရရာ၏။ စင်စစ်ကား ဝေဒနာသည်အတ္တမဟုတ်၊ မိမိကိုယ်မဟုတ်၊ ယင်းသို့အတ္တမဟုတ်၊ ကိုယ်မဟုတ်သော ကြောင့် ကျင်နာပျက်စီးခြင်း ဖြစ်၏။ ငါ၏ ဝေဒနာသည် ဤသို့ဖြစ်ပါစေ၊ ဤသို့မဖြစ်ပါစေနှင့်ဟု တောင့်တ၍ ပြုပြင်၍ မရချေ။

ရဟန်းတို့–– ငါ ပြောဆိုလတ္တံ့သောစကားကို အဘယ်သို့မှတ်ထင်ကြကုန်သနည်း။ ဝေဒနာသည် မြဲသလော၊ မမြဲသလော။ မမြဲပါဘုရား။ မမြဲသောဝေဒနာသည် ဆင်းရဲ သလော၊ ချမ်းသာသလော။ ဆင်းရဲပါသည်အရှင်ဘုရား။ အကြင်ဝေဒနာသည်

မြဲခြင်းမရှိ၊ ဆင်းရဲ၏၊ ဖောက်ပြန်သော သဘောရှိ၏။ ထိုဝေဒနာကို ဤဝေဒနာသည် ငါ၏ဝေဒနာတည်း၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏အတ္တ ငါ့ကိုယ်တည်းဟု ဉာဏ်ဖြင့်ရှုကြည့်သင့်ပါသလော။ မသင့်ပါ, အရှင်ဘုရား။

ရဟန်းတို့-- သို့ဖြစ်သောကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, အာသန္န ဖြစ်ကုန်သော အလုံးစုံသော ဝေဒနာတို့သည် ရှိကုန်၏။ ထိုဝေဒနာအားလုံးသည် ငါ၏ဝေဒနာမဟုတ်၊ ငါ၏ကိုယ်မဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ် ဟူ၍ ဟုတ်မှန်သောအတိုင်း ဉာဏ်မျက်စိဖြင့် ရှုကြည့်အပ်၏။

ရဟန်းတို့-- ဤသို့ရှုကြည့်သော အရိယာသာဝကသည် ဝေဒနာ၌ ငြီးငွေ့လာ၏။ ငြီးငွေ့သည်ရှိသော် ဝေဒနာ၌ တပ်မက်နှစ်သက်ခြင်းကင်း၏။ တပ်မက်နှစ်သက်ခြင်း ကင်းသောကြောင့် ကိလေသာမှလွတ်၏။ ကိလေသာမှ လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်၌တည်၍ ကိလေသာမှလွတ်ပြီဟူ၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိ၏။ ပဋိသန္ဓေတည်နေရခြင်းကုန်ပြီ။ မြတ်သောရဟန်းတရားကို ကျင့်သုံးအပ်ပြီ။ ပြုဖွယ်ကိစ္စကို ပြုအပ်ပြီ။ တစ်ဖန် တစ်ပါးသော မဂ်ကိစ္စကို ပြုဖွယ်မရှိတော့ပြီ -ဟု သိလေ၏ဟု ဟောတော်မူသည်။ ဤကား ဝေဒနာ အနတ္တလက္ခဏာသုတ် ဒေသနာတော်ဖြစ်သည်။

* * * * *

ဝေဒနာနှင့်စပ်သော ဤမျှသော စကားအစဉ်ဖြင့် ဝေဒနာနုပဿနာ ဒေသနာတော်သည် အတော်ကလေး ပြည့်စုံပေပြီ။ မြတ်စွာဘုရားကိုယ်တော်တိုင် တရားဦးအဖြစ်ဖြင့် ပဉ္စဝဂ္ဂီရဟန်းတော်ငါးပါးတို့အား အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သည်တိုင်အောင် ဟောကြားတော်မူအပ်သော အနတ္တလက္ခဏာသုတ်ကိုလည်း ထုတ်ဆောင် ပြဆိုအပ်လေပြီ။ ထိုအနတ္တလက္ခဏာသုတ် ဒေသနာတော်ဖြင့် ဝေဒနာတို့ကို ကြိတ်ချေကာ ဖြိုဖျက်ကာ ဆင်ခြင်ပွားများပွားကြကုန်၍ ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို နိဂုံး ကမှတ် အပြီးသတ်ပေတော့မည်။

နောက်ကပြဆိုခဲ့သော ၁။ စက္ခုသမ္ဖဿဇာဝေဒနာ၊ ၂။ သောတသမ္ဖဿဇာဝေဒနာ၊ ၃။ ဃာနသမ္ဖဿဇာဝေဒနာ၊ ၄။ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ၅။ ကာယသမ္ဖဿဇာဝေဒနာ၊ ၆။ မနောသမ္ဖဿဇာဝေဒနာ–ဟူ၍ ဝေဒနာ ၆–မျိုးရှိရာ...

၁။ ရူပါရုံ, စက္ခုပသာဒ, စက္ခုဝိညာဏ်စိတ် ၃–ပါးတို့ ပေါင်းဆုံမိခြင်းကို စက္ခုသမ္ဖဿ ဆိုသည်၊ ထိုသဘောတရား ၃–ပါး ပေါင်းဆုံမိခြင်း ဖဿကြောင့် ဝေဒနာဖြစ်ပေါ်လာသည်။ ဖဿဖြစ်သော ရူပါရုံ,စက္ခုပသာဒ, စက္ခုဝိညာဏ်စိတ်တို့သည် မမြဲကြ၊ ရူပါရုံနှင့်စက္ခုပသာဒရုပ်တို့သည် စိတ္တက္ခဏ ၁၇–ချက်မျှသာ ရုပ်သက်ရှိကြ၍ ချုပ်ဆုံးပျက်စီးကြကုန်၏။ စက္ခုဝိညာဏ်စိတ်သည်လည်း စိတ္တက္ခဏ တစ်ချက်မျှသာ အသက်ရှိ၍ ခဏချင်းချုပ်ပျောက်ပျက်စီး၏။ ဝေဒနာ၏ ဖြစ်ကြောင်းဖြစ်သော ဖဿဟု ဆိုအပ်သော ရူပါရုံ, စက္ခုပသာဒ, စက္ခုဝိညာဏ်စိတ်တို့၏ ပေါင်းဆုံမိခြင်းသည်ပင်လျှင်

အမြဲမတည်ကြမူ၍ ကာလထောင်တာ ကြာရှည်မတည်ကြဘဲ ပျက်စီးကြ၊ ချုပ်ကြ၊ ပျောက်ကြပါလျှင် ထိုဖဿကြောင့် ဖြစ်သော ဝေဒနာသည် အမြဲတည်နိုင်ပါဦးမည်လော၊ ဆင်ခြင်ကြကုန်။ အမြဲမတည်ပါ၊ လက်ညှိုးညွှန်၍ ပြလောက်ရုံမျှ တည်တံ့မှုမရှိသော ဝေဒနာကို ဤဝေဒနာသည် ငါဖြစ်သည်၊ ငါ့အတ္တဖြစ်သည်၊ ငါ့ကိုယ်ဖြစ်သည်ဟူ၍ ဆိုနိုင်ပါဦးမည်လော။ ဉာဏ်မျက်စိဖြင့် ကြည့်၍ မြင်ပါဦးမည်လော။ အမှန်စင်စစ်အားဖြင့် ဤဝေဒနာသည် ငါဖြစ်သည်၊ ငါ့ဝေဒနာဖြစ်သည်၊ ငါ့အတ္တဖြစ်သည် စသည်ဖြင့် ဆိုနိုင်ခြင်းလည်းမရှိ၊ ဉာဏ်မျက်စိဖြင့် မြင်စရာလည်းမရှိ။ ဖဿပေါ်တိုင်း ဝေဒနာပေါ်ကာ၊ ဖဿချုပ်ယင်း ဝေဒနာချုပ်ယင်း တစဉ်တတန်းကြီး ဖြစ်ချည်ပျက်ချည်အားဖြင့် ပရမတ္ထတို့၏ သဘောသဘာဝ ဓမ္မတာအတိုင်း ဖြစ်ပျက်လျက်ရှိခြင်းသာ ဖြစ်သည်ကို ဉာဏ်စိုက်၍ ကြည့်ကြလေကုန်။

စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာသည် အမြဲမတည်သကဲ့သို့လည်းကောင်း၊ မိမိ၏ အတ္တ၊ မိမိ၏ ဝေဒနာဟု မဆိုရ မဆိုနိုင်သကဲ့သို့ လည်းကောင်း၊ အမြဲတည်ရှိနေသည်ကို ဉာဏ်မျက်စိဖြင့် ကြည့်၍မမြင်သကဲ့သို့လည်းကောင်း ထို့အတူ သောတသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာ၊ ဃာနသမ္ဖဿကြောင့် ဖြစ်သောဝေဒနာ၊ ဇိဝှာသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာ၊ ကာယသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ၊ မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာတို့သည်လည်း အမြဲမတည်ကုန်၊ မိမိ၏ အတ္တမဟုတ်ကုန်၊ မိမိ၏ ဝေဒနာဟု မဆိုနိုင်ကြကုန်။ ပရမတ္ထသဘာဝအတိုင်း အကြောင်းအကျိုးဆက်ကာ ဖြစ်ပျက်နေကြသော သဘောတရားတို့သာလျှင် ဖြစ်ကုန်၏။

စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာသည်လည်း ၁။ သုခဝေဒနာ၊ ၂။ ဒုက္ခဝေဒနာ၊ ၃။ ဥပေက္ခာဝေဒနာဟူ၍ သုံးပါးရှိရာ နှစ်သက်မြတ်နိုးဖွယ် ရူပါရုံကို အာရုံပြုလျှင် သုခဝေဒနာဖြစ်သည်။ မနှစ်သက်ဖွယ် စိတ်နှလုံးမချမ်းသာဖွယ်ဖြစ်သော ရူပါရုံကိုအာရုံပြုလျှင် ဒုက္ခဝေဒနာဖြစ်သည်။ သာမန်အာရုံမျိုးကိုအာရုံပြုလျှင် ဥပေက္ခာဝေဒနာ ဖြစ်သည်။ အဘယ်ကဲ့သို့သော ဝေဒနာပင်ဖြစ်သည်ဖြစ်စေ၊ အကြောင်းတရားကို အစွဲပြု၍၊ ဝါ- အကြောင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်သော ဝေဒနာဟူသမျှသည် အကြောင်းတရားကိုက မမြဲ၍ ချုပ်ပျောက်ပျက်စီးခြင်း သဘောရှိသည် ဖြစ်သောကြောင့် အကျိုးဖြစ်သောဝေဒနာတို့သည်လည်း မတည်မြဲနိုင်မူ၍ ချုပ်ပျောက်ပျက်စီးကြရကုန်၏။ ရောဝတီမြစ်လယ်သောင်ကျွန်းပေါ်၌ ပေါက်ရောက်သော ကိုင်းပင်တို့သည် မြစ်ရေတိုက်စား၍ သောင်ကျွန်းပြိုပျက်လေလျှင် ကိုင်းပင်တို့သည်လည်း ပြိုပျက်ကြကုန်သကဲ့သို့၊ ထို့အတူ ဖဿကြောင့်ဖြစ်သော ဝေဒနာတို့သည် တည်မှီရာ အကြောင်းဖြစ်သော ဖဿတို့ချုပ်ပျောက်ပျက်စီးခြင်းသဘောရှိသည်ဖြစ်၍ ဝေဒနာတို့သည်လည်း ချုပ်ပျောက်ပျက်စီးကြကုန်သည်သာလျှင်တည်း။

နှစ်သက်အပ်သောအာရုံတစ်ခု ရှေးရှုပေါ်လာ၍ ထိုအာရုံကိုခံစားသော သောမနဿဝေဒနာသည် သာယာနှစ်သက်သော တဏှာနှင့်ယှဉ်သည်ဖြစ်အံ့၊ ထိုဝေဒနာသည် ရာဂါနုသယနှင့် တကွဖြစ်သော ဝေဒနာဖြစ်၏၊ ကိလေသာ အမိသနှင့်တကွဖြစ်သော ဝေဒနာဖြစ်၏၊ မမှိဝဲအပ်သော ဝေဒနာဖြစ်၏၊ အကုသိုလ်နှင့်ယှဉ်သော ဝေဒနာဖြစ်၏။

ယောဂီပုဂ္ဂိုလ်သည် ထိုဝေဒနာမျိုးကို မဖြစ်စေရာ။ အကယ်၍ ဖြစ်ပေါ်လျှင် ထိုဝေဒနာ၏ အဖြစ်ကိုရှု၍ ပယ်ဖျောက်ရာ၏။

မနှစ်သက်အပ်သော အာရုံတစ်ခု ရှေးရှုပေါ်လာ၍ ထိုအာရုံကို ခံစားသောအခါ မနသဿဝေဒနာသည် ဒေါသနှင့်ယှဉ်သည်ဖြစ်အံ့၊ ထိုဝေဒနာသည် ပဋိဃာနုသယနှင့် တကွ ဖြစ်သော ဝေဒနာဖြစ်၏၊ ကိလေသာအာမိသနှင့်တကွဖြစ်သော ဝေဒနာဖြစ်၏၊ မမှိဲဝဲအပ်သော ဝေဒနာဖြစ်၏၊ အကုသိုလ်နှင့်ယှဉ်သော ဝေဒနာဖြစ်၏။ ယောဂီပုဂ္ဂိုလ်သည် ထိုဝေဒနာမျိုးကိုလည်း မဖြစ်စေရာ။ အကယ်၍ ဖြစ်ပေါ်လာလျှင် ယောနိသောမနသိကာရဖြင့် သင့်တင့်အောင် နှလုံးသွင်း၍ ပဋိဃာနုသယကို ပယ်ဖျောက်ရာ၏။ ပျက်စီးခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း သဘောတို့ကိုမှုလည်း ဆင်ခြင်၍ ပယ်ဖျောက်ရာ၏။

မြတ်စွာဘုရားဟောတော်မူသော ဝေဒနာတို့၌လာသော နည်းတို့ကိုယူ၍ ပေါ်လာသောဝေဒနာတိုင်းကို ရှု၍ ဤဝေဒနာသည် လက်ခံမှိဲဝဲထိုက်သော ဝေဒနာလော၊ ပယ်ဖျောက်အပ်သော ဝေဒနာလော။ ဤသို့ဆင်ခြင်ကာ ဉာဏ်ဖြင့် ဝေဖန်၍ မမှိဲဝဲအပ်သော ဝေဒနာ, ကိလေသာ အာမိသနှင့်တကွဖြစ်သောဝေဒနာ, အကုသိုလ်နှင့်ယှဉ်သော ဝေဒနာမျိုး ဖြစ်လျှင် တစ်နည်းနည်းဖြင့် ပယ်ဖျောက်ရမည်။ မှိဲဝဲအပ်သော ဝေဒနာ, ကိလေသာအာမိသကင်းသော ဝေဒနာ, ကုသိုလ်နှင့် ယှဉ်သော ဝေဒနာပင်ဖြစ်သော်လည်း ထိုဝေဒနာကို သာယာနှစ်သက်ခြင်း, တပ်မက်ခြင်း, ငါ့ဝေဒနာဟူ၍လည်းကောင်း, ဤဝေဒနာသည်ပင် ငါဟူ၍လည်းကောင်း၊ စွဲလမ်းခြင်းတို့ကိုမဖြစ်စေဘဲ မှားသောအားဖြင့်မရှုမူ၍ အနတ္တလက္ခဏာသုတ်၌ဟောတော်မူသည့်နည်းအားလျော်စွာ ဤဝေဒနာသည် အတ္တမဟုတ်၊ ကိုယ်မဟုတ်၊ ငါမဟုတ်ပေ။ မဟုတ်သောကြောင့်ပင် ကုန်ခြင်း ပျက်ခြင်း သဘောရှိ၏၊ ကုန်ခြင်း ပျက်ခြင်းကြောင့် ဆင်းရဲခြင်း ဖြစ်၏။ မကုန်စေရန် တောင့်တ၍မရ၊ အလိုသို့မပါ၊ အစိုးမရ မပိုင်မနိုင်ခြင်းကြောင့် အနတ္တအစစ်ဖြစ်ပေသည်ဟု အနတ္တသဘောရှိသော ပရမတ္ထဝေဒနာတို့သာ ဖြစ်ချေသည်ဟု ဆင်ခြင်ပွားများကြကုန်ရာ သတည်း။

* * * * *

# နိဂုံး

ကတံ မယာ ကမ္မဋ္ဌာနံ၊
ဝေဒနာနံ နုပဿနံ။
သာဓဝေါ သမ္မာ ဒိက္ခန္တု၊
ပဇ္ဇန္တု ဝေဒနာက္ခယံ။ ။

**ဝေဒနာနံ**၊ ဝေဒနာ ၂-ပါး၊ ၃-ပါး၊ ၅-ပါး၊ ၆-ပါး၊ ၁၈-ပါး၊ ၃၆-ပါး၊ ၁၀၈-ပါးတို့ကို။ **အနုပဿနံ**၊ အဖန်ဖန်ပွားများရှုကြည့်ရာ ရှုကြည့်ကြောင်းဖြစ်သော။ **ကမ္မဋ္ဌာနံ**၊ ကမ္မဋ္ဌာန်းကျမ်းကို။ **မယာ**၊ ငါသည်။ **ကတံ**၊ ရေးသားအပ်ပြီ။ **ဝေဒနာက္ခယံ**၊ သုခ ဒုက္ခ စသောဝေဒနာတို့၏ ငြိမ်းအေးကုန်ဆုံးရာဖြစ်သောနိဗ္ဗာန်ကို။ **ပဇ္ဇန္တု**၊ လိုလားတောင့်တကြကုန်သော။ (သာဓဝေါ၌စပ်။) ဝါ၊ လိုလားတောင့်တကြကုန်သည်ဖြစ်၍။ **သာဓဝေါ**၊ သူတော်ကောင်းတို့သည်။ **သမ္မာ ဒိက္ခန္တု** - သမ္မာ ဣက္ခန္တု၊ ကောင်းစွာ လေ့လာကြည့်ရှုကြကုန်လော။

အရှင်ပဏ္ဍိတထေရ်
ရွှေဟင်္သာဆရာတော်
ရွှေဟင်္သာတိုက်သစ်
စစ်ကိုင်းတောင်ရိုး။

မြန်မာသက္ကရာဇ် ၁၃၃၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅-ရက်၊
ဗုဒ္ဓဟူးနေ့ ပြီးသည်။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်
ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတထေရ်

စီရင်ရေးသားအပ်သော

# စိတ္တာနုပဿနာသတိပဋ္ဌာန်



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဏာမဂါထာ | ၂၃၃ |
| အကြောင်းပြစကား ပထမစာမူ | ၂၃၄ |
| ဒုတိယစာမူ | ၂၃၄ |
| အရှင်ဗုဒ္ဓဃောသအလား | ၂၃၄ |
| စိတ္တာနုပဿနာ အဓိပ္ပာယ်ထွက်သွားတတ်သည် | ၂၃၄ |
| တကယ်ထွက်သလား | ၂၃၅ |
| ဥပမာပြချက် | ၂၃၅ |
| ရှင်နာဂသိန်ဟောချက် စိတ်ဆောင်ပုံ မိလိန္ဒအမေး | ၂၃၅ |
| ရှင်နာဂသိန်အဖြေ | ၂၃၅ |
| လျင်မြန်ခြင်း | ၂၃၆ |
| ရိုင်းသောစိတ် | ၂၃၆ |
| မကောင်းမှု၌ပျော်ခြင်း | ၂၃၆ |
| စိတ်ကိုပစ်မထားသင့် | ၂၃၆ |
| တန်ခိုးကြီးသောစိတ် | ၂၃၆ |
| စိတ်ဆောင်ပုံအမေးအဖြေ | ၂၃၇ |
| ပဋိသန္ဓေစိတ်မြန်ပုံ | ၂၃၈ |
| စိတ်ကို ကမ္မဋ္ဌာန်းဖြင့်ထိန်းပါ | ၂၃၉ |
| ရာဂမိုးနှင့် ဘာဝနာအမိုး | ၂၃၉ |
| နန္ဒမင်းသားဝတ္ထု | ၂၃၉ |
| အမိုးမလုံခြင်းအပြစ် | ၂၃၉ |
| အမိုးလုံခြင်းအကျိုး | ၂၄၀ |
| နတ်သမီးနှင့် မျောက်အိုမ | ၂၄၀ |
| ရဟန္တာဖြစ်ခြင်း | ၂၄၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဖောက်ပြန်လျက် အထိန်းခက်သောစိတ် | ၂၄၁ |
| ကလေးလိုစိတ် | ၂၄၁ |
| နွားရိုင်းလိုစိတ် | ၂၄၁ |
| မြားထိဥပမာ | ၂၄၁ |
| မငဲ့မထောက် ဖောက်ပြန်သောစိတ် | ၂၄၁ |
| လျှင်စွာရောက်လျက် ဆုံးမခက်သောစိတ် | ၂၄၂ |
| မာတိကမာတာ၏ ကျေးဇူး | ၂၄၂ |
| စိတ်ကိုဆုံးမ ချမ်းသာရ | ၂၄၂ |
| တရားတောင်းခြင်း | ၂၄၂ |
| အနာဂါမ်ဖြစ်ခြင်း | ၂၄၃ |
| မျှတသောအာဟာရသတ္တိ | ၂၄၃ |
| ရဟန်းငယ်တစ်ပါးဖြစ်ပုံ | ၂၄၃ |
| ဒကာမကြီးစိတ်ကို စမ်းခြင်း | ၂၄၃ |
| ရဟန္တာဖြစ်ခြင်း | ၂၄၄ |
| အောင်မြင်ခြင်းလေးပါး | ၂၄၄ |
| စိတ်ဆိုးသူကို နိုင်ရန်နည်း | ၂၄၅ |
| စိတ်ယုတ်သူကို အနိုင်ရနည်း | ၂၄၅ |
| ကောက်ကျစ်စေးနှဲသူကို အနိုင်ရနည်း | ၂၄၅ |
| လိမ်တတ်သူကို အနိုင်ရနည်း | ၂၄၆ |
| ဥတ္တရာဝတ္ထု | ၂၄၆ |
| ဘုရားတော်ကောင်းစိတ်ရှိသူ၏ အောင်နိုင်ပုံတစ်ရပ် | ၂၄၇ |
| သည်းခံခြင်းကြောင့် ဂုဏ်သိက္ခာ မထိခိုက်ခြင်း | ၂၄၈ |
| မြတ်စွာဘုရားသည်းခံတော်မူရပုံ | ၂၄၈ |
| စိတ်ကို တားမြစ်သင့်ရာ၌ တားမြစ်၍ အားပေး၍ ချီးမြှောက်သင့်ရာ၌ ချီးမြှောက်ရခြင်း | ၂၅၀ |
| စိတ္တဟတ္ထ၏ ဘဝသံဝေဂ | ၂၅၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သူဌေးသား သောရေယျ၏ အဖြစ်ဆန်း | ၂၅၃ |
| နာမ်ခန္ဓာတို့၏ အမျိုးဖြစ်သောစိတ် | ၂၅၄ |
| နာဋပုတ္တနိဂဏ္ဌတပည့် ဥပါလိကျွတ်ခန်း | ၂၅၆ |
| စိတ်ကိုရှုမှတ်နည်း | ၂၆၀ |
| ဒိဋ္ဌိအချုပ်သက္ကာယ | ၂၆၂ |
| အသက်ကို အန္တရာယ်ပြုသောသရာဂ | ၂၆၇ |
| စိတ်စင်ကြယ်မှ ဝိမုတ္တ | ၂၆၉ |
| နိဂုံး | ၂၇၂ |

# စိတ္တာနုပဿနာကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမဂါထာ

စိတ္တံ စိတ္တံ ဓမ္မိဿရံ၊
စိတ္တံ စိတ္တံ သိရိန္ဒရံ။
စိတ္တံ စိတ္တံ သုဒေသကံ၊
စိတ္တံ စိတ္တံ နုပဿနံ။

## ပဏာမဂါထာအနက်

စိတ္တံ၊ အာရုံအတန်တန် အဖန်ဖန်ကို တစ်ရံမပြတ် ကြံစည်တတ်သော။ စိတ္တံ၊ စိတ်ဟုဆိုအပ်သော။ ဓမ္မ၊ သဘောဟရားကို။ ဣဿရံ၊ အစိုးရတော်မူထသော။

စိတ္တံ၊ ဆန်းကြယ်လှစွာသော။ စိတ္တံ၊ ပန်းချီကားသဖွယ် လဝန်းနယ်သို့ သပ္ပာယ်တင့်တယ်တော်မူထသော။ သိရိန္ဒရံ၊ ကျက်သရေဆောင် ရွှေရောင်ဝင်းပ ရူပကာယတော် ရှိတော်မူထသော။

စိတ္တံ၊ နှာ:ရိုင်းတစ်မူ ပမာတူသည့် သုံးလူသန္တာန် ကိန်းဝပ်စံသား ကြံစည်သောစိတ်သဘောကို။ ဝိဘဇ္ဇိတွာ၊ သရာဂ ဝီတရာဂ စသည်ထွေထွေ ဝေဖန်ခွဲထား ပိုင်းခြားတော်မူ၍။ စိတ္တံ၊ နုပဿနံ၊ စိတ္တာနုပဿနာ တရားတော်ကို။

စိတ္တံ စိတ္တံ၊ ဆန်းဆန်းကြယ်ကြယ် သွယ်သွယ်ဖန်ဖန် အတန်တန်ဖြင့်။ သုဒေသကံ၊ သဘောအားဖြင့် ကောင်းစွာဟောကြားတော်မူတတ်သော မြတ်စွာဘုရားကို။ နမာမိ၊ ကော်ရော်လေးစားအာရုံထား၍ ညွတ်တွားရှိကျိုး လွန်မြတ်နိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

## အခြောင်းပြစကား

**ပထမစာမူ** ကာယာနုပဿနာ, ဝေဒနာနုပဿနာကျမ်းငယ်တို့ကို ရေးသား ရိုက်နှိပ်ပြီးသည့်နောက် စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာတို့ကိုလည်း ဆက်လက်ရေးရန် မိမိကိုယ်ကပင် ဆန္ဒပြုလျက်ရှိသည်။ နိုင်ငံတော်သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်ကလည်း ယင်းစိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာတို့ကို ဆက်လက်ရေးသားရန် အတန်တန်ပင် တိုက်တွန်းပေသည်။ မိမိကိုယ်တိုင်ကပင် ဆက်လက်ရေးလိုရင်း ဆန္ဒရှိခဲ့သည်တစ်ကြောင်း၊ ဦးကြည်ညွန့်က တိုက်တွန်းသည် တစ်ကြောင်းကြောင့် အချိန်တော်တော်ကြာကပင်လျှင် စိတ္တာနုပဿနာကျမ်းငယ်ကို ခပ်ကျဉ်းကျဉ်းရေးသား၍ မန္တလေး သာသနာရေးဦးစီးဌာနမှ တစ်ဆင့် ဦးကြည်ညွန့်ထံသို့ ပို့စေလိုက်သည်။ ပို့သူကပို့လျက် ဦးကြည်ညွန့်ထံသို့ စာမူမရောက်ဘဲ ပျောက်ဆုံးသွားသည်ဟုသိရသည်၊ ယနေ့တိုင်စာမူကိုတွေ့သည်ဟု မသိရချေ။

**ဒုတိယစာမူ** စိတ္တာနုပဿနာ ပထမစာမူ ပျောက်ကွယ်သွားခြင်းကိုပင် ဘုန်းကြီးသည် တစ်နည်းအားဖြင့် ဝမ်းသာမိ၏။ အကြောင်းမူကား ၎င်းစာမူကို ခပ်သုတ်သုတ် ရေးလိုက်ရသည်ဖြစ်၍ စာသားလည်းကျဉ်းသည်၊ ကျဉ်းသဖြင့် ပြည့်စုံသင့်သလောက် ပြည့်စုံခြင်း မရှိသောကြောင့် မိမိကိုယ်တိုင်ကပင် အားရကျေနပ်မှု မရှိလှချေ။ ထို့ထက်ပြည့်စုံစွာ ထပ်မံ၍ရေးလိုသော ဆန္ဒဖြစ်ပေါ်ခဲ့ပြန်သည်၊ သို့ကြောင့် ယခုဒုတိယအကြိမ် ထပ်မံရေးခြင်းဖြစ်သည်။

**အရှင်ဗုဒ္ဓဃောသအလား** စိတ္တာနုပဿနာကျမ်းငယ်ကို ဒုတိယအကြိမ် ထပ်မံရေးရလေအောင် နတ်သိကြားများက တိတ်တဆိတ်ယူငင်ကာ သိုဝှက်ထားလေသလား၊ အရှင်မဟာဗုဒ္ဓဃောသထေရ် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ရေးတော်မူစဉ်က ပထမစာမူတို့ကို နတ်သိကြားများက ဝှက်ထားသကဲ့သို့ ဒုတိယ ဗုဒ္ဓဃောသဟူ၍များ ထင်မှတ်ကာ ပထမစာမူနှင့်ဒုတိယစာမူတစ်ထပ်တည်းများ ဖြစ်နေလေမလားဟု ကြိုတင်၍ ထင်ကြေးမပေးစေလိုကြောင်း။ အရှင်ဗုဒ္ဓဃောသထေရ်နှင့် စိတ္တာနုပဿနာ ရေးသော ဘုန်းကြီးသည် မနှိုင်းကောင်းမဆိုကောင်းသောပုဂ္ဂိုလ်ချင်းဖြစ်၍ အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်ကို မထိခိုက်စေလိုကြောင်း မေတ္တာရပ်ရပေသည်။

ဤအထက်ပါ အကြောင်းအရာစကားရပ်ကို နိဒါန်းဟု ဆိုလိုကဆိုနိုင်သည်။ အကြောင်းပြဆိုလိုကလည်း ဆိုနိုင်သည်။

ရွှေဟင်္သာဆရာတော်

* * * *

## စိတ္တာနုပဿနာ အခိပ္ပာယ်

**ထွက်သွားတတ်သည်** စိတ္တာနုပဿနာဟူသည်မှာ - စိတ်ကိုအလစ်မပေးဘဲ အဖန်ဖန် အထပ်ထပ် အစဉ်မပြတ် ထိန်းကျောင်းနေခြင်းပင်ဖြစ်သည်။ နွားကျောင်းသားသည် နွားများကို မပြတ်ကြည့်ရှု ထိန်းကျောင်းနေသကဲ့သို့၊ ထို့အတူ မိမိစိတ်ကို ယခုငါသန္တာန်၌ အဘယ်စိတ်မျိုးဖြစ်နေသည်ကို အလစ်မပေးဘဲ သိရှိကာ ထိန်းကျောင်းနေခြင်းပင်ဖြစ်သည်။ စိတ်သည် အလွန်လျှင်မြန်စွာ ထွက်သွားတတ်

သော သဘောရှိသောကြောင့် ထိန်းသိမ်း စောင့်ရှောက်နေလျက်ကပင် ထွက်မှန်းမသိ ထွက်သွားတတ်သည်။

**တကယ်ထွက်သလား**

ထွက်သွားတတ်သည်ဟု သုံးနှုန်းပြောဆိုရသော်လည်း စင်စစ်အားဖြင့် စိတ်သည် သူကိန်းအောင်းရာဌာနမှ တစ်ဆံခြည်မျှ နေရာရွေ့ခြင်းကားမရှိပေ၊ စိတ်ကိုယ်တိုင်မူကား ဘယ်အရပ်, ဘယ်ဒေသ ကိုမှ မသွားပေ။ သို့ဖြစ်လျက် အဘယ့်ကြောင့် လျင်မြန်စွာထွက်သွားတတ်သည်ဖြစ်၍ အလစ်မပေးပဲ အစဉ်ထိန်းကျောင်းနေရသည်ဟု ဆိုပါသနည်းဟု မေးဖွယ်ရှိသည်ကား မှန်ပေသည်။

စိတ်သည်အမှန်စင်စစ် မိမိကိန်းအောင်းရာ ဟဒယဝတ္ထုမှ အထက်၌ဆိုခဲ့သကဲ့သို့ ဆံခြည်တစ်လုံးခန့်မျှ ထွက်ခွာသွားခြင်းမရှိသည်ကားအမှန်ပင်ဖြစ်သည်။ သို့ပင် ကိုယ်တိုင်ထွက်ခွာမသွားသော်လည်း စိတ်၏တန်ခိုးသတ္တိ စွမ်းပကားမှာမူကား ကြီးမားသည်ဟု ဆိုရပေမည်။ အဘယ်သို့ တန်ခိုးသတ္တိစွမ်းပကားကြီးမားသနည်းဟူမူ – မည်မျှလောက် ခရီးဝေးသော အရပ်ဒေသသို့မဆို အလွယ်တကူ လျင်မြန်စွာ အာရုံပြုနိုင်လေသည်။

**ဥပမာပြချက်**

ဥပမာဆိုရလျှင် – ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက် ဖူးမြော်ဖူးသောပုဂ္ဂိုလ်သည် မိမိအိမ်မှနေ၍ ရွှေတိဂုံစေတီတော်ကြီးကို စိတ်ဖြင့်အာရုံပြု၍ ကြည်ညိုနိုင်သည်။ ယင်းသို့အာရုံပြုရာ၌ ကြာမြင့်နေသည်မဟုတ်၊ သတိရ၍ အာရုံပြုလိုသောအခါ လျင်မြန်စွာ ချက်ချင်း အာရုံပြုနိုင်သည်။ မိမိ ကိုယ်တိုင်သွားရောက် ဖူးမြော်စဉ်ကကဲ့သို့ပင် ရွှေတိဂုံစေတီတော်ကြီးနှင့်တကွ အရပ်လေးမျက်နှာ၌ရှိသော အာရုံခံတန်ဆောင်းများ, ရုပ်ပွားဆင်းတုတော်များကိုလည်းကောင်း၊ ပန်း ဆီမီးကပ်လှူပူဇော်နေကြသော လူတို့ကိုလည်းကောင်း စိတ်ဖြင့်မြင်တွေ့နေရပေမည်။ ဥရောပတိုက်သို့ဖြစ်စေ, အမေရိကန်သို့ဖြစ်စေ သွားရောက်ဖူးသောပုဂ္ဂိုလ်သည် မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများကို ဥရောပတိုက်၌လည်းကောင်း, အမေရိကန်၌လည်းကောင်း မိမိတွေ့မြင်ကြုံကြိုက်ခဲ့ရသောအရာဝတ္ထုတို့ကို ပြန်လည်ကာ စိတ်ဖြင့် အာရုံပြု၍ ဗဟုသုတအဖြစ် ပြောနိုင်ကြသည်။ မည်မျှပင်ဝေးစေကာမူ စိတ်သည်အာရုံပြုသောသဘောဖြင့် ရောက်နိုင်သည်၊ မြင်နိုင်သည်။

## ရှင်နာဂသိန် ဟောချက် စိတ်ဆောင်ပုံ

**မိလိန္ဒအမေး**

စိတ်၏လျင်မြန်စွာသွားနိုင်ပုံကို မိလိန္ဒမင်းက ရှင်နာဂသိန်ကို မေးလျှောက်ဖူးသည်။ အရှင်ဘုရား–မြတ်စွာဘုရားသည်လည်းကောင်း, အရှင်ဘုရားတို့သည်လည်းကောင်း ရံခါရံခါ ပြောဟောတော်မူဖူးသည်မှာ ကွေးသောလက်ကို ဆန့်သလောက်၊ ဆန့်သောလက်ကို ကွေးသလောက် အချိန်ကာလလေးအတွင်း၌ ဗြဟ္မာ့ပြည်ရောက်နိုင်သည်ဟု ပြောဟောတော်မူကြပါသည်။ အဘယ်သို့လျှင် အလွန်ဝေးသောဗြဟ္မာ့ပြည်သို့ ဤမျှလောက်လျင်မြန်စွာရောက်နိုင်ပါသနည်းဟု မေးလျှောက်သည်။

**ရှင်နာဂသိန် အဖြေ**

ရှင်နာဂသိန်ကမင်းကြီး – မင်းကြီး ယခုနေသော သာဂလမြို့တော် နှင့်ဇာတိအရပ်သည် ဘယ်မျှဝေးပါသလဲ။ ယူဇနာ ၂၀၀ –ဝေးပါသည်အရှင်ဘုရား။ ယူဇနာ ၂၀၀ ဝေးသော ဇာတိအရပ်၌ ယခင်က ဆောင်ရွက်ဖူးသော အလုပ်ကိစ္စရှိပါသလား။ ရှိပါသည် အရှင်ဘုရား။

**မင်းကြီး** - အဲသည် ဆောင်ရွက်ဖူးသောကိစ္စကို လှမ်းပြီး အာရုံပြုလိုက်စမ်းပါလေ။ အာရုံပြုပြီးပါပြီ အရှင်ဘုရား။ မင်းကြီး- တယ်မြန်ပါလားဟု အရှင်နာဂသိန်ကအမိန့်ရှိရာ မိလိန္ဒမင်းကြီးသည် ဉာဏ်ပညာရှိသောပုဂ္ဂိုလ်ဖြစ်သည်အလျောက် သဘောပေါက်ကာ အရှင်ဘုရား - သဘောပေါက်ကာ နားလည်ပါပြီအရှင်ဘုရားဟု လျှောက်သတဲ့။

**လျင်မြန်ခြင်း** စိတ်ဖြင့်အာရုံပြုလိုက်ခြင်းဖြစ်သည်။ စိတ်သည် ဤမျှလျင်မြန်ပေသည်။ ဤမျှလျင်မြန်သော စိတ်ကို ထိန်းသိမ်းနိုင်သလောက်၊ ယဉ်ကျေးအောင်ပြုပြင်နိုင်သလောက် စိတ်ကိုအစိုးရကာ စိတ်တန်ခိုးဖြင့် ဗြဟ္မာ့ပြည်, နတ်ပြည်သို့ တစ်ခဏချင်းဖြင့် သွားရောက်နိုင်သည်။ ထိုစိတ်ကို ထိန်းဖို့မှာကား လွယ်ကူသည်မဟုတ်ပေ။

**ရိုင်းသောစိတ်** မယဉ်ကျေးသေးသောစိတ်ကို နွားရိုင်းနှင့် ဥပမာပြု ဟောတော်မူသည်။ နွားရိုင်း, ဆင်ရိုင်းတို့ကို ယဉ်ကျေး အောင်ဆုံးမရန်မှာလွယ်ကူပေဦးမည်၊ အာရုံအမျိုးမျိုးသို့ပြေးလွှားကာ တည်ငြိမ်မှုမရှိဘဲ ရိုင်းနေသောစိတ်ကို ယဉ်ကျေးစေရန်မှာ ခက်ခဲလှပေသည်။

**မကောင်းမှု၌ပျော်ခြင်း** ပါပသ္မိံ ရမတိ မနော = မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု မကောင်းလုပ်၌သာလျှင်။ ရမတိ၊ မွေ့လျော်တတ်၏။ အစမထင်သော သံသရာတစ်လျှောက်လုံး၌ များသောအားဖြင့် ကာမဂုဏ်အာရုံတို့၌သာလျှင် မွေ့လျော် ပျော်ပိုက် အာရုံစိုက်ခဲ့သောစိတ်၊ ကာမဂုဏ် အာရုံကိုသာလျှင် လိုလားသောစိတ်၊ မြွေသည် ရှုပ်ထွေးရာကိုသာ ကြိုက်သကဲ့သို့ အာရုံအများကိုသာကြိုက်သောစိတ်ဖြစ်သည်။ သို့ကြောင့် ထိုစိတ်ကို ကာမဂုဏ်အာရုံမှကင်းသော ဆိတ်သော ကမ္မဋ္ဌာန်းအာရုံ၌ထားရန် အဝေးအာရုံသို့ မထွက်မသွားစေရန် စောင့်ရှောက်ထိန်းသိမ်းမှုသည် လွယ်ကူသည်မဟုတ်ချေ။

**စိတ်ကိုပစ်မထားသင့်** မလွယ်ကူဘူးဟုဆိုကာ စိတ်ကိုစောင့်ထိန်းခြင်းမရှိဘဲ သူ့သဘောအတိုင်း လွှတ်ထား ပြန်လျှင် တစ်နည်းအားဖြင့် စိတ်ကိုစိတ်အတိုင်းထားပြန်လျှင် သားဆိုးသားမိုက်ကို ဆုံးမ ပဲ့ပြင်သွန်သင်ခြင်းမပြုပဲ ပစ်ထားက ပို၍ဆိုးသွမ်းပျက်စီးတတ်သကဲ့သို့ ပစ်ထားသောစိတ်, သူ့အတိုင်းထားသော စိတ်သည် မကောင်းမှုတို့၌သာ အာရုံပြုကာ လိုက်စားသဖြင့် ပိုမိုဆိုးသွမ်းပျက်စီးမည်သာဖြစ်သည်။ သို့ကြောင့် ပညာရှိသူတော်ကောင်းတို့သည် ထိန်းသိမ်း စောင့်ရှောက်ရန်ခဲယဉ်းသည်ဟု အားလျှော့ကာ လျစ်လျူရှုမထားကြဘဲ စိတ်ရှည်ရှည် ဇွဲကောင်းကောင်းနှင့် စိတ်ကိုယဉ်ကျေးနူးညံ့သိမ်မွေ့အောင် ထိန်းသိမ်းစောင့်ရှောက်၍ ကမ္မဋ္ဌာန်းအာရုံဘက်သို့ ဆွဲဆောင်သိမ်းသွင်းကာ သူတော်ကောင်းတရားကို ပွားများကြကုန်၏။

## တန်ခိုးကြီးသောစိတ်

စိတ္တေန နီယတေ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဂဂူ။

ဟူ၍ ဟောတော်မူသည့်အတိုင်း လောကကြီးကို စိတ်ဆောင်နေ၏၊ စိတ်ဆွဲဆောင်ရာသို့ လိုက်ပါနေကြရ၏၊ အားလုံးသော သတ္တလောကနှင့် ရုပ်နာမ်ဟူသော

သခ်ါရလောကသည် စိတ်ဆွဲဆောင်ရာ စိတ်ပို့ရာသို့ လိုက်ပါနေကြရသည်။ စိတ်သည် မည်မျှတန်ခိုးရှိသည်၊ မည်မျှစွမ်းရည်သတ္တိရှိသည်ကို သိနိုင်ကြပေသည်။ ဤမျှလောက် စွမ်းရည်သတ္တိရှိသော စိတ်ကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်၍ ယဉ်ကျေးစေနိုင်မှုကား ထိုစိတ်သည် မိမိကိန်းအောင်းသောခန္ဓာသန္တာန်ကို ချမ်းသာရာကောင်းမွန်ရာသို့ ပို့ဆောင်ပေးနိုင်ပေသည်။

## စိတ်ဆောင်ပုံ အမေးအဖြေ

စိတ်ဆောင်ပုံကိုပြဦးအံ့- မိလိန္ဒမင်းက အရှင်နာဂသိန်ကို လျှောက်ဖူးသည်မှာ-

အမေး။ ။ အရှင်ဘုရား- ဗြဟ္မာ့ပြည်သည် ဤလူ့ပြည်မှ မည်မျှဝေးပါသနည်း။

အဖြေ။ ။ မင်းကြီး-ဗြဟ္မာ့ပြည်သည် ဝေးလှပေသည်။ ဥပမာ နှိုင်းယှဉ်ဖွယ်ရာ၍ ပြဆိုရလျှင် တောင်ထွတ်တမျှ ကြီးမားသောကျောက်တုံးကြီးကို ဗြဟ္မာ့ပြည်မှ ချလိုက်ပါလျှင် နေ့ရောညဥ့်ပါ ကျလာခဲ့သော ကျောက်တုံးကြီးသည် တစ်နေ့နှင့်တစ်ညဥ့်၌ ယူဇနာပေါင်း(၈၄၀၀၀) ရှစ်သောင်းလေးထောင် ကျလာခဲ့ရာ လေးလ (၄-လ)ကြာမှသာလျှင် ဤလူ့ပြည်မြေပေါ်သို့ ရောက်ပေလိမ့်မည်။ မင်းကြီး ဗြဟ္မာ့ပြည်သည် ဤမျှလောက်ပင် ဝေးကွာပေသည်။

အမေး။ ။ အရှင်ဘုရား- ဤသို့ ပြောဟောတော်မူလေ့ရှိကြပါသည်။ အဘယ်ကဲ့သို့ ပြောဟောတော်မူလေ့ရှိကြသနည်းဟူမူ- ဥပမာအားဖြင့် အားခွန်ဗလနှင့်ပြည့်စုံသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်တန်း သကဲ့သို့လည်းကောင်း, ဆန့်တန်းသောလက်ကို ကွေးသကဲ့သို့လည်းကောင်း ဤမျှလောက် ကာလဖြင့်သာလျှင် စိတ်ကိုနိုင်နင်းအောင် လေ့လာခြင်းရှိသော တန်ခိုးရှိသောပုဂ္ဂိုလ်သည် လူ့ပြည်ဇမ္ဗူဒိပ်ကျွန်းမှ ဗြဟ္မာ့ပြည်သို့ အလွန်လျင်မြန်စွာ ကြွရောက်နိုင်သည် ဆိုသော စကားကို ဒကာတော် မယုံကြည်နိုင်ပါဘုရား။

အမေး။ ။ မင်းကြီး - သင်မင်းကြီး၏ ဇာတိရပ်သည် အဘယ်မှာရှိသနည်း။

အဖြေ။ ။ အရှင်ဘုရား - အလသန္ဒအမည်ရှိသောကျွန်းသည်ရှိပါသည်။ ထိုကျွန်းသည် ဒကာတော်၏ ဖွားရာဇာတိအရပ် ဖြစ်ပါသည်။

အမေး။ ။ မင်းကြီး-အလသန္ဒကျွန်းသည် ဤသာဂလမြို့တော်မှမည်မျှဝေးပါသနည်း။

အဖြေ။ ။ ယူဇနာ(၂၀၀) နှစ်ရာ ဝေးကွာပါသည် အရှင်ဘုရား။

အမေး။ ။ မင်းကြီး - အလသန္ဒကျွန်း၌ ရှေးကလုပ်ဆောင်ခဲ့ဖူးသော ပြုဖွယ်ကိစ္စကို ပြုလုပ်ပြီးနောက် ပြန်၍ဆင်ခြင် အောက်မေ့ဖူးပါသလော။

အဖြေ။ ။ မှန်ပါ- အောက်မေ့ဆင်ခြင်ဖူးပါသည်အရှင်ဘုရား။

ရှင်းချက်။ ။ မင်းကြီး - သင်မင်းကြီးသည် ယူဇာနှစ်ရာဝေးကွာသော အလသန္ဒကျွန်းသို့ လျင်မြန်စွာသွားရောက်နိုင်စွမ်း ရှိပါပေသည်ဟု အရှင်နာဂသိန်က မိန့်ကြားသောအခါ -

ဝန်ခံချက်။ ။ အရှင်ဘုရား- ဥပမာဖြင့် ဖြေကြားတော်မူသည်မှာ သင့်လျော်လျောက်ပတ်ပါပေသည် အရှင်ဘုရား။

အလွန်တရာဝေးကွာလှသော ဗြဟ္မာ့ပြည်ကို စိတ်ဆောင်သွားသောကြောင့် စိတ်မြန်သလောက် ဤခန္ဓာကိုယ်ကြီးသည် လျင်မြန်စွာ တစ်ခဏချင်းဖြင့် ရောက်ရှိသွားခြင်း ဖြစ်သည်ကို မိလိန္ဒမင်းကြီး သဘောပေါက်သွားခြင်းဖြစ်သည်။

## ပဋိသန္ဓေစိတ်မြန်ပုံ

လျှင်မြန်ခြင်းနှင့် စကားစပ်သဖြင့် ဆက်လက်၍ ပြလိုသေးသည်။

မိလိန္ဒမင်းကြီးက ဆက်လက်၍ မေးလျှောက်ပြန်သည်မှာ -

ထပ်မံအမေး။ ။ အရှင်ဘုရား -အကြင်လူတစ်ယောက်သည် လူ့ပြည်သာဂလမြို့မှ သေလွန်ပြီးကာလ ဗြဟ္မာပြည်၌ဖြစ်ရာ၏။ အခြားလူတစ်ယောက်သည်ကား ဤလူ့ပြည် သာဂလမြို့မှ သေလွန်ပြီးကာလ ကသ္မီရတိုင်းပြည်၌ ဖြစ်ရာ၏။ အဘယ်သူက ကာလကြာမြင့်မှုဖြစ်၍ အဘယ်သူက လျှင်မြန်စွာ ကာလမကြာမြင့်မီ ဖြစ်ပါသနည်း အရှင်ဘုရား။

ထပ်ဖြေချက်။ ။ မင်းကြီး-နှစ်ဦးလုံး တစ်ချိန်တည်းကာလတူပင် အသီးသီးဖြစ်ကြပေသည်။

လျှောက်ချက်။ ။ အရှင်ဘုရား - ဥပမာဖြင့် ဟောကြားတော်မူပါဦးဘုရား။

ပြန်မေးခြင်း။ ။ မင်းကြီး - မင်းကြီး၏ဇာတိအရပ်သည် အဘယ်မှာနည်း။

ဖြေ။ ။ အရှင်ဘုရား - ကလသိရွာသည်ရှိပါသည်။ ထိုရွာသည် ဒကာတော်၏ ဖွားမြင်ရာ ဇာတိရွာဖြစ်ပါသည်။

မေး။ ။ မင်းကြီး- ကလသိရွာသည် ဤသာဂလမြို့တော်မှဘယ်မျှဝေးပါသနည်း။

ဖြေ။ ။ ယူဇနာနှစ်ရာဝေးပါသည်အရှင်ဘုရား။

မေး။ ။ မင်းကြီး - ကသ္မီရတိုင်းပြည်သည် အဘယ်မျှဝေးပါသနည်း။

ဖြေ။ ။ တစ်ဆယ့်နှစ်ယူဇနာ ဝေးပါသည်အရှင်ဘုရား။

နိုင်း။ ။ မင်းကြီး- ကလသိရွာကို အာရုံပြု၍ ကြံစည်ဆင်ခြင်လိုက်စမ်းပါ။

ဖြေ။ ။ ကြံစည်ဆင်ခြင်ပြီးပါပြီ အရှင်ဘုရား။

ထပ်နိုင်း။ ။ မင်းကြီး - ကသ္မီရတိုင်းပြည်ကို (ဝါ) မြို့ကို ကြံစည်ဆင်ခြင်လိုက်စမ်းပါဦး။

ဖြေ။ ။ ကြံစည်ဆင်ခြင်ပြီးပါပြီဘုရား။

မေး။ ။ မင်းကြီး - ဤကလသိရွာကို ဆင်ခြင်ခြင်းနှင့် ကသ္မီရတိုင်းပြည်(ဝါ) မြို့ကို ဆင်ခြင်ခြင်းသည် ဘယ်ကဲ့သို့ ထူးခြားပါသနည်း၊ ဘယ်အာရုံကို ကြာရှည်ကြံစည်ဆင်ခြင်ရသနည်း၊ ဘယ်အာရုံကိုမြန်စွာ ကြံစည်ဆင်ခြင်ရသနည်း။

ဖြေ။ ။ အရှင်ဘုရား- အာရုံနှစ်ခုလုံးကို အချိန်ကာလ အတူသာလျှင် ဆင်ခြင်ကြံစည် ရပါသည်အရှင်ဘုရား။

ရှင်းချက်။ ။ မင်းကြီး- ဤဥပမာအတူပင် ဤသာဂလမြို့မှသေလွန်ပြီးကာလ ဗြဟ္မာပြည်၌ ဖြစ်သောသူသည်လည်းကောင်း၊ သာဂလမြို့မှ သေလွန်ပြီးကာလ ကသ္မီရတိုင်းပြည် (ဝါ) မြို့၌ဖြစ်သောသူသည်လည်းကောင်း အချိန်ကာလချင်း အနေးအမြန်မကွာ အချိန်တူသာလျှင် ဖြစ်ကြပေသည်ဟု ဖြေကြားတော်မူသည်။

ပဋိသန္ဓေစိတ်ဖြစ်ခြင်း အချိန်ကာလတူကြသည်ကိုပြဆိုခြင်းဖြစ်သည်။ ဤဘဝက စုတိစိတ်သည် ဤမှာပင်ချုပ်ငြိမ်းခဲ့လေပြီ၊ အသစ်ဖြစ်သော ပဋိသန္ဓေစိတ်သည် ရောက်ရာဘဝ၌ အချိန်ကာလအခြားမရှိဘဲ ပဋိသန္ဓေစိတ်အမည်ဖြင့် ဖြစ်လေသည်။ ဤဘဝက စိတ်သည် နောက်ဘဝသို့ကူးပြောင်းလိုက်ပါသည်မဟုတ်၊ ဤဘဝက ကံအကြောင်းအားလျော်စွာ နောက်ဘဝ၌ အကျိုး ပဋိသန္ဓေစိတ်အဖြစ်ဖြင့် ဖြစ်ခြင်းဖြစ်သည်။

## စိတ်ကိုကမ္မဋ္ဌာန်းဖြင့် ထိန်းပါ

ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း မကောင်းမှုဒွါသာ မွေ့လျော်တတ်သောစိတ်၊ လျင်မြန်သော တန်ခိုးသတ္တိရှိသော စိတ်ကို ပေါက်လွှတ်ပဲစား လွှတ်၍မထားဘဲ၊ **တစ်နည်း**- စိတ်ကို စိတ်အတိုင်းဖြစ်လိုရာဖြစ်စေဟု လျစ်လျူရှုမထားဘဲ၊ ယင်းစိတ်ကို ဖွဲကောင်းကောင်း စိတ်ရှည်လက်ရှည်ဖြင့် သည်းခံ၍ ထိန်းသိမ်းစောင့်ရှောက်ကာ အလိုရှိရာကမ္မဋ္ဌာန်းအာရုံသို့ ဆွဲဆောင်၍ ယင်းစိတ်ဖြင့် ဘာဝနာတရားပွားများ အားထုတ်ပါမူ အားထုတ်သည့်အလျောက် ခရီးပေါက်ရောက်၍ စိတ်ကပင် ချမ်းသာကိုပို့ဆောင်ပေးလိမ့်မည်။ စိတ်ကို စိတ်အတိုင်းထားကာ လုံခြုံမရှိသော နွားကဲ့သို့ လွှတ်ထားလျှင် သူတစ်ပါးအခင်းကို ကျူးကျော်ဝင်ရောက် စားမိသည်ဖြစ်၍ ဓားခုတ် လှံထိုးခံရသော နွားကဲ့သို့ အပါယ်ဓား အပါယ်လှံ အထိုးခံရတတ်မည် ဖြစ်ပေသည်။

## ရာဂမိုးနှင့် ဘာဝနာအမိုး

တစ်နည်းအားဖြင့် ထိုစိတ်တည်းဟူသောအိမ်ကို ဘာဝနာအမိုးတို့ဖြင့် လုံခြုံအောင် မမိုးလျှင် လောဘစသော ကိလေသာ မိုးတွေယိုကျသည်ဖြစ်၍ စိတ်တည်းဟူသောအိမ်သည် ဆွေးမြည့်ပျက်စီးခြင်းသို့ ရောက်တတ်သည်။ မိုးမလုံသော ပကတိအိမ်သည်မှုလည်းဖြစ်စေ၊ ကျောင်းသည်မှုလည်းဖြစ်စေ အမိုးမလုံလျှင် မိုးယိုဆွေးမြေ့ပျက်စီးသကဲ့သို့ ဖြစ်သည်ဟု ဆိုလိုသည်။

**နန္ဒမင်းသားဝတ္ထု** မြတ်စွာဘုရား၏ ညီတော် နန္ဒမင်းသားသည် မြတ်စွာဘုရားက သပိတ်တော်ယူစေ၍ သပိတ်ထမ်းခေါ်သွားစဉ် ဇနပဒကလျာဏီက စိုစွတ်နေသောဆံပင်တစ်ဝက်ကိုဖြီးလျက် ပြတင်းပေါက်မှလှမ်း၍ မောင်တော်ဘုရား မြန်မြန်ပြန်လာခဲ့ပါဟုပြောလိုက်သည်။ ထိုအသံ အသည်း၌ စူးဝင်နေသကဲ့သို့ စွဲလမ်းလျက် ဆံပင်တစ်ဝက်ကိုဖြီးလျက် ပြတင်းပေါက်မှရပ်နေသော ဇနပဒ ကလျာဏီ၏ ရူပကာယ ရူပါရုံသည်လည်း မနောဒွါရမျက်စိမှ မထွက်ဘဲ စူးဝင်စွဲလမ်း၍ ကိလေသာ မိုးတွေ ယိုကျလျက်ရှိသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော်၌ မပျော်ပိုက်နိုင်ဘဲ "လူထွက်တော့မည်၊ လူထွက်တော့မည်"ဟု ငြီးတွားကာ ပျင်းရိငြီးငွေ့ နေသည်ကို သိတော်မူသော မြတ်စွာဘုရားသည် -

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ - ဟု ဟောတော်မူသည်။

**အမိုးမလုံခြင်းအပြစ်** လုံခြုံအောင်မမိုးသော(ဝါ) ကျိုးတိုးကျဲတဲမိုးသော(ဝါ) တော်စွလျော့စွမိုးသောအိမ်သည် မိုးယိုသဖြင့် ပျက်စီးသကဲ့သို့ ထို့အတူ ဘာဝနာဖြင့် မထုံအပ်သော(ဝါ) ရာဂ၏ ဆန့်ကျင်ဘက်ဖြစ်သော အသုဘကမ္မဋ္ဌာန်းဘာဝနာသို့မပွားများသောစိတ်သည် ရာဂတည်းဟူသော မိုးယိုသဖြင့် ပျက်စီးတတ်လေသည်ဟု ဟောတော်မူသည်။

ရာဂကို ပဓာနထား၍ ဆိုသော်လည်း ဒေါသ, မောဟ, မာန, ဒိဋ္ဌိ အစရှိသော ကိလေသာမိုးတို့သည် ယိုကျတော့သည်သာတည်း။ သို့ဖြစ်၍ စိတ်ကို အမှတ်မဲ့လျစ်လျူရှု၍ ပစ်မထားကြဘဲ အမြဲမပြတ်သတိချပ်၍ စောင့်ကြပ် ထိန်းသိမ်းကြရမည်၊ ပြုပြင်ကြရမည်၊

ယဉ်ကျေးစေကြရမည်၊ ဘာဝနာအမိုးတို့ဖြင့် လုံခြုံအောင် မိုးကြရမည်ဖြစ်ပေသည်။

**အမိုးလုံခြင်းအကျိုး** အိမ်ကိုဖြစ်စေ၊ ကျောင်းကိုဖြစ်စေ၊ ကောင်းသော သွပ်စသည်တို့ဖြင့် လုံခြုံအောင် မိုးလိုက်ပါလျှင် မိုးယိုခြင်းမှ လွတ်ကင်း၍ အိမ်၊ ကျောင်းတို့ ပျက်စီးခြင်း ကင်းလွတ်ချမ်းသာသကဲ့သို့ ကိလေသာတည်း ဟူသော မိုးမယိုအောင် ဘာဝနာအမိုးတို့ဖြင့် လုံခြုံအောင်မိုးအပ်သောစိတ်သည် ပျက်စီး ခြင်းမှကင်း၍ ၎င်းစိတ်ဖြင့် ပွားများအပ်သောဘာဝနာကြောင့် အရဟတ္တဖိုလ် တိုင်အောင် သော ချမ်းသာကိုရရှိနိုင်ပေသည်။

**နတ်သမီးနှင့် မျောက်အိုမ** ပျင်းရိငြီးငွေ့နေသောအရှင်နန္ဒကို မြတ်စွာဘုရားသည် လက်မောင်းကိုဆွဲ၍ တန်ခိုးတော်ဖြင့် တာဝတိံသာသို့ ခေါ်သွားလေသည်။ တာဝတိံသာသို့မရောက်မီ လမ်းခုလပ်၌ မျောက်အိုမကြီးတစ်ကောင်ကိုလည်း ရှင်နန္ဒအားပြခဲ့သည်။ တာဝတိံသာသို့ ရောက်သောအခါ နတ်သမီးများကို တွေ့မြင်သောအခါ မြတ်စွာဘုရားက ဤနတ်သမီးတွေနှင့် ဇနပဒကလျာဏီသည် ဘယ်သူကလှသနည်း- ဟု မေးတော်မူရာ မြတ်စွာဘုရား မနှိုင်းယှဉ်သာပါ၊ နတ်သမီးများနှင့် ယှဉ်လျှင် ဇနပဒကလျာဏီသည် လမ်း၌တွေ့မြင်ခဲ့သော မျောက်အိုမကြီးသဖွယ်ဖြစ်ပါတော့သည်-ဟု လျှောက်သတဲ့။ မြတ်စွာဘုရားက ညီတော်နန္ဒ -- သာသနာ့ဘောင်မှာ ပျော်ပျော်နေလေ၊ သည်နတ်သမီးများအတွက် ငါတာဝန်ထား၊ ငါအာမခံသည်။ ရဟန်း တရားကိုသာလျှင်ပျော်မွေ့စွာအားထုတ်လေဟု မိန့်တော်မူလျှင် မြတ်စွာဘုရား- နတ်သမီးငါးရာတို့ကို ရစေမည်ဟု မြတ်စွာဘုရားတာဝန်ယူကာ အာမခံပါလျှင် သာသနာတော်၌ ပျော်ပျော်အားထုတ်ပါတော့မည်- ဟု လျှောက်သဘဲ့။

ထိုအကြောင်းကို ရှင်နန္ဒ၏သီတင်းသုံးဖော် သံဃာတော်များက သိရှိရသဖြင့် ရှင်နန္ဒကို နတ်သမီးတည်းဟူသော အကြောင်းကြောင့် သူရင်ငှား အခစားအဖြစ်ဖြင့်လည်းကောင်း၊ ရဟန်းကျင့်ဝတ်တည်းဟူသော အဖိုးအခဖြင့် နတ်သမီးတည်းဟူသော ပစ္စည်းကို ဝယ်ယူသူအဖြစ်ဖြင့်လည်းကောင်း ရယ်သွမ်းသွေး၍ ပြောဆိုခနဲ့ကြကုန်၏။

**ရဟန္တာဖြစ်ခြင်း** ယင်းကဲ့သို့ သီတင်းသုံးဖော်တို့က ကဲ့ရဲ့ပြောင်လှောင်ပြောဆိုကြသည်ကို ရှက်သဖြင့် ရှင်နန္ဒသည် တစ်ယောက် ထီးတည်း သင့်လျော်ရာ၌နေလျက် မမေ့မလျော့ ရဟန်းတရားကို အားထုတ်လေရာ ဘာဝနာတည်းဟူသော အမိုး လုံခြုံသည်ဖြစ်၍ ရာဂစသော ကိလေသာမိုးတို့သည် စီးယိုကာမကျနိုင်ကြပြီဖြစ်၍ အာသဝေါတည်းဟူသောမိုးရေဟူသမျှတို့သည် ခန်းခြောက်ကြကုန်၏။ မြတ်စွာဘုရား၏ သာသနာတော်၌ အာသဝေါကုန်ခန်း ပြီးသော ရဟန္တာတို့တွင် အရှင်နန္ဒသည် ရဟန္တာတစ်ဆူအဖြစ်ဖြင့် ထင်ရှားစွာ အပါအဝင်ဖြစ်လေတော့သည်။ ဤအကြောင်းကို ရည်ညွှန်းတော်မူ၍ မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဟောတော် မူသည်။

ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။

ကောင်းမွန်လုံခြုံစွာ မိုးအပ်သော အိမ်သည် မိုးယိုခြင်းမှကင်း၍ အပျက်အစီးမရှိသကဲ့သို့ ထို့အတူ ဘာဝနာဖြင့် ကောင်းစွာထုံအပ်သောစိတ်သည် ရာဂမိုးယိုခြင်းမှ ကင်းသဖြင့် ချမ်းသာခြင်းသို့ ပို့ဆောင်ပေသည်ဟု ဟောတော်မူသည်။

## ဖောက်ပြန်လျက် အထိန်းခက်သောစိတ်

**ကလေးလိုစိတ်** ထိန်းသိမ်းမှုပြုခြင်းမရှိသော စိတ်သည် ရူပါရုံ, သဒ္ဒါရုံစသည်တို့နှင့် တွေ့ကြုံသောအခါ ထိုထိုအာရုံတို့သို့ ရောက်သဖြင့် လှုပ်ရှားတတ်သည်။ ကလေးသူငယ်တို့သည် အငြိမ်မနေဘဲ ခုန်ပေါက်ပြေးလွှားလှုပ်ရှားနေကြသကဲ့သို့ အာရုံတစ်ခု၌စူးစိုက်ကာ တည်ငြိမ်ခြင်းမရှိဘဲ ပျံ့လွင့်ပြေးလွှား တတ်သည်။

**နွားရိုင်းလိုစိတ်** ကောက်ပင်(စပါးပင်) စပါးခင်းတို့အကြား၌ စပါးပင်တို့ကို စားတတ်သောနွားကို အထိန်းအကျောင်း ခက်သကဲ့သို့ ကာမဂုဏ်အာရုံကို ကြိုက်တတ်သော စိတ်ကို စောင့်ရှောက် ထိန်းကျောင်းမှု ခက်သည်။ စိတ်၏အကြိုက်ဖြစ်သော ဝိသဘာဂအာရုံသို့ မသွားအောင် မပြေးအောင် တားမြစ်ရခြင်းသည်လည်း ခဲယဉ်းသည်။ သို့ဖြစ်၍ ဤစိတ်ကို နဖားကြိုးနှင့်တူသော သတိဖြင့် စောင့်ကြပ်ရာ၏။

**မြားထိဥပမာ** လေးအတတ်ပညာကို ကောင်းစွာတတ်ကျွမ်းသော လေးသမားသည် တောမှခုတ်ယူခဲ့သော ကောက်သော အသားကို ကျွမ်းကျင်စွာ စိတ်ရှည်ရှည်ဖြင့် ဖြောင့်မတ်အောင်ပြု၍ လိုအပ်ရာ၌အသုံးပြုသဖြင့် ဥစ္စာပစ္စည်းရရှိသကဲ့သို့၊ ထို့အတူ လှုပ်ရှားသောစိတ်, မတည်ငြိမ်သောစိတ်, အာရုံအများအပြားသို့ ထွက်သွားနေသောစိတ်ကို ထိန်း၍ တားမြစ်စောင့်စည်း၍ ကမ္မဋ္ဌာန်းအာရုံ၌ နေစေရမည်။

ယင်းသို့ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်သောစိတ်ဖြင့် ကိလေသာတို့ကို ပယ်သတ်နိုင်သည်ဖြစ်၍ မဂ်ဖိုလ်တိုင်အောင် ကောင်းကျိုးကျေးဇူးတို့ကို ရရှိနိုင်ကြပေသည်။ ဤကဲ့သို့သော အကျိုးကျေးဇူးတို့ကို မြင်တော်မူသော မြတ်စွာဘုရားသည် ပြဆိုလတ္တံ့သော ဒေသနာတော်ကို ဟောတော်မူခဲ့သည်။

### မငြိမ်မထောက် ဖောက်ပြန်သောစိတ်

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

ဖန္ဒနံ၊ ရူပါရုံစသည်တို့၌ အာရုံရောက်သွားသဖြင့် လှုပ်ရှားတတ်သော။ စပလံ၊ အာရုံတစ်ခုတည်း၌ မတည်မူ၍ ခုန်ပေါက် ပြေးလွှား တုန်လှုပ်တတ်သော။ ဒုရက္ခံ၊ စောင့်ထိန်းရန်ခဲယဉ်းလှစွာသော။ ဒုန္နိဝါရယံ၊ ဝိသဘာဂ အာရုံကိုတွေ့လျှင် တားမြစ်နိုင်ခဲသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ ဥဇုံ ကရေယျ၊ တားမြစ်၍ ဖြောင့်အောင်ပြုရာ၏။ ကိမိဝ၊ အဘယ်ပုံကဲ့သို့ပြုလုပ်ရာအံ့နည်းဟူမူကား။ ဥသုကာရော၊ ကျွမ်းကျင်လိမ္မာသောလေးသမားသည်။ တေဇနံ၊ ကောက်သော မြားကို။ ဥဇုံ ကရောတိ ဣဝ၊ ဖြောင့်အောင် ပြုလုပ်သကဲ့သို့တည်း။

**တစ်နည်း** - ဥသုကာရော၊ လိမ္မာကျွမ်းကျင်သောလေးသမားသည်။ တေဇနံ၊ ကောက်သောမြားကို။ ဝါ၊ အသားကို။ ဥဇုံ ကရောတိ ဣဝ၊ ဖြောင့်အောင်ပြုသကဲ့သို့။ မေဓာဝီ၊ ပညာရှိသောပုဂ္ဂိုလ်သည်။ ဖန္ဒနံ၊ တုန်လှုပ်သော။ စပလံ၊ မတည်ငြိမ်သော။

စိတ္တံ၊ စိတ်ကို။ ဌိတံ ကတွာ၊ တည်ငြိမ်သည်ကိုပြု၍။ စရေယျ၊ သူတော်ကောင်းတရားကို ပွားများအားထုတ်ရာ၏။

## လျှင်စွာရောက်လျက် ဆုံးမခက်ခဲသောစိတ်

စိတ်ကို နှိပ်ကွပ်ဆုံးမရန် ခဲယဉ်းသည်။ လျင်မြန်စွာဖြစ်ပေါ်တတ်၍ လျင်မြန်စွာ ချုပ်ပျောက်တတ်သည်။ အာရုံမရွေး ဌာနမရွေး ဒေသမရွေး ကောင်းသည် မကောင်းသည် မရွေး အမှတ်မရှိ အာရုံဟူသမျှတို့သို့ ရောက်တတ်, ကျတတ်သည်။

သည်အာရုံကို အာရုံပြုခြင်းဖြင့် အကျိုးရှိသည်, မရှိသည်ကိုလည်းမရွေး၊ သင့် မသင့်ကိုလည်းမသိ၊ မိမိမျိုးရိုးဇာတ်ကိုလည်း မကြည့်တတ်၊ မျိုးရိုးဂုဏ်သိက္ခာကိုလည်း ငဲ့ကွက်ခြင်းမရှိ၊ မိမိ၏အသက်အရွယ်ကိုလည်း မထောက်ထားတတ်၊ အကြင်အကြင် အာရုံကို နှစ်သက်မိ၏၊ ထိုထိုအာရုံတို့သို့ ကျရောက်တတ်၏။

ယင်းသို့လျှင် အာရုံမရွေး ဌာနမရွေး ဒေသမရွေး ကောင်းမကောင်း သင့်မသင့် မရွေး အကျိုး ရှိ,မရှိ မရွေး၊ မျိုးရိုး ဂုဏ်သိက္ခာကိုလည်းကောင်း, အသက်အရွယ်ကို လည်းကောင်း မထောက်ထားမကြည့်ရှု မငဲ့မကွက် နှစ်သက်ရာအာရုံသို့ ကျရောက် တတ်သဖြင့် မကောင်းပြစ်မကောင်းကျိုးကို ဖြစ်စေသောစိတ်ကို ဆုံးမရမည်ဟု ဟောတော် မူသည်။ ဆုံးမသဖြင့် ယဉ်ကျေးသိမ်မွေ့သောစိတ်သည် ချမ်းသာသုံးတန်ကို ရစေတတ် သည်ဟု ဟောတော်မူသည်။

## မာတိကမာတာ၏ ကျေးဇူး

**စိတ်ကိုဆုံးမ ချမ်းသာရ** စိတ်ကိုဆုံးမနိုင်သဖြင့် ကောင်းကျိုးချမ်းသာကို ရရှိဖူးသော သူတော်ကောင်းတို့သည် များစွာပင် ဖြစ်ပေါ်ဖူးခဲ့ကြ လေပြီ။ အမည်အားဖြင့် မထင်ရှားလှသော ရဟန်းတော်တစ်ပါး အကြောင်းကိုကား မှတ်သား၍ နည်းယူနိုင်ကြစေရန် ထုတ်ပြရပေမည်။

ရဟန်းတော် ၆၀- တို့သည် သဘောတူ တိုင်ပင်ကြ၍ မြတ်စွာဘုရားထံတော်၌ အရဟတ္တဖိုလ်သို့ရောက်ကြောင်း တရားနည်းကို ရိုသေလေးစားစွာ တောင်းခံနာယူ၍ ကောသလတိုင်းအတွင်းရှိ မာတိကရွာကို ဂေါစရဂါမ်အဖြစ်အမှီပြု၍ ရဟန်းတရားကို အားထုတ်တော်မူကြကုန်၏။

**တရားတောင်းခြင်း** မာတိကရွာသူကြီး၏မိခင် မာတိကမာတာ အမည်ရှိသော ဒါယိကာမကြီးသည် တစ်နေ့သောညနေခင်း၌ အဖော်များ နှင့်တကွ ရဟန်းတော်များထံ သွားရောက်ဖူးမြော်ရာ တရားစကားကြားနာပြီးကာလ -

"အရှင်ဘုရားများ အားထုတ်ကျင့်သုံးသော တရားတော်ကို အရှင်ဘုရားတို့ သာလျှင် အားထုတ်ရပါသလား၊ လူဝတ်ကြောင် ဒါယကာ, ဒါယိကာမများကော အား မထုတ်ရပါသလား"ဟု မေးလျှောက်လေသည်။

"ဥပါသိကာမကြီး- တရားတော်ကို ရှင်လူမရွေး မည်သူမဆို အားထုတ်ရပါ သည်"ဟု ဖြေကြားတော်မူကုန်၏။

"အရှင်ဘုရား --- ထိုသို့ဖြစ်လျှင်၊ တပည့်တော်များကိုလည်း ဟောကြား သင်ပြ ပေးတော်မူကြပါဘုရား၊ တပည့်တော်များလည်း စွမ်းနိုင်သမျှ အားထုတ်လိုပါသည်"ဟု လျှောက်ထားသည်ဖြစ်၍ ရဟန်းတော်များက မိမိတို့ကိုယ်တိုင် အားထုတ်ကြသော ကာယဂတာသတိ ကမ္မဋ္ဌာန်း, ဒွတ္တိံသာကာရ ၃၂-ပါးသော ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဟောပြော သင်ကြားပေးလိုက်ကြကုန်၏။

**အနာဂါမ်ဖြစ်ခြင်း** မာတိကမာတာ၊ ဥပါသိကာ ဒါယကာမကြီးသည် ရဟန်းတော်များဟောပြောသင်ပြပေးလိုက်သော ၃၂-ပါးသောကောဋ္ဌာသ ကာယဂတာသတိကမ္မဋ္ဌာန်းကိုပွားများစေရာ ရဟန်းတော်များ၏ အလျင်ဦးစွာ မဂ်သုံးတန် ဖိုလ်သုံးတန်သို့ရောက်၍ ပဋိသမ္ဘိဒါ ၄-ပါး လောကီ အဘိညာဏ်နှင့်တကွ အနာဂါမ် အဖြစ်သို့ ရောက်ရှိသွားလေသည်။

**မျှတသော အာဟာရသပ္ပါယ** မာတိကမာတာဥပါသိကာမကြီးသည် မိမိအနာဂါမ်အဖြစ်သို့ ရောက်ပြီးသည့်နောက် ရဟန်းတော်များကော ရဟန်းကိစ္စ ပြီးပါပြီလားဟု အဘိညာဏ်ဖြင့်ဆင်ခြင်ရာ သောတာပန် အဖြစ်သို့ပင် မရောက်သေး၊ ပုထုဇဉ်အဖြစ်ဖြင့်သာ ရှိကြသေးသည်ကိုမြင်၍ အဘယ့်ကြောင့် အဘယ် သပ္ပါယမဖြစ်၍ ရဟန်းကိစ္စ မပြီးကြလေသနည်းဟု ဆက်လက်ဆင်ခြင်ကြည့်သောအခါ အာဟာရသပ္ပါယ မဖြစ်ကြောင်းကိုသိ၍ ကာလဒေသ အခြေအနေအလျောက် ရဟန်းတော်များ သပ္ပါယမျှတလောက်အောင် အထူးထူးသော ဆွမ်း ဆွမ်းဟင်း ခဲဖွယ် ဘောဇဉ် တို့ကို စီမံ၍ အလိုရှိရာ ယူဆောင်ဘုဉ်းပေးတော်မူကြရန် နေ့စဉ် ဆက်ကပ်လှူဒါန်းလေသည်။ ရဟန်းတော်တို့သည် အာဟာရသပ္ပါယမျှတ၍ စိတ်သမာဓိဖြစ်ကြကာ မကြာမီ ရဟန်းကိစ္စ ကုန်တော်မူကြသည်။

ရဟန်းကိစ္စကုန်ပြီးကြ၍ သီတင်းဝါလ ကျွတ်သောအခါ မြတ်စွာဘုရားထံ ဖူးမြော်ကန်တော့ရန် ကြွသွားကြသည်။ မြတ်စွာဘုရားက "ရဟန်းတို့ ကျန်းမာကြရဲ့လား၊ ဆွမ်းကွမ်းမျှတကြရဲ့လား"စသည် မေးမြန်းတော်မူသည်။ ကျန်းမာမျှတကြပါကြောင်း နှင့်တကွ မာတိကမာတာဥပါသိကာမကြီး ကျေးဇူးများကြောင်း, ဥပါသိကာမကြီးပြုစုစောင့်ရှောက်သဖြင့် ရဟန်းကိစ္စ ပြီးကြရကြောင်းကို လျှောက်ထားကြကုန်၏။

**ရဟန်းငယ်တစ်ပါး ဖြစ်ပုံ** ဥပါသိကာမကြီး အပြုအစုကောင်းကြောင်း ကျေးဇူးများကြောင်းတို့ကို လျှောက်ထားသည်ကို ရဟန်းငယ် တစ်ပါးက ကြားသိသဖြင့် မာတိကရွာသို့ သွားရောက်နေလိုသောဆန္ဒ ဖြစ်ပေါ်၍ မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်း လျှောက်တောင်းပြီးကာလ မာတိကရွာသို့ သွားရောက် တရား အားထုတ်မည့်အကြောင်း မြတ်စွာဘုရားအား လျှောက်ထားပြီးနောက် မာတိကရွာသို့ သွားလေသည်။

**ဒါယိကာမကြီး စိတ်ကိုစမ်းခြင်း** မာတိကရွာ တောရကျောင်းသို့ ရောက်သောအခါ ထိုရဟန်းငယ်သည် ဤသို့အကြံဖြစ်၏။ ဒါယိကာမကြီးသည် သူတစ်ပါး စိတ်အကြံကိုသိသည်ဟု ဆိုကြသည် "ငါခရီးပန်းသဖြင့် ကျောင်းကို မသုတ်သင်မရှင်းလင်းနိုင်သေးဘူး၊ ဒါယိကာမကြီးက လူလွှတ်ကာ ရှင်းလင်းစေလျှင် ကောင်းမည်ဟု အကြံဖြစ်၏။ ဒါယိကာမကြီးကသိ၍ လူစေလွှတ်

ရှင်းလင်းစေ၏၊ "အဖျော်ယမကာ ကပ်စေလျှင်ကောင်းမည်" "နံနက်အရုဏ် ယာဂုစသည် ကပ်စေလျှင်ကောင်းမည်၊" "ဒါယိကာမကြီးကို မြင်လိုသည်၊ ဒါယိကာမကြီး ကိုယ်တိုင် လာလျှင် ကောင်းမည်"စသည်ဖြင့် ကြံစည်တိုင်း ဒါယိကာမကြီးကသိပြီး အလိုရှိတိုင်း ဆောင်ရွက်ပေးနေပေသည်။ ထိုအခါရဟန်းငယ်သည် ထိတ်လန့်လာလေသည်၊ ငါကြံတိုင်း ဆန္ဒရှိတိုင်း ဒါယိကာမကြီးက သိသိပြီး ဆောင်ရွက်ပေးနေပေသည်၊ ငါကလည်း ပုထုဇဉ် ဆိုတော့ ကာမအာရုံတွေ မတော်တဆကြံမိလျှင် ခိုးထုပ်ခိုးထည်နှင့်တကွ သူခိုးကိုမိသကဲ့သို့ အရှက်တကွဲဖြစ်နေပေလိမ့်မည်။ မဖြစ်ဖူးပြန်ပြေးမှဘဲဟုဆုံးဖြတ်၍ ဒါယိကာမကြီးက တားမြစ်သော်လည်း မနေတော့ဘဲ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့သည်။

ရဟန္တာဖြစ်ခြင်း မြတ်စွာဘုရားက"ရဟန်း အဘယ့်ကြောင့်ပြန်လာခဲ့သနည်း" ဟု မေးတော်မူလျှင် ဒါယိကာမကြီးက ကြံစည် တိုင်းတို့ကို သိသိနေ၍ မကောင်းသောအကြံအစည် ကြံစည်မိမည်ကို စိုးရိမ်၍ ပြန်လာခဲ့ပါကြောင်း လျှောက်ရာ "ရဟန်း- သင်သည် အခြားနေရာ၌နေရန်မသင့်လျော်၊ မာတိကရွာသည်သာ သင်နှင့်သင့်လျော်သောဌာနဖြစ်သည်၊ တောင်, မြောက်လေးပါးတို့ကို မကြံစည်ဘဲ နှိပ်ကွပ်နိုင်ခဲသော စိတ်ကိုသာနှိပ်ကွပ်ဆုံးမ၍ ရဟန်းတရားကို အားထုတ်လေ"ဟု မြတ်စွာဘုရား နည်းပေးညွှန်ကြားတော်မူသည်ကိုနာယူ၍ မာတိကရွာသို့ ပြန်သွားပြီးကာလ မိမိစိတ်ကိုနှိပ်ကွပ်၍ဆုံးမကာ ရဟန်းတရားကို အားထုတ်သောအခါ မကြာမီ အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူလေသည်။

သို့ကြောင့် နှိပ်ကွပ်ဆုံးမရန်ခက်ခဲသောစိတ်ကို ခက်ခဲပါသော်ကောဟူ၍ အားမလျှော့ လျစ်လျူမရှုဘဲ နောက်မတွန့်ဘဲ အပျော်အပါး ပွဲလမ်းသဘင် အလိုက်အစားများ သောသားမိုက်ကို ဖျောင်းဖျဆုံးမ၍ ကောင်းမှုကောင်းလုပ်ကို ပြုလုပ်ဆောင်ရွက်စေသော အားဖြင့် ကောင်းကျိုးကျေးဇူးကို ရရှိစေဘိသကဲ့သို့၊ ထို့အတူ စိတ်ရိုင်းစိတ်မိုက်ကိုလည်း ယဉ်ကျေးနူးညံ့စေအောင် ပြုပြင်ဆုံးမ၍ အညတရရဟန်းတော် နိဗ္ဗာန်ချမ်းသာကိုရရှိသည့် ထုံးကို နှလုံးမူ၍ ပွားများအားထုတ်နိုင်ကြရာသည်။

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဒုန္နိဂ္ဂဟဿ၊ နှိပ်ကွပ်နိုင်ခဲ ခဲသော။ ဝါ၊ ခက်ခဲစွာ နှိပ်ကွပ်အပ်သော။ လဟုနော၊ အဖြစ်အပျက်အားဖြင့် လျင်မြန်သော။ ယတ္ထကာမနိပါတိနော၊ ကောင်းဆိုးမရွေး တပ်မက်နှစ်သက်သောအာရုံတို့၌ ကျရောက်တတ်သော။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမနိုင်ခြင်းသည်။ သာဓု၊ ကောင်းလှ၏။ ကသ္မာ၊ အဘယ်ကြောင့်ဟူမူ။ ဒန္တံ၊ ယဉ်ကျေးပြီးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ နိဗ္ဗာန်တိုင်အောင်သော ချမ်းသာကို ဆောင်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမနိုင်ခြင်းသည်။ သာဓု၊ ကောင်းလှ၏။

ဣတိ၊ ဤသို့။ ဝုတ္တံ၊ မြတ်စွာဘုရား ဟောကြားတော်မူသတည်း။

အောင်မြင်ခြင်းလေးပါး

၁။ စိတ်ဆိုးသောသူကို မိမိက စိတ်မဆိုးဘဲ သည်းခံစိတ်ဖြင့် အောင်နိုင်ရာ၏။

၂။ မကောင်းသောစိတ်ရှိသောသူကို မိမိက ကောင်းသောစိတ်ရှိသဖြင့် အောင်နိုင်ရာ၏။

၃။ စဉ်းလဲကောက်ကျစ်သောသူကို မိမိက ဖြူဖြောင့်သောစိတ်ထား၍ ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏။

၄။ မုသားပြောတတ်သောသူကို မိမိက မှန်ကန်သောစကားကို ပြောခြင်းဖြင့် အောင်နိုင်ရာ၏။

**၁။ စိတ်ဆိုးသူကို နိုင်ရန်နည်း**

ဤအောင်နိုင်ခြင်းလေးမျိုးတို့တွင် အကြောင်း အားလျော်စွာ ကြုံကြိုက်သောအခြင်းအရာ အခြေအနေ အရ သူတစ်ပါးက မိမိအပေါ်၌ ပြစ်မှားကာ စိတ်ဆိုးခဲ့စေကာမူ မိမိစိတ်ကို ထိန်းသိမ်း၍ စိတ်ဆိုးစိတ်ညစ်ကို မဖြစ်စေဘဲ ထိုသူအပေါ်၌ မေတ္တာနှင့် ယှဉ်သောစိတ်ကို ဖြစ်စေလျှင် မိမိအပေါ်၌ပြစ်မှားကာ စိတ်ဆိုးလာသောသူသည် ဆိုးသောစိတ်ပျောက်ကင်း၍ မိမိသို့ ညွတ်ကိုင်းလျက် အပြစ်အားလျော်စွာသည်းခံရန် ဝန်ချတောင်းပန်ရသောအဖြစ်သို့ ရောက် သဖြင့် မိမိက အောင်နိုင်တတ်ပေသည်။

**၂။ စိတ်ယုတ်သူကို အနိုင်ရနည်း**

စိတ်နေစိတ်ထား မကောင်းသောစိတ် ရှိသောသူနှင့် ကြုံကြိုက်ရသောအခါ သူကဲ့သို့ပင် မိမိကလည်း မကောင်းသောစိတ်ကို မွေးမြူ၍ မကောင်းစိတ်ခြင်းတုပြိုင်ကာ ကာယကံ မကောင်းမှု၊ ဝစီကံမကောင်းမှု၊ မနောကံမကောင်းမှုတို့ကို ပြုလုပ်လျှင် မိမိသာလျှင် မကောင်းပြစ် မကောင်းကျိုးတို့ကို ခံစားရမည်ဖြစ်၍ ဆင်းရဲဒုက္ခရောက်ရပေမည်။ ဤသည်ကို သိရှိသဖြင့် အသိဉာဏ်အမြင်ရှိသော သူတော်ကောင်းဖြစ်သော သူသည် မကောင်းစိတ်ကို သတိပညာဖြင့်ဖယ်ရှား၍ စိတ်ကောင်းမွေးကာ သည်းခံပြုပြင်ပါမူ မကောင်းကျိုးဖြစ်သော ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့မှကင်းလွတ်၍ ပစ္စုပ္ပန် သံသရာ နှစ်ဌာနတို့၌ပင် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းကို ရရှိနိုင်သဖြင့် မကောင်းမှု မကောင်းကျိုးကို အောင်နိုင်ရပေမည်။

စိတ်နေစိတ်ထား မကောင်းသော တစ်ဖက်သောသူသည်လည်း အခြားသူတို့ အပေါ်၌ မကောင်းစိတ်ထားစေကာမူ မိမိအပေါ်၌မူကား စိတ်ထားကောင်းသူ ဖြစ်လာတတ်ပေသည်။ ဤသို့လျှင် စိတ်ကောင်းထားနိုင်ခြင်း၊ စိတ်ကောင်းဖြစ်အောင် ထိန်းသိမ်း မွေးမြူနိုင်ခြင်းသည် အောင်နိုင်ကြောင်းဖြစ်သည်ဟု ဆိုလိုသည်။

**၃။ ကောက်ကျစ်စေးနဲ သူကို အနိုင်ရနည်း**

ကောက်ကျစ် စဉ်းလဲသောစိတ်၊ ခက်ထန်စွာ ဝန်တိုခြင်း၊ မပေးမကမ်းမလှူမဒါန်းလိုခြင်း၊ တွန့်တိုနှမြောခြင်း၊ မစ္ဆေရနှင့် ယှဉ်သော စိတ်ရှိသော ကောသိယသူဌေး၊ ဣလ္လိသသူဌေး တို့ ကဲ့သို့သော သူတို့ကိုလည်း မိမိက ရက်ရက်ရောရော နှမြောတွန့်တိုခြင်း မရှိဘဲ ပေးကမ်းခြင်းဖြင့်အောင်နိုင်ရမည် ဆိုသည်။

နှမြောတွန့်တိုသော ပုဂ္ဂိုလ်သည် အခြားသူတို့အပေါ်၌ မပေးလို မကမ်းလို တွန့်တိုသော မစ္ဆေရစိတ်ရှိစေကာမူ ပေးကမ်း လှူဒါန်းစွန့်ကြဲတတ်သော ပုဂ္ဂိုလ်အပေါ်၌ မူကား ရက်ရောလွယ်ကူစွာ ပေးကမ်းခြင်း ဖိတ်ကြားခြင်းစသည်တို့ဖြင့် ညွတ်ကိုင်းလာ တတ်ပေသည်။ သို့ကြောင့် မစ္ဆေရသဘောဖြင့် နှမြောတွန့်တို တတ်သောသူကို မိမိက

ပေးကမ်းဝေဖန်စွန့်ကြဲ လှူဒါန်းခြင်းဖြင့် အောင်နိုင်ရမည်ဆိုသည်။ မစ္ဆေရနှင့် ယှဉ်သော စိတ်ကိုဖယ်ရှား၍ မစ္ဆေရကင်းပြီး သန့်ရှင်းဖြူစင်သော ဒါန စေတနာနှင့်ယှဉ်သောစိတ်ဖြင့် အောင်နိုင်စေရမည်။

**၄။ လိမ်တတ်သူကို အနိုင်ရနည်း**

လိမ်လည်လှည့်ဖြား မုသားစကားကို ပြောဟတ်သောသူကို လည်း မိမိက မှန်ကန် ဖြောင့်စင်းသောစကားကို ပြောဆိုခြင်း ဖြင့် မိမိသို့ညွှတ်အောင် ဆွဲဆောင်ကာ အောင်နိုင်စေရမည်ဟု ဆိုလိုသည်။ မုသားပြောဆိုကာ လိမ်လည် ကောက်ကျစ်သော သဘောဖြင့် ထိုသူသည် အခြားသူတို့အပေါ်၌ မကောင်းမှုကို ပြုလုပ်စေကာမူ သီလ သိက္ခာရှိ၍ သမာဓိနှင့်ပြည့်စုံ သဖြင့် ရပ်ရွာက အကြည်ညို ခံရလောက်အောင် တိကျ မှန်ကန်သော စကားကိုသာလျှင် ပြောဆိုလေ့ရှိသောပုဂ္ဂိုလ်ကိုမူကား မုသားပြောတတ်သော သူသည် လေးစားရိုသေစွာ ညွှတ်ကိုင်း၍ မှန်ကန်သောစကားကိုသာ ပြောဆိုပေမည်။ ဤသို့ဖြင့် မုသားပြောတတ် သောသူကို မိမိကမှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်နိုင်စေရမည်ဟု ဟော တော်မူသည်။

**ဥတ္တရာဝတ္ထု**

ရာဇဂြိုဟ်မြို့၌ ဥတ္တရာ ဥပါသိကာမသည် မြတ်စွာဘုရား အမှူးရှိသောသံဃာတော်များကို ကိုယ်တိုင် ဆွမ်းပြုစုလုပ်ကျွေး လိုသည်ဖြစ်၍ သိရိမာပြည့်တန်ဆာမကို မိတ်ဆွေမ – ဤငွေတို့ကို လက်ခံပါ၊ ကျွန်ုပ် သည် ၁၅–ရက်ပတ်လုံး မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဘောဇဉ် တို့ဖြင့် လှူဒါန်းကျွေးမွေးလိုပါသည်၊ မိတ်ဆွေမက အဲသည်၁၅–ရက်တို့၌ အရှင်သူဌေး သားကို မိမိကိုယ်စားပြုစုလုပ်ကျွေးပါလေ–ဟု ပြောကြားပြီးကာလ ဥတ္တရာ ဥပါသိကာမ သည် အခြွေအရံအဖော်များနှင့်တကွ ကိုယ်တိုင်သံဃာတော်များအတွက် ချက်ပြုတ်ကြော် လှော်ခြင်းစသည်တို့ကို ပြုလုပ်နေလေသည်။ သိရိမာသည် မိမိသည် အာဂန္တုကအခိုက် အတန့်သူဌေးသားကို ပြုစုလုပ်ကျွေးရသောသူအဖြစ်ကိုသတိမပြုမိဘဲ အိမ်ပိုင်ရှင် သူဌေး ကတော်အနေထင်မှတ်ကာ ဥတ္တရာ ဥပါသိကာမအပေါ်၌ ငြူစူ၍ ရန်ငြိုးဖွဲ့ကာ သင့်ကို ဒုက္ခဖြစ်စေမည်ဟု အာဃာတစိတ် ဒေါသစိတ်ဖြင့် ဥတ္တရာ ဥပါသိကာမတို့ ချက်ပြုတ် ဆောင်ရွက်နေကြသော မီးဖိုဆောင်သို့ဆင်းသွားကာ ခွင်ပေါ်၌ တည်ထားသော ထောပတ် ဆီပူအိုးကိုယူ၍ ဥတ္တရာဥပါသိကာမထံသို့သွားစဉ် ဥတ္တရာ ဥပါသိကာမ၏ နှလုံးသွင်း ဆင်ခြင်ပုံမှာ ကောင်းမြတ်လှသဖြင့် အတုယူသင့်ကြပေသည်။

အဘယ်ကဲ့သို့ နှလုံးသွင်းဆင်ခြင်သနည်းဟူမူ –

အော် –– "ငါ့မိတ်ဆွေမ သိရိမာသည် ကျေးဇူးများလှပါပေသည်၊ စကြဝဠာက ကျဉ်းလိုကျဉ်းမည်၊ ဗြဟ္မာ့ပြည်က နိမ့်လိုနိမ့်ဦးမည်၊ ငါ့မိတ်ဆွေမ သိရိမာ၏ ဂုဏ်ကျေးဇူး တို့ကသာလျှင်ကျယ်ပေမည်၊ ကြီးပေမည်၊ သိရိမာကြောင့်သာ ငါသည် ဒါနကိုပြုရပေသည်၊ သီလ သိတင်းဆောက်တည်ရသည်၊ တရားပေစာ ကြားနာရပေသည်။ ဤသိရိမာအပေါ်၌ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ဆင်ခြင်ပြီးလျှင် အကယ်၍ ဤသို့ သိရိမာအပေါ်၌ ငါသည် ရန်ငြိုးထားခြင်း အာဃာတဒေါသရှိခဲ့လျှင် ဤထောပတ်ဆီပူသည် ငါ့အား ပူလောင်ပါစေသတည်း။ ရန်ငြိုးထားခြင်း အာဃာတ ဒေါသမရှိမူကား ထောပတ်ဆီပူသည် မပူပဲ ငြိမ်းအေးပါစေသတည်း–ဟု မေတ္တာနှင့်ယှဉ်သောစိတ်ကို ဖြစ်စေလိုက်ရာ မေတ္တာ

စိတ်ကိုပွားများပျံ့နှံ့စေလိုက်ရာ သိရိမာလောင်းလိုက်သော ထောပတ်ဆီပူသည် စမ်းရေတမျှ အေးမြသောရေကဲ့သို့ အပူငြိမ်း၍အေးသောထောပတ်ဆီဖြစ်လေတော့သည်။ တိုတိုကျဉ်းကျဉ်းဆိုရလျှင် ရန်သူဖြစ်သောသိရိမာသည် ဥတ္တရာဥပါသိကာမ၏ လောကုတ္တရာဖခမည်းတော်ဖြစ်သော မြတ်စွာဘုရား၏ရှေ့တော်၌ ဝန်ချတောင်းပန် ကန်တော့ရသောအဖြစ်သို့ရောက်ရပေသည်။ စိတ်ဆိုးစိတ်ယုတ်သောသူကို စိတ်ကောင်းစိတ်မြတ် ရှိသောသူက အောင်နိုင်ခြင်း သာဓကတစ်ရပ်ဖြစ်ပေသည်။

## သူတော်ကောင်းစိတ်ရှိသူ၏ အောင်နိုင်ပုံတစ်ရပ်

**ဝေပစိတ္တိဝတ္ထု** ရှေးအခါက တာဝတိံသာနတ်တို့နှင့် အသုရာနတ်တို့သည် ရံခါကြေငြာ၍ စစ်တိုက်ကြကုန်၏။ စစ်ကြေငြာပြီးသည့်နောက် ဝေပစိတ္တိအသုရာနတ်မင်းကြီးက မိမိ၏အသုရာနတ် စစ်သည်တွေကို ဤသို့မှာကြားသတဲ့၊ အဘယ်သို့ မှာကြားသနည်းဟူမူ မောင်မင်းတို့ တာဝတိံသာ နတ်တွေနှင့် စစ်တိုက်ကြသောအခါ ငါတို့ကနိုင်လျှင် သိကြားနတ်မင်းကြီးကို ကြိုးငါးချက်ချည်ပြီးကာလ ငါ့ထံသို့ခေါ်ယူခဲ့ကြလေဟု မှာထားသတဲ့။ တာဝတိံသာရှိ သိကြား နတ် မင်းကြီးကလဲပဲ တာဝတိံသာနတ်စစ်သည်တို့ကို အမောင်တို့ စစ်တိုက်၍ ငါတို့ကနိုင်လျှင် ဝေပစိတ္တိအသုရာနတ်မင်းကြီးကို ကြိုးငါးချက်ချည်ပြီး ငါ့ထံသို့ ခေါ်ဆောင်ခဲ့ကြကုန်ဟု မှာကြားသတဲ့။

ယင်းသို့ မှာကြားကြပြီးနောက် စစ်တိုက်ကြသောအခါ ရံခါ တာဝတိံနတ်တို့က နိုင်ကြ၏၊ ရံခါ အသုရာနတ်တို့နိုင်ကြ၏။ ယခုအကြိမ်၌ကား တာဝတိံသာ နတ်တို့က နိုင်ကြသည်ဖြစ်၍ ဝေပစိတ္တိအသုရာနတ်မင်းကြီးကို ကြိုးငါးချက်ချည်၍ ဖမ်းယူခဲ့ကြပြီးလျှင် ချည်နှောင်ထားကြကုန်၏။

**စကားချပ်** ကြိုးငါးချက် ချည်သည်ဆိုသော်လည်း ကြီးမားသော ကြိုးကြီးများဖြင့် ချည်သည်မဟုတ်၊ ပင့်ကူပိုးမျှင်ခန့်ရှိသော ချည်မျှင်ကလေးဖြင့် စေတိသဘောစိတ်တန်ခိုးဖြင့် ချည်ထားခြင်းဖြစ်သည်ဟုဆိုသည်။ ငါးချက်ချည်သည်မှာကား - လက်နှစ်ဖက်, ခြေနှစ်ဖက်, လည်ပင်းတစ်ဖက်အားဖြင့် ငါးဌာန၌ ချည်ထားခြင်းဖြစ်သည်။ ဤသို့ချည်ထားသည်ကိုပင် သဘာဝအားဖြင့် ဖြတ်တောက်ရုန်းထွက်ခြင်းငှာ စွမ်းနိုင်သောသတ္တိမရှိဟု ဆိုရပေမည်။

ဝေပစိတ္တိ အသုရာနတ်မင်းကြီးသည် မိမိကိုချည်နှောင်ထားရလေမလားဟု ဒေါသထွက်ကာ စိတ်ဆိုးလျက်ရှိသဖြင့် သိကြားမင်းဝင်တိုင်း ထွက်တိုင်း သိကြားမင်းကို မြင်တိုင်း သိကြားအို, သိကြားယုတ်အစရှိသော ရန့်ရင်းကြမ်းတမ်းသောစကားတို့ဖြင့် ဆဲဆိုကြိမ်းမောင်းနေလေသည်။ သိကြားမင်းသည်ကား ဝေပစိတ္တိအသုရာကြီး ပြောဆိုကြိမ်းမောင်းနေသည်ကိုကြားလျက် သိလျက် မကြားသကဲ့သို့ မသိသကဲ့သို့ ဂရုမစိုက်မူ၍ တစ်စုံတရာ ပြန်လှန်ပြောဆိုခြင်းမပြုဘဲ သည်းခံသောစိတ်ဖြင့် သွားမြဲသွား, ဝင်မြဲဝင်, ထွက်မြဲထွက် မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ကြင်နာမပျက်နေလေသည်။

ဝေပစိတ္တိ အသုရာကြီးက ကြိမ်ဖန်များစွာ ဆဲဆိုကြိမ်းမောင်းနေပါလျက် သိကြားမင်းက ဘာမှပြန်လည်ပြောဆိုခြင်း ချေပခြင်းမပြုသည်ကို မာတလိနတ်သားက မြင်သဖြင့် မာတလိနတ်သားက သိကြားမင်းကို ဤသို့မေးမြန်းလေသည်။ အရှင်သိကြားမင်း

ဝေပစိတ္တိနတ်မင်းကြီးက အရှင်သိကြားမင်းကို ဆဲဆိုကြိမ်းမောင်းနေသည်ကို မကြား ပါသလားဟု မေးရာ၊ မာတလိ – ငါကြားပါသည်ဟုပြန်ကြားလျှင်၊ အရှင် သိကြားမင်း သို့ကြားပါလျက် အရှင်သိကြားမင်းက ဝေပစိတ္တိအသုရာကြီးကိုကြောက်သဖြင့် မိမိက အားနည်းသဖြင့်မနိုင်၍ စကားတုံ့ပြန်ပြောခြင်းကို မပြုခြင်းဖြစ်ပါသလား အရှင်သိကြားမင်း ဟု မေးမြန်းသောအခါ သိကြားမင်းက မာတလိနတ်အားပြန်ပြောသည်မှာ မှတ်သားဖွယ် ကောင်းလှပေသည်။ သိကြားမင်းက အဘယ်ကဲ့သို့ ပြန်ပြောသနည်းဟူမူ –

အို –– မာတလိ– ဝေပစိတ္တိအသုရာကြီးသည် ငါတို့လက်တွင်းသို့ ရောက် နေသည်မဟုတ်ပါလား၊ ငါတို့ပြုသမျှကို ဝေပစိတ္တိအသုရာကြီးသာ ခံရမည့်အခါဖြစ်သည်။ ပြောလိုရာပြောလည်း ခံရမည်၊ ရိုက်လိုရိုက်, ညှဉ်းဆဲလိုညှဉ်းဆဲ ခံရမည့်အခါဖြစ်သည်၊ ဝေပစိတ္တိကအားနည်း၍ ငါတို့ကအားရှိသောအချိန်အခါဖြစ်သည်။ ယင်းသို့လျှင် ငါတို့က နိုင်ပါလျက်၊ ငါတို့ကအားရှိပါလျက်သည်းခံခြင်းမျိုးကို သူတော်ကောင်းများက မြတ်သော သည်းခံခြင်းဟု မိန့်တော်မူကြသည် မာတလိ။ အားနည်းသောသူတို့မည်သည်ကား အမြဲ သည်းခံကြရသည်သာဖြစ်သည် မာတလိ – ဟု သိကြားမင်းက သည်းခံစိတ်ထားပုံကို ပြောပြလေသည်။

ယော ဟဝေ ဗလဝါ သန္တော၊
ဒုဗ္ဗလဿ တိတိက္ခတိ။
တမာဟု ပရမံ ခန္တိံ၊
နိစ္စံ ခမတိ ဒုဗ္ဗလော။

မာတလိ၊ မာတလိနတ်သား။ ယော၊ စိတ်ကောင်းရှိသောအကြင်သူသည်။ ဝေ၊စင်စစ်။ ဗလဝါ သန္တော၊ မိမိက အားရှိပါလျက်။ ဝါ၊ အားကောင်းပါလျက်။ ဒုဗ္ဗလဿ၊ အားနည်းသောသူအား။ ဝါ၊ အားငယ်သောသူအား။ တိတိက္ခတိ၊ မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့်သည်းခံ၏။ တံ၊ ထိုသို့သောသူ၏ သည်းခံခြင်းကို။ ပရမံ ခန္တိံ၊ ကောင်းမြတ်သော သည်းခံခြင်းဟူ၍။ သန္တော၊ သူတော်ကောင်းတို့သည်။ အာဟု၊ မိန့်ဆိုကြကုန်လေပြီ။ မာတလိ၊ မာတလိနတ်သား။ ဒုဗ္ဗလော၊ အားနည်းသောသူသည်။ ဝါ၊ အားငယ်သောသူသည်။ နိစ္စံ ခမတိ၊ အမြဲသည်းခံရပေသည်။

## သည်းခံခြင်းကြောင့် ဂုဏ်သိက္ခာ မထိခိုက်ခြင်း

### မြတ်စွာဘုရား သည်းခံတော်မူပုံ

အက္ကောသဘာရဒွါဇ အမည်ရှိသော ပုဏ္ဏားသည် အထင်အမြင်လွဲမှားကာ ဒေါသထွက်လျက် ဘာရဒွါဇအနွယ် အစ်ကိုကြီးဖြစ်သော ဗြာဟ္မဏသည် ရှင်ဂေါတမထံ၌ ရဟန်းပြုသတဲ့–ဟု ကြားလျှင် မြတ်စွာဘုရားက သွေးဆောင်ခေါ်ငင်ပြီး ရဟန်းပြုစေ သည်ဟုထင်ကာ မြတ်စွာဘုရားထံသို့လာ၍ မလျောက်ပတ်သော ကြမ်းတမ်းရုန့်ရင်းသော စကားတို့ဖြင့် ကြိမ်းမောင်းကာ ရန်တွေ့လေသည်။

မြတ်စွာဘုရားသည် ပုဏ္ဏား၏ ဒေါသကို မေတ္တာ ကရုဏာတော်ဖြင့် သည်းခံ တော်မူလျက်ဆိတ်ဆိတ်နေတော်မူသည်။ ပုဏ္ဏားက ပြောဆိုပြစ်တင်ရန်တွေ့ပြီး၍ စကား

ရပ်သောအခါ မြတ်စွာဘုရားမိန့်တော်မူသည်မှာ ပုဏ္ဏား-ငါဥပမာတစ်ခုပြောမည်၊ နား ထောင်လော့၊ သင်၏အိမ်သို့ ဧည့်သည်ရောက်လာသဖြင့် သင်ကဧည့်သည်အား စားသောက် ဖွယ်ကိုဖြစ်စေ, တစ်စုံတစ်ခုသော အရာဝတ္ထုကိုဖြစ်စေ လက်ဆောင် ပေးကမ်းသည်ဖြစ်အံ့၊ သင်ပေးသော လက်ဆောင်ပစ္စည်းကို ဧည့်သည်က ယူမသွားခဲ့လျှင် ထိုပစ္စည်းဝတ္ထုသည် ဘယ်သူ့ပစ္စည်းဖြစ်မည်နည်းဟု မေးတော်မူရာ ဧည့်သည်ကယူမသွားလျှင် မိမိပစ္စည်းပင် ဖြစ်ပါသည်ဟုလျှောက်၏။ ပုဏ္ဏား- သည့်ဥပမာကဲ့သို့ပင် ယခုသင်ပြောသမျှ စကားတို့ကို ငါတစ်ခုမျှလက်မခံပေ၊ သင်ပြောသောစကားများသည် သင့်စကားများသာဖြစ်သည်။ (သင့်အပြစ်သာဖြစ်သည်ဟု မိန့်ဆိုလိုရင်းဖြစ်သည်။) ဤသို့ မြတ်စွာဘုရားက မိန့်ကြား တော်မူသောအခါ ပုဏ္ဏားသည် သဘောပေါက်သဖြင့် တရားစကား ဆက်လက်ကြားနာပြီး ကာလ မိမိကိုယ်တိုင် မြတ်စွာဘုရားထံတော်၌ ရဟန်းအဖြစ်တောင်းပန်၍ မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းအဖြစ်သို့ ရောက်သွားလေသည်။

ဆိုးညစ်သောစိတ်ဖြင့် ရောက်လာသောပုဏ္ဏားကို မေတ္တာကရုဏာတော်နှင့် ယှဉ်သော စိတ်ကောင်းဖြင့် သည်းခံတော်မူခြင်းကြောင့်သာလျှင် အောင်မြင်တော်မူခြင်း, နိုင်တော်မူခြင်းဖြစ်သည်။ အကယ်၍သာ ပုဏ္ဏားနှင့်တုဖက်၍ ပြန်လည်ကာ ငြင်းခုံပြောဆို ပါလျှင် မြတ်စွာဘုရား၏ ဂုဏ်သိက္ခာတော်ကို ထိခိုက်မည့်အပြင် ပုဏ္ဏားကလည်း အမှားကို ဝန်ခံ၍ မြတ်စွာဘုရား၏ တပည့်သာဝကအဖြစ်သို့ ရောက်မည်မဟုတ်ပေ။ ဤသို့သော ထုံးသာဓကတို့ကို မှတ်သားနည်းယူကာ မိမိတို့သန္တာန်၌ စိတ်ကောင်းစိတ်မြတ် ဖြစ်အောင် တည်အောင် စိတ်ကိုလေ့လာ ပြုပြင်အပ်လှပေသည်။

တသ္သေဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ အပ္ပဋိကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ကုဒ္ဓံ၊ မိမိအပေါ်၌ စိတ်ဆိုးသောပုဂ္ဂိုလ်ကို။ ပဋိကုဇ္ဈတိ၊ သည်းမခံဘဲ တုပြိုင်ကာ ပြန်၍စိတ်ဆိုးသည်ဖြစ်အံ့။ တသ္သေဝ၊ ပြန်၍ စိတ်ဆိုးသော ထိုသူသည်သာလျှင်။ တေန၊ ပထမစိတ်ဆိုးသော ပုဂ္ဂိုလ်ထက်။ ပါပိယော၊ ယုတ်မာသောပုဂ္ဂိုလ်အဖြစ်သို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ကုဒ္ဓံ၊ စိတ်ဆိုးသောပုဂ္ဂိုလ်ကို။ အပ္ပဋိကုဇ္ဈန္တော၊ တုပြိုင်၍စိတ်မဆိုးသောပုဂ္ဂိုလ်သည်။ ဒုဇ္ဇယံ၊ အောင်မြင်နိုင်ခဲသော။ သင်္ဂါမံ၊ ရန်တည်းဟူသောစစ်ကို။ ဇေတိ၊ အောင်နိုင်၏။

ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။
ပရံ သင်္ကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သင်္ကုပိတံ၊ ထင်ရှားစွာ စိတ်ဆိုးလာသူကို။ ဉတွာ၊ သိ၍။ ဝါ၊ သိသည်ရှိသော်။ သတော၊ သတိပညာဖြင့်ဆင်ခြင်၍။ ဥပသမ္မတိ၊ ငြိမ်းအေး ပျောက်စေ၏။ အယံ၊ ဤသို့ ငြိမ်းအေးပပျောက်စေခြင်းသည်။ အတ္တနော စ၊ မိမိ၏ လည်းကောင်း။ ပရဿ စ၊ စိတ်ဆိုးလာသော ပုဂ္ဂိုလ်၏လည်းကောင်း။ ဥဘိန္နံ၊ နှစ်ဦးသောပုဂ္ဂိုလ်တို့၏။ အတ္ထံ၊ အကျိုးကျေးဇူးကို။ စရတိ၊ ပြုလုပ်သည်မည်၏။

စိတ်ကိုဆုံးမကာ သည်းခံကြ၍ နှစ်ဦးနှစ်ဝ ငြိမ်းအေးချမ်းသာကြခြင်းကိုပင် ပညာမဲ့တို့က လူညံ့တွေ လူမိုက်တွေဟူ၍ ကဲ့ရဲ့ရှုတ်ချကုန်၏။

ဥဘိန္နံ တိကိစ္ဆန္တာနံ၊
အတ္တနော စ ပရဿ စ။
ဇနာ မညန္တိ ဗာလောတိ၊
ယေ ဓမ္မဿ အကောဝိဒါ။

အတ္တနော စ၊ မိမိကိုလည်းကောင်း။ ပရဿ စ၊ သူတစ်ပါးကိုလည်းကောင်း။ တိကိစ္ဆန္တာနံ၊ သည်းခံ၍ကျေအေးကြကုန်သော။ ဥဘိန္နံ၊ နှစ်ဦးသောပုဂ္ဂိုလ်တို့ကို လည်းကောင်း။ ဓမ္မဿ၊ သူတော်ကောင်းတရား၌။ အကောဝိဒါ၊ အကြားအမြင် အလိမ္မာ မရှိကြကုန်သော။ ဇနာ၊ လူတို့သည်။ ဝါ၊ လူတို့က။ ဗာလောတိ၊ လူမိုက်ဟူ၍။ မညန္တိ၊ မှတ်ယူကြကုန်၏။

## စိတ်ကိုတားမြစ်သင့်ရာ၌တားမြစ်၍ အားပေး၍ချီးမြှောက်သင့်ရာ၌ ချီးမြှောက်ရခြင်း

သတ္တဝါတို့၏ သန္တာန်၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသမျှစိတ်ကို တားမြစ်ပိတ်ပင်ရမည်၊ ထိန်းသိမ်းရမည်ဟု ဆိုသော်လည်း စိတ်တိုင်းကို တားမြစ်ပိတ်ပင် ရမည် မဟုတ်သည်ကိုလည်း သတိပြုရမည်။ အဘယ်သို့သောစိတ်ကို တားမြစ်ပိတ်ပင်၍ အဘယ်သို့သောစိတ်ကို အားပေးချီးမြှောက်ရမည်နည်းဟူမူ –

အခါတစ်ပါး၌နတ်သားတစ်ယောက်သည်မြတ်စွာဘုရားထံတော်၌ ဤသို့ မိမိ သဘောထင်မြင်ယူဆသည်ကိုလျှောက်ထားဖူးသည်။ အဘယ်သို့ လျှောက်ထားသနည်း ဟူမူ –

မြတ်စွာဘုရား– ကောင်းမှု ကောင်းလုပ်မှုဖြစ်စေ, မကောင်းမှု မကောင်းလုပ်မှု ဖြစ်စေ အကြင်သူသည် ခပ်သိမ်းသော ကောင်းသော မကောင်းသောအမှုတို့မှ စိတ်ကို တားမြစ် ပိတ်ပင်သင့်ပါသည်။ ယင်းသို့ ခပ်သိမ်းသော ကောင်း, မကောင်းသောအမှုတို့မှ စိတ်ကို တားမြစ်ပိတ်ပင်ခြင်းကြောင့် ထိုသူသည် ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ ချမ်းသာခြင်းသို့ ရောက်ရာသည်–ဟု လျှောက်လေသည်။

ထိုအခါ မြတ်စွာဘုရားကဟောကြားမိန့်မြွက်တော်မူသည်မှာ နတ်သား– အလုံးစုံသော အမှုကိစ္စတိုင်းတို့မှ စိတ်ကိုတားမြစ်ပိတ်ပင်ခြင်းကို မပြုလုပ်သင့်ဘူး၊ အခါကာလ အခြေအနေအားလျော်စွာသာလျှင် တားမြစ်ပိတ်ပင်သင့်ရာ၌ စိတ်ကို တားမြစ်ပိတ်ပင်ရမည်၊ မတားမြစ်ဘဲ အားပေးချီးမြှောက်သင့်ရာ၌ စိတ်ကို အားပေးချီးမြှောက်ရမည်။

နတ်သား– မကောင်းမှု မကောင်းလုပ်တို့မှ စိတ်ကိုတားမြစ်ပိတ်ပင်ရမည်၊ ဒါန, သီလ အစရှိသောကောင်းမှု ကောင်းလုပ်တို့၌ကား ထိုစိတ်ကို အားပေးချီးမြှောက်ရမည်ဟု မိန့်ကြားတော်မူသည်။ သို့ကြောင့် စိတ်ကို နှိပ်ကွပ်တားမြစ်သင့်သော မကောင်းမှုအကုသိုလ် ဒုစရိုက်တို့မှတားမြစ်ကာ ရှောင်ကြဉ်စေ၍ ကောင်းသောဒါန, သီလ စသော အကျင့်တရား တို့ကို ပြုလုပ်ရာ၌မူကား မတားမြစ်မူ၍ အားပေးချီးမြှောက်ရမည်ကို သတိရှိကြရာသည်။

အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝပသာဒဿ၊ ပညာ န ပရိပူရတိ။

အနဝဋ္ဌိတစိတ္တဿ၊ တည်ငြိမ်သောစိတ်မရှိသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတော၊ နက်နက်နဲနဲမသိသော။ ပရိပ္လဝပသာဒဿ၊ ကံ၏အကျိုး၌လည်းကောင်း, ရတနာသုံးပါး ဂုဏ်၌လည်းကောင်း နည်းပါးသောယုံကြည်ခြင်းရှိသော။ ဝါ၊ ရေပေါ်လွှဲ ယုံကြည်ခြင်းရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပညာ၊ ကာမာဝစရ, ရူပါဝစရ- စသော ကုသိုလ်စိတ်နှင့် ယှဉ်သောပညာသည်။ န ပရိပူရတိ၊ မပြည့်စုံချေ။

ကောင်းမှုကုသိုလ်ဖြစ်ရေး၌ စိတ်၏တည်ငြိမ်မှုသည် အရေးကြီးကြောင်း၊ ပဓာနဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ကုသိုလ်နှင့်ယှဉ်သော အသိဉာဏ်ဖြစ်ရန်မှာလည်း စိတ်တည်ငြိမ်မှုသည်ပဓာနဖြစ်သည်။ စိတ်မတည်ငြိမ်မူ သူတော်ကောင်းတရားကို လေးလေးနက်နက် ထိုးထွင်း၍မသိနိုင်ချေ။ ကုသိုလ်ကံ, အကုသိုလ်ကံရှိသည်ကို မယုံကြည်ခြင်း၊ ထိုကံတို့၏အကျိုးသဘောတရားရှိသည်ကို မယုံကြည်ခြင်း၊ ဘုရားဂုဏ်တော်, တရား ဂုဏ်တော်, သံဃာဂုဏ်တော်တို့၌ မယုံကြည်ခြင်း၊ ယုံကြည်သော်လည်း နှစ်နှစ်ကာကာမယုံကြည်၊ ရေပေါ်လွှဲမျှ ပေါ့ပေါ့ဆဆ ယုံကြည်သောသူ၌ ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ် စသည်ဖြစ်ဖို့ရန် လွယ်ကူသည်မဟုတ်ပေ။

အကြောင်းမူကား မည်သည့်အလုပ်ကိုမဆို သည်အလုပ်ကိုပြုလုပ်လျှင် သည်အကျိုးကို ကေန်ဝါရရှိလိမ့်မည်ဟု တထစ်ချ လေးလေးနက်နက် ယုံကြည်သောသူသည် ထိုအလုပ်ကို ဇောက်ချ၍ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်ဆိုသလို။ ပြီးဆုံး အောင်မြင်သည့်တိုင်အောင် ပြုလုပ်ပေလိမ့်မည်။ ဟိုအလုပ်က ကောင်းနိုးနိုး၊ သည်အလုပ်က မှန်ကန်နိုးနိုး၊ ဘယ် အလုပ်က ကောင်းလေမလဲ၊ သည်အလုပ်က ဟုတ်မှ ဟုတ်ပါမည်လား- စိတ်၌ မဆုံးဖြတ်နိုင်ဘဲ သံသယမကင်းဘဲ အပေါ်ယံ ယုံကြည်ခြင်းဖြင့် ထိထိရောက်ရောက် ပေါက်မြောက်အောင် ဆောင်ရွက်ပြုလုပ်ခြင်းမရှိသောကြောင့် ရသင့်ရထိုက်သော အကျိုးကျေးဇူးတို့ကိုမရရှိဘဲ ဆုံးရှုံးတတ်ပေသည်။ သို့ကြောင့် အာရုံတစ်ခု၌ အလုပ်တစ်ခု၌ စိတ်ကို စိုက်ထားခြင်းဟု ဆိုအပ်သော စိတ်တည်မှုသည်ပဓာနကျ၍ အရေးကြီးသည်ဟု ဆိုရသည်။

## စိတ္တဟတ္ထ၏ ဘဝသံဝေဂ

သာဝတ္ထိမြို့သား တစ်ယောက်သည် အခါတစ်ပါး သံဃာများ သီတင်းသုံးရာ ကျောင်းသို့ ဆွမ်းစားပြီးချိန်ရောက်သဖြင့် သံဃာတော်များက သနားသဖြင့် ကြွင်းကျန်နေသော ဆွမ်းဘောဇဉ်တို့ကို ကျွေးသည်။ ထိုသူသည် စားသောက်ပြီးကာလ ငါသည်နေ့စဉ် အပင်ပန်းခံကာ ရှာဖွေလုပ်ကိုင်သော်လည်း ဤကဲ့သို့ ကောင်းမွန်သော အစားအသောက်မျိုးကို မစားရချေ၊ ဤရဟန်းတော်တို့သည်ကား ငြိမ်းချမ်းစွာ နေကြရပြီး ကောင်းမွန်သော ဆွမ်းတို့ကို စားကြရပေသည်၊ ရဟန်းဘောင်သို့ တက်ရောက်ရမူကား ကောင်းရာ၏ဟု စဉ်းစား၍ ရဟန်းပြုပေးရန် သံဃာများအား တောင်းပန်လေသည်။ ရဟန်းသံဃာတော်တို့ကလည်း သနားသဖြင့် ရဟန်းပြုပေးတော်မူကြကုန်သည်။ ရက်အတန်ကြာကလေး နေမိလျှင် ရဟန်းဘဝ၌ နေရသည်မှာ မကောင်းလှပါဘူး မပျော်လှပါဘူးဟု ပြောကာ လူထွက်၏၊ လူထွက်၍ ရက်အတော်ကလေးနေမိလျှင် ရဟန်းပြုတာပဲကောင်းပါသည်ဟု

တောင်းပန်ပြီး ရဟန်းပြုပြန်၏။ ဤသို့လျှင် ထွက်ချည် ဝင်ချည်အားဖြင့် ခြောက်ကြိမ်တိုင်တိုင် ရှိသွားလေပြီ။ ခုနစ်ကြိမ်မြောက်ရဟန်းပြုရန် အကြောင်းပေါ်လာသည်မှာ - မိမိအိမ်သူကိုပင် အသုဘကောင်အနေဖြင့်မြင်ကာ သံဝေဂဖြစ်ပြီးလျှင် အနိစ္စ, အနိစ္စဟု ရွတ်ဆိုကာ ရဟန်းတော်များ ကျောင်းသို့ပြေးသွား၍ ရဟန်းပြုကာ တကယ်တရားသို့ အာရုံညွတ်သောစိတ် ထက်သန်သောစိတ် ယုံကြည်မှုရှိသောစိတ်ဖြင့် ဖောက်ချ၍ ရဟန်းတရားကို, အားထုတ်ရာ မကြာမီ အာသဝေါ ကင်းကွာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

ထိုမထေရ်ကို ယခင်က စိတ်မငြိမ် စိတ်ကစားလျက် လူ့ဘောင်ကောင်းနိုး, ရဟန်းဘောင်ကောင်းနိုး စိတ်ပြေးလွှားနေသောကြောင့် စိတ္တဟတ္ထ-ဟု အမည်ပေးခေါ်ဝေါ်ခဲ့ကြသည်ဖြစ်၍ စိတ္တဟတ္ထထေရ်ဟု တွင်လေသည်။ စိတ္တဟတ္ထထေရ်သည် တည်ငြိမ်သောစိတ်မရှိစဉ်အခါက တရားထူးကို မရခဲ့ပေ။ အဘယ်ကြောင့်နည်း: တစ်ဖက်ဖက်၌စိတ်ကို မြဲစွဲစွာ ရပ်တည်အောင် ထိန်းသိမ်းမှုကို မပြုနိုင်ဘဲ ဟိုကောင်းနိုး, သည်ကောင်းနိုးဖြင့် စမ်းတဝါးဝါး ပေါ့ပေါ့လျော့လျော့ အပေါ်ယံမျှသော စိတ်ပျော့စိတ်ညံ့ဖြင့် အားထုတ်ခြင်း ‹ ကြာင့်ဖြစ်သည်။ ခုနစ်ကြိမ်မြောက် ရဟန်းအဖြစ်သို့ ရောက်သောအခါ၌မူကား လေးလေးနက်နက် နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် ဉာဏ်မျက်စိဖြင့်မြင်သောစိတ်ဖြင့် သံဝေဂသက်ရောက်လာသည်ဖြစ်၍ စိတ်ကိုသူတော်ကောင်းတရား၌ စူးစိုက်သွင်း၍ ခိုးခိုးချ အားထုတ်လာသောကြောင့် မဂ်လေးတန်, ဖိုလ်လေးတန်တို့ကို လျှင်မြန်စွာရရှိ၍ လောက၌ အာသဝေါကုန်ခန်း၍ ဘဝဇာတ်သိမ်းပြီးကုန်သော ရဟန္တာအရှင်တို့တွင် တစ်ပါးအဝင်အပါ ဖြစ်တော်မူလေသည်။

အရှင်စိတ္တဟတ္ထမထေရ်ကဲ့သို့ အိမ်နှင့် ကျောင်းကို ဟိုဟာကောင်းနိုး, သည်ဟာကောင်းနိုး ဖြစ်တတ်သည်သာ မဟုတ်သေး၊ ဘာသာရေး တရားတို့ကိုလည်း ဟိုဘာသာကောင်းနိုး, သည်ဘာသာကောင်းနိုး၊ ဟိုဝါဒမှန်နိုး, သည်ဝါဒမှန်နိုးဖြင့် ဇဝေဇဝါသမားတွေ ရှိတတ်ကြသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အချိန်က ဂေါတမမြတ်စွာဘုရား၏ ရှေးဦးစွာကပင် ဘုရားဟု မိမိကိုယ်ကိုမိမိ ဝန်ခံပြောဆိုကြကာ ဘုရားပြုလုပ်နေသော သူတို့လည်းရှိကြသည်။ ဘုရားအဖြစ် ဝန်မခံသော်လည်း ဘာသာရေးအဟောအပြောဆရာတွေအဖြစ်ဖြင့် နယ်တကာသို့လှည့်လည်၍ ဟောပြောနေကြသူတွေလည်း ရှိကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် စင်စစ်အားဖြင့် အညံ့စား ပုဂ္ဂိုလ်တွေကား မဟုတ်ကြကုန်၊ လောကီဘက်၌ တော်သလောက် တော်ကြသောပုဂ္ဂိုလ်တွေ ဖြစ်ကြသည်။

အချို့သည် လောကီအဘိညာဏ်ရ၍ ကမ္ဘာလေးဆယ်အထိ အသိဉာဏ်ဖြင့်ကြည့်နိုင်, မြင်နိုင်သော အရည်အချင်းရှိသည်ဟု သိရသည်။ သို့ရာတွင် မြတ်စွာဘုရားမြင်တော်မူသကဲ့သို့ လျှင်မြန်စွာမြင်ခြင်းမျိုးဖြင့် မမြင်ကြ၊ မြင်လိုသောဘဝကို တိုက်ရိုက်ခုန်ကျော်၍ မြင်ခြင်းမျိုးဖြင့်လည်း မမြင်နိုင်ကြ၊ အသေးစိတ်အားဖြင့်လည်း မမြင်နိုင်ကြဟု သိရသည်။

နာဋပုတ္တ အစရှိသော အချို့သော တိတ္ထိဆရာကြီးတို့သည် (ဗုဒ္ဓဘာသာဝင်တွေထင်သလောက် မညံ့ကြပေ။ သို့သော် လောကီအဘိညာဏ်ကိုကား ရသည်ဟု မဆိုလိုပေ။ မနောကံထက် ကာယကံအရေးကြီးကြောင်း ပြောသည်ကို ထောက်ဆခြင်းဖြင့် ဆင်ခြင်ရသည်။) လောကီအားဖြင့် အကြားအမြင်ဗဟုသုတ ရှိကြသော်လည်း ၎င်းတို့၌

နိဗ္ဗာန် လမ်းကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒါ အလယ်အလတ် အကျင့်တရားထက် ကျော်လွန်ပြီးကာလ မှားယွင်းသောမိစ္ဆာအကျင့်ကို အမှန်ယူမှတ်၍ ပြုလုပ် နေကြသောကြောင့် လမ်းမှားနေသောပုဂ္ဂိုလ်သည် သွားလိုရာ မြို့ရွာသို့ မရောက်ဘဲ ဘေးအန္တရာယ်မကင်းသော တောင်ကြိုတောင်ကြား, တောကြိုတောကြားသို့ ရောက်၍ သားရဲ, ခြင်္သေ့တို့၏ အစာဖြစ်သကဲ့သို့၊ တရားလမ်းမှားကြကာ ကာမဂုဏ် အာရုံတို့၌ ပျော်မွေ့သော လျော့လွန်းသော အကျင့်မျိုး, အတ္တကိလမထ-ဟု ဆိုအပ်သော ကိုယ်ကို ညှဉ်းဆဲပင်ပန်းစေသော အကျင့်မျိုးတို့သည် မဇ္ဈိမပဋိပဒါသို့ မကျဘဲ လျော့လွန်းသော အကျင့်, တင်းလွန်း လွန်လွန်းသောအကျင့်တို့ဖြစ်၍ မဂ်ဖိုလ်သို့မရောက်ဘဲ အကျိုးမဲ့ဖြစ်ကြပေသည်။

ဤသို့ ဖြစ်ကြရခြင်းသည် သမ္မာဒိဋ္ဌိ အစရှိသော အရိယာမဂ္ဂင်မှလွဲ၍ မိစ္ဆာ မဂ္ဂင်လမ်းသို့ လိုက်ပါမိကြခြင်းသာလျှင် အကြောင်းအရင်းဖြစ်ပေသည်။ သို့ကြောင့် မိစ္ဆာမဂ္ဂင်တို့နှင့် မိမိတို့၏ စိတ်ကို မယှဉ်စေမူ၍ သမ္မာဒိဋ္ဌိအစရှိသော အရိယာမဂ္ဂင်နှင့် ယှဉ်သော စိတ်ဖြောင့်စိတ်မှန်ဖြင့် ပွားများအားထုတ်ကြရာသည်။

မထိန်းသောစိတ်, သူ့သဘောအတိုင်း လွှတ်ထားသောစိတ်သည် အလွန် ကြောက်ဖွယ်ကောင်းလှသည်၊ အနတ္ထအကျိုးစီးပွားမဲ့ကို ပြုတတ်သည်။ သို့ကြောင့်စိတ်ကို သတိဖြင့်ကြပ်မတ်၍ အမြဲစောင့်ထိန်းသင့်ရာ၌ စောင့်ထိန်းရမည်ဖြစ်သည်။ ယင်းသို့ စောင့်ထိန်းရာ၌ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ-ဟု ညွှန်ပြတော်မူသည့်အတိုင်း ငါ့သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်သည် တရားကိုယ်အားဖြင့် လောဘဟုဆိုအပ်သော အာရုံကို တပ်မက်သောရာဂနှင့် ယှဉ်သောစိတ်လား၊ သို့မဟုတ် ရာဂကင်းသော စိတ် လားဟု ဆင်ခြင်ရမည်။ အကယ်၍ ရာဂနှင့်ယှဉ်သောစိတ်, ရာဂမကင်းသောစိတ်ဟု ဉာဏ်မျက်စိဖြင့် မြင်လျှင် ထိုစိတ်ကို တားမြစ်ပယ်ရှားရပေမည်၊ ထိုစိတ်ကို မပယ်လျှင်, မတားမြစ်လျှင် ထိုစိတ်က အကျိုးမဲ့ကို ဖြစ်စေလိမ့်မည်၊ ဆင်းရဲစေလိမ့်မည်။ ထိုစိတ်ကို ပယ်နိုင်, တားမြစ်နိုင်လျှင် ကောင်းကျိုးချမ်းသာ ရပေလိမ့်မည်ဟု သိစေလို၍ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ- ဟူ၍လည်းကောင်း, ရာဂကင်းသောစိတ်ဖြစ်လျှင်လည်း ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ- ဟု ဟောတော်မူသည်။

## သူဌေးသား သောရေယျ၏ အဖြစ်ဆန်း

မိမိသန္တာန်၌ ရာဂနှင့်ယှဉ်သော စိတ်ဖြစ်ပေါ်နေသည်ကို သတိမပြု မကြည့်ရှုဘဲ ပယ်ခြင်း, တားမြစ်ခြင်းကို မပြုမိသည့်အတွက် သောရေယျသူဌေးသားသည် ရှပ ကာယတော် တင့်တယ်သပ္ပာယ်သော အရှင်ကစ္စာယနထေရ်ကို ရာဂနှင့်ယှဉ်သောစိတ်ဖြင့် ပြစ်မှားသောကြောင့် ယောကျ်ားအဖြစ်မှ အံ့သြဖွယ်ရာ မဖြစ်စဖူး ထူးဆန်းစွာ မိန်းမ အဖြစ်သို့ရောက်ရပေသည်။ တစ်ဘဝတည်း၌ပင် ရုတ်ချည်း ယောကျ်ားစင်စစ်က မိန်းမ အဖြစ်သို့ ရောက်နိုင်မည်လောဟု ယုံမှားသံသယမဖြစ်ရာ၊ ကမ္မဝိ ပါကော အစိန္တိယော- ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးသည် အလွန်အံ့သြဖွယ်ကောင်းလှသည်၊ မကြံစည် အပ်သော အကျိုးပေးခြင်းမျိုးဖြစ်သည်။ (သို့ရာတွင် ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလဲဖြစ်ခြင်းသည် တစ်ခဏချင်းဖြုန်းခနဲမဖြစ်ဘဲ တစ်ရက်ထက်တစ်ရက် ယောကျ်ား သဘောပျောက်ကွယ်၍ မိန်းမသဘောပေါ်ပေါက်ကာ တစ်စတစ်စ ပြောင်းလဲခြင်းမှုလည်း

ဖြစ်နိုင်ပေသည်။ ဤအဖြစ်မျိုးကား ယခုခေတ်၌လည်း ဖြစ်လျက်ရှိသည်ကို ရံခါကြားသိရပေသည်။)

အရှင်ကစ္စည်းမထေရ်ကို သရာဂစိတ်ဖြင့်ပြစ်မှား၍ ယောကျ်ားအဖြစ် ပျောက်ကွယ်၍ မိန်းမအဖြစ်သို့ရောက်ပြီးနောက်မှ သတိသံဝေဂဖြစ်ဆဲ၌ မိတ်ကောင်း, ဆွေကောင်းဖြစ်သော ငယ်သူငယ်ချင်းအကြံပေးချက်အရ အရှင်ကစ္စည်းထေရ်ကို အိမ်သို့ပင့်ဖိတ်၍ မိုက်မှားမိသည်ကို ထုတ်ဖော်လျှောက်ထား၍ ကန်တော့တောင်းပန်သောကြောင့် ယောကျ်ားဘဝသို့ ပြန်လည်ရောက်ရှိကာ မကောင်းစိတ်၏အပြစ်ကိုလည်းမြင် သံဝေဂဉာဏ်လည်း ဝင်ကာ ရဟန်းအဖြစ်သို့ရောက်၍ စိတ်ကောင်းမွေးမြူသဖြင့် ဝီတရာဂစိတ်ဖြင့် တရားကိုအားထုတ်ရာ သရာဂစိတ်ကို အကြွင်းမဲ့ ပယ်သတ်နိုင်သောကြောင့် မြတ်စွာဘုရားသားတော်အစစ် ရဟန္တာအဖြစ်သို့ရောက်၍ အတုကင်းမဲ့သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်လေပြီ။ မဆုံးမ မတားမြစ်သောစိတ်သည် ဤမျှလောက် ဆိုးသွမ်း၍ ဆုံးမတားမြစ်အပ်သောစိတ်သည်လည်း ဤမျှပင် ကောင်းကျိုးချမ်းသာကိုပေးသည်ကို သတိပြုအပ်လှပေသည်။

သောရေယျ သူဌေးသား၏ ဖြစ်ရပ်မှာ မိခင်ကလည်း ဖြစ်စေသည်မဟုတ်၊ ညီအစ်ကိုမောင်နှမတို့ကလည်း ဖြစ်စေသည်မဟုတ်၊ မိတ်ဆွေတို့ကလည်း ဖြစ်စေသည်မဟုတ်။ မထိန်းသိမ်းမတားမြစ်ဘဲ ပေါက်လွှတ်ပဲစား သူ့သဘောအတိုင်း နေစေဟုလွှတ်ထားသော သရာဂစိတ်ကပင် ဤဖြစ်ရပ်သို့ရောက်စေသည်ကိုလည်း သတိပြုရာသည်။

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

အတ္တာ ဟိ အတ္တာ ဧဝ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ အားထားမှီခိုရာတည်း။ ပရော၊ မိမိမှတစ်ပါးသော။ ကော၊ အဘယ်သူသည်။ အတ္တနော၊ မိမိ၏။ နာထော၊ မှီခိုရာဖြစ်အံ့နည်း။ ဟိ၊ မှန်၏။ သုဒန္တေန၊ ကောင်းစွာ ဆုံးမပြုပြင်အပ်သော။ အတ္တနာ၊ မိမိဖြင့်သာလျှင်။ ဒုလ္လဘံ၊ ရခဲသော။ နာထံ၊ မှီခိုအားထားရာကို။ လဘတိ၊ ရ၏။

(ဤဒေသနာတော်၌ အတ္တ - ဟူသည် စိတ်ကို ကောက်ယူမှ ဒေသနာတော်၏ အာဘော်ကျမည်။)

ဤသို့လျှင် ကောင်းစွာ ဆုံးမပြုပြင်အပ်သော စိတ်ဖြင့် ကောင်းမှု ကောင်းလုပ်ကို ပြုလုပ်သဖြင့်. ရနိုင်ခဲသော နိဗ္ဗာန်တည်းဟူသော မှီခိုအားထားရာကိုရသည်ဟု ဟောတော်မူလိုသည်။

## နာမ်ခန္ဓာတို့၏ အမှူးဖြစ်သော စိတ်

စိတ်တန်ခိုးကြီးကြောင်း၊ စိတ်သည် ခပ်သိမ်းသော သင်္ခတတရားဖြစ်သော လောကကို ဆွဲဆောင်တတ်သော သဘောရှိကြောင်း ပြဆိုခဲ့ပြီ။ စိတ်သည်ဤမျှသာ စွမ်းဆောင်နိုင်သည် မဟုတ်သေးချေ၊ စိတ်သည် မိမိနှင့် ယှဉ်ဖော် ယှဉ်ဖက် အတူတကွ ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟုဆိုအပ်သော

နာမ်ခန္ဓာသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်လည်းဖြစ်သည်။ စိတ်နှင့်တကွသော နာမက္ခန္ဓာလေးပါးတို့တွင် စိတ်သည် ရှေ့သွားခေါင်းဆောင် ဖြစ်သည်ဟုဆိုသည်။ ကာယကံမှုကို ပြုသည်ဖြစ်စေ၊ ဝစီကံမှုကိုပြုသည်ဖြစ်စေ၊ စိတ်က ပထမအာရုံပြုသော သဘောဖြင့်၊ ဝါ- စိတ်က ရှေးဦးစွာပြုလုပ်ပြီးမှ စိတ်ကပြုလုပ်စီစဉ်ပြီးသော အလုပ်ကိုသာ ကိုယ်ဖြင့် အကောင်အထည်ပေါ်အောင် ပြုလုပ်ရသည်။ နှုတ်ဖြင့် အကောင်အထည်ပေါ်အောင် ပြုလုပ်ရသည်။

ပန်းချီဆရာတစ်ယောက်သည် တောကား၊ တောင်ကားတစ်ခုကို ရေးဆွဲသည် ဖြစ်အံ့၊ ပိတ်ကားပေါ်၌ ဆေးနှင့်တကွ တောပုံတောင်ပုံမရေးမီ စိတ်ဖြင့် ပထမအလျင် ရေးပေသည်၊ စိတ်ဖြင့်မှန်းဆ၍ ရေးပြီးသည့်အတိုင်း လက်ဖြင့်ပိတ်ကားပေါ်၌ အကောင် အထည် ရေးကာဖော်လိုက်ရခြင်းဖြစ်သည်။ ထိုပန်းချီဆရာနည်းတူ ပန်းပုဆရာ စသည်တို့ သည်လည်း စိတ်ဖြင့်ပထမ၊ ဝါ-အလျင်ရုပ်လုံးကိုပြုလုပ်ပြီးမှ လက်ဖြင့်အကောင်အထည် ဖော်ရသည်။ နှုတ်ဖြင့်ပြောဆိုအံ့သောစကားတို့ကိုဖြစ်စေ၊ ဟောအံ့သော တရားတို့ကိုဖြစ်စေ၊ ပြောဆိုမည့်သူ၊ ဓမ္မကထိကသည် နှုတ်ဖြင့်မပြောဟောမီ၊ စိတ်ဖြင့်ပထမကြံစည်၍ စိတ်ဖြင့် ဟောပြောခဲ့သည်ကို နောက်မှ နှုတ်ကထုတ်ဖော်၍ နားထောင်သူတို့သိရှိအောင် ပြောဟော ကြရသည်။ ဤသို့လျှင် စိတ်သည် အမှုကိစ္စဟူသမျှတို့၌ ရှေ့သွားဖြစ်သည်။ ပြဆိုခဲ့ပြီး သည့်အတိုင်း ဝေဒနာ၊ သညာ အစရှိသော နာမက္ခန္ဓာတို့အချင်းချင်းတွင်လည်း စိတ်ကပင် ရှေ့သွားရှေ့ဆောင်ဖြစ်ပေသည်။

**အမေး။** ။ စောဒနာရန်ရှိသည်မှာ- စိတ်နှင့် ဝေဒနာ၊ သညာအစရှိသော စေတသိက်တို့သည် -

၁။ ဧကုပ္ပါဒါ = တစ်ပြိုင်တည်းဖြစ်ကြသည်။
၂။ ဧကနိရောဓာ = တစ်ပြိုင်တည်း ချုပ်ကြသည်။
၃။ ဧကာလမ္ဗဏာ = အာရုံတစ်ခုတည်းကိုသာ အာရုံပြုကြသည်။
၄။ ဧကဝတ္ထုကာ = မှီရာ ဝတ္ထုရုပ်တစ်ခု၌သာလျှင် အတူမှီကြသည် မဟုတ်ပါလော။

ယင်းသို့လျှင် တစ်ပြိုင်တည်းဖြစ်ကြ၊ တစ်ပြိုင်တည်းချုပ်ကြ၊ တူသောအာရုံရှိကြ၊ တူသောမှီရာရှိကြလျက် အဘယ်ကြောင့် စိတ်ကို ရှေ့ဆောင် ရှေ့သွားဟုဆိုရပါသနည်းဟု စောဒနာရန်ရှိပေသည်။

**အဖြေ။** ။ ဝေဒနာ၊ သညာ၊ သင်္ခါရတို့သည် စိတ်နှင့်ဖြစ်ချုပ်စသည်တို့ တူကြသည် ကား မှန်၏၊ ယင်းသို့ပင် တူညီကြသော်လည်း ဝေဒနာ၊ သညာ အစရှိသော နာမ်တရားတို့သည် စိတ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ကြ ကုန်၏။ စိတ်မဖြစ်လျှင် ဝေဒနာ သညာ စသည်တို့မဖြစ်၊ စိတ်ဖြစ်သော်မှသာ ဝေဒနာ၊ သညာ စသည်တို့ဖြစ်သောကြောင့် စိတ်သည် ဝေဒနာ၊ သညာ အစရှိသော နာမ်တရား တို့၏၊ ဝါ- နာမက္ခန္ဓာတို့၏ ရှေ့သွားရှေ့ဆောင် ခေါင်းဆောင်ဖြစ်သည်ဟု ပြောဆိုရသည်။

**ဥပမာ။** ။ မြို့တစ်မြို့၌ ဒါန သီလ အစရှိသောကောင်းမှုကို ပြုလုပ်နေသော သာသနာ အသင်းအဖွဲ့တစ်ခုရှိသည်ဖြစ်ရာ ထိုအသင်းသူ အသင်းသား တို့တွင် အဘယ်သူသည် ရှေ့ဆောင်ရှေ့သွား ခေါင်းဆောင်လူကြီး ဖြစ်သနည်းဟု မေးလျှင် အကြင်လူကြီးကိုအမှီပြု၍ အသင်းသူအသင်းသားတို့သည် ကောင်းမှု ဒါန စသည်တို့ကို

ပြုလုပ်ကြကုန်။ ထိုလူကြီးသည် အသင်းသူအသင်းသားတို့၏ ရှေ့ဆောင် လူကြီးဖြစ်လေသကဲ့သို့မှတ်ရာသည်။ ရှေ့ဆောင်ရှေ့သွား ခေါင်းဆောင်လူကြီးနှင့် အတူတကွ တစ်ပြိုင်နက် ဒါနစသောကောင်းမှု, ဝေယျာဝစ္စကောင်းမှုကို ပြုလုပ်နေကြသော်လည်း ထိုလူကြီးဦးစီး နိုးဆော်ကာ ဆောင်ရွက်သည့်အတိုင်း ပါဝင်ပြုလုပ်ကြသည် ဖြစ်သောကြောင့် အတူတကွပင် ပြုလုပ်ဆောင်ရွက်ကြသူချင်း ဖြစ်သော်လည်း တိုက်တွန်းနိုးဆော် အားပေး၍ ဦးစီးဆောင်ရွက်သော သူကို ရှေ့ဆောင်ရှေ့သွားအဖြစ် အသိအမှတ်ပြုကာ ခေါ်ဝေါ်သုံးစွဲသကဲ့သို့၊ ထို့အတူ–ဝေဒနာ, သညာ အစရှိသော နာမက္ခန္ဓာတို့နှင့် စိတ်သည် အတူတကွ တစ်ပြိုင်တည်းဖြစ်ချုပ်သော်လည်း ဝေဒနာ, သညာ အစရှိသော နာမက္ခန္ဓာတို့သည် စိတ်လျှင် အကြောင်းရင်း ရှိကြသည်။ စိတ်ဖြစ်မှသာ ဝေဒနာစသည်တို့ ဖြစ်ကြသောကြောင့် စိတ်ကို နာမ်တရားတို့၏ ရှေ့သွား ပုဗ္ဗင်္ဂမ–ဟု ဆိုရသည်။

ဆက်ဦးအံ့ – စိတ်သည် ဝေဒနာ, သညာအစရှိသော နာမက္ခန္ဓာတို့၏ ရှေ့သွား ခေါင်းဆောင်မျှသာ မဟုတ်ချေသေး၊ ဝေဒနာ, သညာ စသည်တို့ထက် ထူးမြတ်သော သဘောလည်းရှိသည်၊ ဝေဒနာ, သညာအစရှိသော စေတသိက်တို့သည် စိတ်မဖြစ်ဘဲ၊ စိတ်ဦးမဆောင်ဘဲ သူတို့ချည်းသက်သက် မဖြစ်နိုင်ကြ၊ ဖြစ်နိုင်စွမ်းမရှိကြ စိတ်ဖြစ်ပေါ်မှသာလျှင် ဖြစ်နိုင်ကြသည်။ စိတ်သည်ကား အချို့သောစေတသိက်တို့ မဖြစ်ပေါ်သော်လည်း မိမိသည်ဖြစ်နိုင်စွမ်းရှိသည်။ စေတသိက်တို့နှင့်တကွဖြစ်သောအခါ စေတသိက်တို့၏ အကြီးအမှူး အဓိပတိဖြစ်သောကြောင့် စိတ်သည် ကြီးမြတ်သော သဘောလည်း ရှိသည်။ သစ်သားအစရှိသော အဆောက်အဦးတို့ဖြင့် ပြုလုပ်အပ်သော ပစ္စည်းဝတ္ထုကို သစ်သားရုပ်, သစ်သားသေတ္တာစသည်ဖြင့် ခေါ်ရသကဲ့သို့ စိတ်အကြံအစည် ရှေ့သွားနှင့် ပြုလုပ်အပ်သော ကောင်းမှုတို့ကိုလည်း စိတ်ဖြင့်ပြီးသော မနောမယာဟု ဆိုရသည်။ စိတ်သည် ဤမျှကြီးမားထူးကဲသော ရှေ့ဆောင်သဘောတရားဖြစ်သည်။

ဤအကြောင်းနှင့်စပ်၍ တိတ္ထိဆရာကြီးတို့၏ အမြင်အသိသည် မြတ်စွာဘုရား၏ ဉာဏ်တော်အမြင်နှင့်ကွာခြား၍ မှားယွင်းကြပုံမှာ –

## နာဋပုတ္တနိဂဏ္ဌတပည့် ဥပါလိကျွတ်ခန်း

အိန္ဒိယနိုင်ငံ၊ နာလန္ဒမြို့၌နေသော နာဋပုတ္တနိဂဏ္ဌတိတ္ထိဆရာကြီးသည် ဘုရားတစ်ဆူ ဂုဏ်တစ်လုံးအဖြစ်ဖြင့် တပည့်ဒကာ အပေါင်းခြံရံလျက် မိမိဝါဒကို ဟောပြောကာ နေ၏။ လက်ရုံးတပည့်ကြီး ဒီဃတပဿီနှင့် လက်ရုံးဒကာ နာလန္ဒာသူဌေး ဥပါလိတို့လည်း ရှိကုန်၏။ တစ်နေ့သောအခါ သူဌေးဥပါလိ စသော တပည့်ဒကာတို့နှင့် နာဋပုတ္တဆရာကြီးတို့ စကားပြောဆိုနေကြစဉ် ဒီဃတပဿီ ရောက်လာ၏။ ဒီဃတပဿီ ဘယ်ရောက်ခဲ့သလဲဟု နာဋပုတ္တကမေး၏၊ ဆွမ်းခံအပြန် ဆွမ်းကိစ္စပြီး၍ ကြုံကြိုက်သဖြင့် ရှင်ဂေါတမထံဝင်ခဲ့ကြောင်းပြော၏။ ရှင်ဂေါတမနှင့် ဘာစကားများ ပြောခဲ့သလဲဟု မေး၏၊ ကာယဒဏ်, ဝစီဒဏ်, မနောဒဏ်အကြောင်း ဆွေးနွေးခဲ့ကြောင်း၊ တပည့်တော်တို့ နာဋပုတ္တဆရာကြီးက ကာယဒဏ်, ဝစီဒဏ်, မနောဒဏ်ဟု ပညတ်သုံးစွဲကြောင်း၊ ထိုဒဏ်သုံးမျိုးတို့တွင် ကာယဒဏ်သည် အပြစ်ကြီး ကြောင်း, အရာရောက်ကြောင်း ပြောဆိုခဲ့ပါသည်။ ရှင်ဂေါတမက ကာယကံ, ဝစီကံ, မနောကံဟု ပညတ်သုံးစွဲကြောင်း၊ ထိုကံသုံးမျိုးတို့တွင် မနောကံ အပြစ်ကြီးကြောင်း, အရာရောက်ကြောင်း ပြောပါသည်ဟု

ပြောသည်။ ထိုအခါ နာဋပုတ္တဆရာကြီးက ဒီဃ တပဿီ ပြောခဲ့သည်မှာ မှန်ပေတယ်၊ စိတ်ဖြင့်ဘာကိုပြုလုပ်နိုင်သလဲ၊ ကိုယ်ဖြင့်ပြုလုပ် မှသာလျှင်အလုပ်ဖြစ်သည် မဟုတ်ပါလား ဟု ပြောသောအခါ ဥပါလိသူဌေးကလည်း မှန်ပါသည်၊ စိတ်ဖြင့်အလုပ်လုပ်၍ ဘာမှ မပြီးနိုင်၊ ကိုယ်ဖြင့်ပြုလုပ်မှသာလျှင် ပြီးစီးနိုင် ကြောင်း၊ သည်အချက်ကို ရှင်ဂေါတမနှင့် ဝါဒပြိုင်ပြောရလျှင် ရှင်ဂေါတမရှုံးရမည်၊ တပည့်တော်သွားပြီး ဝါဒအပြိုင် ပြောမည်ဟု ဥပါလိကဆို၏။ နာဋပုတ္တဆရာကြီးက ကောင်းပြီ- သွားချေဟု အားပေး၏။ ထိုအခါ ဒီဃတပဿီက ဆရာကြီး ဥပါလိကို မလွှတ်နှင့်၊ ရှင်ဂေါတမသည် အပြောအဟော ကောင်းသည်၊ လှည့်စားဆွဲဆောင်တတ်သော မာယာရှိသည်၊ တိတ္ထိတို့၏ တပည့်ဒကာ တွေကို လှည့်ဖျားဆွဲဆောင်တတ်သည်ဟုပြော၍ တားမြစ်၏။ နာဋပုတ္တဆရာကြီးကမူ ရှင်ဂေါတမကသာ ဥပါလိရဲ့တပည့်ဖြစ်မှာပါ၊ သွားသာသွားပြီး ဝါဒပြိုင်ချေ- ဟု ခွင့်ပြုလိုက်သည်ဖြစ်၍ ဥပါလိသည် မြတ်စွာဘုရားထံ ရောက်သွားလေသည်။

မြတ်စွာဘုရားထံရောက်၍ အာလာပ သလ္လာပပြောကြားပြီးနောက် ဥပါလိက အရှင်ဂေါတမ ကာယကံ,ဝစီကံ,မနောကံ သုံးမျိုးရှိရာ ဤကံသုံးမျိုးတို့တွင် မနောကံသည် အပြစ်ကြီးသည်, အရာရောက်သည်ဟု ရှင်ဂေါတမက ပြောသည်မှာ မှန်ပါသလား။ ဥပါလိ- မနောကံသည် အပြစ်ကြီးသည်, အရာရောက်သည်ဟု ငါပြောသည်မှာမှန်လေသည် ဟု မိန့်ကြားလေသည်။ ယင်းသို့ မနောကံ အပြစ်ကြီးသည် အရာရောက်သည်ဟု မြတ်စွာဘုရား မိန့်ကြားသောစကားကို ခိုင်မြဲစေရန် ဥပါလိက သုံးကြိမ်ထပ်၍မေးသည်။ မြတ်စွာဘုရားကလည်း သုံးကြိမ်ပင်ထပ်၍မိန့်ကြားသည်။

ထို့နောက် မြတ်စွာဘုရားက ဥပါလိကိုပြန်၍မေးတော်မူသည်။ ဥပါလိ - နာဋပုတ္တ-က ကာယဒဏ်,ဝစီဒဏ်,မနောဒဏ် သုံးမျိုးတို့တွင် အဘယ်ဒဏ်သည် အပြစ်ကြီး သည်, ခရီးရောက်သည်ဟု ပြောသနည်း။ ကာယဒဏ်သည် အပြစ်ကြီးသည်, ခရီး ရောက်သည်ဟု ပြောပါသည်ဘုရားဟု လျှောက်သည်။ မြတ်စွာဘုရားကလည်း ဥပါလိ စကားမပြောင်းနိုင်စေရန်, ခိုင်မြဲစေရန် သုံးကြိမ်ထပ်၍မေးတော်မူသည်။ ဥပါလိကလည်း ကာယဒဏ်အပြစ်ကြီးကြောင်း သုံးကြိမ်ပင်ပြေကြားလျှောက်ထားသည်။

မြတ်စွာဘုရားက ဥပါလိ- သင်သည် မှန်ကန်သောစကား၌တည်၍ ဆွေးနွေးမည် ဆိုလျှင် ငါတို့ဆွေးနွေးမည်ဟု မိန့်ကြားသောအခါ ဥပါလိကလည်း မှန်ကန်သော စကား၌ တည်၍ ဆွေးနွေးပါမည်ဟု လျှောက်၏။

၁။ ဥပါလိ- ငါပြောမည့်စကားကို သင်အဘယ်ကဲ့သို့ သဘောရသနည်း၊ နိဂဏ္ဌ တစ်ယောက်သည် အနာရောဂါ နှိပ်စက်နေသည် ဖြစ်ရာ၏၊ ပြင်းပြစွာ ဆင်းရဲဒုက္ခကို ခံစားနေရ၏။ နိဂဏ္ဌတို့မည်သည် ရေအေးကိုပယ်၍ ရေနွေးကိုသာလျှင် သောက်လေ့ ရှိ၏။ အနာရောဂါနှိပ်စက်နေသော နိဂဏ္ဌသည် ရေအေးကိုမသောက်ရသောကြောင့် သေဆုံးရာ၏၊ သေဆုံးသောနိဂဏ္ဌသည် အဘယ်ဘုံဌာနသို့ရောက်သည်ဟု အသင် တို့၏ နာဋပုတ္တဆရာကြီးက ပညတ်ပါသနည်း။

အရှင်ဘုရား- စိတ်ကို စွဲလမ်းခြင်းကြောင့် ဖြစ်သော နတ်ပြည်သည်ရှိပါ၏။ နိဂဏ္ဌသည် ထိုနတ်ပြည်၌ဖြစ်သည်ဟု နာဋပုတ္တဆရာကြီးက ပညတ်ပါသည်ဘုရား။ ဥပါလိ- ယင်းသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်ပါနည်း။ အရှင်ဘုရား စိတ်စွဲလမ်းခြင်း

ကြောင့်ဖြစ်ပါသည်ဟု လျှောက်သောအခါ မြတ်စွာဘုရားက ဥပါလိ- ဆင်ခြင်၍ပြောလော့၊ သင့်စကားသည် ရှေ့စကား, နောက်စကားမညီဘဲဖြစ်လေပြီဟု မြတ်စွာဘုရားက သတိပေးတော်မူသည်။

၂။ ဥပါလိ- ငါပြောမည့်စကားကို သင် အဘယ်ကဲ့သို့သဘောရသနည်း။ နာဋပုတ္တ နိဂဏ္ဌကြီးသည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းနေ၏။ အဘယ်လေးမျိုးတို့ ဖြစ်သနည်းဟူမူ -

၁။ အလုံးစုံသော ရေအေးကိုပယ်၏။ (မသောက်)

၂။ အလုံးစုံသောမကောင်းမှုကို တားမြစ်ခြင်းဖြင့် တားမြစ်အပ်သော မကောင်းမှုရှိ၏။

၃။ အလုံးစုံသောမကောင်းမှုကို တားမြစ်ခြင်းဖြင့် ခွာထုတ်၏။

၄။ အလုံးစုံသောမကောင်းမှုကို တားမြစ်ခြင်းဖြင့် ပျံ့နှံ့၏။

ယင်းသို့ စောင့်စည်းခြင်းလေးမျိုးတို့ဖြင့် စောင့်စည်းသော နာဋပုတ္တနိဂဏ္ဌ ဆရာကြီးသည် ရှေ့သို့သွားသည် ရှိသော်လည်းကောင်း၊ နောက်သို့ဆုတ်သည် ရှိသော် လည်းကောင်း များစွာသောသတ္တဝါငယ်တို့ကို နင်းမိသဖြင့် သေကြေပျက်စီးခြင်းသို့ ရောက်စေသည်။ ဤသို့သတ္တဝါငယ်တွေ သေကြေပျက်စီးခြင်းသို့ ရောက်ရာ၌ အကျိုးအပြစ် ကို နာဋပုတ္တ နိဂဏ္ဌဆရာကြီးက အဘယ်သို့ဆိုပါသနည်း။ အရှင်ဘုရား- စေ့ဆော်ခြင်း စေတနာမရှိသောကြောင့် ကြီးသောအပြစ်ရှိသည်ဟု မပညတ် ပါဟု လျှောက်၏။

ဥပါလိ- အကယ်၍ စေ့ဆော်ခြင်းစေတနာရှိခဲ့လျှင် အဘယ်သို့ဖြစ်တတ်သနည်း။ အရှင်ဘုရား- ကြီးလေးသောအပြစ်ရှိသည်ဟု ပညတ်ပါသည်ဟု ဖြေကြားရာ ဥပါလိ- နာဋပုတ္တနိဂဏ္ဌဆရာကြီးက စေတနာကို အဘယ်ဒဏ်ဟု ပညတ်သနည်း။ မနောဒဏ်ဟု ပညတ်ပါသည်ဘုရား။ ဥပါလိ- စဉ်းစားဆင်ခြင်၍ ပြောလေ၊ သင့်စကားသည် ရှေ့ စကားနှင့် နောက်စကားမညီခဲ့ချေ- ဟု မြတ်စွာဘုရားက မိန့်တော်မူသည်။

၃။ ဥပါလိ- ငါပြောမည့်စကားကိုသင်အဘယ်ကဲ့သို့သဘောရသနည်း။ စည်ကားသော နာလန္ဒမြို့၌ရှိသောလူတွေကို ယောကျ်ား တစ်ယောက်သည် ဓားသန်လျက်ကိုယူ၍ တစ်ခဏချင်းဖြင့် အသားတစ်အသားပုံဖြစ်အောင်ခုတ်မည် ကြိမ်းဝါးကာ တစ်ခဏ ချင်းဖြင့် အသားပုံအသားစုဖြစ်အောင်ခုတ်နိုင်ပါမည်လား။ အရှင်ဘုရား- စည်ကား သော နာလန္ဒမြို့၌ ရှိသောလူတွေကို တစ်ခဏချင်းဖြင့် အသားစု အသားပုံဖြစ်အောင် ယောကျ်ားတစ်ယောက်မက ၁၀-ယောက် ၁၀၀-ယောက် ခုတ်သော်လည်း တစ် ခဏချင်းဖြင့် အသားစုအသားပုံဖြစ်အောင် မခုတ်နိုင်ပါဘုရား။

ကောင်းပြီ ဥပါလိ- စိတ်တန်ခိုးဣဒ္ဓိပါဒ်ရှိသော ရသေ့ဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ စိတ်တန်ခိုးဖြင့် စည်ကားသော နာလန္ဒမြို့၌ရှိသောလူတွေကို ပြာကျအောင် မိန္ဒာန်မှု ပြုလိုက်လျှင် နာလန္ဒမြို့ကြီးသည် တစ်ခဏချင်း အချိန်အတွင်း ပြာကျမသွားပေဖူးလား။ အရှင်ဘုရား- နာလန္ဒမြို့မက မြို့ပေါင်း များစွာပင် တစ်ခဏချင်း၌ ပြာကျသွားနိုင်ပါသည် ဘုရား။ ဥပါလိ- သင် သတိထားပြောလေ၊ ယခင်က ကာယဒဏ်အပြစ်ကြီးသည် အရာ ရောက်သည်ဟု ပြောခဲ့သည်။ ယခုကား မနောကံအပြစ်ကြီးကြောင်း ပြောဆိုသည်၊

သင်၏ စကားသည် ရှေ့စကား နောက်စကား မညီဖြစ်ခဲ့လေပြီ-ဟု မိန့်တော်မူသည်။

၄။ ဥပါလိ- ငါပြောမည့်စကားကို သင်အဘယ်ကဲ့သို့ မှတ်ထင်သနည်း။ ဒဏ္ဍကီတော, ကာလိင်္ဂတော, မဇ္ဈတော, မာတင်္ဂတော-သည် တောတွေဖြစ်သွားသောအကြောင်းကို သင်ကြားဖူးသလော။ ကြားဖူးပါသည် ဘုရား။ အဘယ်ကဲ့သို့ ကြားဖူးသနည်း၊ အဘယ်အကြောင်းကြောင့် သည်တောတွေသည် တောအဖြစ်သို့ ရောက်သွားကြသည်ဟု ကြားဖူးသနည်း။ ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့် တောဖြစ်ကုန်သည်ဟု ကြားဖူးပါသည်ဟု လျှောက်၏။ ဥပါလိ- သတိထားပြောလေ၊ သင့်စကားသည် ရှေ့နောက်မညီဖြစ်လေပြီ။ ဤသို့ မြတ်စွာဘုရားမိန့်တော်မူသောအခါ ဥပါလိက လျှောက်ထားသည်မှာ - မြတ်စွာဘုရား မြတ်စွာဘုရားသည် ရှေးဦးစွာ ဥပမာစကား မိန့်ကြားတော်မူစဉ်ကပင် ဝမ်းမြောက်ခြင်းဖြစ်၍ မြတ်စွာဘုရားအား ကြည်ညိုခဲ့ပါသည်၊ ဆန်းကြယ်သောတရားတော်ကို ဆက်လက်ကြားလို၍သာ မကျေနပ်ယောင်ဖြင့် စောဒကတက်နေခြင်းဖြစ်ပါသည်။ ယနေ့မှစ၍ ဘုရား, တရား, သံဃာတော်ကို ဆည်းကပ်သော ဘုရားရှင် တပည့်သာဝက ဥပါသကာအဖြစ် မှတ်တော်မူပါဟု လျှောက်လေသည်။

**အကျဉ်းချုပ်အံ့** -- မြတ်စွာဘုရားသည်တရားဆက်လက်ဟောတော်မူသည်တွင် ဥပါလိသူဌေးသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကာ သောတာပန်အဖြစ်သို့ ရောက်လေတော့သည်။ (အကျယ်ကိုဆက်လက်သိလိုကြမူ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၌ ကြည့်ကြကုန်။)

ဆိုလိုရင်းမှာ စိတ်သည်တန်ခိုးကြီးကြောင်း အရာရောက်ကြောင်း၊ စိတ်သာလျှင် ရှေ့သွားဖြစ်ကြောင်း၊ ကာယကံ, ဝစီကံတို့သည် မနောကံနောက်လိုက်ဖြစ်ကြောင်းကို ထင်ရှားစေလို၍ ဤအကြောင်းကို ထုတ်ဆောင်ပြဆိုခြင်းဖြစ်သည်။

ကာယကံ, ဝစီကံ, မနောကံ ဤကံ သုံးမျိုးတို့တွင် ကာယကံသာလျှင် အပြစ်ကြီးကြောင်း၊ တန်ခိုးကြီးကြောင်း၊ အရာရောက်ကြောင်း၊ မနောကံသည်အပြစ်မကြီးကြောင်း တန်ခိုးမကြီးကြောင်း အရာမရောက်ကြောင်းကို ယူဆဟောပြောသောအခြင်းအရာကို ထောက်သဖြင့် မနောကံဖြင့် ရောက်အပ်သော အဘိညာဏ်မျိုးကို နာဋပုတ္တဆရာကြီး မရသည်မှာ ထင်ရှားပေသည်။ (ဥပါလိသုတ်ကို စကားလိုရင်း အဓိပ္ပာယ်ကိုသာလျှင် ထုတ်ယူပြဆိုခြင်း ဖြစ်သည်ကို သတိပြုရန်ဖြစ်သည်။)

နောက်ကပြဆိုခဲ့ပြီးသော သတ္တိစွမ်းရည်ရှိသောစိတ်၊ လျင်မြန်စွာသွားတတ်သော စိတ်၊ မကောင်းမှု၌မွေ့လျော်တတ်သော စိတ်၊ ဆောင်ယူတတ် ဆွဲငင်တတ်သောစိတ်၊ မပွားအပ်သောစိတ်၊ တုန်လှုပ်တတ်သောစိတ်၊ ထွေရာလေးပါးကြံစည်တတ်သောစိတ်၊ နှိပ်ကွပ်နိုင်ခဲသောစိတ်၊ ကြမ်းသောစိတ်၊ မတည်ငြိမ်သောစိတ်၊ ရိုင်းသောစိတ်၊ ရှေ့ဆောင်ဦးစီးဖြစ်သောစိတ်၊ ဤသို့သဘောရှိသောစိတ်ကို စောင့်ကြပ်ကြည့်ရှုခြင်းမရှိဘဲ သူ့သဘောအတိုင်းပစ်ထားခဲ့လျှင် နောက်ကထုတ်ပြခဲ့သော အပြစ်မျိုးတွေရောက်သဖြင့် ပစ္စုပ္ပန်သံသရာ မကောင်းကျိုးတို့ရရှိ၍ ဆင်းရဲကြမည်ကိုလည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်ကြည့်ရှုနိုင်သောစိတ်ကြောင့် သည်းခံနိုင်သောစိတ်ကြောင့် ချမ်းသာခွင့်ကို ရရှိကြသည်ကို လည်းကောင်း သိမြင်တော်မူသော မြတ်စွာဘုရားသည် စိတ်ကိုထိန်းကျောင်းနည်းဖြစ်သော

စိတ္တာနုပဿနာကို ဟောကြားတော်မူသည်။

## စိတ်ကိုရှုမှတ်နည်း

ကထဉ္စ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ-
စသည်ဖြင့် စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ စိတ်ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ (နေရသနည်း။)

ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သရာဂံ ဝါ စိတ္တံ၊ မိမိသန္တာန်၌ ရာဂနှင့်တကွဖြစ်သော စိတ်ဖြစ်သည်ကိုမူလည်း။ သရာဂံ စိတ္တန္တိ၊ ရာဂနှင့်တကွဖြစ်သော၊ ဝါ - ရာဂရှိသော စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်၏။

ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ။

ဝီတရာဂံ ဝါ စိတ္တံ၊ ရာဂကင်းသော စိတ်ရှိသည်ကိုမူလည်း။ ဝီတရာဂံ စိတ္တန္တိ၊ ရာဂကင်းသော စိတ်ရှိသည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

စိတ္တာနုပဿနာဘာဝနာကို ပွားသည်ဟူသည်- မိမိစိတ်ကို မပြတ်သိအောင် နှလုံးသွင်း ဆင်ခြင်နေခြင်းပင်ဖြစ်သည်။ မိမိစိတ်အစဉ်သည် ယခုအချိန်၌ အဘယ်စိတ်မျိုး ဖြစ်နေသလဲ၊ ကုသိုလ်စိတ်ပဲ ဖြစ်နေသလား၊ သို့မဟုတ် အကုသိုလ်စိတ်ပဲဖြစ်နေသလား။ အကုသိုလ်စိတ်ဖြစ်လျှင်လည်း လောဘစိတ်ပဲဖြစ်နေသလား၊ ဒေါသစိတ်ဖြစ်နေသလား၊ မောဟစိတ်ဖြစ်နေသလား။ စာသုံးအားဖြင့် ရာဂစိတ်ပဲဖြစ်နေသလား၊ ရာဂကင်းသောစိတ် ဖြစ်နေသလား။ ရာဂစိတ်ဖြစ်လျှင်လည်း မိမိသန္တာန်၌ ရာဂစိတ်ဖြစ်နေသည်ဟု သိရအောင် ဆင်ခြင်ရမည်၊ ရာဂကင်းသောစိတ်ဖြစ်လျှင်လည်း ရာဂကင်းသောစိတ် ဖြစ်နေသည်ဟု သိအောင်ဆင်ခြင်ရမည်။

အကယ်၍ မိမိသန္တာန်၌ ရာဂနှင့်တကွဖြစ်သောစိတ်၊ ဝါ - ရာဂရှိသောစိတ်၊ ရာဂယှဉ်သောစိတ် ဖြစ်နေလျှင် ထိုရာဂနှင့် ယှဉ်သောစိတ်ကို ပယ်နိုင်ရမည်။ မပယ်နိုင်လျှင် ထိုရာဂစိတ်သည် အကုသိုလ်စိတ်ဖြစ်သည်။ အကုသိုလ်စိတ် ၁၂-ခု တို့တွင် လောဘမူစိတ် ဖြစ်သည်ကို သိရမည်။

အကယ်၍ မိမိသန္တာန်၌ ရာဂကင်းသောစိတ် ဖြစ်မူ မိမိသန္တာန်၌ ရာဂကင်းသော စိတ် ဖြစ်သည်ကိုလည်း ဆင်ခြင်၍ သိရမည်။ ထိုရာဂကင်းသောစိတ်ကို ကုသိုလ်စိတ်၊ အဗျာကတစိတ်ဟုဆိုသည်။ ကုသိုလ်စိတ်ကို အားပေးရမည်၊ ပွားများစေရမည်။ ထို့ကြောင့် နတ်သားကို မြတ်စွာဘုရားက ပယ်သင့်သောစိတ်ကို ပယ်ရမည်၊ ပွားသင့်သောစိတ်ကို ပွားရမည်ဟုဟောတော်မူခဲ့သည်ကို နောက်ကပြဆိုခဲ့ပြီ။ သို့ဖြစ်၍ အကုသိုလ် ရာဂစိတ်ကို ပယ်၍ ရာဂကင်းသော ကုသိုလ်စိတ်ကို ပွားရပေမည်။

သရာဂစိတ်ဟူသည်- လောဘသဟဂုတ်စိတ် ၈-မျိုးဖြစ်သည်။ လောဘမူစိတ် ၈-မျိုးကို ဆိုသည်။ အသေးစိတ်ကို နောက်၌ပြသင့်လျှင် ခွဲခြားပြဦးမည်။ ရာဂကင်းသော စိတ်ဟူသည်- လောကီကုသိုလ်စိတ်နှင့် ဝိပါက်, ကြိယာဟု ဆိုအပ်သော အဗျာကတစိတ်တို့ ဖြစ်သည်။

ရာဂနှင့်တကွဖြစ်သောစိတ်ကိုလည်းကောင်း, ရာဂကင်းသောစိတ်ကိုလည်းကောင်း ဟောတော်မူပြီး၍ ဒေါသနှင့်တကွဖြစ်သော စိတ်၊ ဝါ- ဒေါသမူစိတ်ကိုလည်းကောင်း, ဒေါသကင်းသော စိတ်ကိုလည်းကောင်း ဆက်လက်ဟောတော်မူသည်မှာ-

သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ - ဟူသတည်း။

သဒေါသံ ဝါ စိတ္တံ၊ ဒေါသနှင့်တကွဖြစ်သောစိတ်၊ ဝါ - ဒေါသနှင့်ယှဉ်သောစိတ် ဖြစ်သည်ကိုမူလည်း။ သဒေါသံ စိတ္တန္တိ၊ ဒေါသနှင့်တကွဖြစ်သောစိတ်၊ ဝါ - ဒေါသနှင့် ယှဉ်သောစိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။

ဝီတဒေါသံ ဝါ စိတ္တံ၊ ဒေါသကင်းသော စိတ်ကိုလည်း။ ဝီတဒေါသံ စိတ္တန္တိ၊ ဒေါသကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

ဒေါသနှင့်တကွဖြစ်သော စိတ်ဟူသည်- အကုသိုလ်စိတ် ၁၂-တို့တွင် ဒေါသမူ စိတ်နှစ်ခုဖြစ်သည်။ ဒေါသကင်းသော စိတ်ဟူသည်- လောကီကုသိုလ်စိတ်နှင့် ဝိပါက်, ကြိယာစိတ်ဟု ဆိုအပ်သော အဗျာကတ စိတ်တို့ဖြစ်သည်။

မိမိသန္တာန်မှာ ဒေါသစိတ်ဖြစ်နေလျှင် ဒေါသစိတ်ဖြစ်နေကြောင်းကို သတိဖြင့် သိအောင် ဆင်ခြင်ရမည်။ သိလျှင် ယင်း ဒေါသသည် မကောင်းကျိုးကို ပေးတတ်သော သဘောရှိသော အကုသိုလ်သာဖြစ်သည်ဖြစ်၍ ထိုဒေါသစိတ်ကို ပယ်ရမည်ကို ရည်ရွယ်၍ ဟောတော်မူသည်။

ဒေါသကင်းသောစိတ် ဖြစ်နေလျှင်လည်း ယခုအချိန်၌ မိမိသန္တာန်မှာ ဒေါသ အကုသိုလ်စိတ် ကင်းနေသည်ဟုသိ၍ ယင်းကုသိုလ်စိတ်ကို ပွားများရမည်။

ဒေါသနှင့်တကွဖြစ်သော စိတ်ကိုလည်းကောင်း၊ ဒေါသကင်းသောစိတ်ကို လည်းကောင်း ဆင်ခြင်နည်းကို ဟောတော်မူပြီးနောက် မောဟနှင့်တကွဖြစ်သောစိတ်ကို လည်းကောင်း၊ မောဟကင်းသောစိတ်ကိုလည်းကောင်း ဟောတော်မူသည်မှာ -

သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ - ဟူသတည်း။

သမောဟံ ဝါ စိတ္တံ၊ မောဟနှင့်တကွဖြစ်သောစိတ်၊ ဝါ - မောဟနှင့်တကွ ယှဉ်သောစိတ် ဖြစ်သည်ကိုမူလည်း။ သမောဟံ စိတ္တန္တိ၊ မောဟနှင့်တကွဖြစ်သောစိတ်, မောဟနှင့်ယှဉ်သောစိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်၏။ ဝီတမောဟံ ဝါ စိတ္တံ၊ မောဟကင်းသောစိတ်ကိုမူလည်း။ ဝီတမောဟံ စိတ္တန္တိ၊ မောဟ ကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

မောဟနှင့်တကွဖြစ်သော စိတ်ဟူသည်- ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့် ဥဒ္ဓစ္စ သဟဂုတ်စိတ်တို့ဖြစ်သည်။ အကုသိုလ်စိတ် ၁၂-ခုလုံးသည်လည်း မောဟနှင့်ယှဉ်သည် ဖြစ်၍ အကုသိုလ်စိတ် ၁၂-ခုလုံးကို မောဟနှင့်တကွဖြစ်သော စိတ်ဟုပင် ဆိုနိုင်သည်ဟု ပြလေသည်။ လောကီကုသိုလ်စိတ်နှင့် အဗျာကတစိတ်တို့သည် မောဟကင်းသောစိတ် ဖြစ်ကုန်၏။

စိတ်ကိုအလစ်မပေးမူ၍ ယခုအချိန် မိမိသန္တာန်၌မောဟစိတ်ဖြစ်နေလျှင်လည်း မောဟစိတ်ဖြစ်နေသည်ကို သတိပြု၍ သိရမည်။ ယင်းမောဟစိတ်သည် မကောင်းသော အကုသိုလ်စိတ်ဖြစ်၍ နောက်ထပ်မဖြစ်ရအောင်ပယ်ရမည်။ အကယ်၍ မောဟ ကင်းသော စိတ်ဖြစ်သည်ကိုသိ၍ မောဟကင်းသော ကောင်းသောစိတ်ကို ပွားစေရမည်။

သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊
ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ။

သံခိတ္တံ ဝါ စိတ္တံ၊ တွန့်တိုဆုတ်နစ်သောစိတ် ဖြစ်သည်ကိုမူလည်း။ သံခိတ္တံ စိတ္တန္တိ၊ တွန့်တိုဆုတ်နစ်သောစိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။ ဝိက္ခိတ္တံ ဝါ စိတ္တံ၊ ပျံ့လွင့်သောစိတ် ဖြစ်သည်ကိုမူလည်း။ ဝိက္ခိတ္တံ စိတ္တန္တိ ပျံ့လွင့်သောစိတ် ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

ထိနမိဒ္ဓတို့နှင့် ယှဉ်သောစိတ်သည် တွန့်တို ဆုတ်နစ်သော သံခိတ္တစိတ်ဖြစ်သည်။ ဥဒ္ဓစ္စနှင့်ယှဉ်သောစိတ်သည် ပျံ့လွင့်သော ဝိက္ခိတ္တစိတ်ဖြစ်သည်။

မိမိသန္တာန်၌ ထိနမိဒ္ဓတို့နှင့်ယှဉ်၍ တွန့်တိုဆုတ်နစ်သောစိတ်ဖြစ်နေလျှင် ငါ့ သန္တာန်၌ အလုပ်ကိစ္စတို့၌ ဆောင်ရွက်လိုသော တက်ကြွထက်မြက်သောသဘောနှင့် ဆန့်ကျင်ဘက် ထိုင်းမှိုင်းတွန့်တိုဆုတ်နစ်သော သံခိတ္တစိတ်ဖြစ်နေသည်ကိုသိလျှင် ထို သံခိတ္တစိတ်ကိုပယ်ရမည်။ ပြာပုံပေါ်ခဲကျသကဲ့သို့ အာရုံတစ်ခု၌ မတည်မူ၍ ပျံ့လွင့်၍ နေသော ဝိက္ခိတ္တစိတ်ဖြစ်သည်ကို သိလျှင်လည်း ထိုဝိက္ခိတ္တစိတ်ကိုပယ်ရမည်။ ပျံ့လွင့်သော စိတ်ကိုထိန်းသိမ်း၍ ကောင်းသောတရား အာရုံတစ်ခုခု၌ ရပ်တည်အောင် အားထုတ် ရမည်ဆိုသည်။

## ဒိဋ္ဌိအချုပ် သက္ကာယ

ပြဆိုခဲ့ပြီးသော သရာဂစိတ် ရှစ်မျိုးတို့တွင်လည်း ဒိဋ္ဌိနှင့် ယှဉ်သောစိတ်ဖြစ်လျှင် ဒိဋ္ဌိနှင့်ယှဉ်သောစိတ်ဟုသိရမည်၊ သိအောင်ဆင်ခြင်သင့်သည်။ ဒိဋ္ဌိကင်းသောစိတ် ဖြစ်လျှင်လည်း ဒိဋ္ဌိကင်းသောစိတ်ဟုသိရမည်။ ဒိဋ္ဌိနှင့် ယှဉ်သောစိတ်သည် ပယ်အပ်သော စိတ် ဖြစ်သည်၊ ဒိဋ္ဌိကင်းသောစိတ်သည် ပွားအပ်သောစိတ်ဖြစ်သည်။ ဤအရာ၌ ဒိဋ္ဌိ ဟူသည် အဘယ်ဒိဋ္ဌိဖြစ်သည်ကိုလည်း သတိပြုသင့်သည်။ သက္ကာယဒိဋ္ဌိပ္ပမုခါနိ ဒွါသဋ္ဌိ ဒိဋ္ဌိ ဂတာနိ- ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကျမ်းလာ (နှာ - ၁၆၀)၌ ရှိသောကြောင့် လည်းကောင်း၊

ယသ္မာ ပန သက္ကာယဒိဋ္ဌိပ္ပမုခါယေဝ ဒွါသဋ္ဌိယော ဟောန္တိ၊
တသ္မာ သက္ကာယဒိဋ္ဌိပ္ပမုခေန ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနီတိ ဝုတ္တာ။

သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သက္ကာယဒိဋ္ဌိဒ္ဒါရေန ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ပဟာနံ့တိ အတ္ထော။

ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (နှာ-၆၆)၌ လာရှိသောကြောင့်လည်းကောင်း ဤဒိဋ္ဌိအရာ၌ သက္ကာယဒိဋ္ဌိကိုသာလျှင် ယူရမည်၊ သက္ကာယဒိဋ္ဌိပြုတ်လျှင် ကြွင်းသောဒိဋ္ဌိတို့ ဖြစ်ဖွယ်မရှိတော့ပြီ။ ၆၂-ပါးသော ဒိဋ္ဌိတို့သည် သက္ကာယဒိဋ္ဌိရှိသူ၌သာ ထိုက်သည့်အလျောက် ဖြစ်သင့်သောဒိဋ္ဌိတို့ ဖြစ်ကြလေသည်။ အရင်းမူလဖြစ်သော သက္ကာယဒိဋ္ဌိကင်းလျှင်, ပြုတ်လျှင် ကြွင်းသော ဒိဋ္ဌိများ ဖြစ်နိုင်တော့သည်မဟုတ်ချေ။

သို့ကြောင့် -

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ၊
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

မိမိရင်ဝ၌စူးဝင်သောလှံကို အရေးတကြီး အဆောတလျင် နုတ်ပယ်သူကဲ့သို့လည်းကောင်း၊ ဦးခေါင်းထက်၌ စွဲလောင်နေသောမီးကို အရေးတကြီး အဆောတလျင် ငြိမ်းသတ်သူကဲ့သို့လည်းကောင်း သတိနှင့်ပြည့်စုံသော သာသနာတော်ထမ်း ရဟန်းတော်သည် သက္ကာယဒိဋ္ဌိကိုပယ်သတ်ခြင်းငှာ အရေးတကြီးအားထုတ်ရာသည်ဟု ဟောတော်မူသည်။

ဒိဋ္ဌိနှင့်ယှဉ်သော စိတ်၌လည်း သောမနဿဝေဒနာ နှင့်တကွ ဖြစ်သောစိတ်၊ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သောစိတ်ဟူ၍ရှိသည်တွင်- မိမိသန္တာန်၌ သောမနဿစိတ်ဖြစ်လျှင်လည်း သောမနဿစိတ်ဖြစ်သည်ဟုသိရမည်။ ဥပေက္ခာဝေဒနာစိတ်ဖြစ်လျှင်လည်း ဥပေက္ခာဝေဒနာစိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင်ဆင်ခြင်ရမည်။

အသင်္ခါရိကစိတ် သသင်္ခါရိကစိတ် ဟူ၍ရှိပြန်သည်။ အကယ်၍ အသင်္ခါရိကစိတ်ဖြစ်လျှင်လည်း အသင်္ခါရိကစိတ် ဖြစ်သည်ကိုသိရမည် သသင်္ခါရိကစိတ် ဖြစ်လျှင်လည်း သသင်္ခါရိကစိတ် ဖြစ်သည်ကိုသိရမည်။ ဒိဋ္ဌိနှင့်ယှဉ်သောစိတ်တွေဖြစ်၍ ဤစိတ်တို့သည်လည်း ပယ်အပ်သောစိတ်တို့သာလျှင်ဖြစ်ကုန်၏။ သက္ကာယဒိဋ္ဌိကို သောတာပတ္တိမဂ်ဖြင့်သာ ပယ်သတ်နိုင်သည်။

မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊
အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊

မဟဂ္ဂတံ ဝါ စိတ္တံ၊ မဟဂ္ဂုတ်စိတ်ဖြစ်သည်ကိုမူလည်း။ မဟဂ္ဂတံ စိတ္တန္တိ၊ မဟဂ္ဂုတ်စိတ်ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။ အမဟဂ္ဂတံ ဝါ စိတ္တံ၊ မဟဂ္ဂုတ် မဟုတ်သောစိတ်ဖြစ်သည်ကိုမူလည်း။ အမဟဂ္ဂတံ စိတ္တန္တိ၊ မဟဂ္ဂုတ်မဟုတ်သောစိတ် ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

မဟဂ္ဂုတ်စိတ်ဟူသည်- ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့ဖြစ်သည်။ မဟဂ္ဂုတ်မဟုတ်သောစိတ်ဟူသည်- ကာမာဝစရတို့ ဖြစ်သည်။

သဉတ္တရံ ဝါ စိတ္တံ သဉတ္တရံ စိတ္တန္တိ ပဇာနာတိ၊
အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ။

သဥတ္တရံ ဝါ စိတ္တံ၊ မြတ်သောစိတ်နှင့်တကွဖြစ်သော စိတ်ဖြစ်သည်ကိုမူလည်း။ သဥတ္တရံ စိတ္တန္တိ၊ မြတ်သောစိတ် ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။ အနုတ္တရံ ဝါ စိတ္တံ၊ မြတ်သော စိတ်နှင့်တကွ မဖြစ်သောစိတ်ဖြစ်သည် ကိုမူလည်း။ အနုတ္တရံ စိတ္တန္တိ၊ မြတ်သောစိတ် မဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

သဥတ္တရစိတ်ဟူသည်- ကာမာဝစရစိတ်ဖြစ်သည်။ ကာမာဝစရစိတ်သည် မိမိထက် မြတ်သော မဟဂ္ဂုတ်ရှိသောကြောင့် သဥတ္တရစိတ်ဟုဆိုသည်။

အနုတ္တရစိတ်ဟူသည်- မဟဂ္ဂုတ် ရူပါဝစရ အရူပါဝစရစိတ်ဖြစ်သည်။ ရူပါဝစရ-အရူပါဝစရ စိတ်တို့တွင်လည်း ရူပါဝစရစိတ်သည် သဥတ္တရစိတ် ဖြစ်ပြန်သည်၊ အကြောင်းကား- မိမိထက်မြတ်သော အရူပါဝစရစိတ်ရှိသေးသောကြောင့်တည်း။ အရူပါဝစရစိတ် သည်ကား မိမိထက်မြတ်သော လောကီစိတ်မရှိသောကြောင့် အနုတ္တရ စိတ်ဖြစ်သည်။ သမ္မသနအရာ ဖြစ်သောကြောင့် လောကုတ္တရာ စိတ်တို့ကို မယူခြင်း ဖြစ်သည်။

သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ၊
အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ စိတ္တန္တိ ပဇာနာတိ။

သမာဟိတံ ဝါ စိတ္တံ၊ သမာဓိနှင့်ယှဉ်သောစိတ်ဖြစ်သည်ကိုမူလည်း။ သမာဟိတံ စိတ္တန္တိ၊ သမာဓိနှင့်ယှဉ်သောစိတ် ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင် ဆင်ခြင်ရာ၏။ အသမာဟိတံ ဝါ စိတ္တံ၊ သမာဓိနှင့်မယှဉ်သောစိတ်ဖြစ်သည်ကိုမူလည်း။ အသမာဟိတံ စိတ္တန္တိ၊ သမာဓိနှင့်မယှဉ်သောစိတ် ဖြစ်သည်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်ဆင်ခြင်ရာ၏။

မိမိသန္တာန်၌ရှိသော ဥပစာရသမာဓိသော်လည်းကောင်း၊ အပ္ပနာသမာဓိ သော်လည်းကောင်း တစ်ခုခုသောသမာဓိစိတ် ဖြစ်လျှင် ငါ့သန္တာန်၌ ဥပစာရသမာဓိ ဖြစ်သည်၊ သို့မဟုတ် အပ္ပနာသမာဓိဖြစ်သည်ကို သိရမည်။ သိအောင်ဆင်ခြင်ရမည်ဟု ဆိုသည်။ သမာဓိကင်းသောစိတ်ဖြစ်လျှင်လည်း ငါ့သန္တာန်၌ သမာဓိကင်းသောစိတ် ဖြစ်သည်ဟု ဆင်ခြင်သိရှိရမည်။

ကာမာဝစရစိတ်တို့တွင် အကုသိုလ်ဖြစ်သော ကာမာဝစရစိတ် ရှုပုံသိပုံကို ပြခဲ့ပြီ။ ကာမာဝစရ မဟာကုသိုလ်စိတ်သည် ရှစ်မျိုးရှိသည်ဖြစ်၍ ထိုရှစ်မျိုးတို့တွင် မိမိသန္တာန်၌ဖြစ်ပေါ်နေသော ကုသိုလ်စိတ်သည် အဘယ်ကုသိုလ်စိတ်ဖြစ်နေသည်ကို သိအောင်ဆင်ခြင်အပ်ပေသည်။

၁။ အကယ်၍ မိမိသန္တာန်၌ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်ဖြစ်လျှင်လည်း ဉာဏသမ္ပယုတ် ကုသိုလ်စိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင်ဆင်ခြင်ရမည်။

၂။ ဉာဏဝိပ္ပယုတ်စိတ်ဖြစ်လျှင်လည်း ဉာဏဝိပ္ပယုတ်စိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင်ဆင်ခြင်ရမည်။

၃။ သောမနဿသဟဂုတ်စိတ်ဖြစ်လျှင်လည်း သောမနဿသဟဂုတ်စိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင်ဆင်ခြင်ရမည်။

၄။ ဥပေက္ခာသဟဂုတ်စိတ်ဖြစ်လျှင်လည်း ဥပေက္ခာသဟဂုတ်စိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင်ဆင်ခြင်ရမည်။

တစ်ဖန် –

၁။ အသင်္ခါရိကစိတ်ဖြစ်လျှင်လည်း အသင်္ခါရိကစိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင်ဆင်ခြင်ရမည်။

၂။ သသင်္ခါရိကစိတ်ဖြစ်လျှင်လည်း သသင်္ခါရိကစိတ်ဖြစ်သည်ဟု သိရမည်၊ သိအောင်ဆင်ခြင်ရမည်။

မြတ်စွာဘုရားညွှန်ပြတော်မူသောနည်းကို နယဂ္ဂါဟပြု၍ သဥတ္တရစိတ် အနုတ္တရစိတ်ဟူ၍လည်း ဤကာမာဝစရ မဟာကုသိုလ်စိတ်ကိုခွဲကာ ဆင်ခြင်မှုလည်း ဆင်ခြင်ရာသည်။ အဘယ်သို့ဆင်ခြင်ရာသနည်း ဟူမူ –

ကာမာဝစရကုသိုလ်စိတ်ရှစ်မျိုးတို့တွင် ဉာဏဝိပ္ပယုတ်စိတ် ၄–မျိုးသည် မိမိထက်မြတ်သော ဉာဏသမ္ပယုတ်စိတ်ရှိသောကြောင့် သဥတ္တရစိတ်ဟူ၍လည်းကောင်း၊ ဉာဏသမ္ပယုတ်စိတ် ၄–မျိုးသည် မိမိထက်မြတ်သော ကာမာဝစရစိတ်မရှိသောကြောင့် အနုတ္တရ စိတ်ဟူ၍လည်းကောင်း ဝေဖန်ခွဲခြားနိုင်သည်။ ထို့ပြင် ဥပေက္ခာသဟဂုတ်စိတ်သည် မိမိထက်မြတ်သောစိတ်မရှိသောကြောင့် အနုတ္တရစိတ်ဟူ၍လည်းကောင်း ဝေဖန်ခွဲခြားနိုင်သည်။

ထိုနည်းတူ သသင်္ခါရိကစိတ်သည် မိမိထက်မြတ်သော အသင်္ခါရိကစိတ်ရှိသောကြောင့် သဥတ္တရစိတ်ဟူ၍လည်းကောင်း၊ အသင်္ခါရိကစိတ်သည် မိမိထက်မြတ်သောစိတ်မရှိသောကြောင့် အနုတ္တရစိတ်ဟူ၍လည်းကောင်း ခွဲခြားနိုင်သည်။

ကာမာဝစရကုသိုလ်စိတ်သည် လောကီကုသိုလ်တို့တွင် ကြီးကျယ်သောကုသိုလ်ဖြစ်၍ မဟာကုသိုလ်ဟု အမည်ထင်ရှားသည်။ ဆရာကောင်းများထံမှ ကောင်းမှုကုသိုလ်ပြုနည်း နည်းနိဿယရရှိပြီးကာလ ကောင်းမှုကုသိုလ်ပြုလုပ်သော ကောင်းမှုရှင်တို့သည် ကြီးကျယ်သော ကောင်းကျိုးချမ်းသာတို့ကို ရရှိတတ်ပေသည်။ အဘယ့်ကြောင့်နည်း၊ ကုသိုလ်စိတ်သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကကုသိုလ်စိတ်ဖြစ်သောကြောင့် မဟာကုသိုလ်စိတ်ရှစ်မျိုးတို့တွင် ထိပ်ဆုံးတန်းကုသိုလ်စိတ် ဖြစ်ရသည်။ ထိပ်ဆုံးတန်းကာမာဝစရကုသိုလ်စိတ်သည် အကျိုးပေးသောအခါ၌ ထိပ်ဆုံးတန်းအကျိုးပေးမည် ဖြစ်သောကြောင့်ဟု ဆိုရမည်။ ပုညံ၊ ကောင်းမှုကုသိုလ်စိတ်သည်။ သဒိသံ၊ တူညီသော။ ပါကံ၊ ကောင်းကျိုးကို။ ဇနေတိ၊ ဖြစ်စေ၏။ ကျမ်းဂန်လာ စကားလည်း ရှိသည်။

သို့ဖြစ်၍ ဒါနကောင်းမှုကိုပြုလုပ်သည်ဖြစ်စေ, သီလကျင့်သုံးဆောက်တည်ခြင်း ကောင်းမှုကို ပြုလုပ်သည်ဖြစ်စေ, သမထဘာဝနာ ဝိပဿနာ ဘာဝနာအလုပ်ကို အားထုတ်ပွားများသည်ဖြစ်စေ မိမိပြုလုပ်အံ့သော ကောင်းမှုကံကိုလည်းကောင်း၊ ယင်းကံ၏ အကျိုးကျေးဇူးကို လည်းကောင်း သိရှိယုံကြည်ခြင်း၊ ရတနာသုံးပါးတို့၌ မှန်ကန်သော ယုံကြည်မှုရှိခြင်းတို့နှင့် ပြည့်စုံပြီးကာလ ဤယခု ငါတို့ပြုလုပ်အားထုတ်သော ကောင်းမှုသည် နိဗ္ဗာန်တိုင်အောင် ချမ်းသာကို ကေန်မချွတ်ပေးပေမည်ဟုယုံကြည်ကာ ထက်သန်

တက်ကြွ ရွှန်လန်းသော ကုသိုလ်စိတ်ဖြင့် ကောင်းမှုတို့ကိုအားထုတ်အပ်လှပေသည်။ ပြုသမျှ ဒါန, သီလ, ဘာဝနာ တို့သည် အထက်တန်းကျ၍ မှန်ကန်သောကောင်းမှုတွေ ဖြစ်စေရန်မှာ ဆရာကောင်း ဥပနိဿယ ရှိဖို့အရေးကြီးပေသည်။

မြတ်စွာဘုရားဟောတော်မူသောနည်းကိုမှီ၍ မိမိသန္တာန်၌ဖြစ်သောစိတ်တို့ကို ပွားကာပွားကာဆင်ခြင်မှုလည်း ဆင်ခြင်ရာသည်။ အဘယ်သို့ဆင်ခြင်ရာသနည်းဟူမူ- သရာဂစိတ်ဖြစ်ရာ၌ ရူပါရုံကိုအာရုံပြု၍ဖြစ်သော သရာဂစိတ်, သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံကို အာရုံပြု၍ဖြစ်သော သရာဂစိတ်, ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၍ဖြစ်သော သရာဂစိတ်, ဓမ္မာရုံကို အာရုံပြု၍ဖြစ်သော သရာဂစိတ်ဟူ၍ အစိတ်အစိတ် အာရုံအမျိုးမျိုးကို အကြောင်းပြု၍ ဖြစ်သော သရာဂစိတ်တို့ကိုလည်း ဆင်ခြင်အပ်သည်။

ရူပါရုံတစ်ခုပေါ်ပေါက်လာလျှင်၊ ဝါ- ရှေးရှုဖြစ်ပေါ်လာလျှင် ထိုရူပါရုံကို လိုချင် တပ်မက်နှစ်သက်သော လောဘစိတ်ဖြစ်လျှင် ငါ့သန္တာန်၌ ရူပါရုံကို လိုချင်တပ်မက် နှစ်သက်သော သရာဂစိတ်ဖြစ်နေပါကလားဟု ဆင်ခြင်သိရှိရမည်။ သိရှိပြီးကာလ ဤ သရာဂစိတ်သည် မကောင်းကျိုးကိုပေးတတ်သော အကုသိုလ်စိတ်၊ ဝါ- ပါပစိတ် ဖြစ်သည်ဟုဆင်ခြင်ကာ ယင်းအကုသိုလ်စိတ်၊ ဝါ- ပါပစိတ်, သရာဂစိတ်ကို အတွင်းရန်သူ အဖြစ်ဖြင့် မြင်အောင်ကြည့်၍ ပယ်သတ်ရမည်။

ထို့အတူ သဒ္ဒါရုံပေါ်ပေါက်လာလျှင်၊ ဝါ- သဒ္ဒါရုံကိုကြားလျှင် ထိုသဒ္ဒါရုံကို သာယာတပ်မက်နှစ်သက်သော လောဘစိတ်ဖြစ်လျှင် ငါ့သန္တာန်၌ သဒ္ဒါရုံကို သာယာ တပ်မက် နှစ်သက်သော သရာဂစိတ်ဖြစ်သည်ကိုသိရှိရ၍ မကောင်းသော အကုသိုလ် ဖြစ်သော ထိုစိတ်ကို အတွင်းရန်သူအဖြစ်ဖြင့် မြင်အောင်ကြည့်၍ ပယ်သတ်ရမည်။

ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့တွင် တစ်မျိုးမျိုးသော အာရုံပေါ်လာလျှင် အကယ်၍ ထိုအာရုံကို သာယာတပ်မက်နှစ်သက်သော လောဘစိတ်၊ ဝါ-သရာဂစိတ် ဖြစ်ပေါ်ခဲ့သော် ထိုသရာဂစိတ်ကို မကောင်းသောအကုသိုလ်စိတ်ကို အတွင်းရန်အဖြစ်ဖြင့် မြင်အောင်ကြည့်၍ ပယ်သတ်ရမည်။

သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ- ဟု ဟောတော်မူသည်မှာ သရာဂစိတ်ကို သရာဂစိတ်ဟူ၍သိရုံသာသိရှိရန်မဟုတ်။ ဤသရာဂစိတ်သည် မကောင်း ကျိုးကို ပေးတတ်သော အကုသိုလ်စိတ်, ယုတ်ညံ့သောစိတ်, အတွင်းရန်သူဖြစ်သောစိတ် စသည်ဖြင့် အပြစ်ကိုရှု၍ ကြောက်ရွံ့စက်ဆုပ်ကာ ထိုစိတ်မှကင်းလွတ်အောင် အားထုတ် ရမည်, ပယ်သတ်ရမည်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။

သဒေါသစိတ်ကိုလည်း သရာဂစိတ်ကဲ့သို့ပင် အာရုံ ၆-ပါးနှင့်ဝေဖန်၍ မိမိ သန္တာန်၌ ယခုအခါ ရူပါရုံကိုအကြောင်းပြု၍ သဒေါသစိတ်ဖြစ်နေလျှင်လည်း သဒေါသစိတ် ဖြစ်နေသည်ဟုသိရှိရမည်။ သိရှိပြီးကာလ ထိုသဒေါသစိတ်၏အပြစ်ကိုရှု၍ပယ်သတ်ရမည်။

စေတီတော်, ဆင်းတု, ရုပ်ပွားတော်, သီလသမာဓိနှင့်ပြည့်စုံသော သံဃာတော် တည်းဟူသော ရူပါရုံတစ်မျိုးမျိုးကို တွေ့မြင်သောအခါ မိမိသန္တာန်၌ ဝီတရာဂစိတ် တဏှာလောဘကင်း၍ သဒ္ဓါ သတိ အစရှိသော ကောင်းသောစေတသိက်တို့နှင့် ယှဉ်သော ကုသိုလ်စိတ်ဖြစ်လျှင်လည်း ယင်းကုသိုလ်စိတ်ကို မိမိသန္တာန်၌ ဝီတရာဂစိတ်ဖြစ်သည်ကို သိရမည်။ သိပြီးကာလ ယင်းကုသိုလ်စိတ်မျိုးကို ဆင်ခြင်၍ ပွားများစေရမည်။

ပိဋကတ်စာပေ သင်ကြားပို့ချသော အသံ, ပရိတ် တရားတော်များကို ရွတ်ဆို ဟောကြားသောအသံ, ဘုရားရှိခိုးသံ, စေတီတော်ထီးမှ ဆည်းလည်းသံ, ကြေးစည် ခေါင်းလောင်းသံတို့ကို ကြားသောအခါ မိမိသန္တာန်၌ ဝိတရာဂစိတ် တဏှာလောဘကင်း၍ သဒ္ဓါ,သတိအစရှိသော ကောင်းသောစေတသိက်တို့နှင့်ယှဉ်သော ကုသိုလ်စိတ် ဖြစ်လျှင် လည်း ယင်းကုသိုလ်စိတ်ကို မိမိသန္တာန်၌ ဝိတရာဂစိတ်ဖြစ်သည်ကိုသိရမည်။ သိပြီးကာလ ယင်းကုသိုလ်စိတ်မျိုးကို ဆင်ခြင်၍ ပွားများစေရမည်။

ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗအာရုံတို့နှင့် တွေ့ကြုံသောအခါတို့၌လည်း ထိုအာရုံတို့ကို အကြောင်းပြု၍ ထိုအာရုံတည်းဟူသော ပစ္စည်းတရားကြောင့် မိမိသန္တာန်၌ သရာဂစိတ် ဖြစ်လျှင်လည်း သရာဂစိတ်ဖြစ်သည်ကို သိရှိ၍ ထိုသရာဂစိတ်မျိုး ထပ်မံမဖြစ်အောင် ပယ်ရမည်။ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များကိုရည်ညွှန်းကာအာရုံပြု၍ နှင်းဆီ, ပန်းစပယ်စသော သင်းပျံ့မွှေးကြိုင်သောရနံ့ရှိသောပန်းတို့ကို မြတ်စွာဘုရားအား လှူဒါန်း ပူဇော်သောအခါ ပန်းရနံ့တည်းဟူသော ဂန္ဓာရုံကို အာရုံပြု၍ ဝိတရာဂစိတ် ကုသိုလ်စိတ် ဖြစ်လျှင်လည်း မိမိသန္တာန်၌ ဝိတရာဂစိတ် ကုသိုလ်စိတ် ဖြစ်သည်ကိုသိ၍ ယင်းစိတ်ကို ပွားများစေရမည်။

ထမင်း, ခဲဖွယ်, ဘောဇဉ် အဖျော်ယမကာတို့ကို စားသောက်သုံးဆောင်သောအခါ ထိုအဟာရတို့၌ တပ်မက်နှစ်သက်သော ရာဂစိတ်ဖြစ်လျှင် မိမိသန္တာန်၌ သရာဂစိတ် ဖြစ်သည်ကိုသိ၍ ထိုစိတ်ကိုပယ်ရမည်။ သို့မဟုတ် ထို ထမင်း ခဲဖွယ်,ဘောဇဉ်တို့ကို ခန္ဓာကိုယ် ခန့်ကျန်းမှုတရုံ သံသရာဝဋ်မှ လွတ်မြောက်ကြောင်း သူတော်ကောင်းတရားကို ပွားများအားထုတ်နိုင်ရုံ တဏှာရာဂကို ကင်းစေလျက် စားသောက် သုံးဆောင်သောအခါ မိမိသန္တာန်၌ ဝိတရာဂစိတ်ဖြစ်သည်ကို သိရှိဆင်ခြင်၍ ထိုဝိတရာဂစိတ်ကို ပွားများစေ ရမည်။ ကျောင်း, အိမ်, အိပ်ရာ, နေရာ, ကော်ဇော, ကမ္ဗလာ, ခုတင်, ကုလားထိုင် အစရှိသော အသုံးအဆောင် ပရိဘောဂတို့ကိုသုံးဆောင်သောအခါ အိစက်သိမ်မွေ့နူးညံ့သော ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိတို့ကို သာယာတပ်မက်နှစ်သက်သဖြင့် သရာဂစိတ်ဖြစ်လျှင် မိမိသန္တာန်၌ ထိုဖောဋ္ဌဗ္ဗာရုံဝတ္ထုပစ္စည်းတို့ကိုသိ၍ ထိုသရာဂစိတ်ကိုပယ်ရမည်။ ထိုဖောဋ္ဌဗ္ဗာရုံ တို့၌ သာယာမက်မောမှုမရှိ, အခိုက်အတန့်သာလျှင် ဣရိယာပုထ် မျှတရုံငှာသာ ခန္ဓာ ခန့်ကျန်းရုံ ငှာသာလျှင် မှီဝဲသုံးဆောင်သဖြင့် ဝိတရာဂစိတ်ဖြစ်လျှင်လည်း မိမိသန္တာန်၌ ထိုဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဝိတရာဂစိတ် ဖြစ်သည်ဟုသိ၍ ထိုစိတ်ကို ပွားစေရမည်။

အာရုံငါးပါးတို့ကို အကြောင်းပြု၍ သရာဂစိတ်ကို မဖြစ်စေဘဲ ဝိတရာဂ စိတ်ကိုသာဖြစ်စေရန် သတိပြု၍ စိတ်ကို စောင့်ရှောက် ထိန်းသိမ်းရမည်၊ ဆင်ခြင်ရမည်။ ယင်းသို့ စိတ်ကို စောင့်ရှောက်ထိန်းသိမ်းဆင်ခြင်သဖြင့် အကုသိုလ်မပွားဘဲ ကုသိုလ်တရား တို့သာတိုးပွား၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်စေလိုတော်မူသဖြင့် မြတ်စွာဘုရားသည် စိတ္တာနုပဿနာကို ဟောတော်မူသည်။

## အသက်ကို အန္တရာယ်ပြုသော သရာဂ

စိတ်ကို မထိန်းသိမ်းလျှင် ကာမဂုဏ်တို့ကို အာရုံပြုမိ နှစ်သက်သာယာမိလျှင် ထိုစိတ်က ဒုက္ခကို ပေးတတ်လေသည်။ ရှေးက သီဟိုဠ်(သီရိလင်္ကာ)ကျွန်း၌ မိန်းကလေး တစ်ယောက်သည် မိမိနေသော အိမ်ရှေ့လမ်းပေါ်၌ ဖြတ်သန်းသွားသော သာမဏေ တစ်ပါးကို တွေ့မြင်လိုက်ရာ ထိုသာမဏေတည်းဟူသော ရူပါရုံ၌ သာယာတပ်မက်

နှစ်သက်သော သရာဂစိတ်ဖြစ်ပေါ်လာ၏။ ယင်းသရာဂစိတ်ကို တရားတော်ဖြင့်ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ဖြစ်ကာ ထိုသာမဏေကို မရက သေရမည့်အကြောင်း မိဘများကို ဖွင့်ဟပြောကြားပူဆာသဖြင့် မိဘတို့သည် အမျိုးမျိုး ချော့မော့ပြောဆို ဆုံးမသော်လည်း မရသောကြောင့် သမီးအသက်ကို ငဲ့ကွက်၍ သာမဏေထံသွားရောက်ပြီးကာလ အကျိုးအကြောင်းပြောကာ လူဝတ်လဲရန်တိုက်တွန်းကြရသည်။ သာမဏေသည် မိန်းကလေးကို တွေ့ဖူး မြင်ဖူးသည်မဟုတ်သည်ကကစ်ကြောင်း၊ သာသနာတော်၌ ပျော်ပိုက်သည်က တစ်ကြောင်းကြောင့် လူမထွက်လိုကြောင်း ငြင်းပယ်လိုက်သည်။ သာမဏေက ငြင်းပယ်လိုက်သော်လည်း မိန်းကလေးသန္တာန်၌ ဖြစ်ဆဲဖြစ်သော သရာဂစိတ်သည် ပျောက်ပြယ်ခြင်းမရှိဘဲ တိုးတက်ပြင်းထန်လာကာ ရာဂမီးလောင်၍ သေဆုံးရှာလေသည်။ ဆင်ခြင်၍ မနိုင်လျှင် ဤမျှဆိုးသွမ်းတတ်သော ရာဂဖြစ်ပေသည်။

မိန်းကလေးသေဆုံး၍ သဂြိုဟ်ပြီးကာလ မိန်းကလေးဝတ်ဆင်သော အထည်တို့ကို နေရာခင်းချုပ်၍ မိမိတို့၏ သမီးခင်မင်သော သမဏေအား သွားရောက်လှူဒါန်းကြ၏။ သာမဏေသည် နေရာခင်းအထည်ကိုကြည့်၍ ဤကဲ့သို့ သိမ်မွေ့နူးညံ့ကောင်းမွန်သော အထည်အဝတ်တို့ကို ဝတ်ရုံသော မိန်းကလေးကို မရလိုက်လေခြင်းဟု ဒေါမနဿဖြစ်ကာ ဒေါသမီးလောင်၍ သာမဏေသေဆုံးပြန်သည်။ ဤမျှ ဒုက္ခပေးသော ကာမဂုဏ်များဖြစ်သည်။

ရုပါရုံသာမဟုတ်သေး၊ သဒ္ဒါရုံသည်လည်း ဆိုးရွားသည်ပင်ဖြစ်သည်။ သီရိလင်္ကာ၌ ပုထုဇဉ်အဖြစ်နှင့် အဘိညာဏ်ရ၍ ကောင်းကင်၌ သွားလာနိုင်သော သာမဏေ တစ်ပါးသည် အခါတစ်ပါး၌ ကောင်းကင်၌သွားနေရင်း ကြာအိုင်အတွင်း၌ ကြာပန်းခူးနေသော မိန်းကလေး၏သီချင်းသံ၌ တပ်မက်သာယာသော တဏှာလောဘစိတ် သရာဂစိတ်ဖြစ်၍ ဈာန်ပျက်ကာ လူ့ဘဝသို့ရောက်၍ မျက်စိတစ်ဘက်ပျက်သော မိန်းကလေး၏ခင်ပွန်းဖြစ်ခဲ့လေသည်။ သို့ကြောင့် အာရုံမှန်သမျှတို့၌ ရာဂစိတ်, ဒေါသစိတ် စသည်တို့ မဖြစ်ကြရအောင် ဖြစ်ပေါ်လာသောစိတ်ကို စိစစ်ဆင်ခြင်၍ သိအောင်ပြုကာ သရာဂစိတ် စသော မကောင်းသော အကုသိုလ်စိတ်ဖြစ်လျှင် တစ်ဖန်ထပ်၍မဖြစ်စေရန် သတိမူသင့်လှပေသည်။

နောက်က ပြဆိုခဲ့ပြီးသော သံခိတ္တစိတ်ဆိုသည်မှာ ကောင်းမှု ကောင်းလုပ်တို့၌ တွန့်တိုဆုတ်နစ်သောစိတ်ဖြစ်သည်။ ဘုရားရှိခိုးရမည်ကို ပျင်းရိခြင်း, မထက်သန်ခြင်း, ဝီရိယပျော့ခြင်း, ထိုင်းမှိုင်းခြင်း,တွေဝေခြင်းတို့သည် သံခိတ္တစိတ်ပင်ဖြစ်သည်။ ပိဋကစာပေသင်ကြားခြင်း, သမထဝိပဿနာပွားများခြင်းတို့၌ ထက်သန်မှုမရှိခြင်း, ဝီရိယနည်းပါးခြင်း, ငိုက်မျဉ်းခြင်းတို့သည်လည်း သံခိတ္တစိတ်တို့ပင် ဖြစ်သည်။ ယင်းသို့သော သံခိတ္တစိတ်မျိုးဖြစ်လျှင် ထိုစိတ်တို့ကို သိရှိဆင်ခြင်ကာ ပယ်၍ ထက်သန်အားရှိ ဝီရိယတင်းပြည့်ဖြစ်အောင် ပွားများအားထုတ်ရမည်။

ထို့အတူ ပျံ့လွင့်သောသဘောရှိသော ဝိက္ခိတ္တစိတ်ဖြစ်လျှင် ထိုထိုအာရုံတို့၌ မပျံ့ သွားစေမူ၍ အာရုံ၌ မဝေခွဲနိုင်၊ ဟိုလို သည်လို မတည်မငြိမ်ဖြစ်နေသော ဝိက္ခိတ္တစိတ်ကို ဖမ်းယူထိန်းသိမ်း၍ မိမိထားလိုသော ကောင်းသော သမထ, ဝိပဿနာအာရုံ တစ်ခုခု၌ ထားခြင်းဖြင့် တည်ငြိမ်သောစိတ်ကိုဖြစ်စေရမည်။

ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ၊
အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။

ဝိမုတ္တံ ဝါ စိတ္တံ၊ ကိလေသာတို့မှ လွတ်မြောက်သော စိတ်ရှိသည်ကိုမူလည်း။ ဝိမုတ္တံ စိတ္တန္တိ၊ ကိလေသာတို့မှ လွတ်မြောက်သောစိတ်ရှိသည်ဟူ၍။ ပဇာနာတိ၊ သိ၏။ အဝိမုတ္တံ ဝါ စိတ္တံ၊ ကိလေသာတို့မှ မလွတ်မြောက်သော စိတ်ရှိသည်ကိုမူလည်း။ အဝိမုတ္တံ စိတ္တန္တိ၊ ကိလေသာတို့မှ မလွတ်မြောက်သော စိတ်ရှိသည်ဟူ၍။ ပဇာနာတိ၊ သိ၏။

## စိတ်စင်ကြယ်မှ ဝိမုတ္တ

ဤအရာ၌ ကိလေသာတို့မှ လွတ်မြောက်သော စိတ်ဟူသော ဝိမုတ္တသည်-

၁။ တဒင်္ဂ ဝိမုတ္တ၊

၂။ ဝိက္ခမ္ဘန ဝိမုတ္တ၊

၃။ သမုစ္ဆေဒ ဝိမုတ္တ၊

၄။ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တ၊

၅။ နိဿရဏ ဝိမုတ္တ - အားဖြင့် ကိလေသာတို့မှ လွတ်မြောက်ခြင်း ၅-မျိုးရှိရာ ဤဝိမုတ္တအရာ၌ တဒင်္ဂဝိမုတ္တ, ဝိက္ခမ္ဘနဝိမုတ္တတို့သာ ဖြစ်သည်၊ သမုစ္ဆေဒဝိမုတ္တ စသော ဝိမုတ္တတို့၏အရာမဟုတ်ချေ။

ဤသို့လျှင် သရာဂစိတ်ဖြစ်လျှင်လည်း မိမိသန္တာန်၌ သရာဂစိတ်ဖြစ်သည်။ ဝီတရာဂစိတ်ဖြစ်လျှင်လည်း ဝီတရာဂစိတ်ဖြစ်သည်ဟု ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်ကို သိမ်းဆည်းဆင်ခြင်ရမည်။ ရံခါ၊ မိမိစိတ်ကို ဆင်ခြင်ရမည်၊ ရံခါ သူတစ်ပါးစိတ်ကို ဆင်ခြင်ရမည်။ သူတစ်ပါးစိတ်ကို ဆင်ခြင်ရာ၌ ထိုသူ၏မျက်နှာရိပ် မျက်နှာကဲကိုမြင်သဖြင့် ထိုသူသန္တာန်၌ ရာဂစိတ်ဖြစ်နေသည် ဟူ၍လည်းကောင်း၊ သို့မဟုတ် ဝီတရာဂစိတ် ဖြစ်နေသည်ဟူ၍လည်းကောင်း အကဲခတ်၍ မှန်းဆကာသိရှိနိုင်သည်။ ထို့အတူ ဒေါသဖြစ်နေလျှင် ဒေါသစိတ်ဖြစ်နေသည်ဟူ၍လည်းကောင်း၊ ဝီတဒေါသစိတ်- ဒေါသကင်းသောစိတ်ဖြစ်နေလျှင်လည်း ဒေါသကင်းသောစိတ်ဖြစ်နေသည်ကို သိမ်းဆည်းဆင်ခြင်ရမည်။ ရံခါ မိမိစိတ်ကို ဆင်ခြင်သိရှိ၍ ရံခါသူတစ်ပါးစိတ်ကို ဆင်ခြင်သိရှိရမည်။ သူတစ်ပါး၏ ဒေါစိတ်ကိုသိရှိရန်မှာလည်း ထိုသူ၏ မျက်နှာရိပ် မျက်နှာကဲကိုမြင်သဖြင့် ထိုသူသန္တာန်၌ ဒေါသစိတ်ဖြစ်နေသည်ကို သိနိုင်သည်။

မိမိသန္တာန်၌ ဖြစ်သောစိတ်ကိုလည်းကောင်း၊ သူတစ်ပါးသန္တာန်၌ဖြစ်သောစိတ်ကိုလည်းကောင်း ဤစိတ်တို့သည် ရာဂဖြစ်ဖွယ်အကြောင်း ပေါ်ပေါက်လာသည့်အခါ၌ သရာဂစိတ်ဖြစ်ကြသည်၊ ရာဂဖြစ်ကြောင်း ချုပ်သောအခါ သရာဂစိတ်တို့သည် ချုပ်ငြိမ်းကြသည်။ ထို့အတူ ဒေါသဖြစ်ဖွယ်အကြောင်း ပေါ်ပေါက်လာသည့်အခါ၌ သဒေါသစိတ်ဖြစ်ကြသည်။ ဒေါသဖြစ်ကြောင်း ချုပ်သောအခါ သဒေါသစိတ်တို့သည် ချုပ်ငြိမ်းကြသည် စသည်ဖြင့် ဆင်ခြင်ပွားများကြရမည်။

ထိုစိတ်တို့၏ ဖြစ်ပေါ်ခြင်း သမုဒယသဘောကိုလည်း ဆင်ခြင်ရမည်၊ ထိုစိတ်တို့၏ပျက်ခြင်း, ပျောက်ကွယ်ခြင်း ဝယသဘောကိုလည်း ဆင်ခြင်ရမည်၊ အဖြစ်အပျက်

သဘောကိုမှုလည်းဆင်ခြင်ရမည်။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်ကြ၍ အကြောင်းချုပ်က ချုပ်ပျောက်ခြင်းသဘောရှိသော စိတ်သာလျှင်ဖြစ်ပေသည်ဟုဆင်ခြင်ဖန်များလျှင် စိတ်၌ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာလေသည်၊ စိတ်၌ ငြိုးငွေ့လာပေသည်၊ တပ်မက်နှစ်သက် သာယာသောသဘော ကင်းပါးလာလေသည်၊ စိတ်၏ တည်မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်မှ အစပြု၍ ကရဇကာယရုပ်စုကြီး၌ ငြီးငွေ့လာပေသည်။ ထိုအခါ စိတ်နှင့်တကွ စိတ်၌ ယှဉ်ကြသော စေတသိက်တရားဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တို့၌လည်းကောင်း, ရုပက္ခန္ဓာတို့၌လည်းကောင်း ခန္ဓာငါးပါးလုံး၌ တွယ်တာတပ်မက် နှစ်သက်သာယာခြင်းကင်းကာ ငြီးငွေ့ခြင်းဖြစ်သဖြင့် လောက၌(ခန္ဓာလောက၌) တစ်စုံ တစ်ရာ စွဲလမ်းခြင်း ဥပါဒါန်တို့မှ ကင်းလွတ်လေတော့သည်။ ဤသို့လျှင် ဥပါဒါန်တို့မှ ကင်းလွတ်သည့်တိုင်အောင် စိတ္တာနုပဿနာဘာဝနာကိုပွားများအပ်ပေသည်၊ ပွားများနိုင်ကြ ပါစေကုန်သတည်း။

သရာဂစိတ်, ဝီတရာဂစိတ် အစရှိသည်ဖြင့် မိမိသန္တာန်၌ ဖြစ်ပေါ်သောစိတ်တွေကို သိမ်းဆည်းသောသတိသည်ဒုက္ခသစ္စာဖြစ်သည်။ ဒုက္ခသစ္စာဖြစ်ကြောင်းဖြစ်သော ရှေး အဖို့ကဖြစ်သော တဏှာလောဘသည် သမုဒယသစ္စာဖြစ်သည်။ ဒုက္ခသစ္စာ, သမုဒယ သစ္စာတို့၏ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာဖြစ်သည်။ ဒုက္ခသစ္စာကို ဒုက္ခသစ္စာအဖြစ်ဖြင့် သိရှိခြင်း၊ ယင်းဒုက္ခသစ္စာ၏အကြောင်းဖြစ်သော သမုဒယသစ္စာကို ပယ်ခြင်း၊ ဒုက္ခသမုဒယ တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာဖြစ်သည်။ ဤသို့လျှင် စိတ္တာနုပဿနာဘာဝနာကို ပွားများသောယောဂီသည် စိတ္တာနုပဿနာ ဘာဝနာကို ပွားများဆင်ခြင်ဖန် များသောအခါ သစ္စာလေးပါးတို့ကို ကိုယ်တိုင်ဒိဋ္ဌသိမြင်၍ သန္ဒိဋ္ဌိကဂုဏ်, အကာလိကဂုဏ်တို့နှင့် ပြည့်စုံသော အရိယာအဖြစ်သို့ ရောက်နိုင်ကြပေ သည်။ ရောက်သည်တိုင်အောင်လည်း အားထုတ်နိုင်ကြပါစေကုန်သတည်း။

ယခုပြဆိုခဲ့သော စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတော်သည် ညစ်နွမ်း ကုန်သော ရာဂအစရှိသော ကိလေသာတို့မှလည်းကောင်း, အဘိဇ္ဈာ ဗျာပါဒ အစရှိသော ကိလေသာအညစ်အကြေးတို့မှလည်းကောင်း သတ္တဝါတို့၏ သန္တာန်၌ သန့်ရှင်းစင်ကြယ် စေခြင်းငှာ မြတ်စွာဘုရားဟောတော်မူခြင်းဖြစ်သည်။ ရှေးရှေးအခါကာလက ပွင့်တော်မူ ကုန်ပြီးသော ဘုရားရှင်တို့သည် လည်းကောင်း, ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း အရေအတွက်အားဖြင့် ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် မြားမြောင်လှစွာကုန်သော အရိယာသာဝကတို့သည်လည်းကောင်း အလုံးစုံသောပုဂ္ဂိုလ်တို့သည် ဤစိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတော်ဖြင့် စိတ်၏အညစ်အကြေးတို့ကို သုတ်သင်ရှင်းလင်းကာ အလွန် သန့်ရှင်း စင်ကြယ်ခြင်းသို့ ရောက်တော်မူကြလေကုန်ပြီ။

အမှန်တရား ကောယန-ဟု ဆိုအပ်သော သတိပဋ္ဌာန်တရားကို မသိမမြင် ကြကုန်သော အန္ဓပုထုဇဉ်တို့သည်ကား ရုပ်စင်ကြယ်လျှင် ကိလေသာတို့မှ စင်ကြယ် သည်ဟု မှားယွင်းဖောက်ပြန်သော အယူအမြင်ဖြင့် ဂင်္ဂါမြစ်၌ ရေချိုးခြင်း, ကိုယ်၏ အညစ်အကြေးကို ဆေးကြောခြင်းဖြင့် ကိလေသာအညစ်အကြေးတွေ သန့်ရှင်းစင်ကြယ် သည်ဟု မိစ္ဆာအယူကို ယူကြလျက် ရုပ်စင်ကြယ်မှုကို ပြုလုပ်ကြကုန်၏။ ထိုအယူအမြင်များ မှားယွင်းသည်ကို-

ရူပေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။
ရူပေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။

သတ္တဝါတို့သည် ရုပ်ညစ်နွမ်းလျှင် ကိလေသာတွေ ညစ်နွမ်းကြကုန်၏။ ရုပ်စင်ကြယ်လျှင် သတ္တဝါတွေ ကိလေသာမှ စင်ကြယ်ကြကုန်၏--- ဟူ၍ တရားတော်၏ အများအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူခြင်းမရှိပေ၊ ဝါ-မဟောခဲ့ပေ။

ဟောခဲ့သည်မှာကား-

စိတ္တေန သံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။
စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိ ဝုတ္တံ မဟေသိနာ။

သတ္တဝါတို့သည် စိတ်သန့်ရှင်း စင်ကြယ်သဖြင့်သာလျှင် ကိလေသာတို့မှ စင်ကြယ်ကြကုန်၏။ စိတ်သည် ကိလေသာတို့မှ စင်ကြယ်သည်ရှိသော် စင်ကြယ်ခြင်းအစစ်ဖြစ်ကြကုန်၏ ဟူ၍သာ မြတ်စွာဘုရား ဟောတော်မူခဲ့သည်။

စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊
စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ။

ရဟန်းတို့ စိတ်ညစ်နွမ်းလျှင် သတ္တဝါတွေ ညစ်နွမ်းကြသည်၊ စိတ်ဖြူစင်မှသာ သတ္တဝါတွေ သန့်ရှင်းဖြူစင်သည်ဟု မြတ်စွာဘုရား တိုက်ရိုက် ဟောကြားတော်မူသည်။ သို့ဖြစ်၍ စိတ်၌ ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်ဖို့အရေးသည် မိမိစိတ်ကိုမိမိ မပြတ်ကြည့်ရှုဆင်ခြင်၍ သရာဂစိတ်စသော ညစ်ကြေးသောစိတ် မဖြစ်စေရန်၊ ကိလေသာ အညစ်အကြေးမကပ်ရောက်နိုင်စေရန်အတွက် စိတ္တာနုပဿနာကို ပွားများအားထုတ်ကြရမည် ဖြစ်သည်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားသည် သတ္တဝါတို့ သန္တာန်၌ ကိလေသာ အယုတ်တရားတို့မှလွတ်ကင်း၍ သန့်ရှင်းဖြူစင်သော အရိယာစိတ်ဖြစ်သည်သာ မဟုတ်သေးပေ၊ သောကဖြစ်နေသော သတ္တဝါတို့၌ ယင်းသောကမှလည်း လွတ်မြောက်စေသည်၊ ပရိဒေဝမီး တောက်လောင်နေသော သတ္တဝါတို့၌ ယင်းပရိဒေဝမီးကိုလည်း ငြိမ်းစေသည်၊ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း ဖြစ်နေသော သတ္တဝါတို့၏ ဒုက္ခဒေါမနဿတို့ကို ချုပ်ပျောက်ကင်းလွတ်စေသည်။ ထိုမျှသာမဟုတ်သေးပေ၊ စိတ္တာနုပဿနာကို ပွားများလေ့လာသော ပုဂ္ဂိုလ်သည် ဉာယ-ဟု ဆိုအပ်သော အရိယာမဂ္ဂင်ရှစ်ပါးတရားကိုရသော အကျိုးလည်းရှိ၏၊ ဝါန-ဟု ဆိုအပ်သောတဏှာမှ ကင်းလွတ်ခြင်းကြောင့် နိဗ္ဗာန်ဟူ၍ အမည်ထူးကိုရရှိသော သေခြင်းကင်းငြိမ်းရာ အမတအငြိမ်းတရားကိုလည်း မျက်မှောက်ထင်ထင် ရရှိခြင်းအကျိုးရှိပေသည်။ ဤသို့လျှင် များပြားကောင်းမြတ်လှသော အကျိုးထူးတို့ကို ရစေတတ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတော်ကို ပွားများအားထုတ်အပ်ပေသည်၊ ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

## နိဂုံး

ကတံ စိတ္တာနုပဿနံ၊ သာဓုကံ ဗုဒ္ဓဒေသိတံ။
သကာယ မြန်မာ့ဘာသာယ၊ စိတ္တံ စိတ္တံ ဂုဏာသယံ။
ပုညမိဒံ မယာ ကတံ၊ နိဗ္ဗာနပစ္စယော ဘဝ။
ဘာဂံ ပုညဿ သဗ္ဗေသံ၊ သတ္တာနံ ဟောတု သမကံ။

သာဓုကံ၊ ကောင်းစွာ။ ဗုဒ္ဓဒေသိတံ၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားအပ်သော။ စိတ္တံ စိတ္တံ ဂုဏာသယံ၊ ဆန်းကြယ်သည်ထက် ဆန်းကြယ်သော ဂုဏ်တို့၏ တည်ရာဖြစ်သော။ စိတ္တာနုပဿနံ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန် တရားတော်ကို။ သကာယ မြန်မာ့ဘာသာယ၊ ကိုယ်ပိုင်ဥစ္စာဖြစ်သော မြန်မာ့ဘာသာဖြင့်။ မယာ၊ ငါသည်။ ကတံ၊ ရေးသားအပ်လေပြီ။

မယာ၊ ငါသည်။ ကတံ၊ ရေးသားအပ်သော။ ဣဒံ ပုညံ၊ ဤဓမ္မဒါန ကောင်းမှုသည်။ နိဗ္ဗာနပစ္စယော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အထောက်အပံ့သည်။ ဘဝ–ဘဝတု၊ ဖြစ်ပါစေသတည်း။ ပုညဿ။ ဓမ္မဒါနကောင်းမှု၏။ သမကံ၊ ညီမျှသော။ ဘာဂံ၊ အဖို့ ဘာဂသည်။ သဗ္ဗေသံ သတ္တာနံ၊ ခပ်သိမ်းကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား။ ဟောတု၊ ရကြသည်ဖြစ်ပါစေသတည်း။

အရှင်ပဏ္ဍိတမထေရ်

ရွှေဟင်္သာဆရာတော်
ရွှေဟင်္သာတိုက်သစ်– စစ်ကိုင်းတောင်ရိုး
စစ်ကိုင်းမြို့။

၁၃၄၃–ခုနှစ်၊ နယုန်လပြည့်ကျော် ၇–ရက်၊
ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီ ပြီးသည်။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်
ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတထေရ်

စီရင်ရေးသားအပ်သော

# ဓမ္မာနုပဿနာသတိပဋ္ဌာန်



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မဟာသတိပဋ္ဌာန်တရားတော်နိဒါန်း | ၂၈၃ |
| ၂။ | စိတ်စင်ကြယ်မှုရရှိခြင်း | ၂၈၇ |
| ၃။ | ကိုယ်ဆင်းရဲမှု ငြိမ်းချမ်းခြင်း | ၂၈၈ |
| ၄။ | စိတ်ဆင်းရဲမှု ငြိမ်းချမ်းခြင်း | ၂၈၈ |
| ၅။ | လောကုတ္တရာမဂ္ဂင်ရရှိခြင်း | ၂၉၀ |
| ၆။ | နိဗ္ဗာန်ရရှိခြင်း | ၂၉၀ |
| ၇။ | မဏောမနှင့် ပဋိညာဉ် | ၂၉၃ |
| ၈။ | သတိပဋ္ဌာန်တရားတော် လေးပါး | ၂၉၄ |
| ၉။ | နီဝရဏပဗ္ဗ–နီဝရဏပိုင်း | ၂၉၅ |
| ၁၀။ | ကာမစ္ဆန္ဒနီဝရဏကို ပယ်သတ်နည်း | ၃၀၃ |
| ၁၁။ | ရောဂါကင်းခြင်း အိုခဲခြင်း | ၃၀၄ |
| ၁၂။ | ဗျာပါဒနီဝရဏကို ပယ်သတ်နည်း | ၃၀၆ |
| ၁၃။ | မေတ္တာအကျိုး–၁၁မျိုး မြန်မာကဗျာ | ၃၁၀ |
| ၁၄။ | ထိနမိဒ္ဓနီဝရဏ ပယ်သတ်ပုံ | ၃၁၂ |
| ၁၅။ | မိတ်ဆွေကောင်း ကျေးဇူးများပုံ | ၃၁၅ |
| ၁၆။ | ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ပယ်သတ်ပုံ | ၃၁၆ |
| ၁၇။ | ဝိစိကိစ္ဆာနီဝရဏ ပယ်သတ်ပုံ | ၃၁၈ |
| ၁၈။ | နီဝရဏပိုင်းနိဂုံးအုပ် | ၃၂၂ |
| ၁၉။ | ခန္ဓပဗ္ဗ ခန္ဓာပိုင်း | ၃၂၄ |
| ၂၀။ | ဥပါဒါနက္ခန္ဓာ | ၃၂၄ |
| ၂၁။ | အတ္တဝါဒုပါဒါန်(၂၀) | ၃၂၇ |
| ၂၂။ | ခန္ဓာတို့ကိုပြခြင်း | ၃၂၉ |
| ၂၃။ | အာယတန ပဗ္ဗ အာယတနပိုင်း | ၃၃၄ |
| ၂၄။ | ဗောဇ္ဈင်္ဂပဗ္ဗ–ဗောဇ္ဈပိုင်း | ၃၄၁ |

| | | |
|---|---|---|
| ၂၅။ | ဗောဓိခုနှစ်ပါး | ၃၄၁ |
| ၂၆။ | ဗောဓိ၏တည်ရာအာဟာရများ | ၃၄၆ |
| ၂၇။ | အဆက်ဆက်ဖြစ်ပေါ်ပုံ ပွားများပုံ | ၃၄၈ |
| ၂၈။ | အကျိုးကျေးဇူး ခုနစ်ပါး | ၃၅၀ |
| ၂၉။ | ဗောဓိနှင့်ပုဂ္ဂိုလ် | ၃၅၁ |
| ၃၀။ | ဗောဇ္ဈင်ဘာဝနာပွားပုံ | ၃၅၄ |
| ၃၁။ | သစ္စပဗ္ဗ သစ္စာပိုင်း | ၃၅၆ |
| ၃၂။ | သစ္စာလေးပါးအကျဉ်း | ၃၅၆ |
| ၃၃။ | သစ္စာလေးပါးအကျယ် | ၃၅၇ |
| ၃၄။ | ဇာတိဒုက္ခ | ၃၅၇ |
| ၃၅။ | ဇရာဒုက္ခ | ၃၆၀ |
| ၃၆။ | မရဏဒုက္ခ | ၃၆၀ |
| ၃၇။ | ဒုက္ခသစ္စာ | ၃၆၁ |
| ၃၈။ | သမုဒယသစ္စာ | ၃၆၄ |
| ၃၉။ | ပိယရူပ်သာတရူပ် ရှင်းလင်းချက် | ၃၆၆ |
| ၄၀။ | နိရောဓသစ္စာ | ၃၇၀ |
| ၄၁။ | မဂ္ဂသစ္စာ | ၃၇၂ |
| ၄၂။ | မဂ္ဂသစ္စာနိဂုံး | ၃၇၆ |
| ၄၃။ | သတိပဋ္ဌာန်လေးပါးတရားတော်ကို ပွားများခြင်း၏အကျိုးကျေးဇူး | ၃၇၇ |
| ၄၄။ | ကျမ်းပြီးနိဂုံး | ၃၇၈ |

# ကျမ်းဦးအမှာ(၁)

ဤဓမ္မာနုပဿနာကျမ်းနှင့်စပ်၍ ကျမ်းစာကို ဖတ်ရှုကြသော ပရိသတ်တို့ ကြိုတင်သိရှိကြရန် ရေးသားလိုသည်မှာ-

၁။ ကျမ်းပြုပုဂ္ဂိုလ်၏အခြေအနေ၊

၂။ ကျမ်းစာ၏အရည်အချင်း - ဤနှစ်မျိုးကိုပင် သိရှိစေလိုခြင်းဖြစ်ပါသည်။

၁။ ကျမ်းပြုပုဂ္ဂိုလ်၏ အခြေအနေ

ကျေးဇူးတော်ရှင် ရွှေဟသ်ာဆရာတော်ဘုရားကြီးသည် ဤ ဓမ္မာနုပဿနာကျမ်းစာကို ရေးသားတော်မူစဉ်အခါ၌ အသက်တော်သည် ၉၀-နှစ်နှင့် ၆-လ ရှိနေပါပြီ။ ဤမျှသက်တော်ရွယ်တော် ကြီးမြင့်တော်မူပါသော်လည်း ရွှေဟသ်ာဆရာတော်ကြီးသည် မျက်မှန်မဆောင်ရပဲ ပကတိကြည်လင်ကောင်းမွန်သော မျက်လုံးတော်များ ရှိပါသည်။ နားတော်မှာလည်း လေးသည် ထိုင်းသည်ဟု မဆိုလောက်ပါ။

သွားတော်များမှာမူကား ပကတိသွားကောင်းများအတိုင်းရှိပါသည်။ ဉာဏ်အားသတိအားတို့သည်လည်း ချွတ်ယွင်းမှုမရှိပဲ ကောင်းဆဲပင် ဖြစ်ပါသည်။ ခါးကိုင်းခြင်းလုံးဝမရှိ၊ ဖြောင့်စင်းသော ရုပ်ကာယ ရှိတော်မူပါသည်။

ရွှေဟသ်ာဆရာတော်ကြီးသည် စာကြည့် စာရေးခြင်း၌ အထူးသဖြင့် ဝါသနာရှိပါသည်။ ရေးပြီးသော ကျမ်းစာပေါင်း ၃၀-ကျော်ရှိကြောင်း သိရပါသည်။ စာမျက်နှာ၊ ၃၀၀-၆၀၀-၈၀၀-ကျော်ရှိသော ရွှေကျင်နိကာယသာသနာဝင်အကျဉ်း၊ ရွှေကျင်နိကာယသာသနာဝင်အကျယ်၊ ဝိနယပိဋကမဟာဝဂ္ဂပါဠိတော်ကို အဓိပ္ပာယ်ရှင်းလင်းချက်နှင့်တကွ မြန်မာပြန်ကျမ်း၊ ကျောင်းတော်ရာဆေရှပ္ပတ္တိဒီပနီကျမ်းတို့လည်း ပါဝင်ပါသည်။ အများအားဖြင့် ဆောင်ယူလွယ် ကြည့်ရှုလွယ်သော ကျမ်းစာငယ်တို့ကိုသာလျှင် ရေးသားပြုစုခြင်းများပါသည်။

ရွှေဟသ်ာဆရာတော်ကြီး၌ နှလုံးသွင်းရှိတော်မူသည်မှာ စာဖတ်သူတို့ ကြည့်ရှုလွယ်ကူစေရန်နှင့် ကြည့်ရှုလိုစိတ်ဖြစ်စေရန် နှလုံးသွင်းတော်မူ၍ ကျမ်းစာအငယ်စား အိတ်ဆောင်ကျမ်းစာတို့ကိုသာလျှင် အများအားဖြင့်ရေးတော်မူလေ့ရှိပါသည်။

**ဝါသနာ** ရွှေဟသာဆရာတော်ကြီး၏ ဝါသနာသည် စကားနည်းသည်၊ စကားနည်းနည်းဖြင့် ကိစ္စပြီးအောင် ပြောလေ့ပြောလေ့ရှိသည်။ အခြားသူများက ပြောလျှင်လည်း ချဲ့ထွင်သွယ်ဝိုက်၍ ပြောခြင်းကို မနှစ်သက်၊ စကားထက် အလုပ်ကိုသာ ပဓာနပြု၍ စွမ်းနိုင်သမျှ ပြုလုပ်ဆောင်ရွက်လေ့ရှိသည်။ စာရေးသောအခါ၌လည်း စကားလုံးနည်းနည်းဖြင့် အဓိပ္ပာယ်ပေါ်အောင် ကျဉ်းကျဉ်းဖြင့် သိရှိနားလည်အောင် ရေးသားလေ့ရှိသည်။

ဤသို့ဝါသနာရှိခြင်းကြောင့်လည်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ကျမ်းစာကိုလည်း ကျဉ်းကျဉ်းနှင့် စာဖတ်သူတို့သိရှိအောင်, နားလည်အောင် တတ်နိုင်သမျှ ရှင်းရှင်းရေးသားတော်မူသည်ကို တွေ့ရပါသည်။ သို့သော် ဓမ္မာနုပဿနာ တရားတော်သည် လေးနက်သော တရားသဘောတို့သာလျှင် များသည်ဖြစ်သောကြောင့် ဓမ္မပဋိဂ္ဂါဟက စာရှုသူတို့သည်ကား ဂရုပြု၍ အာရုံစိုက်ကြည့်ရှုရမည့်သဘောရှိပါသည်။

၂။ ကျမ်းစာ၏အရည်အချင်း

ကျမ်းစာ၏ အရည်အချင်းမှာမူကား – ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကိုယ်ကိုက လေးနက်၍တရားသဘောသက်သက်တို့သာလျှင်ဖြစ်သောကြောင့် ဤဓမ္မာနုပဿနာကျမ်းသည်လည်း လေးနက်သောကျမ်းစာဖြစ်သည်ဟုပင် ဆိုရပါမည်။

ယင်းသို့လျှင် လေးနက်သော ဓမ္မာနုပဿနာတရားသဘောတို့ကို ရွှေဟသာဆရာတော် ဘုရားကြီးသည် စာဖတ်ရှုသူတို့ နားလည်သဘောပေါက်အောင် စွမ်းနိုင်သမျှ ရေးသားတော်မူသည်ကို တွေ့မြင်သိရှိရပါသည်။

သို့ဖြစ်၍ ပြဆိုခဲ့သော ကျမ်းပြုဆရာတော်ကြီး၏ အခြေအနေကိုလည်းကောင်း၊ ကျမ်းစာ၏အရည်အချင်းကိုလည်းကောင်း ကြိုတင်သိရှိကြပြီးလျှင် ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်ကို ဉာဏ်စိုက်၍ ကြည့်ရှုမှတ်သားလေ့လာပွားများ အားထုတ်ကြသည်ဖြစ်၍ နိရောဓသစ္စာကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်ကြပါစေဟု၍ ပတ္ထနာပြုရပါသတည်း။

အရှင်ဣသရိယာဘိဝံသ
ဝိသုဒ္ဓါရုံရှေဦးကျောင်းတိုက်၊
အမရပူရမြို့။
၁၃၄၆–ခုနှစ်၊ ဝါခေါင်လဆန်း (၅)ရက်။
(၁–၈–၈၄)

# ကျမ်းဦးအမှာ(၂)

ဤကျမ်းသည် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အနုပဿနာကျမ်းများတွင် စတုတ္ထအနုပဿနာကျမ်းဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် သာယာတိတ်ဆိတ်ငြိမ်းချမ်းသော ကျောင်းကန်ရိပ်တွင်သီတင်းသုံးတော်မူပြီး တပည့်ပရိသတ်အား စာပေပို့ချဟောပြောဆုံးမမှု ပရိယတ္တိတာဝန်ကိုဆောင်ရွက်ရင်း တစ်ဖက်မှ နှလုံးသွင်းတရားကို ရှုမှတ်ဆင်ခြင်ပွားများမှု ပဋိပတ္တိအလုပ်ကို အားထုတ်တော်မူသည်။

ဆရာတော်ဘုရားကြီး၏ နှလုံးသွင်းတရားမှာ သတိပဋ္ဌာန ဘာဝနာတရားဖြစ်နိုင်ပါသည်။ သတိပဋ္ဌာနဘာဝနာဟူသည် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့အပေါ် အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ အနေအထားဖြင့် ရှုမြင်တတ်သော ဝိပဿနာသတိကို ဖြစ်ပွားစေခြင်းပင်တည်း။

ဗုဒ္ဓမြတ်စွာသည် သတိပဋ္ဌာနဘာဝနာနှင့်စပ်လျဉ်း၍ သတိပဋ္ဌာန် ၄-ပါး ခွဲခြားဟောတော်မူခဲ့၏။ ပုထုဇဉ်တို့သည် ဝိပဿနာသတိ မရှိကြသည့်အတွက် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့ကို သုဘ, သုခ, နိစ္စ, အတ္တ အသွင် လွဲမှားစွာ ရှုမြင်လျက် ရှိကြ၏။ ထိုသို့လွဲမှားစွာရှုမြင်မှု (ဝိပလ္လာသ)ကို ပယ်ဖျောက်နိုင်ရန်အတွက် ဝိပဿနာသတိကို ပွားစေရမည်ဖြစ်သည်။

ချဲ့ဦးအံ့၊ လူ၏ ရူပကာယအစိတ်အပိုင်းများ၊ ၃၂-ကောဋ္ဌာသ အစုအဝေးများသည် ရွံဖွယ်အတိသာဖြစ်၍ လှပတင့်တယ်မှုမရှိပေ။ အပြင်မှ ဆင်ပြင်လိမ်းခြယ်မှုများကြောင့်သာ လှပတင့်တယ်ဟန်ရှိသော်လည်း ပြင်ဆင်လိမ်းခြယ်မှုများကို ဖယ်လိုက်ပါက လှပတင့်တယ်မှုမှန်သမျှ ကွယ်ပသွားသည်သာဖြစ်၏။ သို့ရာတွင် ပုထုဇဉ်များသည် ရူပကာယကို လှပတင့်တယ်သည့်အသွင် ရှုမြင်လွဲမှား သိမ်းပိုက်ထားကြသည်။ ဤသို့ ရူပကာယအပေါ် ရှုမြင်လွဲမှား ဝိပလ္လာသတရားကို ပယ်ဖျောက်နိုင်ရန် ကာယာနုပဿနာခေါ် ဝိပဿနာသတိကို ပွားစေရမည်ဖြစ်သည်။

လူတို့စိတ်တွင် ပါဝင်သည့် ခံစားချက်ဝေဒနာမှန်သမျှ ဒုက္ခနယ်မှမလွတ်ကင်းကြပေ။ သို့ရာတွင် ပုထုဇဉ်တို့သည် ခံစားချက်ဝေဒနာကို သုခအသွင် ရှုမြင်လွဲမှားသိမ်းပိုက်ထားကြ၏။ ဤသို့ခံစားချက်ဝေဒနာအပေါ် ရှုမြင်လွဲမှားနေသော ဝိပလ္လာသတရားကို ပယ်ဖျောက်နိုင်ရန် ဝေဒနာနုပဿနာခေါ် ဝိပဿနာသတိကို ပွားစေရမည်ဖြစ်သည်။

လူ့စိတ်သည် ဖြစ်, တည်, ပျက် ခဏာယေသုံးချက်မျှသာ အသက်ရှည်၏။ မျက်တောင်တစ်ခတ်အတွင်း ကုဋေတစ်သိန်းခန့် ဖြစ်ပျက်၏။ ဖြစ်ပြီး ပျက်သွားတတ်သောကြောင့် အနိစ္စသာဖြစ်သည်။ သို့ရာတွင် ပုထုဇဉ်တို့သည် စိတ်ကို နိစ္စအသွင် ရှုမြင်လွဲမှား သိမ်းပိုက်ထားကြ၏။ ဤသို့ စိတ်အပေါ် ရှုမြင်လွဲမှားနေသော ဝိပလ္လာသတရားကို ပယ်ဖျောက်နိုင်ရန် စိတ္တာနုပဿနာ ခေါ် ဝိပဿနာသတိကို ပွားစေရမည် ဖြစ်သည်။

လူ့စိတ်တွင် ပါဝင်သည့် မှတ်သိမှု သညာ, စေ့ဆော်မှု သင်္ခါရဟူသော သဘောတရား(ဓမ္မ)များသည် မိမိအလိုကျ ဖြစ်စေနိုင်သော အတ္တများမဟုတ်ကြပေ။ သို့ရာတွင် ပုထုဇဉ်တို့သည် ဓမ္မများကို အတ္တအသွင်ရှုမြင်လွဲမှားသိမ်းပိုက်ထားကြ၏။ ဤသို့ဓမ္မများအပေါ် ရှုမြင်လွဲမှားနေသော ဝိပလ္လာသတရားကို ပယ်ဖျောက်နိုင်ရန် ဓမ္မာနုပဿနာခေါ်၊ ဝိပဿနာသတိကို ပွားစေရမည်ဖြစ်သည်။

မိမိသန္တာန်၌ ဝိပဿနာသတိဖြစ်ပွားတည်ရှိလာသည်နှင့်အမျှ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မများနှင့်စပ်လျဉ်း၍ ရှုမြင်လွဲမှားမှု ဝိပလ္လာသတရား တစ်စတစ်စ ပပျောက်သွားမည်သာ ဖြစ်သည်။ အမှားကင်းစင် အမှန်မြင်တတ်သည့် ဝိပဿနာဉာဏ်သည်လည်း ရင့်သန် ထက်မြက်လာမည်သာ ဖြစ်သည်။

သက်တော် ၉၀-ကျော်သည်အထိ ရွှေဟသ်ာဆရာတော်ဘုရားကြီးသည် သတိအား ဉာဏ်အား ထက်မြက်နေသည်မှာ ဝိပဿနာသတိကို ပွားစေခြင်းကြောင့်သာ ဖြစ်ရပါသည်။ မှန်ပါသည်၊ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာနသုတ်ကို လက်စွဲပြု၍ နှလုံးသွင်းတရား ရှုပွားတော်မူပါသည်။

မိမိကိုယ်တိုင်ရှုပွားသဖြင့် ရရှိလာသော ဓမ္မရသကို တပည့်ဒါယကာ ဒါယိကာမများတို့အား မျှဝေခံစားစေလိုသော မေတ္တာတော်ကို အရင်းခံ၍ အနုပဿနာကျမ်းများကို ရေးသားပြုစုတော်မူခြင်း ဖြစ်၏။

ဆရာတော်ဘုရားကြီးသည် သက်တော် ၉၀-ကျော်စတွင် ဤဓမ္မာနုပဿနာကျမ်းကို ကိုယ်တိုင်လက်ရေးဖြင့် ရေးသားပြုစုတော်မူပါသည်။ ဆရာတော်ဘုရားကြီး၏ လက်ရေးသည် မျဉ်းလွတ်ဖြောင့်မတ်၍ လှပသေသပ်မှုရှိသည်ကိုတွေ့ရပါသည်။ သက်တော် ၉၀-နှင့် ၆-လအရတွင် ဤဓမ္မာနုပဿနာကျမ်းကို နိဂုံးကမ္ပတ် အပြီးသတ်တော်မူပါသည်။

ဤမျှကြီးရင့်သည့် အရွယ်ပိုင်း၌ ကိုယ်တိုင်လက်ဖြင့် ကျမ်းတစ်စောင်တစ်ဖွဲ့ ရေးသားပြုစုနိုင်ခြင်း၊ မျက်စိမမှုန် လက်မတုန်ခြင်း၊ ကျမ်းပြုနိုင်လောက်အောင် သတိအား ဉာဏ်အား ထက်မြက်နေခြင်းတို့မှာ အတိတ်ဘဝတွင် ဆည်းပူးခဲ့သည့် သီလပါရမီထူးနှဖွဲ့

မျက်မှောက်ဘ၀တွင် ဆင်ခြင်ရှုမှတ်ပွားများအပ်သည့် ဝိပဿနာသတိပညာတို့၏ စွမ်းရည် ကြောင့်သာ ဖြစ်ရပါသည်။

မိမိတို့၏ ကာယ ,ဝေဒနာ, စိတ္တ, ဓမ္မများနှင့်စပ်၍ ရှုမြင်မှုမှန်ကန်၍ သတိအား ဉာဏ်အား ရင့်သန်ထက်မြက်စေလိုသည့်သူတော်စင်များသည် ဤမဟာသံဃာဆရာတော်ဘုရား ကြီး၏ အနုပဿနာကျမ်းများကို လေ့လာဖတ်ရှု၍ ဝိပဿနာသတိကို ဖြစ်ပွားစေကြပါဟု တိုက်တွန်းလိုပါသည်။

အရှင်နန္ဒမာလာဘိဝံသ

မဟာသုဗောဓာရုံကျောင်းတိုက်၊
စစ်ကိုင်းမြို့။
(၂၅-၇-၈၄)

# မဟာသတိပဋ္ဌာန်တရားတော်

## နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မဟာသတိပဋ္ဌာန်တရားတော်ကို မြတ်စွာဘုရားသည် မဇ္ဈိမဒေသ ကုရုတိုင်းပြည်၌ ဟောတော်မူသည်။ နောက်နောင်သောအခါကာလတို့၌ အခြားသော အရပ်ဒေသတို့၌လည်း ဟောတော်မူမည်ပင် ဖြစ်သည်။ အစဦးစွာ ဟောတော်မူသည်မှာကား ကုရုတိုင်းပြည်၌ ဟောတော်မူသည်ဟုယူသင့်ပေသည်။ အကြောင်းမူကား သတိပဋ္ဌာန်လေးပါးနှင့် လွတ်ကင်းသော တရားမရှိသောကြောင့် ဖြစ်၏။

ကုရုတိုင်းပြည်၌ ဟောတော်မူခြင်းကို အဋ္ဌကထာဆရာက ဤသို့ဆိုတော်မူသည်။ အဘယ်သို့ ဆိုတော်မူသနည်းဟူမူ-- ကုရုတိုင်းပြည်သည် ဥတုရာသီကောင်းမွန် မှန်ကန်သည်၊ ဥတုရာသီကောင်းမွန်မှန်ကန်သောကြောင့် လူတို့၌ ဥတုဇရုပ်ကောင်းမွန်သည်ကို အထောက် အပံ့ရကြသောကြောင့် ယေဘုယျအားဖြင့် ကုရုတိုင်းသူပြည်သားတို့သည် ဉာဏ်ပညာဘာန်ထက်မြက်ကောင်းမွန်ကြသည်။ ဉာဏ်ပညာဘာန် ထက်မြက်သော ကုရုတိုင်းသူတိုင်းသားတို့အား နက်နဲသောသဘောရှိသော မဟာသတိပဋ္ဌာန် တရားတော်ကို မြတ်စွာဘုရားဟောတော်မူသည်ဟု အဋ္ဌကထာဆရာ ဆိုတော်မူသည်။

လူတို့၏ ခန္ဓာသန္တာန်၌ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်အားဖြင့် ရုပ်လေးမျိုး ပေါင်းလျက်ရှိသည်။ ထိုရုပ်လေးမျိုးတို့သည် အသီးသီး ဆိုင်ရာဆိုင်ရာ အရေးပါသောရုပ်တို့ပင် ဖြစ်ကုန်၏၊ သို့ရာတွင် သူ့နေရာနှင့်သူဆိုသလို ဥတုဇရုပ်သည် သာ၍ အရေးကြီးသည်ဟုဆိုချင်သည်။ ဥတု စတုသမုဋ္ဌာနိကရူပါနံ ပဝတ္တိယာ ဝိနာသဿ စ ပစ္စယော ဟောတိ-ဟု အဋ္ဌကထာတို့၌ လာသောကြောင့် ဥတုသည် ဥတုဇရုပ်ကိုသာလျှင် ဖြစ်စေသည် ပျက်စေသည်မဟုတ်၊ ကံ,စိတ်,အာဟာရလျှင် အကြောင်းရင်းရှိသောရုပ်တို့ ကိုလည်း တိုးပွားစေတတ် ယုတ်လျော့ပျက်ပြားစေတတ်သော သဘောရှိလေသည်။ ဥတုကောင်းလျှင်ဥတုဇရုပ်ကောင်းသဖြင့် ဥတုဇရုပ်က

ထောက်ခံအားပေးခြင်းကို ရရှိသော ကမ္မဇရုပ်သည်လည်း အားကောင်းလာ၏၊ စိတ္တဇရုပ်သည်လည်း အားကောင်းလာ၏၊ အာဟာရဇရုပ်သည်လည်း အားကောင်းလာ၏။ ဥတုကောင်းမွန်မှန်ကန်သဖြင့် ဥတုဇရုပ် သက်သက်ဖြစ်သော ကောက်ပဲသီးနှံတို့သည်လည်း သြဇာအရသာပြည့်စုံစွာဖြင့် မွှဲ့ဖြိုး ထွားကြိုင်းစိုပြည်စွာ အသီးကောင်း, အနှံကောင်း ဖြစ်ကြကုန်၏။ သြဇာအရသာ ပြည့်ဝသော သစ်သီးဝလံအာဟာရတို့ကို စားသောက် သုံးဆောင်ကြရသော လူတို့သည် ကာယဗလ ဉာဏဗလနှင့် ပြည့်စုံကြရကုန်၏။ သို့ဖြစ်၍ ဥတုရာသီကောင်းမွန်၍ ဉာဏ်ပဋိဘာန် ရှိကြသော ကုရုတိုင်းသူပြည်သားတို့အား ဉာဏ်ပဋိဘာန်ရှိသူမှသာ လျင်စွာသိအပ်သော မဟာသတိပဋ္ဌာန်တရားတော်ကို ဟောတော်မူသည်ဟု ဆိုလိုသည်။

ထိုမှတစ်ပါးလည်း ကုရုတိုင်းပြည်သည် ရှေးအခါကာလကပင် မိုးလေဝသမှန်ကန် ဥတုရာသီကောင်းမွန်၍ ကောက်ပဲသီးနှံဖြစ်ထွန်း ဆန်ရေစပါးပြည့်စုံခြင်းကို အကြောင်းပြု၍ ကုရုတိုင်းသူပြည်သားတို့သည် ကုရုဓမ္မတရား၊ တစ်နည်းအားဖြင့် ဂရုဓမ္မတရားနှင့်ပြည့်စုံကြကုန်၏။ ကုရုဓမ္မ (ဂရုဓမ္မ)တရားဟူသည် အခြားမဟုတ်ပေ။ ငါးပါးသီလပင်တည်း။ ယင်းငါးပါးသီလကို ကုရုတိုင်းသူပြည်သားတို့ လိုက်နာကျင့်သုံးကြသောကြောင့် "ကုရုဓမ္မ" ဟု ဆိုသည်။ လူတို့သည် အလေးအမြတ်ပြု၍ ခါးဝတ်ပုဆိုးသဖွယ် အမြဲဂရုပြုကာကျင့်သုံး လိုက်နာအပ်သော တရားဖြစ်သောကြောင့် "ဂရုဓမ္မ"ဟူ၍လည်း ဆိုသည်။

ယင်းဂရုဓမ္မတရား ငါးပါးသီလနှင့် ပြည့်စုံကြသောကြောင့် ကုရုတိုင်းပြည်၌ မိုးလေဝသဥတုရာသီကောင်းသည်၊ ကောက်ပဲသီးနှံပြည့်စုံသည်။ သြဇာအရသာပြည့်ဝသော ကောက်ပဲသီးနှံတို့ကိုစားသောက်ကြရသော ပြည်သူတိုင်းသားတို့သည် ဥတုဇရုပ်, အာဟာရဇရုပ်တို့ကောင်းကြသဖြင့် ကျန်သောကမ္မဇရုပ်, စိတ္တဇရုပ်တို့သည်လည်း ထောက်ကန်အား ရရှိကြသည်ဖြစ်၍ ကျန်းမာကြသည်၊ ဉာဏ်ပဋိဘာန်ရှိကြသည်၊ ထက်မြက်ကြည်လင်ကြ သည်ဟု ဆိုနိုင်သည်။ ကုရုတိုင်း၌ ပဓာနဖြစ်သော ကောရဗျမင်းမှစ၍ ၁၁-ဦးသော လူသူတော်ကောင်းတို့၏ မိမိတို့ အသီးအသီး သီလကို ရိုသေလေးစားစွာ ကျင့်သုံးလိုက်နာ ကြပုံ၊ သံသယရှိပုံတို့ကို ဂရုဓမ္မဝတ္ထုအမည်ဖြင့် စာအုပ်ငယ်ကလေးတစ်အုပ် ရေးသားထား သည်။ ကြည်ညိုလိုသူကြည့်ရှုလိုသူတို့သည် ဂရုဓမ္မဝတ္ထု၌ကြည့်ကြစေလို၏။ ဤကျမ်း၌ကား ကုရုတိုင်း၌ ဥတုရာသီကောင်းခြင်း၊ ကောက်ပဲသီးနှံဖြစ်ထွန်းခြင်း၊ လူတွေကျန်းမာ ခြင်း၊ ဉာဏ်ပဋိဘာန်ထက်မြက်ခြင်းတို့သည် **ဂရုဓမ္မတရား၊ တစ်နည်း- ကုရုဓမ္မတရားသည် အရင်းခံပဓာနဖြစ်သည်**ကို ပြဆိုလိုခြင်းဖြစ်သည်။

တရားဟူသည် မျက်နှာမလိုက်၊ ပုဂ္ဂိုလ်မရွေး၊ ဒေသမရွေး၊ တိုင်းပြည်မရွေး၊ တရားကို ကျင့်သုံးလိုက်နာသော ပုဂ္ဂိုလ်, ဒေသ, တိုင်းပြည်၌ တရားက ကောင်းကျိုး ကျေးဇူးကိုပေးမည်သာဖြစ်သည်။ ကလိင်္ဂတိုင်းပြည်၌ ဂရုဓမ္မတရားကို ကျင့်သုံးလိုက်နာခြင်း မရှိသောအချိန်က မိုးခေါင်သဖြင့် ကောက်ပဲသီးနှံမဖြစ်ထွန်းသောကြောင့် ငတ်မွတ်ကြသည်။ ကောရဗျမင်းတို့ထံမှ ဂရုဓမ္မ - ကုရုဓမ္မတည်းဟူသော ငါးပါးသီလကိုရရှိပြီး ကျင့်သုံးလိုက်နာ ကြသောအခါ မိုးလေဝသဥတုရာသီကောင်း၍ သာယာဝပြောရှိကြသည်။ ဤအကြောင်း သည် သာဓကတစ်ရပ်ဖြစ်သည်။ မြတ်စွာဘုရားလက်ထက်တော်၌ သုပ္ပဗုဒ္ဓကုဋ္ဌိ အမည်ရှိသော ကိုယ်ရေပြားရောဂါရှိသော လူဆင်းရဲတစ်ယောက် မြတ်စွာဘုရား၏

တရားစကားကို ကြားနာရပြီး တရားသဘောပေါက်သဖြင့် သောတာပန်အဖြစ်သို့ ရောက်သည်မှာလည်း တရားတော်သည် ဆင်းရဲချမ်းသာမရွေးသည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် လောက သံသရာနစ်ဒွာနတို့၌ ချမ်းသာခြင်းကို အလိုရှိသောသူတို့သည် ငါးပါးသီလ အစရှိသော သီလကုသိုလ်ကို မမေ့မလျော့စင်ကြယ်ပြည့်စုံအောင် အားထုတ်သင့်ကြပေသည်။

မြတ်စွာဘုရား လက်ထက်တော်အခါက ကုရုတိုင်းပြည်၌ ရဟန်းယောကျ်ား, ရဟန်းမ, ဥပါသကာ, ဥပါသိကာဟု ဆိုအပ်သော ပရိသတ်တို့သည် သတိပဋ္ဌာန်တရားကို အားထုတ်ခြင်းရှိကြကုန်သည်ဟု သိရသည်။ အယုတ်အားဖြင့် အမှုလုပ်ကျွန် အစေခံတို့သည်ပင် သတိပဋ္ဌာန် တရားစကားကို ဆွေးနွေးပြောဆိုလေ့ရှိကြသည်။ ရေခပ်မိုင်းငင်သော အခါတို့၌လည်း သတိပဋ္ဌာန်တရားစကားကိုပြောဆိုဆွေးနွေးလေ့ရှိကြကုန်၏။ တစ်ယောက်နှင့် တစ်ယောက် မေးမြန်းကြကုန်၏။ အချည်းနှီးစကားကို မပြောကြကုန်ဟုဆိုသည်။ အကယ်၍ တစ်စုံတစ်ယောက်သော အမျိုးသမီးကို အို-- သမီး၊ အသင်သည် အဘယ် သတိပဋ္ဌာန်တရားတော်ကို နှလုံးသွင်းဆင်ခြင်ပွားများပါသနည်းဟုမေးမြန်းပါက ဘယ် သတိပဋ္ဌာန်ကိုမှ မပွားရသေးပါဟု ပြောလျှင် အို-- သမီး၊ သင်၏ အသက်ရှင်ခြင်းသည် မကောင်းလေစွတကား၊ သင်သည် အသက်ရှင်၍ နေသော်လည်း သူသေနှင့် အလားတူဘိ လေတကား-ဟု ကဲ့ရဲ့ရှုတ်ချတတ်ကြသတဲ့။ နောက်ကို ဤကဲ့သို့ သတိပဋ္ဌာန်တရား လွတ်ကင်းပြီးမနေလေနှင့်ဟု သတိပေးပြောကြားကာ သင့်လျော်သော သတိပဋ္ဌာန်တရားကို သင်ကြားပေးကြသည်ဟူ၏။ ကျွန်မ မည်သည့်သတိပဋ္ဌာန်တရားတော်ကို နှလုံးသွင်း ဆင်ခြင်ပွားများပါသည်ဟု ပြောလျှင် ထိုအမျိုးသမီးအား သာဓုခေါ်ကာ ကောင်းချီးပေး၍ အသင်၏အသက်ရှည်ခြင်းသည် ကောင်းသောအသက်ရှင်ခြင်း ဖြစ်ပါပေသည်။ သင်သည် လူ့အဖြစ်ကိုအမှန်ရသည်မည်ပါပေသည်။ မြတ်စွာဘုရားသည် သင်၏အကျိုးငှာ ပွင့်တော်မူ၍ တရားတော်ကို ဟောတော်မူခြင်း ဖြစ်ပေသည်-ဟု ပြောဆိုကာ ချီးမွမ်းကြကုန်သတဲ့၊ ကုရုတိုင်းသူပြည်သားတို့သည် အများအားဖြင့် ဤသို့လျှင် သတိပဋ္ဌာန်တရားတော်ကို လေ့လာပွားများကြသည်ဟု ဆိုသည်။

မျောက်၊ ကြက်တူရွေး စသော တိရစ္ဆာန်တို့ကို က-တတ်ပြောတတ်အောင် သင်ကြားပေးကာ အရပ်ဒေသတို့၌လိုက်၍ ပြသအသက်မွေးနေသော လူတစ်ယောက်သည် ဘိက္ခုနီမကျောင်း၌ မေ့လျော့သဖြင့် ကျန်ရစ်ခဲ့သော ကြက်တူရွေးကို သာမဏေမကလေး များက ကျွေးမွေးထားရာ ဗုဒ္ဓရက္ခိတဟူ၍ အမည်ပေးထားသတဲ့။ ဘိက္ခုနီထေရီမကြီးက အရိုးစုအရိုးစုဟုရွတ်ဆိုနေရန် ဗုဒ္ဓရက္ခိတကို သင်ပေးထားသဖြင့် ကြက်တူရွေး ဗုဒ္ဓရက္ခိတ သည် မိမိခန္ဓာနှင့်တကွ ခန္ဓာကိုယ်ဟူသမျှသည် အရိုးတွေသာဖြစ်သည်ဟု စိတ်ကလည်း ဆင်ခြင် နှုတ်ကလည်းရွတ်ဆိုနေတတ်လေသည်။ ဗုဒ္ဓရက္ခိတသည် တစ်နေ့သော နံနက်ခင်း၌ ဝင်းထရံတိုင်ထိပ်၌ နေပူဆာလှုံနေစဉ် သိမ်းစွန်သည် အမှတ်မဲ့ အရှိန်ပြင့်ထိုးဆင်းကာ ဗုဒ္ဓရက္ခိတကို သုတ်ချီသွား၏။ သာမဏေမကလေးတွေ သိ၍ ဝိုင်းအော်ပြီး ခဲဖြင့် ခြောက်လှန့်ကြသောကြောင့် သိမ်းစွန်သည် ဗုဒ္ဓရက္ခိတကို လွှတ်ပစ်ကာ ပြန်ပြေး၏။ သာမဏေမကလေးများသည်ဗုဒ္ဓရက္ခိတကိုယူ၍ ထေရီမကြီးရှေ့ သွားပို့ကြ၏။ ထိုအခါ ထေရီမကြီးက ဗုဒ္ဓရက္ခိတ--- သိမ်းစွန်ချီသွားစဉ်က မင်းဘယ်လိုများ နှလုံးသွင်းသနည်း-ဟု မေးရာ၊ အရှင်မဘုရား သိမ်းစွန်ချီသွားစဉ်က

ပြော--- အရိုးစုတစ်ခုက အရိုးစုတစ်ခုကို ချိုးသွားလေရဲ့၊ ဘယ်နေရာမှာ သည်အရိုးတွေကို ကြဲချခဲ့လေမလဲ-ဟု အဌိက ကမ္မဋ္ဌာန်း အရိုးစု သတိပဋ္ဌာန်တရားကို နှလုံးသွင်းပါသည်ဟု ပြောသတဲ့။ ကုရုတိုင်း၌ ထိုအခါက လူများသာ မဟုတ်၊ ကြက်တူရွေးကဲ့သို့သော တိရစ္ဆာန်သည်ပင်လျှင် သတိပဋ္ဌာန်တရား ပွားများပေသည်ဟု ဆိုသည်။

ထိုသတိပဋ္ဌာန်တရားတော်သည် နိဗ္ဗာန်သို့သွားရောက်ရာ၌ တစ်ကြောင်းတည်းသော လမ်းဖြစ်သည်။ မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး ပုဂ္ဂိုလ်ရှာသယ အားလျော်စွာ အာသယာနုသယအခြေအနေ ဣန္ဒြေအနုအရင့်သို့လိုက်၍ အထူးထူးသော တရားဒေသနာတော်တို့ကို ဟောကြားတော်မူသော်လည်း သတိပဋ္ဌာန် တရားတော်နှင့် ကင်းသောတရားမရှိ၊ သတိပဋ္ဌာန် ဒေသနာတော် လေးပါးတွင် တစ်ပါးပါး၌ ပါဝင်သော တရားတော်ချည်းသာ ဖြစ်သည်။ သို့ကြောင့် "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ= နိဗ္ဗာန်သို့သွားရာ သွားကြောင်း မဂ္ဂင်လမ်းသည် သတိပဋ္ဌာန်တရားတည်းဟူသော လမ်းကြောင်းတစ်ပါးသာ ရှိသည်"ဟူ၍ ဟောတော်မူသည်။

**ဧကာယန** ဟူသောပုဒ်ကို ဝစနတ္ထပြုလျှင် "ဧကေန အယိတဗ္ဗောတိ ဧကာယနော"ဟု ပြုရမည်။ အပေါင်းအဖော် အသင်းအပင်းတို့မှခွဲ၍ တစ်ယောက်ထီးတည်း ဆိတ်ငြိမ်ရာသို့ချဉ်းကပ်၍ အာရုံငါးပါးဆိတ်ရာ၌ အားထုတ်ကျင့်သုံးအပ်သော သတိပဋ္ဌာန် တရားတော်သည် ဧကာယန မည်သည်ဟု ဆိုသည်။

တစ်နည်း: - အယန္တိ ဝါ ဧတေနာတိ အယနော = သံသရာ ဝဋ်ဆင်းရဲမှ နိဗ္ဗာန်သို့ ဤသတိပဋ္ဌာန် လမ်းခရီးဖြင့်သာ သွားကြရကုန်သည်ဟု ဆိုသည်။

တစ်နည်း: - ဧကဿ အယနော ဧကာယနော = ရှေးဦးစွာ မြတ်စွာဘုရား တစ်ဆူတည်းသာ နိဗ္ဗာန်သို့ ကြွသွားတော်မူရာ လမ်းခရီးဖြစ်သောကြောင့် ဧကာယန မည်သည်ဟု ဆိုသည်။

မြတ်စွာဘုရားမှတစ်ပါး အခြားသော လူ နတ် ဗြဟ္မာတို့သည်လည်း ဤသတိပဋ္ဌာန် လမ်းဖြင့်သာ နိဗ္ဗာန်သို့သွားကြသည် မဟုတ်ပါလော-ဟူမူ၊ အခြားသော ပုဂ္ဂိုလ်တို့သည်လည်း ဤသတိပဋ္ဌာန်လမ်းဖြင့်သာ နိဗ္ဗာန်သို့သွားကြသည်မှန်သော်လည်း မြတ်စွာဘုရား သည် ကိုယ်တော်တိုင်လမ်းထွင်၍ ရှေးဦးစွာကြွတော်မူကာ သတိပဋ္ဌာန်လမ်းကို ဖြစ်စေတော်မူသောကြောင့် မြတ်စွာဘုရားတစ်ဆူတည်းသာ ကြွတော်မူသောလမ်းဟု ဥပစာအားဖြင့် ဆိုခြင်းဖြစ်သည်။

တစ်နည်း: - အယတိတိ ဝါ အယနော၊ ဧကသ္မိံ အယနော ဧကာယနော = ဤမြတ်စွာဘုရားသာသနာတော်၌သာလျှင် နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန် မဂ္ဂင်လမ်းကြောင်း ရှိသည်၊ အခြားသော အယူဝါဒတို့၌မရှိ- ဟု ဆိုသည်။

စင်စစ်သော်ကား - တစ်ခုတည်းသော နိဗ္ဗာန်သို့ရောက်စေတတ်သောကြောင့် 'ဧကာယန'ဟု ဟောတော်မူသည်ဟုဆိုသည်။ ပုဗ္ဗဘာဂပဋိပဒါအားဖြင့် မဂ်ဖိုလ်သို့ မရောက်မီ ရှေ့အဖို့ အထူးထူးသော ဝိပဿနာ ဘာဝနာတို့ကို ပွားများအားထုတ်ခဲ့သော်လည်း နောက်ဆုံး၌ တစ်ပါးတည်းသော နိဗ္ဗာန်သို့သာလျှင် ရောက်စေတတ်သော သတိပဋ္ဌာန်တရားတော်ဖြစ်သည်ဟု ဆိုလိုသည်။

## စိတ်စင်ကြယ်မှု ရရှိခြင်း

မြတ်စွာဘုရားသည် ဤသတိပဋ္ဌာန်ဒေသနာတော်ကို အဘယ်ကဲ့သို့ အကျိုးကျေးဇူးတို့ကို ရရှိတော်မူစေလိုသောကြောင့် ဟောတော်မူသနည်း-ဟု မေးလျှောက်ဖွယ်ရှိသောကြောင့် နိဗ္ဗာန်သို့သွားကြောင်းလမ်းသည် သတိပဋ္ဌာန်တည်းဟူသော လမ်းကောင်းလမ်းမှန် တစ်လမ်းသာလျှင်ရှိသည်ဟု ဟောတော်မူပြီးနောက် "သတ္တာနံ ဝိသုဒ္ဓိယာ"ကို ဆက်လက်ဟောတော်မူသည်။ ရာဂအစ၊ရှိသော ကိလေသာတို့ဖြင့်လည်းကောင်း၊ အဘိဇ္ဈာ, ဝိသမလောဘ အစရှိကုန်သော ညစ်နွမ်းကြောင်းတို့ဖြင့် လည်းကောင်း ညစ်နွမ်းသော စိတ်အစဉ်ရှိကြကုန်သော သတ္တဝါတွေ ထိုထိုကိလေသာ အညစ်အကြေးတို့မှ ကင်းလွတ်ပပျောက်၍ ဖြူစင်သောကုသိုလ်စိတ်တွေ ဖြစ်ပေါ်ကြစေခြင်းငှာ ဟောတော်မူပါသည်-ဟု ဖြေဆိုရပေမည်။

အဘယ်ကြောင့် ကိလေသာအညစ်အကြေးတို့မှ ကင်းလွတ်ဖြူစင်သော ကုသိုလ်စိတ်ဖြစ်ပေါ်ကြလေအောင် ဟောတော်မူသနည်းဟူမူ- ဤကမ္ဘာမှ နောက်ပြန်ရေတွက်သော် ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေထက်၌ တစ်ကမ္ဘာအတွင်း၌ပင် ပွင့်တော်မူကြသော တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ-ဟူသော ဘုရားရှင်တို့မှ အစပြု၍ ဘုန်းကြီးတို့၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားတိုင်အောင် အဆူဆူသော မြတ်စွာဘုရားရှင်တို့သည်လည်းကောင်း၊ များစွာကုန်သော ပစ္စေကဗုဒ္ဓါ အရှင်တို့သည်လည်းကောင်း၊ မရေတွက်နိုင်ကုန်သော အရှင်သာဝကထေရ်တို့သည်လည်းကောင်း ဤပြဆိုအပ်ခဲ့သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာမြတ်တို့သည် အညစ်အကြေးဖြစ်ကုန်သော ကိလေသာတရားတို့ကို စိတ်မှ လွတ်ကင်းပပျောက်စေတော်မူကြပြီးကာလ အလွန်သန့်ရှင်းစင်ကြယ်သော စိတ်အစဉ်ရှိတော်မူကြကုန်သည် ဖြစ်၍ ဖြူစင်သန့်ရှင်း၍ ငြိမ်းအေးလှစွာသော နိဗ္ဗာန်သို့ ဝင်စံကြရောက်တော်မူလေကုန်ပြီ။ ဤသို့သော ကျေးဇူးဂုဏ်တို့ကို အာရုံပြုတော်မူ၍ မြတ်စွာဘုရားသည် သတ္တဝါတို့၏ စိတ်အစဉ်၌ ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်တော်မူစေခြင်းငှာ သတိပဋ္ဌာန် ဒေသနာတော်ကို ဟောတော်မူပါသည်ဟု ဆိုပါသည်။

သတ္တဝါတို့ သန္တာန်၌ ရူပကာယ = ရုပ်အပေါင်း၊ နာမကာယ = နာမ်အပေါင်းဟူ၍ ရုပ်နာမ်နှစ်ပါးရှိရာ ထိုနှစ်ပါးတွင် နာမ်တရားသည် ပဓာနဖြစ်၏။ နာမ်တရားဖြစ်သော နာမက္ခန္ဓာလေးပါးရှိရာတွင်လည်း စိတ်တည်းဟူသော ဝိညာဏက္ခန္ဓာသည် ပဓာနဖြစ်၏။ နာမက္ခန္ဓာလေးပါးတို့တွင် စိတ်သည်ပြဋ္ဌာန်း၏။ ရှေ့သွားဦးဆောင်ဖြစ်၏။ စိတ်ဖြစ်မှသာ ဆိုင်ရာဆိုင်ရာစေတသိက်တွေ ဖြစ်နိုင်၏။ စိတ်ချုပ်လျှင် စေတသိက်တွေချုပ်ကြ၏။ စိတ်စင်ကြယ်လျှင် စေတသိက်တွေလည်းစင်ကြယ်၏။ သို့ကြောင့် စိတ်သည် နာမ်တရားတို့တွင် ပဓာနဖြစ်၏၊ ပြဋ္ဌာန်း၏၊ ရှေ့သွားဦးဆောင်ဖြစ်၏။ ထို့ကြောင့် စိတ်စင်ကြယ်ခြင်းငှာ ဟောတော်မူ၏။

ရူပက္ခန္ဓာဟူသော ရုပ်စင်ကြယ်ခြင်းဖြင့် ကိလေသာတို့မှ စင်ကြယ်သည်ဟု မြတ်စွာဘုရား ဟောတော်မမူပေ။ စိတ်စင်ကြယ်မှသာလျှင် စင်ကြယ်ခြင်း အမှန်ဖြစ်သည်ဟု ဟောတော်မူကြောင်းကို စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ =ရဟန်းတို့ စိတ်ညစ်နွမ်းလျှင် ညစ်နွမ်းသည် မည်ပေသည်၊ စိတ်စင်ကြယ်လျှင်

စင်ကြယ်သည် မည်ပေသည်- ဟု ဟောတော်မူသည်။ ယင်းစိတ်စင်ကြယ်ခြင်းသည်လည်း ဤသတိပဋ္ဌာန်တရားတော်ဖြင့်သာ၊ ဝါ- သတိပဋ္ဌာန်လမ်းဖြင့်သာ စင်ကြယ်ခြင်း ဖြစ်သည်ဟု ဟောတော်မူသည်။

သတိပဋ္ဌာန်တရားကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သန္တာန်၌ ရာဂအစရှိသော အညစ်အကြေး ကိလေသာတို့မှ စင်ကြယ်သောစိတ်, သန့်ရှင်းကြည်လင်သောစိတ်ဖြစ်ခြင်း အကျိုးကိုသာ ရရှိသည်မဟုတ်၊ အခြားသော အကျိုးကျေးဇူးတို့ကိုလည်း ရရှိကြပေသေးသည်-ဟူ၍ ညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည် "ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ"ကို ဆက်လက် ဟောတော်မူသည်။

သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပေါ်တတ်သော ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာတို့ ချုပ်ငြိမ်း ပျောက်စေခြင်းငှာလည်း သတိပဋ္ဌာန်တရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူပါသည်ဟု ဆိုလိုသည်။ ဤစကားရပ်၌ ဒုက္ခဟူသည် ရူပကာယကို မှီ၍ဖြစ်သော ဒုက္ခဝေဒနာဖြစ်၏။ ဒေါမနဿဟူသည် စိတ်ကိုမှီ၍ဖြစ်သော ဒေါမနဿဝေဒနာဖြစ်၏။ ထိုကိုပင် ကာယိကဒုက္ခ, စေတသိကဒုက္ခဟူ၍ ဆိုသည်။ ယင်းသို့သော ဒုက္ခ, ဒေါမနဿတို့မှလည်း လွတ်မြောက်ခြင်း၊ ဒုက္ခ, ဒေါမနဿတို့ ချုပ်ငြိမ်းခြင်း အကျိုးကျေးဇူးတို့ကိုလည်း သတိပဋ္ဌာန်တရားတော်က ပေးပါသည်ဟု ဆိုလိုသည်။

## ကိုယ်ဆင်းရဲမှု ငြိမ်းချမ်းခြင်း

မိမိကိုယ်တိုင် ပေါင်ကို ကျောက်တုံးဖြင့် ရိုက်ချိုးသဖြင့် ကာယိကဒုက္ခဝေဒနာဖြစ်ပေါ်နေသော တိဿမထေရ်သည် ဤဝေဒနာကို ခွာ၍၊ ဝါ- အာရုံမပြုမူ၍၊ ပွားများမြဲ ဖြစ်သော သတိပဋ္ဌာန်ဘာဝနာကိုပွားများလေရာ အရဟတ္တဖိုလ်တို့ ရောက်သဖြင့် ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ဝင်စံတော်မူလေပြီ။

## စိတ်ဆင်းရဲမှုငြိမ်းချမ်းခြင်း

သိကြားနတ်မင်းသည်လည်း "ဆင်နားပန်ညှိုး၊ ချိုင်းကြားချွေးယို၊ ကိုယ်ရောင်ဆင်းပျက်၊ နန်းထက်မမွေ့၊ နတ်ဘုန်းဟော့၊ စုတေ့နိမိတ်ငါး"ဟူသော လက္ခဏာအရ နတ်သိကြားဘဝမှ စုတေသေလွန်မည့်နိမိတ် ၅-မျိုး ထင်မြင်ဖြစ်ပေါ်လာရာ သေခြင်းဘေးမှ ကြောက်ရွံ့ထိတ်လန့်ကာ စိတ်နှလုံးမချမ်းသာခြင်း ဒေါမနဿဖြစ်၍ မှီခိုအားထားရာကို ကြည့်ရာ မြတ်စွာဘုရားကို ဉာဏ်၌မြင်သည်ဖြစ်၍ မြတ်စွာဘုရားထံ အဆောတလျင်သွားရောက် ဆည်းကပ်ပြီးကာလ သက္ကပဉှာသုတ်၌လာသည့်အတိုင်း မြတ်စွာဘုရားအား အမေးပြဿနာ ကို မေးလျှောက်သည်။ အဆင့်ဆင့် မေးလျှောက်ခဲ့ရာ ဥပေက္ခာဝေဒနာပြဿနာအဖြေ အဆုံး၌ ရှစ်သောင်းသော နတ်တို့နှင့်အတူတကွ သိကြားနတ်မင်းသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ သိကြားနတ်မင်း အဖြစ်သို့လည်း တစ်ဖန်ပြန်ဖြစ်လေသည်။ ထိုအခါ သတိပဋ္ဌာန်တရားတော်ကြောင့်၊ ဝါ- သတိပဋ္ဌာန်တည်းဟူသော လမ်းသို့ ရောက်သော ကြောင့် သိကြားနတ်မင်းသန္တာန်၌ ဖြစ်ပေါ်ခဲ့သော ဒေါမနဿဝေဒနာ ချုပ်ပျောက်ငြိမ်းအေး ခြင်းသို့ ရောက်လေသည်။ ဤသို့လျှင် သတိပဋ္ဌာန်ဒေသနာတော်သည် ဒုက္ခ, ဒေါမနဿတို့ ချုပ်ပျောက်ငြိမ်းအေးစေခြင်းအကျိုးလည်း ရှိပါပေသည်ဟု ဆိုသည်။

သုဗြဟ္မာနတ်သား အကြောင်းကိုလည်း သိမှတ်သင့်ကြပေသည်။ သုဗြဟ္မာနတ်သားသည် နတ်သမီးအခြွေအရံတစ်ထောင်ဖြင့် နတ်စည်းစိမ်ကို ခံစားကာ ပျော်မွေ့ရွှင်လန်းစွာ နေသောအချိန်၌ ပန်းပင်မှ ပန်းတို့ကို ဆွတ်ခူးနေသော မိမိ၏အခြွေအရံထဲမှ နတ်သမီးငါးရာတို့သည် စုတေသေလွန်ပြီးကာလ ငရဲသို့ကျရောက်ကြကုန်၏။ သုဗြဟ္မာနတ်သားက သည်နတ်သမီးတွေကြာလှပြီ ဘယ်များသွားနေကြသနည်းဟု ဆင်ခြင်ကြည့်ရှုသောအခါ ထိုနတ်သမီးငါးရာလုံး စုတေသေလွန်ပြီး ငရဲသို့ကျရောက်ကာ ဒုက္ခခံစားနေကြရသည်ကို မြင်သတဲ့။ အဲသည်အခါ ငါကော နတ်သက် ဘယ်လောက်ရှိသေးသနည်းဟု ဆင်ခြင်ကြည့်ရှုမိရာ မိမိနတ်သက်တမ်းလည်း ကုန်နေသည်ကိုလည်းကောင်း၊ နတ်ဘဝမှ စုတေသေလွန်ပြီး ငရဲသို့ကျဦးမည်ကို မြင်တော့သတဲ့။ ထိုအခါ သုဗြဟ္မာနတ်သားသည် အလွန်ကြောက်ရွံ့ထိတ်လန့် နှလုံးမသာမယာခြင်း ဒေါမနဿဖြစ်၍ ငါ့သန္တာန်၌ ဖြစ်သော နှလုံးမသာယာခြင်း ဤဒေါမနဿကို အခြားပုဂ္ဂိုလ် ကင်းငြိမ်းပပျောက်အောင် ပြုလုပ်နိုင်မည်မဟုတ်ချေ၊ မြတ်စွာဘုရားသည်သာလျှင် သည် ဒေါမနဿကို ကင်းငြိမ်းပပျောက်အောင် ပြုလုပ်ပေးတော်မူနိုင်မည်ဟုသိမြင်၍ ကျန်သော နတ်သမီးငါးရာတို့ကို ခေါ်ယူခဲ့၍ မြတ်စွာဘုရားထံ ရှိသေလေးမြတ်စွာ ချဉ်းကပ်ကာ ပုစ္ဆာမေးမြန်းလျှောက်ထားသည်။ "မြတ်စွာဘုရား--- ယခုအချိန်အခါ၌ တပည့်တော်၏ စိတ်တို့သည် အမြဲတုန်လှုပ်ချောက်ချားကာ နှလုံးမချမ်းမသာ အလွန်ဖြစ်နေပါသည်။ ဤနှလုံးမသာမယာခြင်း ဒေါမနဿကို ပယ်ပျောက်ငြိမ်းအေးစေနိုင်သော တရားတော်ကို ဟောကြားတော်မူပါ မြတ်စွာဘုရား"ဟု လျှောက်ထားတောင်းပန်သတဲ့။ စိတ်ပူပန်ခြင်းသောက, ဒေါမနဿတို့ ဖြစ်နေခြင်းအကြောင်းမှာ ချစ်မြတ်နိုးသော မိမိ၏အခြွေအရံနတ်သမီးငါးရာ အဝီစိငရဲ၌ကျရောက်၍ ဒုက္ခခံစားနေရသည်ကို မြင်သောကြောင့်တစ်ကြောင်း၊ နောက်ခုနစ်ရက် ကြာလျှင် ကျန်သောနတ်သမီးငါးရာတို့နှင့်တကွ မိမိကိုယ်တိုင် အဝီစိငရဲသို့ ကျရောက်ရဦးမည်ကို မြင်သောကြောင့်တစ်ကြောင်း အကြောင်းနှစ်မျိုးတို့ကြောင့် သုဗြဟ္မာနတ်သား၏ စိတ်သည် နှလုံးမသာမယာခြင်း, ပူပန်ခြင်း, စိုးရိမ်ခြင်းတို့ဖြင့် ဝိုင်းဝိုင်းလည်ကာ မတည်မငြိမ်ဘဲ တုန်လှုပ်ချောက်ချား သောကဗျာပါဒများနေခြင်းဖြစ်သည်။

ဤနေရာ၌ သေရခြင်းဘေးကိုလည်းကောင်း၊ ဘယ်ဘုံ ဘယ်ဘဝသို့ ရောက်ရမည်ကိုလည်းကောင်း ကြိုတင်၍ မသိကြရတော့ သူရောက်ယ်ပါ လူသတ္တဝါတို့သည်ကား "မျက်စိကန်း တစ္ဆေမကြောက်"ဟူသကဲ့သို့ ဘေးကိုမမြင်မသိ၍ မကြောက်မရွံ့ အမှတ်မဲ့ အမှုမဲ့နေကြသည်မှာ စဉ်းစားက ကြောက်ဖွယ်ကောင်းလှပေသည်။

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ

ဟူသော ဒေသနာတော်ရှိသည်ဖြစ်၍ ဘယ်တော့သေမည်၊ ဘယ်ရောဂါကြောင့်သေမည်၊ နံနက် ည ဘယ်အချိန်သေမည်၊ သည်ခန္ဓာကိုယ်ကို ဘယ်နေရာ၌ ပစ်ချရမည်၊ သေဆုံးပြီးကာလ ဘယ်သို့သော ဘုံဘဝရောက်ရမည်ကို ကြိုတင်၍ မသိကြသော လူတို့သည် အမှတ်မဲ့ မေ့လျော့ပေါ့ဆစွာ မနေသင့်ကြပေ။ နတ်သမီးငါးရာတို့သည် အမှတ်မဲ့နေခဲ့ကြသည်ဖြစ်၍ ရုတ်တရက် ဥပစ္ဆေဒကကံက ဝင်၍ အကျိုးပေးသွားသည်ကို၊

အလစ်ခံလိုက်ရခြင်းဖြစ်သည် ဆိုရမည်။ သုဗြဟ္မာနတ်သားသည်ကား နတ်သမီးငါးရာတို့ကို အကြောင်းပြုပြီး မိမိ၏ အသက်တမ်းကို ဆင်ခြင်မိ၍ ကြောက်ရွံ့ထိတ်လန့်ကာ နလုံး မသာမယာခြင်းဖြစ်သည်။ ခိုကိုးအားထားရာကိုကြည့်ရှုသောအခါ ကံကောင်း၍ မြတ်စွာ ဘုရားကိုသတိရကာ သပ္ပုရိသူပနိဿယမင်္ဂလာကိုရရှိသဖြင့် ဆောက်တည်ရာကို ရသွား ပေသည်။ ပဋာစာရီထေရီမကဲ့သို့သော သောက, ပရိဒေဝမီးပူလောင်ခဲ့သော ပုဂ္ဂိုလ်တို့သည် လည်း သတိပဋ္ဌာန် ဆေးတော်ဖြင့်သာလျှင် မီးငြိမ်း၍ ချမ်းသာကြပေသည်။

## လောကုတ္တရာမဂ္ဂင်ရရှိခြင်း

မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရားတော်၏ အကျိုးကျေးဇူးကို ဆက်လက်၍ ညွှန်ပြတော်မူပြန်သည်မှာ ဉာယဿ အဓိဂမာယ=ကိလေသာအညစ်အကြေးတို့မှ ကင်း လွတ်သဖြင့် ဖြူစင်သန့်ရှင်းသော လောကုတ္တရာမဂ္ဂင်တရားကို ရခြင်းငှာလည်း သတိပဋ္ဌာန် ဒေသနာတော်သည် လမ်းကြောင်းလမ်းကောင်းဖြစ်သည်ဟု ညွှန်ပြတော်မူသည်။ သတိ ပဋ္ဌာန်တရားကိုပွားများခြင်းသည် ပုဗ္ဗဘာဂပဋိပဒါဟုဆိုအပ်သော လောကီ မဂ္ဂင်တရား ဖြစ်သည်။ လောကီမဂ္ဂင်ကို ပွားများအားထုတ်သဖြင့် လောကုတ္တရာ အရိယာမဂ္ဂင်ကို ရလေသည်။

## နိဗ္ဗာန်ရရှိခြင်း

မြတ်စွာဘုရားသည် သတိပဋ္ဌာန်၏ အကျိုးကျေးဇူးကို တစ်ဖန်ဆက်လက်၍ ဟောတော်မူပြန်သည်မှာ "နိဗ္ဗာနဿ သစ္ဆိကရဏာယ"ဟူ၍ဖြစ်သည်။ လောကီမဂ္ဂင် တည်းဟူသော သတိပဋ္ဌာန်တရားတော်ကို ပွားများသောပုဂ္ဂိုလ်သည် နိဗ္ဗာန်ချမ်းသာကို ကိုယ်တွေ့ဉာဏ်မြင်ရခြင်း အကျိုးကျေးဇူးလည်းရှိသည်ဟု ဟောကြားညွှန်ပြတော်မူသည်။ ငြိမ်းအေးခြင်းသဘောကို "နိဗ္ဗာန်"ဟူ၍ အမည်ပညတ်သည်။ အဘယ်ကြောင့် ငြိမ်းအေး သနည်းဟူမူ- ပူလောင်စေတတ်သော သဘောရှိသော ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော ဝါန- ဟုဆိုအပ်သော တဏှာအပူမီးမှကင်းလွတ်သောကြောင့် ဖြစ်ပေသည်။ ဤသို့လျှင် သတိပဋ္ဌာန်တရားတော်သည် တဏှာတည်းဟူသော အပူမီးကိုလည်း ငြိမ်းအေးစေသော အကျိုးကျေးဇူးရှိပေသည်ဟု ဟောတော်မူသည်။

သတိပဋ္ဌာန်တရားတော်ကို ရဟန်းတော်တို့မှစ၍ ပရိသတ်လေးမျိုးတို့သည် လိုလိုချင်ချင် စိတ်အားထက်သန်စွာ အားထုတ်ပွားများစေလိုသော ကရုဏာတော်ဖြင့် သတိပဋ္ဌာန်တရားတော်ကို အားထုတ်ပွားများသောသူတို့၌ လက်ငင်းပစ္စက္ခကာလ၌ပင်လျှင် ရရှိမည့် အကျိုးကျေးဇူးတို့ကို ညွှန်ပြတော်မူပြီးလျှင် ထိုသတိပဋ္ဌာန်တရားတော်သည် အမျိုးအားဖြင့် လေးမျိုးရှိသည်ဟု ဆက်လက်ဟောကြားတော်မူသည်။ လေးမျိုးဟူသည်မှာ-

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်သည်။

သတိပဋ္ဌာန်တရားကို လေးမျိုးခွဲခြား၍ ဟောတော်မူသည်မှာ ဓမ္မပဋိဂ္ဂါဟက တရားနာပုဂ္ဂိုလ်၊ သို့မဟုတ် ယောဂီပုဂ္ဂိုလ်၏ ပုဂ္ဂလစ္ဈာသယအားလျော်စေရန်လည်းကောင်း၊

ဉာဏ်အနုအရင့်အားလျော်စေရန်လည်းကောင်း ခွဲခြား၍ ဟောတော်မူသည်။ တစ်နည်းအားဖြင့် ရာဂစရိုက်, ဒိဋ္ဌိစရိုက်အားလျော်စွာ ဟောတော်မူသည်။ သမထယာနိကပုဂ္ဂိုလ်, ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့တွင် အမြင်ဉာဏ်နုံ့သောပုဂ္ဂိုလ်၊ အမြင်ဉာဏ်ထက်သော ပုဂ္ဂိုလ်ဟူ၍ ရှိပေသည်။ အမြင်ဉာဏ်နုံ့သော မန္ဒပုဂ္ဂိုလ်, တဏှာစရိုက်အားကြီးသော ပုဂ္ဂိုလ်အားရည်ရွယ်တော်မူ၍ ကာယာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူသည်။ အမြင်ဉာဏ် ထက်မြက်သော ပုဂ္ဂိုလ်အားရည်ရွယ်၍ သိမ်မွေ့သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူသည်။ ဉာဏ်အမြင်နုံ့သော ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း မကျယ်လွန်းသော စိတ္တာနုပဿနာသတိပဋ္ဌာန်ကိုဟောတော်မူသည်။ အမြင်ဉာဏ်ထက်သော ပုဂ္ဂိုလ်အားရည်ရွယ်၍ ကျယ်ဝန်းသော ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူသည်ဟု ဆိုသည်။

တစ်နည်းအားဖြင့်- ဉာဏ်အမြင်နုံ့သော သမထယာနိကပုဂ္ဂိုလ်အားရည်ရွယ်၍ မပင်မပန်းရအပ်သော နိမိတ်ဖြစ်သော ကာယာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူသည်။ အမြင်ဉာဏ်ထက်မြက်သော သမထယာနိကပုဂ္ဂိုလ်အား ရည်ရွယ်၍ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဟောတော်မူသည်။ အမြင်ဉာဏ်နုံ့သော ဝိပဿနာယာနိက ပုဂ္ဂိုလ်အား ရည်ရွယ်၍ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူသည်။ အမြင်ဉာဏ်ထက်မြက်သော ဝိပဿနာယာနိက ပုဂ္ဂိုလ်အား ရည်ရွယ်၍ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူသည်ဟု ဆိုသည်။ ဤသို့အားဖြင့် သတိပဋ္ဌာန်ဒေသနာတော်သည် လေးမျိုးဖြစ်သည်ဟု အဋ္ဌကထာဆရာ ခွဲခြားပြလေသည်။

ဤသို့လျှင် ထုတ်ဆောင်ပြဆိုအပ်သောအကြောင်းအခြင်းအရာတို့သည် မဟာသတိပဋ္ဌာန်တရားတော်ကို မြတ်စွာဘုရားဟောတော်မူခြင်း အကြောင်းတို့ဖြစ်ကုန်သည်ဟူ၍ မှတ်အပ်ပေသည်။ သတိပဋ္ဌာန်တရားတော်ကို ပွားများလေ့လာအားထုတ်ကြကုန်သော ရဟန်းရှင်လူတို့သည် ထိုတရားတော်ကို အားထုတ်ခြင်းကြောင့် ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်သန့်ရှင်းခြင်းအကျိုး၊ သောက,ပရိဒေဝတို့မှ လွတ်မြောက်ခြင်းအကျိုး၊ ဒုက္ခ,ဒေါမနဿတို့၏ ချုပ်ငြိမ်းကင်းပျောက်ခြင်းအကျိုး၊ အရိယာမဂ္ဂင်တရားကို ရရှိခြင်းအကျိုး၊ အပူငြိမ်းအေးသော နိဗ္ဗာနဓာတ်ကို ကိုယ်တွေ့ဉာဏ်မြင် ရရှိခြင်းအကျိုး၊ ဤအကျိုးကျေးဇူးတို့ကို အမှန်ပင်ရရှိကြပေလိမ့်မည်ဟု ယုံကြည်သော သဒ္ဓါတရားဖြင့် လေးမျိုးသော သတိပဋ္ဌာန်တရားတို့တွင် မိမိတို့ဆန္ဒရှိရာ မိမိတို့အထုံဝါသနာနှင့် သင့်လျော်ရာ သတိပဋ္ဌာန်တရားတော်ကို ပွားများအားထုတ်ကြပါစေကုန်သတည်း။ ပွားများအားထုတ်သည်အားလျော်စွာ နိဗ္ဗာန်တိုင်အောင်သော ကောင်းကျိုးကျေးဇူးတို့ကိုလည်း အသီးအသီး ရရှိကြပါစေကုန်သတည်း။

မဟာသတိပဋ္ဌာန်တရားတော် နိဒါန်းပြီး၏။

* * * * *

# ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ နှင့် ပဋိညာဉ်

၁။ နမာမိ သတိပဋ္ဌာနံ၊
ဝရံ နိဗ္ဗာနပါပကံ။
သုဒေသိတံ သမ္ဗုဒ္ဓေန၊
သောကာဒိသမတိက္ကမံ။

၂။ တိဏ္ဏံ ခေါ နုပဿနာနံ၊
အတ္ထော မယာ သုဒဿိတော။
ဓမ္မာနုပဿနာပိ၊
ဒါနိ အတ္ထံ သုဒဿိဿံ။

၁။ အဟံ၊ ပဏ္ဍိတဟု နာမမည်တွင် ငါအရှင်သည်။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော။ သောကာဒိသမတိက္ကမံ၊ သောက အစရှိသော အပူမီးတို့ကို လွန်မြောက်စေတတ်သော။ ဝရံ၊ ကောင်းမြတ်လှစွာသော။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ သုဒေသိတံ၊ ကောင်းစွာဟောကြားတော်မူအပ်သော။ သတိပဋ္ဌာနံ၊ သတိပဋ္ဌာန် တရားတော်ကို။ နမာမိ၊ လိုက်နာကျင့်သုံးနှလုံး၌ပွား ဦးညွတ်တွား၍ စိတ်အားထက်သန် မနှောက်ပြင့် နေ့မှန်ရိုကျိုး လွန်မြတ်နိုးကာ ရှိခိုးပါသတည်း။[1]

၂။ မယာ၊ ပဏ္ဍိတမည်တွင် ငါအရှင်သည်။ တိဏ္ဏံ နုပဿနာနံ၊ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာဟု ဆိုအပ်သော သုံးပါးသောအနုပဿနာ တရားတော်တို့၏။ အတ္ထော၊ အနက်အဓိပ္ပာယ်ကို။ သုဒဿိတော၊ ကောင်းစွာရေးသား၍ ပြဆိုအပ်လေပြီ။ ဒါနိ၊ ယခုအခါ၌မူကား။ အဟံ၊ ငါသည်။ ဓမ္မာနုပဿနာပိ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်၏။ အတ္ထမ္ပိ၊ အနက်အဓိပ္ပာယ်ကိုလည်း။ သုဒဿိဿံ၊ စွမ်းနိုင်သမျှ သိခွင့်ရအောင် ဖော်ပြရေးသားပေအံ့သတည်း။

(ပိသဒ္ဒါ အဋ္ဌာနပယုတ္တ)

## သတိပဋ္ဌာန်တရားတော် လေးပါး

မြတ်စွာဘုရားသည် မန္ဒပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ်၊ သမထယာနိကပုဂ္ဂိုလ်, ဝိပဿနာယာနိကပုဂ္ဂိုလ်စသည်ဖြင့် ပုဂ္ဂိုလ်အားလျော်စွာ သတိပဋ္ဌာန်ဒေသနာတော်ကို ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူ၍ လေးမျိုးလေးစားခွဲခြား၍ ဟောတော်မူခဲ့သည်။ မန္ဒတိက္ခ၊ ဉာဏ်အနုအရင့်၊ အနုံ့အထက်သို့လိုက်၍ ဟောတော်မူသည်ဟုဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး ဉာဏ်သဘောသက်ဝင်မှုချင်း တူညီကြသည်မဟုတ်။ ဉာဏ်နုသောမန္ဒပုဂ္ဂိုလ်အားလျော်သော ကာယာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူသည်ဟုဆိုစေကာမူ အချို့သော ပုဂ္ဂိုလ်အဖို့၌ ရူပကာယကြီးသည် အမြဲမြင်တွေ့နေရသည် ဖြစ်သောကြောင့် ထိုရူပကာယ၏ အနိစ္စ- စသောသဘောကို ဉာဏ်ဖြင့်မြင်နိုင်ခဲသည်။ ဝေဒနာသဘော, စိတ်သဘောတို့ သည်ကား လျင်မြန်စွာဖြစ်ခြင်း, ပျက်ခြင်း သဘောရှိကြသည်ဖြစ်၍ မြင်လွယ် သိလွယ် ကြသောကြောင့် ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတို့ကို သဘောကျနှစ်သက်ကြသည်။

ရူပကာယကို ခွဲခြမ်းစိတ်ဖြာ၍ ရှုနိုင်သောဉာဏ်အမြင်ရှိသော အချို့သော တိက္ခပုဂ္ဂိုလ်တို့အဖို့ဆိုလျှင် ကာယာနုပဿနာသတိပဋ္ဌာန်သည် သင့်လျော်သော ကမ္မဋ္ဌာန်းဖြစ်လေသည်။ အဋ္ဌိကကမ္မဋ္ဌာန်းကို ပွားများဆင်ခြင်လေ့လာသော ရဟန်းတော်တစ်ပါးသည် လှပတင့်တယ်စွာ ဝတ်စားဆင်ယင်လျက်ရှိသော မာတုဂါမနှင့် ရင်ဆိုင်တွေ့မြင်သောအခါ၌ မာတုဂါမ၏ ရူပကာယကြီးသည် ထိုမထေရ်၏ ဉာဏ်အမြင်၌ ရုပ်ကောင်ကြီးအနေဖြင့် ခုခံကာကွယ်၍မနေဘဲ အသုဘအရိုးစုအဖြစ်ဖြင့် မြင်တော်မူကာ ဆက်လက်ပွားများဆင်ခြင်ရာ ထိုအသုဘအရိုးစုတည်းဟူသော အာရုံဖြင့်ပင် အာသဝေါကင်းကွာတော်မူ၍ ကိလေသာတွေချုပ်ငြိမ်းပြီး ဘဝဇာတ်သိမ်းတော်မူလေသည်။ 'ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ'ဟူသော ကာယာနုပဿနာသတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ အရိုးစုဖြစ်သော အသုဘရူပကာယဖြစ်သော ဗဟိဒ္ဓအာရုံကို အသုဘအရိုးစု ရူပကာယအဖြစ်ဖြင့်သာ အမှန်အတိုင်း ရုပ်ကိုရုပ်အတိုင်း ရှုတော်မူခြင်း၊ ဘယ်သူဘယ်ဝါဟူ၍ မရှု၊ မာတုဂါမဟူသော ပညတ်အားဖြင့်မရှု၊ ဖောက်ပြန်ပျက်စီးတတ်သောသဘော၊ မတင့်တယ်သောသဘော၊ အမှန်ကို အမှန်အတိုင်း ဉာဏ်ဖြင့်မြင်အောင် ရှုတော်မူခြင်းကြောင့် ထိုအာရုံကိုအကြောင်းပြု၍ အဘိဇ္ဈာလည်းမဖြစ်၊ ဒေါမနဿလည်းမဖြစ်မူ၍ 'အနိဿိတော ဝ ဝိဟရတိ' ဒေသနာတော်အရ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်ဘို့မှကင်းလွတ်၍ သန္တိသုခကို ရရှိတော်မူခြင်းဖြစ်သည်။

သို့ကြောင့် သမ္မဒေလေးပါးတို့တွင် တစ်ပါးပါးသော သင့်လျော်ရာ သမ္မဒေဖြင့် သတိပဋ္ဌာန်တရားတော်လေးပါးတို့တွင်လည်း မိမိတို့ဉာဏ်ဖြင့် မြင်လွယ်ရာ သဘောပေါက်လွယ်ရာ တစ်ပါးပါးသော သတိပဋ္ဌာန်တရားတော်ကို ပွားများအားထုတ်သင့်ကြသည်။ တစ်ပါးပါးသော သတိပဋ္ဌာန်ဖြင့် အားထုတ်၍ တရားတော်ကိုဉာဏ်ဖြင့်မြင်လာသောအခါ အခြားသောသတိပဋ္ဌာန်တို့ကိုလည်း ဉာဏ်၌တွေ့မြင်တတ်, သိသလောက် သိမြင်တတ်ပါသည်။ သို့ဖြစ်၍ 'အစပထမ၌ မိမိတို့ဉာဏ်သက်ဝင်ရာ တစ်ပါးပါးသော သတိပဋ္ဌာန်တရားတော်ကို အားထုတ်ပါလေ'ဟု သတိပေးလိုခြင်းဖြစ်သည်။

သတိပဋ္ဌာန်တရားတော်လေးပါးတို့တွင် ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်တို့၏ အနက် အဓိပ္ပာယ်ကို စွမ်းနိုင်သမျှ ဘုန်းကြီးရေးသားခဲ့ပြီ၊ ယခုမူကား ဓမ္မာနုပဿနာသတိပဋ္ဌာန်ဒေသနာတော်ကို တတ်နိုင်သမျှ နားလည်သိရှိကြစေရန် ရေးသားမည်ဖြစ်သည်။

ကာယာနုပဿနာ သတိပဋ္ဌာန်သည် ရုပ်သက်သက်နှင့် သက်ဆိုင်သော သတိပဋ္ဌာန် ဖြစ်သည်။ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ သတိပဋ္ဌာန်တို့သည် နာမ်သက်သက်နှင့် သက်ဆိုင်သောသတိပဋ္ဌာန်တို့ဖြစ်ကုန်၏။ ထိုသတိပဋ္ဌာန်တို့ကို ဟောတော်မူပြီးနောက်၌ ရုပ်နာမ်နှစ်မျိုးရောသော ဓမ္မာနုပဿနာသတိပဋ္ဌာန်ဒေသနာတော်ကို ဟောတော်မူလိုသည်ဖြစ်၍ "ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ" စသည်ဖြင့် မိန့်ကြားတော်မူသည်။ တစ်နည်းအားဖြင့်- မြတ်စွာဘုရားသည် ကာယာနုပဿနာ သတိပဋ္ဌာန်ဒေသနာတော်ဖြင့် ရူပက္ခန္ဓာကို သိမ်းဆည်း၍ ဟောကြားတော်မူသည်။ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဒေသနာတော်ဖြင့် ဝေဒနာက္ခန္ဓာကို သိမ်းဆည်း၍ ဟောတော်မူသည်။ စိတ္တာနုပဿနာသတိပဋ္ဌာန် ဒေသနာတော်ဖြင့် ဝိညာဏက္ခန္ဓာကို သိမ်းဆည်း၍ ဟောတော်မူသည်။ ယခုအခါ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာနှင့်တကွ ဥပါဒါန က္ခန္ဓာ ငါးပါးလုံးတို့ကို သိမ်းဆည်း၍ ဟောတော်မူခြင်းငှာ 'ကထဉ္စ'စသည်ကို မိန့်ကြားတော်မူသည်ဟု အနုသန္ဓေ တက်ရာသည်။

## နီဝရဏပဗ္ဗ-နီဝရဏပိုင်း

ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်သည်-

၁။ နီဝရဏပဗ္ဗ-နီဝရဏပိုင်း၊

၂။ ခန္ဓပဗ္ဗ-ခန္ဓာပိုင်း၊

၃။ အာယတနပဗ္ဗ-အာယတနပိုင်း၊

၄။ ဗောဇ္ဈင်္ဂပဗ္ဗ-ဗောဇ္ဈင်ပိုင်း၊

၅။ သစ္စာပဗ္ဗ-သစ္စာပိုင်း အားဖြင့် ငါးပိုင်းငါးကဏ္ဍာရှိသည်။

ထိုငါးပိုင်း ငါးကဏ္ဍာတို့တွင် ရှေးဦးစွာ နီဝရဏပဗ္ဗ-နီဝရဏပိုင်းကို ဟောတော်မူသည်။ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူ- 'ကထဉ္စ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ = ရဟန်းတို့- ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် သဘောတရားတို့၌ အဘယ်သို့လျှင် သဘောတရားတို့သာ ဖြစ်သည်ဟူ၍ ဉာဏ်ဖြင့် ရှုရမည်နည်းဟူမူ- 'ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု' ရဟန်းတို့- ငါဘုရား၏သာသနာတော်၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ငါးပါးသော နီဝရဏဟု ဆိုအပ်ကုန်သော သဘောတရားတို့၌ ကောင်းမှုကုသိုလ်တို့ကို တားမြစ် ပိတ်ဆီးတတ်ကုန်သော၊ တားဆီးပိတ်ပင်ကြောင်းဖြစ်သော နီဝရဏတွေကို၊ တားမြစ်ပိတ်ပင်တတ်သော ရန်သူနီဝရဏတရားတွေဟူ၍ နီဝရဏတရားတွေအဖြစ်ဖြင့် မှန်ကန်သည့်အတိုင်း မြင်ကြအောင် ဉာဏ်ဖြင့် ရှုကြည့်ကြကုန်ဟု ဟောတော်မူသည်။

နီဝရဏတည်းဟူသော ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ဟောတော်မူသော ကဏ္ဍာဖြစ်၍ ရှေးဦးစွာနီဝရဏတို့ကိုသိရပေမည်။ သို့ကြောင့် နီဝရဏသဘောတို့ကို ပြဦးအံ့။

နီဝရဏတို့သည်-

၁။ ကာမစ္ဆန္ဒနီဝရဏ၊

၂။ ဗျာပါဒနီဝရဏ၊

၃။ ထိနမိဒ္ဓနီဝရဏ၊

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊

၅။ ဝိစိကိစ္ဆာနီဝရဏ၊

၆။ အဝိဇ္ဇာနီဝရဏ-

ဟူ၍ သရုပ်အားဖြင့် ၆-မျိုးရှိကုန်၏။ တရားကိုယ်အားဖြင့် ၈-မျိုး ရှိကုန်၏။

ဤဓမ္မာနုပဿနာနီဝရဏကဏ္ဍ နီဝရဏပိုင်း၌ ပဥ္စသု နီဝရဏေသု - ဟူ၍ နီဝရဏငါးပါးသရုပ်အားဖြင့် ဟောတော်မူသည်။ အဝိဇ္ဇာနီဝရဏသည် သရုပ်အားဖြင့်မပါ၊ သရုပ်ထုတ်၍ ဟောတော်မူခြင်းမရှိပေ။ အဝိဇ္ဇာနီဝရဏကို သရုပ်အားဖြင့် မဟောခြင်း အကြောင်းကို အဋ္ဌကထာ, ဋီကာတို့၌ ရှင်းလင်းမပြကြကုန်။ အဋ္ဌကထာ,ဋီကာတို့၌ ရှင်းလင်းမပြခြင်းသည် ရှင်းလင်း၍ ပြရလောက်အောင် ခက်ခဲသောအရာ မဟုတ်သောကြောင့်ဟု ယူဆရပေမည်။ သို့ရာတွင် လူတိုင်းအဖို့၌ကား လွယ်ကူချင်မှ လွယ်ကူမည်၊ သဘောပေါက်ချင်မှ ပေါက်ပေမည်။ သို့ကြောင့် ရှင်းလင်းပြဦးအံ့ -

၁။ ကာမစ္ဆန္ဒနီဝရဏ၏ တရားကိုယ်သည် ကာမဂုဏ်ကို လိုချင်နှစ်သက်သော သဘောရှိသော ကာမတဏှာ လောဘဖြစ်၏။

၂။ ဗျာပါဒနီဝရဏ၏ တရားကိုယ်သည် ခက်ထန်မာကျောသော သဘောရှိသော ဒေါသဖြစ်၏။

၃။ ထိနမိဒ္ဓနီဝရဏ,

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ,

၅။ ဝိစိကိစ္ဆာနီဝရဏတို့၏ တရားကိုယ်တို့သည်ကား အသီးအခြားမရှိကြ၊ မိမိတို့၏ အမည်တို့သည်ပင် မိမိတို့၏ တရားကိုယ်ဖြစ်ကြကုန်၏။ ဤငါးပါးသော နီဝရဏတို့သည် အကုသိုလ်သဘောတရားတို့ဖြစ်ကြ၏။ မောဟဟူသော အဝိဇ္ဇာသည်လည်း အကုသိုလ်ပင်ဖြစ်၏။ မောဟသည် အကုသိုလ်စိတ်တိုင်း, အကုသိုလ် စေတသိက်တိုင်းနှင့်ယှဉ်သော သဗ္ဗာကုသလသာဓာရဏစေတသိက်ဖြစ်၏။ ကာမစ္ဆန္ဒနီဝရဏစသော အကုသိုလ်သဘောတရားတို့ဖြစ်လျှင် ဖြစ်ပေါ်တိုင်းသော နီဝရဏတို့နှင့် မောဟသည် ယှဉ်လျက်ပါသည်ဖြစ်၍ မောဟဟူသော နီဝရဏသဘောတရားသည် နီဝရဏတိုင်း၌ ပါဝင်ပြီးဖြစ်သောကြောင့် မောဟတည်းဟူသော အဝိဇ္ဇာနီဝရဏကို သရုပ်အားဖြင့် တသီးတခြားထုတ်၍ ဟောတော်မမူဘဲ၊ ဝါ- မဟောမူ၍ နီဝရဏငါးပါးကိုသာ မြတ်စွာဘုရား သရုပ်ထုတ်၍ဟောတော်မူပါသည်ဟု မှတ်ယူကြကုန်ရာ၏။

နီဝရဏ၏ သဘောသည် ရှာန်အစရှိသော ကုသိုလ်တရားတို့ကို ပိတ်ဆို့ခြင်း၊ တားမြစ်ခြင်း၊ မဖြစ်စေခြင်း သဘောရှိ၏။

ဈာနာဒိကံ နိသေဓေန္တိ၊ န တံ ဒေန္တိ ပဝတ္တိတုံ။

စကဲ့ ဝါ အာဝရန္တီတိ၊ ဝုတ္တာ နီဝရဏာနီတိ။

(ပရမတ္ထသရုပ်ဘေဒနီ)

ဈာနာဒိကံ၊ ဈာန်အစရှိသည့် အစွမ်းပြင့်ဖြစ်သော ကုသိုလ်စိတ်ကို။ နိသေဓေန္တိ၊ တားမြစ်တတ်ကုန်၏။ တံ၊ ထိုကုသိုလ်စိတ်ကို။ ပဝတ္တိတုံ၊ ဖြစ်ခြင်းငှာ။ န ဒေန္တိ၊ မပေးကုန်။ ဝါ၊ တစ်နည်းလည်း။ စကဲ့၊ ပညာမျက်စိကို။ အာဝရန္တိ၊ ပိတ်ဆို့တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ နီဝရဏာနီတိ၊ နီဝရဏတို့ဟူ၍။ ဝုတ္တာ၊ ပြောဆိုအပ်ကုန်၏။

ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဈာန်ကောင်းမှု၊ ဝိပဿနာကောင်းမှုတို့ကို ပြုလုပ်လိုသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ယင်းသို့သော ကုသိုလ်တရားများ မဖြစ်နိုင်အောင် ကာမဂုဏ်အာရုံဘက်သို့ တဏှာလောဘက ဆွဲဆောင်၍ ကောင်းမှုကုသိုလ် မဖြစ်လိုက်ရခြင်းသည် ကာမစ္ဆန္ဒနီဝရဏက ပိတ်ဆို့သည်မည်၏။ အားလပ်သော တနင်္ဂနွေနေ့၊ သို့မဟုတ် ဥပုသ်နေ့တို့၌ ဘုရားဖူးသွားရန်၊ ဥပုသ်စောင့်ရန် ကုသိုလ်ဆန္ဒရှိသော်လည်း ရုပ်ရှင်ကြည့်လိုသောကာမစ္ဆန္ဒကြောင့်၊ ကာမစ္ဆန္ဒက တားမြစ်ပိတ်ပင်လိုက်ခြင်းကြောင့် ဘုရားဖူးကုသိုလ်, ဥပုသ်သီလကုသိုလ်မဖြစ်လိုက်, မရလိုက်ခြင်းမျိုးတို့ပေတည်း။ ကုသိုလ်ဘက်၌ ဖြစ်ပေါ်သောဉာဏ်မျက်လုံးကို ကာမစ္ဆန္ဒနီဝရဏက ပိတ်လိုက်၏။ ဤသဘော တရားမျိုးကို နီဝရဏဟူ၍ မြတ်စွာဘုရားဟောတော်မူသည်။ ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကို မြင်အောင်ကြည့်၍ သိရမည်ကို ရည်ရွယ်တော်မူ၍ "ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ"ဟု ဟောတော်မူသည်။

ဒေါသ အာဃာတ ဖြစ်ပေါ်နေသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဗျာပါဒနီဝရဏ ဖြစ်နေပေသည်။ ဗျာပါဒနီဝရဏက ပိတ်ပင်တားဆီးနေသောကြောင့် ဗျာပါဒနီဝရဏ ဖြစ်ပေါ်နေသမျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်သန္တာန်၌ ကုသိုလ်တရားများဖြစ်ပေါ်ခြင်း မရှိနိုင်ပေ။ ဤသည်တို့ကိုရည်ရွယ်တော်မူ၍ မြတ်စွာဘုရားသည် မိမိသန္တာန်၌ ကုသိုလ်တရားတို့ကို ပိတ်ဆို့ကာကွယ်နေသောဗျာပါဒနီဝရဏတွေ ဖြစ်ပေါ်နေလျှင် ဖြစ်ပေါ်နေသည်ဟုသိပြီးလျှင် ရန်သူနှင့်တူသောနီဝရဏတို့ကို ပယ်ကြကုန်။ ဗျာပါဒနီဝရဏ ကင်းသောအချိန်၌လည်း ကင်းခြင်းကိုသိ၍ ဝမ်းမြောက်စွာ ကာလရှည်အောင်ပယ်၍ ကုသိုလ်တရားပွားများကြကုန် ရဟန်းတို့ဟူ၍- "ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါ ပဇာနာတိ" စသည်ကို ဟောတော်မူသည်။

တစ်ပါးတစ်ပါးသော သတိပဋ္ဌာန်တရားတော်ကို အားထုတ်သောယောဂီသည် ကမ္မဋ္ဌာန်းပေးသော ဆရာထံမှ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဆိတ်ငြိမ်ရာသို့ ချည်းကပ်ကာ ပွားများအားထုတ်သောအခါ ပျင်းရိခြင်း, ငိုက်မျဉ်းခြင်း, တွေဝေထိုင်းမှိုင်းခြင်းတို့ ဖြစ်ပေါ်လာသောကြောင့် တရားထိုင်ရာမှထွက်ခဲ့ရခြင်းမျိုးသည် ထိနမိဒ္ဓနီဝရဏက ဝိပဿနာကုသိုလ်စိတ်မဖြစ်စေအောင် ပိတ်ပင်ဖျက်ဆီးလိုက်ခြင်းပင်ဖြစ်၏။ ဤသဘောသည်လည်း နီဝရဏပင် ဖြစ်၏။ ယောဂီသည် ရန်သူနှင့်တူသော ထိနမိဒ္ဓ ဖြစ်ပေါ်လာသည်ကို သတိပြု၍ ဆင်ခြင်ရမည်။ ငါ့သန္တာန်၌ ထိနမိဒ္ဓနီဝရဏ ပူးဝင်ပိတ်ပင် နေပါကလားဟု သမ္ပဇဉ်ဉာဏ်ဖြင့် ယင်းထိနမိဒ္ဓကိုပယ်ပါ၊ ထိနမိဒ္ဓပျောက်ကင်းစေရန် ဣရိယာပုထ် ပြောင်းလွှဲခြင်း၊ အလင်းရောင်ယူခြင်း၊ လမ်းလျှောက်ခြင်းတို့ဖြင့် ထိနမိဒ္ဓနီဝရဏကို

ပယ်ရမည်၊ ထိနမိဒ္ဓကို ဉာဏ်ဖြင့်မြင်အောင်ကြည့်ရမည်။ ဤသည်တို့ကို ရည်ရွယ်တော်မူ၍ "လ္လဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ အတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓန္တိ ပဇာနာတိ"ဟူ၍ ဟောတော်မူသည်။

တစ်ပါးတစ်ပါးသော သတိပဋ္ဌာန်တရားတော်ကိုပွားများနေသော ယောဂီသည် ကမ္မဋ္ဌာန်းအာရုံ၌စိတ်မတည်မူ၍ အာရုံအမျိုးမျိုးရောက်ကာ မငြိမ်မသက် ပျံ့လွင့်နေခြင်းသည် ဥဒ္ဓစ္စနီဝရဏ ဖြစ်၏။ ထိုအချိန်၌ ယောဂီ၏သန္တာန်တွင် ဥဒ္ဓစ္စနီဝရဏပူးဝင်ကာ ဝိပဿနာအလုပ်ကို တားမြစ်ပိတ်ပင်နေခြင်းဖြစ်၏။ ထိုအခါ ယောဂီသည် ငါ့သန္တာန်၌ ဥဒ္ဓစ္စနီဝရဏပူးဝင်နေပါတကားဟု ဉာဏ်ဖြင့်ရှု၍- လ္လဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ဥဒ္ဓစ္စနီဝရဏံ အတ္ထိ မေ အဇ္ဈတ္တံ ဥဒ္ဓစ္စနီဝရဏန္တိ ပဇာနာတိ - ဟု မြတ်စွာဘုရား ဟောတော်မူသည်ကို သတိပြုဆင်ခြင်၍ ယင်းဥဒ္ဓစ္စကို ပယ်ဖျောက်ရမည်။

သတိပြုရန် ရှိသည်မှာ- ဘာဝနာပွားသည် ဆိုသဖြင့် သဘောတရားတိုင်းကို ပွားရမည်မဟုတ်၊ ပွားသင့်သောတရားကိုပွား၍ ပယ်သင့်သောတရားကိုပယ်ရမည် ဖြစ်သည်။ ဥပမာအားဖြင့် မေတ္တာဘာဝနာ အသုဘဘာဝနာမျိုးကိုပွားရမည်။ ကာမစ္ဆန္ဒနီဝရဏစသော အကုသိုလ်တရားမျိုးကိုကား ပယ်ရမည်ဖြစ်၏။ သို့ရာတွင် ထိုနီဝရဏတို့ကို ပယ်သတ်မှုကို အားထုတ်ပြုလုပ်နေခြင်းကိုပင် တရားအားထုတ်သည် ဘာဝနာပွားသည် ဟူ၍ကား ပြောဆိုသုံးနှုန်းခြင်း ပြုနိုင်ကြပေသည်။

တစ်ပါးတစ်ပါးသောသတိပဋ္ဌာန်တရားတော်ကို အားထုတ်ပွားများနေသော ပုဂ္ဂိုလ် သန္တာန်၌ ကုက္ကုစ္စနီဝရဏသည်လည်း ဖြစ်ပေါ်တတ်၏။ အဘယ်ကဲ့သို့ ဖြစ်ပေါ်တတ် သနည်းဟူမူ၊ ဥပမာ- တရားကို ဆင်ခြင်နှလုံးသွင်း၍ အထိုက်အလျောက် ဉာဏ်၌မြင်၍ သဘောပေါက်လာသောအခါ ဩော်-- ငါသည် လွန်ခဲ့သော နေ့ရက်အချိန်ကာလတွေက သည်တရားမျိုးတွေကို အားထုတ်မှုမပြုခဲ့ရလေခြင်း၊ မကောင်းမှုအကုသိုလ်စိတ်တွေဖြင့်သာ အချိန်ကာလနေ့ရက်တွေ ကုန်ခဲ့ရလေခြင်း၊ အကျိုးမဲ့ရှိခဲ့ရလေခြင်း၊ သမ္မာဒိဋ္ဌိ အမြင်မှန်ဖြင့် ကောင်းမှုကုသိုလ်များကို မပြုခဲ့ရလေခြင်း၊ မကောင်းမှုတို့ဖြင့်သာ အချိန်ကာလနေ့ရက်တွေ ဖြုန်းတီးကုန်ဆုံးခဲ့ရလေခြင်း စသည်ဖြင့် စိတ်နှလုံးမချမ်းမသာဖြစ်ခြင်းသည် ကုက္ကုစ္စသဘော ဖြစ်၏။ ယင်း ကုက္ကုစ္စကိုလည်း သတိပဋ္ဌာန်တရားတော်ကို ဝေဖန်သောအားဖြင့်-

လ္လဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကုက္ကုစ္စံ၊ အတ္ထိ မေ အဇ္ဈတ္တံ ကုက္ကုစ္စန္တိ ပဇာနာတိ = ရဟန်းတို့- ငါဘုရား သာသနာတော်၌ သတိပဋ္ဌာန်တရားကို ပွားများ အားထုတ်သောရဟန်းသည် မိမိအဇ္ဈတ္တသန္တာန်၌ ကုက္ကုစ္စနီဝရဏ ဖြစ်ပေါ်နေလျှင်လည်း ငါ့သန္တာန်၌ ကုက္ကုစ္စ ဖြစ်ပေါ်နေသည်ဟု သိအောင် ဆင်ခြင်ရမည်၊ ဝါ- ဆင်ခြင်၍ သိရမည်။ သိပြီးလျှင် ထိုကုက္ကုစ္စ၏အဖြစ်ကိုရှု၍ပယ်ရမည်၊ ကုက္ကုစ္စကိုပယ်၍ ပွားများဆဲ ဘာဝနာကို ပွားများရမည်ဟု ဆိုလိုသည်။ (ကုက္ကုစ္စသဘော ထင်ရှားစေရန် ဥဒ္ဓစ္စနှင့် ခွဲ၍ပြသည်။)

သတိပဋ္ဌာန်တရား တစ်ပါးပါးကို ပွားများနေသောပုဂ္ဂိုလ်သန္တာန်၌ ယုံမှားသံသယ ဖြစ်ပေါ်တတ်သည်၊ တရားကို မပွား၊ တရားနှင့်ဝေးသော ပုဂ္ဂိုလ်၏ သန္တာန်၌မူကား ယုံမှားခြင်း ဝိစိကိစ္ဆာတွေ ထူးကဲစွာပင် ဖြစ်တတ်သည်။ မြတ်စွာဘုရားဟောတော်မူလိုရင်းမှာ

သတိပဋ္ဌာန်တရားပွားများဆဲ ပုဂ္ဂိုလ်သန္တာန်၌ ဝိစိကိစ္ဆာနီဝရဏဖြစ်ခြင်းကို ရည်ရွယ်တော်မူသည်ဟု ဆိုရပေမည်။

မိမိကိုးကွယ်နေသော ဘုရားသည် သမ္မာသမ္ဗုဒ္ဓသဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံသော ဘုရားရှင်အစစ်အမှန် ဟုတ်ပါလေရဲ့လားဟု ယုံမှားသံသယဖြစ်ခြင်း၊ ငါအားထုတ်နေသော တရားတော်သည်လည်း နိဗ္ဗာန်လမ်းကြောင်း တရားကောင်း တရားမှန်မှ ဟုတ်ပါလေရဲ့လား၊ ဘုရားတပည့်သား သံဃာတော်သည်လည်း သုပ္ပဋိပန္န အစရှိသော သံဃာ့ဂုဏ်တော်တို့နှင့် ပြည့်စုံသော သံဃာစစ်မှ ဟုတ်ပါလေရဲ့လားဟု ယုံမှားသံသယဖြစ်ခြင်း၊ အကျင့်သိက္ခာ၌ ယုံမှားသံသယဖြစ်ခြင်း၊ သံသရာရှေးအစွန်းနှင့်စပ်၍ ယုံမှားသံသယဖြစ်ခြင်း၊ သံသရာ နောက်အစွန်းနှင့် စပ်၍ ယုံမှားသံသယဖြစ်ခြင်း၊ သံသရာရှေ့နောက်အစွန်းနှင့် စပ်၍ ယုံမှား သံသယဖြစ်ခြင်း၊ အကြောင်းအကျိုးဆက်၍ ဖြစ်သော ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားသံသယဖြစ်ခြင်း– ဤသို့သော ယုံမှား သံသယဖြစ်ခြင်းတို့တွင် တစ်မျိုးမျိုးဖြင့်ယုံမှားသံသယဖြစ်လျှင် ဝိစိကိစ္ဆာ နီဝရဏ ဖြစ်သည်။ ဝိစိကိစ္ဆာ၏ သဘောသည် အာရုံကိုပိုင်းခြားဆုံးဖြတ်နိုင်ခြင်းသဘောမရှိ၊ ဇဝေဇဝါ၊ တောင်လိုလို မြောက်လိုလို၊ ဟုတ်မှဟုတ်ရဲ့လားစသည်ဖြင့်နှလုံးနှစ်ခွဖြစ်ခြင်းသဘောရှိ၏။ ဝိစိကိစ္ဆာ နီဝရဏကိန်းအောင်းနေသောပုဂ္ဂိုလ်သည် ထိုဝိစိကိစ္ဆာ နီဝရဏက တားမြစ်ပိတ်ပင်သောကြောင့် ဘုရားကိုလည်း လေးလေးမြတ်မြတ် ဆည်းကပ်ကိုးကွယ်ခြင်း မပြုနိုင်၊ တရားတော် ကိုလည်း နှစ်နှစ်ကာကာ လိုက်လိုက်လဲ့လဲ့အားမထုတ်နိုင်၊ မယုံကြည်နိုင်၊ သံဃာတော်ကိုလည်း မဆည်းကပ်နိုင်။ ဘယ်အရာ ဘယ်ကိစ္စမျိုးကိုမဆို ပြုလုပ်ဆောင်ရွက်သောပုဂ္ဂိုလ်သည် မိမိပြုလုပ်မည်ဖြစ်သောကိစ္စအပေါ်၌ အကျိုးကျေးဇူးကိုသိရှိပြီး ဝိစိကိစ္ဆာ ကင်းရှင်းယုံကြည်ခြင်းဖြင့် စိတ်ကိုစောက်ချ၍ စိတ်အားတက်ကြွထက်သန်စွာ ဆောင်ရွက်ပြုလုပ်မှသာလျှင် အကျိုးကျေးဇူးကိုရရှိတတ်ပေသည်။ သို့ကောင်းကျိုးကျေးဇူးကို မဖြစ်စေသော, ကောင်းမှုကုသိုလ်တို့ကို ပိတ်ပင်တားဆီးခြင်း သဘောရှိသော ဝိစိကိစ္ဆာနီဝရဏကို မြင်အောင်ကြည့်၍ ပယ်သတ်စေလိုသော မြတ်စွာဘုရားသည် "ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ၊ အတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာတိ ပဇာနာတိ"ဟု ဟောတော်မူသည်။ ရဟန်းတို့– ငါဘုရားသာသနာတော်၌ ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် ငါ့အဇ္ဈတ္တသန္တာန်၌ ဘုရား,တရား,သံဃာစသည်တို့၌ ယုံကြည်မှုကင်းသော ယုံမှားသံသယတည်းဟူသော ဝိစိကိစ္ဆာနီဝရဏသည် ကိန်းအောင်းနေပါတကား–ဟု မြင်အောင်ကြည့်ရမည်ဟု ဟောတော်မူသည်။ ဝိစိကိစ္ဆာနီဝရဏသည် မိမိအဇ္ဈတ္တသန္တာန်၌ ပူးဝင်ကိန်းအောင်းကာ ကုသိုလ်တရားကို ပိတ်ပင်တားမြစ်သော အခြင်းအရာကိုမြင်လျှင် ယင်းဝိစိကိစ္ဆာတည်းဟူသော အဇ္ဈတ္တရန်သူကို အဓိမောက္ခဖြင့်ပယ်ရမည်။

## ထိနနှင့်မိဒ္ဓ ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့ကို ပူးတွဲ၍ဟောခြင်း

ပြဆိုအပ်သော ကုသိုလ်တရားတို့ကို ပိတ်ပင်ကာ တားမြစ်ခြင်းသဘောရှိသော နီဝရဏငါးမျိုးတို့တွင် ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စနီဝရဏတို့ကို သရုပ်အားဖြင့် တစ်ပါးစီတစ်မျိုးစီ မယူမူ၍ အဘယ်ကြောင့်နှစ်မျိုးတစ်စုံ၊ နှစ်မျိုးတစ်ခုစီ တွဲထားသနည်းဟူမူ– တွဲထားခြင်းအကြောင်းကို ဤသို့ပြဆိုပေသည်။ အကြောင်းကား ထိနနှင့် မိဒ္ဓတို့သည် ဆောင်ရွက်ရန်ကိစ္စ၊ ဝါ– အလုပ်သဘောအားဖြင့်လည်းကောင်း၊ ကုသိုလ်တရား

များကို မဖြစ်စေခြင်း ပိတ်ပင်ခြင်းသဘောအားဖြင့်လည်းကောင်း၊ ကုသိုလ်တရားနှင့် ဆန့်ကျင်ဘက် သဘောချင်းတူသောအားဖြင့်လည်းကောင်း ထိနနှင့် မိဒ္ဓကိုတွဲ၍ ဟောသည်ဟုဆိုသည်။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည်လည်း အချင်းအချင်း အလုပ်သဘော အားဖြင့် တူခြင်း၊ ကုသိုလ်တရားတို့နှင့် ဆန့်ကျင်ခြင်း တူကြသည်ဖြစ်၍ တွဲဖက်ကာ ဟောတော်မူသည်ဟု ဆိုသည်။

ကိစ္စာဟာရဝိပက္ခာနံ၊ ဧကတ္တာ ဧကမေတ္ထ ဟိ။

ကတမုဒ္ဓစ္စကုက္ကုစ္စံ၊ ထိနမိဒ္ဓဉ္စ တာဒိနာ။

(ဝိဘာဝိနီဋီကာ)

ဟိ၊ မှန်၏။ ဧတ္ထ၊ ဤနီဝရဏအရာ၌။ ကိစ္စာဟာရဝိပက္ခာနံ၊ ကိစ္စ,အကြောင်း, ဆန့်ကျင်ဘက်အရာတို့၏။ ဧကတ္တာ၊ တူသည်၏ အဖြစ်ကြောင့်။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ဥဒ္ဓစ္စ နှင့် ကုက္ကုစ္စကိုလည်းကောင်း။ ထိနမိဒ္ဓဉ္စ၊ ထိနနှင့် မိဒ္ဓကိုလည်းကောင်း၊ ဧကံ-ဧကေန၊ နီဝရဏတစ်မျိုးတည်း အဖြစ်ဖြင့်။ တာဒိနာ၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ကတံ၊ ဟောတော်မူအပ်၏။

ဓမ္မာနုပဿနာ နီဝရဏပိုင်း၌ နီဝရဏတရားတို့၏ အခြင်းအရာသဘောတို့ကို အထိုက်အလျောက်ပြခဲ့ပြီ။ ယင်းသို့ ပြခဲ့ရာ၌ နီဝရဏတို့ကို ရှုပုံကြည့်ပုံ ပါဠိတော် တစ်စိတ်တစ်ဒေသကို ပုံစံထုတ်ဖော်ပြခဲ့သည်။

ယခုအခါ၌မူကား နီဝရဏပိုင်း၌ မြတ်စွာဘုရားဟောကြားတော်မူသော နီဝရဏတို့ကိုရှုပုံ ဒေသနာတော်ကို ထုတ်ဖော်ပြဆိုပေမည်။

ကထဉ္စ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု- ဖြင့် ရဟန်းတို့-- နီဝရဏငါးပါးဟု ဆိုအပ်ကုန်သောသဘောတရားတို့၌ နီဝရဏ သဘောတရားတွေသာ- ဟု ဉာဏ်ဖြင့်ရှုရမည်။ နီဝရဏသဘောတို့ကို နီဝရဏတွေ၊ အပိတ်အပင်တရားတွေ၊ အနှောင့်အယှက် အကာအကွယ်တရားတွေဟူ၍ မြင်အောင် ရှုရမည်ဟု ဟောတော်မူသည်။ အစိတ်အစိတ်အားဖြင့် မြင်အောင်ရှုပုံကို ဆက်လက် ဟောတော်မူသည်မှာ- ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ= ရဟန်းတို့-- ငါဘုရား၏ သာသနာတော်၌ ရဟန်း ဖြစ်သောပုဂ္ဂိုလ်သည် ယခုအချိန် မိမိအဇ္ဈတ္တသန္တာန်၌ ကာမဂုဏ်ကိုလိုလားတပ်မက်သော ကာမစ္ဆန္ဒဟူသော တဏှာရာဂ၊ ဝါ- လောဘ ဖြစ်နေသလား၊ ကာမစ္ဆန္ဒဖြစ်နေလျှင်လည်း ဖြစ်နေသည်ဟု သိအောင်ကြည့်ပါ။ အကယ်၍ ကာမစ္ဆန္ဒကင်းရှင်းနေလျှင်လည်း အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ= မိမိသန္တာန်၌ ယခုအခါ တဒင်္ဂပဟာန်ကာလအားဖြင့် ဖြစ်စေ၊ ဝိက္ခမ္ဘနပဟာန် ကာလအားဖြင့်ဖြစ်စေ ကာမစ္ဆန္ဒကင်းနေသည်ဟု သိအောင်ရှုပါလေဟု ဟောတော်မူသည်။

ကာမစ္ဆန္ဒနီဝရဏအစရှိသော နီဝရဏတရားတွေ မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှား ရှိသည်ဆိုသည်မှာ နီဝရဏတွေ မပြတ်ဖြစ်သည်၏အစွမ်းဖြင့် မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားရှိနေခြင်း ဖြစ်ပေါ်နေခြင်းပင် ဖြစ်သည်။ နီဝရဏတွေ မိမိအဇ္ဈတ္တသန္တာန်၌ ယင်ရှားမရှိဟု ဆိုခြင်းမှာ နီဝရဏတွေ မပြတ်မဖြစ်ခြင်း၊ တစ်နည်းအားဖြင့် ပယ်အပ်

သည်၏အပြစ်ကြောင့် မိမိအဇ္ဈတ္တသန္တာန်၌ ထင်ရှားမရှိခြင်း မဖြစ်ပေါ်ခြင်းပင် ဖြစ်သည်။ ကာမစ္ဆန္ဒနီဝရဏမှစ၍ နီဝရဏငါးပါးလုံး အဇ္ဈတ္တသန္တာန်၌ ဖြစ်ခြင်းမဖြစ်ခြင်းကို ဤအဓိပ္ပာယ်အတိုင်း မှတ်ယူကြရာ၏။

ကာမအာရုံဟူသော ကာမဂုဏ်၏အပြစ်ကို မမြင်မသိသော ပုဂ္ဂိုလ်သန္တာန်၌ ကာမအာရုံ ကာမဂုဏ်ကို အလိုရှိသော ကာမစ္ဆန္ဒ ဖြစ်ပေါ်တတ်သည်။ တစ်နည်းအားဖြင့် ကာမအာရုံကို လိုချင်တပ်မက်သော ကာမတဏှာ၏အပြစ်ကို၊ ဝါ- ရန်သူဟူ၍ မမြင်မသိသော ပုဂ္ဂိုလ်၏သန္တာန်၌ ကာမစ္ဆန္ဒနီဝရဏ ဖြစ်တတ်သည်။ ယင်း ကာမစ္ဆန္ဒနီဝရဏကို မြင်အောင်၊ ရန်သူဟူ၍ သိအောင်ကြည့်၍ပယ်ပါ။ သူတော်ကောင်းတရားကို ကြားနာနေသော အခိုက်အခါ၌ ဖြစ်စေ၊ ကာမတဏှာနှင့် ကာမတဏှာ၏ အာရုံဖြစ်သော၊ ဝါ- ကာမတဏှာ၏ အစာဖြစ်သော ကာမဂုဏ်တို့၏အပြစ်ကို ဉာဏ်၌မြင်နေသော အခါ ကာလ၌ဖြစ်စေ ကာမစ္ဆန္ဒနီဝရဏတွေ ကင်းရှင်းနေတတ်သည်။ ထိုအခါ ကာလမျိုးတို့၌ မိမိအဇ္ဈတ္တသန္တာန်တွင် ကာမစ္ဆန္ဒကင်းရှင်းပပျောက်နေသည်ကိုလည်း ကင်းရှင်းပပျောက်နေသည်ဟုသိကာ ဆက်လက်၍ ကာမစ္ဆန္ဒကင်းရှင်းအောင် သတိရှေ့သွား ဉာဏ်စေစား၍ အားထုတ်ရမည်ဖြစ်သည်။

ကာမစ္ဆန္ဒဟူသော ကာမတဏှာသည် အစမထင်သော၊ ဝါ- အစမရှိသော သံသရာတစ်လျှောက်လုံး လူဖြစ်သောအခါ၌လည်း လူ့ကာမဂုဏ်တို့ဖြင့် ပျော်ပိုက်စွဲလမ်းခဲ့ကြ၏။ မရသေးသော ကာမဂုဏ်ကို ရှာမှီးခဲ့ကြ၏။ ရရှိပြီးသော ကာမဂုဏ်တို့ကို စွဲလမ်းတပ်မက်ကြ၏။ နတ်ဖြစ်သော အခါ၌လည်း နတ်ကာမဂုဏ်တို့ဖြင့် ပျော်ပိုက်စွဲလမ်းခဲ့ကြ၏။ သာယာခဲ့ကြ၏။ တိရစ္ဆာန်ဖြစ်သော အခါ၌ပင်လျှင် တိရစ္ဆာန်အလျောက် ရရှိသမျှသော ကာမဂုဏ်ဖြင့် သာယာတပ်မက်ပျော်ပိုက်စွဲလမ်းခဲ့ကြ၏။ ယင်းကဲ့သို့ သံသရာတစ်လျှောက်လုံးက အစွဲပါခဲ့သော အစွဲနာခဲ့သောကာမစ္ဆန္ဒကို ပယ်ရန် ဖြတ်ရန်မှာ လွယ်ကူသော အရာမဟုတ်ပေ။ ပေါ့ပေါ့နှင့် မပယ်နိုင်၊ မဖြတ်နိုင်၊ ထိုကာမစ္ဆန္ဒကို မိမိ၏ရန်သူ အဇ္ဈတ္တရန်သူအဖြစ်ဖြင့် သိမြင်ရန်ပင် ခဲယဉ်းသည်ဖြစ်၍၊ သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ= မိမိအဇ္ဈတ္တသန္တာန်၌ အတွင်း ရန်သူအဖြစ်ဖြင့် ဖြစ်ပေါ်ကိန်းအောင်းနေသောကာမစ္ဆန္ဒကို မြင်ကြ ကြည့်ကြဟု မြတ်စွာဘုရားက ဟောတော်မူသည်။

ဗြဟ္မစရိယ = မြတ်သောသူတော်ကောင်းတရားကို အားထုတ်သည်, တရားကျင့်သည်, တရားထိုင်သည်ဆိုသော်လည်း -

ယံ ကိဉ္စိ သိထိလံ ကမ္မံ၊ သံကိလိဋ္ဌဉ္စ ယံ ဝတံ။

သင်္ကဿရံ ဗြဟ္မစရိယံ၊ န တံ ဟောတိ မဟပ္ဖလံ-

ဟု မြတ်စွာဘုရား ဟောတော်မူသည်။

ယံ ကိဉ္စိ၊ အလုံးစုံဖြစ်သော။ သိထိလံ ကမ္မံ၊ ပေါ့ပေါ့လျော့လျော့ ပြုလုပ်သော အမှုကိစ္စသည် လည်းကောင်း။ သံကိလိဋ္ဌံ၊ မသန့်မရှင်းသော။ ယံ ဝတံ စ၊ အကြင် အကျင့်တရားသည်လည်းကောင်း။ သင်္ကဿရံ၊ ယုံမှားသံသယ မကင်းသော။ ယံ ဗြဟ္မစရိယံ စ၊ မြတ်သည်ဟု ယူဆသော အကြင်သဘောတရားသည် လည်းကောင်း။

အဋ္ဌိ၊ ရှိကြကုန်၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုအလုပ်ဟူသမျှသည်။ မဟပ္ဖလံ၊ ကောင်းကျိုးရှိသည်။ န ဟောတိ၊ မဖြစ်ပေ။

ဤသို့ ပေါ့ပေါ့လျော့လျော့အားထုတ်ခြင်းဖြင့် လိုအပ်သောကောင်းကျိုးကျေးဇူးတို့ကို မရနိုင်ချေ။ တရားအားထုတ်သော ပုဂ္ဂိုလ်သည်-

န ဟိ သိထိလမာရဗ္ဘ၊ န ဟိ အပ္ပေန ထာမသာ။

နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဒုက္ခပ္ပမောစနံ။

ဟိ၊ သတိပြုရန်ကား။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ ဝါ၊ သတိပဋ္ဌာန်တရားတော်ကို။ သိထိလံ၊ ပေါ့ပေါ့လျော့လျော့။ အာရဗ္ဘ၊ အားထုတ်၍။ သဗ္ဗဒုက္ခပ္ပမောစနံ၊ ခပ်သိမ်းသောဒုက္ခတို့မှ လွတ်မြောက်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာသို့။ န အဓိဂန္တဗ္ဗံ၊ မရောက်နိုင်။ ဟိ၊ တစ်မျိုးကား။ အပ္ပေန၊ အနည်းငယ်သော။ ထာမသာ၊ လုံ့လဝီရိယ အားစွမ်း ဉာဏ်စွမ်းမျှဖြင့်။ သဗ္ဗဒုက္ခပ္ပမောစနံ၊ ခပ်သိမ်းသောဒုက္ခတို့မှ လွတ်မြောက်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာသို့။ န အဓိဂန္တဗ္ဗံ၊ မရောက်နိုင်-ဟူ၍ ဟောတော်မူသည်။

သို့ကြောင့် "သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ" စသည်ဖြင့် ညွှန်ပြတော်မူသည့်နည်းအတိုင်း ထက်ထက်သန်သန် တက်တက်ကြွကြွ အားထုတ်ရာ၏။ ကာမဂုဏ်ကို လိုချင်တပ်မက် နှစ်သက်သော သဘောရှိသော ရာဂတဏှာသည် တရားကိုယ်အားဖြင့် လောဘဖြစ်၏။ လောဘ၏အာရုံဖြစ်သော ကာမဂုဏ်တွေကလည်း သဘောတူရာပေါင်း၍ အကျဉ်းအားဖြင့် ကာမဂုဏ်ငါးပါးဟု ဆိုရသော်လည်း ရူပါရုံတစ်မျိုးမှာပင် အဆင် အသွေးအရောင်စသည်ဖြင့် ရူပါရုံတွေ၊ ရူပါရုံတည်းဟူသော ကာမဂုဏ်တွေ အတိုင်းမသိများလှ၏။ သဒ္ဒါရုံတည်းဟူသော ကာမဂုဏ်တွေ အတိုင်းမသိများလှ၏၊ ထို့အတူ ဂန္ဓာရုံတည်းဟူသော ကာမဂုဏ်တွေ၊ ရသာရုံတည်းဟူသောကာမဂုဏ်တွေ၊ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော ကာမဂုဏ်တွေ အနန္တ အတိုင်းမသိများလှဘိ၏။ ဆုတ်ကပ်ခေတ်အခါ ဖြစ်သည့်အလျောက် လောဘ စသော အကုသိုလ်နီဝရဏတွေ တိုးပွားရာ တိုးပွားကြောင်း၊ ဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်း ဖြစ်သော နှစ်သက်ဖွယ် သာယာဖွယ်ရှိလှသော ကာမဂုဏ်အာရုံအသစ် အသစ်တွေကလည်း တစ်နေ့တခြား ပေါ်ပေါက်လျက် ရှိသောကြောင့် ကာမစ္ဆန္ဒနီဝရဏအစရှိသော နီဝရဏတို့ကို သာမညအားဖြင့် ပယ်နိုင်စွမ်းရှိကြမည် မဟုတ်ပေ။

နီဝရဏတို့ကို သာမညအားဖြင့် ပယ်နိုင်ခဲသည်ဟူ၍ ဆိုရစေကာမူ မြတ်စွာဘုရား နည်းလမ်း ညွှန်ပြတော်မူသည်ကို လိုက်နာကျင့်သုံး၍ အားထုတ်ပါလျှင် ပယ်နိုင်သလောက် တစ်စတစ်စပယ်ကြသဖြင့် ကောင်းမှုကုသိုလ်တရားတို့ကို ပွားများအားထုတ်နိုင်ကြမည် ဖြစ်သည်။ ဈာန်အကျိုး, မဂ်ဖိုလ်အကျိုးတိုင်အောင်လည်း ရနိုင်မည်ဖြစ်သည်။ နီဝရဏတို့ကို မမြင်၍ မပယ်နိုင်ခြင်းကြောင့် အကျိုးမဲ့ဖြစ်ကြရသော ဝဋ္ဋသာမကေတွေ မြင်တန်သမျှ မြင်လျက် မပယ်နိုင်ခြင်းကြောင့် အကျိုးမဲ့ဖြစ်ကြရသော ဝဋ္ဋသာမကေတွေ များလှ၏။ ငါးရာငါးဆယ် ဇာတ်တော်တို့၌ များများတွေ့နိုင်၏။ ကာမစ္ဆန္ဒနီဝရဏကို ပယ်နိုင်ခြင်းကြောင့် ဈာန်အကျိုး မဂ်ဖိုလ်အကျိုးတို့ကိုရရှိ၍ ချမ်းသာကြသောဝဋ္ဋသာမကေ တွေလည်း များလှ၏။ ကြည့်ရှုကြကုန်လော့။ အားထုတ်ကြကုန်လော့။

## ကာမစ္ဆန္ဒနီဝရဏကို ပယ်သတ်နည်း

ပယ်နိုင်ခဲသော ပယ်နိုင်ရန်ခဲယဉ်းသော နီဝရဏတို့တွင် နီဝရဏအစဉ်အတိုင်း ပထမဖြစ်သော ကာမစ္ဆန္ဒနီဝရဏကို ပယ်သတ်နိုင်ခြင်း၏ အကြောင်းအင်္ဂါတို့သည်လည်း ရှိကြကုန်၏။ ထိုအကြောင်းတို့ကိုပြအံ့။ လောကအနေအားဖြင့် ကောင်းမွန်စွာ ဝတ်စား ဆင်ယင်ခြင်းကြောင့် တင့်တယ်သည်ဟုဆိုအပ်သောအာရုံကိုတွေ့မြင်ရာ မသင့်သော နှလုံးသွင်းခြင်း၊ မမှန်သောအမြင်ဖြင့် နှလုံးသွင်းခြင်း၊ မြင်ခြင်းရှိသောပုဂ္ဂိုလ်၏ အဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒနီဝရဏသည် ဖြစ်ပေါ်တတ်၏။ ထိုအာရုံကိုပင် သတိရှိသော ပုဂ္ဂိုလ်သည် ယခုငါတွေ့မြင်နေသော အာရုံသည် စင်စစ်ပကတိအားဖြင့် နှစ်သက်ဖွယ်၊ သာယာဖွယ်၊ တပ်မက်ဖွယ်အစစ်ဖြစ်သော အာရုံမဟုတ်ပေ။

အမှန်စင်စစ်မှုကား ဆံပင်,မွေးညင်းအစရှိသော မတင့်တယ်သော နှစ်သက်ဖွယ် သာယာဖွယ်မဟုတ်သော မတင့်တယ်သော ၃၂-ပါးသော အသုဘရုပ် အစုအဝေးမျှသာ ဖြစ်သည်ဟု ဉာဏ်ဖြင့် ဤရူပကာယ၏အပေါ်ရံမှဖုံးလွှမ်းထားသော လှပသော အဝတ် အထည်တို့ကို ဖယ်ရှားကာ ဆံပင်, မွေးညင်းစသောပစ္စည်းတို့ကို တစ်ပုံစီ၊ တစ်ပုံစီ၊ ၃၂-ပုံ ဉာဏ်ဖြင့် ပုံ၍ ရှုပါလေ။ ဆံပင်ကိုလည်း လိုချင်တပ်မက်ခြင်းမရှိ၊ မွေးညင်း တို့ကိုလည်း လိုချင်တပ်မက်ခြင်းမရှိ၊ ဘယ်ကောဋ္ဌာသ၊ ဘယ်ရုပ်တစ်ခုကိုမျှ နှစ်သက် သာယာခြင်းမရှိ အသုဘသဘောအစစ်ဖြင့် မြင်သည်ဖြစ်၍ ထိုအာရုံ၌ ယခင်က လိုချင် တပ်မက်ကာ ဖြစ်ပေါ်သော ကာမစ္ဆန္ဒနီဝရဏသည် မိမိအဇ္ဈတ္တသန္တာန်မှ ပျောက်ကွယ် ချုပ်ငြိမ်းလေတော့သည်။ ထိုအခါ မြတ်စွာဘုရား နည်းလမ်းညွှန်ပြ၍ ဟောတော်မူသည့် အတိုင်း အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ= ငါ့အဇ္ဈတ္တသန္တာန်၌ ယခင်ကဖြစ်ခဲ့သော ကာမစ္ဆန္ဒသည် ယခုအခါ ငါ့အဇ္ဈတ္တသန္တာန်မှ ချုပ်ပျောက်ကွယ်ပချေပြီ ဟု ဉဒါန်းကျူးနိုင်လေပြီ။

တစ်နည်းအားဖြင့် ကာမစ္ဆန္ဒကို ပယ်ပျောက်ကြောင်းတို့သည် ခြောက်မျိုးရှိကုန်၏။ ခြောက်မျိုးတို့ဟူသည် အဘယ်နည်းဟူမူ-

၁။ အသုဘနိမိတ် အသုဘအာရုံကိုယူခြင်း၊

၂။ အသုဘဘာဝနာကို အားထုတ်ခြင်း၊

၃။ ဣန္ဒြေကို စောင့်စည်း ထိန်းသိမ်းခြင်း၊

၄။ စားသောက်ဖွယ်၌ အတိုင်းအရှည်ကိုသိခြင်း၊

၅။ ကာမစ္ဆန္ဒကိုပယ်ရာ၌ကူညီနိုင်သော မိတ်ကောင်း သီတင်းသုံးဖော်ကောင်း ရှိခြင်း၊

၆။ ကာမစ္ဆန္ဒကိုပယ်ခြင်းနှင့် လျော်ကပတ်သင့်လျော်သော တရားစကားရှိခြင်း- တို့ဖြစ်ကုန်၏။ ဤခြောက်မျိုးတို့တွင် -

၁။ အသုဘနိမိတ် အသုဘအာရုံကို ယူခြင်းဟူသည်မှာ -

အသုဘကောင်၏ (၁)အဆင်း၊ (၂)အသွင်၊ (၃)သဏ္ဌာန်၊ (၄)အရပ်မျက်နှာ၊ (၅) တည်ရာဌာန၊ (၆) အပိုင်းအခြားဟူ၍ ၆-မျိုးရှိ၏။

တစ်နည်း:- (၁) အရိုးအဆက်အစပ်၊ (၂) အကြားအပေါက်၊ (၃) အမြင့်၊ (၄) အနိမ့်၊ (၅) ထက်ဝန်းကျင် ဟူ၍ ၅-မျိုး ရှိ၏။

ဤတစ်ဆယ့်တစ်မျိုးတို့တွင်-

၁။ မိမိဉာဏ်အားလျော်သောနိမိတ်တို့ဖြင့် အသုဘနိမိတ်အာရုံကို ယူရမည် ဖြစ်သည်။

၂။ အသုဘဘာဝနာကို အားထုတ်ခြင်းဟူသည်မှာ -

ဥဂ္ဂဟနိမိတ်ဖြင့်ယူအပ်သောအာရုံကို ဆက်လက်ပွားများခြင်းပင်တည်း။ (ပွားပုံကို ဖွင့်ဆိုမှုကား ကျယ်ဝန်းလှ၏။ ဝိသုဒ္ဓိမဂ်၌ ကြည့်ပါလေ။)

၃။ ဣန္ဒြေကို စောင့်စည်းခြင်းဟူသည်မှာ -

စက္ခုအစရှိသော ဣန္ဒြေတို့ကို စောင့်စည်းမှုပင်တည်း။ နှစ်သက်တပ်မက်ဖွယ် ရူပါရုံစသော အာရုံတို့ရှိရာသို့ အာရုံမပြုမူ၍ စက္ခုဣန္ဒြေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကာမစ္ဆန္ဒ ဖြစ်ပေါ်ခြင်းမှ ကင်းလွတ်စေ၏။

၄။ စားသောက်ဖွယ်၌ အတိုင်းအရှည်ကို သိခြင်းဟူသည်မှာ -

မွန်မြတ်သော နှစ်သက်ဖွယ်စားချင်ဖွယ်အဆင်းအနံ့အရသာတို့နှင့် ပြည့်စုံသော ဆွမ်း အစရှိသောခဲဖွယ်ဘောဇဉ်တို့သည် သတ္တဝါတို့၌ မကင်းနိုင်သော အာဟာရများ ဖြစ်သည်။ ကာမ၏အာရုံလည်းဖြစ်သည်။ အာဟာရနှင့်မကင်းနိုင်သောရုပ်ကို မျှတရုံမျှ သူတော်ကောင်း တရားကိုအားထုတ်နိုင်ရုံမျှ အတိုင်းအရှည်ပမာဏကိုသိ၍ စားသောက်ကြလျှင် အန္တရာယ် မဖြစ်၊ တွေဝေထိုင်းမှိုင်းခြင်းမဖြစ်ပေ။ ကောင်းမွန်သောအာဟာရဖြစ်၍၊ ဝါ- ခံတွင်းတွေ့သောအာဟာရဖြစ်၍မျှရုံမျှဖြင့်မတင်းတိမ်ဘဲ စားကောင်းတိုင်း အလွန်အကျွံ စားမိလျှင် တွေဝေထိုင်းမှိုင်းခြင်း၊ အစာမကြေခြင်း၊ လေထိုးခြင်း စသည်တို့ဖြစ်၍ ရောဂါရတတ်သည်။

သို့ကြောင့် စားသောက်ဖွယ်တို့ကို အတိုင်းအရှည် ပမာဏဖြင့် မျှတ-ရုံစား၍ ကာမစ္ဆန္ဒ နိဝရဏဖြစ်ခြင်းမှ ကင်းလွတ်စေရသည်။

## ရောဂါကင်းခြင်း ဘိုခဲခြင်း

စားသောက်ဖွယ်တို့ကို မိမိနှင့် မျှတ-ရုံ အတိုင်းအရှည်ပမာဏကို ဆင်ခြင်၍ စားသောက်သော ပုဂ္ဂိုလ်သည် လောကုတ္တရာတရားကို ရရှိသည့်အပြင် ယခုပစ္စက္ခဘဝ ခန္ဓာကိုယ်၌ အနာရောဂါကင်းခြင်း၊ ခန္ဓာကိုယ် ပေါ့ပါးခြင်း၊ အိုခဲခြင်း၊ ကိုယ်ရောစိတ်ပါ ကြည်လင်ကျန်းမာခြင်း အကျိုးကျေးဇူးတို့ကိုလည်းရရှိတတ်သည်။ ကောသလမင်းကြီး သည် ယခင်က အစားအသောက်များများစားတတ်သည်။ အစားအသောက်များများ စားသောကြောင့် ကျန်းမာရေးမကောင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်းဖြစ်၏။

ပေါ့ပါးသွက်လက်ခြင်းမရှိဟု သိရ၏။ အခါတစ်ပါး၌ ပွဲတော်တည်ပြီးစဖြစ်၍ ခန္ဓာကိုယ် မအီမသာ တွေဝေထိုင်းမှိုင်း၍ ချွေးထွက်လိုက်ကာ ဘေးမှ ယပ်လေခတ်ပြီး နေမနေရ၏။

ဤအခြင်းအရာကို မြတ်စွာဘုရားမြင်တော်မူ၍ အတိုင်းအရှည်မရှိ စားသောက်ဖွယ် တို့ကို များများစားသောက်ခြင်းကြောင့် ဤသို့ မအီမသာ တွေဝေ ထိုင်းမှိုင်းခြင်း ဖြစ်သည်ကို သိတော်မူသဖြင့်-

မနုဇဿ သဒါ သတိမတော၊ မတ္တံ ဇာနတော လဒ္ဓ ဘောဇနံ

တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလကံ-

ဟု ဟောတော်မူသည်။ အခါခပ်သိမ်းသတိရှိသော၊ စားသောက်ဖွယ်တို့ကို စားသောက်သော အခါ၌ အတိုင်းအရှည်ပမာဏကိုသိသဖြင့် ဆင်ခြင်၍ စားသောက်သောပုဂ္ဂိုလ်၏ ခန္ဓာ ကိုယ်၌ ရောဂါဝေဒနာတို့သည် ဖြစ်ခြင်းနည်းပါးတတ်ကုန်၏။ ဇီဝိတိန္ဒြေဟူသော အာယုက စောင့်ရှောက်နိုင်သည်ဖြစ်၍ အိုခြင်းသဘောကို မလွန်နိုင်ကြ၍ အိုကြရသော်လည်း အိုခဲသည်ဖြည်းဖြည်းချင်းအိုသည်။ အသက်ကြီးသော်လည်း အရွယ်တင်သည်ဟု ဟော တော်မူသည်။

မြတ်စွာဘုရားဟောတော်မူသော ဤဩဝါဒဒေသနာတော်ကို လိုက်နာ၍ ကောသလမင်းကြီးသည် ပွဲတော်တည်သောအခါ တစ်နေ့လျှင် ထမင်းတစ်လုတ်တစ်လုတ်စီ လျှော့စားခဲ့ရာ တစ်စလယ်ချက်မျှဖြင့် မျှတ-ရောင့်ရဲနိုင်သဖြင့်အစာကြေညက်၍ ခန္ဓာကိုယ် ပေါ့ပါးခြင်း၊ တွေဝေထိုင်းမှိုင်းမှုကင်းခြင်း၊ ရောဂါဝေဒနာနည်းပါးခြင်း၊ ကိုယ်စိတ် ကျန်းမာချမ်းသာခြင်း၊ အကျိုးတို့ကိုရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်၍ မြတ်စွာဘုရားသည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကိုသာ ဟောတော်မူသည်မဟုတ်၊ ကျန်းမာ ချမ်းသာရေး တရားတော်ကိုလည်း ဟောတော်မူပါပေသည်ဟု ကျေးဇူးစကားပြောကြားလေသည်။ ကျန်းမာ၍အနာရောဂါကင်းလျှင် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို တိုးတက်ပွားများအားထုတ်နိုင်သည်ဖြစ်၍ ဤဒေသနာတော်သည် နိဗ္ဗာန်ရောက်ကြောင်း နိဝရဏကင်းကြောင်းတရားဟု မှတ်ယူရပေမည်။

၅။ ကာမစ္ဆန္ဒကို ပယ်ရာ၌ ကူညီနိုင်သော မိတ်ကောင်း၊ သိတင်းသုံးဖော်ကောင်း ရှိခြင်း ဟူသည်မှာ -

မိမိ အဇ္ဈတ္တသန္တာန်၌ ဖြစ်ပေါ်ဆဲဖြစ်သော ကာမစ္ဆန္ဒဖြစ်စေ၊ မဂ်ဖြင့် မပယ်ရသေး သောကြောင့် အကြောင်းရှိလျှင် ဖြစ်ပေါ်မည့် အနုသယအနေဖြင့် ကိန်းသောကာမစ္ဆန္ဒတို့ကို ပယ်သုတ်နိုင်ကြောင်း၊ အားနည်းကြောင်း၊ ခေါင်းပါးစေကြောင်း- တရားစကားတို့ကို ကူညီဟောပြောခြင်းငှာ စွမ်းနိုင်သော မိတ်ဆွေကောင်း သိတင်းသုံးဖော်ကောင်းရှိရမည် ဖြစ်သည်။

၆။ ကာမစ္ဆန္ဒကို ပယ်ခြင်း၌ လျောက်ပတ်သောတရားစကား ရှိခြင်းဟူသည်မှာ -

မိမိကိုယ်တိုင် အများအားဖြင့် ကာမစ္ဆန္ဒကို ပယ်ခြင်း၊ ပျောက်ကင်းစေခြင်းနှင့် စပ်သော တရားစကားတို့ကိုသာလျှင် ပြောရခြင်းဖြစ်သည်။

ပြဆိုခဲ့သောအင်္ဂါခြောက်ပါးတို့တွင် တစ်ပါးနှင့် ပြည့်စုံခြင်း၊ နှစ်ပါးနှင့် ပြည့်စုံခြင်း စသည်ဖြင့် ပြည့်စုံသလောက် ကာမစ္ဆန္ဒကို ပယ်အားရှိလေသည်။ အသုဘကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီသန္တာန်၌ကား ကာမစ္ဆန္ဒကင်းရှင်းရန် ပို၍ နီးစပ်ပေသည်။

ကာမစ္ဆန္ဒနီဝရဏပယ်သတ်ပုံပြီး၏

* * * * *

## ဗျာပါဒနီဝရဏကို ပယ်သတ်နည်း

ကာမစ္ဆန္ဒနီဝရဏနှင့် စပ်၍သိရမည်။ သတိပြုရမည်တို့ကို ဟောကြား ညွှန်ပြတော်မူ ပြီး၍ ဗျာပါဒနီဝရဏနှင့် စပ်၍သိရမည်, သတိပြုရမည်တို့ကို ဟောကြား ညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည် -

သန္တံ ဝါ အဇ္ဈတ္တံ ဗျာပါဒံ၊ အတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒေါတိ ပဇာနာတိ- စသည်တို့ကို ဟောတော်မူသည်။ ယောဂီသည်၊ ဝါ- တစ်စုံတစ်ယောက်သော သတိရှိသော ပုဂ္ဂိုလ်သည် ယခုအချိန်၌ မိမိအဇ္ဈတ္တသန္တာန်၌ ဗျာပါဒဖြစ်ပေါ်လျှင်၊ ငါ့သန္တာန်၌ ဗျာပါဒဖြစ်ပေါ်နေသည်ဟု သတိပြု၍ သိမြင်ပါလေ။ အကယ်၍ ဗျာပါဒ ကင်းရှင်းနေလျှင်လည်း ယခုအချိန် မိမိအဇ္ဈတ္တသန္တာန်၌ ဗျာပါဒကင်းရှင်းနေသည်ဟု ဉာဏ်ဖြင့် ဆင်ခြင်၍ သိပါလေ-ဟု ဟောတော်မူသည်။ မဖြစ်ပေါ်သေးသော ဗျာပါဒဖြစ်ပေါ်လာလျှင်လည်း ထိုဖြစ်ပေါ်လာသောဗျာပါဒကို သိပါလေ။ ဖြစ်ပေါ်လာသောဗျာပါဒကို သင့်သော နှလုံးသွင်းခြင်းဖြင့် ပယ်အပ်သည်။ ပယ်သဖြင့် ပပျောက်ချုပ်ကွယ်သော ဗျာပါဒကိုလည်း ပပျောက်ချုပ်သည်ဟု သိပါလေ။ တဒင်္ဂအားဖြင့်ဖြစ်စေ၊ ဝိက္ခမ္ဘနအားဖြင့်ဖြစ်စေ ပယ်အပ်သော ဗျာပါဒ၏ နောင်သောအခါ အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ်သည်ဖြစ်၍ နောင်တစ်ဖန် မဖြစ်တော့မည်ကိုလည်း သိပါလေဟု ဟောတော်မူသည်။

ဗျာပါဒနီဝရဏ၌ ဗျာပါဒ၏တရားကိုယ်သည် ဒေါသစေတသိက်ဖြစ်၏။ ဒေါသဖြစ်ကြောင်း အာရုံသည် ဗျာပါဒဖြစ်ကြောင်း နိမိတ်ဖြစ်၏။ အာရုံဟူသမျှတို့၌ သင့်တင့်အောင် နှလုံးမသွင်းလျှင် ဗျာပါဒဖြစ်၏။ ဗျာပါဒဖြစ်စရာအာရုံ၌ မသင့်မတင့် မလျောက်ပတ်သော နှလုံးသွင်းခြင်း အယောနိသော မနသိကာရများလာလျှင် ဗျာပါဒ ဖြစ်တတ်၏။ သို့ကြောင့် အယောနိသော မနသိကရောတော အနုပ္ပန္နာ စေဝ အကု- သလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ-ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်။ သင့်တင့်စွာ နှလုံးမသွင်းတတ်ခြင်းသည် ဗျာပါဒစသော အကုသိုလ် တွေဖြစ်ကြောင်း အာဟာရဖြစ်လေသည်။

ဗျာပါဒဖြစ်နေသောပုဂ္ဂိုလ်၏ သန္တာန်၌ ဒေါသမှ အကုသိုလ်စိတ်,စေတသိက်တွေ ဖြစ်ကြကုန်၏။ ဗျာပါဒ-က ကုသိုလ်တရားတွေ မဖြစ်လေအောင် ငါကပိတ်ပင်မည် တားမြစ်မည်ဟု မဆိုသော်လည်း ဗျာပါဒတွေ အဆက်ဆက်ဖြစ်ပေါ်နေသော အချိန်ကာလ၌ ကုသိုလ်စိတ်များ ဖြစ်ခွင့်မရသောကြောင့် ဗျာပါဒ-က ကုသိုလ်စိတ်တွေမဖြစ်အောင် တားမြစ်ပိတ်ပင်ရာ ရောက်သောကြောင့် ဗျာပါဒကို နီဝရဏဟူ၍ မြတ်စွာဘုရားက အမည်ပေးတော်မူသည်။ ဗျာပါဒသည်ပင်လျှင် ကုသိုလ်တရားကို တားမြစ်ပိတ်ဆို့သော

သဘောရှိသည်ဖြစ်၍ ဗျာပါဒနီဝရဏ အမည်ရလေသည်။ ယင်းဗျာပါဒကို ပယ်နိုင်ကြောင်း အာဟာရသည်ကား သင့်တင့်အောင် နှလုံးသွင်းခြင်း၊ သည်းခံခြင်းတို့ ဖြစ်ကုန်၏။

သင့်တင့်အောင် နှလုံးသွင်းခြင်းဟူသော ယောနိသောမနသိကာရဖြင့် သည်းခံ၍ မဖြစ်ပေါ်သေးသော ဗျာပါဒနီဝရဏကို မဖြစ်ပေါ်အောင် သိကြားမင်းကိုယ်တိုင် ပယ်ဖျောက်ခဲ့ပုံ-

"အခါတစ်ပါး၌ တာဝတိံသာနတ်များနှင့် အသုရာနတ်များ စစ်တိုက်ကြရာ တာဝတိံသာနတ်များက နိုင်၍ ဝေပစိတ္တိ အသုရာနတ်မင်းကြီးကို ကြိုးငါးချက်တုပ် ဖမ်းယူခဲ့ပြီး ချည်နှောင်ထားကြ၏။ ဝေပစိတ္တိအသုရာနတ်မင်းကြီးသည် ဒေါသ အကြီးအကျယ်ဖြစ်ကာ သိကြားမင်းကိုမြင်တိုင်း မြင်တိုင်း "သိကြားယုတ် သိကြားအို" စသည်တို့ဖြင့် ကြိမ်းမောင်းဆဲဆို၏။ သိကြားမင်းသည်ကား ယောနိသော မနသိကာရဖြင့် သည်းခံ၍ မသိသကဲ့သို့ မကြားသကဲ့သို့ ဘာမှပြန်ပြောခြင်းမပြု၊ သွားမြဲ နေမြဲနေသတဲ့။ ဝေပစိတ္တိအသုရာကြီးက အကြိမ်များစွာ ကြိမ်းမောင်းဆဲဆိုနေသော်လည်း သိကြားမင်းက မကြားသကဲ့သို့ မသိသကဲ့သို့ အရေးယူခြင်းမရှိဘဲနေသည်ကို မာတလိနတ်သားက မြင် သောအခါ မနေနိုင်တော့ဘဲ သိကြားမင်းကို မေးသတဲ့။

"အရှင်သိကြားမင်း- ဝေပစိတ္တိအသုရာကြီး ဆဲဆိုကြိမ်မောင်းနေသည်ကို အရှင် သိကြားမင်း မကြားပါဘူးလား"ဟု မေးရာ သိကြားမင်းက "မာတလိ ငါကြားပါတယ်"ဟု ပြောလေသည်။ "ကြားပါလျှင် အဘယ့်ကြောင့် ပြန်လှန်မပြောသလဲ ကြောက်၍, အားနည်း၍, အားမရှိ၍ ပြန်မပြောပါသလော"ဟု မေးသောအခါ သိကြားမင်းက ပြန်ပြောသည်မှာ "မာတလိ၊ ငါတို့ကနိုင်နေတာပဲ၊ ဝေပစိတ္တိကြီးသည် ငါတို့လက်တွင်း ရောက်နေတာပဲ၊ ငါတို့က ပြုသမျှ ဝေပစိတ္တိကြီးသာ ခံရမည့်အခါပဲ မာတလိ၊ ငါတို့က မကြောက်ပါဘူး၊ အားမနည်းပါဘူး မာတလိ၊ သည်းခံသည်ဆိုတာ ကိုယ်က နိုင်လျက်, သာလျက် သည်းခံမှ သူတော်ကောင်းများ ချီးကျူးသာခုခေါ်တဲ့ သည်းခံခြင်းဖြစ်တယ်။ ရှုံးသူ အားနည်းသူတို့ကတော့ အမြဲသည်းခံကြရတယ် မာတလိ။

သိကြားမင်းသည် ယောနိသောမနသိကာရဖြင့် သင့်အောင်နှလုံးသွင်း၍ သည်းခံ လိုက်ခြင်းကြောင့် သိကြားမင်းသန္တာန်၌ ဒေါသဟူသော ဗျာပါဒနီဝရဏမဖြစ်ဘဲ ကင်းရှင်းခဲ့ပေသည်။ ထိုအချိန်၌ သိကြားမင်းက ဥဒါန်းကျူးလိုလျှင် အသန္တံ အစ္စတ္တံ ဗျာပါဒနီဝရဏံ၊ နတ္ထိ မေ အဇ္ဈတ္တံ ဗျာပါဒနီဝရဏန္တိ ပဇာနာတိ-ဟု ဥဒါန်းကျူးမည် ဖြစ်သည်။ သိကြားမင်းသည် ယောနိသော မနသိကာရ ရှေ့မထား သတိပြုသည်းမခံဘဲ ဝေပစိတ္တိ အသုရာကြီးနှင့် ပြိုင်၍ ပြန်လှန်ပြောခဲ့လျှင် သိကြားမင်း၏ အဇ္ဈတ္တသန္တာန်၌ ဗျာပါဒနီဝရဏ ဖြစ်ပေါ်ရုံမက သိကြားမင်းသည်လည်း ဝေပစိတ္တိ အသုရာကြီးကဲ့သို့ နတ်ဆိုး နတ်ကြမ်းကြီး အဖြစ်သို့ ရောက်ပေလိမ့်မည်။ ဤသို့မဟုတ် သည်းခံလိုက်ခြင်းကြောင့် သူတော်ကောင်း နတ်မင်းကြီးအဖြစ်သို့ ရောက်ခဲ့ပေသည်။

တစ်နည်းအားဖြင့် ဗျာပါဒကို ပယ်ကြောင်း အကြောင်းအင်္ဂါ ၆-ပါးတို့လည်း ရှိကြကုန်၏။ အကြောင်းအင်္ဂါ ၆-ပါး ဝါ- ၆-မျိုးတို့ဟူသည်မှာ-

၁။ မေတ္တာစိတ်ဖြစ်ကြောင်းကို သင်ယူခြင်း၊

၂။ မေတ္တာဘာဝနာပွားခြင်း၊

၃။ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိသည်ကို ဆင်ခြင်ခြင်း၊

၄။ ဒေါသ၏ အပြစ်ကိုလည်းကောင်း မေတ္တာ၏အကျိုးကျေးဇူးကို လည်းကောင်း သိမြင်ခြင်း၊

၅။ မိတ်ဆွေကောင်းရှိခြင်း၊

၆။ မေတ္တာနှင့် စပ်သောစကား၊ ဝါ- ဗျာပါဒ ကင်းခြင်းနှင့်စပ်သော လျောက်ပတ်သောစကားကို ပြောဆိုခြင်း-

ဤ ၆-ပါးသော အကြောင်းအင်္ဂါတို့သည် ဗျာပါဒ ကင်းရှင်းကြောင်းဖြစ်ကုန်၏။

ထို ၆-ပါးတို့တွင်-

၁။ မေတ္တာစိတ်ဖြစ်ကြောင်းကို သင်ယူခြင်းဟူသည်မှာ-

မိမိမေတ္တာပွားသော သတ္တဝါတို့၌ မေတ္တာ၏အကျိုးဖြစ်သော ကျန်းမာခြင်း ချမ်းသာခြင်းအစရှိသော ကောင်းကျိုးကျေးဇူးတို့ကို ကြိုတင်သိရှိအောင်အားထုတ်ခြင်းကို ဆိုသည်။

၂။ မေတ္တာဘာဝနာပွားများခြင်း ဟူသည်မှာ-

မေတ္တာဘာဝနာသည် ဩဓိသမေတ္တာဘာဝနာ၊ အနောဓိသမေတ္တာဘာဝနာ အားဖြင့် နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ပုဂ္ဂိုလ်သတ္တဝါကိုဖြစ်စေအရပ်ဒေသကိုဖြစ်စေ ရည်ညွှန်းပိုင်းခြား၍ပွားများသော မေတ္တာဘာဝနာသည် ဩဓိသမေတ္တာဘာဝနာ ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါကိုဖြစ်စေ၊ အရပ်ဒေသကိုဖြစ်စေ ရည်ညွှန်းပိုင်းခြားခြင်းမရှိမူ၍ သတ္တဝါတိုင်း ပုဂ္ဂိုလ်တိုင်း ဘုံဘဝဒေသတိုင်းကို အာရုံပြု၍ ပွားများသောမေတ္တာဘာဝနာသည် အနောဓိသမေတ္တာဘာဝနာ ဖြစ်သည်။ ဤနှစ်မျိုးတွင် အကြောင်းအားလျော်စွာ အခြေအနေ အရ တစ်မျိုးမျိုးဖြင့် ပွားများခြင်းသည် ဗျာပါဒနီဝရဏကင်းကြောင်းဖြစ်၏။

**ဥတ္တရာဥပါသိကာ၏ မေတ္တာ**

ဥတ္တရာသူဌေးကတော် ဥပါသိကာမသည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်လိုခြင်း၊ တရား မမေ့ကြားနာလိုခြင်းဆန္ဒ ရှိသည်ဖြစ်၍ မိမိနေရာ၌နေ၍ သူဌေးသားကို ပြုစုလုပ်ကျွေးစေရန် နဂရသောဘိနီ ပြည့်တန်ဆာ သိရိမာကို ဝတ္ထုကြေးငွေ ပေး၍ "မိတ်ဆွေ - ကျွန်ုပ်သည် တစ်လခွဲ၊ ဝါ- တစ်ပက္ခ ၁၅-ရက်ကာလပတ်လုံး မြတ်စွာဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား ဆွမ်းကပ်လှူခြင်း တရားမမေ့ကြားနာ ခြင်းတို့ကို ပြုလုပ်လိုပါသည်။ ထို ၁၅-ရက်အတွင်း၌ မိတ်ဆွေသည် ကျွန်ုပ်၏ကိုယ်စား သူဌေးသားအား ပြုစုလုပ်ကျွေးပါ၊ ဤအသပြာတို့ကိုလည်း လက်ခံပါ" ဟု ပြောကြား၍ ပေးအပ်လေသည်။

ဥတ္တရာဥပါသိကာသူဌေးကတော်သည် ဝမ်းမြောက်ဝမ်းသာ အခြွေအရံ အလုပ် အကျွေးအဖော်တို့ဖြင့် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို ၁၅-ရက် ပတ်လုံး

ပဝါရဏာနေ့တိုင်အောင် ဆွမ်းဘုဉ်းပေးကြွရောက်ရန် ပင့်ဖိတ်ပြီးကာလ ဆွမ်းဘောဇဉ်တို့ကို ကပ်လှူခြင်း၊ တရားစကားကြားနာခြင်းကို နေ့စဉ်ပြုလျက်ရှိ၏။ နက်ဖြန်၌ ပဝါရဏာနေ့ ဖြစ်သောကြောင့် ပိုမိုအားထုတ်ကျွေးမွေး ဆက်ကပ်ရန် မီးဖိုဆောင်၌ ချွေးတလုံးလုံးနှင့် ပြာတို့ မီးသွေးတို့ပေကျံလျက် ချက်ပြုတ်စီမံဆောင်ရွက်နေကြ၏။ ထိုအချိန်၌ သီရိမာသည် မိမိကိုယ်ကို သူဌေးကတော်အိမ်ရှင်မအဖြစ်ဖြင့် အထင်အမြင်မှားကာ ဥတ္တရာ ဥပါသိကာ သူဌေးကတော်အပေါ်၌ ဒေါသ အာဃာတ ဗျာပါဒဖြစ်လျက် မီးဖိုချောင်သို့ ဆင်းသွား ပြီးလျှင် ထောပတ်ဆီပူအိုးကိုယူ၍ ဥတ္တရာဥပါသိကာသူဌေးကတော်ကိုယ်ပေါ်သို့ လောင်း ရန်သွား၏။

ဥတ္တရာဥပါသိကာသူဌေးကတော်၏ မေတ္တာပွားပုံမှာ- ဩော်- မိတ်ဆွေသီရိမာ သည် ငါ့အပေါ်၌ကျေးဇူးများလှပါပေသည်။ စကြဝဠာကမ္ဘာမြေက ကျဉ်းမှုကား ကျဉ်း ပေဦးမည်။ မိတ်ဆွေ၏ကျေးဇူးကား များပြားကျယ်ဝန်းလှပါသည်။ ဗြဟ္မာ့ဘုံက နိမ့်မှု ကား နိမ့်ဦးမည်။ မိတ်ဆွေ၏ ကျေးဇူးကား မြင့်မားလှပါသည်။ မိတ်ဆွေ သီရိမာ၏ ကျေးဇူးကြောင့် ငါသည် အလှူဒါနကိုလည်း ပြုလုပ်လှူဒါန်းရသည်။ တရားဓမ္မကိုလည်း ကြားနာရပါသည်။ အကယ်၍ ငါသည်မိတ်ဆွေသီရိမာအပေါ်၌ စိတ်ဆိုးခြင်း ကောဓရှိသည် ဖြစ်အံ့ ဤထောပတ်ပူသည်ငါ့အားပူလောင်ပါစေ။ မိတ်ဆွေသီရိမာအပေါ်၌ ကောဓမရှိသည် ဖြစ်အံ့ ရေချမ်းရေကဲ့သို့အေးပါစေဟု သီရိမာကိုအာရုံပြု၍ မေတ္တာဘာဝနာဖြင့် ပွားများ ဖျန်းဆွတ်လိုက်၏။ ထို့နောက်သီရိမာလောင်းလိုက်သော ထောပတ်ပူသည် ပူလောင်ခြင်း ကင်း၍ ရေချမ်းအေးကဲ့သို့ အေးချမ်းခြင်းသို့ ရောက်လေတော့သည်။

သူဌေးကတော် ဥတ္တရာဥပါသိကာ၏ မေတ္တာဘာဝနာသည် ဥတ္တရာဥပါသိကာ သန္တာန်၌ မဖြစ်သေးသော ကောဓဟူသော ဒေါသ ဗျာပါဒလည်းမဖြစ်ပေ။ သီရိမာသန္တာန်၌ ဖြစ်ပေါ်သော ကောဓဟူသော ဒေါသဗျာပါဒ သည်လည်း ပျောက်ကင်းငြိမ်းအေးကြကုန်၏။ မေတ္တာဘာဝနာသည် ဤသို့လျှင် ဗျာပါဒကို ငြိမ်းအေးစေသည်။ ကောဓ ဒေါသ ဗျာပါဒ ဟူသည် ဗျာပါဒနီဝရဏတစ်မျိုးတည်းဖြစ်ကြသည်။ အမည်သာကွဲ၍ သဘောကား တူကြသည်။ ဤသို့စသည်တို့ကို ရည်ညွှန်း၍ မေတ္တာဘာဝနာသည် ဗျာပါဒကင်းခြင်း၏ အကြောင်းဖြစ်သည်ဟု ဆိုသည်။ ဥတ္တရာဥပါသိကာသူဌေးကတော်၏ မေတ္တာသည် ဩဓိသမေတ္တာဖြစ်သည်။

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု- စသည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါမခွဲမခြား၊ အရပ် ဒေသ မခွဲမခြား၊ သတ္တဝါဟူသမျှ အရပ်ဒေသတိုင်းရှိ ပုဂ္ဂိုလ်သတ္တဝါတို့ကို အာရုံပြု၍ ပွားများမှုကား အနောဓိသမေတ္တာဘာဝနာ ဖြစ်သည်။ ဩဓိသ, အနောဓိသ မေတ္တာ ၂-မျိုးတို့၏ အကျိုးကျေးဇူး ၁၁-မျိုးကိုလည်း မြတ်စွာဘုရားဟောတော်မူသည်။ ယင်းအကျိုး ၁၁-မျိုးကို လူငယ်များ ကျက်မှတ်နိုင်ကြစေရန် လင်္ကာစီကုံးထားသည်မှာ-

မေတ္တာဘာဝနာ ပွားများသောပုဂ္ဂိုလ်သည် -

၁။ စိတ်နှလုံးချမ်းသာစွာ အိပ်ရသည်၊

၂။ အိပ်ရာမှ နိုးသောအခါလည်း စိတ်နှလုံးချမ်းသာသည်၊

၃။ အိပ်မက်ဆိုး မမက်၊ အိပ်မက်ကောင်း မက်တတ်သည်၊

၄။ နတ်များ စောင့်ရှောက်တတ်သည်၊

၅။ လူများ ခင်မင်ကြည်ညိုတတ်သည်၊

၆။ နတ်များ ခင်မင်ကြည်ညိုတတ်သည်၊

၇။ လက်နက်ဘေး မသင့်၊ အဆိပ်ဘေးမသင့်၊ မီးဘေးမသင့်၊

၈။ မေတ္တာပွားလျှင် သမာဓိရလွယ်သည်၊

၉။ မျက်နှာကြည်လင်သည်၊

၁၀။ မတွေမဝေ သတိကောင်းစွာဖြင့် သေရသည်၊

၁၁။ မေတ္တာစျာန်မပျက်ဘဲ သေလျှင် ဗြဟ္မာဖြစ်တတ်သည်။

ဤပြဆိုအပ်သော အကျိုးတစ်ဆယ့်တစ်မျိုးတို့ကိုရသည်ဟု မြတ်စွာဘုရား ဟောတော်မူသည်။

**မေတ္တာအကျိုး ၁၁–မျိုး မြန်မာကဗျာ**

၁။ ချမ်းသာအိပ်ရ နိုးကချမ်းသာ၊
ဆိုးစွာအိပ်မက် မမြင်မက်ပါ။
စောင့်ကြနတ်ပေါင်း သားကောင်းပမာ၊
လူနတ်နှစ် ခင်ချစ်ကြသည်သာ။

၂။ လက်နက်ဆိပ်မီး ငြိးသည်တစ်ဖြာ၊
မျက်နှာကြည်လှ တည်ထစိတ်မှာ။
သေချိန်ကာလ မတွေရပါ၊
သေပြန်က လားရဗြဟ္မာ့ရွာ။

၃။ မျက်မှောက်ဘဝ ဆယ်ဝချမ်းသာ၊
နောက်ဘဝတစ် ရလစ်မှန်စွာ။
တစ်ဆယ့်တစ်မျိုး ဤအကျိုးမှာ၊
မေတ္တာမိုး တန်ခိုးဘာဝနာ။

**၃။ ကံသာလျှင် မိမိဥစ္စာရှိခြင်းဆိုသည်မှာ–**

ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒေါ ဘဝိဿာမိ–ဟူ၍ အဘိဏှသုတ်၌ မြတ်စွာဘုရား ဟောတော်မူသည်ကို နည်းယူ၍ လူတို့သည် သတိပြုဆင်ခြင်စဉ်းစားလျှင် မိမိဥစ္စာပစ္စည်း အစစ်အမှန်သည် မိမိပြုသော ကောင်းမှုကံ မကောင်းမှုကံသာလျှင် ဖြစ်သည်ကို မြင်ကြလိမ့်မည်။

မိမိပြုသောကံ၏ အမွေခံတို့သာလျှင်ဖြစ်သည်ကို မြင်ကြလိမ့်မည်။ မိမိပြုသော ကံသာလျှင် မိမိကိုးကွယ်ရာ,တည်မှီရာဖြစ်သည်ကို မြင်ကြလိမ့်မည်။ မိမိသည် အပြစ်ကင်းသောကောင်းသောအလုပ်ကိုလုပ်လျှင်၊ ကောင်းသောစကားကိုပြောဟောလျှင်၊ ကောင်းသော အကြံကိုကြံလျှင် ကောင်းသောအကျိုးကျေးဇူးကိုရမည်။ မကောင်းသောအလုပ်ကို လုပ်လျှင်၊

မကောင်းသောစကားကို ပြောဟောလျှင်၊ မကောင်းသော အကြံကိုကြံလျှင် မကောင်းသော အကျိုးတို့ကိုသာ ရမည်ဟု မြင်ပေလိမ့်မည်။ ယင်းသို့ ဉာဏ်ဖြင့်မြင်လျှင် တစ်စုံတစ်ခုသော အာရုံ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဖြစ်ပေါ်သော ဗျာပါဒသည် ငြိမ်းအေးတတ် သည်။ ထို့ကြောင့် ကံသာလျှင်မိမိဥစ္စာရှိသည်ဟု နှလုံးသွင်းခြင်းသည်လည်း ဗျာပါဒနီဝရဏ ပပျောက်ငြိမ်းကြောင်း ဖြစ်သည်ဟု ဆိုသည်။ ကံဟူသည် အလုပ်ပင် ဖြစ်သည်ကိုလည်း သတိပြုရမည်။

၄။ ဒေါသ၏အပြစ်ကို လည်းကောင်း၊ မေတ္တာ၏အကျိုးကိုလည်းကောင်း ဆင်ခြင်မှု များခြင်းဟူသည်မှာ -

ကောင်းမှု မကောင်းမှုတို့ကို သတိပြု၍ ဆင်ခြင်မှုမရှိ၊ အမှတ်မဲ့နေသော ပုဂ္ဂိုလ်သည် ကောင်းမှု၏အကျိုးကျေးဇူး မကောင်းမှု၏အပြစ်ဒေါသတို့ကို မသိ၊ သိသည် ဆိုသော်လည်း ပေါ့ပေါ့ဆဆ အပေါ်ရံမျှသိတတ်၏။ လေးလေး နက်နက် နှစ်နှစ်ကာကာ မှန်ကန်သည့်အတိုင်းမသိကြ။ အကယ်၍ကောင်းမှု၏ အကျိုး ကျေးဇူးကို မှန်ကန်သည့် အတိုင်း ကွင်းကွင်းကွက်ကွက်သိမြင်လျှင် ပြုနိုင်သမျှသော ကောင်းမှုကိုလည်း ပြုမည်ဖြစ်၏။ မကောင်းမှု၏အပြစ်ကိုလည်း ထို့အတူ ကွင်းကွင်း ကွက်ကွက် သိမြင်လျှင် တတ်နိုင်သမျှ မကောင်းမှုမှ ရှောင်ကြဉ်မည်ဖြစ်၏။

ဥတ္တရာဥပါသိကာ သူဌေးကတော်ဝတ္ထုကို စဉ်းစားလျှင် ဥတ္တရာဥပါသိကာ သူဌေးကတော်၏ မေတ္တာဘာဝနာကောင်းမှု၏ အကျိုးကျေးဇူးကိုလည်းကောင်း၊ သီရိမာ၏ ဒေါသဗျာပါဒတည်းဟူသော မကောင်းမှု၏ အပြစ်ကိုလည်းကောင်း အမှန်အတိုင်းမြင်၍ ဗျာပါဒကို ပယ်ဖျောက်နိုင်သည်။ ပယ်ဖျောက်ရမည်ဟု ဆိုလိုသည်။

၅။ မိတ်ဆွေကောင်းရှိခြင်း ဟူသည်မှာ-

မိမိသန္တာန်၌ ပရိယုဋ္ဌာနအားဖြင့် ဖြစ်ပေါ်နေသော ဗျာပါဒ၊ တစ်နည်းအားဖြင့် အနုသယအနေဖြင့် ကိန်းအောင်းလျက်ရှိသော ဗျာပါဒအကုသိုလ်တရား၏ ငြိမ်းအေး ကြောင်း ပပျောက်ကြောင်း ခေါင်းပါးအားနည်းကြောင်း တရားစကားမျိုးကို ပြောလေ့ ဟောလေ့ရှိသော မိတ်ဆွေကောင်းရှိခြင်းကို ဆိုလိုသည်။

အကယ်၍ မိမိအဇ္ဈတ္တသန္တာန်၌ ဗျာပါဒ ဖြစ်ပေါ်ခဲ့လျှင် မိမိ၏အကျိုးစီးပွားကို လိုလားသော ဗျာပါဒ၏အပြစ်ဒေါသကို သိမြင်သော မိတ်ဆွေကောင်း သိတင်းသုံးဖော် ကောင်းက သတိပေးပြောသဖြင့် မိမိအဇ္ဈတ္တသန္တာန်၌ဖြစ်ပေါ်ဆဲ ဗျာပါဒသည် ငြိမ်းအေး ပပျောက် ကင်းစင်တတ်သည်ဖြစ်၍ မိတ်ဆွေကောင်း ရှိရမည်ဆိုသည်။

၆။ မေတ္တာနှင့် စပ်သော တရားစကား၊ တစ်နည်း- ဗျာပါဒ ကင်းခြင်းနှင့် စပ်သော တရားစကားကို ပြောဆိုခြင်းဟူသည်မှာ-

နောက်ကပြဆိုခဲ့ပြီးသော အကြောင်းအင်္ဂါတို့ဖြင့်သာ ဗျာပါဒကို ငြိမ်းအေး စေရမည် မဟုတ်သေး။ မိမိကိုယ်တိုင်ကလည်း မေတ္တာ၏အကျိုးကျေးဇူးစကား၊ ဗျာပါဒ၏ အပြစ်စကား၊ ဗျာပါဒကင်းခြင်းနှင့်စပ်သော အကျိုးစကားတို့ကိုသာ

များသောအားဖြင့် ပြောကြားရမည်။ ယင်းသို့ပြောလေ့ပြောထရှိလျှင် မိမိအဖျွတ္တသန္တာန်၌ ဗျာပါဒကင်းလွတ် ငြိမ်းအေး ပပျောက်ကြောင်း ဖြစ်သည်ဟုဆိုသည်။

ဗျာပါဒနီဝရဏတည်းဟူသောဒေါသသည် ကုသိုလ်တရားကိုသာလျှင် ပိတ်ပင်တားမြစ်သည် မဟုတ်သေးပေ။ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်သည် မိတ်ကောင်းဆွေကောင်းကင်းတတ်သည်။ ရင်းနှီးပြီး,ခင်မင်ပြီးရှိသော မိတ်ဆွေသည်လည်း မေတ္တာပျက်၍ ခွဲခွာတတ်သည်။ ဒေါသဗျာသယရှိသောပုဂ္ဂိုလ်သည် စကားကို သာယာခြေင်စွာ မပြောတတ်ဘဲ ကြမ်းတမ်းခက်ထန် မာကြောစွာ ပြောတတ်သည်ဖြစ်၍ ခင်မင်ရင်းနှီးစွာ ဆက်ဆံသူနည်းပါးတတ်သည်။

ဒေါသဗျာသယရှိသောပုဂ္ဂိုလ်သည် သာယာချောမောစွာဖြင့် ချိုးမြှောက်စကားမျိုးကို မပြောတတ်ဘဲ ကဲ့ရဲ့ရှုတ်ချ ပြစ်တင်သောစကားမျိုးကိုသာ ပြောလေ့ရှိသဖြင့် မိတ်ကောင်းပျက်တတ်သည်။ ဒေါသဗျာသယရှိသော ပုဂ္ဂိုလ်သည် သူတစ်ပါး၏ အပြစ်ကိုသာ မြင်လေ့ရှိသဖြင့် မိမိကိုယ်တိုင် စိတ်နှလုံးမချမ်းမသာ ဖြစ်တတ်သည်၊ သို့ကြောင့် မြတ်စွာဘုရားက ကောဓ၏အလိုသို့ မလိုက်ကြလေနှင့် စသည်ဖြင့် ဟောတော်မူသည်။

ကောဓော ဝေါ ဝသမာယာ တု၊ မာ စ မိတ္တေဟိ ဝေါ ဇရာ။

အဂရဟိယံ မာ ဂရဟိတ္ထ၊ မာ စ ဘာသိတ္ထ ပေသုဏံ။

ကောဓဟုဆိုအပ်သော ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်သည် မိတ်ကောင်းပျက်တတ်၏။ မကဲ့ရဲ့သင့်သော ပုဂ္ဂိုလ်မျိုးကိုလည်း ကဲ့ရဲ့တတ်၏။ မိတ်ပျက်ကြောင်း ကွဲပြားကြောင်း ကုန်းချောစကားမျိုးကိုလည်း ပြောဆိုတတ်၏။ သို့ကြောင့် မြတ်စွာဘုရားက ကောဓဟူသော ဒေါသ၏အလိုသို့မလိုက်ကြလေနှင့်၊ ဒေါသဗျာပါဒမဖြစ်ကြစေနှင့်၊ မိတ်မပျက်စေနှင့်၊ မကဲ့ရဲ့နှင့်၊ ကုန်းချောစကား မပြောကြလေနှင့်ဟု ဗျာပါဒ နီဝရဏ ကင်းစင်ကြောင်းကို ဟောတော်မူသည်။

ပြဆိုအပ်ခဲ့ပြီးသောနည်းတို့ဖြင့် ကောင်းမှုကုသိုလ်တို့ကို တားမြစ်ပိတ်ပင်တတ်သော ဗျာပါဒနီဝရဏကို ပယ်ကြကုန်ရာ၏၊ ပယ်နိုင်စေကုန်သတည်း။

ဗျာပါဒနီဝရဏကို ပယ်သတ်ပုံ ပြီး၏။

* * * * * *

## ထိနမိဒ္ဓနီဝရဏကို ပယ်သတ်ပုံ

ဗျာပါဒနီဝရဏနှင့်စပ်၍ ဟောတော်မူပြီးကာလ ယခုအခါ ထိနမိဒ္ဓနီဝရဏနှင့် စပ်သော ဒေသနာတော်ကို ဆက်လက်ဟောတော်မူလိုသည်ဖြစ်၍ "သန္တံ ဝါ အဇ္ဈတ္တံ ထိနမိဒ္ဓံ၊ အတ္ထိ မေ အဇ္ဈတ္တံ ထိနမိဒ္ဓံ"စသည်တို့ကို ဟောတော်မူသည်။

ထိနမိဒ္ဓတို့၏ သဘောလက္ခဏာကို နောက်က အနည်းငယ်ပြဆိုခဲ့ပြီ။ တရားထိုင်ခြင်း တရားနှလုံးသွင်းခြင်းပြုသောအခါ၌ဖြစ်စေ၊ အခြားသော ကောင်းမှုတစ်စုံတစ်ခုကို ပြုလုပ်သောအခါ၌ဖြစ်စေ၊ ပျင်းရိခြင်း၊ ငြီးငွေ့ခြင်း၊ ထက်သန်မှုမရှိခြင်း၊ တွေဝေ

ထိုင်းမှိုင်းဖြစ်ခြင်းတို့သည် ထိနမိဒ္ဓ၏လက္ခဏာတို့ဖြစ်ကုန်၏။ ဖြစ်ပေါ်ဆဲ ထိနမိဒ္ဓတို့သည်လည်း ပျင်းရိခြင်း စသည်တို့ကြောင့် ပိုမို၍အားကောင်းလာတတ်သည်။ ထိနမိဒ္ဓတို့ကို ပယ်ရန် ပဓာနသဘောတရားသည်ကား ဝီရိယပင်ဖြစ်သည်။

ဝီရိယသည်-

၁။ အာရမ္ဘဝီရိယ၊

၂။ နိက္ကမဝီရိယ၊

၃။ ပရက္ကမဝီရိယ-

ဟူ၍ သုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့တွင်-

၁။ ကောင်းမှုကုသိုလ်တို့ကို ဖြစ်စေမည်, ပြုလုပ်မည်ဟု ရှေးဦးစွာ ယောနိသောမနသိကာရဖြင့် တက်ကြွသော စိတ်၏သဘောသည် အာရမ္ဘဝီရိယမည်၏။

၂။ ထို့ထက်တစ်ဆင့်တက်၍ အားထုတ်ခြင်းရှိသော ဝီရိယသည် နိက္ကမဝီရိယမည်၏။

၃။ အဆင့်ဆင့်အားဖြင့် ပျင်းရိခြင်းတို့ကို ကျော်လွန်၍ ထက်ထက်သန်သန်အားထုတ်ခြင်းရှိသော ဝီရိယသည် ပရက္ကမဝီရိယမည်၏။

တစ်နည်း -

၁။ အာရမ္ဘဝီရိယသည် သာမန်ပျင်းရိခြင်းကို ပယ်နိုင်ရုံမျှသာ အားရှိသေးသည်။ အာသေဝနပစ္စည်းကို မရသောကြောင့် အားနည်းသေးသည်။

၂။ နိက္ကမဝီရိယသည် မိမိရှေ့၌ဖြစ်သော အာရမ္ဘဝီရိယတည်းဟူသော အာသေဝနပစ္စည်းကို ရသောကြောင့် ဝီရိယအား ပိုမို၍ရှိလာသည်။

၃။ ပရက္ကမဝီရိယသည်ကား မိမိ၏ ရှေ့အဖို့၌ဖြစ်သော အာရမ္ဘဝီရိယ, နိက္ကမဝီရိယ တည်းဟူသော အာသေဝနပစ္စည်းကို ရရှိသည်ဖြစ်၍ အထူးသဖြင့်အားရှိသော ဝီရိယဖြစ်သည်။

ဤသုံးမျိုးသောဝီရိယတို့ဖြင့် သင့်သောနှလုံးသွင်းခြင်းဟူသော ယောနိသောမနသိကာရများကို များစွာဖြစ်စေလျက် တရားကို၊ ဝါ- ကောင်းမှုကို ပွားများအားထုတ်သော ပုဂ္ဂိုလ်၏ ထိနမိဒ္ဓသည် ပယ်ပျောက်တတ်ပေသည်။

တစ်နည်းအားဖြင့် ၆-ပါးသော သဘောတရားတို့သည် ထိနမိဒ္ဓတို့ကို ပယ်သတ်ကြောင်း ဖြစ်ကုန်၏။

၆-ပါးသော သဘောတရားတို့ ဟူသည်ကား-

၁။ ဆွမ်းစသောအာဟာရကို အလွန်စားခြင်း၏အပြစ်ကိုရှုခြင်း၊

၂။ ဣရိယာပုထ်ပြောင်းလဲပြုပြင်ခြင်း၊

၃။ အလင်းရောင်ကို နှလုံးသွင်းခြင်း၊

၄။ လွင်တီးခေါင်၌နေခြင်း၊

၅။ မိတ်ဆွေကောင်းရှိခြင်း၊

၆။ ထိနမိဒ္ဓကင်းခြင်းနှင့်စပ်သော တရားစကားပြောဆိုခြင်း–

ဤခြောက်ပါးတို့ဖြစ်ကုန်၏။

ဤခြောက်ပါးတို့တွင် –

၁။ ဆွမ်းစသော အာဟာရကို အလွန်စားခြင်း၏ အပြစ်ကို ရှုခြင်းဟူသည်မှာ–

ဆွမ်းစသော အာဟာရကို ခန္ဓာကိုယ် မျှတ–ရုံသာ မစားမူ၍ စားကောင်းတိုင်း, ခံတွင်းမြိန်တိုင်း ပိုမိုလွန်ကဲစွာ စားခြင်းသည် တွေဝေထိုင်းမှိုင်းခြင်း ပျင်းရိခြင်းတို့ကို ဖြစ်စေသည်။ စားသောက်ဖွယ်တို့ကို လွန်ကဲစွာစားသောက်ခြင်းကြောင့် ထိနမိဒ္ဓအားကောင်းလာတတ်သည်။ ထိနမိဒ္ဓအားကောင်းသဖြင့် ကုသိုလ်တရားကို ပိတ်ပင်ကြောင်း ထိနမိဒ္ဓနီဝရဏ အဖြစ်သို့ ရောက်တတ်သည်။ အကယ်၍ စားသောက်ဖွယ် အာဟာရတို့ကို ခန္ဓာကိုယ်မျှတ၍ ဆောင်ရွက်ဖွယ်ကိစ္စတို့ကို ဆောင်ရွက်နိုင်ရုံ၊ ရဟန်းတရား သူတော်ကောင်းတရားကို ပွားများအားထုတ်နိုင်ရုံ ဆင်ခြင်၍စားလျှင် ထိနမိဒ္ဓ ကင်းစင်ပပျောက်တတ်သည်။ မဖြစ်သေးသော ထိနမိဒ္ဓမဖြစ်မူ၍ ဖြစ်ဆဲ ထိနမိဒ္ဓသည် ကင်းစင်ပပျောက်တတ်သည်။

ထို့ပြင် နောက်က ထုတ်ဖော်ပြဆိုခဲ့သည့်အတိုင်း အစာအာဟာရကို အတိုင်းအရှည် ပမာဏသိ၍ ခန္ဓာမျှတ–ရုံ ဆင်ခြင်၍ စားခြင်းကြောင့် ခန္ဓာ၌ အနာရောဂါကင်းခြင်း, အိုခဲခြင်း, အသက်ရှည်ခြင်း, သူတော်ကောင်းတရားရရှိခြင်း အကျိုးကျေးဇူးတို့ကိုလည်း သိကြ၍ ထိနမိဒ္ဓနီဝရဏ ကင်းစေရန် စားသောက်ဖွယ်အာဟာရတို့ကို ဉာဏ်ဖြင့်ဆင်ခြင်၍ စားသုံးခြင်းဖြင့် ထိနမိဒ္ဓနီဝရဏကိုပယ်ရမည်ဟု ဆိုသည်။

၂။ ဣရိယာပုထ် ပြောင်းလွဲပြုပြင်ခြင်းဟူသည်မှာ –

ဣရိယာပုထ်လေးပါးရှိသည်တွင် သူတော်ကောင်းတရားကို ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် အိပ်ခြင်း (ဦးခေါင်းချ၍ ကိုယ်ကိုလှဲခြင်း) ဣရိယာပုထ်မှတစ်ပါး ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဣရိယာပုထ်သုံးပါးတို့တွင် တစ်ပါးပါးသော ဣရိယာပုထ်ဖြင့် တရားကို ဆင်ခြင်ပွားများ အားထုတ်နေသည်ဖြစ်အံ့၊ ထိုအချိန်၌ တွေဝေထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်း၊ အိပ်ချင်ခြင်း၊ ပျင်းရိခြင်းတစ်မျိုး ဖြစ်ခဲ့လျှင် ဣရိယာပုထ်ကို တစ်မျိုးတစ်ဖုံ ပြောင်းလွဲပေးခြင်းဖြင့် ထိနမိဒ္ဓပျောက်ကင်းတတ်သည်ဟု ဆိုသည်။

၃။ အလင်းရောင်ကို နှလုံးသွင်းခြင်း ဟူသည်မှာ –

အမှောင်သည် ထိနမိဒ္ဓကို အားပေးတတ်သော သဘောရှိသောကြောင့် အမှောင်သည် တွေဝေထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်း၊ အိပ်ချင်ခြင်းကို ဖြစ်စေသည်။ ထို့ကြောင့်

သူတော်ကောင်းတရားကို နှလုံးသွင်းသောပုဂ္ဂိုလ်သန္တာန်၌ ထိနမိဒ္ဓဝင်လာသောအခါ လရောင်, မီးရောင်, နေရောင် စသည့်အလင်းရောင်ကို အာရုံပြုလျှင် ထိနမိဒ္ဓကင်းလွတ် ပပျောက်တတ်သောကြောင့် ထိုအချိန်၌ အလင်းရောင်ကို အာရုံပြုရမည်။ အလင်းရောင်သည် ထိနမိဒ္ဓနီဝရဏကို ပပျောက်စေတတ်သည်ဟု ဆိုသည်။

၄။ လွင်တီးခေါင်၌ နေခြင်းဟူသည်မှာ -

လွင်တီးခေါင်၌ နေခြင်းကိုကား အထူးတလည် ပြဆိုရန်မရှိ။ လွင်တီးခေါင်၌ နေခြင်းကြောင့် လွင်တီးခေါင်သည် အလင်းရောင်လည်းရသည်၊ လေကောင်းလည်း ရသည်၊ သန့်ရှင်းသည်၊ ကျယ်ဝန်းသည်ဖြစ်၍ ပကတိအားဖြင့် ထိနမိဒ္ဓကင်းဝေး ပပျောက်ကြောင်း ဖြစ်သည်။ သို့ကြောင့် တွေဝေထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ သဘောဝင်လာသော အခါ လွင်တီးခေါင်သို့ ပြောင်းလွှဲနေခြင်းဖြင့် ထိနမိဒ္ဓနီဝရဏ ကင်းစင်ပပျောက်တတ် သည်ဟု ဆိုသည်။

၅။ မိတ်ဆွေကောင်းရှိခြင်းဟူသည်မှာ -

ထိနမိဒ္ဓကင်းစင်သော အရှင်မဟာကဿပ မထေရ်ကဲ့သို့သော ထိနမိဒ္ဓ ကင်းစင်သော မိတ်ဆွေကောင်း သိတင်းသုံးဖော်ကောင်းရှိရမည်။ ဤသိတင်းသုံးဖော်မျိုးကို မှီဝဲရမည်။ ဤကဲ့သို့သော သိတင်းသုံးဖော်ကို မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိသန္တာန်၌လည်း ထိနမိဒ္ဓကင်းစင်သောအကျိုးကို ရတတ်သည်ဖြစ်၍ မိတ်ဆွေကောင်းရှိရမည်ဟုဆိုသည်။

## မိတ်ဆွေကောင်း ကျေးဇူးများပုံ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ နဂရကအမည်ရှိသော နိဂုံး၌ သိတင်းသုံးနေတော်မူစဉ် အာနန္ဒာအမည်ရှိသော ရဟန်းတော်က မြတ်စွာဘုရားအား လျှောက်ထားသည်မှာ– "မြတ်စွာဘုရား– ကောင်းမြတ်သော အကျင့်တရား ရဟန်းတရား ကို အားထုတ်ခြင်း၊ တရားပြည့်စုံခြင်း၌ မိတ်ဆွေကောင်း သိတင်းသုံးဖော်ကောင်းသည် ထက်ဝက်ကျေးဇူးများပါသည် မြတ်စွာဘုရား"ဟု လျှောက်ထားရာ ထိုအခါ မြတ်စွာဘုရား က မိန့်တော်မူသည်မှာ– "အာနန္ဒာ– သည်လိုမပြောနှင့်၊ သည်လိုမယူလေနှင့်၊ မြတ်သော ကောင်းသောတရား ရဟန်းတရားကို အားထုတ်ခြင်း၊ တရားပြည့်စုံခြင်း၌ မိတ်ဆွေကောင်း သိတင်းသုံးဖော်ကောင်းသည် အပြည့်အစုံကျေးဇူးများပေတယ် အာနန္ဒာ" ဟု မိန့်တော်မူလေသည်။ ထို့ပြင် မြတ်စွာဘုရားသည် အခါတစ်ပါး၌ ဟောတော်မူသည်မှာ–

"မိမိအောက်ညံ့သူနှင့် မပေါင်းနှင့်၊ မိမိပါညံ့ခြင်းသို့ရောက်တတ်သည်။ မိမိနှင့် တန်းတူကိုပေါင်းလျှင် တန်းတူဖြစ်တတ်သည်၊ မိမိထက်သာသောသူ တော်သောသူနှင့် ပေါင်းလေ၊ မိမိထက်သာသောသူ တော်သောသူနှင့် ပေါင်းမှသာလျှင် မိမိကိုယ်တိုင် သာသူ တော်သူ ဖြစ်နိုင်သည်" ဟုလည်း ဟောတော်မူသည်။

သို့ကြောင့် မိတ်ဆွေကောင်းရှိရခြင်းသည် တန်ဖိုးရှိလှသည်ကို သတိပြုရာ၏။

[ဤစကားရပ်၌ အာနန္ဒာမည်သောရဟန်းဟူသည် အရှင်အာနန္ဒာဖြစ်သည်။ အခြား အာနန္ဒာအမည်ရှိ ရဟန်းတော်တစ်ပါးဖြစ်သည်။ မသဲကွဲသေး၍ သာမန်ရေးလိုက် သည်။]

၆။ ထိနမိဒ္ဓနှင့်စပ်သော တရားစကားပြောကြားခြင်းဟူသည်မှာ- ထိနမိဒ္ဓကို ပယ်လိုသောပုဂ္ဂိုလ်သည် ထိနမိဒ္ဓကင်းရှင်းသော၊ ဝါ- ထိနမိဒ္ဓခေါင်းပါးသော မိတ်ဆွေ ကောင်း သိတင်းသုံးဖော်ကောင်းရှိရမည်သာ မဟုတ်သေး။ စကားပြောသော အခါတို့၌ လည်း အခြားသောအကျိုးမဲ့စကားတို့ကို မပြောမူ၍ နိသဇ္ဇဓုတင်, အဗ္ဗောကာသိကဓုတင် စကားတည်းဟူသော ထိနမိဒ္ဓခေါင်းပါးအားနည်းကြောင်း ဓုတင်စကားတို့ကိုသာ ပြောခြင်း၊ ဆွေးနွေးခြင်း၊ မေးမြန်းခြင်းတို့ကို ပြောဆိုပြုလုပ်ရမည်။ ယင်းသို့ ပြောဆိုခြင်းသည် ထိနမိဒ္ဓကင်းစေကြောင်း ဖြစ်သည်ဟုဆိုသည်။ ပြဆိုအပ်ပြီးသော အကြောင်းအင်္ဂါ ၆- ပါး တို့သည် ထိနမိဒ္ဓနီဝရဏကို ကင်းရှင်းစေကြောင်း ပယ်သတ်ကြောင်းတို့ ဖြစ်ကုန်၏။

ထိနမိဒ္ဓနီဝရဏပယ်သတ်ပုံပြီး၏

* * * * * *

## ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ပယ်သတ်ပုံ

မြတ်စွာဘုရားသည် ထိနမိဒ္ဓနီဝရဏနှင့်စပ်၍ ဟောတော်မူပြီးလျှင် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏနှင့်စပ်၍ ဟောတော်မူခြင်းငှာ 'ဣဓ ဘိက္ခဝေ'စသည် ဆက်လက်၍ ဟောတော်မူသည်။ ဥဒ္ဓစ္စကုက္ကုစ္စသဘောသည် စိတ်၏မငြိမ်းအေးခြင်း သဘောရှိ၏၊ ပျံ့လွင့်သောအခြင်းအရာ, ပူပန်သော အခြင်းအရာသည် ဥဒ္ဓစ္စကုက္ကုစ္စသဘောဖြစ်၏။ တရားသဘော၌လည်းကောင်း၊ ဝိနည်းသိက္ခာပုဒ်၌လည်းကောင်း မသင့်သော နှလုံးသွင်း ခြင်း = အယောနိသောမနသိကာရဖြင့် မတည်မငြိမ် ကြံစည်တွေးတောခြင်းများသော ပုဂ္ဂိုလ်၌ ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်တတ်သည်။

သမာဓိနှင့်ယှဉ်သော ယောနိသောမနသိကာရဖြင့် သင့်တင့်စွာနှလုံးသွင်းရှိသော ပုဂ္ဂိုလ်၌ ဥဒ္ဓစ္စကုက္ကုစ္စ ငြိမ်းအေးပပျောက်တတ်၏။ တစ်နည်းအားဖြင့် ၆-ပါးသော သဘောတရားတို့သည် ဥဒ္ဓစ္စကုက္ကုစ္စတို့ကို ပပျောက်ငြိမ်းအေးစေကြောင်းတို့ ဖြစ်သည်ကို သိရှိရာ၏။

၆-ပါးတို့ဟူသည်မှာ-

၁။ ဗဟုသုတ အကြားအမြင်များခြင်း၊

၂။ မေးမြန်းခြင်း၊

၃။ ဝိနည်း၌ ကျွမ်းကျင်လိမ္မာခြင်း၊

၄။ ထေရ်ကြီး ဝါကြီးတို့ကို မှီဝဲဆည်းကပ်ခြင်း၊

၅။ မိတ်ဆွေကောင်းရှိခြင်း၊

၆။ လျှောက်ပတ်သော တရားစကားကိုပြောဆိုခြင်း –

တို့ဖြစ်ကုန်၏။ ဤ ၆-ပါးတို့တွင်-

၁။ ဗဟုသုတများခြင်း ဟူသည်မှာ-

ဝိနည်းဘက်ဆိုင်ရာ၌ ဥဒ္ဒေသကုက္ကုစ္စဖြစ်လျှင် ဝိနည်းဘက်ဆိုင်ရာ၌ ဗဟုသုတရှိအောင် ဆည်းပူးလေ့လာခြင်း၊ အဘိဓမ္မာဘက်ဆိုင်ရာ၌ ဥဒ္ဒေသကုက္ကုစ္စဖြစ်လျှင် အဘိဓမ္မာဘက်ဆိုင်ရာ၌ ဗဟုသုတရှိအောင် ဆည်းပူးလေ့လာခြင်း။ မိမိ ဥဒ္ဒေသကုက္ကုစ္စဖြစ်နေသော အရာနှင့် သက်ဆိုင်ရာဗဟုသုတကို ဆည်းပူးလေ့လာရမည်ဟု ဆိုလိုသည်။

၂။ မေးမြန်းခြင်းဟူသည်မှာ-

ဆိုင်ရာဆိုင်ရာ ကျမ်းဂန်တို့၏ အယူအဆ သဘော အဓိပ္ပာယ်တို့ကို ထိုထိုကျမ်းဂန်စာပေ၌ဖြစ်စေ၊ တရားသဘော၌ဖြစ်စေ ကျွမ်းကျင်လိမ္မာသော ပုဂ္ဂိုလ်တို့ထံ၌ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းပြုရမည်ကို ဆိုလိုသည်။

၃။ ဝိနည်း၌ ကျွမ်းကျင်လိမ္မာခြင်းဟူသည်မှာ-

မြတ်စွာဘုရားလက်ထက်တော်၌ ဧတဒဂ်ဘွဲ့ရ အလွန်ထင်ရှားသော အရှင်ဥပါလိထေရ်ကဲ့သို့ဖြစ်စေ၊ မြန်မာနိုင်ငံတော်၌ ထင်ရှားသော ဝိနယာလင်္ကာရ-ဝိနည်းဋီကာကျမ်းပြု တောင်ဖီလာတောရဆရာတော်ကဲ့သို့ဖြစ်စေ၊ ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်၊ ပခန်းဂူဖြူတောရဆရာတော်တို့ကဲ့သို့ဖြစ်စေ ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာခြင်းကိုဆိုသည်။ ဝိနည်း၌ ကျွမ်းကျင်လိမ္မာစေရန် ဝိနည်းထဲ၌ စိတ်ကိုချထား၍ မပြတ်ဆင်ခြင်လေ့လာ ပွားများမှသာလျှင် ဝိနည်း၌ကျွမ်းကျင်လိမ္မာခြင်းဖြစ်ပေမည်။ အရှင်ဥပါလိထေရ် လေ့လာတော်မူသည်ကို နည်းယူထိုက်ကြပေသည်။

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။

ကပ္ပေမိ ဝိနယော ဝါသံ၊ ဝိနယော မမ ဂေါစရော။

ငါ၏အလိုဆန္ဒ၊ ဝါ- တည်ရာသည် ဝိနည်းသာဖြစ်သည်။ ငါသည် ရပ်တည်သည်ဖြစ်စေ၊ စင်္ကြံလျှောက်သည်ဖြစ်စေ စိတ်ကို ဝိနည်းထဲ၌သာထားသည်။ ဝိနည်းတည်းဟူသော ကျောင်း၌ ငါနေသည်။ ငါ၏အာရုံသည် ဝိနည်းမှတစ်ပါး အခြားမရှိ။ ငါ့အာရုံသည် ဝိနည်းပါပဲဟု ဆိုပါသည်။

ဤကဲ့သို့လေ့လာအားထုတ်သောကြောင့်လည်း ဝိနည်း၌ အတော်ဆုံးအတတ်ဆုံး ဝိနယဓရဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူခြင်းဖြစ်သည်။ အနည်းငယ်ဆက်ဦးအံ့- ကြားဖူးသည်မှာ ဂူဖြူတောရဆရာတော်ကြီးသည် ဝိနည်းပါဠိတော်တို့ကို အဋ္ဌကထာနှင့်တွဲ၍ ချုပ်ခဲ့သည်မှာ အကြိမ်ပေါင်း၊ တစ်နည်း- ဆခေါက်ပေါင်း ၅၀-ကျော်သည်ဟု ကြားရဖူး၏။ ခင်မွန်ထွက်ဆိုလျှင် ဝိနည်း၌ ကျွမ်းကျင်လိမ္မာတော်မူကြသည်မှာ ဝိနည်း၌ စိတ်ကိုချထား၍ ပွားများလေ့လာတော်မူကြသောကြောင့် ကျွမ်းကျင်လိမ္မာတော်မူကြသည်။

ဤနည်းတို့ကိုယူ၍ ဝိနည်း၌ကျွမ်းကျင်လိမ္မာအောင် လေ့လာကြရမည်ဟု ဆိုလိုသည်။

၄။ ထေရ်ကြီးဝါကြီးတို့ကို မှီဝဲဆည်းကပ်ခြင်းဟူသည်မှာ -

ဝိနည်းအရာ၌ ဥဒ္ဓစ္စကုက္ကုစ္စ သံသယကင်းလွတ်လိုသော ပုဂ္ဂိုလ်သည် ထေရ်ကြီးဝါကြီးတို့ကို မှီဝဲဆည်းကပ်ရမည်ဟု ဆိုသည်။ များသောအားဖြင့် မထေရ်မြတ်ကြီးတို့သည် ဝိနည်းကျမ်းဂန်စာပေအားဖြင့်သော်လည်းကောင်း၊ ဝိနည်းအဆုံးအဖြတ်နှင့်စပ်၍ အကြားအမြင် အတွေ့အကြုံများကြသည်ဖြစ်သောကြောင့်လည်းကောင်း မိမိ၌ ဖြစ်ပေါ်နေသော ဥဒ္ဓစ္စကုက္ကုစ္စတို့ကင်းပျောက်စေရန် ထိုမထေရ်ကြီးတို့ကို ဆည်းကပ်ရမည် ဆည်းကပ်ပါလေဟု ဆိုလိုသည်။

၅။ မိတ်ဆွေကောင်းရှိခြင်း ဆိုသည်မှာ -

ဥဒ္ဓစ္စကုက္ကုစ္စကင်းကြောင်း တရားစကားကို သတိပေးပြောကြားတတ်သော မိတ်ဆွေကောင်း သိတင်းသုံးဖော်ကောင်းကို ဆက်ဆံပေါင်းသင်းပါဟု ဆိုလိုသည်။

၆။ လျောက်ပတ်သော တရားစကားဟူသည်မှာ -

ဥဒ္ဓစ္စကုက္ကုစ္စပပျောက်ကြောင်း ကင်းရှင်းကြောင်း တရားမျိုးကိုသာလျှင် များသောအားဖြင့်ပြောဆိုခြင်းပြုရမည်ဟု ဆိုလိုသည်။

ဤပြဆိုအပ်ပြီးသော သဘော ၆-မျိုးတို့သည် ကောင်းမှုကုသိုလ်တို့ကို တားမြစ်ပိတ်ပင်တတ်သော သဘောရှိသော ဥဒ္ဓစ္စ ကုက္ကုစ္စတို့ကို ပယ်နိုင်ကြောင်း အကြောင်းအင်္ဂါ ၆-မျိုးဖြစ်ကြကုန်သည်ဟု ဆိုသည်။

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ပယ်သတ်ပုံပြီး၏။

* * * * * *

## ဝိစိကိစ္ဆာနီဝရဏ ပယ်သတ်ပုံ

မြတ်စွာဘုရားသည် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏနှင့်စပ်၍ ဟောတော်မူပြီး၍ ဝိစိကိစ္ဆာနီဝရဏနှင့်စပ်၍ ဟောတော်မူခြင်းငှာ 'ဣဓ ဘိက္ခဝေ' စသည်ကို မိန့်တော်မူသည်။

အဖန်ဖန် ဝိစိကိစ္ဆာဖြစ်သင့်သော အရာဌာနတို့၌ မသင့်သောနှလုံးသွင်းခြင်းဖြင့်၊ များသောနှလုံးသွင်းခြင်းဖြင့် ဝိစိကိစ္ဆာ ဖြစ်တတ်သည်။ ဝိစိကိစ္ဆာသဘောသည် တစ်စုံတစ်ခုသော တရားသဘော၌သော်လည်းကောင်း၊ ဘုရား၊တရား၊သံဃာ၌သော်လည်းကောင်း ဟုတ်လေသလား၊ မဟုတ်ဘူးလား၊ မှန်လေသလားဟု မဝေခွဲနိုင်၊ မဆုံးဖြတ်နိုင်ပဲ နှလုံးနှစ်ခွ ဟိုလိုလို သည်လိုလို ဖြစ်နေခြင်းသဘောသည် ဝိစိကိစ္ဆာဖြစ်၏။ ကုသိုလ်အစရှိသောသဘောတရားတို့၌ ဤကား ကုသိုလ်၊ ဤကားအကုသိုလ်၊ အပြစ်ရှိသောတရား၊ အပြစ်ကင်းသောတရား၊ ကျင့်သုံးအပ်သောတရား၊ ပယ်အပ်သောတရား၊ ယုတ်သောတရား၊

မြတ်သောတရား၊ မည်းညစ်သောတရား၊ ဖြူစင်သောတရားတို့၌ သင့်သောနှလုံးသွင်းခြင်း၊ ဉာဏ်ပြင့်ရှု၍ဆုံးဖြတ်ခြင်းသည် မဖြစ်သေးသော ဝိစိကိစ္ဆာတရား၏မဖြစ်ခြင်း၊ ဖြစ်ဆဲဝိစိကိစ္ဆာကို ပယ်သတ်ကြောင်းဖြစ်လေသည်။

ထို့ပြင် ဝိစိကိစ္ဆာနီဝရဏကို ပယ်ရန် အကြောင်းအင်္ဂါ ၆-မျိုးတို့ ရှိကုန်၏။

၆-မျိုးတို့ ဟူသည်မှာ-

၁။ ဗဟုသုတရှိခြင်း၊

၂။ မေးမြန်းခြင်း၊

၃။ ဝိနည်း၌ ကျွမ်းကျင်လိမ္မာခြင်း၊

၄။ ယုံကြည်အပ်သော ရတနာသုံးပါးတို့၏ ဂုဏ်၌ အဖန်ဖန်သက်ဝင်ယုံကြည်ခြင်း၊

၅။ မိတ်ဆွေကောင်းရှိခြင်း၊

၆။ လျောက်ပတ်သောတရားစကားကို ပြောဆိုခြင်းတို့ ဖြစ်ကုန်၏။

ဤအင်္ဂါခြောက်မျိုးတို့၏အဓိပ္ပာယ်ကိုကား အထိုက်အလျောက် သိမြင်လောက် ပေပြီ။

၁။ ဗဟုသုတစာပေကျမ်းဂန်တို့၌ ရှိတန်သမျှရှိခြင်းကြောင့် ဩကပ္ပနိယသဒ္ဓါဖြင့် သဘောပေါက် ယုံကြည်သည်ဖြစ်၍ ဝိစိကိစ္ဆာကို ပယ်နိုင်ရာသည်။

၂။ ထို့အတူ ပညာရှိသူတော်ကောင်းများထံ ဆည်းကပ်၍ စုံစမ်းမေးမြန်းဆွေးနွေးခြင်းဖြင့် ဝိစိကိစ္ဆာကို ပယ်နိုင်ရာသည်။

၃။ ဝိနည်း၌ ဝိစိကိစ္ဆာဖြစ်နေလျှင်လည်း ဝိနည်း၌ ကျွမ်းကျင်အောင် ကိုယ်တိုင်လေ့လာအားထုတ်ခြင်း ဆွေးနွေးခြင်းဖြင့် ဝိစိကိစ္ဆာကို ပယ်နိုင်၏။

အမှတ် ၁-၂-၃ ဗဟုသုတရှိခြင်း၊ မေးမြန်းခြင်း၊ ဝိနည်း၌ ကျွမ်းကျင်လိမ္မာခြင်းနှင့်စပ်၍ ဗဟုသုတဖြစ်ဖွယ် ဝတ္ထုသာဓကနှစ်ရပ်ကို ပြဦးအံ့ -

သီဂိရိလက်ာ(သီဟိုဠ်ကျွန်း) ဘာတိယမင်းလက်ထက်၌ တောင်အရပ်မှ ရဟန်းတစ်ပါးသည် နုညံ့သော ခုနစ်တောင်ရှိသော ဖန်ရည်ဆိုးသောအဝတ်ကို ပခုံးပေါ်တင်ပြီး ကာလ စေတီကိုပူဇော်ရန် မဟာစေတီသို့ ဝင်၏။ ထိုအခါ ဘာတိယမင်းသည်လည်း စေတီကို ရှိခိုးပူဇော်ရန်လာ၏။ ဘာတိယမင်းလာသည်ဖြစ်၍ လူများလမ်းဖယ်ပေးကြရာ လူချင်း တိုးကြ တိုက်မိကြကုန်၏၊ ထိုအချိန်၌ ရဟန်းတော်သည် မိမိပခုံးပေါ်မှ သင်္ကန်းကျခဲ့သည်ကိုမသိဘဲ စေတီရင်ပြင်မှထွက်ခဲ့၏။ အပြင်သို့ရောက်မှ သင်္ကန်းကိုမမြင်၍ သင်္ကန်းကျရစ် ခဲ့သည်ကိုသိ၏။ သိသော်လည်း သည်လူအုပ်ထဲမှာ ဘယ်သူရလိမ့်မည်ဟု မသိ၊ ယခုအခါ ဤသင်္ကန်းသည် ငါ့သင်္ကန်းမဟုတ်တော့ဘူး၊ ရသူယူစေတော့ဟု စိတ်ကို ဆုံးဖြတ်ကာ လျစ်လျူရှုလိုက်၏။

တစ်ပါးသောရဟန်းသည် နောက်မှစေတီရင်ပြင်သို့ လာသောအခါ ထိုသင်္ကန်းကို တွေ့မြင်လျှင် ခိုးယူလိုသောစိတ်ဖြင့် ယူခဲ့၏။ ယူခဲ့ပြီးနောက် ငါသည်သင်္ကန်းကို ခိုးယူ

လိုသောစိတ်ဖြင့် ယူခဲ့သည်-ဟု နှလုံးမသာမယာဖြစ်ကာ ယခုအခါ ငါသည် ရဟန်း မဟုတ်တော့ပြီ လူထွက်တော့မည်ဟု စဉ်းစားနေစဉ် အေးလေ--- ဝိနည်းမိုရ်မထေရ်တို့ကို မေးမြန်းလျှောက်ထားဦးမည်ဟု နေ၏။ ထိုအခါကာလ၌ မဟာဝိဟာရကျောင်းတိုက်၌ ပရိယတ္တိဆောက ဝိနယဓရပါမောက္ခဖြစ်သော စူဠသုမနထေရ် သီတင်းသုံးနေ၏။ ထို ရဟန်းသည် မထေရ်ထံ ဆည်းကပ်၍ အကျိုးအကြောင်း လျှောက်ထားရာ မထေရ်က သင်္ကန်းရှင်ရဟန်းကိုရှာဖွေပြီး ခေါ်ခဲ့လေ၊ သင်၏ဆောက်တည်ရာကိုပြုခြင်းမှာ တတ်နိုင် ပေလိမ့်မည်ဟု အမိန့်ရှိသဖြင့် သံဃာတွေအရပ်ရပ်မှ လာကြသည်ဖြစ်၍ များစွာသော သံဃာအတွင်း၌ ရှာဖွေတွေ့သဖြင့် မထေရ်ထံခေါ်ခဲ့၏။ 'ဤသင်္ကန်းသည် အသင်၏ သင်္ကန်း ဟုတ်သလော'ဟု မေး၏။ ဟုတ်ပါသည်ဟုဖြေ၏။

ဘယ်နေရာမှာကျခဲ့သလဲဟုမေးရာ သင်္ကန်းရှင် ရဟန်းက အကြောင်းခြင်းရာ အားလုံးကို ပြန်၍လျှောက်၏။ သင်္ကန်းရှင် ရဟန်းသည် သင်္ကန်းအပေါ်၌ တပ်မက် လိုချင်ခြင်းမရှိ၊ ဓူရနိက္ခေပ = အာရုံပြတ်၍ စွန့်လွှတ်အပ်သည်ကိုသိ၍ သင်္ကန်းကို ကောက်ယူခဲ့ သောရဟန်းကို ဘယ်ကဲ့သို့သောစိတ်ဖြင့် ကောက်ခဲ့သည်ကို မေးမြန်းပြီးကာလ သင်သည် အကယ်၍သာ ခိုးယူသောစိတ်မရှိဘဲ စင်ကြယ်သောစိတ်ဖြင့် ယူခဲ့သည်ဖြစ်အံ့၊ လုံးဝ အာပတ်သင့်မည် မဟုတ်ပေ။ ယခုကား ထေယျစိတ်ဖြင့် ကောက်ယူမိသောကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။ ယင်းဒုက္ကဋ်အာပတ်ကိုဒေသနာပြောကြား၍ အာပတ် ကင်းစင် သော ရဟန်း ဖြစ်၏။ ဤသင်္ကန်းကိုလည်း မိမိပိုင်ပစ္စည်းအဖြစ်ဖြင့် မူလသင်္ကန်းရှင်အား လှူလေဟု အဆုံးအဖြတ်ပေးတော်မူ၏။ အဆုံးအဖြတ်ခံယူသော ရဟန်းသည် အမြိုက် ရေဖြင့် သွန်းလောင်းအပ်သကဲ့သို့ အလွန်စိတ်နှလုံးချမ်းသာခြင်း ဖြစ်ပေသည်။ ဤဝတ္ထု၌ ခိုးလိုသောစိတ်ဖြင့် ကောက်ယူသော်လည်း သင်္ကန်းရှင်ကကျခဲ့သော သင်္ကန်းသည် ငါ့ သင်္ကန်း မဟုတ်တော့ပါဘူး၊ ဘယ်သူပဲရရ ယူပါစေတော့ဟု စိတ်ဖြင့် စွန့်လွှတ်အပ်သော သင်္ကန်းဖြစ်၍ ထိုသင်္ကန်းသည် ပစ္စည်းရှင် ပိုင်ရှင်မရှိသော သင်္ကန်းဖြစ်သောကြောင့် ပါရာဇိကသို့မရောက်ဟု ဆုံးဖြတ်ခြင်းဖြစ်သည်။ ခိုးယူလိုသောစိတ်သာမရှိလျှင် အာပတ် လုံးဝ မသင့်ပေ။

ထို့ပြင် - အခါတစ်ပါး သီရိလင်္ကာ(သီဟိုဠ်ကျွန်း)အနီး သမုဒ္ဒရာအတွင်း တစ်ခုသော အုန်းကျွန်း၌ ရဟန်းတစ်ပါးသည် အသွင်သဏ္ဌာန်ကောင်းသော အုန်းခွံကိုရ၍ ပွတ်ခံကာ ခရုသင်းခွက်ကဲ့သို့ နှစ်သက်ဖွယ်သောလက်ရာဖြင့် သောက်ရေခွက်ပြုလုပ်ကာ အသုံးပြု၏။ ထိုရဟန်းသည် ထိုအုန်းမှုတ်သောက်ရေခွက်ကို ကျောင်း၌ထားခဲ့၍ စေတိယဂိရိသို့သွား၏။ တစ်ပါးသောရဟန်းသည် ထိုအုန်းကျွန်းသို့သွား၍ ထိုကျောင်း၌ ပင်နေ၏။ ထိုကျောင်း၌ အုန်းမှုတ်သောက်ရေခွက်ကိုမြင်၍ ခိုးယူလိုသောစိတ်ဖြင့် ယူခဲ့ ပြီးလျှင် စေတိယဂိရိသို့ပင် ရောက်လာ၏။

ထိုစေတိယဂိရိ၌ သံဃာများ ယာဂုသောက်ကြသောအခါ ထိုအုန်းမှုတ် ရေ သောက်ခွက်ကို မူလပိုင်ရှင် ရဟန်းကမြင်၍ သည်ခွက် ဘယ်ကရခဲ့သလဲဟုမေး၏။ အုန်းကျွန်းကျောင်းက ယူခဲ့သည်ဟုပြော၏။ သည်ခွက်သည် အသင့်ခွက်မဟုတ်၊

အသင်နိုးယူခဲ့ခြင်းဖြစ်၏ဟု စွပ်စွဲ၏။ ထိုအခါ ထိုသံဃာအစည်းအဝေး၌ ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာသော အာဘိဓမ္မိကဂေါဓတ္တထေရ်သည်ရှိ၏။ ထိုမထေရ်ထံ၌ အဆုံးအဖြတ် ခံယူကြသည်။

မထေရ်က ဤခွက်ကို ဘယ်ဒေသကရခဲ့သနည်း မေး၏။ အုန်းကျွန်းက ရခဲ့ပါသည်ဟုဖြေ၏။ အုန်းကျွန်း၌ သည်ခွက်သည် ဘယ်မျှအဖိုးထိုက်တန်သနည်းဟုမေးရာ ဘယ်မျှမှမတန်ပါ။ အသားကိုစားကြပြီးအခွံကိုပစ်လိုက်ပါသည်ဟုဖြေ၏။ အုန်းမှုတ်ခွက်ရှင် ရဟန်းပြုလုပ်သော လက်မှုပညာကကော ဘယ်မျှတန်သနည်းဟုမေး၏၊ တစ်ပဲ, နှစ်ပြားမျှသာ တန်ပါသည်ဟု အုန်းမှုတ်ခွက်ရှင်ရဟန်းက လျှောက်၏။

ငါရှင်တို့ - မြတ်စွာဘုရားသည် တစ်ပဲနှစ်ပြားတန်သောပစ္စည်း၌ ပါရာဇိက ပညတ်တော်မူခြင်း ဘယ်မှာရှိပါသလဲဟု မိန့်တော်မူသောအခါ သံဃာများက သာဓုခေါ်ကာ ချီးကျူးကြသည်မှာ တစ်ခဲနက် အုတ်အုတ်ကျက်ကျက်ဖြစ်သည်ဟူ၏။

ဤသို့လျှင် ဝိနည်း၌ လိမ္မာကျွမ်းကျင်သဖြင့် သံသယကင်း၍ စိတ်ချမ်းသာ ကြရသည်။

ထို့ကြောင့် -

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဂ္ဃံ ပရိဘောဂပဉ္စမံ။

တုလယိတွာ ပဉ္စဌာနာနိ၊ ဓာရေယျတ္ထံ ဝိစက္ခဏော။

ဝိစက္ခဏော၊ အဆုံးအဖြတ်ပေးလိုသော ဝိနည်းမိုရ်ပညာရှိသော ပုဂ္ဂိုလ်သည်။ ဝတ္ထုံ စ၊ ပစ္စည်းကိုလည်းကောင်း။ ကာလဉ္စ၊ အချိန်ကာလကိုလည်းကောင်း။ ဒေသဉ္စ၊ အရပ်ဒေသကိုလည်းကောင်း။ အဂ္ဃံ စ၊ ပစ္စည်းတန်ဖိုးကိုလည်းကောင်း။ ပဉ္စမံ၊ ငါးခု မြောက်ဖြစ်သော။ ပရိဘောဂံ စ၊ အသုံးပြုခြင်းကိုလည်းကောင်း။ ပဉ္စဌာနာနိ၊ ငါးချက်သော အကြောင်းအရာတို့ကို။ တုလယိတွာ၊ နှိုင်းချိန်၍။ အတ္ထံ၊ အဆုံးအဖြတ်ကို။ ဓာရေယျ၊ ထုတ်ဆောင်ရာ၏။

,ဤဝတ္ထု၌ ခိုးလိုသောစေတနာဖြင့်ခိုးသော်လည်း တစ်ပဲနှစ်ပြားသာလျှင် တန်သည် ဖြစ်၍ ပါရာဇိကသို့မရောက်ဟု ဆုံးဖြတ်ခြင်းဖြစ်၏။

၁။ ဗဟုသုတရှိခြင်း၊

၂။ မေးမြန်းခြင်း၊

၃။ ဝိနည်း၌ ကျွမ်းကျင်ခြင်း - အကျိုးကျေးဇူးရှိခြင်းကို ပြဆိုခြင်းဖြစ်သည်။

၄။ ရတနာသုံးပါးတို့၌ ဩကပ္ပနိယသဒ္ဓါ-ဟု ဆိုအပ်သော အဓိမောက္ခများ သော ပုဂ္ဂိုလ်သည်လည်း ဝိစိကိစ္ဆာကို ပယ်နိုင်လေသည်။

၅။ အရှင်ဝက္ကလိထေရ်ကဲ့သို့သော သဒ္ဓါဓိက မိတ်ဆွေကောင်းကို ဆည်းကပ် မှီဝဲသောပုဂ္ဂိုလ်သည်လည်း ဝိစိကိစ္ဆာကို ပယ်နိုင်သည်။

၆။ ရပ်ခြင်း, ထိုင်ခြင်း အစရှိသော ဣရိယာပုထ်တို့၌ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးနှင့်စပ်သော တရားစကားကို ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်သည်လည်း ဝိစိကိစ္ဆာကို ပယ်နိုင်သည်။

ဤနည်းတို့ဖြင့် ဝိစိကိစ္ဆာနီဝရဏကို ပယ်ကြကုန်ရာ၏။

ဝိစိကိစ္ဆာနီဝရဏပယ်သတ်ပုံ ပြီး၏။

* * * * *

## နီဝရဏပိုင်း နိဂုံးအုပ်

ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားကို ပွားများအားထုတ်သော ယောဂီသည် နီဝရဏပိုင်း၌ ငါးပါးသော နီဝရဏတို့တွင် အသီးအသီး ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏတို့ကို အခါကာလအားလျော်စွာ-

ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ ကာမစ္ဆန္ဒံ၊ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ- စသည်ဖြင့် နည်းလမ်းညွှန်ပြတော်မူသည့်အတိုင်း ယခုအချိန် ငါ၏ အဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒထင်ရှားဖြစ်နေလျှင် ငါ၏အဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒဖြစ်ပေါ်နေသည်ဟုသိအောင် သတိပြုဆင်ခြင်ရမည် (ရိပ်သာ ဝေါဟာရဖြင့်)ရှုမှတ်နေရမည်။ သိနေရမည်ဟု ဟောတော်မူသည်။

အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ၊ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ = ယခု အချိန် ငါ၏ အဇ္ဈတ္တသန္တာန၌ ကာမစ္ဆန္ဒ ထင်ရှားမဖြစ်လျှင်လည်း ငါ၏ အဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒမဖြစ်ဟု သိအောင် သတိပြုဆင်ခြင်ရမည်၊ ရှုမှတ်နေရမည်၊ သိနေရမည်ဟု ဟောတော်မူသည်။

ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ = အကြင် အခြင်းအရာအားဖြင့်၊ ဝါ- အကြင်အကြောင်းအားဖြင့် မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒသည် ဖြစ်ပေါ်လာခဲ့သည်ဖြစ်အံ့၊ ထိုဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကိုလည်း သိအောင် သတိပြု ဆင်ခြင်ရမည်၊ အလစ်မပေးရဟု ဟောတော်မူသည်။

ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ= ပြဆို အပ်ခဲ့ပြီးသော အကြောင်းအမျိုးမျိုးတို့ဖြင့် ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒကို ပယ်လိုက်၏၊ ထိုပယ်အပ်သော ကာမစ္ဆန္ဒကိုလည်း သိအောင် သတိပြုဆင်ခြင်ရမည်ဟု ဟောတော်မူသည်။

ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပာဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ = ကာမစ္ဆန္ဒကို ပယ်ကြောင်းဖြစ်သော အကြောင်းအမျိုးမျိုးတို့ဖြင့် ပယ်အပ်ပြီး သော ကာမစ္ဆန္ဒ၏ နောင်အခါကာလ၌ သက်ဆိုင်ရာမဂ်ဖြင့် ပယ်သတ်အပ်သည်ဖြစ်၍ တစ်ဖန်ထပ်မံ၍ ကာမစ္ဆန္ဒမဖြစ်၊ ထိုသို့မဖြစ်ခြင်းကိုလည်း သတိပြုဆင်ခြင်ရမည်ဟု ဟောတော်မူသည်။

ယောဂီသည် မြတ်စွာဘုရားညွှန်ပြ နည်းပေးတော်မူသော ဤငါးမျိုးသောနည်းတို့ဖြင့် မိမိအဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒတို့ကို ရှု၍ ပယ်ကြရမည်ဖြစ်သည်။ ပယ်သတ်ရန် အကြောင်းတို့ကိုကား နောက်က ထုတ်ပြခဲ့လေပြီ။

၁။ ကာမစ္ဆန္ဒကို မြတ်စွာဘုရားဟောတော်မူသော ၅-မျိုးသော နည်းတို့ဖြင့် ပွားများဆင်ခြင်သကဲ့သို့၊ ထို့အတူ -

၂။ ဗျာပါဒနီဝရဏ၊

၃။ ထိနမိဒ္ဓနီဝရဏ၊

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊

၅။ ဝိစိကိစ္ဆာနီဝရဏတို့ကိုလည်း ပွားများကြ၊ ဆင်ခြင်ကြရာ၏။

ယင်းနီဝရဏတို့ကို ပယ်သတ်ရန် အကြောင်းတို့ကိုလည်း နောက်၌ အသီးသီး ပြဆိုအပ်ခဲ့ပြီ။

ယခုအခါ နီဝရဏပိုင်း - နီဝရဏပဗ္ဗကို နိဂုံးအုပ်၍ ဟောတော်မူလိုသော မြတ်စွာဘုရားသည်-

"ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ"စသည်ကို ဟောတော်မူသည်။

ဤသို့လျှင် ငါဘုရားညွှန်ပြဟောကြားတော်မူခဲ့သော ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏတည်းဟူသော နီဝရဏ သဘောတရားတို့သည် မိမိအဇ္ဈတ္တသန္တာန်၌ ထိုသဘောတရားတို့သာ ရှိသည်ဟူ၍ ဉာဏ်ဖြင့်ရှုကြည့်နေရမည်။ ဗဟိဒ္ဓဖြစ်သော သူတစ်ပါးသန္တာန်၌ရှိသော နီဝရဏ သဘောတရားတို့ကိုလည်း နီဝရဏသဘောတရားတို့သာလျှင် ရှိသည် ဖြစ်သည်ဟူ၍ ဉာဏ်ဖြင့် ရှုကြည့်နေရမည်ဟု ဟောတော်မူသည်။

အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ = ရံခါ မိမိအဇ္ဈတ္တသန္တာန်၌၊ ရံခါ သူတစ်ပါးသန္တာန်၌ ဤနီဝရဏသဘောတရားတို့သာ ရှိကုန်သည်ဟူ၍ ဉာဏ်ဖြင့် ရှုကြည့်နေရမည်။

သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာ နုပဿီ ဝါ ဓမ္မေသု ဝိဟရတိ = နီဝရဏဟုဆိုအပ်ကုန်သော သဘောတရားတို့၏ဖြစ်ခြင်းကို ရှုကြည့်ဆင်ခြင်၍လည်းကောင်း၊ ပျက်ခြင်းကို ရှုကြည့်ဆင်ခြင်၍လည်းကောင်းနေရမည်။

သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ = နီဝရဏဟုဆိုအပ်ကုန်သော သဘောတရားတို့၏ဖြစ်ခြင်း ပျက်ခြင်းကို ဉာဏ်ဖြင့် ရှုကြည့်ဆင်ခြင်၍ နေရမည်။

အတ္တံ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏ-မတ္တာယ ပဋိဿတိမတ္တာယ = ဤခန္ဓာ၌ ကာမစ္ဆန္ဒနီဝရဏ အစရှိသော ဓမ္မသဘောတရားတို့သာရှိသည်ဟူ၍ ရှေးရှုထင်သော သတိရှိခြင်းသည်၊ ဝါ- မကောင်းသော သတိရှိခြင်းသည် သမ္မဒေဉာဏ်ပွားများခြင်းငှာ, သတိနှင့်တကွ ဝိပဿနာဉာဏ်ပွားများခြင်းငှာ ဖြစ်သည်။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ= ဤခန္ဓာ၌ တဏှာဂါဟ ဒိဋ္ဌိဂါဟတို့ဖြင့် မမှီမူ၍ ဤလောက၌၊ ဝါ- ခန္ဓာ၌ ရုပ်ကိုလည်းကောင်း၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်းကောင်း ငါပဲ- ငါ့ဥစ္စာပဲဟူ၍ မစွဲဘဲ မယူဘဲ ရုပ်နာမ်ဓမ္မ သင်္ခါရသဘောတရားတို့သာဟူ၍၊ ဝါ- ဤနီဝရဏပိုင်း၌ကား နီဝရဏတရားတွေသာလျှင် ဖြစ်သည်ဟူ၍မြင်ရမည်။ ဝေမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု = ရဟန်းတို့--- ဤသို့လျှင် ငါးပါးသော နီဝရဏသဘောတရားတို့၌ နီဝရဏသဘောတရားတို့သာလျှင် ဖြစ်ကုန်၏ဟူ၍ ရှုမြင်ရမည်၊ ပွားများရမည်ဟု ဟောတော်မူကာ နီဝရဏပိုင်းကို နိဂုံးအုပ်တော်မူသည်။

နီဝရဏပဗ္ဗ- နီဝရဏပိုင်းပြီး၏။

* * * * *

## ခန္ဓပဗ္ဗ-ခန္ဓာပိုင်း

မြတ်စွာဘုရားသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန် နီဝရဏပဗ္ဗ-နီဝရဏပိုင်းကို ဟောတော်မူပြီး၍ ယခုအခါ ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ-ခန္ဓာပိုင်းကို ဟောတော်မူလိုသည်ဖြစ်၍-

'ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု'ဟူ၍ မိန့်တော်မူ၏။

ရဟန်းတို့- တစ်ပါးတုံလည်း သာသနာတော်ထမ်း ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် ငါးပါးသော ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သဘောတရားတို့၌ ဥပါဒါနက္ခန္ဓာတို့သာ ဖြစ်သည်ဟု ဉာဏ်ဖြင့် ရှုမြင်ကာ ပွားများနေရမည်ဟု ညွှန်ပြတော်မူသည်။

ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ရှုရမည်ဟု ဟောတော်မူသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာတို့ကို အနည်းငယ် အကျဉ်းပြဦးအံ့။

### ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓာဟူသည် ဥပါဒါနဿ ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနဿ ပစ္စယ- ဘူတာ ဓမ္မပုဉ္ဇာ ဓမ္မရာသယောတိ အတ္ထော-ဟူသည်အရ= ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် တည်းဟူသော ဥပါဒါန်တို့၏ဖြစ်ကြောင်း

ဖြစ်သော သဘောတရား အစုအပေါင်းကို ဥပါဒါနက္ခန္ဓာဟု မှတ်ရာ၏။

ဥပါဒါန်အဓိပ္ပာယ်ကို ပြဦးအံ့။ ဥပါဒါန်တို့သည်-

၁။ ကာမုပါဒါန်၊

၂။ ဒိဋ္ဌုပါဒါန်၊

၃။ သီလဗ္ဗတုပါဒါန်၊

၄။ အတ္တဝါဒုပါဒါန်- အားဖြင့် ၄-ပါးရှိကုန်၏။

ထိုလေးပါးတို့တွင်-

၁။ ကာမုပါဒါန်ဟူသည်-

မဏ္ဍူကံ ပန္နဂေါ ဝိယ ဒဠှံ အာရမ္မဏံ အာဒိယန္တီတိ ဥပါဒါနာနိ- ဟူသည်အတိုင်း မြွေသည် မိမိအစာဖြစ်သော ဖားကို မြဲမြဲပြင်းပြင်းစွာ ဖမ်းယူသကဲ့သို့ ထို့အတူ မိမိအလိုရှိ အပ်သောအာရုံကို မြဲမြဲပြင်းပြင်းစွာ ယူတတ်သောကြောင့် ဥပါဒါန်ဟူ၍ အမည်နာမ ပညတ်အပ်သည်။ ကာမောယေဝ ဥပါဒါနံ ကာမုပါဒါနံ = ကာမတဏှာသည်ပင်လျှင် မိမိအလိုရှိအပ်သောအာရုံကို မြဲမြဲစွာယူတတ်သောကြောင့် ကာမုပါဒါန်မည်သည်။

၂။ ဒိဋ္ဌုပါဒါန်ဟူသည် -

၆၂-ပါးသော ဒိဋ္ဌိများနှင့်တကွ မဟာဒိဋ္ဌိကြီး ၃-ပါး၊ ထိုမှတစ်ပါး သာသနာတော်၌ ဖြစ်စေ၊ လောက၌ဖြစ်စေ သိရှိတွေ့မြင်အပ်ကုန်သော အမှန်သဘောမှ ဖောက်ပြန်စွာ ယူအပ်ကုန်သောဒိဋ္ဌိတို့သည် ဒိဋ္ဌုပါဒါန်မည်၏ဟူ၍ ပရမတ္ထဒီပနီ၌လာသည်။ ပရမတ္ထ သရူပဘေဒနီ၌ကား: - အတ္တဝါဒုပါဒါန်မှတစ်ပါး: ၁။ နတ္ထိ ဒိန္နံ၊ ၂။ နတ္ထိ ယိဋ္ဌံ၊ ၃။ နတ္ထိ ဟုတံ၊ ၄။ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ ၅။ နတ္ထိ အယံ လောကော၊ ၆။ နတ္ထိ ပရော လောကော၊ ၇။ နတ္ထိ မာတာ၊ ၈။ နတ္ထိ ပိတာ၊ ၉။ နတ္ထိ သတ္တာ ဩပပါတိကာ၊ ၁၀။ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဥ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ = ဤသို့ ဖော်ပြအပ်သော ဝတ္ထုဆယ်မျိုးရှိသော ဒိဋ္ဌိဟူသမျှသည် ဒိဋ္ဌုပါဒါန် မည်၏ဟု လာသည်။

ဝတ္ထုဆယ်မျိုးကို မြန်မာပြန်သော်-

၁။ လှူအပ်သော အမှုသည် အကျိုးမရှိ၊

၂။ ယဇ်ငယ်ပူဇော်ခြင်းသည် အကျိုးမရှိ၊

၃။ ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးမရှိ၊

၄။ ကောင်းသဖြင့်ပြုအပ်သောကုသိုလ်၊ မကောင်းသဖြင့်ပြုအပ်သော အကုသိုလ် တို့၏ အကျိုးဆက်လည်းမရှိ၊ အကျိုးရင်းလည်းမရှိ၊

၅။ ဤပစ္စုပ္ပန် လောကလည်းမရှိ၊

၆။ တမလွန်လောကလည်းမရှိ၊

၇။ မိခင်၌ပြုအပ်သော အကျိုးအပြစ်မရှိ၊

၈။ ဖခင်၌ပြုအပ်သော အကျိုးအပြစ်မရှိ၊

၉။ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါတို့မရှိကုန်၊

၁၀။ အကြင်သမဏ ဗြာဟ္မဏတို့သည် ဤလောကကိုလည်းကောင်း၊ တမလွန် လောကကိုလည်းကောင်း ကိုယ်တိုင်ထူးသော ဉာဏ်ပညာဖြင့်သိ၍ ကိုယ်တိုင် မျက်မှောက် ပြုကုန်၍ ပြောဟောနိုင်ကြကုန်၏။ ငြိမ်သက်ခြင်းသို့ ရောက်ကုန်သော မဖောက်မပြန်လမ်းမှန်ကျင့်တတ်ကုန်သော သမဏဗြာဟ္မဏဟူကုန်သော ရဟန်း ပုဏ္ဏား တို့သည်လည်း မရှိကုန် - ဟု စွဲယူခြင်းသည် ဒိဋ္ဌိဖြစ်ကြောင်း အရင်းခံဝတ္ထုတို့ဖြစ်ကြကုန်၏။ ထိုဝတ္ထု ဆယ်မျိုးကို အရင်းခံအကြောင်းပြု၍ ဖြစ်ပေါ်သမျှ ဒိဋ္ဌိတို့သည် ဒိဋ္ဌုပါဒါန်မည်၏။

၃။ သီလဗ္ဗတုပါဒါန်ဟူသည် -

နွား၊ ခွေး စသော သတ္တဝါတို့၏ နဂိုပကတိ အလေ့အကျင့်သည် သီလမည်၏။ နွား ခွေး စသော သတ္တဝါတို့၏ ယင်းသို့သော ပကတိအလေ့အကျင့်ကိုပင် ချမ်းသာကြောင်း အမှန်တရားဟူ၍ မှတ်ယူလိုက်နာကျင့်သုံးခြင်းသည် ဝတမည်၏။ ထိုသီလနှင့် ဝတနှစ်မျိုး ပေါင်းဖြစ်သော သီလဗ္ဗတကို သံသရာမှလွတ်မြောက်ကြောင်းလမ်းကောင်းဟူ၍ စွဲမြဲစွာ ယူခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏။

၄။ အတ္တဝါဒုပါဒါန် ဟူသည် -

အတ္တဟူသော အယူဝါဒကိုစွဲမြဲစွာယူခြင်းသည် အတ္တဝါဒုပါဒါန်မည်၏။ တစ်ဦး တစ်ဦးသော သတ္တဝါတို့၏သန္တာန်၌ ပဓာနအားဖြင့် အစိုးရသော အတ္တသည်ရှိ၏ဟူ၍ များသောအားဖြင့် ယူအပ်သောသဘောတည်း။ မသေမပျောက်မြဲသည်၊ အမြဲတည်သည်ဟူ၍ လည်းကောင်း စသည်ဖြင့် များယွင်းစွာ ပြောဆိုကြကုန်၏။ ယင်းအတ္တဝါဒကို စွဲ စွဲမြဲမြဲ ယူကြ ပြောကြသည်ဖြစ်သောကြောင့် အတ္တဝါဒုပါဒါန် မည်သည်။ အတ္တဝါဒုပါဒါန်သည်၊ ဝါ- အတ္တစွဲများသော အယူဝါဒသည် အရေအတွက်အားဖြင့် ၂၀-ရှိ၏။

၂၀ - ရှိဟန်ကား -

## အတ္တဝါဒုပါဒါန် (၂၀)

| | | |
|---|---|---|
| ၁။ ရုပ် အတ္တတော သမနုပဿတိ | - | ရုပ်ကို အတ္တဟုရှု၏၊ ယူ၏။ |
| ၂။ ရူပဝန္တံ ဝါ အတ္တာနံ | - | အတ္တကို ရုပ်ရှိသည်ဟူ၍ ရှု၏၊ ယူ၏။ |
| ၃။ အတ္တနိ ဝါ ရူပံ | - | အတ္တ၌ရုပ်ရှိသည်ဟု ရှု၏၊ ယူ၏။ |
| ၄။ ရူပသ္မိံ အတ္တာနံ | - | ရုပ်၌အတ္တတည်၏ဟု ရှု၏၊ ယူ၏။ |
| ၁။ ဝေဒနံ အတ္တတော သမနုပဿတိ | - | ဝေဒနာကို အတ္တဟု ရှု၏၊ ယူ၏။ |
| ၂။ ဝေဒနာဝန္တံ ဝါ အတ္တာနံ | - | အတ္တကို ဝေဒနာရှိသည် ဟူ၍ ရှု၏၊ ယူ၏။ |
| ၃။ အတ္တနိ ဝါ ဝေဒနံ | - | အတ္တ၌ ဝေဒနာတည်သည် ဟူ၍ ရှု၏၊ ယူ၏။ |
| ၄။ ဝေဒနာယ ဝါ အတ္တာနံ | - | ဝေဒနာ၌ အတ္တတည်သည် ဟူ၍ရှု၏၊ ယူ၏။ |
| ၁။ သညံ အတ္တတော သမနုပဿတိ | - | သညာကို အတ္တဟု ရှု၏၊ ယူ၏။ |
| ၂။ သညာဝန္တံ ဝါ အတ္တာနံ | - | အတ္တကို သညာရှိသည်ဟူ၍ ရှု၏၊ ယူ၏။ |
| ၃။ အတ္တနိ ဝါ သညံ | - | အတ္တ၌ သညာတည်သည် ဟူ၍ ရှု၏၊ ယူ၏။ |
| ၄။ သညာယ ဝါ အတ္တာနံ | - | သညာ၌ အတ္တတည်သည်ဟူ၍ ရှု၏၊ ယူ၏။ |
| ၁။ သင်္ခါရံ အတ္တတော သမနုပဿတိ | - | သင်္ခါရကို အတ္တဟု ရှု၏၊ ယူ၏။ |
| ၂။ သင်္ခါရ ဝန္တံ ဝါ အတ္တာနံ | - | အတ္တကို သင်္ခါရရှိသည်ဟူ၍ ရှု၏၊ ယူ၏။ |
| ၃။ အတ္တနိ ဝါ သင်္ခါရေ | - | အတ္တ၌ သင်္ခါရ တည်သည်ဟု ရှု၏၊ ယူ၏။ |
| ၄။ သင်္ခါရေသု ဝါ အတ္တာနံ | - | သင်္ခါရ၌ အတ္တတည်သည်ဟူ၍ ရှု၏၊ ယူ၏။ |
| ၁။ ဝိညာဏံ အတ္တတော သမနုပဿတိ | - | ဝိညာဏ်ကို အတ္တဟု ရှု၏၊ ယူ၏။ |

၂။ ဝိညာဏဝန္တံ ဝါ အတ္တာနံ - အတ္တကို ဝိညာဏ်ရှိ၏ဟု ရှု၏၊ ယူ၏။

၃။ အတ္တနိ ဝါ ဝိညာဏံ - အတ္တ၌ ဝိညာဏ်တည်သည်ဟူ၍ ရှု၏၊ ယူ၏။

၄။ ဝိညာဏသ္မိံ အတ္တာနံ - ဝိညာဏ်၌ အတ္တတည်သည်ဟူ၍ ရှု၏၊ ယူ၏။

ဤသို့အားဖြင့် အတ္တဝါဒုပါဒါန်၊ ဝါ- အတ္တဒိဋ္ဌိ၊ တစ်နည်း သက္ကာယဒိဋ္ဌိသည် အမျိုးအရေအတွက်အားဖြင့် ၂၀-ဖြစ်သည်။ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ရှိသည် ဟူ၏။

အတ္တဝါဒုပါဒါန်၊ တစ်နည်း- အတ္တာနုဒိဋ္ဌိ ၂၀-အရေအတွက်အားဖြင့် ပြားရာ၌ ရှင်းလင်းစေရန် အနည်းငယ် ဆက်လက်ဖော်ပြဦးအံ့-

၁။ ရူပံ အတ္တတော သမနုပဿတိ- ရုပ်ကို အတ္တဟု ရှုမြင်ရာ၌ အဘယ်ကဲ့သို့ ရှုမြင်သနည်း၊ ဝါ- အဘယ်ကဲ့သို့ စွဲယူသနည်းဟူမူ၊ အချို့သောပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကို၊ သို့မဟုတ်- ယောဂီဖြစ်လျှင် ပထဝီကသိုဏ်းကို အတ္တဟူ၍ ငါဟူ၍ ရှုမြင်၏၊ ရူပက္ခန္ဓာနှင့် အတ္တ၊ တစ်နည်း- ပထဝီကသိုဏ်းနှင့် အတ္တကို မကွဲမပြား အတ္တဟူ၍ ရှုသည်ဟူ၏။ အချုပ်အားဖြင့် ရုပ်ကိုအတ္တဟူ၍ မှားသောအားဖြင့် ရှုမြင်၏ဟုဆိုသည်။

၂။ ရူပဝန္တံ ဝါ အတ္တာနံ သမနုပဿတိ = အတ္တသည် ရုပ်ရှိ၏ဟု ရှုမြင်၏ဟူရာ၌- အချို့သောပုဂ္ဂိုလ်သည် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို အတ္တဟူ၍, ငါဟူ၍ ရှုမြင်၏။ ထိုနာမက္ခန္ဓာအပေါင်းတည်းဟူသော အတ္တသည် ရုပ်ရှိသည်ဟူ၍ ရှုမြင်၏ဟု ဆိုသည်။

၃။ အတ္တနိ ဝါ ရူပံ သမနုပဿတိ = အတ္တ၌ ရုပ်တည်ရှိ၏ဟု ရှုမြင်ရာ၌- အချို့သောပုဂ္ဂိုလ်သည် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို အတ္တဟူ၍ ရှုမြင်၏။ ထိုခန္ဓာအပေါင်းတည်းဟူသော အတ္တ၌ ရုပ်တည်၏ဟူ၍ မြင်ခြင်းဟု ဆိုသည်။

၄။ ရူပသ္မိံ အတ္တာနံ သမနုပဿတိ = ရုပ်၌ အတ္တကို ရှုမြင်၏ဟူရာ၌- အချို့သောပုဂ္ဂိုလ်သည် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို အတ္တဟု ရှုမြင်၏။ ထိုခန္ဓာ အပေါင်းတည်းဟူသော အတ္တကို ရုပ်၌ ရှုမြင်၏ဟုဆိုသည်။

နှစ်ဆယ်သော အတ္တာနုဒိဋ္ဌိတို့၌ ရူပံ အတ္တတော သမနုပဿတိ တစ်မျိုးသာလျှင် ရုပ်သက်သက်ကို အတ္တဟူ၍ ရှုမြင်ခြင်း ဖြစ်သည်။

၁ - ရူပဝန္တံ ဝါ အတ္တာနံ။ ၂ - အတ္တနိ ဝါ ရူပံ။ ၃ - ရူပသ္မိံ ဝါ အတ္တာနံ။ ၄ - ဝေဒနံ အတ္တတော သမနုပဿတိ။ ၅ - သညံ သင်္ခါရေ ဝိညာဏံ အတ္တတော သမနုပဿတိ- ဟူသော ခုနစ်မျိုးတို့၌ နာမ်တရားကို အတ္တဟူ၍ ရှုမြင်ခြင်း ဖြစ်သည်။

၁။ ဝေဒနာဝဋ္ဋ ဝါ အတ္တာနံ ၂။ အတ္တနိ ဝါ ဝေဒနာ ၃။ ဝေဒနာယ ဝါ အတ္တာနံ-၌ ၃-မျိုး၊ ထို့အတူ သညာ၌ ၃-မျိုး၊ သင်္ခါရ၌ ၃-မျိုး၊ ဝိညာဏ်၌ ၃-မျိုး၊ ပေါင်း ၁၂-မျိုးတို့၌မူကား ရုပ်နှင့် နာမ်ရောရှု၍ ရှုမြင်ခြင်းဖြစ်သည်။

ဤသို့ပြဆိုအပ်သည့်အတိုင်း ဥပါဒါန်တို့ကို သိမှတ်ရာ၏။

## ခန္ဓာတို့ကို ပြခြင်း

ခန္ဓာသည် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာအားဖြင့် ငါးပါးရှိသည်။ ထိုငါးပါးသောခန္ဓာတို့တွင် သီတ, ဥဏှအစရှိသော အကြောင်းတို့ကြောင့် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသော တရားအစုအပေါင်းသည် ရူပက္ခန္ဓာဖြစ်သည်။ ထိုရူပက္ခန္ဓာသည် ရုပ္ပနလက္ခဏာအားဖြင့် သဘောတူပေါင်းသဖြင့် ရူပက္ခန္ဓာဟူ၍ အမည်တစ်မျိုးတည်း ဝါ- တစ်ပါးတည်းဖြစ်သော်လည်း ဘူတရုပ်, ဥပါဒါရုပ်အားဖြင့် နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် ဘူတရုပ်ဟူသည် ၁။ ပထဝီရုပ်၊ ၂။ အာပေါရုပ်၊ ၃။ တေဇောရုပ်၊ ၄။ ဝါယောရုပ် ဟူ၍ ၄-ပါး ရှိ၏။

ဥပါဒါရုပ်သည်ကား ၂၄-ပါးရှိ၏။ ၂၄-ပါးဟူသည်-

| | | |
|---|---|---|
| ၁။ စက္ခု၊ | ၉။ ရသ၊ | ၁၇။ ဝစီဝိညတ္တိ၊ |
| ၂။ သောတ၊ | ၁၀။ ဣတ္ထိန္ဒြိယ၊ | ၁၈။ ရူပဿလဟုတာ၊ |
| ၃။ ဃာန၊ | ၁၁။ ပုရိသိန္ဒြိယ၊ | ၁၉။ ရူပဿမုဒုတာ၊ |
| ၄။ ဇိဝှါ၊ | ၁၂။ ဟဒယဝတ္ထု၊ | ၂၀။ ရူပဿကမ္မညတာ၊ |
| ၅။ ကာယ၊ | ၁၃။ ဇီဝိတိန္ဒြိယ၊ | ၂၁။ ရူပဿဥပစယ၊ |
| ၆။ ရူပ၊ | ၁၄။ ကဗဠီကာရအာဟာရ၊ | ၂၂။ ရူပဿသန္တတိ၊ |
| ၇။ သဒ္ဒ၊ | ၁၅။ အာကာသဓာတု၊ | ၂၃။ ရူပဿဇရတာ၊ |
| ၈။ ဂန္ဓ၊ | ၁၆။ ကာယဝိညတ္တိ၊ | ၂၄။ ရူပဿအနိစ္စတာ- |

ဟူ၍ ဥပါဒါရုပ် ၂၄-ပါးရှိ၏။

ဘူတရုပ်-၄။ ဥပါဒါရုပ်-၂၄။ ပေါင်းသော် ရုပ် ၂၈-ပါး ဖြစ်၏။

ဤရုပ် ၂၈-ပါးအပေါင်းကိုလည်း ရူပက္ခန္ဓာဟု ခေါ်ဆို၏။ တစ်ပါးတစ်ပါးသော ရုပ်ကိုလည်း အတိတ်ရုပ် အနာဂတ်ရုပ် စသည်ဖြင့် ပေါင်းခြင်းဖြင့်လည်း ရူပက္ခန္ဓာဟု ခေါ်ဆို၏။

ပြဆိုအပ်ခဲ့ပြီးသော ၂၈-ပါးသော ရုပ်တို့တွင် -

အတ္တဘောကိုစွဲ၍ဖြစ်သော ရုပ်သည် အဇ္ဈတ္တိကရုပ်၊ အပဋ္ဌဖြစ်သော ရုပ်သည် ဗာဟိရရုပ်၊ သြဠာရိကရုပ်၊ သုခုမရုပ်၊ ဒူရေရုပ်၊ သန္တိကေရုပ်၊ နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်၊ ပသာဒရုပ်၊ နပသာဒရုပ်၊ ဣန္ဒြိယရုပ်၊ အနိန္ဒြိယရုပ်၊ ဥပါဒိန္နရုပ်၊ အနုပါဒိန္နရုပ်အားဖြင့် နှစ်မျိုးစီပြား၏။ ထို့အတူ သုံးပါးစီ, လေးပါးစီအားဖြင့်အပြားရှိကြကုန်၏။ ဤရူပက္ခန္ဓာအရာ၌ ရုပ်တရား တို့ကို ဤမျှပြဆိုလျှင် သင့်လျော်လောက်ပေပြီ။

ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ ထိုဝေဒနာသည် အာရုံ၏အရသာကို ခံစားသော သဘောလက္ခဏာအားဖြင့် တစ်ပါးသာရှိ၏။ သုခဝေဒနာ, ဒုက္ခဝေဒနာအားဖြင့် နှစ်ပါး၊ သုခဝေဒနာ ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာအားဖြင့် သုံးပါး၊ သုခဝေဒနာ, သောမနဿဝေဒနာ, ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာအားဖြင့် ငါးပါးဖြစ်၏။

သညာသည် သညာက္ခန္ဓာမည်၏။ သဒ္ဓါ, သတိ အစရှိကုန်သော ဝေဒနာ, သညာမှတစ်ပါး ၅၀-သော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာမည်ကုန်၏။ စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁- တို့သည် ဝိညာဏက္ခန္ဓာမည်၏။

ဤသို့အားဖြင့် ၁။ ရူပက္ခန္ဓာ ၂။ ဝေဒနာက္ခန္ဓာ ၃။ သညာက္ခန္ဓာ ၄။ သင်္ခါရက္ခန္ဓာ ၅။ ဝိညာဏက္ခန္ဓာ အားဖြင့် ခန္ဓာငါးပါးဖြစ်ကုန်၏၊ ဥပါဒါန်၏အကြောင်း၊ ဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာသည် ဥပါဒါနက္ခန္ဓာမည်၏။ ဥပါဒါန်၏ ဖြစ်ကြောင်းမဟုတ်၊ ဥပါဒါန်၏ အာရုံမဟုတ်သော ခန္ဓာသည် အနုပါဒါနက္ခန္ဓာမည်၏။ ထိုခန္ဓာနှစ်မျိုးတို့တွင် ဤအရာ၌ ဥပါဒါနက္ခန္ဓာကို ဟောတော်မူသည်။

ဤဥပါဒါနက္ခန္ဓာတို့ကို ရှုရာ၌ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု = ရဟန်းတို့--- ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဥပါဒါနက္ခန္ဓာတို့သာဟု ရှုရမည်ဟူသည် အဘယ်ကဲ့သို့ရှုရမည်နည်းဟု ကထေတုကမျတာ ပုစ္ဆာဖြင့် မေးမြန်းတော်မူပြီးကာလ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟု ဆိုအပ် သော ခန္ဓာတို့၌ ဉာဏ်ဖြင့်ရှုပုံ ကြည့်ပုံ ရှုနည်း ကြည့်နည်းကို ညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည် -

ဣဓ ဘိက္ခဝေ ဘိက္ခု- ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော-ဟု ဟောတော်မူသည်။ ရဟန်းတို့..... ငါဘုရားသာသနာတော်၌ ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် ရူပက္ခန္ဓာဟူသောရုပ်တရား၌ ဤသို့ရှုရမည်။ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိသော ဤသဘောတရားအစုအပေါင်းသည်ကား ရုပ်တရားတည်း။ ဤသဘော တရားတို့သည်ကား ရုပ်ဖြစ်ပေါ်ခြင်းတည်း။ ဤသဘောတရားတို့သည်ကား ရုပ်၏

ချုပ်ခြင်းတည်းဟုရှုရမည်ဟု ဟောတော်မူသည်။ သိတဥဏ်အစရှိသော သဘောတရားတို့ကြောင့် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသောအရာသည် ရုပ်တရားပေတည်း။ တစ်နည်းအားဖြင့် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိကုန်သော နောက်က ထုတ်ပြအပ်ခဲ့သော ၂၈-ပါးသော သဘောတရားတို့သည် ရုပ်တရားတို့ပေတည်း။

၁။ အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊

၂။ တဏှာသမုဒယာ ရူပသမုဒယော၊

၃။ ကမ္မသမုဒယာ ရူပသမုဒယော၊

၄။ အာဟာရသမုဒယာ ရူပသမုဒယော-

ဤရုပ်တို့သည် အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေါ်ကြကုန်၏။ တဏှာတည်းဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေါ်ကြကုန်၏။ ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေါ်ကြကုန်၏။ အာဟာရတည်းဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေါ်ကြကုန်၏။

၁။ အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊

၂။ တဏှာနိရောဓာ ရူပနိရောဓော၊

၃။ ကမ္မနိရောဓာ ရူပနိရောဓော၊

၄။ အာဟာရနိရောဓာ ရူပနိရောဓော-

အဝိဇ္ဇာကြောင့် ဖြစ်သောရုပ်တို့သည် အဝိဇ္ဇာချုပ်ပျောက်ခြင်းကြောင့် ချုပ်ပျောက်ကြကုန်၏။ တဏှာကြောင့်ဖြစ်သော ရုပ်တို့သည် တဏှာချုပ်ပျောက်ခြင်းကြောင့် ချုပ်ပျောက်ကြကုန်၏။ ကံကြောင့်ဖြစ်သော ရုပ်တို့သည်လည်း ကံချုပ်ပျောက်ခြင်းကြောင့် ချုပ်ပျောက်ကြကုန်၏။ အာဟာရကြောင့်ဖြစ်သော ရုပ်တို့သည် အာဟာရချုပ်ပျောက်ခြင်းကြောင့် ချုပ်ပျောက်ကြကုန်၏။

ဟေတုံ ပဋိစ္စ သမ္ဘူတာ ဟေတုဘင်္ဂါ နိရုဇ္ဈရေ -

အကြောင်းတရားကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ရုပ်တရားတို့သည် မိမိတို့၏ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ ချုပ်ပျောက်ကြကုန်သည်ဖြစ်၍ အကျိုးတရားဖြစ်သော ရုပ်တို့သည်လည်း ချုပ်ပျောက်ကြကုန်၏။ အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့် ဖြစ်ဆဲလက္ခဏာရှိသောရုပ်သည် ဥဒယမည်၏။ ဖောက်ပြန်ပျက်စီးခြင်းလက္ခဏာရှိသော ရုပ်သည် ဝယမည်၏။ ဤသို့လျှင် ပစ္စုပ္ပန်ဖြစ်သော ဖြစ်ပေါ်ဆဲ ရုပ်တို့၏ ဖြစ်ပေါ်ခိုက်ခဏ၌ ဥဒယသဘောအားဖြင့် ရှုခြင်း၊ ပျက်ဆဲခဏ၌ ဝယသဘောအားဖြင့် ရှုခြင်းသည် ဥဒယဗ္ဗယဝိပဿနာ ဉာဏ်မည်၏။ ဤသို့လျှင် ရုပ်တရားတို့ကိုအကြောင်းပေါ်သည့်အခါ ဖြစ်ခြင်းကိုလည်းကောင်း၊ အကြောင်းချုပ်ငြိမ်း

သည့်အခါ ချုပ်ငြိမ်းပျောက်ကွယ်ကြသည်ကိုလည်းကောင်း"ဥဒယဗ္ဗယ"တို့ဟူ၍ ဝါ-ဖြစ်ခြင်းပျက်ခြင်းရှိသော ရုပ်တရားတို့ဟူ၍ ဥဒယဗ္ဗယဝိပဿနာဉာဏ်ဖြင့် ရှုပါလေဟု ဆိုလိုသည်။

ဤရုပ်တရားတို့သည် ပစ္စုပ္ပန်အားဖြင့် မဖြစ်ပေါ်မီ ရှေးအခါ၌ မဖြစ်ပေါ်သေးမူ၍ တစ်စုံတစ်ခုသော ဌာန၌ အစုအထေးဖြင့် စုရုံးနေခြင်းလည်းမရှိ၊ ဖြစ်ပေါ်သောအခါ၌လည်း အစုအဝေးဖြင့် လာရောက်ဖြစ်ပေါ်ခြင်းမရှိ၊ ဖြစ်ပေါ်ရာမှ ချုပ်ပျောက်ကြပြီးလျှင် တစ်စုံတစ်ခုသောအရပ်ဒေသ၌ သွားရောက်၍ စုဝေးပေါင်းဆုံနေကြခြင်းလည်း မရှိကြကုန်။

ဥပမာပြရသော်– စောင်းကိုလည်းကောင်း၊ စောင်းတံကိုလည်းကောင်း၊ စောင်းတီးသော သူကိုလည်းကောင်း အကြောင်းပြု၍ ဤသုံးရပ်ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော စောင်းသံသည် ဘယ်အရပ်မှ လာသည်လည်းမဟုတ်၊ အသံတိတ်ပြီးနောက်လည်း ဘယ်အရပ်သို့ သွားရောက်စုဝေးသည်လည်း မဟုတ်သကဲ့သို့ ထို့အတူပင် ရုပ်တရားတို့သည်လည်း စုဝေးတည်နေရာ ဌာနမရှိ၊ စုဝေး၍လာကြသည်လည်းမရှိ၊ ချုပ်ပျောက်ကြပြီးနောက်၌လည်း တစ်စုံတစ်ခုသောအရပ်ဒေသ၌ သွားရောက်စုဝေးတည်နေကြသည်လည်း မရှိ၊ အကြောင်းရှိခိုက်ဖြစ်ပေါ်ကြ၍ အကြောင်းချုပ်ငြိမ်းသောအခါ အလိုအလျောက် ပျောက်ပျက် ချုပ်ငြိမ်းကြကုန်သော သဘောတရားတို့သာ ဖြစ်ကြကုန်၏ဟု ဆင်ခြင်ပွားများရာ၏၊

ဣတိ အဇ္ဈတ္တံ ဝေ့မသု ဝေ့မာနုပဿီ ဝိဟရတိ။

ဗဟိဒ္ဓါ ဝါ စ ဝေ့မသု ဝေ့မာနုပဿီ ဝိဟရတိ။

မိမိအဇ္ဈတ္တသန္တာန်၌ အကြောင်းအားလျော်စွာ ရုပ်တရားတို့ဖြစ်သည်ကို မိမိအဇ္ဈတ္တသန္တာန်၌ မည်သို့သောရုပ်တရားဖြစ်ဆဲဖြစ်ပေါ်နေသည်ကို ဝိပဿနာဉာဏ်ဖြင့် ရှု၍နေပါ။ အခြားသောသူတည်းဟူသော ဗဟိဒ္ဓသန္တာန်၌ အကြောင်းအားလျော်စွာ ရုပ်တရားတို့ ဖြစ်ပေါ်နေသည်ကိုလည်း ဗဟိဒ္ဓသန္တာန်၌မည်သို့သောရုပ်တရားတွေဖြစ်ပေါ်နေသည်ကို ဝိပဿနာဉာဏ်ဖြင့် ရှု၍နေပါ။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ စ ဝေ့မသု ဝေ့မာနုပဿီ ဝိဟရတိ = ရံခါ အဇ္ဈတ္တသန္တာန်၌၊ ရံခါ ဗဟိဒ္ဓသန္တာန်၌ ရုပ်တရားတွေ ဖြစ်လိုက် ချုပ်လိုက် ပေါ်လိုက် ပျောက်လိုက် ဖြစ်လျက်ရှိနေသည်ကိုလည်း ခယဝယ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ဖြင့် ရှု၍နေပါ။

သမုဒယဝေ့မာနုပဿီ ဝါ ဝေ့မသု ဝိဟရတိ။

ဝယဝေ့မာနုပဿီ ဝါ ဝေ့မသု ဝိဟရတိ။

ဝိပဿနာဉာဏ်ဖြင့်ရုပ်တရားတို့၌ဖြစ်ခြင်းကိုလည်း ရှု၍နေပါ။ ရုပ်တရားတို့၏ ပျက်ခြင်းကိုလည်းရှု၍နေပါ။ သမုဒယဝယ ဝေ့မာနုပဿီ ဝါ ဝေ့မသု ဝိဟရတိ = ရံခါ ရုပ်တရား

တို့ဖြစ်ခြင်းကိုလည်းကောင်း၊ ရံခါပျက်ခြင်းကိုလည်းကောင်း ရှု၍နေပါ။ "အတ္ထိ ဧဝ္ရာတိ ဝါ ပနဿ သတိပစ္စုပဋ္ဌိတာ ဟောတိ= ဤသည်တို့ကား ရုပ်တရားတို့သာတည်းဟု သတိသမ္ပဇဉ်ကို မပြတ်ဖြစ်စေပါဟူ၍ ဟောတော်မူသည်။

ရုပ်တရားတို့သည်သာလျှင် ဆိုင်ရာ ဆိုင်ရာ အကြောင်းတို့ကြောင့် အကျိုးတရား သဘောဖြင့်ဖြစ်ပေါ်လိုက် ချုပ်ပျောက်လိုက်၊ ဖြစ်ပေါ်လိုက် ချုပ်ပျောက်လိုက်နှင့် ဖြစ်ပျက်လျက်ရှိကြသည်။ သဘာဝအလျောက် ဖြစ်ပေါ်ချုပ်ပျောက်နေကြသည်ကို ငါဟူ၍ သူဟူ၍ အမြင်အယူ မှားယွင်းကာ စွဲလမ်းနေဖွယ်မရှိ၊ ရုပ်တရားတွေသာလျှင် ဖြစ်ပါပေသည်ဟု ဝိပဿနာဉာဏ်အမြင်ဖြင့် ဆင်ခြင်ပွားများပါဟု ဟောတော်မူလိုခြင်း ဖြစ်သည်။

ရူပက္ခန္ဓာကဲ့သို့ပင် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့၌ လည်း ဣတိ ဝေဒနာ = ဤသဘောတရားသည်ကား ဝေဒနာတည်း။ ဣတိ ဝေဒနာယ သမုဒယော = ဤကား ဝေဒနာ၏ ဖြစ်ခြင်းတည်း။ ဣတိ ဝေဒနာယ အတ္ထင်္ဂမော = ဤကား ဝေဒနာ၏ချုပ်ခြင်းတည်း၊ ဤသို့ စသည်ဖြင့် ရှုပါလေဟု ဟောတော်မူသည်။

ရှုပုံ ပွားများပုံကို ပါဠိမှတ္တ ပြဦးအံ့ -

တစ်ပါးပါးသော မိမိဉာဏ်၌မြင်လွယ်သိလွယ်သောခန္ဓာ၌ ဤသို့သော အကြောင်းကြောင့် ရုပ်တရားတို့ ဖြစ်ပေါ်ကြသည်။ ဤသို့သော အကြောင်းကြောင့် ရုပ်တရားတို့ ပျောက်ပျက်ကြသည်။ ဤသို့လျှင် ရုပ်တရားတို့ ထင်ရှားဖြစ်သည်။ ဤသို့လျှင် ပျက်စီးကြသည်ဟု ပွားများဆင်ခြင်ရမည်။ ယင်းသို့ ပွားများဆင်ခြင်သော ယောဂီ၏ ဉာဏ်အမြင်၌ ဩော်..... ဤရုပ်တရားတို့သည် ယခင်က မရှိခဲ့ဖူးဘဲနှင့် ဖြစ်ပေါ်လာကြသည်။ ဖြစ်ပေါ်ပြီးကာလ၌လည်း မတည်မမြဲဘဲ ပျောက်ပျက်သွားကြသည်ဟူ၍ သန့်ရှင်းစွာ ဉာဏ်အမြင်ဖြင့် မြင်လာတတ်သည်။ ဥဒယဝယ အဖြစ်အပျက်ကို မြင်သော ယောဂီအား သစ္စဉာဏ်၊ ပဋိစ္စသမုပ္ပာဒ်တို့သည် ဉာဏ်၌ ထင်ရှားဖြစ်ပေါ် တတ်ကုန်၏။ ဆက်လက်ပွားလျှင် ပွားသလောက် အကျိုးရှိလေသည်။

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ။

အဘိနဝါ ဝ သင်္ခါရာ၊ နဒိသောတသမူပမာ။

ယခင်ကမရှိသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အကြောင်းအားအလျောက် ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်ပြီးကာလ၌ အမြဲတည်ခြင်းမရှိကြမူ၍ ချုပ်ပျောက်ပျက်စီး ကြကုန်၏။ ရုပ်နာမ်ဟုဆိုအပ်သော သင်္ခါရသဘောတရားတို့သည် မြစ်ရေစီးဆင်းနေသော ရေအလျဉ်ကဲ့သို့ အသစ်အသစ်ဖြစ်ပေါ်၍ ချုပ်ငြိမ်းကြကုန်ပါတကား။

ခန္ဓပဗ္ဗ-ခန္ဓာပိုင်းပြီး၏

* * * * *

## အာယတနပဗ္ဗ-အာယတနပိုင်း

ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ-ခန္ဓာပိုင်းကို ဟောတော်မူပြီး၍ ယခုအခါ အာယတနပဗ္ဗ-အာယတနပိုင်းကို ဟောတော်မူခြင်းငှာ မြတ်စွာဘုရားသည် 'ပုန စပရံ ဘိက္ခဝေ ဘိက္ခု' စသည်ကို ဟောတော်မူသည်။ ရဟန်းတို့- တစ်ပါးတုံလည်း သာသနာတော်၌ ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတန၊ ခြောက်ပါးကုန်သော ဗာဟိရာယတနတို့၌ အာယတနတို့ ဟူ၍သာ ရှုကြရမည်ဟု ဟောတော်မူသည်။ ယင်းသို့ ဟောတော်မူရာ၌ အဇ္ဈတ္တိကာယတန, ဗာဟိရာယတန တို့ကို ယောဂီတို့ ဦးစွာ သိထားသင့်၏။

ခြောက်ပါးကုန်သော အဇ္ဈတ္တိကာယတနတို့ဟူသည်ကား -

၁။ စက္ခုပသာဒရုပ်သည် စက္ခာယတနမည်၏။

၂။ သောတပသာဒရုပ်သည် သောတာယတနမည်၏။

၃။ ဃာနပသာဒရုပ်သည် ဃာနာယတနမည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။

၅။ ကာယပသာဒသည် ကာယာယတနမည်၏။

၆။ မနောဝိညာဏ်သည် မနာယတနမည်၏။

ဤသို့လျှင် အဇ္ဈတ္တိကာယတနခြောက်ပါး ဖြစ်ကုန်၏။

ခြောက်ပါးသော ဗာဟိရာယတနတို့ ဟူသည်ကား-

၁။ ရူပါရုံသည် ရူပါယတနမည်၏၊

၂။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊

၃။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊

၄။ ရသာရုံသည် ရသာယတနမည်၏၊

၅။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊

၆။ ဓမ္မာရုံသည် ဓမ္မာယတနမည်၏။

ဤသို့လျှင် ဗာဟိရာယတနခြောက်ပါး ဖြစ်ကုန်၏။

ဤသို့အားဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဗာဟိရာယတန ခြောက်ပါး၊ ပေါင်း အာယတန ၁၂-ပါး ဖြစ်၏။

စက္ခာယတန အစရှိသော အာယတနတို့၏ တရားကိုယ်တို့သည် ထင်ရှားပြီဖြစ်၍ သိကြရပြီ၊ ဓမ္မာယတန၏ တရားကိုယ်ကိုမူကား သိသာရန်ပြဦးအံ့။ အဘိဓမ္မတ္ထသင်္ဂဟ

ကျမ်း၌ "ဓမ္မာရမ္မဏံ ပန ပသာဒသုခုမရူပစိတ္တစေတသိကနိဗ္ဗာနပညတ္တိဝသေန ဆဗ္ဗိဓံ သင်္ဂဟိတံ" ဟု လာသည်ဖြစ်၍ ဓမ္မာရုံသည် ၁။ ပသာဒရုပ် ၂။ သုခုမရုပ် ၃။ စိတ် ၄။ စေတသိက် ၅။ နိဗ္ဗာန် ၆။ ပညတ် အားဖြင့် ခြောက်မျိုးရှိ၏။

ပရမတ္ထဒီပနီ၌ "ပဋ္ဌာရမ္မဏဝိနိမုတ္တံ ယံ ကိဉ္စိ ဓမ္မဇာတံ ဝိဇ္ဇမာနမ္ပိ အဝိဇ္ဇမာနမ္ပိ ဘူတမ္ပိ အဘူတမ္ပိ ဓမ္မာရမ္မဏမေဝ"ဟု ဆိုသည်။ အာရုံငါးပါးမှတစ်ပါး ထင်ရှားသည် ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ၊ ဖြစ်ပေါ်သည်ဖြစ်စေ၊ မဖြစ်ပေါ်သည်ဖြစ်စေ အာရုံ အားလုံးသည် ဓမ္မာရုံမည်သည်ဟု ဆိုလိုသည်။ ဤပြဆိုအပ်ခဲ့ပြီးသည်တို့ကား ဓမ္မာရုံတို့ ဖြစ်ကုန်၏။

အာယတန၏ အဓိပ္ပာယ်ကို ယခုပြဆိုလတ္တံ့သောနည်းဖြင့် မှတ်သားကြရာ၏။

၁။ အာယတနဟူသော သဘောတရားတို့၌ ထိုထိုဒွါရအာရုံကိုမှီ၍ ဖြစ်ကုန်သော စိတ်စေတသိက်တို့သည် ထိုထိုဆိုင်ရာကိစ္စတို့ဖြင့် လုံ့လပြုလုပ် အားထုတ်ကြကုန်၏။ ထို့ကြောင့် အာယတန မည်ကုန်၏။

၂။ အာယတနဟုဆိုအပ်ကုန်သော စိတ် စေတသိက်တရားတို့ကို ချဲ့ထွင်တတ်ကုန်၏။ ထို့ကြောင့် အာယတနမည်ကုန်၏။

၃။ သံသရာဝဋ်ဒုက္ခ ရှည်ကြာသည်ကို ပြုတတ်သောကြောင့်လည်း အာယတန မည်ကုန်၏။

၄။ စက္ခုဝိညာဏ်စိတ် စသည်တို့ ဖြစ်ကြောင်းဖြစ်သောကြောင့်လည်း အာယတန မည်ကုန်၏။

၅။ ထိုထိုဒွါရတို့၌ ဖြစ်ကုန်သော ထိုထိုအာရုံ၊ ထိုထိုစက္ခုဝိညာဏ်အစရှိသော စိတ်တို့၏ ပေါင်းဆုံရပ်တည်ရာဌာန ဖြစ်သောကြောင့်လည်း အာယတန မည်ကုန်၏။

ဤကဲ့သို့ အာယတန၏ အနက်အဓိပ္ပာယ်တို့ကို ပြဆိုကြသည်။

မိမိ၏ အဇ္ဈတ္တိက အတွင်းသန္တာန်၌ဖြစ်ကုန်သော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဟူသော အာယတနတို့သည် အတွင်းသန္တာန်၌ ဖြစ်ကြသောကြောင့် အဇ္ဈတ္တိကာယတန ဖြစ်သည်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ တို့သည် မိမိခန္ဓာမှအပ၌ဖြစ်ကြသောကြောင့် ဗာဟိရာယတနဖြစ်သည်။ မြတ်စွာဘုရားသည် အာယတနဟု ဆိုအပ်သော သဘောတရားတို့၌ အာယတနတို့ဟူ၍ ရှုကြည့်ပွားများ ရမည်ဟု ဟောတော်မူသည်ဖြစ်၍ စာရှုသူတို့အား အာယတနတို့ကိုလည်းကောင်း၊ အာယတနတို့၏ အနက်အဓိပ္ပာယ်ကိုလည်းကောင်း အကျဉ်းအားဖြင့် ထုတ်ပြခဲ့ပြီ။ ယခုအခါ ထိုအာယတနတို့၌ ရှုပုံ၊ ဆင်ခြင်ပွားများပုံတို့ကို မြတ်စွာဘုရား ဆက်လက် ဟောတော်မူသည်ကို ဖော်ပြပေအံ့။

ကထဉ္စ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု = ရဟန်းတို့ သာသနာတော်၌ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်ကို ပွားများသော ရဟန်းသည် အဇ္ဈတ္တိကာယတန, ဗာဟိရာယတန ခြောက်ပါးဟု ဆိုအပ်ကုန်သော သဘောတရားတို့၌ အဘယ်သို့လျှင် သဘောတရားတွေဟု ရှုရမည်နည်းဟူမူ -

"ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုံ စ ပဇာနာတိ၊ ရူပေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ"ဟူ၍ တရားရှုပုံကို ဟောတော်မူသည်။

ရဟန်းတို့ ငါဘုရား၏ သာသနာတော်၌ ဓမ္မာနုပဿနာ အာယတနတရားတို့ကို အားထုတ်သောရဟန်းသည် မိမိအဇ္ဈတ္တသန္တာန်၌ရှိသော စက္ခုပသာဒရုပ်ဟူသော စက္ခုဝတ္ထုရုပ်ရှိသည်ကိုလည်း သိရမည်။ ထိုစက္ခုဝတ္ထုနှင့် ရှေးရှုဆုံဆည်းသော ရူပါရုံတို့ကိုလည်း သိရမည်။ စက္ခုဝတ္ထု ရူပါရုံတို့၏ ရှေးရှုဆုံဆည်း တွေ့ကြုံခြင်းကို စွဲ၍၊ ဝါ- အကြောင်းပြု၍ အကြင်သံယောဇဉ်သည် ဖြစ်ပေါ်လာ၏၊ ထိုဖြစ်ပေါ်လာသော သံယောဇဉ်ကိုလည်း သိရမည်။ မဖြစ်ပေါ်မူးသေးသော သံယောဇဉ် ဖြစ်ပေါ်လာခြင်းကိုလည်း သိရမည်။ ဖြစ်ပေါ်လာသောသံယောဇဉ်ကို ပယ်သည်ကိုလည်း သိရမည်။

ပယ်အပ်သောသံယောဇဉ်ကို မဂ်ဖြင့် ပယ်အပ်သည်ဖြစ်၍ နောင်တစ်ဖန်မဖြစ်မည်ကိုလည်း သိရမည်ဟုဟောတော်မူရင်း ဖြစ်သည်။

စက္ခုပသာဒ၊ ဝါ- စက္ခုဝတ္ထုဟူသော အဇ္ဈတ္တိကာယတနနှင့် ရူပါရုံတည်းဟူသော ဗာဟိရာယတနတို့ ရှေးရှု တွေ့ဆုံမိကြသဖြင့် သံယောဇဉ်ဆယ်ပါးတို့တွင် ထိုက်သည့် အားလျော်စွာတစ်ပါးပါးသော သံယောဇဉ်ဖြစ်ပေါ်လာတတ်သည်။ ဖြစ်ပေါ်လာသော သံယောဇဉ်ကိုလည်း အမှတ်မဲ့မနေမူ၍ သတိပြုကာ သိရမည်ဟု ဟောတော်မူသည်။ သံယောဇဉ်ဟူသည်မှာလည်း များလှ၏။

| | |
|---|---|
| ၁။ ကာမရာဂသံယောဇဉ်၊ | ၂။ ရူပရာဂသံယောဇဉ်၊ |
| ၃။ အရူပရာဂသံယောဇဉ်၊ | ၄။ ပဋိဃသံယောဇဉ်၊ |
| ၅။ မာနသံယောဇဉ်၊ | ၆။ ဒိဋ္ဌိသံယောဇဉ်၊ |
| ၇။ သီလဗ္ဗတပရာမာသသံယောဇဉ်၊ | ၈။ ဝိစိကိစ္ဆာသံယောဇဉ်၊ |
| ၉။ ဥဒ္ဓစ္စသံယောဇဉ်၊ | ၁၀။ အဝိဇ္ဇာသံယောဇဉ်- |

ဟူ၍ ၁၀-ပါးရှိကုန်၏။

တစ်နည်း - အဘိဓမ္မာဆိုင်ရာ၌ လာသောသံယောဇဉ် ၁၀-ပါးရှိသေး၏။

၁။ ကာမရာဂသံယောဇဉ်၊
၂။ ဘဝရာဂသံယောဇဉ်၊
၃။ ပဋိဃသံယောဇဉ်၊
၄။ မာနသံယောဇဉ်၊
၅။ ဒိဋ္ဌိသံယောဇဉ်၊
၆။ သီလဗ္ဗတပရာမာသသံယောဇဉ်၊
၇။ ဝိစိကိစ္ဆာသံယောဇဉ်၊
၈။ ဣဿာသံယောဇဉ်၊
၉။ မစ္ဆရိယသံယောဇဉ်၊
၁၀။ အဝိဇ္ဇာသံယောဇဉ် -

ဟူ၍ ၁၀-ပါး ရှိကုန်၏။

သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ။ ယေ ဓမ္မာ၊ အကြင်သဘောတရားတို့သည်။ သတ္တေ၊ သတ္တဝါတို့ကို။ သံသာရအဒ္ဓုနော၊ သံသရာတည်းဟူသော နှောင်အိမ်မှ။ ဝါ၊ ထောင်မှ။ အမုစ္စိတုံ၊ မလွတ်မြောက်စေခြင်းငှာ။ သံယောဇေန္တိ ဗန္ဓန္တိ၊ နှောင်ဖွဲ့တတ်ကုန်၏။ ဣတိ၊ တို့ကြောင့်။ တေဓမ္မာ၊ ထိုသဘောတရားတို့သည်။ သံယောဇနာနိ၊ သံယောဇဉ်တို့ မည်ကုန်၏။

သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်မှ၊ ဝါ- ထောင်မှ မလွတ်မြောက်နိုင်အောင် ချည်နှောင်ဖွဲ့စည်းတတ်သော သဘောတရားတို့ကို သံယောဇဉ်ဟု ဆိုသည်။ ထိုသံယောဇဉ်တို့သည် ကာမရာဂသံယောဇဉ် အစရှိသောအားဖြင့် ဆယ်ပါး၊ တရားကိုယ်အားဖြင့် ကိုးပါးရှိကုန်၏။ အကျဉ်းဆုံးအနေဖြင့်သာ သံယောဇဉ်ဆယ်ပါးဟု ဟောတော်မူသည်။ သံယောဇဉ်တို့၏တည်ရာ ဖြစ်ပေါ်ရာအာရုံတို့ဖြင့် ရေတွက်ရသော် သံယောဇဉ်တို့သည် ရေတွက်၍ မကုန်နိုင်အောင် များပြားစွာရှိကုန်၏။

ဥပမာ - ကာမရာဂ သံယောဇဉ်သည်ပင် ရူပါရုံကို အကြောင်းပြု၍ ဖြစ်သော သံယောဇဉ်၊ သဒ္ဒါရုံကိုအကြောင်းပြု၍၊ ဂန္ဓာရုံကို အကြောင်းပြု၍၊ ရသာရုံကို အကြောင်းပြု၍၊ ဖောဋ္ဌဗ္ဗာရုံကို အကြောင်းပြု၍ ဖြစ်သော ကာမရာဂ သံယောဇဉ်တွေ၊ ရူပါရုံတို့တွင်လည်း ဖြူသောရူပါရုံ၊ နီသော ရူပါရုံ၊ ဝါသော ရူပါရုံ၊ စိမ်းရွှေသောရူပါရုံ၊ ညိုသောရူပါရုံ စသည်တို့ကို အကြောင်းပြု၍ ဖြစ်သော ကာမရာဂ သံယောဇဉ်တွေ၊ တစ်ဖန်- အကွက်အကြား အစင်း ပန်းခက် ပန်းနွယ်အစရှိသော ရူပါရုံတို့ကို အကြောင်းပြု၍ဖြစ်သော ကာမရာဂ သံယောဇဉ်တွေ၊ ထို့အတူ သဒ္ဒါရုံအမျိုးမျိုး၊ ဂန္ဓာရုံအမျိုးမျိုး၊ ရသာရုံအမျိုးမျိုးတို့ကို အကြောင်းပြု၍ဖြစ်သော ကာမရာဂသံယောဇဉ်တွေ များပြားလှ၏။

သို့များပြားလှသော သံယောဇဉ်တွေ ချည်နှောင် ဆွဲဆောင်ဖွဲ့စည်းအပ်ကုန်သည် ဖြစ်၍ သတ္တဝါတို့သည် ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတည်းဟူသော ရုပ်နာမ်တရားတွေ မပြတ်ဖြစ်နေသော သံသရာဝဋ်ဒုက္ခမှ မလွတ်မြောက်နိုင်ကြမူ၍

သံသရာရှည်နေကြသည်။ သံသရာရေအလျဉ်၌ တမျောမျောတည်းမျောနေကြသည်။ အာယတန သဘောတရားတွေက သံသရာကို ရှည်သည်ထက်ရှည်စေကြသည်။ သံသရာ ရှည်လျားကြရသည်တွင် သံယောဇဉ်တွေက မထွက်နိုင်အောင် မလွတ်နိုင်အောင် ချုပ်နှောင်ဖွဲ့စည်းထားကြသည်။ ဉာဏ်မျက်စိဖြင့် မကြည့်လျှင် မမြင်ကြ၍ မကြောက်ကြ မလန့်ကြ၊ မရွံ့ကြ၊ မမုန်းကြရှိနေသည်။ ဆင်ခြင်စဉ်းစားမိကြပါမူ အလွန်ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာကောင်းလှသည်။

ထို့ကြောင့် မြတ်စွာဘုရားက သံသရာမှလွတ်မြောက်စေလိုသော မဟာကရုဏာတော်ဖြင့် ဤသို့ ဤသို့သောနည်းတို့ဖြင့် အာယတနတို့ကိုလည်း သိကြ မြင်ကြ သိအောင် ကြည့်ကြ၊ သတိပြုကြ။ ထိုအာယတနတို့ကို အကြောင်းပြု၍ အမှီပြု၍ ဖြစ်ပေါ်လာကြသော နှောင်ကြိုးသဖွယ်ဖြစ်သော သံယောဇဉ်တို့ကိုလည်း သိကြ၊ မြင်ကြ၊ သိအောင် မြင်အောင် ကြည့်ကြ၊ သတိပြုကြဟူ၍ ဟောကြားတော်မူခြင်း ဖြစ်သည်။

စက္ခုဝတ္ထုနှင့် ရူပါရုံတို့ကဲ့သို့ပင် သောတဝတ္ထုနှင့် သဒ္ဒါရုံတို့ တွေ့ကြုံဆုံဆည်းကြသည့်အခါ၌လည်း ဖြစ်ပေါ်လာသော ကာမရာဂသံယောဇဉ်တို့ကို သိကြ မြင်ကြ၊ သိအောင်ပြုကြ၊ သိအောင်ကြည့်ကြလေဟု သောတဉ္စ ပဇာနာတိ သဒ္ဒေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ– စသည်ဖြင့် ဟောတော်မူသည်။

ဃာနဝတ္ထုနှင့် ဂန္ဓာရုံတို့ တွေ့ကြုံဆုံဆည်းကြသည့်အခါ၌လည်း ဖြစ်ပေါ်လာသော ကာမရာဂသံယောဇဉ်တို့ကို သိကြ မြင်ကြ သိမြင်အောင်ကြည့်ကြ သတိပြုကြဟု ဃာနဉ္စ ပဇာနာတိ ဂန္ဓေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ– စသည်ဖြင့် ဟောတော်မူသည်။

ဇိဝှါဝတ္ထုနှင့် ရသာရုံတို့ တွေ့ကြုံဆုံဆည်းကြသည့်အခါ၌လည်း ဖြစ်ပေါ်လာသော ကာမရာဂသံယောဇဉ်တို့ကို သိကြ၊ မြင်ကြ၊ ကြည့်ကြ၊ မြင်အောင်ကြည့်ကြ၊ သတိပြုကြလေဟု ဇိဝှဉ္စ ပဇာနာတိ ရသေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ – စသည်ဖြင့် ဟောတော်မူသည်။

ကာယဝတ္ထုနှင့် ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ကြုံဆုံဆည်းသောအခါ၌လည်း ဖြစ်ပေါ်လာသော ကာမရာဂ သံယောဇဉ်တို့ကို သိကြ၊ မြင်ကြ၊ သိအောင်ကြည့်ကြလေဟု – ကာယဉ္စ ပဇာနာတိ ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ – စသည်ဖြင့် ဟောတော်မူသည်။

မန ဟူသော စိတ်နှင့် ဓမ္မာရုံတို့ တွေ့ကြုံဆုံဆည်းသောအခါ၌လည်း ဖြစ်ပေါ်လာသော ကာမရာဂသံယောဇဉ်တို့ကို သိကြ၊ မြင်ကြ၊ သိအောင်ကြည့်ကြလေဟု –

မနဉ္စ ပဇာနာတိ ဓမ္မေ စ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ - စသည်ဖြင့် ဟောတော်မူသည်။

အဇ္ဈတ္တိကာယတန, ဗာဟိရာယတန တို့သည် သံသရာကို ရှည်စေကြရာတွင် သံယောဇဉ်တို့က ယင်းသံသရာမှ မလွတ်နိုင်အောင် မကျွတ်နိုင်အောင် ချည်ကြ၊ နှောင်ကြ၊ ဖွဲ့ကြ၊ ချုပ်ကြပြန်ရာ အမှုမဲ့ အမှတ်မဲ့ သတိမမူဘဲ နေကြသော ပုထုဇဉ်တို့အဖို့မှာ ဆင်ခြင်ကြည့်ရှုမိကြပါက ကြောက်ဖွယ်လန့်ဖွယ်ပင် ဖြစ်ပေသည်။ မိမိတို့ကို သံသရာရှည်လျားအောင် အတွင်းအပြင် နှစ်ဌာနတို့မှ လမ်းမှား မျက်စိလည်စေသော အာယတနသဘောတရားတွေပါကလား၊ ရှည်လျားသော သံသရာမှ မလွတ်မကျွတ်နိုင်အောင် ချည်နှောင်နေကြသော သံယောဇဉ်တွေပါကလား- ဟု မမြင်ကြသောကြောင့် မသိကြသောကြောင့် ထိုသံယောဇဉ်တို့ကိုပင် အမွန်အမြတ် အကောင်းဟူ၍ ထင်မြင်ယူဆကြကာ လက်ခံနေကြသည်ကို သနားတော်မူလှသော မြတ်စွာဘုရားသည် အတွင်းအပြင် ရန်သူများဖြစ်ကြသော အာယတနတို့နှင့် သံယောဇဉ်တို့ကို မြင်ကြလေအောင် ညွှန်ပြတော်မူခြင်း ဖြစ်သည်။

သံယောဇဉ်သည်လည်း အာရုံငါးပါး, ခြောက်ပါး ကာမဂုဏ်တို့၌ သာသာယာယာ တပ်မက်တွယ်တာ နှောင်ဖွဲ့ကြသည်မဟုတ်ချေ။

ဘဝ၌ တွယ်တာတပ်မက်သော ဘဝရာဂသံယောဇဉ်၊ ခက်ထန်ကြမ်းကြုတ်ခြင်း သဘောရှိသော ပဋိဃသံယောဇဉ်၊ အယူအမြင်မှားယွင်းသော ဒိဋ္ဌိသံယောဇဉ်၊ ငါကဲ့သို့သောသူ ရှိသေး၏လော စသည်ဖြင့် ဝင့်ဝါမော်ကြွားထောင်လွှားခြင်းသဘောရှိသော မာန သံယောဇဉ်၊ တိရစ္ဆာန် ခွေး နွားတို့၏အလေ့သဘောကိုပင် ကိလေသာတို့မှ စင်ကြယ် ကြောင်းအကျင့်ဟု အထင်အယူမှားကာ အတုလိုက်၍ကျင့်သုံးခြင်းဟူသော သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ရတနာသုံးပါးတို့၌ လည်းကောင်း၊ သူတော်ကောင်း အကျင့်သီလ၌လည်းကောင်း နှလုံးနှစ်ခွဖြစ်ခြင်း၊ မဆုံးဖြတ်နိုင်ခြင်း သဘောရှိသော ဝိစိကိစ္ဆာသံယောဇဉ်၊ အခြားသူတို့၌ ပြည့်စုံချမ်းသာခြင်း၊ လှပခြင်း၊ ပညာဗဟုသုတရှိခြင်း၊ သီလသမာဓိရှိခြင်းစသည်တို့၌ မလိုလားခြင်း မမြင်နိုင်ခြင်း မကြည့်နိုင်ခြင်း သဘောရှိသော ဣဿာသံယောဇဉ်၊ မိမိ၌ရှိသော ဂုဏ်ကိုလည်းကောင်း, ဥစ္စာပစ္စည်း စသည်တို့ကို သော်လည်းကောင်း အခြားသူတို့၌ မရှိစေလိုခြင်း မရစေလိုခြင်း၊ စွန့်ကြဲပေးကမ်းခြင်း ဒါနကောင်းမှုကိုမပြုနိုင်ခြင်းသဘောရှိသော မစ္ဆရိယသံယောဇဉ်၊ အမှန်တရား ကောင်းသော တရားတို့ကို မသိအောင် မမြင်အောင် နားမလည်အောင် ကာကွယ်ဖုံးလွှမ်းခြင်း သဘော ရှိသော အဝိဇ္ဇာသံယောဇဉ် -

ဤသို့အားဖြင့် အချုပ်အနှောင် အဖွဲ့အချည်သဘောရှိသော သံယောဇဉ်တွေ များလှပေသည်။ ဤသံယောဇဉ်တွေကိုလည်းကောင်း၊ သံယောဇဉ်တို့၏ဖြစ်ရာ တည်ရာ အာယတနတို့ကိုလည်းကောင်း သတိပြု၍ သိကြ မြင်ကြ မြင်အောင် ကြည့်ကြလေ။

ထိုတရားတို့ကို မြင်မှ သံသရာတိုမည်၊ သံသရာနုတ်ခမ်းသပ်မည်၊ အေးငြိမ်းချမ်းသာ ကြမည်ကို မြင်တော်မူ၍ တိုက်တွန်းဟောကြားတော်မူခြင်း ဖြစ်သည်။

ဤအာယတနပိုင်းနှင့်စပ်၍ ယောဂီတို့ တရားရှုပုံ၊ ဝါ- တရားထိုင်ပုံ၊ ရိပ်သာ ဝေါဟာရအားဖြင့် တရားမှတ်ပုံကို. အနည်းငယ်ပြအံ့-

ယောဂီသည် မိမိအဇ္ဈတ္တိကသန္တာန်ရှိသော စက္ခုပသာဒရုပ်တည်းဟူသော စက္ခာယတနနှင့် ဗာဟိရာယတနဖြစ်သော ရူပါရုံတို့ ရှေးရှုရင်ဆိုင် ဆုံဆည်းမိကြသောအခါ တစ်နည်း:- အဇ္ဈတ္တိကာယတန ဖြစ်သော စက္ခုပသာဒနှင့် ဗာဟိရာယတနဖြစ်သော ရူပါရုံတို့တွေ့ဆုံတိုက်ဆိုင်မိသောအခါ ထိုအာရုံကို တပ်မက်နှစ်သက်သော ကာမရာဂ သံယောဇဉ် ဖြစ်ပေါ်လာ၏။ (ထိုကာမရာဂ သံယောဇဉ်သည် အကုသိုလ်ဖြစ်သော စက္ခုဒွါရဝီထိစိတ်နှင့် အတူတကွဖြစ်လာသည်ကို သိထားပါလေ။ ဝိထိတွေပြနေလျှင် စာရှုသူတို့ဉာဏ်၌ ရှုပ်ထွေးမည်ဖြစ်၍ မြှုပ်၍ပြသည်။)

ထိုအခါ ယောဂီသည် မိမိသန္တာန်၌ စက္ခာယတနဖြစ်ပေါ်ဆဲရှိသည်ကိုလည်း သတိပြုသိရှိပါ၊ ဆင်ခြင်ပါ။ ဗဟိဒ္ဓ၌ ရူပါယတနဟူသော ရူပါရုံ ရှေးရှုပေါ်လာနေသည် ကိုလည်း သတိပြုပါ၊ သိရှိပါ။ ထိုအာယတနနှစ်ခုဆုံမိခြင်းကြောင့် မိမိသန္တာန်၌ ဖြစ် ပေါ်လာသော ကာမရာဂသံယောဇဉ်ဖြစ်သည်ကိုလည်း သိပါ။ ယခင် မဖြစ်ပေါ်သေးသော ကာမရာဂသံယောဇဉ် ဖြစ်ပေါ်လာသည်ကိုလည်း သတိပြုပါ၊ သိပါ။ သည်သံယောဇဉ် တွေကြောင့် သံသရာဝဋ်ဒုက္ခမှမလွတ်နိုင်ဘဲ အချုပ်အနှောင်ခံနေရခြင်းအစရှိသော သံယောဇဉ်တို့၏ အပြစ်ကိုရှု၍ မိမိသန္တာန်၌ဖြစ်ဆဲရှိသော ကာမရာဂသံယောဇဉ်ကို ဝိပဿနာဉာဏ်ဖြင့် ပယ်ပါ၊ ခွာပါ။ ယင်းသို့ပယ်ခွာအပ်သော သံယောဇဉ်ကိုလည်း သတိပြုပါ၊ သိပါ။ ပယ်ခွာအပ်သော သံယောဇဉ်၏ နောင်အခါ မဂ်ဖြင့် ပယ်သတ်အပ် သောအခါ၌ တစ်ဖန်ထပ်မံ၍ အသစ်မဖြစ်တော့သည်ကိုလည်း သတိပြုပါ၊ ကြိုတင်သိထား ပါ။ ဤသို့လျှင် ယောဂီသည် တရားထိုင်သောအခါ၌ မိမိသန္တာန်၌ အာယတန တွေကို အကြောင်းပြု၍ ဘယ်သံယောဇဉ်တွေ ဖြစ်သည်ကိုလည်းကောင်း၊ မဖြစ်သည်ကို လည်းကောင်း ပယ်သည်ကို သိ၍ သိ၍ ဝိပဿနာဉာဏ်ဖြင့် ကြည့်၍ ကြည့်၍ ဆင်ခြင်အားထုတ်ပါလေဟု မြတ်စွာဘုရားဟောတော်မူလိုခြင်းဖြစ်သည်။

သံယောဇဉ်ကြီးတွေကို မျက်ခြည်မပြတ်ကြည့်၍ အချည်အတုပ်မခံပဲ ဖြစ်ပေါ် လာသော သံယောဇဉ်တို့ကို အပြစ်ကို ရှု၍ ပယ်၍ ပယ်၍ နေခြင်းကိုပင် တရားထိုင်သည်၊ တရားအားထုတ်သည်၊ တရားမှတ်သည် ဆိုလိုသည်။

ဤသို့လျှင် ပြဆိုအပ်ပြီးသော မြတ်စွာဘုရား ညွှန်ပြဟောကြားတော်မူသော နည်းကို ကြားနာမှတ်ယူ၍ အားထုတ်နိုင်စေကုန်သတည်း။

အာယတနပိုင်း ပြီး၏။

* * * * *

# ဗောဇ္ဈင်္ဂပဗ္ဗ–ဗောဇ္ဈင်ပိုင်း

## ဗောဇ္ဈင်ခုနစ်ပါး

မြတ်စွာဘုရားသည် ဓမ္မာနုပဿနာ အာယတနပဗ္ဗ = အာယတနပိုင်းကို ဟောတော်မူပြီး၍ ယခုအခါ ဗောဇ္ဈင်္ဂပဗ္ဗ = ဗောဇ္ဈင်ပိုင်းကို ဟောတော်မူခြင်းငှာ– ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု– စသည်ကို ဟောတော်မူသည်။ ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသော တရားတို့ကို ပွားများနေရမည်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။ ထို့ကြောင့် ဗောဇ္ဈင်ဟူသည်ကို ဦးစွာသိသင့်ပေသည်။

ဗောဇ္ဈင်ဟူသည်မှာ– ဗုဇ္ဈတီတိ ဗောဓိ။ ဗုဇ္ဈတိ၊ သိ၏။ ဣတိ၊ ထို့ကြောင့်။ ဗောဓိ၊ ဗောဓိ မည်၏။ (ဝါ၊ နိုးကြား သောကြောင့် ဗောဓိမည်၏။) သိ၏– ဟူသည် အဘယ်တရားကို သိသနည်းဟူမူ သစ္စာလေးပါးတရားကိုသိ၏ဟုဆိုလိုသည်။ ကိလေသာ အစဉ်တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြား၏၊ ထ၏ ဟူ၍လည်း ဆိုရ၏။ တစ်နည်း အားဖြင့် နိဗ္ဗာန်ကို ဉာဏ်ဖြင့်သိ၏၊ မျက်မှောက်ပြု၍ ဟူ၍လည်း ဆိုရ၏။ ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ။ ဗောဓိယာ၊ သစ္စာလေးပါးတရားကို သိခြင်း၏။ အင်္ဂေါ၊ အစိတ်အပိုင်း အင်္ဂါတည်း။ ဗောဇ္ဈင်္ဂေါ၊ သစ္စာလေးပါးတရားကို သိခြင်း၏အကြောင်းအင်္ဂါ။

ဗောဓိဉာဏ်၏ အစိတ်အပိုင်းအင်္ဂါဟူသည် သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာတို့ ဖြစ်ကုန်၏။ ထိုဓမ္မသာမဂ္ဂီတရားအပေါင်းဖြင့် သစ္စာလေးပါးတို့ကို သိသည်။ ထို့ကြောင့် ထိုခုနစ်ပါးသော တရားအပေါင်းသည် ဗောဇ္ဈင်မည်၏။

တစ်နည်းအားဖြင့် အရိယသာဝကော ဗုဇ္ဈတီတိ ဗောဓိ။ ယော အရိယသာဝကော၊ အကြင်မြတ်စွာဘုရား၏ တပည့်အရိယာပုဂ္ဂိုလ်သည်။ ဗုဇ္ဈတိ၊ သစ္စာလေးပါး တရားတော်ကိုသိ၏။ သော၊ ထိုအရိယာပုဂ္ဂိုလ်သည်။ ဗောဓိ၊ ဗောဓိမည်၏။ ဗောဓိဿ အင်္ဂေါ ဗောဇ္ဈင်္ဂေါ။ ဗောဓိဿ၊ သစ္စာလေးပါးတရားကို သိသော အရိယာပုဂ္ဂိုလ်၏။ အင်္ဂေါ၊ အကြောင်းအင်္ဂါတည်း။ ဗောဇ္ဈင်္ဂေါ၊ သစ္စာလေးပါးတရားကို သိသော အရိယာပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ။ အရိယာပုဂ္ဂိုလ်တို့သည် ဤဗောဇ္ဈင်တရား အကြောင်းအင်္ဂါတို့ဖြင့်

သစ္စာလေးပါးတို့ကို သိတော်မူကြသည်။ သို့ကြောင့် ဖောဇ္ဈင် မည်သည်ဟု ဆိုလိုသည်။ **ပဿနော** ဗောဇ္ဈင်္ဂေါ **သမ္ဗောဇ္ဈင်္ဂေါ။ တစ်နည်း** - သုန္ဒရော ဗောဇ္ဈင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ။ ပဿနော၊ ချီးမြွမ်းအပ်သော။ ဗောဇ္ဈင်္ဂေါ၊ ဗောဇ္ဈင်။ သမ္ဗောဇ္ဈင်္ဂေါ၊ ချီးမြွမ်းအပ်သော သမ္ဗောဇ္ဈင်။ **တစ်နည်း** - သုန္ဒရော၊ ကောင်းမြတ်သော။ ဗောဇ္ဈင်္ဂေါ၊ ဗောဇ္ဈင်။ သမ္ဗောဇ္ဈင်္ဂေါ၊ ကောင်းမြတ်သော ဗောဇ္ဈင်။

ဤသို့လျှင် ဗောဇ္ဈင်ပုဒ်ကို အဓိပ္ပာယ်သိရာ၏။

**သတိသမ္ဗောဇ္ဈင် ဟူသည်မှာ** - သတိယေဝ သမ္ဗောဇ္ဈင်္ဂေါ သတိသမ္ဗောဇ္ဈင်္ဂေါ- စသည်ပြု၍ သတိသမ္ဗောဇ္ဈင် ဖြစ်သည်။ သတိယေဝ၊ သတိတရားသည် ပင်လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်မည်၏။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိတရားသည်ပင်လျှင် သမ္ဗောဇ္ဈင်တည်း။ သတိသည်ပင်လျှင် အရိယာပုဂ္ဂိုလ်တို့၏ သစ္စာလေးပါးတရားကို သိခြင်းအကြောင်းအင်္ဂါဖြစ်သည်ဟု ဆိုလိုသည်။

သရဏဋ္ဌေန သတိ။ သရဏဋ္ဌေန၊ အောက်မေ့ခြင်း။ သတိ၊ အောက်မေ့ခြင်း။ သာ အသမ္မောသော။ သာ၊ ထိုသတိသည်။ အသမ္မောသော၊ မတွေဝေခြင်း သဘောရှိ၏။ သာ သမ္ပယုတ္တဓမ္မာနံ သာရဏလက္ခဏာ။ သာ၊ ထိုသတိသည်။ သမ္ပယုတ္တဓမ္မာနံ၊ မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော နာမ်တရားတို့ကို။ သာရဏလက္ခဏာ၊ ကောင်းမှု ကောင်းလုပ်တို့၌ အောက်မေ့စေခြင်း သတိရစေခြင်း လက္ခဏာရှိ၏။ ထိုသတိသည် ကောင်းမှုကုသိုလ်တို့၌သာလျှင် အောက်မေ့စေခြင်း၊ သတိရစေခြင်း သဘောရှိသည်။ မကောင်းမှုတို့ကိုကား အောက်မေ့စေခြင်း၊ **သတိရစေခြင်း** သဘောမရှိပေ။ သာမညအားဖြင့် သမ္မာသတိ၊ မိစ္ဆာသတိဟု ပြောဆိုကြသော်လည်း **သမ္မာသတိ**သာလျှင်ရှိသည်။ မိစ္ဆာသတိ ဟူ၍မရှိ၊ အကုသိုလ်စိတ်ကိုသာလျှင် မိစ္ဆာသတိပြု၍ ပြောခြင်းဟူ၍ ပရမတ္ထဒီပနီ၌ ဆိုသည်။

သတိသည် အရာကျယ်လှ၏။ သတိပဋ္ဌာန်တရားလေးပါးဆိုသော်လည်း သတိသာလျှင် ပြဋ္ဌာန်းသည်။ သတိသာလျှင် ပဓာနဖြစ်သည်။ အချုပ်အားဖြင့် သတိ တစ်ပါးသာလျှင် ဖြစ်သည်။ သမ္မပ္ပဓာန်တရား လေးပါး၌လည်း သတိသည် ရှေ့သွားတရား ဖြစ်သည်။

၁။ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော = မိမိသန္တာန်၌ ဖြစ်ဆဲ ဖြစ်သော အကုသိုလ်တို့ကိုပယ်ရန် အားထုတ်ရာ၌ သတိတရားက လက်ညှိုးညွှန်ပြ သကဲ့သို့ အသင့်သန္တာန်၌ အကုသိုလ်တွေဖြစ်နေသည်၊ ထိုအကုသိုလ် တွေကိုပယ်သတ်လေဟု သတိပေးမှု အောက်မေ့စေမှု ပြုပေးသော်မှ သာလျှင် ထိုအကုသိုလ်တို့ကို ဉာဏ်နှင့်ယှဉ်သော စိတ်ဖြင့် မြင်ကြ၍ ဝီရိယဖြင့် အားထုတ်ပယ်သတ်ကြရခြင်း ဖြစ်သည်။

သို့ကြောင့် ဖြစ်ဆဲ အကုသိုလ် အယုတ်တရားတို့ကို ပယ်သတ်ရာ၌ သတိသည် ရှေ့သွားဖြစ်လေသည်။

၂။ ထို့အတူ မဖြစ်သေးသောအကုသိုလ်တွေ မဖြစ်ပေါ်အောင်လည်း သတိကပင် ကြိုတင်သတိပေးခြင်းကြောင့် ဝီရိယဖြင့် ထိန်းသိမ်း စောင့်စည်းရသည်။ ရှောင်ကြဉ်ရသည်။

၃။ မဖြစ်သေးသောကုသိုလ်တရားများဖြစ်အောင်လည်း သတိက ကြိုတင်နှိုးဆော်ခြင်းကြောင့် ဝီရိယဖြင့် ပြုလုပ်ကြရသည်။

၄။ ဖြစ်ပေါ်ပြီးသောကုသိုလ်တရားများ တိုးပွားအောင်လည်း သတိက သတိပေး နှိုးဆော်ခြင်းကြောင့် ဝီရိယဖြင့် ပွားများစေကြရသည်။

သတိသည် ဤမျှသာ အရာကျယ်သည် မဟုတ်သေးချေ။ ဗောဓိပက္ခိယတရား ၃၇-ပါးအတွင်းဝင်သော ဣန္ဒြေငါးပါးထဲ၌လည်း သတိန္ဒြေအဖြစ်ဖြင့် ပါဝင်သည်။ ဗိုလ်ငါးပါးထဲ၌လည်း သတိဗိုလ်အဖြစ်ဖြင့် ပါဝင်သည်။ ဗောဇ္ဈင်ခုနစ်ပါး၌လည်း သတိသမ္ဗောဇ္ဈင်အဖြစ်ဖြင့် ပါဝင်သည်။ မဂ္ဂင်ရှစ်ပါး၌လည်း သမ္မာသတိမဂ္ဂင်အဖြစ်ဖြင့် ပါဝင်သည်။ သတိသည် ကောင်းသောဘက်၌ ဤသို့လျှင် အရာကျယ်သော အပ္ပမာဒတရား ဖြစ်သည်။ မြတ်စွာဘုရားကလည်း သတိံ္စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ = သတိကို အလုံးစုံသောကိစ္စတို့ကို ပြီးစေသော သဘောတရားတစ်ခုဟူ၍ ငါဘုရား ဟောတော်မူသည်ဟု မိန့်တော်မူသည်။ သို့ကြောင့် သတိသည် ပဲခူးဆားနှင့်တူသည်ဟူ၍ ဥပမာပြခဲ့ပြီ။ အဋ္ဌကထာဆရာကလည်း သတိ ပန သဗ္ဗတ္ထ ဗလဝတီ ဝဋ္ဋတိ = ကောင်းမှုကောင်းလုပ်တို့၌ သတိအားရှိလေ ကောင်းလေဟု ဆိုလိုသည်။

ဆက်ဦးအံ့- သတိရှေ့သွားရှိသော သမထ ဝိပဿနာတို့ကို အားထုတ်ခြင်းသည် သာ၍ခရီးရောက်လေသည်။ သတိသည် စိတ်ကို ဥဒ္ဓစ္စသို့ရောက်ခြင်းမှလည်းကောင်း၊ ကောသဇ္ဇဟူသော ပျင်းရိပေါ့လျော့ခြင်းမှလည်းကောင်း စောင့်ရှောက်တတ်သော သဘောရှိ၏။ သတိသည် မင်းမှုကိစ္စအားလုံးတို့ကို ဆောင်ရွက်သော အမတ်ကြီးနှင့်တူသည်ဟူ၍လည်း ဆိုသည်။ စိတ်သည် သတိလျှင် တည်ရာရှိသည်ဟုဆိုသည်။ သတိသည် ဤသို့လျှင် အရေးပါ အရာကျယ်သော သဘောတရားဖြစ်သည်။ ဗောဇ္ဈင်ခုနစ်ပါးတို့တွင် သတိသမ္ဗောဇ္ဈင်သည် အရေးပါသောကြောင့် ရှေးဦးအစထား၍ ဟောတော်မူသည်ဟု ဆိုသည်။

ဗောဇ္ဈင်တရားတို့သည် သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်အားဖြင့် ခုနစ်ပါးရှိကုန်၏။ ထိုခုနစ်ပါးတို့တွင် သတိသမ္ဗောဇ္ဈင်၏အဓိပ္ပာယ်ကို အထိုက်အလျောက် ပြခဲ့ပြီ။

၂။ **ဓမ္မဝိစယသမ္ဗောဇ္ဈင် ဟူသည်မှာ** - ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ဆင်ခြင်ခြင်း သဘောလက္ခဏာရှိသော တရားသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်သည်။ တရားကိုယ်အားဖြင့် ဝိပဿနာပညာသည် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်၏။ ဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော။ ဓမ္မေ၊ သင်္ခါရသဘောတရားကို။ ဝိစိနာတိ၊ ဆင်ခြင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓမ္မဝိစယော၊ ဓမ္မဝိစယမည်၏။ ဓမ္မဝိစယော၊ သင်္ခါရသဘောတရားတို့ကို ဆင်ခြင်တတ်သောတရား။ ဓမ္မဝိစယော ယေဝ သမ္ဗောဇ္ဈင်္ဂေါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ။ ဓမ္မဝိစယော ယေဝ၊ ဓမ္မဝိစယသဘောသည်ပင်လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်ဖြစ်၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယ သဘောသည်ပင်လျှင် သမ္ဗောဇ္ဈင် ဖြစ်၏။ သင်္ခါရ ဓမ္မ ရုပ်နာမ်တို့ကိုခွဲခြားဝေဖန်ဆင်ခြင်တတ်သော ဝိပဿနာဉာဏ်သည်ပင်လျှင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိသော ဗောဇ္ဈင်၏အကြောင်းအင်္ဂါဖြစ်သည်ဟု ဆိုလိုသည်။

၃။ **ဝီရိယသမ္ဗောဇ္ဈင်ဟူသည်မှာ** - ဝီရာနံ ဘာဝေါ ဝီရိယံ။ ဝီရာနံ၊ ရဲရင့်သတ္တိရှိသောသူတို့၏။ ဘာဝေါ၊ သဘောတည်း။ ဝါ၊ အဖြစ်တည်း။ ဝီရိယံ၊ ရဲရင့်သတ္တိရှိသော သူတို့၏သဘော။ ဝါ၊ အဖြစ်။ ဆောင်ရွက်ပြုလုပ်ဖွယ်ရှိသော ကိစ္စတို့၌ တွန့်တိုဆုတ်နစ်ခြင်းမရှိ ထက်သန်သောအခြင်းအရာ သဘောရှိသည်ကို ဝီရိယဟု ဆိုသည်။ ထိုဝီရိယသည် မိမိနှင့်အတူ တစ်ပြိုင်တည်းဖြစ်ကုန်သော ယှဉ်ဖော်ယှဉ်ဖက် နာမ်တရားတို့ကို ထောက်ခံအားပေးခြင်းသဘောရှိ၏။ ဝီရိယသည် ထောက်ခံအားပေးခြင်းကြောင့် သမ္ပယုတ်တရားတို့သည် တွန့်တိုဆုတ်နစ်ခြင်းမှကင်းကြကုန်၏။ ဝီရိယော ယေဝ သမ္ဗောဇ္ဈင်္ဂေါ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ။ ဝီရိယောယေဝ၊ ဝီရိယသည်ပင်လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသည်ပင်လျှင် သမ္ဗောဇ္ဈင်မည်၏။

၄။ **ပီတိသမ္ဗောဇ္ဈင်ဟူသည်မှာ** - ပိနယတိ ကာယစိတ္တံ တပ္ပေတိ ဝဍ္ဎေတီတိ ဝါ ပီတိ။ ကာယစိတ္တံ၊ ကိုယ်စိတ်ကို။ ပိနယတိ၊ နှစ်သက်ရောင့်ရဲစေ၏။ ဝါ၊ တစ်နည်းကား။ ကာယစိတ္တံ၊ ကိုယ်စိတ်ကို။ ဝဍ္ဎေတိ၊ တိုးပွားစေ၏။ ဣတိ၊ ထို့ကြောင့်။ ပီတိ၊ ပီတိမည်၏။ ထိုပီတိသည် အာရုံကိုခံ့သောအားဖြင့် ယူခြင်းသဘောရှိ၏။ မိမိနှင့်အတူတကွဖြစ်သော သမ္ပယုတ်တရားတို့ကို အာရုံ၌ နှစ်သိမ့်စေခြင်း သဘောလက္ခဏာရှိ၏။ ပီတိ ယေဝ သမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈင်္ဂေါ။ ပီတိယေဝ၊ ပီတိသည်ပင်လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်တည်း။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသည်ပင်လျှင် သမ္ဗောဇ္ဈင်မည်၏။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟူသည်မှာ- ပဿမ္ဘနံ ပဿဒ္ဓိ။ ပဿမ္ဘနံ၊ ငြိမ်းအေးခြင်း။ ပဿဒ္ဓိ၊ ငြိမ်းအေးခြင်း။ ငြိမ်းအေးခြင်းသဘောသည် ပဿဒ္ဓိ သဘောဖြစ်၏။ ထို ပဿဒ္ဓိသည် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ကာယပဿဒ္ဓိတိ တိဏ္ဏံ ခန္ဓာနံ ဒရထပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိတိ ဝိညာဏက္ခန္ဓဿ ဒရထပဿဒ္ဓိ - ဟူသည်နှင့်အညီ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ သုံးပါးတို့၏ ငြိမ်းအေးခြင်းသည် ကာယပဿဒ္ဓိမည်၏၊ 'ဝိညာဏက္ခန္ဓာ၏ ငြိမ်းအေးခြင်းသည်

စိတ္တပဿဒ္ဓိမည်၏ဟု မှတ်ရာ၏။ ဤအရာ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု သာမညဟောတော်မူ သောကြောင့် ပဿဒ္ဓိနှစ်ပါးလုံးကိုပင်ယူရမည်။ ပဿဒ္ဓိယေဝ သမ္ဗောဇ္ဈင်္ဂေါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ။ ပဿဒ္ဓိယေဝ၊ ငြိမ်းအေးခြင်းသဘောရှိသော ပဿဒ္ဓိပင်လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်မည်၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသည်ပင်လျှင် သမ္ဗောဇ္ဈင်မည်၏။

၆။ **သမာဓိသမ္ဗောဇ္ဈင်ဟူသည်မှာ** - သမာဓိ တရားကိုယ်သည် ဧကဂ္ဂတာ စေတသိက်ဖြစ်၏။ ထို ဧကဂ္ဂတာသည်- နာနာရမ္မဏာဝိက္ခေပါဘာဝေန ဧကံ အဂ္ဂံ အာရမ္မဏံ ဣမဿာတိ ဧကဂ္ဂံ၊ စိတ္တံ။ တဿ ဘာဝေါ ဧကဂ္ဂတာ၊ သမာဓိ။ သော အဝိက္ခေပလက္ခဏော၊ တဿ ဟိ ဝသေန သသမ္ပယုတ္တံ စိတ္တံ အဝိက္ခိတ္တံ ဟောတိ၊ (ဝိဘာဝိနီဋီကာ)

ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ နာနာရမ္မဏာဝိက္ခေပါဘာဝေန၊ အထူးထူးသော အာရုံတို့၌ပျံ့လွင့်ခြင်းမရှိသည်၏ အဖြစ်ဖြင့်။ ဣမဿ၊ ဤသဘောတရား အား။ ဝါ၊ စိတ်အား။ ဧကံ အဂ္ဂံ အာရမ္မဏံ၊ တစ်ခုတည်းသောအာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ ဧကဂ္ဂံ၊ ဧကဂ္ဂမည်၏။ စိတ္တံ၊ စိတ်ကိုရ၏။ တဿ၊ ထိုဧကဂ္ဂ၏။ ဘာဝေါ၊ အဖြစ်တည်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂ၏ အဖြစ်။ သမာဓိ၊ သမာဓိကိုရ၏။ သော၊ ထိုသမာဓိသည်။ အဝိက္ခေပလက္ခဏော၊ ထိုထို အာရုံတို့၌ မပျံ့လွင့်ခြင်းလက္ခဏာရှိ၏။ ဟိ၊ ထိုစကားသည်မှန်၏။ တဿ၊ ထိုသမာဓိ၏။ ဝသေန၊ အစွမ်းအားဖြင့်။ သသမ္ပယုတ္တံ၊ ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရားတို့နှင့် တကွသော။ စိတ္တံ၊ စိတ်သည်။ အဝိက္ခိတ္တံ၊ အာရုံတစ်ပါးသို့ ပျံ့လွင့်ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။

သမာဓိသမ္ဗောဇ္ဈင်၌ သမာဓိဟူသည်- ဧကဂ္ဂတာစေတသိက်ပင်တည်း။ ဧကဂ္ဂတာ စေတသိက် သဘောသည် အာရုံမပြားမူ၍ အာရုံတစ်ခုတည်း၌ တည်ခြင်းသဘောရှိ၏။ ဧကဂ္ဂတာဟူသော သမာဓိ၏အစွမ်းဖြင့် ယှဉ်ဖော်ယှဉ်ဖက် စေတသိက်တို့နှင့်တကွ စိတ်သည် ထိုထိုအာရုံတို့၌ ပျံ့လွင့်ခြင်းမရှိမူ၍ ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်း၌သာလျှင် တည်ငြိမ်ခြင်းရှိသည်။ သမာဓိယေဝ သမ္ဗောဇ္ဈင်္ဂေါ သမာဓိသမ္ဗောဇ္ဈင်္ဂေါ။ သမာဓိယေဝ၊ သမာဓိသည်ပင်လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်မည်၏။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိ ပင်လျှင် သမ္ဗောဇ္ဈင်မည်၏။ သမာဓိတရားသည် သစ္စာလေးပါးကိုသိမြင်ရာ၌ အကြောင်း အင်္ဂါတစ်ပါးဖြစ်သည်ဟု ဆိုလိုသည်။

၇။ **ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသည်မှာ** - ဥပပတ္တိတော ယုတ္တိတော ဣက္ခတိ အနုဘဝတိ၊ ဝေဒယမာနာပိ မဇ္ဈတ္တာကာရေန သဏ္ဌိတိ ယာတိ ဥပေက္ခာ။ သုခဒုက္ခာနံ ဝါ ဥပေတာ ယုတ္တာ အဝရုဒ္ဓါ ဣက္ခာနုဘဝနန္တိ ဥပေက္ခာ။ (ဝိဘာဝိနီဋီကာ)

ယာ၊ အကြင်သဘောတရားသည်။ အာရမ္မဏံ၊ အာရုံကို။ ဥပပတ္တိတော ယုတ္တိတော၊ အသင့်အားဖြင့်။ ပေက္ခတိ အနုဘဝတိ၊ ခံစား၏။ ဝေဒယမာနာပိ၊ အာရုံ၏အရသာကိုခံစားသော်လည်း။ မဇ္ဈတ္တာကာရေန၊ တဖက်သတ်မလိုက် အလယ် အလတ် အခြင်းအရာအားဖြင့်။ သဏ္ဍာတိ၊ တည်၏။ ဣတိ ထိုကြောင့်။ သာ၊ ထိုသဘောတရားသည်။ ဥပေက္ခာ၊ ဥပေက္ခာမည်၏။ ဝါ၊ တစ်နည်းကား။ သုခဒုက္ခာနံ၊ သုခဒုက္ခတို့နှင့်။ ဥပေတာ ယုတ္တာ၊ ယှဉ်သည်ဖြစ်၍။ အဝိရုဒ္ဓါ၊ မဆန့်ကျင်သည်ဖြစ်၍။ ပေက္ခာနုဘဝနံ၊ အာရုံကိုခံစားခြင်းရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာမည်၏။

ဥပေက္ခာ၏သဘောသည် သုခဝေဒနာနှင့်လည်းမဆန့်ကျင်၊ ဒုက္ခဝေဒနာနှင့် လည်း မဆန့်ကျင်၊ သုခဘက်သို့လည်းမလိုက်၊ ဒုက္ခဘက်သို့လည်းမလိုက်မူ၍ တည့်မတ်စွာ အလယ်မှတည်ခြင်းသဘောရှိသည်ဟု ဆိုသည်။ သို့သော် ဥပေက္ခာ၏ ပကတိသဘောမှာ ႔ကား 'ဥပေက္ခာ သန္တဝုတ္တိတ္တာ သုခမိစ္စေဝ ဘာသိတာ' ဆိုသောကြောင့် သုခဘက်သို့ ယိုင်သည်ဟုဆိုရမည်ဖြစ်သော်လည်း သုခနှင့်လည်းမဆန့်ကျင်၊ ဒုက္ခနှင့်လည်း မဆန့်ကျင် မူ၍ မိမိအာရုံ၌သာအာရုံပြုခြင်းသဘောရှိသောတရားဖြစ်၍ ပကတိအားဖြင့် ငြိမ်းအေးခြင်း ကြောင့်သာလျှင် သုခဟု ဆိုရသည်ဟု ယူရမည်ဖြစ်သည်။

ဥပေက္ခာယေဝ သမ္ဗောဇ္ဈင်္ဂေါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။ ဥပေက္ခာယေဝ၊ ဥပေက္ခာ သည်ပင်လျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်မည်၏။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသည် ပင်လျှင် သမ္ဗောဇ္ဈင်မည်၏။ ငြိမ်းအေးခြင်းသဘောရှိသော ဥပေက္ခာသည် သစ္စာလေးပါး တရားတို့ကိုသိခြင်း၌ ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသောအစိတ်အပိုင်း အကြောင်းအင်္ဂါ တစ်ပါးဖြစ်သည်။ ပြဆိုအပ်ပြီးသောစကားရပ်တို့ဖြင့် ဗောဇ္ဈင်ခုနစ်ပါးတို့၏ အဓိပ္ပာယ် ကို အထိုက်အလျောက်သိရှိကြပေပြီ။

## ဗောဇ္ဈင်၏ တည်ရာအာဟာရများ

မြတ်စွာဘုရားဟောတော်မူသောကာယသုတ်၌ ဗောဇ္ဈင်ခုနစ်ပါးတို့၏ အာဟာရ တို့ကို၊ **တစ်နည်းအားဖြင့်** – ဗောဇ္ဈင်တရားတို့၏ တည်ရာတည်ကြောင်း အာဟာရတို့ကို ဟောတော်မူသည်ဖြစ်၍ ထိုအာဟာရတို့ကို ပြဦးအံ့။

ရဟန်းတို့ ဤခန္ဓာကိုယ်သည် အာဟာရ၌တည်သည်။ အာဟာရ၌ အမှီပြု၍ တည်သကဲ့သို့၊ ထို့အတူ ဗောဇ္ဈင်ခုနစ်ပါးတို့သည်လည်း အာဟာရ၌တည်ကုန်၏၊ အာဟာရ၌ အမှီပြု၍ဖြစ်ကုန်၏ဟုဟောတော်မူသည်။ မဖြစ်ပေါ်သေးသောဗောဇ္ဈင်တို့၏ ဖြစ်ပေါ်ခြင်းငှာ လည်းကောင်း၊ ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တို့၏ ဘာဝနာပြည့်ခြင်းငှာ လည်းကောင်း အာဟာရတို့သည် ရှိကြကုန်၏။

**၁။ သတိသမ္ဗောဇ္ဈင်၏ အာဟာရတို့သည်ကား -**

၃၇-ပါးသော ဗောဓိပက္ခိယတရား၊ ၉-ပါးသော လောကုတ္တရာတရားတို့သည် သတိသမ္ဗောဇ္ဈင်၏တည်ရာမှီရာ ဖြစ်ပေါ်ရာ ပြည့်စုံရာ အာဟာရတို့ဖြစ်ကုန်၏။ ထိုတရားတို့၌ ယောနိသောမနသိကာရဖြင့် ကြိမ်ဖန်များစွာ သတိရှေ့သွားပြု၍ ပွားများခြင်းဖြင့် သတိသမ္ဗောဇ္ဈင်သည် ဖြစ်သည်။

**၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ အာဟာရတို့သည်ကား -**

ကုသိုလ်တရား၊ အကုသိုလ်တရား၊ အပြစ်ရှိသောတရား၊ အပြစ်မရှိသောတရား၊ မည်းညစ်သောတရား၊ ဖြူစင်သောတရားတို့သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ အာဟာရတို့ ဖြစ်ကုန်၏။ ထိုသဘောတရားတို့၌ ယောနိသောမနသိကာရဖြင့် ကြိမ်ဖန်များစွာ ဝေဖန်ပိုင်းခြားမှုကိုပြုခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်သည်။

**၃။ ဝီရိယသမ္ဗောဇ္ဈင်၏ အာဟာရတို့သည်ကား -**

(က) အာရမ္ဘဓာတု (ခ) နိက္ကမဓာတု (ဂ) ပရက္ကမဓာတု - ဤဓာတ်သုံးပါးတို့သည် ဝီရိယသမ္ဗောဇ္ဈင်၏ အာဟာရတို့ ဖြစ်ကုန်၏။

(က) ရှေးဦးစွာ အားထုတ်သောဝီရိယသည် အာရမ္ဘဓာတ်မည်၏။

(ခ) ပျင်းရိခြင်းမှ လွန်မြောက်စွာ အားထုတ်သော ဝီရိယသည် နိက္ကမဓာတ်မည်၏။

(ဂ) ရှေးရှေးဓာတ်တို့ကို ကျော်လွန်၍ အားရှိသောဝီရိယသည် ပရက္ကမဓာတ်မည်၏။

ဤဝီရိယဓာတ်သုံးမျိုးတို့ဖြင့် အားပြည့်သော ဝီရိယဖြင့် သူတော်ကောင်းတရားတို့ကို အားထုတ်ခြင်းသည် ဝီရိယသမ္ဗောဇ္ဈင် ဖြစ်သည်။

**၄။ ပီတိသမ္ဗောဇ္ဈင်၏ အာဟာရတို့သည်ကား -**

ပီတိ၏ အာရုံဖြစ်သောတရားတို့သည် ပီတိ၏ တည်ရာ ဖြစ်ရာ အာဟာရတို့ ဖြစ်ကုန်၏။ ထိုအာရုံတို့၌ ယောနိသောမနသိကာရဖြင့် ပွားများအားထုတ်ခြင်းသည် ပီတိသမ္ဗောဇ္ဈင် ဖြစ်သည်။

**၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ အာဟာရတို့သည်ကား -**

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့၏ ငြိမ်းအေးခြင်းဟူသော ကာယ ပဿဒ္ဓိ၊ ဝိညာဏက္ခန္ဓာ၏ ငြိမ်းအေးခြင်းဟူသော စိတ္တပဿဒ္ဓိတို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ အာဟာရတို့ဖြစ်ကုန်၏။ ထိုကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ အာဟာရတို့၌ ယောနိသော မနသိကာရ ကြိမ်ဖန်များစွာတို့ဖြင့် ပွားများခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်သည်။

**၆။ သမာဓိသမ္ဗောဇ္ဈင်၏ အာဟာရတို့သည်ကား -**

သမထနှင့် သမထနိမိတ်သည် သမာဓိသမ္ဗောဇ္ဈင်၏ အာဟာရတို့ဖြစ်ကုန်၏။ ထိုအာဟာရတို့၌ ယောနိသောမနသိကာရ ကြိမ်ဖန်များစွာတို့ဖြင့် ပွားများခြင်းသည် သမာဓိသမ္ဗောဇ္ဈင် ဖြစ်သည်။

**၇။ ဥပေက္ခာသမ္ဗောဇ္ဈင်၏ အာဟာရတို့သည်ကား -**

ဥပေက္ခာ၏ အာရုံဖြစ်သောတရားတို့သည် ဥပေက္ခာသမ္ဗောဇ္ဈင်၏ အာဟာရတို့ဖြစ်ကုန်၏။

သဘောအားဖြင့်မူကား ထိုထိုအာရုံတို့၌ အလယ်အလတ်အခြင်းအရာအားဖြင့် လျစ်လျူရှုခြင်းသည် ဥပေက္ခာ၏ အာဟာရတို့ဖြစ်ကုန်၏။ ထိုအာဟာရ၌ ယောနိသောမနသိကာရ ကြိမ်ဖန်များစွာဖြင့် ပွားများခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်သည်။

ဗောဇ္ဈင်ခုနစ်ပါးတို့၏ တည်မှီရာ အာဟာရတို့သည် ယခုပြဆိုအပ်ခဲ့ပြီးသော အာဟာရတို့ပေတည်း။

ထိုအာဟာရသဘောတရားတို့၌ တည်မှီ၍ ဗောဇ္ဈင်တရားတို့သည် ဖြစ်ပေါ်ကြကုန်၏။ ဗောဇ္ဈင်တရားတို့၏ တည်မှီရာဖြစ်သော အခြားသော အာဟာရတို့သည်လည်း ရှိကြကုန်သေး၏။ ကျယ်အံ့စိုး၍ မပြတော့ပြီ။

## အဆက်ဆက် ဖြစ်ပေါ်ပုံ၊ ပွားများပုံ

ယခုအခါ ဗောဇ္ဈင်တရားတို့နှင့်စပ်၍ ဆက်လက်ပြဆိုလိုသည်မှာ- ဗောဇ္ဈင်တရားတို့ကို ပွားများနိုင်စေရန် သပ္ပုရိသူပနိဿယ မင်္ဂလာနှင့်တကွ ဗောဇ္ဈင်တရား ခုနစ်ပါးတို့၏ အဆက်ဆက်ဖြစ်ပေါ်ပုံ ပွားများပုံတို့ကို ပြဦးအံ့ -

ယေ တေ ဘိက္ခဝေ ဘိက္ခူ သီလသမ္ပန္နာ သမာဓိသမ္ပန္နာ ဉာဏသမ္ပန္နာ ဝိမုတ္တိသမ္ပန္နာ ဝိမုတ္တိဉာဏဒဿန သမ္ပန္နာ၊ ဒဿနမ္ပိ ယံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုပကာရံ ဝဒါမိ' စသည်ဖြင့် မြတ်စွာဘုရား ဟောတော်မူသည်။ ရဟန်းတို့ အကြင် ရဟန်းတို့သည် သီလနှင့်ပြည့်စုံကြကုန်၏။ သမာဓိနှင့် ပြည့်စုံကြကုန်၏။ ဝိပဿနာဉာဏ်နှင့် ပြည့်စုံကြကုန်၏။ ဝိမုတ္တိနှင့် ပြည့်စုံကြကုန်၏။ ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံကြကုန်၏။ ထိုထိုသို့သော ဂုဏ်နှင့်ပြည့်စုံကြကုန်သောရဟန်းတို့အား ဖူးမြော်ရခြင်းကို ကျေးဇူးများလှပေသည်ဟု ဟောတော်မူသည်။

ထိုသို့သော ဂုဏ်တို့နှင့်ပြည့်စုံသော ရဟန်းတော်တို့၏ ဂုဏ်သတင်းကို ကြားရခြင်းကိုလည်းကောင်း၊ ထိုရဟန်းတော်တို့ထံ၌ ဆည်းကပ်ရခြင်းကိုလည်းကောင်း၊ ထို

ရဟန်းတော်တို့ ထံမှ တရားစကားကြားနာရခြင်းကိုလည်းကောင်း၊ ထိုရဟန်းတော်တို့၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်အောက်မေ့ခြင်းကို လည်းကောင်း၊ ထိုရဟန်းတော်တို့၏အတုသို့ လိုက်၍ ရဟန်းပြုကြခြင်းကိုလည်းကောင်း ကျေးဇူးများလှပေသည်၊ အကျိုးရှိလှပေသည်ဟု ဟောတော်မူသည်။

အဘယ်ကြောင့် ဤသို့ဟောတော်မူသနည်းဟူမူ -

၁။ သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်း: သီလအစရှိသော ဂုဏ်တို့နှင့်ပြည့်စုံကြသော ရဟန်းတော်တို့၏ အထံမှ သူတော်ကောင်း တရားစကားကိုကြားနာရသဖြင့် ကာယဝူပကာသ၊ စိတ္တဝူပကာသဟူသော ငြိမ်းအေးခြင်း နှစ်မျိုးတို့ဖြင့် ငြိမ်းအေးကြသောကြောင့်တည်း။ ယင်းသို့ငြိမ်းအေးစွာနေလျက် သူတော်ကောင်းတရားကိုအောက်မေ့ကြ၏။ အဖန်ဖန်ကြံစည်ကြ၏။ တရားတော်ကို အောက်မေ့ကြံစည်သည်ဖြစ်၍ ထိုအချိန်၌ ထိုပုဂ္ဂိုလ်အား သတိသမ္ဗောဇ္ဈင်ကို အားထုတ်အပ်သည် ဖြစ်၏။ သတိသမ္ဗောဇ္ဈင်ကို ပွားများအပ်သည်ဖြစ်၏။ ပွားများသဖြင့် သတိသမ္ဗောဇ္ဈင် ဘာဝနာနှင့် ပြည့်စုံခြင်းသို့ရောက်၏။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်း: သတိသမ္ဗောဇ္ဈင်နှင့်ပြည့်စုံသဖြင့် သတိရှိသော ရဟန်းသည် ကုသိုလ်တရား၊ အကုသိုလ်တရား၊ အပြစ်ရှိသောတရား၊ အပြစ်ကင်းသောတရား၊ ယုတ်သောတရား၊ မြင့်မြတ် သောတရား၊ မည်းညစ်သောတရား၊ ဖြူစင်သောတရားတို့ကို ပညာဉာဏ်ဖြင့် ဝေဖန်ခွဲခြား စူးစမ်းဆင်ခြင်၍ ထိုသို့ဆင်ခြင်သောအခါ၌ ထိုရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အားထုတ်အပ်သည်ဖြစ်၏။ ပွားများခြင်းသို့ရောက်၏။ ပွားများသဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဘာဝနာ ပြည့်စုံခြင်းသို့ရောက်၏။

၃။ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ခြင်း: ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့်ပြည့်စုံသည်ဖြစ်၍ ဓမ္မဝိစယသမ္ဗောဇ္ဈင် ရှိသော ရဟန်းသည် ရဟန်းတရား၌ မတွန့်မဆုတ်သောလုံ့လ အားဖြင့်အားထုတ်ခြင်းရှိ၏။ အားထုတ်သဖြင့်ဝီရိယသမ္ဗောဇ္ဈင် ကို အားထုတ်အပ်သည်ဖြစ်၏။ အားထုတ်ခြင်းဖြင့် ဝီရိယသမ္ဗောဇ္ဈင် ဘာဝနာပြည့်စုံခြင်းသို့ ရောက်၏။

၄။ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်း: အားထုတ်အပ်သော ဝီရိယသမ္ဗောဇ္ဈင်နှင့် ပြည့်စုံသောရဟန်းအား အာမိသကင်းသော ပီတိသည် ဖြစ်၏။ (အာမိသကင်းသည်ဟူသည်မှာ- ကာမဂုဏ်အာရုံကင်းသည်ကိုဆိုသည်။) ထိုပီတိသည် ပီတိသမ္ဗောဇ္ဈင်ဖြစ်၏။ ဆက်လက်ပွားများခြင်းဖြင့် ပီတိသမ္ဗောဇ္ဈင်ဘာဝနာ ပြည့်စုံခြင်းသို့ ရောက်၏။

**၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်း** ပီတိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံသောရဟန်းအား ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော နာမ်ခန္ဓာ အပေါင်းကာယသည် ငြိမ်းအေး၏။ ဝိညာဏက္ခန္ဓာ ဟူသောစိတ်သည်လည်း ငြိမ်းအေး၏။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဖြစ်သောအခါ၌ ထိုရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်၏။ ဆက်လက်ပွားများခြင်းဖြင့် ပဿဒ္ဓိသမ္ဗောဇ္ဈင် ပြည့်စုံခြင်းသို့ ရောက်၏။

**၆။ သမာဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်း** ပဿဒ္ဓိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံသည်ဖြစ်၍ ငြိမ်းအေးခြင်းရှိသော ရဟန်းအား၊ ဝါ- ရဟန်း၏စိတ်သည်တည်ကြည်၏။ ထိုအခါ ထိုရဟန်းသည်သမာဓိသမ္ဗောဇ္ဈင်ကို အားထုတ် ခြင်းဖြစ်၏၊ အားထုတ်သည်မည်၏၊ ဆက်လက်ပွားများခြင်းဖြင့် သမာဓိသမ္ဗောဇ္ဈင် ပြည့်စုံခြင်းသို့ ရောက်၏။

**၇။ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်း** သမာဓိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံသည်ဖြစ်၍ ကမ္မဋ္ဌာန်း အာရုံ တစ်ခု၌ တည်မြဲသောစိတ်ရှိသော ရဟန်း အား အာရုံမပြီးမူ၍ သင်္ခါရတရားတို့၌လျစ်လျူရှုခြင်းဖြစ်၏။ ထိုအခါ ထိုရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်၏။ ဥပေက္ခာသမ္ဗောဇ္ဈင်ကိုအားထုတ်သည်မည်၏။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဆက်လက်ပွားများခြင်းဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်ဘာဝနာ ပြည့်စုံခြင်းသို့ ရောက်၏။

ဘာဝနာပြည့်စုံခြင်းကိုရည်ရွယ်တော်မူ၍ အနိဿိတော ဝိဟရတိ- တဏှာဒိဋ္ဌိတို့ကို မမှီမူ၍၊ တဏှာဒိဋ္ဌိတို့မှကင်းလေပြီ။ န စ ကိဉ္စိ လောကေ ဥပါဒိယတိ- လောက၌ ဘယ်အရာ၌မျှ စွဲလမ်းတပ်မက်ခြင်းမရှိ ဥပေက္ခာပြုလေပြီဟု ဟောတော်မူသည်။

## အကျိုးကျေးဇူးခုနစ်ပါး

ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဘာဝနာပြည့်စုံသည်တိုင်အောင် ပွားများသော ပုဂ္ဂိုလ်တို့အား ခုနစ်ပါးသော အကျိုးတရားတို့ကို ရရှိကြကုန်၏။ အကျိုးကျေးဇူးခုနစ်ပါးတို့ဟူသည်ကား -

၁။ ယခု မျက်မှောက်ဘဝ မသေမီ စောစောကပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ခြင်းအကျိုး၊

၂။ အကယ်၍ မသေမီ စောစောပိုင်း၌ အရဟတ္တဖိုလ်သို့ မရောက်သေးလျှင် သေခါနီးကာလ၌ ရောက်ရှိ၏။

၃။ အကယ်၍ သေခါနီးကာလ၌ မရောက်သေးလျှင် ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် အန္တရာပရိနိဗ္ဗာယီ အကြားကာလ၌ ပရိနိဗ္ဗာန်

ပြု၏။ (အန္တရာပရိနိဗ္ဗာယီ စသောအကြောင်းကို နောက်၌သီးခြားပြမည်။)

၄။ အကယ်၍ အန္တရာပရိနိဗ္ဗာယီ မဖြစ်သည်ဖြစ်အံ့၊ ဥပဟစ္စပရိနိဗ္ဗာယီ အဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြု၏။

၅။ အကယ်၍ ဥပဟစ္စပရိနိဗ္ဗာယီ မဖြစ်သည်ဖြစ်အံ့၊ အသင်္ခါရပရိနိဗ္ဗာယီ အဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြု၏။

၆။ အကယ်၍ အသင်္ခါရပရိနိဗ္ဗာယီ မဖြစ်သည်ဖြစ်အံ့၊ သသင်္ခါရပရိနိဗ္ဗာယီ အဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြု၏။

၇။ အကယ်၍ သသင်္ခါရပရိနိဗ္ဗာယီအဖြစ်ဖြင့် ပရိနိဗ္ဗာန်မပြုသည်ဖြစ်အံ့ ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ ဖြစ်၏။ အထက်အကနိဋ္ဌဘုံသို့ရောက်၏။

## ဇောစ္ဆင်နှင့် ပုဂ္ဂိုလ်

ဤသို့လျှင် ဇောစ္ဆင်တရားတို့ကို ပွားများသောပုဂ္ဂိုလ်အား ဤ ၇-ပါးသော အကျိုးတို့ကိုရရှိသည်ဟုဟောတော်မူသည်။ စင်စစ်ကား အကျိုး ၇-ပါးတို့တွင် တစ်ပါးပါးသောအကျိုးဖြင့် ပရိနိဗ္ဗာန်ပြုရခြင်းအကျိုးကို ရရှိခြင်းဖြစ်သည်။

ဇောစ္ဆင် ၇-ပါးတို့ကို ပွားများ၍ အနာဂါမ်ဖြစ်သော အရိယာပုဂ္ဂိုလ်သည် ရောက်ရာသုဒ္ဓါဝါသဘုံတို့တွင် ထိုထိုဘုံ၏ အသက်အလယ်အပိုင်းအခြားကို မလွန်မူ၍ ပရိနိဗ္ဗာန်ပြုရာ၌ ပုဂ္ဂိုလ်သည် သုံးမျိုးရှိ၏။

၁။ ကမ္ဘာတစ်ထောင် အသက်ရှည်သော အဝိဟာဘုံ၌ဖြစ်၍ ထိုအဝိဟာဘုံ၌ ဖြစ်သောနေ့၌ပင်လျှင် ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်လည်း ရှိတတ်၏။ အကယ်၍ အဝိဟာဘုံ၌ဖြစ်သောနေ့၌ ပရိနိဗ္ဗာန်မပြုလျှင် ပထမဖြစ်သော ကမ္ဘာတစ်ရာ၏အထက်၌ ပရိနိဗ္ဗာန်ပြု၏။ ဤပုဂ္ဂိုလ်သည် ပထမအန္တရာ ပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တစ်ပါးဖြစ်၏။

၂။ အချို့သော အနာဂါမ်ပုဂ္ဂိုလ်သည် ကမ္ဘာတစ်ရာအထက်၌ ပရိနိဗ္ဗာန်မပြုနိုင်သည်ဖြစ်၍ ကမ္ဘာနှစ်ရာအထက်၌ပရိနိဗ္ဗာန်ပြု၏။ ဤပုဂ္ဂိုလ်သည် ဒုတိယမြောက် အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်တစ်ပါးဖြစ်၏။

၃။ အချို့သော အနာဂါမ်ပုဂ္ဂိုလ်သည် ကမ္ဘာနှစ်ရာအထက်၌ ပရိနိဗ္ဗာန်မပြုနိုင်သည်ဖြစ်၍ ကမ္ဘာလေးရာ အထက်၌ ပရိနိဗ္ဗာန်ပြု၏။ ဤပုဂ္ဂိုလ်သည် တတိယမြောက် အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တစ်ပါးဖြစ်၏။

ဤသို့လျှင် အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် ၃-ပါးဖြစ်၏။

၄။ ကမ္ဘာငါးရာ ကျော်လွန်ပြီးမှ အရူပဗ္ဗဟ္မာ့ဘုံသို့ရောက်သော ပုဂ္ဂိုလ်သည် ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်ဖြစ်၏။

အတပ္ပာဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံတို့၌ဖြစ်သော အနာဂါမ် ပုဂ္ဂိုလ်တို့သည်လည်း အဝိဟာဘုံ၌ကဲ့သို့ အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်သုံးပါးစီရှိကုန်၏။ ဥပဟစ္စ ပရိနိဗ္ဗာယီပုဂ္ဂိုလ်သည်လည်း အဝိဟာဘုံ၌ တစ်ပါးရှိသကဲ့သို့ အတပ္ပာ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌဘုံတို့၌ တစ်ပါးစီရှိကြကုန်၏။

၅။ သသင်္ခါရ ပရိနိဗ္ဗာယီ။ မည်သည့်သုဒ္ဓါဝါသဘုံ၌မဆိုဖြစ်သော အနာဂါမ် ပုဂ္ဂိုလ်သည် သသင်္ခါရ သပ္ပယောဂဖြင့် အရဟတ္တဖိုလ်သို့ ရောက်သည် ဖြစ်အံ့၊ ထိုအနာဂါမ်ပုဂ္ဂိုလ်သည် သသင်္ခါရ ပရိနိဗ္ဗာယီပုဂ္ဂိုလ်ဖြစ်သည်။

၆။ အသင်္ခါရ ပရိနိဗ္ဗာယီ။ အသင်္ခါရ အပ္ပယောဂဖြင့် အရဟတ္တဖိုလ်သို့ ရောက်သောပုဂ္ဂိုလ်သည် အသင်္ခါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်ဖြစ်သည်။

၇။ ဥဒ္ဓံ သောတအကနိဋ္ဌဂါမီ။ အဝိဟာဘုံစသည်တို့၌ဖြစ်၍ ထိုထိုဘုံတို့၌ ဘုံသက်ရှည်သမျှ တည်နေကြပြီးလျှင် အထက်ဘုံတို့၌ အဆင့်ဆင့်ဖြစ်၍၊ အကနိဋ္ဌဘုံသို့ရောက်သော အနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတအကနိဋ္ဌ ဂါမီ ပုဂ္ဂိုလ်ဖြစ်သည်။

## အနာဂါမ်ပုဂ္ဂိုလ် ၄၈-ယောက်

| | | | |
|---|---|---|---|
| ၁။ | အဝိဟာဘုံ၌ အန္တရာပရိနိဗ္ဗာယီ | = | ၃ |
| | ဥပဟစ္စပရိနိဗ္ဗာယီ | = | ၁ |
| | ဥဒ္ဓံသောတအကနိဋ္ဌဂါမီ | = | ၁ |
| | ပေါင်း | | ၅ |

ထို ၅-ယောက်သည် တစ်ဖန် -

| | | |
|---|---|---|
| အသင်္ခါရပရိနိဗ္ဗာယီ | = | ၅ |
| သသင်္ခါရပရိနိဗ္ဗာယီ | = | ၅ |
| ပေါင်း | | ၁၀ |

ဤသို့အားဖြင့် အဝိဟာဘုံ၌ အနာဂါမ်ပေါင်း ၁၀- ဖြစ်၏။

ထို့အတူ- အတပ္ပာဘုံ၌ ၁၀၊

သုဒဿာဘုံ၌ ၁၀၊

သုဒဿီဘုံ၌ ၁၀၊

အကနိဋ္ဌဘုံ၌ ဥဒ္ဒံသောတအနာဂါမ် မရှိသောကြောင့် ၂-ယောက်လျော့သဖြင့် ၈-ယောက်ဖြစ်၏။

ဤသို့အားဖြင့် အနာဂါမ်ပုဂ္ဂိုလ်ပေါင်း ၄၈-ယောက် ဖြစ်၏။

ပြဆိုအပ်သော အနာဂါမ်ပုဂ္ဂိုလ် ၄၈-ယောက်တို့၌ ဥဒ္ဒံသောတအကနိဋ္ဌဂါမိ အနာဂါမ်ပုဂ္ဂိုလ်ကို အနာဂါမ်ပုဂ္ဂိုလ်တို့တွင် အကြီးဆုံးပုဂ္ဂိုလ်ဟူ၍လည်းဆိုရ၏။ အငယ်ဆုံးပုဂ္ဂိုလ်ဟူ၍လည်းဆိုရ၏။ အကြောင်းမူကား ဥဒ္ဒံသောတအကနိဋ္ဌဂါမိ အနာဂါမ်ပုဂ္ဂိုလ်သည် ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် အသက်ရှည်သောကြောင့် အသက်အားဖြင့် အခြားသောအနာဂါမ်ပုဂ္ဂိုလ်တို့ထက် အသက်ရှည်သည်ဖြစ်၍ အသက်အားဖြင့် အကြီးဆုံးဖြစ်သည်ဟု ဆိုရသည်။ အရဟတ္တဖိုလ်သို့ရောက်ရာ၌ နောက်အကျဆုံးကာလမှ ရောက်သည်ဖြစ်၍ အငယ်ဆုံးဖြစ်သည်ဟု ဆိုရသည်။

## ပွားသင့်သောအခါ မပွားသင့်သောအခါ

ဗောဇ္ဈင်တရားတို့ကို ပွားများသင့်သောကာလ၊ မပွားများသင့်သော ကာလလည်း ရှိသေး၏။ ကောင်းမြတ်သော ဗောဇ္ဈင်တရားများ ဖြစ်သည်ဟူ၍ ဗောဇ္ဈင်တရားတိုင်းကို အခါကာလတိုင်း၌ ပွားများသင့်သည်မဟုတ်ပေ။ သူ့ကာလနှင့်ကာလ ဉာဏ်ဖြင့် ဆင်ခြင်၍ ပွားများရပေသည်။

ဥပမာ - အကြင်ကာလ၌ စိတ်သည် တွန့်တိုသော စိတ်၊ ဆုတ်နစ်သောစိတ် ဖြစ်၏။ ထိုအခါကာလမျိုး၌ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကိုမပွားသင့်ပေ။ အဘယ်ကြောင့်ဟူမူ-တွန့်တိုဆုတ်နစ်သောစိတ်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်စသည်တို့ကြောင့် တက်ကြွထက်သန်သော စိတ်ဖြစ်ရန် ခက်ခဲသောကြောင့်တည်း။ အားနည်းသောမီး၌ ထင်းစိုထည့်သကဲ့သို့ ဖြစ်သည်ဟုဆိုသည်။

စိတ်သည် တွန့်တိုဆုတ်နစ်သောကာလ၌ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဗောဇ္ဈင်တို့ကို မပွားသင့်ဟု ဟောတော်မူသည်။ တွန့်တိုဆုတ်နစ်သောစိတ် ဖြစ်ပေါ်သောအခါကာလ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်တို့ကို ပွားများရမည်ဟူ၏။ အကြောင်းမူကား ထိုဗောဇ္ဈင်တို့ကို ပွားများခြင်းကြောင့် တွန့်တိုဆုတ်နစ်သော စိတ်သည် ကောင်းစွာရွှင်လန်းတက်ကြွခြင်း ဖြစ်သောကြောင့် ဟူ၏။ မိမိ၏ စိတ်အခြေအနေကို လည်းကောင်း၊ ဗောဇ္ဈင်တို့၏ သဘောကိုလည်းကောင်း ဆင်ခြင်၍ ပွားသင့်သော ဗောဇ္ဈင်တို့ကိုသာလျှင် ပွားများပါလေဟု ဆိုလိုသည်။ သတိသမ္ဗောဇ္ဈင်သည်ကား ပဲခူးဆားနှင့်တူသော ဗောဇ္ဈင်ဖြစ်သောကြောင့် ဗောဇ္ဈင်တိုင်း၌ပါဝင်သည်ချည်း ဖြစ်လေသည်။

တရားတော်တို့သည် ဒေသနာက္ကမ၊ ဘာဝနာက္ကမအားဖြင့် နှစ်မျိုးရှိရာတွင် မဂ္ဂင်ရှစ်ပါးတရားတော်သည် ဒေသနာက္ကမဖြစ်သည်။ ဗောဇ္ဈင်ခုနစ်ပါးသည်ကား ဘာဝနာက္ကမဖြစ်သည်ဟုအဆိုရှိသည်။ သို့ရာတွင် အခါကာလအားလျော်စွာ ပွားများသင့်ရာ ဗောဇ္ဈင် တို့ကိုသာလျှင် ပွားများရပေသည်။

## ဗောဇ္ဈင်ဘာဝနာပွားပုံ

ပြဆိုအပ်ခဲ့ပြီးသော ဗောဇ္ဈင်တို့ကို ပွားများဟန်ကို ပြဦးအံ့။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု၊ ရဟန်းတို့ သာသနာတော်၌ ရဟန်းဖြစ်သော သူသည် ခုနစ်ပါးသော ဗောဇ္ဈင်ဟု ဆိုအပ်သော တရားတို့ကို အဘယ်ကဲ့သို့ပွားများ၍ နေရမည်ဟူမူ -

ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ၊ အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤအချိန် ဤအခါ၌ မိမိ၏အဇ္ဈတ္တသန္တာန်ဝယ် သတိတည်းဟူသော ဗောဇ္ဈင်တရားဖြစ်ခြင်းသည် ရှိသည်ဖြစ်အံ့။ ဤအချိန် ဤအခါ၌ မိမိ၏ အဇ္ဈတ္တသန္တာန်ဝယ် သတိတည်းဟူသော ဗောဇ္ဈင်တရားရှိသည်ဟူ၍ သိပါ။ ဤအချိန်ဤအခါ၌ မိမိ၏အဇ္ဈတ္တသန္တာန်ဝယ် သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း မရှိသည်ဖြစ်အံ့။ ဤအချိန် ဤအခါ၌ မိမိ၏အဇ္ဈတ္တသန္တာန်ဝယ် သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း မရှိဟူ၍ သိပါ။

"ယထာ စ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ" အကြောင်းအခြင်းအရာအားဖြင့် မဖြစ်ပေါ်သေးသော သတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်သည်ဖြစ်အံ့၊ ယင်းသို့ ဖြစ်ပေါ်သည်ကိုလည်း သိပါ။

"ယထာ စ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရိ ဟောတိ၊ တဉ္စ ပဇာနာတိ" အကြောင်းအခြင်းအရာအားဖြင့် ဖြစ်ပေါ်ပွားများသော သတိသမ္ဗောဇ္ဈင်ကို ဆင်ခြင်ပွားများအားထုတ်ခြင်းများစွာဖြစ်၏။ ထိုအခါ၌ သတိသမ္ဗောဇ္ဈင်သည် ဘာဝနာ ပြည့်ခြင်း၊ သတိသမ္ဗောဇ္ဈင်ပြည့်စုံခြင်းသို့ ရောက်၏ဟု ဟောတော်မူသည်။

ဓမ္မဝိစယသမ္ဗောဇ္ဈင် အစရှိသော ကြွင်းသော ဗောဇ္ဈင်တို့ကိုလည်း ဤသို့ပင် ဆင်ခြင်ပွားများရမည်။ ဆင်ခြင်ပွားများသောအခါ နောက်က ညွှန်ပြခဲ့သည့်နည်းကို သတိပြု၍ အခါကာလအားလျော်စွာ ဆင်ခြင်ပွားများသင့်သော ဗောဇ္ဈင်တို့ကိုသာ ပွားများရမည်။ ဗောဇ္ဈင်တရားတို့သည် ပယ်အပ်သော တရားမဟုတ်ကြ။ ပွားများအပ်သော တရားများဖြစ်သည်ကိုလည်း သတိရှိရမည်။

ဗောဇ္ဈင်အစရှိသော သူတော်ကောင်းတရားကို ပွားများသောအခါ၌ သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိတို့ကို ညီမျှစေရာ၏။ အကယ်၍ သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိတို့ မညီမျှဘဲ တစ်ပါးပါးက လွန်နေလျှင် "ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဓပ္ပသန္နော

ဟောတိ" သဒ္ဓါ လွန်ကဲပြန်လျှင် အသိပညာနဲ့၍ သဒ္ဓါမဖြစ်သင့်ရာ မကြည်ညိုသင့်ရာ မယုံကြည်သင့်ရာတို့၌ သဒ္ဓါခြင်း၊ ကြည်ညိုခြင်း၊ ယုံကြည်ခြင်းဖြစ်၍ အကျိုးယုတ်တတ်သည်။

ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ"ပညာဉာဏ်လွန်ကဲ၍ သဒ္ဓါတရားနည်းပါးပြန်လျှင်လည်း ကောက်ကျစ်စဉ်းလဲခြင်းသို့ ရောက်တတ်၏။ ဆေးကြောင့်ဖြစ်သောရောဂါကို ဆေးကုခက်သည်နှင့် တူသည်ဟူ၏။ ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်ဟု ကုသိုလ်သုံးမျိုးရှိသည်တွင် မနောကံဖြင့်လည်း ကုသိုလ်ရသည်ပင် ဖြစ်သည်ဟု ဒါန အစရှိသော ကောင်းမှုကုသိုလ်တို့ကို မပြုခဲ့ခြင်းကြောင့် ငရဲသို့ ကျရောက်တတ်သည်။ သို့ကြောင့် သဒ္ဓါနှင့် ပညာကို မျှစေပြီးကာလ တရားကို ပွားများရာ၏။

ဤသို့လျှင် ခုနစ်ပါးသော ဗောဇ္ဈင်ဟုဆိုအပ်သော တရားသဘောတို့ကို ရှုံခါ မိမိ အဇ္ဈတ္တသန္တာန်၌ ဖြစ်ပေါ်သည်ကို ဝိပဿနာဉာဏ်ဖြင့် ရှုရမည်။ ရှုံခါ ဗဟိဒ္ဓသန္တာန်၌ ဖြစ်ပေါ်သည်ကိုလည်း ရှုရမည်။

ဗောဇ္ဈင်တရားတို့ ဖြစ်ပေါ်သည်ကို သမုဒယ-သဘောဖြင့် ရှုရမည်။ ပျက်သည်ကိုလည်း ဝယ-သဘောဖြင့် ရှုရမည်။ အဖြစ်အပျက်ကိုလည်း သမုဒယ ဝယ-သဘောဖြင့် ရှုရမည်။ ဗောဇ္ဈင်တရားတို့ ရှိကြသည်ကိုလည်း အမြဲတမ်းသတိပြုဆင်ခြင် ပွားများရမည်ဟု ဟောတော်မူသည်။

ဗောဇ္ဈင်္ဂပဗ္ဗ-ဗောဇ္ဈင်ပိုင်းပြီး၏

* * * * *

# သစ္စပဗ္ဗ - သစ္စာပိုင်း

## သစ္စာလေးပါးအကျဉ်း

မြတ်စွာဘုရားသည် ဗောဇ္ဈင်္ဂပဗ္ဗ-ဗောဇ္ဈင်ပိုင်းကို ဟောတော်မူပြီး၍ ယခုအခါ သစ္စပဗ္ဗ-သစ္စာပိုင်းကို ဟောတော်မူခြင်းငှာ ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာ-နုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု- စသည်ကို ဟောတော်မူသည်။ ရဟန်းတို့-တစ်ပါးတဲ့လည်း သာသနာတော်၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် အရိယသစ္စာလေးပါးတို့၌ အရိယသစ္စာလေးပါးတို့ဟူ၍ ရှု၍ သိ၍ နေရမည်ဟု မိန့်တော်မူသည်။

အဘယ်သို့လျှင် သစ္စာလေးပါးတို့၌ သိ၍ ရှု၍ နေရမည်နည်းဟူမူ-အကျဉ်းအားဖြင့် ၁။ ဤသဘောတရားတို့သည်ကား ဒုက္ခသစ္စာတည်း၊ ဒုက္ခအစစ်အမှန်တို့ပေတည်း။ ၂။ ဤသဘောတရားတို့သည်ကား သမုဒယသစ္စာတည်း။ ၃။ ဤသဘောတရားတို့ သည်ကား နိရောဓသစ္စာတည်း။ ၄။ ဤသဘောတရား တို့သည်ကား မဂ္ဂသစ္စာပေတည်းဟု ဟုတ်မှန်သောအတိုင်း ရှုရမည်၊ သိရမည်ဟုဆိုသည်။

**အဓိပ္ပာယ်အကျဉ်း ။** ။ သမုဒယ သစ္စာတည်းဟူသော တဏှာကို အပထား၍ တဏှာမှတစ်ပါး ကြွင်းသမျှသော ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခတသဘောတရား တို့သည် ဒုက္ခအစစ် ဒုက္ခအမှန် ဒုက္ခသစ္စာဖြစ်ကုန်၏။

ဒုက္ခကို ဖြစ်ပေါ်စေသော ပုရိမတဏှာသည် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ ဖြစ်၏။

ဒုက္ခနှင့် သမုဒယတို့၏ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာဖြစ်၏။

ဒုက္ခကို သိမြင်ခြင်း၊ သမုဒယကို ပယ်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟူသော အရိယာမဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းဖြစ်သော အကျင့်တရား မဂ္ဂသစ္စာဖြစ်၏ဟူ၍ သိရှိရာ၏။

ဤသို့လျှင် သစ္စာလေးပါးတို့ကို သိတော်မူစေလိုသည်။

သစ္စာလေးပါးအကျဉ်းပြီး၏။

* * * * * *

# သစ္စာလေးပါးအကျယ်

## ဇာတိဒုက္ခ

မြတ်စွာဘုရားသည် သစ္စာ ၄ -ပါးတို့တွင် ရှေးဦးစွာ ဒုက္ခသစ္စာကို ချဲ့ထွင်ကာ ဟောတော်မူခြင်း၌ ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ- စသည်ဖြင့် ဟောတော်မူသည်။ ရဟန်းတို့ ဒုက္ခဟုဆိုအပ်သော အရိယသစ္စာဟူသည် အဘယ်နည်းဟူမူ ရဟန်းတို့ ဇာတိသည်လည်း ဒုက္ခသစ္စာ = ဒုက္ခအမှန်ပေတည်းဟု ဟောတော်မူသည်။

ဤနေရာ၌ ဇာတိဟူသည်ကို သိသင့်၏။ ဇာတိဟူသည်မှာ ၃၁ -ဘုံသား ဖြစ်ကုန်သော သတ္တဝါဟူသမျှတို့၏ ထိုထိုသတ္တဝါအပေါင်းအဖွဲ့၌ဖြစ်ပေါ်ခြင်း၊ ကောင်းစွာ ဖြစ်ခြင်း၊ သက်ဝင်ခြင်း၊ ရှေးရှုဖြစ်ခြင်းတို့သည် သမုတိပညတ်အားဖြင့် ဇာတိမည်၏။ ပရမတ္ထအားဖြင့်မူကား ထိုထိုဘုံဘဝတို့၌ ထိုထိုခန္ဓာတို့ ထင်ရှားဖြစ်ခြင်းသည် ဇာတိမည်၏။ သည်ဇာတိသည် ဒုက္ခသစ္စာအမှန်ဖြစ်သည်ဟု ဟောတော်မူသည်။

အဘယ့်ကြောင့် ဇာတိသည် ဒုက္ခသစ္စာ = ဒုက္ခအမှန်ဖြစ်သနည်းဟူမူ -

တစ်ပါးမက အရေအတွက်အားဖြင့် များပြားကုန်သော ဆင်းရဲဒုက္ခဟူသမျှတို့၏ ဖြစ်ပေါ်ရာဖြစ်ပေါ်ကြောင်း ဖြစ်သောကြောင့် ဇာတိသည် ဒုက္ခသစ္စာအဖြစ် အမှန်ဖြစ်လေသည်။

များလှစွာသော ဒုက္ခဟူသည်မှာ -

၁။ ဒုက္ခ ဒုက္ခ၊
၂။ ဝိပရိဏာမဒုက္ခ၊
၃။ သင်္ခါရဒုက္ခ၊
၄။ ပဋိစ္ဆန္နဒုက္ခ၊
၅။ အပ္ပဋိစ္ဆန္နဒုက္ခ၊
၆။ ပရိယာယဒုက္ခ၊
၇။ နိပ္ပရိယာယဒုက္ခ- တို့ ဖြစ်ကုန်၏။

ထို ၇-မျိုးတို့တွင်-

၁။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့သည် ဝေဒနာသဘောဖြစ်သောကြောင့်လည်းကောင်း၊ ဒုက္ခ အမည်သညာအားဖြင့်လည်းကောင်း၊ ဆင်းရဲခြင်းကြောင့် ဒုက္ခ ဒုက္ခမည်၏။

၂။ သုခဝေဒနာသည် ဖောက်ပြန်ပျက်စီးခြင်းဖြင့် ဒုက္ခဖြစ်ကြောင်း ဖြစ်သောကြောင့် ဝိပရိဏာမဒုက္ခမည်၏။

၃။ ဥပေက္ခာဝေဒနာသည် လည်းကောင်း၊ ကြွင်းကုန်သော ဘုံသုံးပါး၌ ဖြစ်ကုန်သော သင်္ခါရတို့သည်လည်းကောင်း ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်သောကြောင့် သင်္ခါရဒုက္ခမည်၏။

၄။ တံကျင်လျှိုခံရသော ဒုက္ခ၊ ရာဂကြောင့်ဖြစ်သော ပူလောင်ခြင်း၊ ဒေါသကြောင့်ဖြစ်သော ပူလောင်ခြင်း အစရှိသော ကိုယ်၌ စိတ်၌ဖြစ်သော ကျင်နာခြင်း ဒုက္ခ သည် မေးမြန်းမှသာ သိအပ်သောကြောင့်လည်းကောင်း၊ လုံ့လပြုခြင်း၏ မထင်ရှားသော ကြောင့်လည်းကောင်း ပဋိစ္ဆန္နဒုက္ခမည်၏။

၅။ ၃၂-ပါးသော ကံကြမ္မာစသည်တို့ကြောင့် ဖြစ်သော အနာရောဂါမျိုးသည် မမေးမမြန်းဘဲဖြင့် သိအပ်သောကြောင့်လည်းကောင်း၊ အားထုတ်သော လုံ့လပယောဂ၏ ထင်ရှားသောကြောင့်လည်းကောင်း အပ္ပဋိစ္ဆန္နဒုက္ခမည်၏။

၆။ ဒုက္ခ ဒုက္ခမှတစ်ပါး ကြွင်းသော ဇာတိအစရှိသော အလုံးစုံသောသဘောတရားသည် ထိုထိုဒုက္ခ၏အကြောင်းဖြစ်သောကြောင့် ပရိယာယဒုက္ခမည်၏။

၇။ ဒုက္ခ ဒုက္ခသည်ကား နိပ္ပရိယာယဒုက္ခ၊ ဝါ- မုချဒုက္ခမည်၏။ ဤဒုက္ခမျိုးတို့၏ တည်ရာဖြစ်သောကြောင့်လည်း ဇာတိသည် ဒုက္ခသစ္စာဖြစ်သည်။

ထို့ပြင်- ဇာတိ၏ ဒုက္ခဖြစ်ပုံသည် ရှိသေး၏။ အပါယ်သို့ကျရောက်သော အပါယ်သားတို့သည် အပါယ်လေးပါး၌ အာပါယိကဒုက္ခကို ခံကြရသည်။ လူ့ဘုံ လူ့လောက လူ့ဘဝ၌လည်း အမိဝမ်းတိုက်သို့ သက်ရောက်နေရခြင်း ဂဗ္ဘောက္ကန္တိမူလ အစရှိသော ဒုက္ခသည်လည်းရှိ၏။ ထိုဒုက္ခ၏ တည်ရာဖြစ်ရာဖြစ်သောကြောင့်လည်း ဇာတိသည် ဒုက္ခသစ္စာအမှန် = ဆင်းရဲခြင်း အမှန်ဖြစ်၏။

ထိုစကားသည် စင်စစ်မှန်ကန်သည်သာဖြစ်၏။ အကြောင်းမူကား တစ်စုံတစ်ယောက်သော သတ္တဝါသည် မိခင်ဝမ်းတိုက်၌ ကိန်းအောင်းရသောအခါ၌ ကြာညိုပန်း၊ ပဒုမ္မာကြာပန်း၊ ပုဏ္ဍရိက်ကြာပန်း အစရှိသော ကောင်းမွန်၍ သင်းပျံ့မွှေးကြိုင်သော

ဌာန၌ ကိန်းအောင်းတည်နေရသည် မဟုတ်။ စင်စစ်သော်ကား အစာသစ်အိမ် (အစာအိမ်)၏ အောက်၊ အစာဟောင်းအိမ်၏ အထက်၌နေရသည်၊ ဖြစ်ပေါ်ရသည်။ နေရပ်ပုံမှာလည်း မိခင်၏ဝမ်းရေနှင့် ကြောရိုးတို့၏အလယ် အလွန်ကျဉ်းကျပ်သော အလင်းရောင်ဟူ၍လုံးဝမရှိ၊ တခဲနက် မိုက်မှောင်၍ အမျိုးမျိုးစွာသော ပိုးတို့၏ အနံ့တို့ဖြင့် လွှမ်းထုံအပ်သော အလွန်စက်ဆုပ်ဖွယ်ကောင်းသော ဝမ်းဗိုက်အတွင်း၌ ငါးပုပ်၊ ထမင်းပုပ်၊ တစတွင်း စသည်တို့၌ ပိုးလောက်တို့ကဲ့သို့ ဖြစ်၍နေရ၏။

ထိုသတ္တဝါသည် ဤနည်းအားဖြင့် မိခင်ဝမ်းတိုက်၌ ဆယ်လကာလပတ်လုံး မိခင်၏ သုက်သွေးနှင့် ဥဿ္မာတေဇောဓာတ်ဖြင့် ထမင်းထုပ်ကို တစ်ဖန်နွေးသကဲ့သို့ ကျက်သည်ဖြစ်၍ ဆန်မှုန့်၊ ဂျုံမှုန့် အလုံးအခဲကဲ့သို့ဖြစ်ကာ ကွေးခြင်း ဆန့်ခြင်းကို မပြုလုပ်နိုင်ပဲ လွန်ကဲစွာ ဆင်းရဲဒုက္ခကို ခံစား၍နေရသည်။ ဤသည့်ဒုက္ခကို ခံစားနေရခြင်းသည်ကား ဇာတိကြောင့် အမိဝမ်းတိုက်သို့ သက်ရောက်ခံစားရသောဒုက္ခဖြစ်၏။

ထိုမှတစ်ပါးလည်း- ထိုသတ္တဝါသည် မိခင်သည် မတော်တဆ ချွတ်ချော်လဲကျသောအခါ၌ဖြစ်စေ၊ ထိုင်ခြင်း ထခြင်း၊ တစ်ဖက်မှ တစ်ဖက်သို့ လျောင်းလဲသောအခါတို့၌ ဖြစ်စေ အရက်မူးသမားလက်သို့ ရောက်သော သိုးငယ်ကဲ့သို့လည်းကောင်း၊ အလမ္ပာယ်လက်သို့ ရောက်သောမြွေငယ်ကဲ့သို့လည်းကောင်း ဆွဲခြင်း၊ တွန်းထိုးခြင်း၊ နှိပ်နယ်ခြင်း စသည်တို့ကြောင့် အလွန်ဆင်းရဲပြန်သည်။ မိခင်သည် ရေအေးသောက်သောအခါ ရေအေးငရဲကျရောက်သကဲ့သို့ လည်းကောင်း၊ ဆန်ပြုတ်ပူ ရေနွေးပူစသည် သောက်သောအခါ၊ ထမင်းပူစသည် စားသောအခါတို့၌ မီးကျီးခဲမိုးရွာသွန်းသကဲ့သို့ လည်းကောင်း ဆင်းရဲရပြန်၏။ ဤကား ဇာတိကြောင့်ဖြစ်သော အမိဝမ်းတိုက်၌ နေရစဉ် ခံစားရသော ဒုက္ခဖြစ်၏။

ထိုမှတစ်ပါးလည်း- အကယ်၍ မိခင်သည် လွယ်ကူစွာ ဖွားမြင်ခြင်းမရှိခဲ့လျှင် ဆွေမျိုးသားချင်း စသည်တို့သည်ပင် မမြင်အပ်သော ဖွားရာဌာန၌ ဖြတ်ခြင်း၊ ခွဲခြင်း စသည်တို့ပြု၍ ဖွားမြင်ရသောကြောင့် ဆင်းရဲရပြန်၏။ ဤသည်လည်း ဇာတိကြောင့် ဖြစ်သော ကိုယ်ဝန်ဖောက်ပြန်ခြင်း အရင်းရှိသောဒုက္ခ ဖြစ်၏။

ထိုမှတစ်ပါးလည်း - ဖွားမြင်သောအခါ (ကောင်းစွာဖွားမြင်ခြင်းကို ဆိုသည်။) ကမ္မဇလေသည် သတ္တဝါကိုဖောက်ပြန်စေ၍ ချောက်တွင်းသို့ကျသကဲ့သို့ အလွန်ကြောက်ဖွယ်ကောင်းသော ယောနိမဂ်ဝသို့ရောက်၍ အလွန်ကျဉ်းသော မဂ်ဝမှ သံညှပ်ဖြင့် ဆွဲငင်သကဲ့သို့ ဆွဲငင်ထုတ်ယူအပ်သည် ဖြစ်၍ လွန်မင်းစွာ ဆင်းရဲရပြန်၏။

ဤသို့ ဆင်းရဲခြင်းသည် ဇာတိကြောင့် ဖွားမြင်ရသော ဒုက္ခဖြစ်၏။

ထိုမှတစ်ပါးလည်း- အလွန်နုသော အနာ၏အသားနှင့်တူသော ဖွားသစ်စ ဖြစ်သော ကလေးငယ်အား မ,ခြင်း၊ ချီပွေ့ခြင်း၊ ရေချိုးခြင်း၊ အဝတ်တို့ဖြင့် ရစ်ပတ်

ခြုံရုံပေးခြင်းကိုပြုသောအခါ၌ အပ်ဖျားတို့ဖြင့် ထိုးခြင်းကဲ့သို့လည်းကောင်း၊ ထက်သော ဓားသွားဖြင့် ထိုးသကဲ့သို့လည်းကောင်း ဆင်းရဲခြင်းကို ခံစားရ၏။ ဤသို့ ဆင်းရဲခြင်း သည်ကား မိခင်ဝမ်းတိုက်မှ ဖွားမြင်သောအခါ ဇာတိကြောင့်ဖြစ်သော ဂဗ္ဘနိက္ခမမူလဟု ဆိုအပ်သော ဆင်းရဲခြင်းဒုက္ခဖြစ်၏။

ထိုမှတစ်ပါးလည်း ၁။ အတ္တုပက္ကမမူလဒုက္ခ၊ ၂။ ပရူပက္ကမမူလဒုက္ခဟူ၍ ရှိသေး၏။ ထိုဒုက္ခနှစ်မျိုးတို့တွင် ၁။ မိမိကိုယ်ကို မိမိသတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ အဝတ်မဝတ်သော အစေလကအကျင့်ကို ကျင့်ခြင်း၊ မီးပူလှုံခြင်း၊ ရေချိုးခြင်း၊ စိတ်ဆိုး၍ အစာအာဟာရမစားခြင်း စသည်တို့သည် အတ္တုပက္ကမမူလဒုက္ခ မည်၏။

၂။ အခြားသော သူတို့က သတ်ဖြတ်ခြင်း၊ ချုပ်နှောင်ခြင်းစသည်တို့ကို ခံစားရခြင်းသည် ပရူပက္ကမမူလဒုက္ခမည်၏။ ဤဒုက္ခတို့သည်လည်း ဇာတိရှိ၍ ဇာတိ တည်းဟူသော အကြောင်းကြောင့် ဖြစ်သည်ဖြစ်၍ ဇာတိဒုက္ခတို့ဖြစ်ကုန်၏။

ဇာတိဒုက္ခပြီး၏

* * * *

## ဇရာဒုက္ခ

ဇရာပိ ဒုက္ခာ။ ဇရာပိ၊ အိုခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာသဘောကို ညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည် "ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ၊ ဇီရဏတာ၊ ခဏ္ဍိစ္စံ၊ ပါလိစ္စံ၊ ဝလိတ္တစတာ၊ အာယုနော သံဟာနိ၊ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ"ဟု ဟောတော်မူသည်။ ထိုထို တိုင်းပြည်၊ ထိုထိုမြို့ရွာ ဒေသ၊ ထိုထိုလူမျိုး အဖွဲ့အစည်း အပေါင်းအသင်းတို့၌ပင် အိုမင်းခြင်း၊ ရင့်ရော်ခြင်း၊ သွားကျိုးခြင်း၊ ဆံပြူခြင်း၊ အရေတွန့်ခြင်း၊ အသက် ဆုတ်ယုတ်ခြင်း၊ စက္ခုပသာဒရုပ်စသော ဣန္ဒြိယ ရုပ်တို့ ရင့်ရော် ချွတ်ယွင်းခြင်းတို့သည် ဇရာသဘောဖြစ်ကုန်၏။ အိုခြင်းသဘောကို လူတို့သည် ကိုယ်တွေ့မျက်မြင် ဖြစ်ကြသော ကြောင့် ဇရာ၏သဘောကို ချဲ့ထွင်ရှင်းလင်းရန် မလိုအပ်တော့ပေ။

ဇရာဒုက္ခပြီး၏။

* * * * *

## မရဏဒုက္ခ

မရဏမ္ပိ ဒုက္ခံ။ မရဏမ္ပိ၊ သေခြင်းသည်လည်း၊ ဒုက္ခံ၊ ဆင်းရဲ၏။ မရဏ သဘောကို ညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည် "ယံ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ၊ စဝနတာ၊ ဘေဒေါ၊ အန္တရဓာနံ၊ မစ္စု မရဏံ၊ ကာလ ကိရိယာ၊ ခန္ဓာနံ ဘေဒေါ၊ ကဠေဝရဿ နိက္ခေပေါ၊ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊

ဣဒံ ဝုစ္စတိ ဘိက္ခဝေ မရဏံ”ဟု ဟောတော်မူသည်။ ထိုထိုတိုင်းပြည် မြို့ရွာ လူမျိုး အဖွဲ့အစည်း အပေါင်းအသင်းမှ စုတိခြင်း၊ ရွေ့လျောခြင်း၊ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သေခြင်း၊ သေခြင်းကိုပြုခြင်း၊ ခန္ဓာပျက်ခြင်း၊ ခန္ဓာကိုယ်ပစ်ချခြင်း၊ ဇီဝိတိန္ဒြေပြတ်ခြင်း တို့သည် မရဏသဘောဖြစ်ကုန်၏။ သေခြင်းသဘောကိုလည်း တွေ့မြင်နေကြသည်ဖြစ်၍ ချဲ့ထွင်ရန် မလိုအပ်တော့ပေ။

မရဏဒုက္ခပြီး၏။

* * * * *

## ဒုက္ခသစ္စာ

သောက။ ကတမော စ ဘိက္ခဝေ သောကော- စသည်ဖြင့် ဉာတိဗျသန အစရှိသော ငါးပါးသောဗျသနတို့တွင် တစ်ပါးပါးသောဗျသနကြောင့်ဖြစ်စေ၊ တစ်မျိုးမျိုး သော ဒုက္ခဖြစ်ကြောင်းနှင့် တွေ့ကြုံသောအခါဖြစ်စေ အတွင်းသန္တာန်၌ ပူခြင်း၊ ဆွေးခြင်း၊ ပင်ပန်းခြင်း၊ ဆင်းရဲခြင်းသည် သောကမည်၏ဟု ဟောတော်မူ၏။

ဤအရာ၌ ဗျသနငါးပါးဟူသည်ကို ကြိုတင်သိရှိသင့်၏။

၁။ ဉာတိဗျသန၊

၂။ ဘောဂဗျသန၊

၃။ ရောဂဗျသန၊

၄။ သီလဗျသန၊

၅။ ဒိဋ္ဌိဗျသန- ဟူ၍ ဗျသန ငါးပါး ဖြစ်၏။

၁။ ဆွေမျိုးဉာတိတို့ကို အားကိုးအားထားပြုလုပ်၍ မှီခိုနေသောသူသည် မိမိ မှီခိုနေသော ဆွေမျိုးဉာတိတို့ တစ်စတစ်စ သေဆုံးပျောက်ပျက် သွားကြခြင်းသည် **ဉာတိဗျသန** မည်၏။

၂။ မိမိပင်ပန်းဆင်းရဲခြင်းကို အရင်းပြု၍ ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာ တို့သည် ရေ၊ မီး၊ မင်း၊ ခိုးသူ- စသည်ကြောင့် ပျက်စီးဆုံးပါးခြင်းသည် **ဘောဂဗျသန** မည်၏။

၃။ ပညာကို လည်းကောင်း၊ ဥစ္စာကိုလည်းကောင်း၊ ကောင်းမှုကုသိုလ်ကို လည်းကောင်း ရှာဖွေဆည်းပူး ဆောင်ရွက်ခြင်း၌ မစွမ်းဆောင်နိုင်အောင် ရောဂါဖိစီးခြင်းကို ခံစားနေရခြင်းသည် **ရောဂဗျသန** မည်၏။

၄။ မိမိကျင့်သုံး ဆောက်တည်သောသီလဖြစ်စေ၊ အမျိုးအစဉ်အလာ လိုက်နာ ကျင့်သုံးခဲ့သော ကောင်းသောအလေ့အကျင့်ဖြစ်စေ ပျက်စီးခြင်းသည် **သီလဗျသန** မည်၏။

၅။ **အယူဝါဒ ဖောက်ပြန်ပျက်စီးခြင်းသည် ဒိဋ္ဌိဗျသနမည်၏။**

ဤပျက်စီးခြင်း ငါးပါးကို ဗျသနငါးပါးဟု ဆိုသည်။

**ပရိဒေဝ။** ကတမော စ ဘိက္ခဝေ ပရိဒေဝေါ။ ဉာတိဗျသန အစရှိသော ငါးပါးသော ဗျသနတို့တွင် တစ်ပါးပါးနှင့် ကြုံတွေ့သောအခါ၌ ငါ့သမီး၊ ငါ့သားဟူ၍ အော်ဟစ် ငိုကြွေးခြင်း၊ တစ်စုံတစ်ရာသော ဂုဏ်ကျေးဇူးကို ထုတ်ဖော်၍ ငိုကြွေးမြည်တမ်းခြင်းသည် ပရိဒေဝမည်၏။

**ဒုက္ခ။** ကတမဥ္စ ဘိက္ခဝေ ဒုက္ခံ။ ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ ထိခိုက်သောအခါ ကာယသမ္ဖဿကြောင့်ဖြစ်သော သာယာဖွယ်မဟုတ်သော သဘောသည် ဒုက္ခမည်၏ ကာယိကဒုက္ခမည်၏။

**ဒေါမနဿ။** ကတမဥ္စ ဘိက္ခဝေ ဒေါမနဿံ။ စိတ်နှင့်ယှဉ်သော သာယာနှစ်သက်ဖွယ် မဟုတ်သော စေတသိကဒုက္ခသည် ဒေါမနဿ မည်၏။

**ဥပါယာသ။** ကတမော စ ဘိက္ခဝေ ဥပါယာသော။ ဗျသနငါးပါးတို့တွင် တစ်ပါးပါးနှင့် တွေ့ကြုံသောအခါ ပြင်းပြစွာစိတ်၌ ပူလောင်ခြင်းသဘောသည် ဥပါယာသ မည်၏။

**အပ္ပိယသမ္ပယောဂဒုက္ခ။** ကတမော ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။ အပ္ပိယသမ္ပယောဂဒုက္ခ၊ ပိယဝိပ္ပယောဂ ဒုက္ခတို့၏ အဓိပ္ပာယ်သဘောကို လူတိုင်း သိရှိ နားလည်စေရန် တတ်နိုင်သမျှ ရေးသားမည်။

လူတစ်ယောက်သည် မိမိမမြင်လို မကြည့်လိုသောလူဖြစ်စေ၊ တစ်စုံတစ်ရာသော သတ္တဝါဖြစ်စေ၊ တစ်စုံတစ်ခုသော ရူပါရုံကိုဖြစ်စေ၊ မျက်နှာတူရူ ဆုံဆည်းတွေ့မြင်လိုက်သောအခါ စိတ်နှလုံးမချမ်းမသာဖြစ်ခြင်းသည် မနှစ်သက်သောရူပါရုံနှင့် ပေါင်းဆုံခြင်းကြောင့်ဖြစ်သော ဒုက္ခမည်၏။

ထို့အတူ မကြားလိုသော ကျယ်လောင်သောအသံချဲ့စက် အသံမျိုး၊ သေနတ်သံ၊ ဗုံးသံ၊ အမြောက်သံတို့ကို တွေ့ကြုံဆုံဆည်းကာကြားရသောအခါ စိတ်နှလုံး မချမ်းမသာဖြစ်ခြင်းသည် မနှစ်သက် မသာယာသော သဒ္ဒါရုံနှင့် ပေါင်းဆုံခြင်းကြောင့်ဖြစ်သော ဒုက္ခမည်၏။ နှစ်သက်ဖွယ် သာယာဖွယ်မရှိသော ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့နှင့် တွေ့ဆုံသောအခါ မလိုလားအပ်သော အာရုံတို့နှင့် ပေါင်းဆုံရခြင်းကြောင့် ဖြစ်သော စိတ်နှလုံး မချမ်းသာခြင်းသည်လည်း ဆင်းရဲခြင်း အပ္ပိယသမ္ပယောဂဒုက္ခမည်၏။

စက္ခုပသာဒရုပ် ကြည်လင်ကောင်းမွန်ခြင်းမရှိ၍ တစ်ပါးသူတို့မြင်သကဲ့သို့ မမြင်ရခြင်းကြောင့် ဆင်းရဲခြင်းသည်လည်း ဒုက္ခမည်၏။ ထို့အတူ မကြားရခြင်း၊ အနံ့

မရခြင်း၊ အရသာကို မသိရခြင်း စသည်တို့ကြောင့် ဆင်းရဲခြင်းသည်လည်း ဒုက္ခမည်၏။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ပသာဒရုပ်တို့ ယုတ်လျော့ခြင်း၊ ပျက်စီးခြင်းကို မည်သူမျှ အလိုမရှိကြ၊ မနှစ်သက်ကြကုန်။ အလိုမရှိကြ မနှစ်သက်ကြသော စက္ခုသောတ စသော ပသာဒရုပ်တို့ မိမိခန္ဓာ၌ ဖြစ်ပေါ်ခြင်း ဆုံဆည်းခြင်းရရှိနေခြင်းကြောင့်ဖြစ်သော ဆင်းရဲသည် အပ္ပိယသမ္ပယောဂဒုက္ခပင် ဖြစ်သည်။ အလိုမရှိသောသင်္ခါရတို့နှင့် ပေါင်းဆုံရခြင်းကြောင့် ဖြစ်ပေါ်သောဒုက္ခဖြစ်သည်ဟု ဆိုလိုသည်။

မိမိအကျိုးစီးပွားကို မလိုလားသော မိမိပျက်စီးခြင်းကိုသာ မြင်လိုသောပုဂ္ဂိုလ်မျိုးနှင့် ပေါင်းဆုံခြင်းသည်လည်း ဒုက္ခမည်၏။ ဤသို့စသည်ဖြင့် အပ္ပိယသမ္ပယောဂ ဒုက္ခတို့သည် ဖြစ်ကုန်၏။

**ပိယဝိပ္ပယောဂဒုက္ခသည်ကား–** ချစ်ခင်လှစွာသော မိဘဆွေမျိုးဉာတိတို့နှင့် တစ်ရပ်တစ်ရွာစီခွဲခွာ၍နေရခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခ၊ တစ်ပြည်တစ်နိုင်ငံစီ ဝေးကွာ၍ နေရခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခ၊ ရလို ယူလိုသော ရူပါရုံကိုမရဘဲ လက်လွှတ်ရခြင်းကြောင့် ဆင်းရဲခြင်း၊ ထို့အတူ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံအစရှိသော သာယာနှစ်သက်ဖွယ်သောအာရုံတို့ကို အလိုရှိလျက် မရရှိဘဲ လက်လွှတ်ဝေးကွာရခြင်း ဆင်းရဲခြင်း တို့သည်လည်း ပိယဝိပ္ပယောဂဒုက္ခတို့ ဖြစ်ကုန်၏။ မမြင်လို၊ မကြည့်လို၊ မနှစ်သက်လိုသော အရာတို့နှင့် ပေါင်းဆုံရခြင်း၊ နှစ်သက်အပ်သော လိုလားအပ်သောအရာတို့နှင့် ကင်းကွာရခြင်းသည်လည်း ဒုက္ခပင် ဖြစ်သည်ဟု ဟောတော်မူသည်။

**ပိယ ဝိပ္ပယောဂဒုက္ခ။** ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ မိမိ၌အကျိုးစီးပွားရှိကုန်သော စိတ်နှလုံး ကို ရွှင်ပြုံးပွားများစေနိုင်ကုန်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် လည်းကောင်း၊ မိမိ၏အကျိုးစီးပွားကို အလိုရှိကြကုန်သော မိမိ၏ချမ်းသာကျန်းမာခြင်းကို အလိုရှိကြကုန်သော မိခင်၊ ဖခင်၊ ညီအစ်ကို၊ မောင်နှမ၊ မိတ်ဆွေသင်္ဂဟတို့သည် လည်းကောင်းရှိကြကုန်၏။ ယင်းကဲ့သို့သော သင်္ခါရ တို့နှင့်လည်းကောင်း၊ ယင်းကဲ့သို့သော လူတို့နှင့်လည်းကောင်း အတူမနေရ ခွဲခွာကွေကွင်း၍နေရခြင်းသည် ဆင်းရဲ၏။ ထိုဆင်းရဲမျိုး သည် ပိယဝိပ္ပယောဂဒုက္ခမည်၏။

**ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။** ကတမဉ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ န လဘတိ– တမ္ပိ ဒုက္ခံ။ ရဟန်းတို့– ပဋိသန္ဓေနေခြင်း ဇာတိသဘော ရှိကုန်သောသတ္တဝါတို့အား ဤဆိုလတ္တံ့သော အလိုဆန္ဒသည်ရှိကြ၏။ အဘယ်အလိုဆန္ဒ နည်းဟူမူ– ငါတို့သည် ဇာတိသဘောမရှိကြမူကား ကောင်းလေစွ၊ ငါတို့ထံသို့ ဇာတိ သဘော မလာမရောက်မူကား ကောင်းလေစွဟူ၍ တဏှာဖြင့် တောင့်တကြကုန်၏၊ အလိုရှိကြကုန်၏။ ယင်းသို့တောင့်တကြသော်လည်း တောင့်တတိုင်းမရကြကုန်။ ထိုသို့တောင့်တ၍ မရခြင်းသည်လည်း ဆင်းရဲခြင်းဖြစ်၏။

ထို့အတူ အိုခြင်း ဇရာသဘောရှိကုန်သောသတ္တဝါတို့သည် ငါတို့အား ဇရာသဘောမရှိကြမူကား ကောင်းလေစွ၊ ဗျာဓိသဘောမရှိကြမူကား ကောင်းလေစွ၊ မရဏသဘောမရှိကြမူကား ကောင်းလေစွ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသသဘောမရှိကြမူကား ကောင်းလေစွ ဟု တောင့်တခြင်းရှိကြကုန်၏။ ယင်းသို့ တောင့်တကြသော်လည်း တောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲခြင်းဖြစ်၏။ ဤသဘောကိုပင် ယမ္ပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ-ဟူ၍ ဟောတော်မူသည်။

**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။** ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ရဟန်းတို့ အကျဉ်း အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲဒုက္ခတွေပဲ-ဟု ဟောတော်မူသည်။ ဥပါဒါနက္ခန္ဓာတို့ ဟူသည်ကား -

၁။ ရူပုပါဒါနက္ခန္ဓာ၊
၂။ ဝေဒနုပါဒါနက္ခန္ဓာ၊
၃။ သညုပါဒါနက္ခန္ဓာ၊
၄။ သင်္ခါရုပါဒါနက္ခန္ဓာ၊
၅။ ဝိညာဏုပါဒါနက္ခန္ဓာ။

ဤငါးပါးတို့သည် ဥပါဒါနက္ခန္ဓာ ငါးပါးဖြစ်ကုန်၏။

ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟူကုန်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာ ဖြစ်ကုန်၏။ ရုပ်သည်ပင်လျှင် ဥပါဒါန်၏ အာရုံဖြစ်သောကြောင့် ရူပုပါဒါနက္ခန္ဓာမည်သည်။ ထို့အတူ ဝေဒနာ,သညာ စသော ခန္ဓာတို့သည်လည်း ဥပါဒါန်တို့၏ အာရုံဖြစ်ကြသောကြောင့် ဝေဒနုပါဒါနက္ခန္ဓာ စသည်အမည်ရှိကြကုန်သည်။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ = ရဟန်းတို့--- ဤသို့လျှင် ငါဘုရားဟောကြားပြဆိုအပ်ခဲ့ပြီးသော သဘောတရားတို့သည်ကား ဒုက္ခဟုဆိုအပ်သော အရိယ သစ္စာ ပေတည်းဟု ဟောကြားတော်မူ၍ ဒုက္ခသစ္စာပဗ္ဗကို နိဂုံးအုပ်တော်မူသည်။

ဒုက္ခသစ္စာပြီး၏။

* * * * *

## သမုဒယသစ္စာ

မြတ်စွာဘုရားသည် ဓမ္မာနုပဿနာ ဒုက္ခသစ္စာကို ဟောတော်မူပြီး၍ ယခုအခါ ဓမ္မာနုပဿနာ သမုဒယသစ္စာကို ဟောတော်မူခြင်းငှာ ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ- စသည်ကို ဟောတော်မူသည်။ ကထေတုကမျတာပုစ္ဆာဖြင့် သမုဒယသစ္စာကို အစပြု၍ ဟောတော်မူသည်။

ရဟန်းတို့...... ဒုက္ခသစ္စာကိုဖြစ်ပေါ်စေသော သမုဒယသစ္စာဟူသည် အဘယ်သဘောတရားပေနည်း ဟူမူ -

အကြင်တဏှာသည် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေ၏။ နှစ်သက်မြတ်နိုးခြင်း နန္ဒီရာဂနှင့်တကွဖြစ်၏။ ထိုထိုရောက်ရာဘဝတို့၌လည်းကောင်း၊ ထိုထိုရူပ,သဒ္ဒ အစရှိသော အာရုံတို့၌လည်းကောင်း အလွန်တပ်မက်နှစ်သက်ခြင်း ရှိ၏၊ ထိုတဏှာသည် **သမုဒယသစ္စာ** မည်၏။

ထို သမုဒယသစ္စာဟူသော တဏှာသည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူ၍ သုံးမျိုးရှိ၏။ ဤတဏှာတို့သည် ဒုက္ခသစ္စာဖြစ်ကြောင်း ဒုက္ခသစ္စာကို ဖြစ်စေသော သမုဒယသစ္စာတို့ပေတည်းဟု ဟောတော်မူသည်။

**အဓိပ္ပာယ်ကား** - မြတ်စွာဘုရားဟောတော်မူသော တဏှာသုံးမျိုးတို့တွင် ကာမဂုဏ်အာရုံတို့၌ တပ်မက်နှစ်သက်သော တဏှာသည် ကာမတဏှာ မည်၏။ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော ဘဝကို တောင့်တသော တဏှာသည် ဘဝတဏှာမည်၏။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။

ဤစကားရပ်၌ ကြားဖြတ်၍ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိခြားနားပုံကို လည်းကောင်း၊ ဘဝတဏှာနှင့် ဝိဘဝတဏှာခြားနားပုံကိုလည်းကောင်း အနည်းငယ်ပြအံ့။

**ပုံစံကား** - အတ္တာနုဒိဋ္ဌိ ၂၀-ရှိသည်တွင် ၁။ ရုပ်ကိုသာလျှင် အတ္တဟူ၍ ရှုခြင်း ဝါဒတစ်ရပ်၊ ၂။ ဝေဒနာကိုသာလျှင် အတ္တဟူ၍ ရှုခြင်း ဝါဒတစ်ရပ်၊ ၃။ သညာကိုသာလျှင် အတ္တဟူ၍ ရှုခြင်းဝါဒတစ်ရပ်၊ ၄။ သင်္ခါရတို့ကိုသာလျှင် အတ္တဟူ၍ ရှုခြင်း ဝါဒတစ်ရပ်၊ ၅။ ဝိညာဏ်ကိုသာလျှင် အတ္တဟူ၍ ရှုခြင်း ဝါဒတစ်ရပ်၊ (ရှုခြင်းဟူသည် စိတ်၌စွဲယူခြင်းကိုဆိုသည်။)

ဤငါးမျိုးသော ဝါဒသမားတို့သည် မိမိတို့ အသီးသီးစွဲယူကြသော ရုပ်သမားက ရုပ်သာလျှင်၊ ဝေဒနာသမားက ဝေဒနာသာလျှင် အတ္တဖြစ်သည် စသည်ဖြင့် စွဲယူကြကုန်၏။ ရုပ်မှတစ်ပါး ဝေဒနာမှတစ်ပါး အတ္တဟူ၍မရှိ စသည်ဖြင့် ယူကြ၏။ မိမိတို့က အတ္တဟူ၍ ယူသောရုပ်ဝေဒနာ စသည်တို့ပြတ်လျှင် အတ္တပြတ်တော့သည်၊ ပျောက်တော့သည်။ ဤသို့ယူသော အယူသည်၊ ဝါ- အတ္တာနုဒိဋ္ဌိသည် ဝိဘဝဒိဋ္ဌိဖြစ်သည်။

ထိုဝိဘဝဒိဋ္ဌိ တည်းဟူသော ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာသည် ဝိဘဝတဏှာ မည်၏။ ဝိဘဝဒိဋ္ဌိငါးမျိုးမှ ကျန်သော ၁၅-မျိုးသော အတ္တာနုဒိဋ္ဌိတို့သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် အတ္တမဟုတ်ဟု ရှုကြကုန်၏။ ယူကြကုန်၏။ သို့ကြောင့် ရုပ် ဝေဒနာ စသည်တို့ ချုပ်ပျောက်ကြကုန်သော်လည်း

အတွက်ကားမပျောက်မပျက်တည်ရှိမြဲ တည်ရှိလျက် ရှိသည်ဟု ယူကြကုန်၏။ ထိုအတွက်ကြောင့် ၁၅-မျိုးသည် ဘဝဒိဋ္ဌိဖြစ်၏။ သဿတဒိဋ္ဌိလည်း ဖြစ်၏။ ဘဝဒိဋ္ဌိတည်းဟူသော သဿတဒိဋ္ဌိနှင့်ယှဉ်သော တဏှာသည် ဘဝတဏှာ ဖြစ်၏။ ဤသို့မှတ်ကြကုန်ရာ၏။

## ပိယရူပ သာတရူပ်ရှင်းလင်းချက်

ပြဆိုအပ်ခဲ့ပြီးသော သမုဒယသစ္စာတဏှာသည် ဖြစ်ပေါ်သောအခါ အဘယ်အရာဝတ္ထု၌ ဖြစ်ပေါ်သည်၊ အဘယ်အရာဝတ္ထု၌ အဖန်ဖန် တိုးပွားဖြစ်ထွန်းသည်တို့ကို ဆက်လက်၍ ဟောတော်မူခြင်းငှာ 'သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ'စသည်ဖြင့် ဟောတော်မူသည်။ သည်တဏှာသည် ဖြစ်ပေါ်လာသောအခါ အဘယ်အရာကိုအမှီပြု၍ ဖြစ်ပေါ်လာသနည်းဟူမူ- လောက၌ ပိယရူပ, သာတရူပ်ဟူ၍ရှိ၏။ ဤပိယရူပ, သာတရူပ်၌ အမှီပြု၍ ဖြစ်၏။ အဖန်တလဲလဲ ဖြစ်ပေါ်၏။ တဏှာ၏ ဖြစ်ပေါ်ရာ ဖြစ်ပေါ်ကြောင်း မှီရာဖြစ်သော ပိယရူပ, သာတရူပ်ဟူသည် အဘယ်အရာဝတ္ထု အဘယ်သဘောတရား ပေနည်းဟူမူ- စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှာပသာဒရုပ်၊ ကာယပသာဒရုပ်- စသည်တို့သည် ချစ်အပ်သော သာယာအပ်သောပိယရူပ, သာတရူပ် တို့ဖြစ်သည်။

ပိယရူပ, သာတရူပ် ဟု ရုပ် = ရူပ ပုဒ်ကို သုံးသော်လည်း ဖောက်ပြန်သော သဘောရှိသော ၂၈ -ပါးသောရုပ်တရားကိုသာ ဆိုသည်မဟုတ်။ ထိုထိုပစ္စည်းဝတ္ထုတို့၌ ချစ်အပ်,သာယာအပ်, နှစ်သက်အပ်သောသဘောကို ရူပရုပ်ဟူ၍ ဆိုလိုသည်။ ရူပပုဒ်သည် သဘာဝ = သဘောဟူသောအနက်ရှိ၏။ တဏှာသည်ဖြစ်ပေါ်သောအခါ ပိယရူပ,သာတရူပ် တို့ကို အမှီပြု၍ ဖြစ်၏ဟု ဟောတော်မူသည်။ ပိယရူပ, သာတရူပ်တို့၌ တဏှာဖြစ်ပေါ်ပုံမှာ မိမိပသာဒစက္ခုနှင့်တကွ မျက်လုံးအိမ်သည် လှပသည်၊ တင့်တယ်သည်ဟူ၍ သာယာ၏။ နှစ်သက်၏။ ဤကဲ့သို့ သာယာနှစ်သက်ဖွယ်ရာ ဝတ္ထုဖြစ်သောကြောင့် စက္ခုသည် ပိယရူပ,သာတရူပ်ဖြစ်၏။ မိမိ၏ နှာတံသည် ပေါ်လွင်သည်၊ လှပသည်၊ တင့်တယ်သည် ဟူ၍ သာယာ၏၊ နှစ်သက်၏။ နားရွက်တို့ လျှာတို့ကိုလည်း ထို့အတူသာယာ၏၊ နှစ်သက်၏။ ငါ့ကိုယ်သည်လည်း ချောမော၏၊ ပြေပြစ်၏၊ တင့်တယ်၏ဟု ထင်မှတ်၍ သာယာ၏၊ နှစ်သက်၏။ ငါ့စိတ်၊ ငါ့သဉ္စာ၊ ငါ့စေတနာ၊ ငါ့သညာအမှတ်အသား၊ ငါ့ အသိဉာဏ်သည် ကောင်းသည် မြန်သည်၊ ထက်သည်- စသည်ဖြင့်ထင်မှတ်၍ သာယာ၏၊ နှစ်သက်၏။ နှစ်သက်သာယာဖွယ် တဏှာ၏ဖြစ်ပေါ်ရာ ဖြစ်ပေါ်ကြောင်း မျက်စိ နား နှာခေါင်းစသောအရာတို့သည် ပိယရူပ, သာတရူပ် ဖြစ်ကုန်၏။

လယ်မြေ ယာမြေပေါ်၌ စပါး၊ ပြောင်း၊ ပဲ စသော သစ်ပင်များ ပေါက်ပွားသကဲ့သို့ ပိယရူပ, သာတရူပ်၌ တဏှာဖြစ်ပေါ်သည်ဟု ဆိုလိုသည်။ အချုပ်အားဖြင့် ရုပ်ပဲဖြစ်စေ၊ နာမ်ပဲဖြစ်စေ၊ စိတ်စေတသိက်ပဲဖြစ်စေ အဘယ်အရာဝတ္ထုမဆို ထိုဝတ္ထုပစ္စည်းကို

အကြောင်းပြု၍ သမုဒယသစ္စာဟူသောတဏှာဖြစ်လျှင် ထိုဝတ္ထုပစ္စည်းသည် နှစ်သက်အပ်သာယာအပ်သော ပိယရုပ်, သာတရုပ်ဖြစ်သည်။ ထိုပိယရုပ်,သာတရုပ်တို့ကို အကြောင်းပြု၍ အမှီပြု၍ သမုဒယသစ္စာ တဏှာဖြစ်သည်ဟု ဟောတော်မူသည်။

ထို့နောက် ပိယရုပ်, သာတရုပ်တို့ကို သာယာနှစ်သက်စွဲလမ်းကြသော လူတို့သန္တာန်၌ မဖြစ်ပေါ်မှုးသေးသော တဏှာတို့သည်လည်း ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်ခဲ့သော တဏှာတို့သည်လည်း အဖန်ဖန်ဖြစ်ကြသည်ဖြစ်၍ သက်ဝင်ကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ-ဟူ၍ ဟောတော်မူသည်။ တဏှာဟူသော သမုဒယသစ္စာသည် ပြဆိုခဲ့သော ပိယရုပ်, သာတရုပ်တို့ကို အကြောင်းပြု၍ ဖြစ်သည်၊ ပိယရုပ်, သာတရုပ်တို့သည် သမုဒယသစ္စာဟူသော တဏှာ၏ဖြစ်ပေါ်ရာ မွေ့လျော်ရာ ဖြစ်သည်ဟု ဆိုလိုသည်။

၁။ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မတို့သည် ပိယရုပ်, သာတရုပ်ဖြစ်သကဲ့သို့လည်းကောင်း၊ ထိုပိယရုပ် သာတရုပ်တို့၌ တဏှာသည် ဖြစ်သကဲ့သို့လည်းကောင်း၊

၂။ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်တို့သည် ပိယရုပ်, သာတရုပ် တို့ ဖြစ်ကြသည်။ ထို ပိယရုပ်, သာတရုပ်တို့၌ တဏှာဖြစ်လေသည်။

၃။ ထို့အတူ စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှာသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿတို့သည်လည်းကောင်း၊

၄။ စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသာမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာတို့သည်လည်းကောင်း၊

၅။ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာ တို့သည်လည်းကောင်း။

၆။ ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသသဉ္စေတနာ, ဖောဋ္ဌဗ္ဗသဉ္စေတနာ, ဓမ္မသဉ္စေတနာတို့သည်လည်းကောင်း၊

၇။ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ တို့သည်လည်းကောင်း၊

၈။ ရူပဝိတက္က, သဒ္ဒဝိတက္က, ဂန္ဓဝိတက္က, ရသဝိတက္က, ဖောဋ္ဌဗ္ဗဝိတက္က, ဓမ္မဝိတက္က တို့သည်လည်းကောင်း၊

၉။ ရူပဝိစာရ, သဒ္ဒဝိစာရ, ဂန္ဓဝိစာရ, ရသဝိစာရ, ဖောဋ္ဌဗ္ဗဝိစာရ, ဓမ္မဝိစာရ တို့သည်လည်းကောင်း ပိယရုပ် သာတရုပ်ဖြစ်ကုန်၏။ ထိုပိယရုပ် သာတရုပ်တို့၌ တဏှာသည် ဖြစ်ပေါ်လေသည်။ ဤသို့လျှင် တဏှာ ဖြစ်ကြောင်းတို့ကား များလှစွာ၏။

ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ရဟန်းတို့ - အရိယာပုဂ္ဂိုလ်တို့သည် သိမြင်အပ်သောဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာဟူသည် ဤတဏှာပင် ဖြစ်သည်ဟု ဟောတော်မူကာ သမုဒယသစ္စာတရားကို နိဂုံးအုပ်တော်မူသည်။

**အနည်းငယ်ရှင်းဦးအံ့** - အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော သင်္ဂြိုဟ်ကျမ်းမျိုးကို လေ့လာခြင်း မပြုဖူးသေးသော ပုဂ္ဂိုလ်တို့အား ရည်ညွှန်း၍ အနည်းငယ် ရှင်းလင်းခြင်း **ဖြစ်သည်။**

**စာမျက်နှာ-၃၇၃၊** အမှတ် (၁)၌ ပြအပ်သော စက္ခု,သောတစသည်တို့သည် **စက္ခုပသာဒရုပ်** စသည်တို့ဖြစ်ကုန်၏။ ရူပ,သဒ္ဒ စသည်တို့သည် ရူပါရုံ, သဒ္ဒါရုံ **စသည်တို့** ဖြစ်ကုန်၏။

ၡင်းအမှတ်(၂)၌ပြအပ်သော စက္ခုဝိညာဏ်ဟူသည် စက္ခုပသာဒရုပ်ကို အမှီပြု၍ ဖြစ်သော စက္ခုဝိညာဏ်စိတ်ကို ပြဆိုခြင်းဖြစ်၏။ သောတဝိညာဏ် စသည်တို့လည်း **နည်းတူဖြစ်၏။**

အမှတ်(၃)၌ပြအပ်သော စက္ခုသမ္ဖဿဟူသည် စက္ခုပသာဒရုပ်နှင့် ရူပါရုံတို့ **ဆုံဆည်း** တွေ့ထိခြင်းသဘောရှိသော ဖဿကို စက္ခုသမ္ဖဿ ဟု ဆိုခြင်းဖြစ်၏။ **သောတသမ္ဖဿ** စသည်လည်း နည်းတူ၏။

ၡင်းအမှတ်(၄)၌ပြအပ်သော စက္ခုသမ္ဖဿဇာ ဝေဒနာဟူသည် စက္ခုပသာဒရုပ်နှင့် ရူပါရုံ စက္ခုဝိညာဏ်တို့ ပေါင်းဆုံရာမှ ဖြစ်ပေါ်သော ဝေဒနာကို စက္ခုသမ္ဖဿဇာဝေဒနာဟု ဆိုခြင်းဖြစ်၏။ ကျန်သောဝေဒနာတို့သည်လည်း နည်းတူ၏။

အမှတ်(၅)၌ပြအပ်သော ရူပသညာဟူသည် ရူပါရုံကို အမှတ်ပြုသော သညာကို ဆိုခြင်းဖြစ်သည်။ ကျန်သောသညာတို့သည်လည်း နည်းတူ၏။

အမှတ်(၆)၌ ပြအပ်သော ရူပသဉ္စေတနာ စသည်၌ စေတနာသဘောကို ပထမရှင်းရန်လို၏။ စေတနာသဘောသည် မိမိနှင့် အတူတကွ ဖြစ်ဖော်ဖြစ်ဖက် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော၊ စိတ်နှင့်တကွသော စေတသိက်တို့ကို ထိုထိုဖြစ်ပေါ်လာသော အာရုံတို့၌ လည်းကောင်း၊ ကိစ္စတို့၌လည်းကောင်း အစဉ်မပြတ်အာရုံပြုစေခြင်း ဖြစ်စေခြင်း သဘောရှိ၏။ ကိစ္စပြီးအောင် တိုက်တွန်းသကဲ့သို့ ဆောင်ရွက်စေခြင်း သဘောရှိ၏။ ထိုစေတနာသည်ပင် သမ္မာစေတနာ သဉ္စေတနာပြု၍ သဉ္စေတနာဖြစ်၏။ ရူပသို့ သဉ္စေတနာ ရူပသဉ္စေတနာဟုပြုပြင်၍ ရူပသဉ္စေတနာဖြစ်၏။ ရူပါရုံကို အာရုံပြုရာ၌

ဝါ– မြင်ရာ၌ မိမိနှင့် အတူတကွ ဖြစ်ဖော်ဖြစ်ဖက် ယှဉ်ဖော်ယှဉ်ဖက် စိတ်နှင့်တကွသော စေတသိက်တို့ကို အစဉ်မပြတ် အာရုံပြုစေခြင်း၊ ဖြစ်စေခြင်းသဘောရှိသည်ဟု ဆိုလိုသည်။ သဒ္ဒသဉ္စေတနာစသည်တို့သည်လည်း နည်းတူပင်ဖြစ်၏။

အမှတ် (၇)၌ ပြအပ်သော ရူပတဏှာဟူသည် ရူပေ တဏှာ ရူပတဏှာ–ပြု၍ ရူပတဏှာဖြစ်သည်။ ရူပါရုံ၌တပ်မက်နှစ်သက်သော တဏှာကို ရူပတဏှာဟု ဆိုသည်။ ထူးဆန်းသည်ကား – ရူပါရုံကို တပ်မက်နှစ်သက်သော တဏှာသည်ပင်လျှင် သမုဒယ သစ္စာ တဏှာ၏ ဖြစ်ရာဖြစ်ကြောင်း ချစ်အပ်သောသဘောရှိသော သာယာအပ်သော ပိယရုပ်သာတရုပ်ဖြစ်ပြန်သည်။

ရှင်းဦးအံ့ – ယခင်က၊ သို့မဟုတ်– ရှေ့အဖို့က ရူပါရုံကိုသော်လည်းကောင်း၊ သဒ္ဒါရုံစသည်ကိုသော်လည်းကောင်း သာယာတပ်မက်သော တဏှာသည်ဖြစ်ခဲ့ဖူး၏။ နောက်အခါ၌ ထိုအာရုံကိုပင် ပြန်လည်ဆင်ခြင်သောအခါ ထိုအာရုံကို သာယာ တပ်မက်သော တဏှာကိုပင် ကျေနပ်နှစ်သက်၍ သာယာတပ်မက်ခြင်းဖြစ်၏။ ထိုအခါ ရှေးအဖို့ကဖြစ်ခဲ့သော တဏှာသည် ပိယရုပ် သာတရုပ်အဖြစ်သို့ရောက်၍ နောက်ဖြစ်သော တဏှာသည် သမုဒယသစ္စာဖြစ်လေသည်။

ဥပမာ – လွန်ခဲ့သော ညဉ့်က ဇာတ်ပွဲကြည့်ခဲ့သောသူသည် ဇာတ်ပွဲ၌ ကချေသည်တို့ကို လှပတင့်တယ်စွာမြင်ခဲ့ရ၊ သာယာသော အသံတို့ကို ကြားခဲ့ရ၊ နှစ်သက်ကြည်နူးခဲ့ရ၏။ သာယာခဲ့ရ၏။

နံနက်အခါ၌ လှပတင့်တယ်သော ရူပါရုံ ကချေသည်တို့ကို လည်းကောင်း၊ သာယာသော အသံ သဒ္ဒါရုံတို့ကို လည်းကောင်း၊ ထိုသို့သော ရူပါရုံ သဒ္ဒါရုံတို့ကို သာယာတပ်မက်သော နှစ်သက်သောတဏှာကိုလည်းကောင်း၊ ထိုအတိတ်အာရုံ တွေကို ပြန်၍ အာရုံပြုသောအခါ ညအခါကဖြစ်ခဲ့သော တဏှာသည် နှစ်သက်သာယာအပ်သော ပိယရုပ် သာတရုပ်ဖြစ်လေသည်။ နံနက်၌ အာရုံပြု၍ နှစ်သက်သာယာအပ်သော တဏှာသည် သမုဒယသစ္စာဖြစ်လေသည်။ ဤသို့လျှင် ရှေ့တဏှာသည် သာယာနှစ်သက် အပ်သော ပိယရုပ် သာတရုပ်ဖြစ်၍ နောက်၌ဖြစ်သောတဏှာသည် သမုဒယသစ္စာတဏှာ ဖြစ်သည်။

လူ့လောက၌လည်း ဗဟိဒ္ဓသန္တာန်၌ဖြစ်သော တဏှာကိုပင် သာယာနှစ်သက် သော သမုဒယ တဏှာဖြစ်တတ်သည်တို့ရှိကုန်၏။ ဥပမာ– လူငယ်တစ်ယောက်သည် လောဘနှင့်ယှဉ်သောစိတ်ဖြင့် တက်တက်ကြွကြွ ရောင်းဝယ်ဖောက်ကား စီးပွားရှာဖွေ နေသည်ကို သိရှိတွေ့မြင်သော တစ်စုံတစ်ယောက်က "သည်သူငယ်ကား တော်ပါပေသည်။ လောဘရှိပါပေသည်။ သူ့လောဘကလေးနှင့် ရောင်းဝယ်ရှာဖွေသောကြောင့် တိုးတက် ပါပေသည်"ဟု ချီးကျူးရာ ထိုလူငယ်၏ တဏှာလောဘသည် ပိယရုပ် သာတရုပ်ဖြစ်၍ ချီးကျူးသောသူ၏ သန္တာန်၌ဖြစ်သော တဏှာလောဘသည် သမုဒယသစ္စာဖြစ်၏။

(၈-၉)၌ ပြအပ်သော ရူပဝိတက် ရူပဝိစာရတို့သည်ကား- ရူပါရုံနှင့်စပ်၍ ကြံစည်ခြင်း၊ ဆင်ခြင်စူးစမ်းခြင်းတို့ ဖြစ်ကုန်၏။ သဒ္ဒဝိတက်စသည်တို့ နည်းတူ၏။

ပိယရူပ် သာတရူပ် ရှင်းလင်းခြင်းပြီး၏။

သမုဒယသစ္စာ ပြီး၏။

* * * * *

## နိရောဓသစ္စာ

မြတ်စွာဘုရားသည် သမုဒယသစ္စာကိုဟောတော်မူပြီး၍ ယခုအခါ၌ နိရောဓသစ္စာကို ဟောတော်မူခြင်းငှာ ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ-ဟူ၍ မိန့်တော်မူသည်။ ရဟန်းတို့- ဒုက္ခ၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ဟူသည် အဘယ်နည်း- ဟု ကထေတုကမျတာပုစ္ဆာဖြင့် မေးတော်မူသည်။

ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော- ရဟန်းတို့.... သမုဒယသစ္စာခန်း၌ ပြဆိုအပ်ခဲ့သော တဏှာကိုသာလျှင် မဂ်သည် ပယ်အပ်ပြီးသည်ဖြစ်၍ အကြွင်းမဲ့ အကျန်မရှိ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာမည်၏။ တဏှာကိုစွန့်ခြင်း, တဏှာမှလွတ်ခြင်း, ကာမဂုဏ်အာရုံတို့၌ တဏှာအာလယ ကင်းခြင်းတို့သည် နိရောဓသစ္စာမည်၏ဟု ဟောတော်မူသည်။

ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသစ္စာသည် အဘယ်အရာပါနည်းဟု ဒုက္ခ၏ချုပ်ငြိမ်းရာကို မေးသဖြင့် တဿေဝ ဒုက္ခဿဟူ၍ ထိုဒုက္ခ၏သာလျှင် အသေသဝိရာဂနိရောဓောဟု ဖြေတော်မူအပ်လျက် တဿေဝ ဒုက္ခဿဟု ဖြေတော်မမူဘဲ တဿာယေဝ တဏှာယ- ဟု ဖြေတော်မူခြင်းသည် သမုဒယသစ္စာတည်းဟူသော တဏှာချုပ်သော်မှသာလျှင် ဒုက္ခချုပ်ငြိမ်းသည်ဖြစ်သောကြောင့် ပဓာန အရင်းမူလဖြစ်သော ဒုက္ခဖြစ်ကြောင်း၊ သမုဒယသစ္စာ တဏှာကို မဂ်သည် အကြွင်းမဲ့ပယ်သတ်၍ ထိုတဏှာချုပ်ငြိမ်းခြင်းသာလျှင် နိရောဓသစ္စာဖြစ်ပေသည်ဟု ဟောတော်မူသည်။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနဒေဝ ရုဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

သစ်ပင်၌အမြစ်သည် အရင်းမူလပဓာနဖြစ်သကဲ့သို့ ဒုက္ခသစ္စာ၌လည်း တဏှာသည် အရင်းမူလပဓာနဖြစ်သည်။ သစ်ပင်ခုတ်ဖြတ်သော သူသည် အမြစ်ကို မဖြတ်က

ထိုသစ်ပင်သည် တစ်ဖန်ပြန်၍ အညွန့်အညှောက်၊ အကိုင်းအခက်ထွက်တတ်သကဲ့သို့ ထို့အတူ အနုသယကိလေသာတည်းဟူသော တဏှာတိုင်အောင် မပယ်လျှင် ဤဒုက္ခသည် ထပ်တလဲလဲ ဖြစ်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် အကျိုးဒုက္ခကို မပြေမူ၍ ပဓာနမူလ အကြောင်းဖြစ်သော သမုဒယတဏှာချုပ်ငြိမ်းခြင်းကို နိရောဓ-ဟု ပြတော်မူသည်။

နိဗ္ဗာန်ကို အာရုံပြု၍ မဂ်သည် ပယ်အပ်သောတဏှာသည် ဖြစ်ပေါ်သောအခါ ပိယရူပ သာတရူပ်ကိုအမှီပြု၍ ဖြစ်ပေါ်ခဲ့ပေသည်။ ထို့အတူ ထိုတဏှာသည် ချုပ်ကွယ်သောအခါ၌လည်း ပိယရူပ သာတရူပ်၌သာလျှင် အမြစ်ပြတ်သည့်တိုင်အောင် ချုပ်ကွယ်ကြသည်ဖြစ်၍ ယံ လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ- ဟု ဟောတော်မူသည်။

လောက၌ သတ္တဝါတို့သည် ချစ်အပ် သာယာအပ်သော ပိယရူပ သာတရူပ်ဟု ဆိုအပ်သော သဘောတရားတို့သည်ရှိကြကုန်၏။ ထိုပိယရူပ သာတရူပ်တို့၌ တပ်မက်သာယာခြင်း၊ ချစ်ခင်ခြင်း၊ ကင်းပျောက်ကြသည်ဖြစ်၍ ပိယရူပ သာတရူပ်တို့၌ မတည်မူ၍ တဏှာသည် အမြစ်ပြတ်ချုပ်ငြိမ်းလေတော့သည်။ ထိုတဏှာ၏ ချုပ်ငြိမ်းခြင်း သန္နိသုခကို နိရောဓသစ္စာဟု ဟောတော်မူသည်။

ဥပမာပြသည်မှာ - လယ်သမားသည် မိမိ၏လယ်ပေါ်၌ မလိုလားအပ်သော ဗူးခါး၊ ဖရုံခါးပင်တွေ ပေါက်နေသည်ကို တွေ့မြင်သောအခါ အမြစ်ကိုရှာ၍ အမြစ်မှ နုတ်ပယ်ပြတ်တောက်လိုက်၏။ အမြစ်ပြတ်သော ထိုအပင်တို့သည် နွမ်းခြောက်၍ ပျောက်ပျက်ကုန်ကြလေသည်။ ထိုအခါ လယ်မြေပေါ်၌ ဗူးခါး၊ ဖရုံခါးပင်တို့သည် ပျောက်ပျက်ကြလေပြီဟု ဆိုရ၏။ ထိုနည်းအတူ စက္ခုပသာဒ အစရှိသော ပိယရူပ သာတရူပ်တို့၌ ခင်မင်သာယာသော တဏှာကို မဂ်ဖြင့် ပယ်အပ်သည်ဖြစ်၍ ပိယရူပ သာတရူပ်တို့၌ တဏှာကင်းပြီ ချုပ်ပျောက်လေပြီ ဆိုရသည်။

တစ်နည်းကား - တောတွင်း၌ သောင်းကျန်းနေသော ဓားပြတွေကို ဖမ်းဆီး၍ သုတ်သင်လိုက်ခြင်းကြောင့် တော၌ ဓားပြတွေမရှိတော့ပြီဟု ပြောဆိုရသကဲ့သို့ ထို့အတူ စက္ခုပသာဒ အစရှိသော ပိယရူပ သာတရူပ်တို့၌ ခင်မင်သာယာသော တဏှာကို အရိယမဂ်သည် ပယ်သတ်လိုက်သည်ဖြစ်၍ ပိယရူပ သာတရူပ်တို့၌ တဏှာချုပ်ပျောက်ခြင်းသို့ ရောက်လေပြီဟု ပြောဆိုရသည်။

စကားအချုပ်အဓိပ္ပာယ်သည်ကား- တဏှာသည် ဖြစ်ပေါ်သောအခါက ပိယရူပ သာတရူပ်တို့၌ ဖြစ်သည်။ မဂ်သည် ပယ်သတ်အပ်သည်ဖြစ်၍ ချုပ်ပျောက်သော အခါ၌လည်း ပိယရူပ သာတရူပ်၌ ချုပ်ပျောက်သည်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။

နိရောဓသစ္စာပြီး၏

* * * * *

## မဂ္ဂသစ္စာ

မြတ်စွာဘုရားသည် ဓမ္မာနုပဿနာနိရောဓသစ္စာကို ဟောတော်မူပြီး၍ ယခုအခါ မဂ္ဂသစ္စာကို ဟောတော်မူခြင်းငှာ ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ- စသည်ကို ဟောတော်မူသည်။

ရဟန်းတို့ - ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသို့ရောက်ကြောင်းဖြစ်သော အကျင့်တရားတည်းဟူသော အရိယသစ္စာသည် အဘယ်နည်းဟူမူ -

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ = ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယာတို့၏ ဥစ္စာဖြစ်သော၊ ဝါ- ဖြူစင်သန့်ရှင်းသော ဤသဘောတရားသည် မဂ္ဂင် ပေတည်း။

သေယျထိဒံ၊ အင်္ဂါရှစ်ပါးတို့ဟူသည်အဘယ်သည်တို့နည်းဟူမူ- ၁။ သမ္မာဒိဋ္ဌိ၊ ၂။ သမ္မာသင်္ကပ္ပ၊ ၃။ သမ္မာဝါစာ၊ ၄။ သမ္မာကမ္မန္တ၊ ၅။ သမ္မာအာဇီဝ၊ ၆။ သမ္မာဝါယာမ၊ ၇။ သမ္မာသတိ၊ ၈။ သမ္မာသမာဓိ၊ ဤတရားတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်း သွားကြောင်းလမ်းဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးတို့ပေတည်းဟု ဟောတော်မူ သည်။

၁။ ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ဒုက္ခကို သိမြင်သောဉာဏ်၊ ဒုက္ခဖြစ်ကြောင်းကို သိမြင်သောဉာဏ်၊ ဒုက္ခချုပ်ငြိမ်းခြင်းကို သိမြင်သောဉာဏ်၊ ဒုက္ခသမုဒယတို့၏ချုပ်ငြိမ်းရာ နိရောဓသို့ရောက်ကြောင်းလမ်းကို သိမြင်သော ဉာဏ်- ဤဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏။ ဝါ၊ မှန်ကန်သော အမြင်မည်၏။

၂။ ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။ ကိလေသာတို့မှ လွတ်မြောက် ခြင်းငှာ ကြံစည်ခြင်း၊ မညှဉ်းဆဲ၊ မသတ်ဖြတ်ခြင်းငှာ ကြံစည်ခြင်းသည် သမ္မာသင်္ကပ္ပ မည်၏။

၃။ ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ။ (က) မဟုတ်မတရား မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (ခ) ချောပစ် ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (ဂ) အနက် အဓိပ္ပာယ်ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ (ဃ) အနှစ် အသားမရှိသောအဖျင်းစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာ မည်၏။

၄။ ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရှင်မပေးသော သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်၌ ဖောက်ပြန်ကျူးလွန်သော အမှုမှရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တ မည်၏။

၅။ ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ။ မကောင်းသောအသက်မွေးခြင်း ဟူသော မိစ္ဆာဇီဝအမှုမှ ရှောင်ကြဉ်၍ ကောင်းသောအသက်မွေးခြင်း သမ္မာအာဇီဝ ဖြင့် အသက်မွေးခြင်းသည် သမ္မာအာဇီဝမည်၏။

၆။ ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော။ မဖြစ်ပေါ်သေးသော ယုတ်မာ သော အကုသိုလ်တို့ကို မဖြစ်ပေါ်အောင် ဆန္ဒပြုခြင်း၊ အားထုတ်ခြင်း၊ ဝီရိယပြုခြင်း၊ စိတ်ကို အားပေးခြင်းသည်လည်း သမ္မာဝါယာမမည်၏။ ဖြစ်ပေါ်ပြီးသော ယုတ်မာသော အကုသိုလ်တို့ကို ပယ်ဖျောက်ခြင်းငှာ ဆန္ဒပြုခြင်း၊ အားထုတ်ခြင်း၊ ဝီရိယပြုခြင်း၊ စိတ်ကိုအားပေးခြင်းသည်လည်း သမ္မာဝါယာမမည်၏။ မဖြစ်ပေါ် သေးသော ကောင်းမှုကုသိုလ်တို့ကိုဖြစ်ပေါ်စေခြင်းငှာဆန္ဒပြုခြင်း၊ အားထုတ်ခြင်း၊ ဝီရိယပြုခြင်း၊ စိတ်ကိုအားပေးခြင်းသည်လည်း သမ္မာဝါယာမမည်၏။ ဖြစ်ပေါ်ပြီး သော ကောင်းမှုကုသိုလ်တို့ကို မပျက်မကွက်တည်ရှိစေခြင်းငှာ, မတွေမဝေ စေခြင်းငှာ, တိုးပွားစေခြင်းငှာ, ပြန့်ပြောစည်ပင်စေခြင်းငှာ, ဘာဝနာဖြစ်စေ ခြင်းငှာ, ပြည့်စုံစေခြင်းငှာ ဆန္ဒပြုခြင်း၊ အားထုတ်ခြင်း၊ ဝီရိယပြုခြင်း၊ စိတ် ကို အားပေးခြင်းသည် သမ္မာဝါယာမမည်၏။

၇။ ကတမာ စ ဘိက္ခဝေ သမ္မာသတိ။ ရဟန်းတို့--- ငါဘုရားသာသနာတော်၌ ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် မိမိ၏ကာယဟူသော လောက၌ တပ်မက်နှစ်သက် ခြင်း အဘိဇ္ဈာကိုလည်းကောင်း၊ နှလုံးမသာယာသော ဒေါမနဿကိုလည်းကောင်း မဖြစ်စေမူ၍၊ ဝါ- ပယ်ဖျောက်၍ ကိလေသာကို ပူလောင်စေသော ဝီရိယရှိသည် ဖြစ်၍၊ ဆင်ခြင်သော ဉာဏ်ရှိသည်ဖြစ်၍၊ အောက်မေ့စေခြင်း သတိရှိသည်ဖြစ်၍ မိမိကာယ၌ လည်းကောင်း၊ ဗဟိဒ္ဓကာယ၌လည်းကောင်း ကာယဟူ၍ရှု၏ဟု ရှုသည်ဖြစ်၍ ရဟန်းတရားကိုအားထုတ်ရာ၏။ ရူပကာယ၌ပွားများ အား ထုတ်သည့်နည်းတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ကာယတို့၌လည်း မမေ့မလျော့ အောက်မေ့စေခြင်း သတိရှိသည်ဖြစ်၍ အားထုတ်ရာ၏။ ဤသို့လျှင် သတိရှေ့သွားသောအားဖြင့် အားထုတ်ခြင်းသည် သမ္မာသတိ မည်၏။

၈။ ကတမော စ ဘိက္ခဝေ သမ္မာသမာဓိ။ သာသနာတော်၌ ရဟန်းဖြစ်သောပုဂ္ဂိုလ် သည် ကာမဂုဏ်အာရုံတို့မှကင်းလွတ်၍လည်းကောင်း၊ အကုသိုလ်တို့မှ ကင်း လွတ်၍လည်းကောင်း၊ ဝိတက်, ဝိစာရ အစရှိသော ဈာန်အင်္ဂါတို့ရှိသော ပထမဈာန်နှင့် ပြည့်စုံစွာနေ၏၊ ထို့အတူ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်နှင့် ပြည့်စုံစွာ နေ၏။ ဤသို့လျှင် ကာမဂုဏ်အာရုံတို့မှ ကင်း၍ အကုသိုလ်တို့မှကင်း၍ ထိုထိုအာရုံတို့၌အာရုံမပြုသော၊ လျစ်လျူရှုခြင်း သဘော ရှိသော ဥပေက္ခာနှင့် ကမ္မဋ္ဌာန်းအာရုံ တစ်ခုတည်း၌သာလျှင် အာရုံရှိသော ဧကဂ္ဂတာတို့သာလျှင်ရှိသော စတုတ္ထဈာန်နှင့်ပြည့်စုံသောရဟန်း၏ သန္တာန်၌ ဖြစ်သောသမာဓိသည် သမ္မာသမာဓိမည်၏။

ရဟန်းတို့– ဤပြဆိုအပ်ခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးတို့သည် ဒုက္ခတို့၏ချုပ်ငြိမ်းရာ နိရောဓဟူသော နိဗ္ဗာန်သို့သွားရာ သွားကြောင်း၊ ရောက်ရာ ရောက်ကြောင်းဖြစ်သော ဒုက္ခနိရောဓဂါမိနီအရိယသစ္စာမည်၏ဟု ဟောတော်မူသည်။

မဂ္ဂင်ရှစ်ပါးအဓိပ္ပာယ်သည် ပါဠိတော်လာ မြတ်စွာဘုရားကိုယ်တော်တိုင် ရှင်းလင်းပြသကာ ဟောတော်မူသည့်အတိုင်း ရှင်းလင်းစွာ သိရှိနားလည်အပ်သည်ဖြစ်၍ ပါဠိတော်အတိုင်း ဖော်ပြလိုက်သည်။

မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိသည် ကောင်းစွာမြင်ခြင်း လက္ခဏာရှိ၏။ သမ္မာသင်္ကပ္ပသည် သမ္ပယုတ်တရားတို့ကို အာရုံသို့ ကောင်းစွာတင်ပို့ခြင်း လက္ခဏာရှိ၏။ သမ္မာဝါစာသည် ကောင်းစွာသိမ်းဆည်းခြင်းလက္ခဏာရှိ၏။ သမ္မာကမ္မန္တသည် ကောင်းစွာ ထကြွပြုလုပ်စေခြင်း လက္ခဏာရှိ၏။ သမ္မာအာဇီဝသည် သမ္ပယုတ်တရားတို့ကို ကောင်းစွာ ဖြူစင်စေခြင်း လက္ခဏာရှိ၏။ သမ္မာဝါယာမသည် ကောင်းစွာ အားထုတ်ချီးမြှောက်ခြင်း လက္ခဏာရှိ၏။ သမ္မာသတိသည် အာရုံ၌ ကောင်းစွာထင်ခြင်း လက္ခဏာရှိ၏။ သမ္မာသမာဓိသည် ကောင်းစွာဆောက်တည်ခြင်း အာရုံ၌တည်ခြင်းလက္ခဏာရှိ၏။

မဂ္ဂင်ရှစ်ပါးတို့တွင် တစ်ပါးတစ်ပါး၌ ကိစ္စသုံးမျိုး သုံးမျိုးရှိကြကုန်၏။ ထိုကိစ္စတို့သည်ကား ဤသို့ဖြစ်ကုန်၏။

၁။ သမ္မာဒိဋ္ဌိသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့နှင့်တကွ မိစ္ဆာဒိဋ္ဌိကိုပယ်သတ်၏။ (ခ) နိရောဓကို အာရုံပြု၏။ (ဂ) နိရောဓကို ဖုံးလွှမ်းသော မောဟကိုပယ်ဖျောက်သည်၏ အစွမ်းအားဖြင့် မောဟကင်းသည်ဖြစ်၍ မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကိုလည်း မြင်စေ၏။

၂။ သမ္မာသင်္ကပ္ပသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့နှင့် တကွ မိစ္ဆာသင်္ကပ္ပကိုပယ်၏။ (ခ) နိရောဓကို အာရုံပြု၏။ (ဂ) သမ္ပယုတ်ဖြစ်သော တရားတို့ကို အာရုံသို့တင်၏။ ပို့၏။

၃။ သမ္မာဝါစာသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့နှင့် တကွ မိစ္ဆာဝါစာကိုပယ်၏။ (ခ) နိရောဓကို အာရုံပြု၏။ (ဂ) သမ္ပယုတ်တရားတို့ကို စည်းရုံး၏။ ဆွဲဆောင်၏။

၄။ သမ္မာကမ္မန္တသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့နှင့် တကွ မိစ္ဆာကမ္မန္တကိုပယ်၏။ (ခ) နိရောဓကိုအာရုံပြု၍။ (ဂ) သမ္ပယုတ်တရားတို့ကို ထကြွစေ၏။ ပြုလုပ်စေ၏။

၅။ သမ္မာအာဇီဝသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့ကို ပယ်၏။ (ခ) နိရောဓကို အာရုံပြု၏။ (ဂ) သမ္ပယုတ်တရားတို့ကို ဖြူစင်စေ၏။

၆။ သမ္မာဝါယာမသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွ မိစ္ဆာဝါယာမကို ပယ်၏။ (ခ) နိရောဓကို အာရုံပြု၏။ (ဂ) သမ္ပယုတ်တရားတို့ကို ချီးမြှောက်အားပေး၏။

၇။ သမ္မာသတိသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွ မိစ္ဆာသတိကိုပယ်၏။ (ခ) နိရောဓကို အာရုံပြု၏။ (ဂ) သမ္ပယုတ်တရားတို့ကို အာရုံ၌ ကောင်းစွာထင်စေ၏။

၈။ သမ္မာသမာဓိသည် (က) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွ မိစ္ဆာသမာဓိကိုပယ်၏။ (ခ) နိရောဓကို အာရုံပြု၏။ (ဂ) သမ္ပယုတ်တရားတို့ကို အာရုံ၌ တည်စေ၏။

ဤသို့လျှင် မဂ္ဂင်ရှစ်ပါးတို့သည် အသီးအသီး ကိစ္စသုံးမျိုးစီ ဆောင်ရွက်ကြကုန်၏၊ ရှိကြကုန်၏။

**မဂ္ဂင်ရှစ်ပါးကို သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသည်ဖြင့် ဒေသနာက္ကမ အစဉ်ပြု၍ ဟောတော်မူပုံ** -

၁။ မဂ္ဂင်ရှစ်ပါးတို့တွင် နိဗ္ဗာန်သို့ရောက်လိုသည်ဖြစ်၍ တရားအားထုတ်သော ယောဂီအား ကျေးဇူးများသော သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပထမဦးဆုံး ဟောတော်မူသည် ဟူ၏။ အကြောင်း မူကား- သမ္မာဒိဋ္ဌိသည်ပညာရောင်ရှိ၏။ ပညာဓားဖြစ်၏ဟူ၍ ဆိုအပ်၏။ ထိုသမ္မာဒိဋ္ဌိပညာဖြင့် တရားအားထုတ်သောပုဂ္ဂိုလ်၌ ရှေးအဖို့ ကပင်လျှင် ဝိပဿနာဉာဏ်ဟု ဆိုအပ်သောသမ္မာဒိဋ္ဌိဖြင့် အဝိဇ္ဇာတည်းဟူသော မှောင်ကိုပယ်ဖျောက်၍ ကိလေသာစားပြတို့ကို သတ်ဖြတ်ပြီးလျှင် ဘေးကင်းသည် ဖြစ်၍ နိဗ္ဗာန်သို့ရောက်၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပထမဟောတော်မူသည်။

၂။ သမ္မာဒိဋ္ဌိမဂ္ဂင်အား ကျေးဇူးများသည်ဖြစ်၍ ဒုတိယ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဟောတော်မူသည်။ သမ္မာသင်္ကပ္ပမဂ္ဂင်သည် စူးစမ်းဆင်ခြင်ရွေးချယ်၍ ကောင်းစွာ ပေးသောတရားကို ယောဂီသည်ပွားများခြင်းကိုပြု၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်၏ အခြားမဲ့၌ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဟောတော်မူသည်။

၃။ သမ္မာသင်္ကပ္ပမဂ္ဂင်သည် သမ္မာဒိဋ္ဌိမဂ္ဂင်အား ကျေးဇူးများသကဲ့သို့ပင် သမ္မာဝါစာ သည် သမ္မာသင်္ကပ္ပမဂ္ဂင်အားလည်း ကျေးဇူးများသည်ဖြစ်၍ တတိယ သမ္မာဝါစာ မဂ္ဂင်ကို ဟောတော်မူသည်။

၄။ ဤကိစ္စ ဤကိစ္စတို့ကို ဆောင်ရွက်ကြမည်ဟူ၍ ရှေးဦးစွာ နှုတ်ဖြင့် ပြောဆိုတိုင်ပင် စီစဉ်ကြပြီးမှ အမှုကိစ္စကို ဆောင်ရွက်ကြကုန်၏။ ထို့ကြောင့် သမ္မာဝါစာ၏ အခြားမဲ့၌ စတုတ္ထမြောက် သမ္မာကမ္မန္တမဂ္ဂင်ကို ဟောတော်မူသည်။

၅။ ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးတို့ကိုပယ်၍ သုစရိုက်တို့နှင့် ပြည့်စုံသော ယောဂီအားသာလျှင် အာဇီဝဋ္ဌမကသီလနှင့် ပြည့်စုံသည်ဖြစ်၍ သမ္မာဝါစာ၊ သမ္မာကမ္မန္တမဂ္ဂင်တို့၏ အခြားမဲ့ ပဉ္စမမြောက် သမ္မာအာဇီဝမဂ္ဂင်ကို ဟောတော်မူသည်။

၆။ စင်ကြယ်သော အာဇီဝသီလရှိသောပုဂ္ဂိုလ်သည် "ငါ၏ အာဇီဝသည် သန့်ရှင်းဖြူစင်ပြီ"ဟူ၍ စိတ်လျှော့ပေါ့ပျက်စွာ မနေမူ၍ ဣရိယာပုထ်တိုင်း၌ ဝီရိယဖြင့် သူတော်ကောင်းတရားကိုပွားများအားထုတ်အပ်သည်ဟု ပြခြင်းငှာ သမ္မာဝါယာမမဂ္ဂင်ကို ဆဋ္ဌမမြောက် ဟောတော်မူသည်။

၇။ အားထုတ်အပ်သော ဝီရိယရှိသောယောဂီသည် ကာယာနုပဿနာ အစရှိသော တရားတို့၌ထင်သော သတိရှိစေခြင်းငှာ သတ္တမမြောက် သမ္မာသတိမဂ္ဂင်ကို ဟောတော်မူသည်။

၈။ ကောင်းမွန်စွာ ထင်သောသတိဖြင့် ယူအပ်သော တရားတို့ကို တစ်ခုတည်းသော အာရုံ၌ထားခြင်းငှာသင့်လျော်သည်ဖြစ်၍ သမ္မာသတိမဂ္ဂင်၏အခြားမဲ့ အဋ္ဌမမြောက်၌ သမ္မာသမာဓိမဂ္ဂင်ကို ဟောတော်မူသည်။

ဤသည်ကား မဂ္ဂင်ရှစ်ပါးတရားတော်ကို ဒေသနာက္ကမအားဖြင့် မြတ်စွာဘုရား ဟောတော်မူဟန်တည်း။

## မဂ္ဂသစ္စာနိဂုံး

ပြဆိုအပ်ခဲ့ပြီးသော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ-ဟူကုန်သော သစ္စာလေးပါးတရားတို့ကို မိမိအဇ္ဈတ္တသန္တာန်၌ ဆင်ခြင်ပွားများရမည်။ ရံခါ ဗဟိဒ္ဓဖြစ်သော အခြားသူတို့ သန္တာန်၌ ဆင်ခြင်ပွားများရမည်။ ဖြစ်ခြင်းကိုလည်း သိ၍ ပွားများရမည်။ ပျက်ခြင်းကိုလည်းသိ၍ ပွားများရမည်။ ဤကာယ၌ သဘောတရားတို့သာ ရှိသည်ဟူ၍ သတိ ရှေးရှု ဆင်ခြင်ပွားများရမည်။ ဤသို့ပွားများဆင်ခြင်ခြင်းသည် ဝိပဿနာဉာဏ်နှင့် သတိတိုးပွားအားကောင်းခြင်းငှာဖြစ်၏။ ယောဂီ၏ စိတ်သည် တဏှာနိဿယ ဒိဋ္ဌိနိဿယတို့ကို မမှီမူ၍နေ၏။ ကာယလောက၌ ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကို "ဤအရာသည်ကား ငါ၏အတ္တတည်း၊ ငါ၏ဥစ္စာတည်း" ဟု မှားသောအားဖြင့် စွဲလမ်းတပ်မက်ခြင်း မရှိတော့ချေ။ ရဟန်းတို့- ဤသို့လျှင် သစ္စာ လေးပါးတရားတို့၌ သစ္စာလေးပါးတရားတို့သာဟူ၍ ဆင်ခြင်ပွားများရမည်ဟု ဟောတော်မူ၍ မဂ္ဂသစ္စာကို နိဂုံးအုပ်တော်မူသည်။

မဂ္ဂသစ္စာ ပြီး၏။

* * * * *

# သတိပဋ္ဌာန်လေးပါး တရားတော်ကို ပွားများခြင်း၏ အကျိုးကျေးဇူး

တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်တရားလေးပါးတို့တွင် မိမိတို့ နှစ်သက်ရာ စိတ်ဝင်စားရာ ဉာဏ်သက်ရာ တစ်ပါးပါးကို စွဲမြဲစွာ ခုနစ်နှစ်တို့ ပတ်လုံး ပွားများသည်ဖြစ်အံ့၊ အာသဝေါကင်းကွာ၍လောကအတွင်း၌ အဂ္ဂဒက္ခိဏေယျ၊ မြတ်သော အလှူကို ခံယူထိုက်သော ရဟန္တာသော်လည်းဖြစ်မည်။ အကယ်၍ ဥပါဒါန်အကြွင်း ကျန်ရှိသေးလျှင် အနာဂါမ်ဖြစ်နိုင်သည်ဟု မိန့်သည်။

ပုဂ္ဂိုလ်အားလျော်စွာ ပါရမီဉာဏ် အနုအရင့်လိုက်၍လည်းကောင်း၊ တိက္ခ၊ မန္ဒပုဂ္ဂိုလ်သို့ လိုက်၍လည်းကောင်း၊ ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ အချို့ ၇-လ၊ ၆-လ၊ ၅-လ၊ ၄-လ၊ ၃-လ၊ ၂-လ၊ ၁-လ၊ ၁၅-ရက်၊ ၇-ရက် ပွားများ အားထုတ်ခြင်းဖြင့် အရဟတ္တဖိုလ်သို့သော်လည်း ရောက်နိုင်၏။ အနာဂါမ်သော်လည်း ဖြစ်နိုင်၏ဟု အားပေးဟောကြားတော်မူသည်။

ရဟန်းတို့- ရာဂအစရှိသော ကိလေသာ အညစ်အကြေးတို့ဖြင့် ပေလီရှုပ်ထွေး၍ နေကြကုန်သော သတ္တဝါတို့ သန္တာန်၌ ကိလေသာတို့မှ သန့်ရှင်း စင်ကြယ်စေခြင်းငှာ လည်းကောင်း၊ သောက, ပရိဒေဝတို့မှ လွတ်မြောက်စေခြင်းငှာလည်းကောင်း၊ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့မှ ငြိမ်းအေးချုပ်ပျောက်စေခြင်းငှာ လည်းကောင်း၊ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာလည်းကောင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာလည်းကောင်း ယခု ဟောကြားခဲ့သော သတိပဋ္ဌာန်လေးပါးဟုဆိုအပ်သောလမ်းကြောင်းသည် တစ်ခုတည်းသော လမ်းကြောင်းပေတည်း၊ နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသောလမ်းကြောင်းဟူ၍ ငါဘုရားဟောကြားခဲ့သည်မှာ ဤသတိပဋ္ဌာန်တရားလေးပါးကိုပင်ရည်ညွှန်း၍ ဟောတော်မူခဲ့ပေသည်ဟု မဟာသတိပဋ္ဌာန်သုတ်တော်ကို နိဂုံးအုပ်တော်မူလေသည်။

**အကြမ်းပြီးသောသက္ကရာဇ်**

၁၃၄၆-ခုနှစ်၊ ကဆုန်လဆုတ် ၃-ရက်၊

ကြာသပတေးနေ့ နံနက် ၁၀-နာရီ သက်တော် ၉၀-နှင့် ခြောက်လအရတွင် ပြီးသည်။

# ကျမ်းပြီးနိဂုံး

၁။ ဓမ္မာနုပဿနာ သတိ၊ ပဋ္ဌာနံ ပဉ္စပဗ္ဗကံ။
ဒုက္ခက္ခယဿ သမဂ္ဂံ၊ ယထာဗလံ သုဝဏ္ဏိတံ။

၂။ အနေန ဓမ္မဒါနေန၊ တဏှာယ စ ဒုက္ခဿ စ။
နိရောဓံ သီဃံ ပပ္ပောမိ၊ သုသုခံ ဗုဒ္ဓထောမိတံ။

၃။ ဣမဿ ပုညကမ္မဿ၊ အာနုဘာဝေန သာဓဝေါ။
သုခိတာ မုဒိတာ ဟောန္တု၊ ဇာနန္တု ဓမ္မမုတ္တမံ။

၁။ **မယာ၊** ပဏ္ဍိတဟု နာမမည်တွင် ငါအရှင်သည်။ ဒုက္ခက္ခယဿ၊ ဒုက္ခတို့၏ ကုန်ငြိမ်းရာဖြစ်သော နိဗ္ဗာန်၏။ သမဂ္ဂံ၊ သွားရာသွားကြောင်း လမ်းကောင်းဖြစ်သော။ ပဉ္စပဗ္ဗကံ၊ ငါးပိုင်းငါးကဏ္ဍ ရှိသော။ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်ကို။ ယထာဗလံ၊ စွမ်းအား ရှိသလောက်။ သုဝဏ္ဏိတံ၊ ကောင်းစွာဖွင့်ဆို ရေးသားအပ်လေပြီ။

၂။ အနေန ဓမ္မဒါနေန၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်ကို ဖွင့်ဆိုရေးသား ပူဇော်အပ်သော ဤ ဓမ္မဒါနကောင်းမှုကံ စေတနာကြောင့်။ တဏှာယ စ၊ သမုဒယသစ္စာ တဏှာ၏လည်းကောင်း။ ဒုက္ခဿ စ၊ ဇာတိ အစရှိသော ဒုက္ခအပေါင်း ၏လည်းကောင်း။ နိရောဓံ၊ ချုပ်ငြိမ်းရာဖြစ်သော။ ဗုဒ္ဓထောမိတံ၊ မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်သော။ သုသုခံ၊ အလွန်ချမ်းမြေ့လှစွာသော နိဗ္ဗာန်သို့။ သီဃံ၊ လျင်မြန်စွာ။ ပပ္ပောမိ၊ ဆိုက်ရောက်ရပါလို၏။

၃။ ဣမဿ ပုညကမ္မဿ၊ ဤဓမ္မဒါန ကောင်းမှု၏။ အာနုဘာဝေန၊ အရှိန်အစော် အာနုဘော်ကြောင့်။ သာဓဝေါ၊ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်။ သုခိတာ၊

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်။ မုဒိတာ၊ ကြည်သာရွှင်လန်း ဝမ်းသာခြင်းရှိကြကုန်သည်။ ဟောနွှံ့၊ ဖြစ်ကြပါစေကုန်သတည်း။ ဥတ္တမံ၊ မြတ်သော။ ဓမ္မံ၊ မဟာသတိပဋ္ဌာန် တရားတော်ကို။ ဇာနန္တုံ၊ မောဟကင်းစင် ဉာဏ်၌ ထင်၍ ကိုယ်တိုင်သိမြင်ကြပါစေကုန်သတည်း။

အရှင်ပဏ္ဍိတထေရ်၊

ရွှေဟင်္သာဆရာတော်၊
ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး၊
၁၃၄၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀-ရက်
ကြာသပတေးနေ့။

# စစ်ကိုင်းတောင်ရိုး
# ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်
# ရွှေဟင်္သာဆရာတော်ဘုရားကြီး
# ရေးသားပြုစုတော်မူသော ကျမ်းစာများ စာရင်း

| | | |
|---|---|---|
| ၁။ | အာစေရဝဏ္ဏနာပျို့ | ၁၂၈၀-ပြည့်နှစ် |
| ၂။ | ဟိစပနနိပါတတ္ထဒီပနီကျမ်း | ၁၂၈၄-ခုနှစ် |
| ၃။ | ဥပုသ်သည်လက်စွဲ | ၁၂၈၆-ခုနှစ်၊ တပေါင်းလဆန်း(၁၅)ရက် တနင်္ဂနွေနေ့ |
| ၄။ | ဘုန်းတော်ဖွင့်ထေရုပ္ပတ္တိ | ၁၂၈၇-ခုနှစ် နတ်တော်လဆန်း(၈)ရက် တနင်္ဂနွေနေ့ |
| ၅။ | မြန်မာအလင်္ကာကျမ်း | ၁၂၉၀-ပြည့်နှစ် နတ်တော်လပြည့်ကျော် (၉)ရက် ဗုဒ္ဓဟူးနေ့ |
| ၆။ | ပဌမထွင့်ခေါင်ဆရာတော် ဘုရားကြီးအကြောင်း | ၁၂၉၃-ခုနှစ် နယုန်လဆန်း(၁၅)ရက် |
| ၇။ | စာဏက္ကျနီတိ ပါဠိ-မြန်မာ | ၁၂၉၅-ခုနှစ် တပေါင်းလဆန်း(၇)ရက် တနင်္ဂနွေနေ့ |
| ၈။ | ပဒေသာဆုံးမစာ | ၁၃၀၅-ခုနှစ် နယုန်လပြည့်ကျော် (၁၂)ရက် ကြာသပတေးနေ့ |
| ၉။ | မေတ္တာသုတ်မြန်မာဋီကာ | ၁၃၀၈-ခုနှစ် နယုန်လပြည့်ကျော် (၁၂)ရက် ကြာသပတေးနေ့ |
| ၁၀။ | ရှေ့သွားမင်္ဂလာ | ၁၃၁၁-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် (၇)ရက် သောကြာနေ့ |
| ၁၁။ | မင်္ဂလသုတ်လက်စွဲ | ၁၃၁၂-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၂)ရက် တနင်္ဂနွေနေ့ |
| ၁၂။ | ပရာဘဝသုတ်မြန်မာဋီကာ | ၁၃၁၃-ခုနှစ် တော်သလင်းလဆန်း (၇)ရက် သောကြာနေ့ |

| | |
|---|---|
| ၁၃။ ရွှေဟင်္သာတောရသမိုင်း | ၁၃၁၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက် သောကြာနေ့ |
| ၁၄။ ဂရုဓမ္မဝတ္ထု | ၁၃၁၆-ခုနှစ် ပြာသိုလဆန်း(၁၂)ရက် ဗုဒ္ဓဟူးနေ့ |
| ၁၅။ ညောင်ရွှေခရီးသွားမှတ်တမ်း | ၁၃၁၈-ခုနှစ် |
| ၁၆။ ဝိနယမဟာဝဂ္ဂမြန်မာပြန် | ၁၃၂၂-ခုနှစ် တော်သလင်းလဆန်း (၁၂)ရက် ကြာသပတေးနေ့ |
| ၁၇။ ရွှေကျင်နိကာယ သာသနာ့ဝင်ကျမ်း အကျယ် | ၁၃၂၅-ခုနှစ် ဝါဆိုလဆန်း(၁၅)ရက် |
| ၁၈။ ရွှေကျင်နိကာယသာသနာ့ဝင် အကျဉ်း | ၁၃၂၆-ခုနှစ် တပို့တွဲလပြည့် အင်္ဂါနေ့ |
| ၁၉။ ယုဝေါဝါဒဆုံးမစာ | ၁၃၂၆-ခုနှစ် |
| ၂၀။ ဒိဋ္ဌေဒိဋ္ဌမတ္တံတရားစာ | ၁၃၃၀-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် ကြာသပတေးနေ့ |
| ၂၁။ ကာယာနုပဿနာကျမ်း | ၁၃၃၂-ခုနှစ် ပြာသိုလဆန်း(၁၂)ရက် ကြာသပတေးနေ့ |
| ၂၂။ စံကျောင်းဆရာတော် ကျမ်းစာများ | ၁၃၃၃-ခုနှစ် သီတင်းကျွတ်လဆန်း (၁၄)ရက် |
| ၂၃။ သာသနာရေးတရားတော် | ၁၃၃၄-ခုနှစ် တပေါင်းလပြည့်ကျော် (၅)ရက် |
| ၂၄။ အမတဂါမိနီတရားတော် | ၁၃၃၅-ခုနှစ် တော်သလင်းလပြည့်ကျော် (၅)ရက် တနင်္ဂနွေနေ့ |
| ၂၅။ ခန္ဓသုတ်မြန်မာဋီကာကျမ်း | ၁၃၃၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက် |
| ၂၆။ ဝေဒနာနုပဿနာ | ၁၃၃၆-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၅)ရက် ဗုဒ္ဓဟူးနေ့ |
| ၂၇။ ညောင်တုန်းမြို့၏ထင်ရှား ကျော်ကြားခြင်း(၂)ရပ် | ၁၃၃၇-ခုနှစ် တပို့တွဲလ |

| | |
|---|---|
| ၂၈။ ရွှေကျင်ဗိမာန်တော်သမိုင်း | ၁၃၃၈-ခုနှစ် နှောင်းတန်ခူးလဆန်း (၁၂)ရက် |
| ၂၉။ လှုမင်းနတ်မင်းဦးညွတ်ခြင်း | ၁၃၃၉-ခုနှစ် နတ်တော်လပြည့်ကျော် (၉)ရက် |
| ၃၀။ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏အတ္ထုပ္ပတ္တိအကျဉ်း | ၁၃၄၀-ပြည့်နှစ် တော်သလင်းလပြည့်ကျော် (၇)ရက် စနေနေ့ |
| ၃၁။ စိတ္တာနုပဿနာကျမ်း | ၁၃၄၃-ခုနှစ် နယုန်လပြည့်ကျော်(၇)ရက် ဗုဒ္ဓဟူးနေ့ |
| ၃၂။ ပဉ္စမရွှေကျင်ဆရာတော်ဘုရားကြီး၏ဗိမာန်တော်မှတ်တမ်း | ၁၃၄၅-ခုနှစ် ပထမဝါဆိုလဆန်း(၁၅)ရက် |
| ၃၃။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော် | ၁၃၄၆-ခုနှစ် ကဆုန်လပြည့်ကျော် (၁၀)ရက် ကြာသပတေးနေ့ |
| ၃၄။ ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးသွားမှတ်တမ်း | ၁၃၄၆-ခုနှစ် နတ္တော်လပြည့်ကျော်(၁၀)ရက် |
| ၃၅။ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ဘုရားရှိခိုးဂါထာတော်များ | ၁၃၄၆-ခုနှစ်နတ္တော်လပြည့်ကျော် (၁၀)ရက် |
| ၃၆။ နှစ်(၅၀)မြောက်ရွှေရတု အကြိုစာစောင် | ၁၃၄၈-ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၀)ရက် |
| ၃၇။ ၁၃၄၈-ခုနှစ် ခရီးသွားမှတ်တမ်း | ၁၃၄၉-ခုနှစ် ဦးတန်ခူးလပြည့်ကျော် (၇)ရက် တနင်္လာနေ့ |
| ၃၈။ လေးမျက်နှာမြို့သို့သွားသော ခရီးသွားမှတ်တမ်း | ၁၃၄၉-ခုနှစ် တပေါင်းလပြည့်ကျော် (၇)ရက် |
| ၃၉။ စင်္ကာပူခရီးသွားမှတ်တမ်း | ၁၃၅၁-ခုနှစ် တပို့တွဲလပြည့်နေ့ |
| ၄၀။ အမေရိကန် ခရီးသွားမှတ်တမ်း | ၁၃၅၄-ခုနှစ် သီတင်းကျွတ်လဆန်း (၁၄)ရက် |

၄၁။ ရွှေဟင်္သာဆရာတော်၏ သြဝါဒကထာများ

၄၂။ အဘိဓဇဆရာတော်ဘုရားကြီး၏ သြဝါဒကထာ

၄၃။ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ဥပဒေ

၄၄။ သိမ်အောင်စာတမ်း

ကျေးဇူးတော်ရှင်

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏

# သြဝါဒကထာ

အာနန္ဒာ - ငါဘုရား ဟောကြားခဲ့သော သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်တို့သည် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသောအခါ ငါဘုရားကိုယ်စား ဘုရားအဖြစ်ဖြင့် တည်ရှိပါလိမ့်မည်ဟု မိန့်တော်မူခဲ့သည် ဖြစ်ရာ - ယနေ့ ဗုဒ္ဓပရိသတ်တို့အား တရားတော်တို့သည် မြတ်စွာဘုရား ကိုယ်စား ဘုရားတော်တို့ပင် ဖြစ်၍ - ဖြစ်ပေါ်နေပါ၍ တော် ယနေ့ထိ ဘုရားမှန့် တော်မူဆဲပင် ဖြစ်သည်ဟု ဆိုရပေမည်။

ရခဲလှခဲ့သော ဘုရားမှန် တော်မူပြီး - တရားမှန် တော်မူပြီး ဖြစ်သော - ပုဂ္ဂိုလ်တို့သည် ရခဲသော လူ့ဘဝ သာသနာ - ဘဝကောင်းကို အချည်းနှီး မဖြစ်စေဘဲ - ရအောင်လုံ့လ နှင့်တကွ - သတိပြုကြ - အနုသာသနီ တရားတော်များကို ပွါးများကာ ထုတ်ယူကြပါကုန်။

ဓမ္မာစရိယ ပညာဝံသ
ရွှေဟင်္သာဆရာတော်

၁၃၃၅-ခု ၊ နယုန်လဆန်း (၁၂) ရက်